http://www.dhammadownload.com

# အဘိဓမ္မာသင်တန်းပို့ချချက်များ

## ( ပဌမတွဲ )

အရှင်သီလာနန္ဒာဘိဝံသ(D.Litt.)
(အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်





http://www.dhammadownload.com

# အဘိဓမ္မာသင်တန်းပို့ချချက်များ
## ( ပဌမတွဲ )

အရှင်သီလာနန္ဒာဘိဝံသ(D.Litt.)
(အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ပါမောက္ခ ချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်





http://www.dhammadownload.com




အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)
(အဂ္ဂမဟာပဏ္ဍိတ-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ရန်ကုန်မြို့။

http://www.dhammadownload.com

# အဘိဓမ္မာဃဋေနှင့် ပို့ချချက်များ

(ပဌမတွဲ)

အရှင်သီလာနန္ဒာဘိဝံသ (D.Litt)
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အဂ္ဂမဟာပဏ္ဍိတ-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၈၇၂/၂၀၀၃ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၂၈/၂၀၀၄ (၃) |
| ထုတ်ဝေခြင်း | ပထမအကြိမ် |
| | အုပ်ရေ ၁၀၀၀ |
| တန်ဖိုး | ၃၅၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၅ ခုနှစ်၊ ဧပြီလ |
| အတွင်းသားပုံနှိပ် | ဦးကျော်ဇင် (၀၄၂၂၉)<br>ခိုင်ရည်မွန်ပုံနှိပ်တိုက်<br>အမှတ် (၈၁)၊<br>ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | ဦးဝင်းမင်းကို (၁၇၀၉၅)<br>တော်ဝင်ကျောက်စိမ်းပုံနှိပ်တိုက်<br>အမှတ် (၁၇၁)၊ ၄၀ လမ်း၊<br>ရန်ကုန်။ ဖုန်း- ၃၇၅၄၆၀ |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (၀၉၃၂) ရဲဘော်ကျော်ဆန်း<br>ရဲအောင်စာပေ အမှတ်(၂)၊ ချွန်း (၁)လမ်း၊<br>ပုသိမ်ညွန့်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ<br>ဖလင် | Dream City<br>K & M [3]<br>အမှတ် ၁၅၀ (၁/ယာခန်း)<br>ဆိပ်ကမ်းသာလမ်း၊ (အောက်ဘလောက်)<br>ဖုန်း - ၃၇၅၅၈၀ |
| စာအုပ်ချုပ် | ဦးတင်ထွန်း "ငွေအိမ်စည်"<br>၇/၁၁၁လမ်း၊ ဖုန်း ၂၉၁၆၈၀ |
| စီစဉ်သူ | သီရိ |

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

www.foreverspace.com.mm
www.myanmarebook. com.mm
တို့တွင်ဝယ်ယူဖတ်ရှုနိုင်ပါသည်။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်းပို့ချချက်များ
## (ပဥ္စမတွဲ)

## မာတိကာ


| | |
|---|---|
| အဘိဓမ္မာသင်တန်း (၄၇)<br>(ပစ္စည်းပိုင်း)<br>ပဋိစ္စသမုပ္ပါဒ်နည်း | ၁၂ |
| အဘိဓမ္မာသင်တန်း (၄၈)<br>(ပစ္စည်းပိုင်း)<br>ပဋိစ္စသမုပ္ပါဒ်နည်း | ၃၉ |
| အဘိဓမ္မာသင်တန်း (၄၉)<br>(ပစ္စည်းပိုင်း)<br>ပဋ္ဌာန်းနည်း (၁) | ၇၄ |
| အဘိဓမ္မာသင်တန်း (၅၀)<br>(ပစ္စည်းပိုင်း)<br>ပဋ္ဌာန်းနည်း (၂) | ၁၀၄ |
| အဘိဓမ္မာသင်တန်း (၅၁)<br>(ပစ္စည်းပိုင်း)<br>ပဋိစ္စသမုပ္ပါဒ်၌ ပဋ္ဌာန်းနည်း | ၁၃၂ |
| အဘိဓမ္မာသင်တန်း (၅၂)<br>ကမ္မဋ္ဌာန်းပိုင်း<br>အနက်ကိုသိရာ၌ ဝီထိဖြစ်ပုံနှင့် သမထကမ္မဋ္ဌာန်း | ၁၆၂ |

http://www.dhammadownload.com

အဘိဓမ္မာသင်တန်း (၅၃)
ကမ္မဋ္ဌာန်းပိုင်း
သမထကမ္မဋ္ဌာန်း ၁၉၀
အဘိဓမ္မာသင်တန်း (၅၄)
ကမ္မဋ္ဌာန်းပိုင်း
သမထကမ္မဋ္ဌာန်းပိုင်း အဆက်နှင့် ဝိပဿနာကမ္မဋ္ဌာန်းအစ ၂၁၄
အဘိဓမ္မာသင်တန်း (၅၅)
ကမ္မဋ္ဌာန်းပိုင်း
ဝိပဿနာကမ္မဋ္ဌာန်းအဆက် ၂၄၃
အဘိဓမ္မာသင်တန်း (၅၆)
ကမ္မဋ္ဌာန်းပိုင်း
ဝိပဿနာကမ္မဋ္ဌာန်း နောက်ဆုံးအခန်း ၂၇၄

http://www.dhammadownload.com

# နိဒါန်း

ဤအဘိဓမ္မာသင်တန်း ပို့ချချက်များကို အမေရိကန်နိုင်ငံရောက် မြန်မာ အမျိုးသားအမျိုးသမီးများအတွက် ပို့ချခဲ့ပါသည်၊ မြန်မာနိုင်ငံ၌ ထုတ်ဝေရန် ရည်ရွယ်ချက် မရှိခဲ့ပါ၊ အကြောင်းကား မြန်မာနိုင်ငံ၌ မိမိထက် အဘိဓမ္မာအရာ၌ ကျွမ်းကျင်သောဆရာတော်များ ရှိနေ၍တစ်ကြောင်း၊ မြန်မာလို ရေးသားထားသော အဘိဓမ္မာစာအုပ်များ များစွာရှိနေ၍ တစ်ကြောင်း ဖြစ်ပါသည်။

တစ်ပတ်တစ်ခါ, တစ်ခါလျှင် တစ်နာရီပို့ချခဲ့ပါသည်၊ အားလုံးပေါင်း ၅၆ ကြိမ်, တိတ်ခွေ ၅၆ ခွေစာ ပို့ချခဲ့ပါသည်၊ နဂိုက မြန်မာနိုင်ငံ၌ထုတ်ဝေရန် ရည်ရွယ်ချက် မရှိသော်လည်း တစ်နေ့သ၌ Fremont မြို့ မေတ္တာနန္ဒဝိဟာရ ကျောင်းတိုက် ဆရာတော်ဦးဓမ္မပိယနှင့် စကားစပ်မိရာ သူက မြန်မာနိုင်ငံ၌ ထုတ်ဝေလိုကြောင်း၊ မြန်မာအမျိုးသား အမျိုးသမီးများအဖို့လည်း ကျေးဇူးများနိုင် ကြောင်းနှင့် မိမိတို့အနေနှင့်လည်း နည်းယူစရာရနိုင်မည်ဖြစ်ကြောင်းများကို ပြောသဖြင့် မြန်မာပြည်၌ထုတ်ဝေရန် သဘောတူခဲ့ပါသည်၊ တစ်ဖန်တဲ့ ဤသို့ စာအုပ်ရိုက်မည့်အကြောင်းကို ရွှေစန္ဒာထွန်းစာပေမှသိရှိသွား၍ သူတို့ကပင် တာဝန်ယူရိုက်၍ ဖြန့်ချိရန် တောင်းပန်သဖြင့် ဤစာအုပ်မှာ ပို၍ လျှင်မြန်စွာ ထွက်ပေါ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသင်တန်းမှာ အမေရိကန်ပြည်ရောက် မြန်မာများအတွက် ပို့ချခဲ့ခြင်း ဖြစ်၍ ၎င်းတို့မှာ အင်္ဂလိပ်လိုတတ်သူများဖြစ်ကြ၍ အချို့နေရာ၌ အင်္ဂလိပ် စကားလုံးကိုညှပ်၍ သုံးထားသည်တို့ကို တွေ့ရမည်ဖြစ်ပါသည်၊ ထိုသို့သုံးထား ခြင်းမှာ အချို့အရာ၌ အင်္ဂလိပ်လိုပြောခြင်းက သူတို့အဖို့ ပိုမိုလွယ်ကူစွာ နားလည်နိုင်မည်ဖြစ်သောကြောင့်ဖြစ်ပြီး အခြားအကြောင်းတစ်ခုမှာမူ အကျင့်ပါနေ သောကြောင့်ဟု ဆိုရပါမည်၊ ထိုအင်္ဂလိပ် အသုံးအနှုန်းများကိုလည်း ပင်ကိုယ် အတိုင်းပင် ထားခဲ့ပါသည်၊ မြန်မာပြန်ဆိုခြင်း မပြုခဲ့ပါ၊ ထို့ပြင် သင်တန်းပို့ချချက်

http://www.dhammadownload.com

အားလုံးလိုလိုပင် သူ့အတိုင်းထားခဲ့ပါသည်၊ အချို့ စကားမချောသောနေရာများတွင်သာ ရွှေစန္ဒာထွန်းစာပေမှ ဆရာမဒေါ်သီရိက ဒိုင်ခံ၍ ပြင်ပေးပါသည်၊ စာတစ်အုပ်လုံးကို ဒိုင်ခံ၍ တည်းဖြတ်ပေးသူကားအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပဋိပတ္တိ မဟာဌာနမှူး၊ ဒေါက်တာဘွဲ့ရ ဦးဥတ္တရဉာဏ ဖြစ်ပါသည်၊ သူက မြန်မာမှုဆိုင်ရာ၌လည်းကောင်း၊ အင်္ဂလိပ်စာဆိုင်ရာအပိုင်း၌လည်းကောင်း တတ်စွမ်းသလောက် ပြင်ဆင်ပေးပါသည်၊ အင်္ဂလိပ်စာပိုင်းဆိုင်ရာ၌ ဤစာရေးသူလည်း အထူးဂရုစိုက်၍ ပြင်ပေးပါသည်၊ ထိုပြင်ချက်အားလုံးကိုမှ ပုံနှိပ်တိုက်မှပြင်၍ ရိုက်နှိပ်ခဲ့ပါသည်၊ ဤသို့ ကြိုးပမ်းကြပါသော်လည်း အမှားကတော့ကင်းချင်မှ ကင်းမည်၊ အမှားတွေ့ရှိပါက ဖြန့်ချိသူတို့ထံသို့ စာဖြင့် အကြောင်းကြားပါလျှင် ထိုပြင်ချက်များ မှတ်ထားပြီး နောက်တစ်ကြိမ် ရိုက်သောအခါ ထည့်သွင်းပြင်ဆင်ပါမည်။

လင်္ကာများကို များသောအားဖြင့် လယ်တီဆရာတော်ဘုရားကြီး၏ပရမတ္ထသံခိပ်နှင့် တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်၏ ဘာသာဋီကာမှရယူပါသည်။

ပစ္စည်းပိုင်းလာ အခန်းများကို ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းမှ ထုတ်ဝေသောစာအုပ်မှ ရယူပါသည်။

**အရှင်သီလာနန္ဒာဘိဝံသ**

၁၃၆၅ ခု၊ နယုန်လဆန်း ၄ ရက် အင်္ဂါနေ့

(၃-၆-၂၀၀၃)

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနပြုတက္ကသိုလ်

ရန်ကုန်မြို့၊

မြန်မာနိုင်ငံ။

http://www.dhammadownload.com

# ကျေးဇူးမှတ်တမ်း

ဤစာအုပ် ထုတ်ဝေနိုင်ရေးအတွက် တိတ်ခွေမှ စာသားအဆင့်သို့ ရောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသော

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် Fremont မြို့ မြန်မာကျောင်း ပဓာန နာယကနှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ထားဝယ်ငါးကျမ်းပြန် သာသနာ့ရိပ်သာ ဆရာတော် အရှင်ဓမ္မပိယ (M.A Ph.D.) Thesis တပည့်သံဃာတော်များနှင့်

* စာမူအဆင့်တွင် အမှားကင်းစင်အောင် ဝိုင်းဝန်းကြီးကြပ် ဆောင်ရွက်ပေးသော
* ဒေါက်တာအရှင်ဥတ္တရဉာဏ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဌာနမှူး, ပဋိပတ္တိမဟာဌာနအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့်
* အဘိဓမ္မာသင်တန်းကို အစမှအဆုံးတိုင် ကြည်ညိုသဒ္ဓါစိတ်ဖြင့် တက်ရောက်ကြသော အမေရိကန်နိုင်ငံရောက် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ ဒါယိကာမတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**သိရီ**
ရွှေစန္ဒာထွန်းစာပေ၏
စီစဉ်သူ

http://www.dhammadownload.com

သိမ်နှင့်ပတ်သက်လျှင်

– အရှင်းလင်းဆုံး

– အပြည့်စုံဆုံး

– အလွယ်ကူဆုံးဖြစ်၍

ရဟန်းရှင်လူတို့ လက်စွဲထားနေရသည့်

# သိမ်သင်တန်း

**အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)**

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ပါမောက္ခချုပ်ဆရာတော်

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

**ထွက်နေပါပြီ။**

ဖြန့်ချိရေး

**ရွှေစန္ဒာထွန်းစာပေ**

အမှတ်–၉၆၊ (မြေညီ)၊ ၃၈ လမ်း၊

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း ၀၁–၂၄၃၈၇၀

http://www.dhammadownload.com

ဘုရားရှင် ဟောကြားတော်မူသော အဘိဓမ္မာတရားတော်ကို ယခုခေတ် လူကြီးလူငယ် သိသာလွယ်သော စကားလုံး အသုံးအနှုန်းများ၊ အင်္ဂလိပ်ဘာသာပြန် ဝေါဟာရများ၊ ရှေးဆရာ အစဉ်အဆက်တို့၏လင်္ကာများ၊ အဆိုအမိန့်များဖြင့် ရှင်းလင်းလွယ်ကူစွာ ပို့ချထားသည့်...

# အဘိဓမ္မာသင်တန်းပို့ချချက်များ

## (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ)

## အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

**ထွက်နေပါပြီ။**

ဖြန့်ချိရေး

**ရွှေစန္ဒာထွန်းစာပေ**

အမှတ်–၉၆၊ (မြေညီ)၊ ၃၀ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁–၂၄၃၈၇၀

http://www.dhammadownload.com



## ပစ္စည်းပိုင်း

ပရမတ္ထတရား လေးပါးတို့ကို သဘောတူချင်းပေါင်းစု၍ သမုစ္စည်းပိုင်း၌ ပြဆိုခဲ့ပြီးနောက် ထိုသဘာဝဓမ္မတို့သည် ဣဿရနိမ္မာနစသော တန်ခိုးရှင်တို့ ဖန်ဆင်း၍ ပေါ်လာသည်မဟုတ်၊ အကြောင်းကင်း၍ ပေါ်လာသည်လည်း မဟုတ်၊ အကြောင်းအကျိုး ဆက်သွယ်နေပုံကိုလည်းကောင်း အကျိုးတရားများ ဖြစ်လောက်အောင် အကြောင်းတရားတို့၌ သတ္တိစွမ်းပကားရှိပုံကိုလည်းကောင်း၊ ဤပစ္စည်းပိုင်း၌ ထိုက်သည်အားလျော်စွာပြဆို၏။ ဤပစ္စယ သင်္ဂဟ၌ (၁) ပဋိစ္စသမုပ္ပါဒ်နည်း (၂) ပဋ္ဌာန်းနည်းဟူ၍ ၂ပါး အပြားရှိ၏။

အကြောင်းတရားကိုစွဲ၍ အကျိုးတရားသည် ကောင်းစွာဖြစ်ပေါ်တတ်သောကြောင့် ပဋိစ္စသမုပါဒ် မည်၏၊ အထူးထူးအပြားပြားရှိသော ဟေတုစသော ပစ္စည်းတို့၏ အစွမ်းဖြင့် ပြအပ်သောကြောင့် ပဋ္ဌာန်းမည်၏၊ ပဋိစ္စသမုပ္ပါဒ်နည်း၌ ဟေတုသတ္တိ အာရမ္မဏသတ္တိစသော သတ္တိထူးမပါ၊ ပစ္စည်းပစ္စယုပ္ပန်တို့၏ ဖြစ်ပုံလောက်ကိုသာပြသည်။ ပဋ္ဌာန်းနည်း၌ကား ပစ္စည်း ပစ္စယုပ္ပန်အပြင် ပစ္စယသတ္တိကိုလည်းပြသည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်နည်း၌ ပစ္စယသတ္တိမပါခြင်း၊ ပဋ္ဌာန်းနည်း၌ ပစ္စယသတ္တိပါရှိခြင်းသည် နည်း ၂-ပါး၏ ထူးခြားချက်တည်း။

### ပဋိစ္စသမုပ္ပါဒ်နည်း

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။ (ပဋိစ္စသမုပ္ပါဒ် အနုလောမ ပါဠိတော်)

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ အဝိဇ္ဇာ | သင်္ခါရ |
| ၂။ သင်္ခါရ | ဝိညာဏ |
| ၃။ ဝိညာဏ | နာမရူပ |
| ၄။ နာမရူပ | သဠာယတန |
| ၅။ သဠာယတန | ဖဿ |

http://www.dhammadownload.com



| | |
|---|---|
| ၆။ ဖဿ | ဝေဒနာ |
| ၇။ ဝေဒနာ | တဏှာ |
| ၈။ တဏှာ | ဥပါဒါန |
| ၉။ ဥပါဒါန | ဘဝ |
| ၁၀။ ဘဝ | ဇာတိ |
| ၁၁။ ဇာတိ | ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။ |

## အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

သစ္စာလေးပါးတို့၌လည်းကောင်း၊ ရှေ့အစွန်းဟု ဆိုအပ်သော ပုဗ္ဗန္တ၊ နောက်အစွန်းဟု ဆိုအပ်သော အပရန္တ၊ ရှေ့နောက်အစွန်းဟု ဆိုအပ်သော ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်တို့၏ အကျိုးအကြောင်းဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် ဤရှစ်ရပ်သော တရားတို့၌ ဖုံးလွှမ်းတတ်သော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏။

၁။ ကာမကုသိုလ်စေတနာ ၈ ခု၊ ရူပကုသိုလ် စေတနာ ၅ ခု၊ ဤကုသိုလ်စေတနာ ၁၃ ခုသည် ကောင်းသော ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့ကို ဖြစ်စေတတ် ပြုပြင်စီရင်တတ်သောကြောင့် ပုညာဘိ သင်္ခါရ။

၂။ အကုသိုလ်စေတနာ ၁၂ ခုသည် မကောင်းသော ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့ကို ပြုပြင်စီရင်တတ်သောကြောင့် အပုညာဘိသင်္ခါရ။

၃။ အရူပကုသိုလ်စေတနာ ၄–ခုသည် မတုန်လှုပ်တတ်သော အရူပဘဝကို ပြုပြင်စီရင်တတ်သောကြောင့် အာနေဉ္ဇာဘိသင်္ခါရမည်၏။

**တစ်နည်း**

၁။ ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရကြောင့် ဖြစ်ကုန်သော ကာမကုသိုလ်စေတနာ–၈ခု၊ အကုသိုလ်စေတနာ–၁၂ ခု၊ ဤ–၂၀ သော ကာယကံစေတနာအပေါင်းသည် ကာယသင်္ခါရ။

၂။ ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရကြောင့်ဖြစ်ကုန်သော ဆိုအပ်ပြီးသော ၂၀–သော ဝစီကံ စေတနာ အပေါင်းသည်ဝစီသင်္ခါရ။

၃။ ဝိညတ် ၂–ပါးကို မဖြစ်စေမူ၍ မနောဒွါရ၌သာ ဖြစ်သော အကုသိုလ်စေတနာ ၁၂–ခု၊ မဟာကုသိုလ် စေတနာ ၈–ခု၊ မဟဂ္ဂုတ်ကုသိုလ်

http://www.dhammadownload.com



စေတနာ ၉-ခု၊ ဤစေတနာ ၂၉-ခုသည် စိတ္တသင်္ခါရမည်၏။

ဤပြဆိုခဲ့ပြီးသော သင်္ခါရ ၆ ပါး၊ တရားကိုယ်အားဖြင့် လောကီကုသိုလ် အကုသိုလ်စေတနာ ၂၉-ပါးတို့သည် အဝိဇ္ဇာပစ္စယာသင်္ခါရာပုဒ်၌ အဝိဇ္ဇာကြောင့် ဖြစ်သော သင်္ခါရတရားတို့ဟူ၍မှတ်ပါ။ လောကုတ္တရာ စေတနာသည် ဝဋ္ဋကထာ (ဝဋ်လည်ပုံကိုပြသောစကား)၌ မဟောသင့်သောကြောင့် သင်္ခါရဟု မဆိုရ။

## အဝိဇ္ဇာသည် သင်္ခါရအား ကျေးဇူးပြုပုံ

အဝိဇ္ဇာသည် သစ္စာလေးပါးကို မသိမမြင်သောကြောင့် မျက်စိကန်းသော သူနှင့်တူ၏၊ သံသရာလမ်းခရီး၌ ကျင်လည်ကြရာ တစ်ခါတရံ ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ တည်းဟူသော ဖာလ်မြေမှန်မြေကို နင်းမိ၏၊ တစ်ခါတရံ အပုညာဘိသင်္ခါရတည်းဟူသော ဆူးငြောင့်ခလုတ်ကို နင်းမိ၏၊ ထို့ကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရ ၃-ပါးဖြစ်သည်ဟုဆိုသည်။

အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်သည်ဆိုရာ၌ ကျေနပ်ဖွယ်ရှိ၏၊ အဝိဇ္ဇာ ကြောင့် ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံမှာ ရုပ်နာမ် ခန္ဓာကို ရရှိနေသမျှ ဇာတိရော မရဏမကင်း၊ ဝိပရိဏာမ ဒုက္ခနှင့် မုချတစ်နေ့ တွေ့ရမည်၊ ထိုဒုက္ခတွေကို သတိရသော်လဲ ပြောပလောက်သော ဒုက္ခဟု မထင်ပဲ အဝိဇ္ဇာက ထိုဒုက္ခတွေကို ကာကွယ်ထားသဖြင့် ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့ကို အားပါးတရပြုမိကြ၏၊ အဝိဇ္ဇာကင်း၍ ရဟန္တာဖြစ်သည့်အခါ ပြုသမျှကောင်းမှု တွေသည် ပုညာဘိသင်္ခါရအမည်မရပဲ ကြိယာမျှသာ ဖြစ်ရတော့၏၊ အဝိဇ္ဇာ မကင်းသေးခင် (ရဟန္တာမဖြစ်ခင်) ပြုသမျှ ကောင်းမှုကား (ဝဋ္ဋနိဿိတဖြစ်ဖြစ်၊ ဝိဝဋ္ဋနိဿိတဖြစ်ဖြစ်) ကြိယာအမည်မရနိုင်၊ အဝိဇ္ဇာနယ်က မလွတ်သေးသမျှ ပုညာဘိ သင်္ခါရ မည်ရလေ၏။

အဝိဇ္ဇာမှာ အကြောင်းမရှိသောကြောင့် အစထားသည်မဟုတ်၊ ကိလေသဝဋ် ကမ္မဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်သုံးပါး၏ ပြဋ္ဌာန်းသော အကြောင်းရင်း ဖြစ်သောကြောင့် အဝိဇ္ဇာကို အစထား၍ မြတ်စွာဘုရားဟောတော်မူအပ်၏၊ အာသဝသမုဒယာ၊ အဝိဇ္ဇာသမုဒယော ။ ။အာသဝသမုဒယာ၊ အာသဝေါတရား လေးပါးဖြစ်ခြင်းကြောင့်၊ အဝိဇ္ဇာသမုဒယော၊ အဝိဇ္ဇာဖြစ်ပေါ်လာရခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ ဟုဟောတော်မူသောကြောင့် အဝိဇ္ဇာ၏အကြောင်းကား ဘဝတဏှာ ဟူသော အာသဝေါတရားပင်ဖြစ်၏ဟုမှတ်၊ ထိုသို့ဖြစ်ပါက ဘဝတဏှာကို

http://www.dhammadownload.com



အစထား၍ ဟောကြားအပ်သည် မဟုတ်ပါလောဟူ၊ ၎င်းဘဝတဏှာကား အဝိဇ္ဇာ၏အကြောင်းသာဖြစ်၏၊ စင်စစ်အကြောင်းရင်းမဟုတ်၊ ၎င်းဘဝတဏှာ၏ အကြောင်းသည်လည်း အဝိဇ္ဇာပင်ဖြစ်၍ အဝိဇ္ဇာသည်သာလျှင် အကြောင်းရင်း ဖြစ်၏၊ ထို့ကြောင့် အဝိဇ္ဇာကိုသာအစထား၍ ဟောကြားအပ်ပါသည်။

## သင်္ခါရပစ္စယာဝိညာဏံ

အဝိဇ္ဇာပစ္စယာသင်္ခါရာ ပုဒ်၌သင်္ခါရအရ အလုံးစုံသော လောကီကုသိုလ် အကုသိုလ်စေတနာ ၂၉ ကို အကုန်လုံးယူ၏။ ။သင်္ခါရပစ္စယာ ဝိညာဏံပုဒ်၌ သင်္ခါရအရကို ပဋိသန္ဓေအခါ ဥဒ္ဓစ္စစေတနာ၊ ပဝတ္တိပဋိသန္ဓေအခါတို့၌ အဘိညာဏ် စေတနာကိုကြဉ်၍ ကြွင်းသော လောကီကုသိုလ် အကုသိုလ်စေတနာများကိုသာ ယူရမည်။ ။ဝိညာဏပုဒ်အရကို ဘုံသုံးပါး၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်–၁၉၊ ပဝတ္တိဝိညာဏ် လောကီဝိပါက် ၃၂–ကိုသာ ဤပဋိစ္စသမုပ္ပါဒ်အရာ၌ ယူရမည်။

## ပဋိသန္ဓေအစွမ်းဖြင့် ကျေးဇူးပြုပုံ

ပုညာဘိသင်္ခါရကြောင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁–ပါး၊ မဟာဝိပါက် ၈–ပါး၊ ရူပဝိပါက် ၅–ပါး ဤ ၁၄ ပါးသော ဝိညာဏ်ဖြစ်၏၊ ဥဒ္ဓစ္စစေတနာကြဉ်သော အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ၁–ခုသာ ဖြစ်၏။ ဥဒ္ဓစ္စကား ပဝတ္တိညာဏ်ကို ဖြစ်စေနိုင်၏။ အာနေဉ္ဇာ ဘိသင်္ခါရကြောင့် အရူပဝိပါက် ဝိညာဏ် ၄–ခုသာဖြစ်၏ ပေါင်းသော် သင်္ခါရသုံးပါး ကြောင့် (၁၄+၁+၄) ပဋိသန္ဓေဝိညာဏ် ၁၉–ဖြစ်၏။

## ပဝတ္တိအစွမ်းဖြင့် ကျေးဇူးပြုပုံ

ကာမာဝစရကုသိုလ် ပုညာဘိသင်္ခါရ ၈–ခုကြောင့် အဟိတ်ကုသလဝိပါက် ၈–ပါး၊ မဟာဝိပါက် ၈–ပါးပေါင်း ၁၆–ပါးဖြစ်၏၊ ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရ ၅–ခုကြောင့် ရူပါဝစရဝိပါက် ၅–ခုဖြစ်၏၊ အပုညာဘိသင်္ခါရကြောင့် အကုသလ ဝိပါက် ၇–ခု ဖြစ်၏၊ အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပါဝစရဝိပါက် ၄–ခု ဖြစ်၏။

http://www.dhammadownload.com



## ဝိညာဏပစ္စယာနာမရူပံ

သင်္ခါရပစ္စယာဝိညာဏံပုဒ်၌ ဝိညာဏအရကို ပဋိသန္ဓေဝိညာဏ်-၁၉၊ ပဝတ္တိဝိညာဏ် လောကီဝိပါက်-၃၂ ကိုယူ၏။ ကံ၏ အကျိုးတရားဖြစ်သောကြောင့် ဝိပါက်ဝိညာဏ်ကိုသာယူရသည်၊ ဝိညာဏပစ္စယာ နာမရူပံပုဒ်၌ ဝိညာဏအရကို အလုံးစုံသောစိတ် တစ်ခုယုတ် ကိုးဆယ်ကိုယူ၏၊ နာမရူပံပုဒ်၌ နာမအရကို ဝေဒနာအစရှိသော ခန္ဓာ ၃-ပါး စေတသိက် ၅၂-ပါးကို ယူအပ်၏။ ရုပ်အရကိုကား ကမ္မဇရုပ် (တစ်နည်း) စတုသမုဋ္ဌာနိက ရုပ်ကိုယူအပ်၏။

## ဝိညာဏ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံ

ပဋိသန္ဓေဝိညာဏ်သည် ပဋိသန္ဓေနာမ်ရုပ်အား ကျေးဇူးပြု၏၊ ပဝတ္တိဝိညာဏ်သည် ပဝတ္တိနာမ်ရုပ်အား ကျေးဇူးပြု၏၊ ပြုပုံကား ပဥ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါ ပဋိသန္ဓေဝိပါက်စိတ် ၁၅, စေတသိက် ၃၅, ကာယဒသက, ဝတ္ထုဒသက ဘာဝဒသကဟု ဆိုအပ်သော ကမ္မဇကလာပ် ၃ စည်း(၇ စည်း၊ ၄ စည်း) တို့သည် တစ်ပြိုင်နက်ဖြစ်၏။ ပဋိသန္ဓေဝိညာဏ်စိတ်သည် မိမိနှင့်အတူတကွဖြစ်သော စေတသိက် နာမ်နှင့် ကမ္မဇရုပ် တို့အား ကျေးဇူးပြု၏ဟုဆိုလိုသည်။ ။ပဝတ္တိအခါ ကုသိုလ်စိတ် စသည်ဖြစ်ရာ၌ ၎င်းကုသိုလ်စိတ်နှင့်အတူတကွ စေတသိက် ၃၈-ပါး စိတ္တဇရုပ်ဖြစ်၏။ ကုသိုလ်စိတ် ဝိညာဏ်သည် မိမိနှင့်အတူတကွဖြစ်သော စေတသိက်နာမ်နှင့် စိတ္တဇရုပ်တို့အား ကျေးဇူးပြု၏။

စတုဝေါကာရဘုံ၌ ပဋိသန္ဓေပဝတ္တိ ၂-ပါးလုံးပင် လေးပါးသော အရူပဝိပါက် ဝိညာဏ်သည် စေတသိက် ၃၀-တည်းဟူသော နာမ်တရားအား ကျေးဇူးပြု၏။

## နာမရူပ ပစ္စယာ သဠာယတနံ

နာမ၏အရကို ဝေဒနာအစရှိသော ခန္ဓာ ၃-ပါး အပေါင်းကိုပင် ယူအပ်၏။ ရူပ၏အရကို မဟာဘုတ် လေးပါး၊ ဆဝတ္ထုရုပ်၊ ဇီဝိတရုပ်တို့ကို ယူအပ်၏။ ။ သဠာယတန၏အရကို အဇ္ဈတ္တိကာယတန ၆-ပါးကို ယူအပ်၏။

## သဠာယတန ပစ္စယာ ဖဿော

ဤ၌ သဠာယတနအရကို အဇ္ဈတ္တိကာယတန ၆-ပါး ဗာဟိရာယတန ၆-ပါး ပေါင်း အာယတန ၁၂-ပါး စလုံးကိုပင်ယူအပ်၏၊ ဖဿ၏အရကို

http://www.dhammadownload.com



လောကီဝိပါက် ၃၂-ခုနှင့်ယှဉ်သော ဖဿစေတသိက် ၃၂-ပါးသည် ဖဿမည်၏။ ထိုတွင် စက္ခုဝိညာဏ်ဒွေး၌ယှဉ်သော ဖဿစေတသိက်သည် စက္ခုသမ္ဖဿ၊ သောတဝိညာဏ်ဒွေး၌ယှဉ်သော ဖဿစေတသိက်သည် သောတသမ္ဖဿ၊ ဃာနဝိညာဏ်ဒွေး၌ယှဉ်သော ဖဿစေတသိက်သည် ဃာနသမ္ဖဿ၊ ဇိဝှါဝိညာဏ်ဒွေး၌ယှဉ်သော ဖဿစေတသိက်သည် ဇိဝှါသမ္ဖဿ၊ ကာယဝိညာဏ်ဒွေး၌ယှဉ်သော ဖဿစေတသိက်သည် ကာယသမ္ဖဿ၊ ကြွင်းသောလောကီဝိပါက် ၂၂-ခုနှင့်ယှဉ်သော ဖဿစေတသိက်သည် မနောသမ္ဖဿမည်၏။ ဒွေးပဥ္စဝိညာဏ် ၁၀-မှ ကြွင်းသော စိတ် ၇၉-ခု၌ယှဉ်သော ဖဿစေတသိက်သည် မနောသမ္ဖဿဟုလည်း ယူသေး၏။ ဤ၌ ဝဋ္ဋကထာဖြစ်၍ လောကီဝိပါက် ၃၂-ခု၌ရှိသော ဖဿကိုသာ ကောက်ယူသင့်၏။

## ဖဿ ပစ္စယာ ဝေဒနာ

လောကီဝိပါက် ၃၂-ပါးနှင့်ယှဉ်သော စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာတို့ကို ယူအပ်၏။

## ဝေဒနာ ပစ္စယာ တဏှာ

ဖဿပစ္စယာဝေဒနာ၌ ဝေဒနာ၏အရကို လောကီဝိပါက် ၃၂ ခု၌ရှိသော အကျိုးဝေဒနာကိုသာ ကောက်ခဲ့၏၊ ဝေဒနာပစ္စယာတဏှာ၌ကား အကြောင်းဝေဒနာဖြစ်၍ တဏှာကိုဖြစ်စေနိုင်သောဝေဒနာတို့ကို ကောက်ယူသင့်သောကြောင့် လောကီစိတ် ၈၁ ခု၌ရှိသော ဝေဒနာ ၈၁ ခုကိုယူ၏၊ တဏှာ၏အရကိုကား ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာအားဖြင့် ၆-ပါးဖြစ်၏။ တဏှာအရကား လောဘစေတသိက်ပင်တည်း။ ။ ရူပါရုံ၌တပ်သော လောဘသည် ရူပတဏှာ (ပ)ဓမ္မာရုံ၌တပ်သော တဏှာသည် ဓမ္မတဏှာမည်၏။

တစ်နည်း- ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာအားဖြင့် ၃-ပါးဖြစ်၏။

## တဏှာ ပစ္စယာ ဥပါဒါနံ

တဏှာ၏အရအားနည်းသောလောဘသည် တဏှာ၊ အားကြီးသောလောဘ

http://www.dhammadownload.com



သည် ဥပါဒါန်မည်၏။ ဥပါဒါန် ၄-ပါးကို သမုစ္စည်းပိုင်း၌ဆိုခဲ့ပြီးဖြစ်၏။ ဖွတ်ကြီးလျှင်မိကျောင်း၊ မြွေကြီးလျှင်နဂါး၊ တစ္ဆေကြီးလျှင် သူရဲ၊ သူရဲကြီးလျှင် သဘက်ဆိုသကဲ့သို့ တဏှာစေတ်အဆင့်ဆင့် ရင့်သန်၍ အပြင်းအထန် စွဲလမ်းမှုကြီး ဖြစ်ပေါ်၍လာ၏။ ထိုသို့အပြင်းအထန်စွဲလမ်းမှုကိုပင် ဥပါဒါန်မည်၏။

## ဥပါဒါန ပစ္စယာ ဘဝေါ

ဤ၌ ဥပါဒါန်၏အရကိုဆိုခဲ့ပြီးသော ဥပါဒါန်တရား ၄-ပါးတို့ပင်တည်း၊ ဘဝ၏အရကား ကမ္မဘဝ ဥပပတ္တိဘဝ ၂-ပါးရ၏၊ ဖြစ်ပေါ်တတ် ကြီးပွားတတ်သောကြောင့် ဘဝမည်၏။

ချမ်းသာအမျိုးမျိုး ဆင်းရဲအမျိုးတို့၏ ဖြစ်ပေါ်ခြင်း ကြီးပွားခြင်း၏အကြောင်း ဖြစ်သော လောကီကုသိုလ် အကုသိုလ်တို့နှင့်ယှဉ်သော စေတနာ ၂၉-ခုသည် ကမ္မဘဝမည်၏၊ ထင်ရှားစွာဖြစ်ပေါ်လာတတ်သော လောကီဝိပါက်-၃၂၊ စေတသိက် -၃၅၊ ကမ္မဇရုပ်-၂၀ တို့သည် ဥပပတ္တိဘဝမည်၏။

## သင်္ခါရနှင့် ဘဝအထူး

အတိတ်ဘဝ၌ဖြစ်သော စေတနာသည် သင်္ခါရမည်၏၊ ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စေတနာသည် ကမ္မဘဝမည်၏။ တနည်း စေတနာသက်သက်သည် သင်္ခါရမည်၏၊ စေတနာသည်လည်းကောင်း စေတနာနှင့်ယှဉ်သော စေတနာ သမ္ပယုတ်ဖြစ်သော သံသရာ၌ကျင်လည်တတ်သော အဘိဇ္ဈာစသော တရားအပေါင်း သည်လည်းကောင်း ဘဝမည်၏။

## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ကာမုပါဒါန်ကြောင့် ဒုစရိုက်ကိုပြု၏၊ ထိုဒုစရိုက်စေတနာသည် ကမ္မဘဝ မည်၏၊ ထိုအကုသိုလ်ကမ္မဘဝကြောင့် ငရဲဘုံစသည်တို့၌ လားရရောက်ရ၏။ ထိုဒုဂ္ဂတိဘဝ၌ ပဋိသန္ဓေဝိပါက်ဖြစ်မှုသည် ဥပပတ္တိဘဝမည်၏။ ဤသို့ အကုသိုလ်ကံ ဟူသော ကမ္မဘဝနှင့် ဒုဂ္ဂတိဘဝဟူသော ဥပပတ္တိဘဝသည် ကာမဂုဏ်၌ လွန်စွာ စွဲလမ်းမှုကြောင့်ဖြစ်သောကြောင့် ဘဝဖြစ်၏ဟုဆိုရ၏။

လူ့ဘုံနတ်ဘုံ၌ သာယာစွဲလမ်းခြင်းကြောင့် သုစရိုက်ကုသိုလ်ကံကို ပြုလုပ် အားထုတ်၏၊ ထိုကုသိုလ်ကံသည် ကမ္မဘဝမည်၏၊ ထိုကံသည် ဖြစ်စေအပ်သော

http://www.dhammadownload.com



နတ်ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာသည် ဥပပတ္တိဘဝမည်၏။

အကုသိုလ်ကမ္မဘဝ ပြုမိလေသောကြောင့် အပါယ် ၄-ဘုံ၌ အပါယ်ခန္ဓာဟု ဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးတို့သည် ဖြစ်ပေါ်ပြန်ကုန်၏၊ ကုသိုလ်ကမ္မဘဝကို ပြုမိလေသောကြောင့် ကာမသုဂတိ ၇-ဘုံ၌ ကာမသုဂတိခန္ဓာဟု ဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးတို့သည် ဖြစ်ပေါ်ရပြန်ကုန်၏၊ ရူပါဝစရဘုံ၌ ဗြဟ္မာခန္ဓာဟု ဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးသည်လည်း ဖြစ်ပေါ်ရပြန်ကုန်၏။ အရူပ ၄-ဘုံတို့၌ အရူပဗြဟ္မာခန္ဓာဟု ဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးတို့သည်လည်း ဖြစ်ပေါ်ရပြန်ကုန်၏၊ ဤသို့ ဘဝ ၂-ပါး၏ ဖြစ်ပွားဆက်လက်နေမှုသည်လည်း အပြင်းအထန်စွဲလမ်းသော ဥပါဒါန်အတွက်ကြောင့်သာ ဖြစ်ရ၏၊ ထို့ကြောင့် ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဟုဆိုရလေသည်။

## ဘဝပစ္စယာ ဇာတိ

ကမ္မဘဝအတွက် ဥပတ္တိဘဝဖြစ်ပေါ်ရ၏။ ထိုဥပပတ္တိဘဝ၏ ရှေးဦးပထမ ဖြစ်ပေါ်မှုသဘောကို ဇာတိဆိုရ၏။

ဇာတိကြောင့် ဇရာ (ရင့်ရော်အိုမင်းမှု) မရဏ (သေခြင်း) သောက (စိုးရိမ်ပူဆွေးခြင်း) ပရိဒေဝ(ငိုကြွေးမည်တမ်းခြင်း) ဒုက္ခ (ကာယိကဒုက္ခ) ဒေါမနဿ (စေတသိကဒုက္ခ) ဥပါယာသ (စိုးရိမ်ပူဆွေးငိုကြွေးမြည်တမ်းရုံမျှမက ရှိုက်ကြီးငင်ကြီး ဖြစ်မှု၊ မြော၍သွားမှု၊ နစ်၍သွားမှု)သည် ဖြစ်၏၊ ဥပါယာသ၏ တရားကိုယ်မှာ ဒေါသစေတသိက်ပင်တည်း။

## ကာလစသည်ဖြင့် ဝေဖန်ခြင်း

ဤပဋိစ္စသမုပ္ပါဒ်နည်း၌ ကာလ ၃-ပါး၊ အင်္ဂါ ၁၂-ပါး၊ အခြင်းအရာ-၂၀၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ ဝဋ် ၃-ပါး၊ မူလ ၂-ပါးတို့ကို သိအပ်ကုန်၏။

## ကာလ ၃-ပါး

အဝိဇ္ဇာနှင့် သင်္ခါရ ၂-ပါးတို့သည် လွန်ခဲ့ပြီးသော အတိတ်ဘဝ၌ဖြစ်ခဲ့သော အကြောင်းတရားများဖြစ်သောကြောင့် အတိတ်ကာလတရားများ မည်ကုန်၏၊ ဇာတိဇရာမရဏ ဤ ၃-ပါးတို့သည် နောက်လာလတ့်သောဘဝ၌ ဖြစ်မည့်တရားမျိုးများဖြစ်သောကြောင့် အနာဂတ်ကာလတရားမျိုးမည်ကုန်၏၊ အလယ်၌ရှိသော

http://www.dhammadownload.com



ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန်ဘဝဟူသော တရား ၈-ပါးတို့သည် ယခု ပစ္စုပ္ပန်ကာလ၌ဖြစ်ပေါ်သော တရားများဖြစ်သောကြောင့် ပစ္စုပ္ပန်တရားမည်၏။

## အင်္ဂါ ၁၂ -ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏအားဖြင့် အင်္ဂါ ၁၂ပါးအပြားရှိ၏။

## အခြင်းအရာ-၂၀

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝဟူသော အတိတ်အကြောင်း ၅ ပါး။ ဝိညာဏ, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုး ၅-ပါး၊ တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ ဟူသော ပစ္စုပ္ပန်အကြောင်း ၅-ပါး။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အနာဂတ်အကျိုး ၅-ပါး ဤသို့အားဖြင့် အခြင်းအရာ ၂၀-ဖြစ်၏။

အဝိဇ္ဇာကို အတိတ်ကာလ၌ ဖြစ်သောတရားဟုယူသဖြင့် တဏှာဥပါဒါန် ၂-ပါးကိုလည်း အတိတ်ကာလ၌ ဖြစ်သော တရားဟုယူအပ်၏၊ အဘယ့်ကြောင့် ဆိုသော် ကိလေသာဝဋ်ချင်း တူသောကြောင့်တည်း၊ သင်္ခါရကို အတိတ်ကာလ၌ ဖြစ်သော တရားဟုယူသဖြင့် ကမ္မဘဝကို အတိတ်ကာလ၌ ဖြစ်သော တရားဟု ယူအပ်၏၊ အဘယ့်ကြောင့်ဆိုသော် ကမ္မဝဋ်ချင်း တူသောကြောင့်တည်း၊ တဏှာ ဥပါဒါန်ကို ပစ္စုပ္ပန်ကာလ၌ဖြစ်သောတရားဟုယူသဖြင့် အဝိဇ္ဇာကိုလည်း ပစ္စုပ္ပန် ကာလ၌ဖြစ်သော တရားဟုယူအပ်၏၊ အဘယ့်ကြောင့်ဆိုသော် ကိလေသာ ဝဋ်ချင်းတူသောကြောင့်တည်း၊ ကမ္မဘဝကို ပစ္စုပ္ပန်၌ဖြစ်သော တရားဟု ယူသဖြင့် သင်္ခါရကိုလည်း ပစ္စုပ္ပန်ကာလ၌ဖြစ်သော တရားဟုယူအပ်၏၊ အဘယ့်ကြောင့် ဆိုသော် ကမ္မဝဋ်ချင်းတူသောကြောင့်တည်း၊ ဇာတိ ဇရာ မရဏ ၃-ပါးကို အနာဂတ်ဖြစ်သော တရားဟုယူသဖြင့် ရုပ်နာမ်တို့၏ တည်ရှုရင့်မှု ပျက်မှုများ၏ တရားကိုယ်ကို စစ်သော် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာများသာ ဖြစ်၍ ၎င်း ၅-ပါးကိုလည်း အနာဂတ်အကျိုး၌ ယူအပ်၏။

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်

အင်္ဂါ ၁၂ ပါး၊ မူလ ၂ ပါး၊ ကာလ (အချိန်) ၃ ပါး၊
အလွှာ ၄ ပါး၊ အစပ် ၃ ပါး




## အခြင်းအရာ ၂၀

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ
အတိတ်အကြောင်းငါးပါး

↓

တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ
ပစ္စုပ္ပန်အကြောင်း ၅ ပါး

↓

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ
ပစ္စုပ္ပန်အကျိုး ၅ ပါး - အနာဂတ်အကျိုး ၅ ပါး



http://www.dhammadownload.com



## ဝဋ် ၃-ပါး

တပြောင်းပြန်ပြန်လည်အောင် လှည့်တတ်သောကြောင့် ဝဋ်မည်၏။ ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟု ၃-ပါး။ သရုပ်ကို စက်ရဟတ်ပုံစံတွင် ကြည့်လေ။

## မူလ ၂-ပါး

အဝိဇ္ဇာနှင့်တဏှာ ၂-ပါးကို မူလတရားဟူ၍ သိအပ်၏၊ အဝိဇ္ဇာအစ ဝေဒနာအဆုံးသည် ပုဗ္ဗန္တမူလမည်၏။ တဏှာအစ ဇရာမရဏအဆုံးသည် အပရန္တမူလမည်၏။ ၎င်း ၂-ပါးကို အကြွင်းမဲ့ သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ပါမှ သံသရာစက်ရဟတ်သည် အဆက်ပြတ်၍ချုပ်ငြိမ်းကင်းပျောက်လွတ်ခြင်းသို့ ရောက်တော့သည်။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း (၄၇)

## [ပစ္စည်းပိုင်း]

## ပဋိစ္စသမုပ္ပါဒ်နည်း

ဒီနေ့စက်တင်ဘာလ ၂၃–ရက်, လွန်ခဲ့တဲ့ အပါတ်က သင်တန်းမပို့ချနိုင်ဘူး၊ အဲဒီမတိုင်ခင် တစ်ပတ်က သတ္တမပိုင်း သမုစ္စည်းပိုင်း ပြီးခဲ့ပြီ၊ ဒီနေ့ အဋ္ဌမပိုင်းပေါ့၊ ရှစ်ခုမြောက်အပိုင်းဖြစ်တဲ့ ပစ္စည်းပိုင်းကို လေ့လာကြရအောင်။

ဒီပစ္စည်းပိုင်းမှာ ဘာကိုသင်ကြားထားသလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋ္ဌာန်း, ဒီနှစ်မျိုးကို ဒီအပိုင်းမှာ ဖော်ပြထားတယ်။

ပဋိစ္စသမုပါဒ်ဆိုတာနဲ့ ပဋ္ဌာန်းဆိုတာက နှစ်ခုစလုံးအကြောင်းအကျိုး ဆက်သွယ်ပုံတွေကို ပြတဲ့ တရားတော်တွေဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကလည်း သူ့နည်းနဲ့သူ အကြောင်းအကျိုးဆက်စပ်ပုံကိုပြတယ်၊ ပဋ္ဌာန်းဒေသနာတော်ကလည်း သူ့နည်းနဲ့သူ အကြောင်းအကျိုး ဆက်စပ်ပုံကိုပြတယ်။

ဒါပေမယ်လို့ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း ထူးခြားတာရှိတယ်၊ အဲဒီထူးခြားတာက ဘာလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်မှာ မည်သည့်တရားကိုစွဲ၍ အကြောင်းပြု၍ မည်သည့်တရားဖြစ်ပေါ်တယ်၊ မည်သည့်တရားကိုစွဲ၍ မည်သည့် တရားဖြစ်ပေါ်တယ်၊ ဒီလို အကြောင်းအကျိုး ဖြစ်ပုံကိုသာ ပြတယ်။

http://www.dhammadownload.com



သူတို့ဟာ ဘယ်နည်းနဲ့ ဆက်သွယ်နေတယ်၊ ဘယ်လို ကျေးဇူးပြုတယ်ဆိုတဲ့ ကျေးဇူးပြုပုံကို ပဋိစ္စသမုပ္ပါဒ်မှာ မဟောဘူး။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာက သင်္ခါရကို ကျေးဇူးပြုတယ်။ ဒါကြောင့်မို့ အဝိဇ္ဇာနဲ့ သင်္ခါရဟာ အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်တယ်၊ ပစ္စည်းပစ္စုပ္ပန်အားဖြင့် ဆက်စပ်တယ်။

အဲဒီလို ဆက်စပ်တဲ့နေရာမှာ ဘယ်လိုနည်းတွေနဲ့ဆက်စပ်နေတယ်၊ ဆက်စပ်ပုံကို ပဋိစ္စသမုပ္ပါဒ်မှာ မဟောဘူး။

ပဋ္ဌာန်းဒေသနာတော်ကျတော့ အကြောင်းအကျိုးလည်း ပြောပြတယ်၊ သူတို့ရဲ့ ဆက်သွယ်ပုံကိုလည်းဟောပြတယ်။ ဆိုပါတော့,ပဋ္ဌာန်းကျတော့ ဟိတ် ၆-ပါး ပစ္စည်းတရားကသဟိတ်စိတ်နဲ့ သဟိတ်စိတ္တဇရုပ်တွေကို ဟေတုသတ္တိ နဲ့ကျေးဇူးပြုတယ်၊ ဒီလိုကျေးဇူးပြုတဲ့သတ္တိပါထည့်ပြီးတော့ ဟောထားတယ်၊ အဲဒါကွာသွားတာ၊ ဟိတ် ၆-ပါးက သဟိတ်စိတ်တွေကို ကျေးဇူးပြုတယ်။ ဒါလောက်တင် မဟုတ်ဘူး၊ ဟိတ် ၆-ပါးက သဟိတ်စိတ်တွေကို ဟေတုသတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဘယ်နည်းဘယ်ပုံ ကျေးဇူးပြုတယ်ဆိုတဲ့ ကျေးဇူးပြုပုံအခြင်းအရာကို အဲဒါ သတ္တိလို့ ခေါ်တယ်၊ အဲဒါကို ပဋ္ဌာန်းမှာ ဟောပြတယ်။

ပဋိစ္စသမုပ္ပါဒ်မှာတော့ ဒီလိုမဟောဘူး၊ သာမညပဲဆိုပါတော့၊ အဝိဇ္ဇာကို အကြောင်းပြုပြီးတော့ သင်္ခါရဖြစ်တယ်၊ သင်္ခါရကိုအကြောင်းပြုပြီးတော့ ဝိညာဏ် ဖြစ်တယ် စသည်ဖြင့် ဒီလိုပဲ အကြောင်းအကျိုးဖြစ်ပုံလောက်ကိုပဲ ဟောပြတယ်၊ ဘယ်လိုအကြောင်းအကျိုးဖြစ်တယ်၊ ဘယ်နည်းနဲ့ဆက်စပ်နေတယ်ဆိုတာ ပြောမပြဘူး၊ ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်း နည်းနှစ်ခု ကွာခြားမှုဟာ ဒါပဲ။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နည်းမှာ ပစ္စယသတ္တိကို မပြောပြဘူးနော်၊ မဟောဘူး၊ ပဋ္ဌာန်းနည်းကျတော့ ပစ္စယသတ္တိကိုပါ ဟောပြတယ်၊ ဒါ ကွာသွားတယ်။

အခုဒီအပိုင်းမှာ ပဋိစ္စသမုပ္ပါဒ်နည်းရော ပဋ္ဌာန်းနည်းကိုရော မူလကျမ်းပြု ဆရာအရှင်အနုရုဒ္ဓါက ပြောပြမယ်၊ အဲဒီတော့ အဲဒီကျမ်းပြုဆရာက မူလသင်္ဂြိုဟ်မှာ ဘာလေးပြောလိုက်သလဲဆိုတော့ အဋ္ဌကထာ ဆရာတွေကတော့ ပဋိစ္စ သမုပ္ပါဒ်နည်း ကို ပဋ္ဌာန်းနည်းနဲ့ရောပြီးတော့ အစိပ္ပါယ်ဖွင့်ပြသွားတယ်တဲ့၊ အဲဒီလို ပြောတယ်။

ဆိုလိုတာကတော့ ငါကတော့ အဲသလိုမပြောဘူး, ပဋိစ္စသမုပ္ပါဒ် နည်းသီးသန့် ပဋ္ဌာန်းနည်းသီးသန့်၊ ဒီလိုပဲ ရှင်းလင်းပြောပြသွားမယ်လို့ ဆိုလိုတယ်၊ ဒါဟာ သူက ဘာကိုပြောလိုက်တာလဲဆိုတော့ ဝိသုဒ္ဓိမဂ်ကို ပြောလိုက်တာ, ဝိသုဒ္ဓိမဂ်ကို

http://www.dhammadownload.com



စောင်းလိုက်တာ၊ ဝိသုဒ္ဓိမဂ်မှာ ပဋ္ဌာန်း ဒေသနာတော်ကိုပါထည့်ပြီးတော့ ဖွင့်သွားတယ်၊ ပဋ္ဌာန်းနည်းနဲ့ ဆက်စပ်ပုံတွေကိုပါ ပြသွားတယ်၊ အမှန်ကတော့ ပဋိစ္စသမုပ္ပါဒ်ကို အဲဒီပဋ္ဌာန်းနည်းနဲ့ နားလည်မှ တကယ်နားလည်ရာရောက်တယ်၊ ပဋ္ဌာန်းနည်းမပါပဲနဲ့ ပဋိစ္စသမုပ္ပါဒ်သက်သက်ကို နားလည်တယ်ဆိုရင် ပြည့်ပြည့်ဝဝ နားမလည်နိုင်သေးဘူး၊ ဒါလေးကို သတိထားရမယ်။

ဒါကြောင့်မို့ ပဋ္ဌာန်းနည်းကို လေ့လာပြီးရင် ပဋိစ္စသမုပ္ပါဒ်ကို တစ်ခေါက်ပြန်ပြီးတော့ သွားရလိမ့်အုံးမယ်၊ အခု ပဋ္ဌာန်းနည်း မသွားခင် ပဋိစ္စသမုပ္ပါဒ်မှာ ပဋ္ဌာန်းနည်းတွေ ဝင်ပြောနေရင် အလကားပဲ၊ နားလည်မှာလည်း မဟုတ်ဘူး၊ရှုပ်ကုန်လိမ့်မယ်၊ ပဋ္ဌာန်းနည်းကို သွားပြီးတော့ ပဋိစ္စသမုပ္ပါဒ်နည်းကို တစ်ခေါက်ပြန်ပြီး ကြည့်၊ အဲဒီလို လုပ်ကြမယ်။

အင်္ဂလိပ်လိုလည်းပဲ ပဋိစ္စသမုပ္ပါဒ် အကြောင်းကိုရေးတဲ့ ပုဂ္ဂိုလ်တွေလည်း အတော်ရှိပါတယ်၊ သူတို့တတွေလည်း ပဋ္ဌာန်းနည်း ကိုင်ပြီးတော့ရေးတဲ့ ပုဂ္ဂိုလ်က အလွန့်ကို ရှားတယ်၊ ဘုန်းကြီးသိသလောက်ကိုပင် အရှင်ဉာဏတိလောကဆိုတဲ့ ဂျာမန်ဘုန်းကြီး တစ်ပါးပဲ၊ ပဋ္ဌာန်းနည်းနဲ့ နှီးနှောပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကို ရေးတာတွေ့ဖူးတယ်၊ တခြားလူတွေကတော့ ဒီလိုကို မရေးနိုင်ဘူး၊ မရေးတာက လည်းပဲ ပဋိစ္စသမုပ္ပါဒ်ကို တောင်မှ တကယ်ပြည့်ပြည့်ဝဝ နားလည်ဖို့ မလွယ်ဘူး၊ ပဋ္ဌာန်းကို နားလည်ဖို့ဆိုတာကတော့ ပိုခက်တာပေါ့၊ သူတို့အနေနဲ့လည်း ပဋ္ဌာန်းကို နားလည်တာ မဟုတ်တော့ ပဋိစ္စသမုပ္ပါဒ်ကလေးပဲ ကြည့်ပြီးတော့ ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ်ရေးတာပဲ၊ ရေးပြန်တော့လည်း သမားရိုးကျနည်းမျိုးနဲ့ ရေးတာမဟုတ်တော့ လည်း တစ်မျိုးပေါ့လေ၊ သူ့ကို သမရိုးကျ သင်ထားတဲ့ပုဂ္ဂိုလ် အနေနဲ့ကတော့ ဖတ်လိုက်ရင် ပေါ့ရှန်ရှန်ကြီးဖြစ်နေ တာပေါ့၊ ခေတ်အမြင်နဲ့ ခေတ်နည်းနဲ့တော့ သူတို့ရေးတော့ ရေးတာပဲ။

ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းလို့ နည်းနှစ်မျိုးရှိတယ်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဟာ မြတ်စွာဘုရား တရားဒေသနာတော်တွေထဲမှာ အရေးကြီးတဲ့ တရားတော်ဖြစ်တယ်၊ ဘာကြောင့်လဲဆိုရင် ပဋိစ္စသမုပ္ပါဒ် ဒေသနာက လောကမှာ ဖန်ဆင်းရှင်မရှိဘူး၊ အကြောင်းအကျိုး ဆက်စပ်ပြီးတော့သာ ဖြစ်နေတာပဲ၊ ဒီလိုဟောတော်မူတယ်၊ ဒီလို ဟောတော်မူသဖြင့် ဒီ ဖန်ဆင်းရှင် ရှိတယ်ဆိုတဲ့ အယူမှားကို ပဋိစ္စသမုပ္ပါဒ်က ပယ်ပေးတာပဲ။

ဒီတော့ အဝိဇ္ဇာကိုအကြောင်းပြုပြီးတော့ သင်္ခါရဖြစ်တယ်၊ သင်္ခါရကို

http://www.dhammadownload.com



အကြောင်းပြုပြီးတော့ ဝိညာဏ်ဖြစ်တယ် စသည်ဖြင့် ဟောတော်မူလိုက်တဲ့အခါ ကျတော့ ဒီတရားတွေအားလုံးဟာ အကြောင်းကို အမှီပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေဖြစ်တယ်၊ ဒါကြောင့်မို့ ဒီတရားတွေဟာ မြဲတဲ့သဘောတရားမရှိဘူး၊ အနှစ်သာရရှိတဲ့ သဘောတရားတွေမဟုတ်ဘူးလို့ ဒါကိုလည်းပဲ ဟောပြီးသား ဖြစ်သွားတယ်။

ပြီးတော့ ရှေ့ဘဝ နောက်ဘဝဆိုတာကိုလည်း ပဋိစ္စသမုပ္ပါဒ်မှာ ဟောထား တယ်၊ ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်ဟာ အရေးကြီးတဲ့ တရားဂေဟ်တစ်ခုအနေနဲ့ မှတ်သား ထားရမယ်။

ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာဘုရားဟာ ဘုရားဖြစ်မယ့်ည ဘုရားမဖြစ်ခင်ပေါ့၊ ဘုရားအလောင်း ဘဝကတည်းက ဆင်ခြင်သုံးသပ်တော်မူခဲ့တယ်။

မြတ်စွာဘုရားအလောင်းဟာ သုဇာတာလှူတဲ့ ဆွမ်းဘုဉ်းပေးပြီးတဲ့နောက် အဲဒီနေ့ ညနေဗောဓိပင်ကြွပြီးတော့ ဗောဓိပင်အောက်မှာထိုင်တယ်၊ ဗောဓိပင် အောက်မှာ တင်ပလ္လင်ခွေထိုင်ပြီးတော့ ဘုရားမဖြစ်သမျှ ငါဒီတင်ပလ္လင်ခွေကို မဖျက်ဘူးလို့ ဓိဋ္ဌာန်ပြီးတော့ တရားကျင့်တယ်၊ အဲဒီလို တရားကျင့်တဲ့အခါကျတော့ ပထမဆုံး အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်တယ်၊ အဲဒီအာနာပါန ကမ္မဋ္ဌာန်းကို အမှီပြုပြီးတော့ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟို သင်္ဂြိုဟ် နည်းနဲ့ပြော မယ်ဆိုရင် ပဉ္စမဈာန် ဖြ–ပါး၊ သုတ္တန်တွေမှာဟောတဲ့ အတိုင်းဆိုရင် စတုတ္ထဈာန်ပေါ့၊ အဲဒီဈာန်ကို ရတယ်။

အဲဒီဈာန်ကို ရပြီးတဲ့နောက် အဘိညာဏ်တွေကို တစ်ခါရပြန်တယ်၊ ရှေးဘဝကို ပြန်ပြီးတော့ သိနိုင်တဲ့ အဘိညာဏ်၊ သတ္တဝါတွေ တစ်ဘဝက သေပြီး တစ်ဘဝ ဖြစ်နေတဲ့ဟာကို သိနိုင်တဲ့ အသိဉာဏ်၊ နောက်ဆုံးကျရင်တော့ အာသဝက္ခယဉာဏ် ဆိုတဲ့ အရဟတ္တမဂ် ပေါ့လေ၊ အဲသလို အဘိညာဏ်တွေကိုရတယ်။

အဲဒီ အဘိညာဏ်တွေကို မရခင်ပဲလား သို့မဟုတ် ရှေ့အဘိညာဏ် တစ်ခု ရပြီးပဲလား၊ ဘုန်းကြီးတို့ ထင်တာကတော့ ရှေ့အဘိညာဏ်တစ်ခုကို ရပြီးတဲ့နောက် ပဋိစ္စသမုပ္ပါဒ်ကိုလည်းပဲ ဆင်ခြင်တော်မူတယ်၊ ပဋိစ္စသမုပ္ပါဒ်သို့ ဉာဏ်ကို ကျက်စား ပြီးတော့ အနုလုံ ပဋိလုံ ဆင်ခြင်တော်မူတယ်တဲ့။

အဲဒီလို အနုလုံ ပဋိလုံ ဆင်ခြင်ရင်း ဝိပဿနာပွားတော်မူတာ သို့မဟုတ် ဝိပဿနာပွားတော်မူရင်း ပဋိစ္စသမုပ္ပါဒ်ကို အပြန်ပြန် အလှန်လှန် ဆင်ခြင်တော်မူတာ၊ ဒီပဋိစ္စသမုပ္ပါဒ် ပွားများတာကို ဆင်ခြင်တာကိုပဲ ဗုဒ္ဓဝိပဿနာလို့ ဒီလိုလည်းခေါ်တယ်၊

http://www.dhammadownload.com



ဘုရားသို့မဟုတ် ဘုရားအပေါင်းတွေ ကျင့်ရိုးကျင့်စဉ်ဖြစ်တဲ့ ဝိပဿနာပေါ့လေ။

အဲဒီလို ဒိပဋိစ္စသမုပ္ပါဒ်မှာဝိဉာဏ်ကို ချထားပြီးတော့ အပြန်ပြန်အလှန်လှန် သုံးသပ်ပြီးတော့ ဝိပဿနာလည်း တစ်ခါထဲပွားများပြီးတော့ ဘုရားအဖြစ်သို့ ရောက်သွားတယ်၊ ဘုရားအဖြစ်သို့ ရောက်ပြီးတဲ့နောက် ခုနစ်ရက်ပတ်လုံး ဗောဓိပင်ရင်းမှာပဲ တင်ပလ္လင်ခွေပြီးတော့ ထိုင်နေတော်မူတယ်၊ တင်ပလ္လင်ခွေမဖျက်ပဲနဲ့ ခုနစ်ရက်ပတ်လုံး ထိုင်နေတော်မူတယ်၊ မြတ်စွာဘုရား ဘုရားဖြစ်ပြီးတဲ့နောက် ဗောဓိပင်နားမှာ ဘယ်နှစ်ရက်နေသလဲဆိုရင် ၄၉–ရက်နော်။

ဟို သတ္တ သတ္တာဟ ခေါ်တာပေါ့၊ မြန်မာလို ပြောရင်တော့ ခုနစ်ပတ် ပေါ့၊ အမှန်ကတော့ ခုနစ်ပတ်တောင် မကဘူး၊ ရှစ်ပတ်နီးပါးလောက်နေတာ။

ပထမခုနစ်ရက်မှာ မြတ်စွာဘုရားဟာ တင်ပလ္လင်ခွေထိုင်နေတာပဲ၊ မထဘူး၊ အဲဒီ တင်ပလ္လင်ခွေထိုင်နေတဲ့ အတောအတွင်းမှာ ညကျရင် ပထမယာမ်မှာလည်းပဲ ဒိပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တယ်၊ ဘုရားဖြစ်ပြီးတဲ့နောက် အပြန်ပြန်အလှန်လှန် အနုလုံပဋိလုံဆင်ခြင်တယ်၊ မဇ္ဈိမယာမ်အလယ်မှာလည်းပဲ ဆင်ခြင်တယ်၊ ပစ္ဆိမယာမ် လို့ခေါ်တဲ့ မိုးသောက်ယံကျတော့လည်း ဆင်ခြင်တော်မူတယ်။

အဲဒီတော့ ပဋိစ္စမုပ္ပါဒ်ဟာ မြတ်စွာဘုရား ဘုရားမဖြစ်ခင် ဘုရားအလောင်း ဘဝတုန်းကလည်းပဲ ဆင်ခြင်တော်မူခဲ့တယ်၊ ဒါကို ဆင်ခြင်ရင်းပဲ ဘုရားဖြစ်တယ်ပဲ ပြောကြပါစို့၊ ဘုရားဖြစ်တော်မူပြီးတဲ့နောက်လည်းပဲ ဦးဆုံးဆိုပါတော့ လက်ဦးဆင်ခြင် တဲ့ တရားဟာ ဒါပဲ၊ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူတယ်။

အဲဒီလို ဆင်ခြင်တော်မူပြီးတဲ့နောက် ဆိုပါတော့ သတ္တသတ္တာဟက နေပြီးတော့ ဓမ္မစကြာတရားဟောတာတွေလုပ်ပြီး နောက်လည်းပဲ မြတ်စွာဘုရားဟာ ၄၅–ဝါ အတွင်းမှာ ပဋိစ္စသမုပ္ပါဒ်ကိုအကြိမ်ကြိမ်ဟောတော်မူခဲ့တယ်၊ အကြိမ်ကြိမ် ဟော တာတွေကို ပါဠိတော်တွေထဲမှာ ဟိုနားတစ်ခု ဒီနားတစ်ခုတွေ့နိုင်တယ်၊ အထူးသဖြင့် များများတွေ့နိုင်တာကတော့ သံယုတ်ပါဠိတော်ဆိုတာ နိဒါန သံယုတ်ဆိုတာမှာ ရှိတယ်နော်။

အဲဒီတော့ မြတ်စွာဘုရားက ဒိပဋိစ္စသမုပ္ပါဒ်ကို သတ္တဝါတွေကို ဟောတဲ့ အခါကျတော့ နည်းအမျိုးမျိုးနဲ့ ဟောတော်မူတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ, သင်္ခါရ ပစ္စယာ ဝိညာဏံ, ဝိညာဏပစ္စယာ နာမရူပံ စသည်ဖြင့် ဒီအစဉ် ရှိတယ်မဟုတ်လား၊ ဒီကွင်းဆက်ခေါ်တာပေါ့လေ၊ ဒီတော့ မြတ်စွာဘုရားက အလွန်ကျွမ်းကျင်တော်မူတဲ့ အတွက်ကြောင့်မို့ အစနေကိုင်ပြီးတော့ အဆုံးကို

http://www.dhammadownload.com



ဟောတဲ့အခါမျိုးလည်းရှိတယ်၊ အဝိဇ္ဇာကနေကိုင်ပြီးတော့ ဇာတိဇရာမရဏ ရောက်အောင် ဟောတဲ့အခါလည်းရှိတယ်၊ တစ်ခါတစ်လေကျတော့ အလယ်အကိုင်ပြီးတော့ အဆုံး ဘတ်ကိုဆွဲသွားတာ, တစ်ခါတလေကိုတော့ အဆုံးကကိုင်ပြီး အစနောက်ပြန်ဟော သွားတာ တစ်ခါတစ်လေ အလယ်ကကိုင်ပြီးတော့ နောက်ပြန်ဟောသွားတာ၊ နည်း ၄-မျိုးနဲ့ ဒီပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူတယ်နော်၊ အစကနေအဆုံး၊ အလယ်ကနေအဆုံး၊ အဆုံးကနေ အစ၊ အလယ်ကနေ အစ၊ အဲဒီလို နည်းအမျိုးမျိုးနဲ့ မြတ်စွာဘုရား ဟောတော်မူတယ်၊ အလွန်ကို မြတ်စွာဘုရားအဖို့တော့ ဒါက ကျက်နေရတာမဟုတ်ပဲကို, ကျွမ်းကျင်ပြီးသား ကိုယ်ကိုယ်တိုင် မြင်တော်မူထားပြီးသားဆိုတော့ ဘယ်နေရာက ကောက်ကိုင်ကိုင်, ဟောဟော, ဖြစ်တော့တာပေါ့။

အခုပဋိစ္စ သမုပ္ပါဒ်ကို အမျိုးမျိုး မြတ်စွာဘုရားက ဟောတော်မူတယ်၊ ဒီပဋိစ္စသမုပ္ပါဒ်ဟာ မြတ်စွာဘုရားကိုယ်တိုင်က ရှင်အာနန္ဒာကို သတိပေးခဲ့ဖူးတယ်၊ ရှင်အာနန္ဒာက သူက သောတာပန်တင် ရှိသေးတယ်နော်၊ ဒါပေမယ်လို့ ပဋိစ္စသမုပ္ပါဒ်တရားကို နာပြီးတဲ့နောက် သူက "ပဋိစ္စသမုပ္ပါဒ်က မနက်နဲပါဘူး" လို့ သူက အဲဒီလိုပြောတာကိုနော်၊ ပဋိစ္စသမုပ္ပါဒ်ဟာ ပေါ်လွင်ပါတယ်၊ သိဖို့ရာ လွယ်ပါတယ်လို့ အဲဒီလိုပြောတော့၊ မြတ်စွာဘုရားက "အာနန္ဒာ ဒီလို မပြောနဲ့နော်၊ ပဋိစ္စသမုပ္ပါဒ်ဟာ နက်လည်းနက်နဲတယ်, ပြီးတော့နက်နဲယောင်လည်းထင်တယ်၊ နက်နဲတယ်လို့လည်း ထင်ရတယ်၊ နက်လည်း, နက်နဲတယ်ပေါ့၊ ဒီလို မြတ်စွာဘုရားက သတိပေးတော်မူတယ်။

ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ မလွယ်ဘူးနော်၊ အဲဒီတော့ သရုပ်သကန် မှတ်ဖို့တောင်မှ မလွယ်လှဘူးဟုတ်လား၊ ကိုယ်တိုင်ထိုးထွင်းသိဖို့ ဆိုတာကတော့ အဝေးကြီးပဲ၊ သရုပ်ကလေး မှတ်ပြီးတော့ စာသင်သလိုသင်ပြီးတော့ နားလည်တယ်ဆိုတောင်မှ ပဋိစ္စသမုပ္ပဒ်က လွယ်တာမဟုတ်ဘူး၊ ဘာကြောင့် မလွယ်တာတုန်းဆိုတော့ အခြေခံ အဘိဓမ္မာတွေက ပါနေတာကို၊ အဲဒါတွေ အဘိဓမ္မာတွေ မပါပဲနဲ့ ပဋိစ္စသမုပ္ပါဒ်ကြည့်ရင် ဆားပေါ့နေတာ။

အဲဒါကြောင့်မိုလို့ အဲသလောက်ဟာတောင်မှ မလွယ်တော့ ကိုယ်တိုင်ထိုးထွင်းပြီးတော့ ကိုယ်ပိုင်ဉာဏ်နဲ့ သိဆိုတာတော့ပိုပြီးတော့ မလွယ်ဘူး၊ ဒါကြောင့်မို့ နက်နဲတယ်လို့ အဲဒီလို သတိပေးတော်မူရတာ၊ အဲဒီလို နက်နဲတဲ့ တရားဖြစ်တဲ့အတွက်ကြောင့်မို့ ဒီပဋိစ္စသမုပ္ပါဒ်ကို အကျယ် အဓိပ္ပါယ်ဖွင့်ဆို ရေးသားတဲ့အခါမှာ အရှင်မဟာ ဗုဒ္ဓဃောသ ကိုယ်တိုင်ကလည်းပဲ ငြီးတဲ့ စာကလေးတွေ ဂါထာလေးတွေ

http://www.dhammadownload.com



ရေးထားခဲ့တယ်။

ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်မယ်လို့ သူအားထုတ်တဲ့အခါမှာ သမုဒ္ဒရာထဲမှာ ထောက်မမိသလိုပဲ၊ တရားတော်က နက်နဲလွန်းလို့ သူဟာလည်းပဲ ထောက်မမှီလောက် အောင်ရှိတယ်တဲ့၊ အဲဒီလို သမုဒ္ဒရာထဲမှာ ထောက်မမှီဘူးဆိုတာ ရှင်မဟာဗုဒ္ဓဃောသ သူကိုယ်တိုင်ရေးတဲ့ စာထဲမှာပါတယ်။

ဒါပေမယ်လို့ မြတ်စွာဘုရား အဆုံးအမတွေ ဒေသနာနည်းတွေ အမျိုးမျိုးနဲ့ ဟောထားတဲ့ သာသနာတော်မှာလည်းရှိတယ်၊ ရှေးဆရာအဆက်ဆက်ကလည်းပဲ အခုလို အဓိပ္ပါယ်အကျယ်ဖွင့်ပြထားတဲ့ tradition ဒါလည်းရှိတယ်၊ ဒါတွေကို အမှီပြုပြီးတော့ အဓိပ္ပါယ် အကျယ်ရေးမယ်ဆိုပြီး အဓိပ္ပါယ်အကျယ်ရေးရတယ်။

ဝိသုဒ္ဓိမဂ်မှာ ဒီအပိုင်းဟာ နားလည်ဖို့ရန် အခက်ဆုံးအပိုင်းပဲ၊ ဘာကြောင့် တုန်းဆိုတော့ အဘိဓမ္မာတွေကအကျယ်ကြီးပါနေတာ၊ တခြားအပိုင်းတွေကမှ တော်သေးတယ်၊ ဒီအပိုင်းကျတော့ အဘိဓမ္မာ သရုပ်တွေထိအောင်ပါလာပြီ၊ ပြီးတော့ တစ်ခါ ပဋ္ဌာန်းနည်းနဲ့ ဝင်ပြီးတော့ ဖွင့်လိုက်သေးတယ်၊ အဲဒါကြောင့်မို့ ဒီပဋိစ္စသမုပ္ပါဒ်နည်းဟာ ခက်တယ်, မလွယ်ဘူး၊ ဒါမှတ်ထားရမယ်၊ သာမညလေး သရုပ်သကန် သိဖို့တောင်မှ အတော်လုပ်ယူရမယ်နော်၊ ပဋိစ္စသမုပ္ပါဒ်ကိုကြည့်, ပါဠိလေးမရသေးရင် ရအောင် ကျက်ထားရင် ကောင်းတာပေါ့လေ၊ ရပြီးရင်လည်း သာကောင်းတာပေါ့။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊
သင်္ခါရ ပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝ
ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊

http://www.dhammadownload.com



ဝေမေတဿ, ကေဝလဿ, ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဒါပဋိစ္စ သမုပ္ပါဒ် အနုလောမလို့ခေါ်တယ်၊ အနုလုံပေါ့၊ အပြန်မဟုတ်သေးဘူး၊ ဒါကိုပဲ ပထမနားလည်ဖို့ အရေးကြီးတယ်၊ ဒါနားလည်ရင် ပဋိလုံလည်းနားလည်တော့တာပဲ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရတဲ့။

မြတ်စွာဘုရားဟာ ပစ္စယဆိုတဲ့ ပုဒ်နဲ့ဟောထားတယ်၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတရားတို့ ဖြစ်တယ်တဲ့၊ ဒီလိုဆိုတယ်၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ အဝိဇ္ဇာကို အမှီပြုပြီးတော့ သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာက ထုတ်လုပ်တယ်လို့ မဆိုလိုဘူး၊ ဒါပေမယ်လို့ အဝိဇ္ဇာရှိတဲ့ အတွက်ကြောင့်မို့ သင်္ခါရဖြစ်တယ်၊ ဒီလိုဆိုလိုတယ်၊ အဲဒီလို ပစ္စည်းနဲ့ ပစ္စယုပ္ပန် (ပစ္စယုပ္ပန်ဆိုတာ အကျိုး ပစ္စည်းဆိုတာအကြောင်း) ဆက်သွယ်ပုံ ကိုတော့ ပဋ္ဌာန်းနည်းနဲ့ယှဉ်မှသာ နားလည်တယ်နော်၊ တချို့က productive တချို့ကသူ့ကို အမှီပြုပြီးတော့ဖြစ်တဲ့ အတွက်ကြောင့်မို့ ပစ္စယအကြောင်းကို ခေါ်ထားတယ်၊ အချို့ကျတော့ အတူတူဖြစ်ပြီး တော့ အချင်းချင်း အားပေးသွားတာ ထောက်ပံ့သွားတာကိုပဲ အကြောင်းလို့ခေါ်တယ်၊ ဒါရှိတယ်၊ အဲဒါတွေပါနားလည်မှ ပဋိစ္စသမုပ္ပါဒ်ကို ပိုင်ပိုင်နိုင်နိုင် နားလည်မယ်၊ သို့မဟုတ်ရင် မလည်ဘူး။

ကောင်းပြီ, အဝိဇ္ဇာပစ္စယာ သင်္ခါရာ ပြောရလွယ်အောင် အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်လိုပဲ သုံးကြစို့နော်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ ကောင်းပြီ အဝိဇ္ဇာဆိုတာ ဘာလို့ အဝိဇ္ဇာခေါ်သလဲ၊ အဝိဇ္ဇာဆိုတာ ရှင်းရှင်းကတော့ မောဟ စေတသိက်နော်၊ မောဟဆိုတာ အမှန်ကို မသိအောင်ဖုံးလွှမ်းတတ်တဲ့ သဘောတရားကို မောဟခေါ်တယ်၊ ရုပ်နာမ် တို့ရဲ့ သဘောမှန်ကို မသိအောင် ဖုံးလွှမ်းတတ်တယ်၊ မောဟ ဖုံးလွှမ်းမှုကြောင့် ရုပ်နာမ်တို့ရဲ့ သဘောကို ပိုင်းပိုင်းခြားခြား မှန်မှန်ကန်ကန် မသိပဲ ရှိကြတယ်၊ တကယ် ဝိပဿနာ တရားအားထုတ်ပြီး မှတ်ချက်ကောင်းလို့ မြင်မှသာ ဒီ အဝိဇ္ဇာ မဖုံးနိုင်တာ။

သို့မဟုတ်ရင်တော့ သူလိုက်ဖုံးနေတာပဲ၊ အဲဒီတော့ သူဖုံးပေးတဲ့ အတွက် ကြောင့်မို့ အရှိကို အရှိတိုင်း မသိဘူးနော်၊ တစ်မျိုးတစ်မည် အလွဲအမှားတွေ သိကုန်တယ်၊ ဒါကြောင့်မို့ အမှန်အတိုင်းမသိတာလည်းပဲ အဝိဇ္ဇာရဲ့သတ္တိပဲ၊ အလွဲအမှား သိတာလည်း အဝိဇ္ဇာရဲ့ သတ္တိပဲ၊ အဝိဇ္ဇာဆိုတာ မသိတဲ့ မောဟတရား အဲဒီမသိတဲ့ မောဟတရား မောဟစေတသိက်ကို အဝိဇ္ဇာလို ခေါ်မယ်တဲ့။

အဲဒီအဝိဇ္ဇာရှိတဲ့အတွက်ကြောင့်မို့၊ သင်္ခါရဆိုတဲ့သဘောတရားတွေ ဖြစ်တယ်

http://www.dhammadownload.com



တဲ့၊ သင်္ခါရဆိုတာ ဘာတွေလဲတဲ့၊ သင်္ခါရဆိုတာ ရှင်းရှင်းပြောရင် ဒီနေရာမှာ ကံကိုဆိုလိုတာ၊ ကံဆိုတာ ဘာကိုခေါ်တာတုန်း မှတ်မိကြလား၊ ကံဆိုတာစေတနာ မဟုတ်ဘူးလား၊ စေတနာ စေတသိက်နော်၊ စေတနာလည်းပဲ စိတ် ၈၉-ပါးလုံးမှာ ယှဉ်တဲ့စေတနာမဟုတ်ဘူး၊ ကုသိုလ် အကုသိုလ်မှာယှဉ်တဲ့ စေတနာ,လောကီ ကုသိုလ်, အကုသိုလ်၊ အဲဒီစေတနာကို ဒီနေရာမှာ သင်္ခါရလို့ ဆိုတယ်။

သင်္ခါရဆိုတဲ့ စကားတွေ့ရင် သတိထားရမယ်၊ တစ်ခါတစ်လေ သင်္ခါရဆိုတာ ရှိသမျှ ရုပ်နာမ်တွေ အားလုံးကို ဆိုတယ်၊ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သင်္ခါရတရားတွေဟာ အနိစ္စပဲလို့ ပြောတဲ့အခါကျတော့ စိတ်, စေတသိက်, ရုပ်, အကုန်လုံးကို ဆိုလိုတယ်၊ ခန္ဓာငါးပါးကို ဆိုလိုတယ်၊ အခုအဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့ နေရာကျတော့ သင်္ခါရ အရဟာကံ(သို့မဟုတ်)စေတနာ။

စေတနာဆိုတာ ဒီနေရာမှာ လောကီကုသိုလ်, အကုသိုလ်နဲ့ယှဉ်တဲ့ စေတနာ၊ အကုသိုလ် ၁၂-ရှိတယ်နော်၊ မဟာကုသိုလ်စိတ် ၈-ရှိတယ်၊ ရူပါဝစရစိတ် ၅ ရှိတယ်၊ အရူပါဝစရစိတ် ၄-ရှိတယ်၊ အားလုံး ၂၉-ပေါ့၊ အဲဒီ ၂၉-နဲ့ ယှဉ်တဲ့ စေတနာကို သင်္ခါရလို့ ခေါ်တယ်နော်။

ကောင်းပြီ၊ အဝိဇ္ဇာက ဖုံးလွှမ်းပေးတဲ့ အတွက်ကြောင့်မို့ သင်္ခါရဆိုတာတွေ ဖြစ်တယ်တဲ့၊ အဝိဇ္ဇာက သဘောမှန်ကို မသိအောင် ဖုံးလွှမ်းထားတော့ ကောင်းတဲ့ဘဝ ရောက်ချင်လာတယ်, ဘဝဆိုတာ မတပ်မက်ရဘူး မတွယ်တာရဘူး ဆိုပေမယ်လို့ အဝိဇ္ဇာကဖုံးထားတော့ အမြင်ကိုကတွယ်တာစရာ အနေနဲ့မြင်တယ်နော်၊ ပုထုဇဉ်တွေ အနေနဲ့ အဲဒီလို မြင်တဲ့အတွက်ကြောင့်မို့ ဘဝချမ်းသာမှုကို လိုလားကြတယ်၊ ဘဝချမ်းသာမှုကို လိုလားတဲ့အခါကျတော့ ဘဝချမ်းသာမှု ရအောင်ဆို ပြီးတော့ အမျိုးမျိုးလုပ်ကြတယ်၊ ကြံဆောင်ကြတယ်၊ လုပ်တဲ့အခါမှာ ဆရာကောင်း သမားကောင်းတွေ့ပြီးတော့ ညွှန်ကြားတာ မှန်မှန်ကန်ကန် ရရင်လည်း ကုသိုလ်တွေ လုပ်ဖြစ်တာပေါ့နော်၊ ဆရာကောင်း သမားကောင်း မတွေ့ဘူး၊ အယူအဆအမှားတွေ သွားတွေ့ပြီးတော့ အကုသိုလ်တွေလည်း လုပ်မိကြတယ်။

နွားသတ်ပြီးတော့ ယဇ်ပူဇော်တာတို့၊ သိုးသတ်ပြီးတော့ ယဇ်ပူဇော်တာ တို့ပေါ့၊ ဒါပေမယ့် သူတို့လုပ်တာကတော့ကောင်းအောင်လုပ်တာပဲ၊ သူတို့ ကောင်းချင်လို့ လုပ်တာပဲ၊ ဒါပေမဲ့ လုပ်တဲ့လုပ်ငန်းက အဲဒီကျတော့ အကုသိုလ် ဖြစ်နေတယ်၊ အဲဒီလိုပေါ့လေ အမျိုးမျိုးနောက်ဆုံး ကုသိုလ်လုပ်တာတွေလည်း အတူတူပဲ၊ နတ်ပြည်ရောက်ချင်လို့ ကုသိုလ်လုပ်တယ်ဆိုတာလည်း အဝိဇ္ဇာရှိလို့ လုပ်ကြတာပဲ၊

http://www.dhammadownload.com



အဝိဇ္ဇာသာမရှိဘူး ကင်းနေပြီဆိုရင် နတ်ပြည်ရောက်ချင်တဲ့စိတ်လဲ မရှိတော့ဘူး၊ ကုသိုလ်ဆိုတာလည်း မလုပ်တော့ဘူး၊ ရဟန္တာဆိုရင် ကြိယာဆိုတာသာ ဖြစ်တော့မယ်။

ဒါကြောင့်မို့ အဝိဇ္ဇာရှိတဲ့အတွက်ကြောင့်မို့ သင်္ခါရဆိုတဲ့ သဘောတရားတွေ ဖြစ်တာနော်၊ ဒီသင်္ခါရတွေ မဖြစ်စေနိုင်ဘူးဆိုရင် အဝိဇ္ဇာမရှိအောင် လုပ်ရမယ်။

အဲဒီသင်္ခါရကို စာမှာကျတော့ သုံးမျိုးခွဲတယ်၊ ပုညာဘိသင်္ခါရ၊ ဒါက ကုသိုလ်စေတနာတွေပေါ့, မဟာကုသိုလ်စိတ် ၈–ခု၊ ရူပါဝစရကုသိုလ် ၅–ခု၊ ဒါကို ခေါ်တယ်၊ အရူပကို သီးခြားထုပ်တယ်။

ပြီးတော့ အပုညာဘိသင်္ခါရတဲ့၊ ဒါက အကုသိုလ် စေတနာ ၁၂–ခု။

ပြီးတော့ တတိယကိုတော့ အာနဉ္ဇာဘိ သင်္ခါရလို့ခေါ်တယ်၊ အရူပကုသိုလ် အရူပဈာန်က သိပ်ပြီးတော့ အထက်တန်းကျတော့ သူက မတုန်မလှုပ် ခိုင်မြဲတဲ့ သဘောရှိတယ်၊ ရူပါဝစရဈာန်ထက် ပိုပြီးတော့ သန်မာတယ်ပေါ့၊ Strong ဖြစ်တယ်၊ ဒါကြောင့်မို့ သူ့ကို သီးခြားထုပ်လိုက်တယ်၊ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနဉ္ဇာဘိသင်္ခါရ။

ဈာန်ရအောင် အားထုတ်တာလည်း အဝိဇ္ဇာရှိလို့ အားထုတ်တာပဲ၊ အရူပဘုံ ရောက်ချင်တာလည်း အဝိဇ္ဇာရှိလို့ပဲ၊ အဲဒီတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာကို အကြောင်းပြု၍ သင်္ခါရဖြစ်တယ်၊ အဲဒီလိုပဲ မှတ်ကြဦးစို့။

နောက်နံပါတ် ၂–က ဘာတဲ့တုန်း၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဇစ်ဇက်သွားတာပေါ့၊ အဝိဇ္ဇာကြောင့် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့အခါ ကျတော့ ဒီကံတွေကို လုပ်ရင် ဘာဖြစ်မှာတုန်း၊ ဒီကံတွေက နောက်ဘဝတွေမှာ အကျိုးမပေးပေဘူးလား၊ ကံက အကျိုးပေးလိုက်တယ်ဆိုတာကလည်း ပဋိသန္ဓေ စိတ်တွေ သွားမဖြစ်ပေဘူးလား၊ ပဝတ္တိအခါမှာ ဝိပါက်စိတ်တွေ မဖြစ်ပေဘူးလား၊ ဒါတွေဟာ ကံကြောင့်ဖြစ်တာတွေ မဟုတ်ဘူးလားနော်၊ ဒါ မရှင်းရင် ပဋ္ဌမပိုင်း ပြန်သွား၊ ကုသိုလ်ကံ အကုသိုလ်ကံအကျိုးပေးတာတွေ အဲဒီမှာရှိတယ် မဟုတ်လား၊ အဲဒါနဲ့ ပြန်ဟပ်ပြီးတော့ နားလည်ရမှာ၊ ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ် ခက်တယ် ပြောတာ၊ ဒါကြောင့်မို့ ဝိညာဏ်အရ ဘာတွေ ယူရမလဲ၊ ဝိပါက်ဝိညာဏ်တွေ ယူရမယ်ပေါ့၊ လောကီဝိပါက် ဘယ်လောက်ရှိတုန်း ၃၂–ပါး ရှိတယ် မဟုတ်လားနော်၊ လောကီ ဝိပါက် ၃၂–ပါး၊ အဲဒီဝိပါက် ဝိညာဏ်တွေကိုယူ၊ အဲဒီတော့ သင်္ခါရဆိုတဲ့ အကုသိုလ်စေတနာ အကုသိုလ်ကံကို ပြုမိတဲ့ အတွက်ကြောင့်မို့လို့ အပါယ်ဘုံမှာ သွားပြီးတော့ ပဋိသန္ဓေသွားမနေပေဘူးလားနော်၊ ပဋိသန္ဓေနေတယ်ဆိုရင် အဲဒီ

http://www.dhammadownload.com



ပဋိသန္ဓေနေတဲ့ အခိုက်အတန့်မှာ ပဋိသန္ဓေစိတ် မဖြစ်ပေဘူးလား၊ ဖြစ်တယ်၊ စေတသိက်တွေမပါဘူးလား၊ ပါတယ်, ကမ္မဇရုပ် မပါဘူးလား ပါတယ်နော်။

ဒါကြောင့်မို့လို့ အဲဒီပါတဲ့ အထဲမှာ ဝိညာဏ်လို့ဆိုတဲ့ အတွက်ကြောင့်မို့လို့ ဒီနေရာမှာတော့ စိတ်ပဲယူရမယ်နော်၊ လောကီဝိပါက်စိတ်တွေပဲ ယူရမယ်၊ ကောင်းတာလေးမြင်တယ်၊ မကောင်းတာလေးမြင်တယ်၊ စက္ခုဝိညာဏ်စိတ် မဖြစ်ပေဘူးလား၊ ဒီစက္ခုဝိညာဏ်စိတ်ဟာ ဘာကြောင့်ဖြစ်တာတုန်း, ရှေးကံကြောင့်ပဲ မဟုတ်ဘူးလား ကုသလဝိပါက် အကုသလ ဝိပါက်ဆိုပြီး ၂– မျိုးရှိတယ် မဟုတ်ဘူးလား၊ အေး အဲဒါကြောင့်မို့ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့ နေရာမှာ လောကီဝိပါက် အကျိုးဖြစ်တဲ့ ဝိညာဏ်တွေကို ယူပါ။

နံပါတ် ၃ က ဝိညာဏပစ္စယာ နာမရူပံ, ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ သတိထားနော်၊ ဒီနေရာမှာ နာမ်ရုပ်ဟာ တခြားမှာတွေ့တဲ့ နာမ်ရုပ်နဲ့ မတူဘူးနော်၊ ဝိညာဏအရ ဒီနေရာမှာ ဒီအတိုင်းပဲယူလိုက်ကြပါစို့၊ လောကီဝိပါက် ၃၂– ပါး ပေါ့လေ၊ နောင် တချို့ ကျမ်းဂန်တွေကျတော့လည်း စိတ်အကုန်လုံးကိုယူတာလည်း ရှိတယ်၊ ထားပါတော့၊ နာမရူပံ နာမ်ရုပ်အရ ဘာတွေ ယူရမလဲ၊ နာမအရ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ရှင်းရှင်းပြောရင် နာမအရ စေတသိက် ၅၂–ပါးကိုယူရမယ်နော်၊ ရူပအရလည်း ဒီနေရာမှာ ကမ္မဇရုပ်ကိုယူပါတဲ့၊ သို့မဟုတ် အဘိဓမ္မာနည်းမှာတော့ ရုပ် ၂၈–ပါးလုံးကိုလည်း ယူတာရှိတယ်၊ ဝိညာဏပစ္စယာ နာမရူပံ။

ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်တယ်ဆိုရာမှာ ဝိညာဏ်က နာမ်ရုပ်ကို ကျေးဇူးပြုတယ်၊ ဒီလိုဆိုလိုတယ်နော်၊ ဝိညာဏပစ္စယာ နာမရူပံ၊ ဒါကြောင့်မို့ နာမအရ နာမ အကုန်မယူရဘူးနော်၊ စေတသိက်ကိုသာယူတယ်၊ ဒီနေရာမှာ စိတ်ကို မယူဘူး၊ ဒါကြောင့်မို့ ဒါတွေနားလည်ဖို့ သိပ်အရေးကြီးတယ်၊ နာမရူပတွေ စိတ်စေတသိက်တွေ အကုန်ယူတယ် ချည်းမှတ်ထားမိရင် ဒီမှာလာပြီးတော့ လွဲမယ်နော်။

ကောင်းပြီ, ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတဲ့ နေရာမှာ တစ်ခါတလေ နာမ်သာဖြစ်တယ်၊ တစ်ခါတလေ ရုပ်သာဖြစ်တယ်၊ တခါတလေ နာမ်ရုပ်ဖြစ်တယ်နော်၊ ဒီလိုမှတ်ရဦးမယ်၊ ဘယ်မှာကျ နာမ်သာဖြစ်တုန်း၊ အရူပဘုံဖြစ်တဲ့အခါ ကျတော့ ဝိညာဏ်နဲ့ ယှဉ်တွဲပြီးတော့ နာမ်ပဲရှိတယ်၊ ရုပ်မရှိတော့ဘူး, တစ်ခါတလေ ရုပ်သာရှိတယ်၊ နာမ်မရှိဘူး၊ အသညသတ် ဗြဟ္မာပေါ့၊ ရုပ်ရော, နာမ်ရော ရှိတယ်ဆိုတာကျတော့ လူတို့နတ်တို့ပေါ့၊ ပဉ္စဝေါကာရဘုံဆိုတာပေါ့၊ အဲဒါကြောင့်မို့

http://www.dhammadownload.com



တစ်ခါတလေနာမ်၊ တစ်ခါတလေ ရုပ်၊ ဒီလိုမှတ်ယူရမယ်နော်။

နောက်တစ်ခုက နာမရူပပစ္စယာ သဠာယတနံ၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်တဲ့နော်၊ နာမ်အရ ဒီနေရာမှာ ဝေဒနက္ခန္ဓာ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာကိုပဲ ယူတယ်နော်၊ ရူပအရ ဒီကျတော့ မဟာဘုတ်လေးပါးတဲ့နော်၊ ဆဝတ္ထုရုပ်ဆိုတော့ ဆဆိုတာခြောက်၊ ဝတ္ထုရုပ် ၆-ပါး ဆိုတာဘာတုန်း၊ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါ၊ ကာယ၊ စက္ခု ဇီဝိတရုပ် ဒါတွေကိုယူပါတဲ့၊ သဠာယတနံ သ-ဆိုတာ ဒီနေရာမှာ ဆနှင့် အဓိပ္ပါယ်အတူတူပဲ၊ အာယတန ၆-ပါး၊ အာယတန ဆယ့်နှစ်ပါးတွေ့ခဲ့တယ် မှတ်မိကြသေးလား၊ အာယတန ၁၂-ပါး၊ အတွင်း ၆-ပါးအပြင်ခြောက်ပါး၊ ဟုတ်တယ်မဟုတ်လား၊ ဒီနေရာမှာ နာမရူပပစ္စယာ သဠာယတနံမှာ အဲဒီအတွင်းအပြင် ၂-မျိုးမှာ ဘယ်ဟာကို ယူသတဲ့တုန်း၊ အဇ္ဈတိကာယတန အတွင်း ၆-ပါးပေါ့၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ အဲဒီ အာယတန ၆-ပါး ယူပါတဲ့၊ နာမ်ရုပ်ကို အမှီပြုပြီးတော့ သဠာယတနဖြစ်တယ်၊ အာယတန ၆-ပါးဖြစ်တယ်။

ဒီနေရာမှာလည်းပဲ နာမ်ရုပ်က ခုနကလိုပဲနာမ်သက်သက်က အာယတနကို ကျေးဇူးပြုမယ်၊ ရုပ်သက်သက်က အာယာတနကိုကျေးဇူးပြုမယ်၊ နာမ်ရုပ်က အာယတနကိုကျေးဇူးပြုတယ်နော်၊ တစ်ခါ သဠာယတနကတော့ မြန်မာစကား ပြောရင် အာယတန ၆-ပါးလို့ အဓိပ္ပါယ်ကျတယ်၊ ဒါပေမယ့် တစ်ခါတလေ ၆-ခုမြောက် အာယတနကိုသာလည်း ကျေးဇူးပြုတာလည်းရှိတယ်၊ အရူပဘုံဖြစ်တဲ့ အခါကျတော့ ၆-ခုမြောက်ဆိုတော့ မနာယတနစိတ်၊ စက္ခာယတနကို အရူပဘုံမှာဖြစ်တဲ့အခါ စက္ခာယတနကို ကျေးဇူးပြုပါ့မလား၊ စက္ခာယတနဆိုတာက ရုပ်ကြီးနော်၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယာတန၊ ကျေးဇူးပြုပါ့မလား၊ မပြုဘူး။

နာမရူပပစ္စယာ သဠာယတနံ ထပ်ပြောလိုက်စမ်း၊ နာမရူပပစ္စယာ သဠာယတနံ၊ နာမအရ ဘာကိုယူသလဲ၊ စေတသိက် ၅၂-ပါးပဲနော်၊ ဝေဒနာ၊ သညာ၊ သင်္ခါရလို့ ပြောလည်းဒါပဲ၊ စေတသိက် ၅၂-ပါးကို ပြောလည်း ဒါပဲ၊ အတူတူပဲနော်၊ ရူပအရ ဘာကို ယူသတဲ့တုန်း၊ မဟာဘုတ် ၄-ပါးတဲ့၊ ဝတ္ထုရုပ် ၆-ပါးတဲ့၊ ဇီဝိတရုပ်ကို ယူတယ်တဲ့၊ သဠာယတန အရဘာယူလဲ၊ အာယတန ၆-ပါး။

အတွင်းအာယတန ၆-ပါးဆိုတာ စက္ခာယတန၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနာယတန၊ အဲဒီမှာ ကာယာတနထိအောင်က ရုပ်မဟုတ်ဘူးလား၊ စက္ခုပသာဒ စက္ခာယတနခေါ်တာပဲနော်၊ မနာယတနဆိုတာက စိတ်တစ်ခုယုတ်

http://www.dhammadownload.com



၉၀ ခေါ်တယ်။

အဲဒီတော့ ခုနကပြောသလို နာမရူပအရလည်း တစ်ခါတလေ နာမ်ကိုယူရမယ်၊ တစ်ခါတလေ ရုပ်တင် ယူရမယ်၊ တစ်ခါတလေ နာမ်ရုပ်ယူရမယ်၊ သဠာယတန အရလည်း တစ်ခါတလေ ၆–ခုမြောက် အာယာတနလည်း ယူရမယ်၊ တစ်ခါတလေ လည်းပဲ ရှေ့က အာယာတနတွေပဲယူရတယ်၊ ဒါကြောင့်မို့ သူ့ကိုလည်းပဲ သဠာယတန၊ အာယတန ၆–ပါးလို့ ဆိုပေမယ်လို့ အမြဲတမ်း ၆–ပါး မဟုတ်ဘူး၊ တစ်ခါတလေ တစ်ပါးတည်းရယ်၊ နော် မနာယတန တစ်ပါးတည်းရယ်၊ တစ်ခါ တလေလည်း ၆–ပါး ဖြစ်ချင်ဖြစ်မယ်၊ ထိုက်သင့်သည့် အားလျော်စွာ အခြေ အနေကြည့်ပြီးတော့ အဓိပ္ပါယ်ကောက်ယူရမယ်၊ မူသေကြီး သဠာယတနလို့ ပြောတယ်ကွ၊ ၆–ပါးလို့ အမြဲတမ်း ဖြစ်ရမယ်လို့ ပြောလို့မရဘူး၊ ၆–ပါးဖြစ်တာနဲ့ တစ်ပါးဖြစ်တာဟာ ခုနကလို ဘယ်ဘုံမှာ ဖြစ်တာလဲဆိုတာ ကြည့်ရမယ်၊ အရူပ ဘုံမှာ ဖြစ်တာလား၊ ရူပဘုံမှာဖြစ်တာလား၊ ကာမဘုံမှာ ဖြစ်တာလား၊ အသညသတ် ဘုံမှာ ဖြစ်သလား ပေါ့လေ၊ အဲဒီလို ကြည့်ရမယ်၊ ထိုက်သည့်အားလျော်စွာ ယူရမယ်။

နာမရူပပစ္စယာ သဠာယတနံ၊ ဒါတွေ ကျေးဇူးပြုပုံကိုတော့ ပဋ္ဌာန်းနည်းနဲ့ ပြန်ပြီးတော့ စပ်ဟပ်မှ ပိုပြီးတော့ ကောင်းကောင်းမြင်လိမ့်မယ်၊ ပဋ္ဌာန်းနည်း အခုမပြောသေးဘူး၊ ပဋ္ဌာန်းဘာမှ မသိသေးခင် ပဋ္ဌာန်းနည်းပြောရင် အလကား ပြစ်နေလိမ့်မယ်။

ကောင်းပြီ, နောက်တစ်ဆင့်ကဘာတုန်း၊ သဠာယတနပစ္စယာဖဿော, သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဆိုလိုတာကတော့ သဠာယတနကို အမှီပြုပြီး ဖဿဖြစ်တယ်လို့ ဆိုလိုတယ်နော်၊ သဠာယတနက ဖဿကို produceလုပ်လိုက်တာ မဟုတ်ဘူး၊ ထုတ်လုပ်လိုက်တာ မဟုတ်ဘူး၊ ဒါပေမယ်လို့ သူ့ကို အမှီပြုပြီးတော့ ဖဿဖြစ်တာ။

ကောင်းပြီ၊ အဲဒီဖဿဆိုတာ ဘာတွေတဲ့လဲ၊ ဖဿစေတသိက်ပဲ ကောက်တယ် တဲ့နော်၊ စာမှာဆိုတာကတော့ စက္ခုသမ္ဖဿ သောတသမ္ဖဿ,စသည်ဖြင့် ဆိုတယ် ဟုတ်လား၊ စက္ခုသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ၊ စက္ခုသမ္ဖဿဆိုတာ စက္ခုပသာဒကို အမှီပြုပြီးတော့ဖြစ်တဲ့ ဖဿ စေတသိက်ပေါ့။

ဒါဖြင့် စက္ခုဖဿကို အမှီပြုပြီးတော့ ဘာစိတ်ဖြစ်သလဲ၊ ပထမပြောစမ်း၊ စက္ခုဝိညာဏ်စိတ် ဖြစ်တယ်ပေါ့၊ ဒါ့ဖြင့် စက္ခု သမ္ဖဿဆိုတာ အဲဒီ စက္ခုဝိညာဏ်စိတ်နဲ့

http://www.dhammadownload.com



ယှဉ်တဲ့ ဖဿစေတသိက်ပဲ၊ အဲသလိုသွားရမယ်၊ သောတသမ္ဖဿ ဆိုရင် သောတဝိညာဏ်နှစ်ခုမှာယှဉ်တဲ့ ဖဿစေတသိက်ပဲ စသည်ဖြင့်သွားရ မယ်နော်၊ အဲဒီလို ဖဿ ၆-မျိုးရတယ်ပေါ့၊ အဲဒီမှာ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ။

မနောသမ္ဖဿကျတော့ လောကီဝိပါက် ၃၂-ပါးမှာရှိတဲ့ ယှဉ်တဲ့ဖဿစေတသိက် ကိုယူ၊ အဲဒီတော့ သဠာယတန ပစ္စယာ ဖဿမှာ သဠာယတနက ဖဿကို ဖြစ်အောင်လုပ်လိုက်တာ မဟုတ်ဘူး၊ ထုတ်လုပ်လိုက်တာ မဟုတ်ဘူး၊ ကျေးဇူးပြုလိုက်တာ၊ ဒီစက္ခုပသာဒ အမှီရလို့ စက္ခုဝိညာဏ်ဖြစ်တာ မဟုတ်ဘူးလား၊ စက္ခုဝိညာဏ်ဖြစ်လို့ ဖဿကလည်း တွဲဖြစ်တာ၊ ဖဿဖြစ်ရာမှာ စက္ခုပသာဒက base အနေနဲ့ပေါ့၊ ဝတ္ထုရုပ်အနေနဲ့ ကျေးဇူးပြုတယ်၊ သူ့ကို အမှီပြုပြီးတော့ ဖဿက ဖြစ်ရတာ, သူက ထုတ်လုပ်လိုက်လို့ ဖဿက ဖြစ်တာမဟုတ်ဘူး၊ အဲဒါနားလည်ရမယ်၊ သဠာယတန ပစ္စယာ ဖဿော။

အဲဒီတော့ အာယာတနရှိလို့ ဖဿဖြစ်နိုင်တာနော်၊ အကယ်၍ အာယတနတွေ အကုန်ချုပ်သွားပြီး မရှိတော့ဘူးဆိုရင် ဖဿရော ပေါ်နိုင်ပါအုံးမလား၊ ဘယ်ပေါ်တော့ မလဲနော်၊ စက္ခုပသာဒ မရှိရင် မြင်စိတ် မရှိနိုင်ဘူး၊ မြင်စိတ် မရှိရင် မြင်စိတ်နဲ့ ယှဉ်တဲ့ ဖဿ ဘယ်ရှိမလဲ၊ သောတပသာဒ နားလုံးဝကန်းနေတဲ့လူ၊ ဒါဆိုရင် ကြားစိတ် မရှိနိုင်ဘူး၊ ကြားစိတ် မရှိနိုင်ရင် ကြားစိတ်နှင့်အတူဖြစ်တဲ့ ဖဿ မရှိနိုင်ဘူး စသဖြင့်သွားတဲ့။

နောက်တစ်ဆင့်က ဖဿပစ္စယာ ဝေဒနာတဲ့၊ ဖဿရှိလို့ ဝေဒနာကလည်း ပေါ်လာတာ၊ အဲဒီတော့ ဒီနေရာမှာ ဘုရားဟောထားတဲ့ တရားလေးရှိသေးတယ်၊ စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဆိုပြီး ဟောထားတာရှိတယ်၊ စက္ခုပသာဒကိုလည်းကောင်း, ရူပါရုံကိုလည်းကောင်း၊ စွဲပြီးတော့ အမှီပြုပြီးတော့ စက္ခုဝိညာဏ်ဖြစ်တယ်၊ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်တယ်၊ အဲဒီတော့ သုံးခုမရှိဘူးလား၊ စက္ခုပသာဒရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်ရယ် ဒီသုံးခုတို့၏ ပေါင်းဆုံမိခြင်းကြောင်း, ဖဿကလည်းဖြစ်တယ်၊ အဲဒီတော့ ဖဿဖြစ်တာဟာ စက္ခုပသာဒ မပါပဲနဲ့ မဖြစ်ဘူးပေါ့၊ အဲဒီ ဖဿဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် ဝေဒနာမပါဘူးလား, ပါတယ်၊ ဝေဒနာက အတူလည်းဖြစ်, နောက်ကျမှလည်းဖြစ်တယ်နော်၊ အဲဒီ ဝေဒနာက အဲဒီကျမှ ပေါ်တယ်နော်။

ခုနက ဖဿပေါ်တာလေးပြန်ပြီးတော့ ပြောဦးမယ်နော်၊ တစ်ပြိုင်နက်ပေါ်တာ,

http://www.dhammadownload.com



တစ်ပြိုင်နက်ပေါ်ပေမယ်လို့ ဒီသုံးခုဆုံမိလို့ပေါ်တာ ဒီသုံးခုမဆုံမိရင် ဖဿက မပေါ်ဘူး၊ အဲဒါလေး နားလည်ဖို့ အရေးကြီးတယ်၊ ဘာကြောင့်လဲဆိုတော့ကို ပါဠိမှာက တိဏ္ဏံသင်္ဂတိ ဖဿောလို့ ဟောထားတာဆိုတော့– သင်္ဂတိဆိုတဲ့ပုဒ်က အဓိပ္ပါယ် ဘယ်လိုယူလိုရလဲ ပေါင်းဆုံမိခြင်းသည် ဖဿလို့ ဒီလိုပဲယူလို့ရတယ်၊ ယူချင်ရင် ယူလို့ရတယ်၊ သုံးခုပေါင်းဆုံမိခြင်းဟာဖဿတဲ့၊ ဖဿဟာ အထူး အခြားဟုတ်ဘူး၊ ဒီလိုပြောရင် ဖြစ်နိုင်တယ်။

ဒါပေမယ်လို့ အမှန်က ဒီလိုမဟုတ်ဘူး၊ သူတို့ရဲ့ ပေါင်းဆုံမိခြင်းမျှသည် ဖဿမဟုတ်ဘူး၊ အဲဒီလိုသာဆိုရင် ဖဿ သီးခြားမရှိတော့ဘူးပေါ့၊ စေတသိက် တစ်ခုအနေနဲ့ကို ဆိုလို့မရတော့ဘူး၊ သူတို့၏သုံးခုပေါင်းဆုံမိခြင်းကြောင့် ပေါ်တဲ့ တရားကို ဖဿဆိုလိုက်တယ်၊ တစ်ပြိုင်နက်ပေါ်တာပဲ၊ ဖြစ်တာကတော့ တစ်ပြိုင်နက်ပဲ၊ ဒါပေမယ်လို့ ပေါင်းဆုံလို့ဖြစ်တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူ့ကို တိဏ္ဏံ သင်္ဂဟိယာ ဖဿောလို့ သုံးခုတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်တယ်လို့ မြတ်စွာဘုရားဟောတယ်။

မီးထွန်းလိုက်တာနဲ့ တပြိုင်နက် အလင်းရောင်ပေါ်ရတယ် မဟုတ်လား၊ အဲဒီတော့ ဆီမီးထွန်းလိုက်တာနဲ့ အလင်းရောင်နဲ့ တစ်ပြိုင်နက်လာတာပဲ၊ ဒါပေမယ်လို့ မီးထွန်းလို့ အလင်းရောင်က ပေါ်တာ၊ အဲဒီလိုလည်း ဒီသုံးခု ဆုံမိလို့ ဖဿကပေါ်တာ၊ ဒီသုံးခု မဆုံမိရင် ဖဿက မပေါ်ဘူး။

ဖဿဖြစ်ပြီဟော့ဆိုရင် ဝေဒနာလည်းပါလာပြီ၊ ဒါ အတူတူပဲ၊ ဖြစ်တာပဲနော်၊ ဖဿမရှိဘူးဆိုရင် ဝေဒနာလည်း မရှိနိုင်ဘူးပေါ့။

ဝေဒနာပစ္စယာ တဏှာ, ဝေဒနာဆိုတာ ဟိုစာတွေမှာတော့ စက္ခုသမ္ဖဿဇာ, သောတသမ္ဖဿဇာ ဝေဒနာဆိုတာတွေရှိတယ်၊ ရှင်းရှင်းကတော့ စက္ခုဝိညာဏ်နဲ့ ယှဉ်တဲ့ ဝေဒနာ သောတဝိညာဏ်နဲ့ ယှဉ်တဲ့ဝေဒနာပဲ၊ စက္ခုဝိညာဏ်နဲ့ ယှဉ်တဲ့ ဝေဒနာ, အဲဒီဝေဒနာနဲ့ ယှဉ်တဲ့ဖဿဆိုတော့ မထူးပါဘူး၊ စက္ခုဝိညာဏ်နဲ့ယှဉ်တဲ့ ဝေဒနာ စသည်ဖြင့် လောကီဝိပါက် ၃၂–ပါးမှာယှဉ်တဲ့ ဝေဒနာကို ဒီနေရာမှာ ဝေဒနာလို့ခေါ်တယ်နော်။

ဝေဒနာပစ္စယာ တဏှာတဲ့, ဝေဒနာကို အကြောင်းပြုပြီးတော့ တဏှာ ဖြစ်တယ်တဲ့၊ အဲဒီဝေဒနာက နောက်တုန်းက နားလည်ခဲ့တာ ဘယ်နှစ်မျိုးရှိလဲ၊ ၅–မျိုးရှိတယ်နော်၊ သုခ, ဒုက္ခ,သောမနဿ, ဒေါမနဿ, ဥပေက္ခာ, အဲဒီ ၅– မျိုး, တစ်မျိုးမျိုးကို အမှီပြုပြီးတော့ တဏှာဖြစ်တယ်။

http://www.dhammadownload.com



အဲဒီနေရာမှာ သုခတို့ သောမနဿတို့ကို အမှီပြုပြီးတော့ တဏှာဖြစ်တာကတော့ လွယ်လွယ်ကူကူနဲ့ လက်ခံနိုင်ပါတယ်၊ ဒုက္ခဝေဒနာက ဘယ်လိုလုပ်ပြီးတော့ တဏှာကို ဖြစ်စေမလဲ၊ ဒုက္ခဝေဒနာကို အကြောင်းပြုပြီး ဘယ်လိုလုပ် တဏှာကို ဖြစ်စေသလဲဆိုတော့ ဝိသုဒ္ဓိမဂ်မှာ ဖွင့်ထားတာကတော့ ဒုက္ခဝေဒနာဖြစ်တော့ သုခဝေဒနာကို တောင့်တတယ်တဲ့၊ ဆင်းရဲနေတော့ ချမ်းသာကို တောင့်တတယ်ပေါ့နော်၊ အဲဒါကြောင့်မို့ သူက သွယ်ဝိုက်သောနည်းနဲ့ တဏှာကိုဖြစ်စေတာ သူ့အပေါ် ပြန်ဖြစ်တာမဟုတ်ဘူး၊ ဒုက္ခဝေဒနာကိုပြန် တဏှာဖြစ်တာတော့မဟုတ်ဘူး၊ ဒါပေမယ်လို့ ဒုက္ခဝေဒနာကို အကြောင်းပြုပြီးတော့ ဒုက္ခဝေဒနာကင်း ငြိးတော့ သုခဝေဒနာဖြစ်ချင်တာ၊ အဲဒီတဏှာကို ပြောတာ၊ သူက ပဋ္ဌာန်းနည်းနဲ့ ပြောရင်တော့ ဥပနိဿယ ပစ္စည်းပေါ့လေ၊ နောက် သိလိမ့်မယ်နော်၊ အဲဒီနည်းနဲ့ ကျေးဇူးပြုသွားတယ်။

ဒါ့ပြင် ဥပေက္ခာရော, ဥပေက္ခာဆိုတာက သုခဝေဒနာလိုပဲ အေးချမ်းတဲ့ သဘောရှိတော့ သူ့ကို တွယ်တာနိုင်တယ်ပေါ့၊ အဲဒါကြောင့်မို့ ဝေဒနာကြောင့် တဏှာဖြစ်တယ် ဝေဒနာကို အစွဲပြုပြီးတော့ တဏှာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်လို့ ဒီလိုဆိုတယ်တဲ့။

အဲဒီမှာလည်းပဲ ဝေဒနာနဲ့ အတူတူလည်းပဲ တဏှာမဖြစ်နိုင်ဘူးပေါ့၊ စိတ်စေတသိက်ယှဉ်တာနဲ့ ပြန်ကြည့်နော်၊ ဖြစ်နိုင်တယ်၊ ဝေဒနာက စိတ္တက္ခဏမှာ ဖြစ်ပြီးတော့ နောက် စိတ္တက္ခဏမှာဖြစ်ဖြစ်,နောက်ဝိထိမှာဖြစ်ဖြစ်,တဏှာမဖြစ်နိုင်ဘူးလား၊ ဒါလည်း ဖြစ်နိုင်တာပဲ၊ အတူတူဖြစ်ရင် နည်းတစ်မျိုးနဲ့ ကျေးဇူးပြုမယ်၊ (ပဋ္ဌာန်းနည်းအရ) ခွဲဖြစ်တဲ့အခါကျတော့ တဏှာပစ္စယသတ္တိ တစ်မျိုးနဲ့ ကျေးဇူးပြုမယ်၊ ကျေးဇူးပြုပုံနော်၊ အဲဒါ ပဋ္ဌာန်းပြီးမှ ပြန်ပြီးတော့ ဟန်ကျပန်ကျ နားလည်မယ်၊ ဝေဒနာပစ္စယာ တဏှာ။

တဏှာပစ္စယာ ဥပါဒါန်, တဏှာကြောင့်(ဝါ) တဏှာကိုအစွဲပြု၍ ဥပါဒါန်ဖြစ်တယ်၊ တဏှာဆိုတာက လိုချင်မှု တွယ်တာမှု, သူ့ပုဒ်အရကတော့ တဏှာဆိုတာ ငတ်တာ ရေငတ်တာပေါ့၊ thirsty ကို တဏှာလို့ ခေါ်တယ်၊ လိုချင်မှုကို တဏှာ, တဏှာကြောင့် တဏှာကို အစွဲပြုပြီးတော့ ဥပါဒါန်ဖြစ်တယ်, ဥပါဒါန်ကလည်းပဲ လောဘမပါဘူးလား၊ တဏှာကလည်းပဲ လောဘပဲနော်၊ ဥပါဒါန် ၄-ပါးထဲမှာ ဥပါဒါန်တစ်ပါးက လောဘပဲ မဟုတ်ဘူးလား၊ တခြားဥပါဒါန် ၃-ပါးက ဒိဋ္ဌိ။

အဲဒီတော့ တဏှာနဲ့ ဥပါဒါန်က လောဘချင်းတူရင် ဘယ်လို ထူးသလဲ

http://www.dhammadownload.com



မေးစရာရှိတယ်၊ ဘယ်လိုဖြေထားတုန်း၊ အားနည်းတဲ့ လောဘကို တဏှာလို့ ခေါ်တယ်တဲ့၊ အားကြီးတဲ့ လောဘကို ဥပါဒါန်လို့ခေါ်တယ်၊ ဥပါဒါန်ဆိုတာ စွဲလမ်းမှု, သူက တကယ့်ကို မလွှတ်နိုင်လောက်အောင် စွဲသွားပြီ၊ စွဲလမ်းသွားပြီ၊ အဲဒီ အခါကျတော့ ဥပါဒါန်၊ လိုချင်မှုသာမညကို တဏှာလို့ခေါ်တယ်၊ အဲဒီတဏှာနဲ့ ဥပါဒါန် အထူးကို ဝိသုဒ္ဓိမဂ်မှာ ရေးထားတာရှိတယ်။

အားနည်းတဲ့ လောဘကို (သို့မဟုတ်)တဏှာပေါ့လေ၊ အားကြီးတဲ့ တဏှာကို ဥပါဒါန် ခေါ်လိုက်တာနော်၊ ဥပါဒါန်ကို ဘယ်လို ဥပမာပေးတုန်း မှတ်မိသေးလား၊ မြွေ ဖားမျိုသလိုပေါ့၊ ဖားကို မြွေက ကိုက်မိပြီဆိုရင် မလွှတ်တော့ဘူး၊ ဘယ်တော့မှ မရတော့ဘူး ဟုတ်လား၊ နောက် တဖြည်းဖြည်း ဗိုက်ထဲဝင်သွားမယ်၊ ပြန်မထွက်တော့ဘူး၊ အဲဒီလို မလွှတ်နိုင်လောက်အောင် စွဲစွဲမြဲမြဲ တွယ်တာစွဲလမ်း နေတာကို ဥပါဒါန်လို့ခေါ်တယ်။ ဒါကြောင့်မို့ **"ချင်းချင်းထောက်ဆ၊ ရှေးရှေးကျသည်၊ ဒုဗ္ဗလဟု၊ လိုချင်မှုကို တဏှာဆိုလော့"**တဲ့၊ အချင်းချင်းထောက်ဆပြီးတော့ရှေးကျတဲ့ အားနည်းတဲ့ လိုချင်မှုကို တဏှာဟု ဆိုပါတဲ့။

**"ထိုထိုနောက်မှ၊ ဗလဝဖြစ်ပြန်၊ ဥပါဒါန်တည်း"** အဲဒီရောက်မှ အားကြီးလာတဲ့ အခါကျတော့ သူက ဥပါဒါန်ဖြစ်သွားတယ်၊ သူက လောဘ တစ်ခုတည်းပဲ၊ သူက အားသေးတုန်းက တဏှာလို့ခေါ်တယ်၊ အားကြီးလာတော့ ဥပါဒါန်လို့ ခေါ်တယ်၊ ပစ္စည်းကလေးတစ်ခုလဲ ပထမတော့ သာမညလိုချင်တာပဲ၊ နောက်တော့ တကယ်ကို စွဲလမ်းတာပဲ၊ သူ့ကို မလွှတ်နိုင်အောင် မခွဲနိုင် မခွာရက်ပေါ့လေ၊ အဲဒီလို ဖြစ်လာတယ်။

**"တပန်ဆိုကြ၊ ကေစနကား၊ မရသေးခင်၊ တောင့်တအင်ကို၊ ခေါ်တွင် တဏှာ"**တဲ့ တချို့ဆရာတွေကတော့ ဘယ်လို ပြောသလဲဆိုရင် မရသေးခင် တောင့်တတာကို တဏှာလို့ခေါ်တယ်တဲ့။

**"ရခဲ့ပါတုံ၊ စုံစုံမက်မက်၊ နှစ်သက်သမှု၊ ပါဒန်ပြု၏**။ ရပြီးတဲ့နောက် တကယ့်ကို ငါ့ဟာ ငါ့ဟာပဲ စွဲလမ်းသွားပြီးနောက် အဲဒီကျတော့ ဥပါဒါန်ဖြစ်သွားပြီလို့ ဒီလိုလည်းပဲ တချို့ဆရာများက ဆိုကြတယ်တဲ့။

**"နှစ်ခုခွဲကြိပ်၊ ဆန့်ကျင်ရိပ်ကား၊ အပ္ပိစ္ဆတာ၊ သန္တုဋ္ဌာတည်း"**တဲ့ အဲဒီ နှစ်မျိုးရဲ့ ဆန့်ကျင်ဘက်တရားတွေဟာ ဘာတွေလည်းဆိုရင် တဏှာရဲ့ ဆန့်ကျင်ဘက် တရားက အလိုနည်းမှုအပ္ပိစ္ဆတာ, ဟိုဟာလည်း မလိုချင်ပါဘူး၊ ဒီဟာလည်း မလိုချင်ပါဘူးနော်၊ ဥပါဒါန်ရဲ့ ဆန့်ကျင်ဘက်ကတော့ ဘာလဲဆိုရင် သန္တုဋ္ဌိဆိုတဲ့

http://www.dhammadownload.com



ရောင့်ရဲမှု၊ ကျေနပ်နေတယ် ရောင့်ရဲနေတယ်နော်၊ အဲဒီလိုလည်းပဲ ဆန့်ကျင်ဘက် ခြင်းကွာခြားတယ်၊ တဏှာရဲ့ ဆန့်ကျင်ဘက်က အလိုနည်းမှုနော်၊ ဥပါဒါန်ရဲ့ ဆန့်ကျင်ဘက်ကရောင့်ရဲမှု၊ ရောင့်ရဲတယ်ဆိုတာရှိတာနဲ့ ရောင့်ရဲတာနော်၊ နောက်ထပ်အပိုမရှာဘူး၊

"**ဒုက္ခကျိုးတွေ၊ ရေတွက်လေသော်၊ ရှာဖွေတောင့်တ၊ တစ်ကြောင့်ကြဟု၊ စောင့်ရှောက်မှုသည်၊ တဏှာပါဒါန်အခွဲတည်းတဲ့**။ တဏှာကြောင့်ဖြစ်တဲ့ဒုက္ခ ဥပါဒါန် ကြောင့်ဖြစ်တဲ့ဒုက္ခနဲ့ စဉ်းစားကြည့်မယ်ဆိုရင် တဏှာကြောင့်ဖြစ်တဲ့ ဒုက္ခက ရှာဖွေရတဲ့ဒုက္ခ၊ လိုချင်တာကိုး၊ လိုချင်တာရအောင်လုပ်တာ၊ရှာဖွေရတဲ့ ဒုက္ခဟာ တဏှာရဲ့ အကျိုး ဒုက္ခပဲ၊ ဥပါဒါန်ရဲ့ ဒုက္ခက ဘာလဲဆိုတော့ စောင့်ရှောက်ရတဲ့ဒုက္ခ။

ဒါကြောင့်မို့ ဘုန်းကြီးက အမြဲပြောလေ့ရှိတယ်၊ ပစ္စည်းဆိုတာ မရခင်လည်း ဒုက္ခရှိတယ်၊ ရပြီးလည်း ဒုက္ခရှိတယ်၊ ရလို့ အေးပြီမထင်နဲ့၊ ကားအသစ်ကလေး လိုချင်တယ်၊ မရခင်လည်းလိုချင်တယ်၊ လိုချင်တော့ ရှာဖွေရတဲ့ ဒုက္ခရှိတယ်၊ ကားကို ရအောင်ရှာရတယ်၊ သို့မဟုတ် ကားဖိုး ပိုက်ဆံရအောင် ရှာရတယ်၊ ပိုက်ဆံရအောင် ရှာတဲ့အခါမှာ အမျိုးမျိုး ဆင်းရဲဒုက္ခတွေ့နိုင်တယ်နော်၊ ကိုင်း, ရပြီ၊ သွားဝယ်ပြီ၊ ကိုယ့်ပစ္စည်းဖြစ်လာပြီ၊ စောင့်ရှောက်ရတဲ့ဒုက္ခ ရောက်လာပြန်ပြီ၊ ကားကို သူများကခြစ်သွားမလား, တိုက်သွားမလား၊ ခိုးသွားမလားနော် စသည်ဖြင့် စောင့်ရှောက်ရတဲ့ဒုက္ခ၊ ဒါကြောင့်မို့ ပစ္စည်းဆိုတာ မရခင်ရှာရတဲ့ဒုက္ခ၊ရပြီးတော့လည်းပဲ စောင့်ရှောက် ရတဲ့ဒုက္ခနော်၊ ဒီဒုက္ခ နှစ်မျိုး ဘယ်တော့မှ မလွတ်ဘူး၊ အဲဒီလို တဏှာရဲ့အကျိုး ဒုက္ခက ရှာဖွေရတဲ့ဒုက္ခပဲ၊ ဥပါဒါန်ရဲ့အကျိုး ဒုက္ခက စောင့်ရှောက်ရတဲ့ ဒုက္ခ၊ အဲဒီလို ဒါ တဏှာနဲ့ဥပါဒါန်ရဲ့ ကွာခြားပုံနော်။ intensity ကွာတာပေါ့၊ တရားကိုယ်ကတော့ တစ်ခုတည်းပဲ၊ တဏှာလည်း၊ လောဘပဲ၊ ဥပါဒါန်လည်း လောဘပဲ၊ ကာမုဒါန်ဆိုရင်ပေါ့လေ၊ တခြား ဥပါဒါန်ဆိုရင်တော့ ဒိဋ္ဌိဖြစ်မှာပေါ့လေ။

ဒါဖြင့် တဏှာမဖြစ်ရင် ဥပါဒါန်မဖြစ်ဘူးပေါ့၊ နည်းနည်းလိုချင်မှု မဖြစ်ရင် များများလိုချင်မှု မဖြစ်ဘူးပေါ့နော်။

ဥပါဒါနပစ္စယာ ဘဝေါ, ဘဝတဲ့၊ ဒီနေရာမှာ သတိထားပေတော့၊ ဘဝ အရကို ဒီနေရာမှာ နှစ်မျိုးယူရတယ်၊ ကမ္မဘဝရယ်, ဥပပတ္တိဘဝရယ်နော်၊ ဒီလို နှစ်မျိုးရှိတယ်။

ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတဲ့ နေရာမှာ အဲဒီနှစ်မျိုးလုံးကို ယူနိုင်တယ်၊ ကမ္မဘဝဆိုတာ ရှင်းရှင်းပြောရင် ကံပဲ၊ စေတနာပဲ၊ သင်္ခါရအရနဲ့ အတူတူပဲ၊

http://www.dhammadownload.com



သခ်ါရတုန်းက လောကီ ကုသိုလ် အကုသိုလ် စေတနာအရ ကောက်ခဲ့တယ်၊ ထို့အတူပဲ ကမ္မဘဝ ဆိုတာလည်းဒါပဲ၊ ဒါပေမယ့် ကာလကွာခြားသွားတယ်၊ နောက် ကာလခွဲတဲ့အခါကျတော့ ပေါ်လိမ့်မယ်၊ အဲဒီတော့ ကမ္မဘဝကိုလည်း ယူရမယ်။

ပြီးတော့ ဥပပတ္တိဘဝဆိုတာကတော့ ဒီကံကြောင့်ဖြစ်တဲ့ ခန္ဓာတွေနော်၊ ခန္ဓာတွေဆိုတော့ ဝိပါက်စိတ် စေတသိက်နဲ့ ကမ္မဇရုပ်တွေပေါ့၊ ဒါကို ဥပပတ္တိဘဝလို့ ခေါ်တယ်၊ ဥပပတ္တိဘဝကိုဆိုတာ ရှင်းရှင်းကတော့ ဇာတိကိုခေါ်တာပဲ၊ ဟိုဘဝ ဖြစ်တယ်၊ ဒီဘဝဖြစ်တယ်၊ ဟိုဘဝဖြစ်တဲ့ ဒီဘဝဖြစ်တဲ့ အစဆိုတာ ဖြစ်တာကို ဥပပဝတ္တိဘဝလို့ခေါ်တယ်။

ဒီက အကုသိုလ်ကံကြောင့် အပါယ်ဘုံမှာပဋိသန္ဓေနေတယ်၊ အဲဒီ ပဋိသန္ဓေ စိတ်, စေတသိက်, ရုပ် သွားမဖြစ်ဘူးလား၊ အဲဒါကိုပဲ ဥပပတ္တိဘဝလို့ ခေါ်တယ်၊ အဲဒီ ဥပပတ္တိဘဝက စာတွေမှာကျတော့ ၉– မျိုးတောင်ရှိတယ်၊ အဲဒီတော့ ဥပ ပတ္တိဘဝဆိုတာ ထိုထိုဘဝမှာ ဖြစ်တာပဲ၊ သို့မဟုတ် ထိုထိုဘဝပဲ၊ ဒီလိုပဲအကြမ်းဖျင်း မှတ်ထားလိုက်တော့။

ဉပါဒါန်ကြောင့် ဘဝဖြစ်ရာမှာ ကမ္မဘဝကိုလည်း ယူလို့ရတယ်၊ ဥပပတ္တိဘဝ ကိုလည်း ယူလို့ရတယ်၊ ဥပါဒါန်ရှိလို့ စွဲလမ်းမိပြီးတဲ့နောက် စွဲလမ်းတယ်ဆိုတာလည်း သူက အဝိဇ္ဇာက သူနဲ့တွဲ မဖြစ်ပေဘူးလား၊ ဥပါဒါန်ဖြစ်ရင် အဝိဇ္ဇာရော မပါပေ ဘူးလား၊ ပါတာပေါ့နော်၊ အဲဒီလို အဝိဇ္ဇာက ဖုံးလွှမ်းပြီးတော့ ဥပါဒါန်ကစွဲလမ်းတဲ့ အတွက်ကြောင့်မို့ ခုနကလိုပဲ တစ်ခါ ဒီအကျင့်ကျင့်ရင် အကျိုးရှိလိမ့်မယ်၊ ဟို အကျင့်ကျင့်ရင် အကျိုးရှိလိမ့်မယ် ဆိုပြီးတော့ ထင်ရာတွေ လျှောက်ကျင့်ရော၊ ကျင့်တဲ့အခါမှာ အကောင်းကျင့်မိရင်လည်း ကုသိုလ်ရပြီးတော့ ကုသိုလ် ကမ္မဘဝ ဖြစ်ရော၊ မကောင်းကျင့်မိတယ်ဆိုရင်လည်းပဲ အကုသိုလ် ကမ္မဘဝဖြစ်မယ်၊ တစ်ခါ အဲဒီကမ္မဘဝကြောင့် တစ်ခါဥပပတ္တိဘဝကလည်း ဖြစ်လိမ့်မယ်၊ ထပ်လုပ်မိရင် ကံရဲ့ အကျိုးကလည်း ရှိတော့မှာပဲ။

ဒါကြောင့်မို့ ဥပါဒါန ပစ္စယာ ဘဝေါ, ဘဝေါမှာ ဘဝအရ ကမ္မဘဝကိုလည်း ယူနိုင်တယ်၊ ဥပပတ္တိဘဝကိုလည်း ယူနိုင်တယ်၊ ဒါကြောင့်မို့ ဥပါဒါန်ကြောင့် (ဆိုပါတော့) ကုသိုလ်ကံအကုသိုလ်ကံဖြစ်တယ်၊ ဒီလိုလည်း ပြောလို့ရတယ်၊ ဥပါဒါန်ကြောင့် ဥပပတ္တိဘဝ ထိုထိုဘဝမှာရောက်တယ်၊ ထိုထိုဘဝမှာ ပဋိသန္ဓေ နေတယ်လို့ ဒီလိုပဲဆိုလိုရတယ်။

http://www.dhammadownload.com



နောက်တစ်ခုက ဘဝ ပစ္စယာ ဇာတိ၊ ဘဝပစ္စယာ ဇာတိကျတော့ ကမ္မဘဝ ရော ဥပပတ္တိဘဝရော နှစ်ခုလုံး ယူလို့မရဘူး၊ ဘာကြောင့်တုန်းဆိုရင် ဥပပတ္တိဘဝနဲ့ ဇာတိက အမှန်မှာ အတူတူပဲ၊ ဇာတိဆိုတာပဲ၊ ဘဝတစ်ခုမှာ ပဋိသန္ဓေနေတာပဲနော်၊ ဥပပတ္တိဘဝဆိုတာလည်း အဲဒါကိုပဲ ခေါ်တာပဲ၊ ဒါကြောင့်မို့ ဇာတိနဲ့ ဥပပတ္တိဘဝက တူတဲ့အတွက်ကြောင့်မို့ ဇာတိကြောင့် ဇာတိဖြစ်တယ်လို့ ဘယ်လိုပြောလို့ရမလဲနော်။

ဒါကြောင့်မို့ ဘဝ ပစ္စယာ ဇာတိဆိုတဲ့ ကွင်းဆက်မှာကျတော့ ဘဝအရ ကမ္မဘဝကိုသာယူရတော့မယ်၊ ဒါလေး အရေးကြီးတယ်နော်၊ ဘဝနှစ်ခု တူတယ်ပေါ့, ဟုတ်လား။

ဥပါဒါနပစ္စယာ ဘဝေါတုန်းက ကမ္မဘဝရော ဥပပတ္တိဘဝကိုရော ယူရတယ်၊ အခု ဘဝပစ္စယာ ဇာတိကျတော့ ကမ္မဘဝကိုသာယူ၊ ဥပပတ္တိဘဝယူရင် ဥပပတ္တိဘဝနဲ့ ဇာတိနဲ့ အတူတူဖြစ်နေမယ်နော်၊ အဲဒီလိုဖြစ်ရင် ဒီဇာတိကြောင့် ဇာတိဖြစ်တယ် လို့ပြောရာ ရောက်နေလိမ့်မယ်၊ ဒါ မဖြစ်နိုင်ဘူး။

ကမ္မဘဝ ကုသိုလ်ကံ အကုသိုလ်ကံတွေရှိတဲ့အတွက်ကြောင့်မို့ အဲဒီ ကုသိုလ်ကံ အကုသိုလ်ကံတွေရဲ့ အကျိုး၏အဖြစ်ဖြင့် ဇာတိပဋိသန္ဓေနေခြင်း ဖြစ်တယ်၊ ထိုထို ဘုံဘဝမှာ ပဋိသန္ဓေနေတယ်၊ ပဋိသန္ဓေနေတယ်ဆိုရင် ဘာကို ဆိုလိုသလဲ၊ ဒါ အထပ်ထပ်ပြောနေပြီနော်၊ အထပ်ထပ်ပြောတာကတော့ မှတ်မိအောင်, ကြားပါများရင် မှတ်မိသွားအောင်ဆိုပြီးတော့ပြောတာ၊ ပဋိသန္ဓေနေတယ်ဆိုရင် ပဋိသန္ဓေစိတ် အဲဒီစိတ်နဲ့ယှဉ်တဲ့ စေတသိက် ပြီးတော့အတူတကွဖြစ်တဲ့ ကမ္မဇရုပ်နော်၊ ဒါကို ဆိုလိုတယ်၊ အဲဒါတွေ ဖြစ်တယ်၊ နောက်တစ်ခု။

ဇာတိပစ္စယာ ဇရာမရဏ, အဲဒီတွင် တစ်ပိုဒ်ခွဲရမယ်နော်၊ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်၊ ဇာတိကြောင့် သောကပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသာ ဖြစ်တယ်၊ အဲဒီမှာ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်ဆိုတာကတော့ ရှောင်လွှဲလို့ မရတဲ့ အကျိုးတရား၊ ဇာတိရှိလာပြီဆိုရင် ဘဝတစ်ခုမှာ ပဋိသန္ဓေနေပြီ ဆိုကတည်းက ဇရာအိုခြင်းက မလာပေဘူးလား၊ ဇာတိခဏပြီးရင် ဌီသမ္ဘဟာ ဇရာခဏတွေချည်းပဲ၊ ပဋိသန္ဓေခဏလာပြီးရင် နောက် ဘဝင်စိတ်တွေကနေ စပြီးတော့ တစ်ခါတည်း သေသည်တိုင်အောင် ဇရာပဲ မဟုတ်ဘူးလားနော်။

ဒါကြောင့်မို့ ဇာတိရှိရင် ဇရာက မလွှဲမသွေရနိုင်တယ်, ရှောင်လို့မရဘူး၊ တစ်ခါ ဇာတိရှိရင် မရဏကရော ရှောင်လို့ရမလား၊ အဖြစ်ရှိပြီဆိုရင် အပျက်ရှိပြီ၊ ရှောင်လို့မရဘူးနော်၊ ဒါကြောင့်မို့ ဇာတိကြောင့် ဇရာ မရဏ ဖြစ်တယ် ဒီဟာကို

http://www.dhammadownload.com



တစ်ကန့်ထားပြီးတော့ နားလည်ရမယ်၊ ရှောင်လို့လွဲလို့ကို မရဘူး၊ ကေန်ကိုဖြစ်မယ့် အကျိုးတရားပဲနော်၊ ဇာတိရှိတဲ့ အတွက်ကြောင့်မို့ ဇရာမရဏကတော့ ကေန်ဖြစ်မယ်။

နောက် ၅-ခု သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဒီ ၅-ခုကတော့ များသောအားဖြင့်ကတော့ ဖြစ်ပေလိမ့်မယ်၊ ဒါပေမယ်လို့ တစ်ချို့ကျတော့ မဖြစ်ဘူးလည်း ရှိနိုင်တယ်၊ သူက အကျိုးဆက်သာဖြစ်တယ်၊ တိုက်ရိုက်အကျိုး မဟုတ်ဘူး၊ ဒါ နားလည်ရမယ်၊ ဒါကြောင့်မို့ ပါဠိတော်မှာကျတော့ အခုခေတ် ပါဠိတော်တွေမှာဆိုရင် ဇာတိပစ္စယာ ဇရာမရဏ ဆိုပြီးတော့ အဲဒီမှာ တစ်ပိုဒ်ထား တယ်၊ ပြီးတော့မှ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ ဒီလိုရှိတယ်။

ကောင်းပြီ, သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသဆိုတာကိုလည်း နားလည်ဖို့ အရေးကြီးတယ်၊ အဘိဓမ္မာ တရားကိုယ်နဲ့ ထပ်ပြီးတော့ နားလည်ဖို့ အရေးကြီးတယ်နော်၊ သာမည စကားအနေနဲ့ အများသုံးစကားအနေနဲ့တော့ နားလည်သလိုလိုရှိတယ်၊ ဒါပေမယ်လို့ အဘိဓမ္မာဆန်ဆန် အခြေခံနဲ့ နားလည်ရမယ်။

ကောင်းပြီ, ဒါဖြင့် ဇာတိကြောင့် သောက ဖြစ်နိုင်တယ်နော်၊ ပရိဒေဝဖြစ် နိုင်တယ်၊ ဒုက္ခဖြစ်နိုင်တယ်, ဒေါမနဿ ဖြစ်နိုင်တယ်၊ ဥပါယာသာ ဖြစ်နိုင်တယ်၊ ဒါတွေ မဖြစ်နိုင် မဖြစ်ပဲလည်း ရတယ်၊ စဉ်းစားကြည့်လိုက်စမ်း၊ ဘယ်ဘဝတွေမှာ မဖြစ်ပဲ ရှိမလဲ၊ ဇာတိကတော့ ဘယ်ဘဝဖြစ်ဖြစ် ရှိတယ်မဟုတ်လား၊ ကိုင်း, လူဖြစ်တယ်ဆိုပါတော့၊ လူဖြစ်တယ်ဆို သောက ပရိဒေဝ လာမှာပဲ, ဒါကတော့ တစ်ခုမတွေ့ တစ်ခုတွေ့မှာပဲ၊ ရှောင်လို့ရမလား၊ မရဘူးပဲ၊ နတ်ဖြစ်တယ်တဲ့ ရှိသလောက် ရှိလိမ့်မယ်နော်၊ အကုန်ကော မရှိပေဘူး၊ နတ်က သူသေမှာ သိပြီးတော့ တစ်ခါတည်း စိတ်ညစ်ပြီးတော့ စိတ်ဒုက္ခရောက်ပြီး မြတ်စွာဘုရားဆီ ပြေးတာတွေ ဘာတွေရှိတယ်နော်။

ဒါပေမယ်လို့ ဒုက္ခဆိုတာတော့ သူ့ကို ရှိမယ်မထင်ဘူး၊ ဒုက္ခက ဒီနေရာမှာ နတ်ဆိုတော့ ကာယိကဒုက္ခကို ယူရမှာကို၊ အဲဒီ ၅-ခုလုံး မရှိတဲ့ ဘဝတွေလည်း ရှိလိမ့်အုံးမယ်၊ ဘယ်သူတွေတုန်း၊ ဗြဟ္မာတွေပေါ့၊ ဒါကြောင့်မို့ သောက ပရိဒေဝ စသည်တို့ကတော့ကို ဖြစ်ချင်ရင်လည်းဖြစ်မယ်၊ မဖြစ်ချင်ရင်လည်း မဖြစ်ဘူး၊ အကျိုးဆက် မျှသာဖြစ်တယ်၊ ဇာတိရဲ့ပဓာန အကျိုးမဟုတ်ဘူးနော်၊ secondary ပေါ့၊ အကျိုးဆက်မျှသာ ဖြစ်တယ်တဲ့။

သောကဆိုတာ စိုးရိမ်ကြောင့်ကြမှုကို သောကလို့ခေါ်တယ်နော်၊ ကိုယ့်ဆွေ

http://www.dhammadownload.com



မျိုးထဲက တစ်ယောက်ယောက် ပျက်စီးသွားတယ်, သေသွားတယ်ဆိုရင် စိုးရိမ်မှု ဖြစ်တယ်နော်၊ စီးပွားဥစ္စာပျက်စီးတယ်, စိုးရိမ်မှုဖြစ်တယ်, သီလပျက်စီးတယ်၊ ဒါလည်း စိုးရိမ်မှုဖြစ်တယ်နော်၊ ရောဂါ ကျန်းမာရေး ပျက်စီးတယ်၊ သောကဖြစ်တယ် စသည်ဖြင့်ပေါ့၊ ကောင်းပြီ, သောကဆိုတာ ဘာကိုခေါ်တာတုန်း၊ သောကအရ ဘာကို ယူရမှာတုန်း, အဘိဓမ္မာမှာ တရားကိုယ်အရ ဘာယူရမှာတုန်း၊ ဒေါမနဿကို ယူရမှာတဲ့နော်၊ ဒေါမနဿဆိုတာ ဝေဒနာပေါ့၊ ဒေါမနဿ ဝေဒနာကို သောကလို့ ယူရတယ်နော်၊ သောကဖြစ်တယ်ဆိုရင် ဒီလူမှာ ဒေါမနဿဖြစ်နေပြီ၊ ဒေါမနဿ ဖြစ်နေရင် ဒေါသမူဒွေး ဖြစ်နေပြီ၊ တစ်ခုခု ဖြစ်နေပြီပေါ့၊ ဟုတ်ဘား၊ ဒါကြောင့်မို့ သောကဖြစ်တယ်ဆိုရင် ဒါ ကုသိုလ်လား၊ အကုသိုလ်လား၊ အကုသိုလ်ပဲနော်၊ worry ဖြစ်လာတယ်ဆိုရင် အကုသိုလ်ပဲ၊ အကုသိုလ်ဖြစ်လာရင် stress ရှိတာပဲ၊ အကုသိုလ်မရှိဘူးဆိုရင် စိတ်ပေါ့နေတယ်၊ ချမ်းသာနေတယ်ဆိုရင် ဒါ stress မရှိဘူး၊ stress နဲ့ အကုသိုလ်နဲ့ဟာ အဘိဓမ္မာ သဘောတရား အတူတူလိုပဲ၊ ကောင်းပြီ, သောကဖြစ်နေတယ်ဆိုရင် ဒေါမနဿ အကုသိုလ်ဖြစ်နေတာ။

နောက်တစ်ခုက ဘာတုန်း, ပရိဒေဝ၊ ငိုကြွေးတာကို ဆိုလိုတယ်နော်၊ ပရိဒေဝဆိုတာ အရကောက်တဲ့အခါကျတော့ ခုနကလို ဆွေမျိုးပျက်စီးမှုတွေ့ပြီးတော့ ငိုတာ ငိုတော့ အသံမထွက်ပေဘူးလား၊ အဲဒီအသံကို ပရိဒေဝလို့ဆိုတာ၊ အမှန် အတိုင်းက ဒါကို စိတ်ကြောင့်ဖြစ်တဲ့ ဖောက်ပြန်တဲ့ အသံလို့ စာမှာဆိုတယ်၊ စိတ္တဇဝိပလ္လာသသဒ္ဒလို့နော်၊ ဒီလိုဆိုတယ်။

ဒါကြောင့်မို့ ပရိဒေဝအရကောက်ပါ ဆိုရင်တော့ ရုပ် ၂၈–ပါးထဲက သဒ္ဒရုပ်ကို ကောက်ရလိမ့်မယ်နော်၊ အသံပေါ့လေ၊ ရှင်းရှင်းကတော့ ကလေးတွေ ငိုတယ်, လူကြီးတွေ ငိုတယ်, ငိုတော့ ထွက်လာတဲ့ အသံကို ပရိဒေဝ, သူကလည်း ပဲ စိတ်မချမ်းသာမှုကြောင့်ပေါ့လေ၊ ခုနကလို ဆွေမျိုးတို့ရဲ့ ပျက်စီးမှုစသည် တွေ့ပြီးတော့ဖြစ်တာ၊ ငိုကြွေးတာ သောကပရိဒေဝ။

နောက်တစ်ခုက ဘာတုန်း, ဒုက္ခ, ဒုက္ခအရကို ကာယိက ဒုက္ခကို ယူရ မယ်တဲ့၊ ကာယဝိညာဏ်စိတ်နဲ့ ယှဉ်တဲ့ဝေဒနာပေါ့၊ ကာယဝိညာဏ်စိတ်နဲ့ ယှဉ်တဲ့ ဝေဒနာ, ဒါကို ဒုက္ခ, ကာယိကဒုက္ခဆိုတာလည်း ဒါကိုခေါ်တာပဲနော်၊ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီးတော့ ဖြစ်တဲ့ခံစားမှု ဒုက္ခ။

ဒေါမနဿကတော့ ရှင်းတယ်နော်၊ ဒေါမနဿကတော့ စိတ်ဆင်းရဲပေါ့နော်၊ ဒုက္ခက ကိုယ်ဆင်းရဲ, ဒီလိုဆိုလိုရတယ်၊ ဒေါမနဿက စိတ်ဆင်းရဲ၊ ခန္ဓာကိုယ်

http://www.dhammadownload.com



ချမ်းသာနေရက်နဲ့ စိတ်ဆင်းရဲတာမျိုးလည်း ရှိသေးတာနော်၊ ဒေါသစိတ်ဖြစ်နေရင် ဒေါမနဿ မပါဘူးပေါ့၊ ဒေါမနဿ သဟာဂတ ပဋိဃသမ္ပယုတ္တံနဲ့ လာတာနော်။

နောက်ဆုံးက ဥပါယာသ၊ ဥပါယာသကို မြန်မာလို ဘယ်လို အနက်ပေးထားတုန်း၊ စိုးရိမ်ပူဆွေး ငိုကြွေးမည်တမ်းရုံမက ရှိုက်ကြီးငင်ကြီးဖြစ်မှု၊ မြောချ်သွားမှု၊ နစ်ချ်သွားမှု စသည်နော်၊ စကားကတော့ ပြင်းစွာပင်ပန်းမှုကို ဒီလိုခေါ်တယ်၊ ပြင်းစွာ ပင်ပန်းမှုဆိုတာ အဲဒီသောကတင်မရပ်ပဲနဲ့တက်သွားတာ ဘာတို့, မေ့မြော သွားတာတို့ ဘာတို့ပေါ့၊ အဲသလောက် ထိအောင်မဖြစ်ပဲနဲ့ အကြီးအကျယ် ဖြစ်နေရင်လည်းပဲ ဒါ ဥပါယာသပါပဲနော်။

အဲဒီဥပါယာသ အရကောက်တဲ့ အခါကျတော့ ဒေါသ စေတသိက်ကို အရကောက်ရတယ်တဲ့၊ တရားကိုယ်လေးတွေကလဲသတိထား, မတူဘူးနော်၊ သိမ်မွေ့တယ်၊ သာမညဆိုရင်တော့ ဒေါမနဿ ကောက်တယ်လို့ ပြောချင်မှာပဲ၊ မဟုတ်ဘူး၊ ဒီမှာတော့ ဒေါသစေတသိက်ကို ဥပါယာသအရကောက်ရမယ်။

ဒါကြောင့်မို့ ပြန်ပြောလိုက်ရင် သောကအရ ဒေါမနဿဝေဒနာ, ပရိဒေဝအရ သဒ္ဒရုပ် ဒုက္ခအရ ကာယဝိညာဏ်မှာရှိတဲ့ ဝေဒနာ, ဒေါမနဿအရ ဒေါသမူမှာရှိတဲ့ ဝေဒနာ ဥပါယာသအရ ဒေါသ စေတသိက်။

ဒီတရားတွေဟာ များသောအားဖြင့်ကတော့ ဇာတိရှိလာရင် များသောအားဖြင့် ဖြစ်တယ်၊ သို့သော် မဖြစ်နိုင်တဲ့ ဘဝမျိုးတွေလည်းရှိတယ်၊ ဒါကြောင့်မို့ သူတို့က အကျိုးဆက်, အကျိုးရင်း မဟုတ်ဘူး၊ ဒီလိုဆိုလိုတယ်။

အဲဒီလို ဇာတိကြောင့် ဇရာမရဏ စသည်ဖြစ်တဲ့ အခါကျတော့ ပါဠိတော်မှာ ဘာရှိတုန်း၊ ဧဝ မေတဿ, ကေဝလဿ ဒုက္ခက္ခန္ဓဿ, သမုဒယော ဟောတိ။ ချမ်းသာနဲ့ လုံးဝ မဖက်တဲ့ ချမ်းသာ လုံးဝမပါတဲ့ မရောနှောတဲ့ ဒုက္ခ တစ်ခုကြီး ဖြစ်တယ်တဲ့၊ ဒီလို မြတ်စွာဘုရားက ဟောတော်မူတယ်၊ ဒါ ပဋိစ္စသမုပ္ပါဒ် အနုလုံ ဒေသနာလို့ ခေါ်တယ်နော်၊ သူက အစဉ်အတိုင်း သွားတယ်ဆိုကြပါစို့၊ ပဋိလုံကျတော့ ပြောင်းပြန်သွားတယ်၊ အဲဒီလို လောကကြီးကို ကြည့်လိုက် မယ်ဆိုရင် ဒီနည်းအတိုင်းပဲ သွားနေတာပဲနော်၊ လောကဆိုတာသက်ရှိကို ဆိုလိုတာပေါ့၊ အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်, ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ် စသည်ဖြင့်သွားတယ်၊ ကောင်းပြီ-

ဒါဖြင့်ရင် ပြောင်းပြန်ပြန်ပြီးတော့ တက်လိုက်ရင် အဝိဇ္ဇာကျတော့ လမ်းဆုံး သွားပြီ၊ ဒါဖြင့် အဝိဇ္ဇာဟာ first cause လား၊ အဝိဇ္ဇာက ပထမဆုံး အကြောင်း

http://www.dhammadownload.com



လား။ သူက first cause ဖြစ်ရင် သူမှာတော့ အကြောင်းမရှိဘူး၊ ဒုတိယ စာရွက်မှာလား မသိဘူး၊ အဲဒါ ပါတယ်နော်၊ အဝိဇ္ဇာကို အစထားခြင်း ဆိုတာ ဟုတ်လား၊ အဝိဇ္ဇာမှာ အကြောင်းမရှိလို့ အစမှာ ထားတာမဟုတ်ဘူးတဲ့ အဝိဇ္ဇာ ဒီမှာ အစထားတာက ဒေသနာတော် အနေနဲ့ထားတာ၊ စာရေးတဲ့အခါကျတော့ ထိပ်က မရေးလို့မရတဲ့ သဘောပေါ့၊ တကယ်အဖြစ်ကျတော့ အဝိဇ္ဇာက စတာရယ်လို့ မဆိုလိုဘူး၊ ဘီးလို ကြည့်ရ မြင်ရမှာကို၊ သူက ပြီးတော့ ဒီလိုပဲ လည်နေတာကို၊ ကရွတ်ကင်းလျှောက်လို့ မြန်မာစကားမှာရှိတယ်။

ဘာကြောင့်လဲဆိုရင် အဝိဇ္ဇာဟာ ဝဋ္ဋတရားရဲ့ အစမဟုတ်ဘူး၊ ဝဋ္ဋတရားမှာ ဘုရားကိုက ဟောထားတယ် အစမရှိဘူး၊ အစကို မမြင်နိုင်ဘူးတဲ့၊ မသိအပ်သော အစရှိတယ်ဆိုတာ အစကို မသိနိုင်တာ၊ အဲဒီ အာသဝဖြစ်ရင် အဝိဇ္ဇာကလည်း ဖြစ်တာပဲတဲ့၊ အာသဝကြောင့် အဝိဇ္ဇာက ဖြစ်နိုင်တယ်၊ အာသဝဆိုတာ လောဘ, ဒိဋ္ဌိ, မောဟ, လောဘဖြစ်ရင်လည်း အဝိဇ္ဇာပါတာပဲ၊ ဒေါသဖြစ်ရင်လည်း အဝိဇ္ဇာ ပါတာပဲ၊ အဲဒီကို အာသဝကြောင့်လည်း အဝိဇ္ဇာကဖြစ်နိုင်တယ်ဆိုတော့ ဒီဟာက လည်မနေဘူးလား၊ အဝိဇ္ဇာမှာလည်းပဲအကြောင်းရှိတာနော်။

အာသဝဖြစ်တယ်ဆိုတော့ အာဝသဆိုတာ လောဘဒိဋ္ဌိ မောဟ၊ အခု ပဋိစ္စ သမုပ္ပါဒ်ထဲမှာ ဟိုနေရာ ဒီနေရာ မပါဘူးလား၊ ပါတာပေါ့၊ စေတသိက်တွေ ကောက်တဲ့အခါဆို သူတို့ပါတာပဲ၊ သူကလည်းပဲ သူ့အကြောင်းရှိတယ်၊ သူကလည်း အကြောင်းရှိတယ်ဆိုတော့ ချာလပတ်လည်သွားတာကိုနော်၊ ဒါကြောင့်မို့ အဝိဇ္ဇာကို အစထားတာဟာ ဒေသနာအနေနဲ့ အစထားတာ၊ တကယ့်ဖြစ်ရပ်အနေနဲ့ အစထား မဟုတ်ဘူး၊ ဒါကြောင့်မို့ အဝိဇ္ဇာဟာ အကြောင်းမရှိဘူး၊ အဝိဇ္ဇာမှာ ပထမဆုံး အကြောင်းပဲလို့ ဒီလိုမမှတ်ရဘူး၊ ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်ကို ကြည့်တဲ့အခါကျတော့ ဘီး (wheel) လို ကြည့်ရမယ်လို့ ဆိုတယ်နော်၊ အဲဒီ ဘီးပုံနောက်ဆုံးကျတော့ ပါမယ်၊ အဲဒီလို ကြည့်ရမယ်။

http://www.dhammadownload.com



## နည်း ၄-ပါး

ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ၄-ရပ်သောနည်းဖြင့် အသီးအသီး ဆင်ခြင်လိုက်သောအခါ ပုဂ္ဂိုလ်သတ္တဝါ သူတစ်ပါး ယောက်ျားမိန်းမ မရှိတော့ကြောင်း ကောင်းကောင်းကြီး သိမြင်လျက် သဿတ ဥစ္ဆေဒစသော ဒိဋ္ဌိတို့မှ ကင်းစင်နိုင်သောကြောင့် ဧကတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း, ဧဝံ ဓမ္မတာနည်း ဟူသော နည်း ၄-တန်ဖြင့် အဖန်ဖန် ဆင်ခြင်ကြရာ၏။

## ဧကတ္တနည်း

"သန္တာန်အစဉ် အမျှင်မပြတ် တစ်စပ်ထဲ တစ်ဆက်ထဲ"ဟု သိရသောနည်းသည် "ဧကတ္တနည်း"မည်၏၊ ဧကတ္တနည်းအရ "မျိုးစေ့မှ အညှောက်ထွက်၍ သစ်ပင်ကြီးအဖြစ်သို့ ရောက်အောင် သန္တာန်အစဉ် အမျှင်မပြတ်သကဲ့သို့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ ရှေးရှေး သင်္ခါရကြောင့် ယခုဘဝ ဝိညာဉ်သစ်ဖြစ်၏" စသည်ဖြင့် အစဉ်မပြတ် ဆက်စပ်နေပုံကို ဆင်ခြင်သောအခါ "ဤဘဝ ဤသတ္တဝါ ဤခန္ဓာ အစဉ်သည် ဤဘဝဆုံးလျှင်ပြတ်၏၊ နောက်ဘဝ နောက်သတ္တဝါ နောက်ခန္ဓာမျိုး ဖြစ်ပြန်၏"ဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိသည် အလိုအလျောက် ကင်းပျောက်တော့၏။

## နာနတ္တနည်း

သန္တာန်အစဉ် အမျှင်မပြတ်သော်လည်း အဝိဇ္ဇာ၏ သဘောက တစ်မျိုး, သင်္ခါရသဘောက တစ်မျိုး, ဤသို့ စသည်ဖြင့် သဘောလက္ခဏာချင်း ကွဲလွဲကြသည်"ဟု သိရသောနည်းသည် နာနတ္တနည်းမည်၏၊ ဤနာနတ္တနည်းအရ အဝိဇ္ဇာနှင့် သင်္ခါရတို့ မတူပုံ, သင်္ခါရနှင့် ဝိညာဉ်တို့ မတူပုံ, အသစ်အသစ် အကြောင်းနှင့် အသစ်အသစ် အကျိုးတို့ တစ်မျိုးပြီးတစ်မျိုး ဖြစ်ပုံကို ဆင်ခြင်လိုက်သောအခါ "မပျက်မစဲ အမြဲတည်သည်"ဟု ယူမှားသော သဿတဒိဋ္ဌိသည် အလိုအလျောက် ကင်းပျောက်တော့၏။

## အဗျာပါရနည်း

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ "ငါသည် သင်္ခါရကို ဖြစ်စေမည်"ဟု အဝိဇ္ဇာဝယ် ကြောင့်ကြဗျာပါရမရှိ, သင်္ခါရကြောင့် ဝိညာဉ်ဖြစ်ရာ၌လည်း "ငါသည် ဝိညာဉ်ကို ဖြစ်စေမည်"ဟု သင်္ခါရဝယ် ကြောင့်ကြ ဗျာပါရ မရှိ, ဤသို့စသည်ဖြင့် အကျိုးတရားကို ဖြစ်စေဖို့ အရေး၌ အကြောင်းတရားစုဝယ် ကြောင့်ကြ ဗျာပါရ မရှိပုံကို သိရသောနည်းသည် အဗျာပါရနည်း မည်၏၊ ဤနည်းအရ ဆင်ခြင်လိုက်သောအခါ အကြောင်းတရား အကျိုးတရားတို့ ဘာသိဘာသာ ဖြစ်နေပုံကို

http://www.dhammadownload.com



သိမြင်ရသဖြင့် "ဤ ကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါတွေကို ထာဝရဘုရားစသူတို့က ဖန်ဆင်းပေးနေသည်"ဟူသော ဣဿရ နိမ္မာနဝါဒသည် လည်းကောင်း "မိမိခန္ဓာကိုယ်တွင်း၌ ထိုထိုအမှုကို ပြုလုပ်တတ် ခံစားတတ်သော အတ္တရှိ၏"ဟု စွဲလမ်းတတ်သော အတ္တဝါဒသည်လည်းကောင်း အလိုအလျောက် ကင်းပျောက်တော့၏။

## ဧဝံဓမ္မတာနည်း

ဤသို့ အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရစသော အကျိုးများ၏ ဖြစ်ရခြင်းသည် ထုံးစံဓမ္မတာပင်တည်း"ဟု သိရသောနည်းသည် ဧဝံဓမ္မတာနည်းမည်၏၊ ဤဧဝံ ဓမ္မတာနည်းအရ ဆင်ခြင်သောအခါ ချိုဆိမ့်သော နို့ရည်ကြောင့် ချဉ်သောနို့ဓမ်း ဖြစ်ရခြင်း, နှမ်းကြောင့် ဆီဖြစ်ရခြင်း, ကြံကြောင့် ကြံရည်ဖြစ်ရခြင်းများသည် ထုံးစံဓမ္မတာပင်ဖြစ်၍, သဲမှ ဆီမထွက်နိုင်, ကြံမှ နို့ရည်မထွက်နိုင်ခြင်းများသည် ဓမ္မတာပင်ဖြစ်သကဲ့သို့ ထို့အတူ"အဝိဇ္ဇာကြောင့် သင်္ခါရသာဖြစ်ခြင်း, သင်္ခါရလည်း အဝိဇ္ဇာကြောင့်သာဖြစ်ခြင်း, တစ်စုံတစ်ခု အကြောင်းမရှိပဲ ဘာသိဘာသာ မပေါ်လာနိုင်ခြင်း, မဆိုင်သောအကြောင်းကြောင့် လည်း မဆိုင်သော အကျိုးမဖြစ်နိုင်ခြင်းသည် ဓမ္မတာပင် ဖြစ်သည်တကား"ဟု စဉ်းစားလိုက်သောအခါ "အားလုံးတရားမှာ ဆိုင်ရာအကြောင်းမကင်း"ဟု သိတတ်သော သဟေတုကအယူပေါ်လာရကား "အကြောင်းမဲ့သက်သက် ဖြစ်တတ်သည်"ဟု ယူမှားသောအဟေတုကဒိဋ္ဌိနှင့် "ကုသိုလ် အကုသိုလ်ကို ပြုသော်လည်း ပြုရာမရောက်, အကျိုးမရနိုင်တော့ကသာ"ဟု ယူမှားသော အကြိယဒိဋ္ဌိများသည် အလိုအလျောက် ကင်းပျောက်တော့၏။

## တိုက်တွန်းချက်

ဗုဒ္ဓဘာသာဝင်ဖြစ်၍ အရာရာ၌ စဉ်းစားလေ့ရှိသူတို့သည် "ကမ္ဘာလောကကြီးသည် အချိန်ကျကျွင် ပျက်စီး၏၊ ပျက်ပြီးနောက် ကမ္ဘာပြုမိုး ရွာသည်ကစ၍ တစ်ဖန် ဖြစ်ပေါ်လာ၏"ဟူသော ကျမ်းစာအရ ဖြစ်ချင်ပျက်ချည် အတည်မကျပုံကို ယုံကြည်နိုင်ကြသော်လည်း "ဘယ်တုန်းကစ၍ ဖြစ်ခဲ့ပါလိမ့်မည်နည်း"ဟု တစ်ဆင့် စဉ်းစားလေ့ရှိကြပြန်၏။ သတ္တဝါများအတွက် "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ" စသည်ကို ယုံကြည်နိုင်သော်လည်း "ဘယ်တုန်းက စခဲ့ပါလိမ့် မည်နည်း"ဟူ၍ကား

http://www.dhammadownload.com



စဉ်းစားကြလျက်ပင်တည်း၊ ထိုကဲ့သို့ စဉ်းစား၍ မဆုံးဖြတ်နိုင်သောအခါ "ကမ္ဘာလောကကြီးနှင့် သတ္တဝါတွေသည် အကြောင်းမဲ့သက်သက် ဖြစ်တတ်၏၊ ဖြစ်ဖို့ရန် အစမှာအကြောင်းမရှိ"ဟူသော အဟေတုကဒိဋ္ဌိတွင်းသို့ တချို့ သက်ဆင်းကြလေသည်၊ တချို့ကား "ဖန်ဆင်းတတ်သူ တစ်ယောက် ယောက်တော့ ကေန်ရှိဦးမှာပဲ"ဟူသော ဣဿရနိမ္မာနဝါဒကို သဘောတူသလို ရှိပြန်၏။

ဗုဒ္ဓဘာသာ ကျမ်းစာများ၌ "မိမိဉာဏ်မပိုင်၍ မကြံနိုင်သော လောက, အကြောင်းအရာ ကမ္ဘာ၏ဖြစ်ပုံကို မကြံလေနဲ့, ကြံဖန်များလျှင်အသိဉာဏ် အမှန်မရက ရူးသွပ်တတ်သည်"ဟု မိန့်မှာတော်မူ၏၊ ထို့ကြောင့် ဤ ပဋိစ္စ သမုပ္ပါဒ်စက်ရဟတ် လည်ပုံကိုသာ နည်း ၄-ဖြာ ဖြန့်ခင်း၍ သန့်ရှင်းအောင် အထပ်ထပ်စဉ်းစားလျှင် ထိုသံသရာ ထိုကမ္ဘာလောကကြီးနှင့် မိမိခန္ဓာ အစဉ်၏ အစမရှိကြောင်းကို ကောင်းကောင်းရှင်းလင်းပါလိမ့်မည်၊ ထိုပဋိစ္စသမုပ္ပါဒ်ကို ရှင်းလင်းစွာ မထွင်းဖောက်နိုင်သေးပဲ သံသရာမှ ထွက်မြောက်နိုင်သူကား အိပ်မက်ထဲမှာ မရှိခဲ့ကြဘူးပါချေ၊ သို့အတွက် သံသရာမှမြန်စွာ ထွက်မြောက်ဖို့ရာ ဤဘဝစက်ဝိုင်းကို ကသိုဏ်းရှုသလို အထပ်ထပ် ကြည့်ရှုဆင်ခြင်၍ ထင်မြင်အောင် အားထုတ်ကြပါကုန်။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၄၈

## [ပစ္စည်းပိုင်း]

## ပဋိစ္စသမုပ္ပါဒ်နည်း

ဒီနေ့ စက်တင်ဘာလ (၃၀)ရက်နေ့။

လွန်ခဲ့တဲ့ အပတ်က ပဋိစ္စသမုပ္ပါဒ် လေ့လာခဲ့ကြတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကို အစထားတဲ့အကြောင်း အဲဒါပြောရင်းနဲ့ ပြီးသွားခဲ့တယ်ထင်တယ်၊ အဲဒီတော့ အဝိဇ္ဇာကို အစမှာထားတာဟာ ဖြစ်စဉ်အရ ထားတာမဟုတ်ဘူး၊ ဟောစဉ်မျှသာဖြစ်တယ်။

အဲဒီတော့ ဒီဝဋ်လို့ဆိုတဲ့ သံသရာကြီးလည်နေတဲ့အခါမှာ အစမရှိဘူး, အစကို မသိနိုင်ဘူးလို့ မြတ်စွာဘုရားဟောထားတယ်၊ အဲဒါကြောင့်မို့ အဝိဇ္ဇာဟာ အစဆုံးပဲလို့ ဒီလို မယူရဘူး၊ သို့သော် ဟောတဲ့အခါမှာတော့ အဝိဇ္ဇာက စဟောတယ်၊ ဒါကြောင့်မို့ ဟောစဉ်အရ အဝိဇ္ဇာက ပထမနေရာ ဖြစ်စဉ်အရကတော့ ဘီးများလည်နေသလိုပဲ ဘယ်သူက စဖြစ်တယ်လို့ ပြောဖို့ရာ မဖြစ်နိုင်ဘူးပေါ့လေ။

ကောင်းပြီ, အဲဒီတော့ ဒီနေ့ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီးတော့ သိစရာလေးတွေ ရှိသေးတယ်၊ အဲဒီ သိစရာလေးတွေကို လေ့လာရမယ်၊ လွန်ခဲ့တဲ့အပတ်က ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ် ဆိုတာတွေ လေ့လာခဲ့တယ်။

http://www.dhammadownload.com



အခု ဒီ ပဋိစ္စသမုပ္ပါဒ်မှာ ပဋိစ္စသမုပ္ပါဒ်ကို ကာလအားဖြင့် ဝေဖန်ရမယ်၊ အင်္ဂါတဲ့၊ အခြင်းအရာတဲ့၊ ပြီးတော့ အစပ်တဲ့၊ ဝဋ်တဲ့၊ မူလတဲ့၊ ဒါတွေနဲ့ ဝေဖန်ရမယ်၊ အဲဒီအခါမှာ စက်ဝိုင်းကိုကြည့်၊ စက်ဝိုင်းကြည့်မှရှင်းမယ်။

အဲဒီတော့ ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်ကို ကာလနဲ့ ဝေဖန်တယ်၊ ကာလ ၃-မျိုး ပေါ့လေ၊ အတိတ်ရယ်, ပစ္စုပ္ပန်ရယ်, အနာဂတ်ရယ်၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဟာ တစ်ဘဝတည်းကို ရည်ရွယ်ပြီးတော့ ဟောတာမဟုတ်ဘူး၊ ဘဝ ၃ ခုလို့ဆိုလိုတယ်။ အတိတ်ဘဝ, ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝ, အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဟာ ဘဝ ၃-ခု ကို ငုံခြုံမိတယ်။

အဲဒီလို ငုံခြုံတဲ့အခါမှာ အတိတ်ကာလနဲ့ဆိုင်တာ, ပစ္စုပ္ပန်ကာလနဲ့ဆိုင်တာ, အနာဂတ်ကာလနဲ့ ဆိုင်တာရယ်လို့ ၃-မျိုး ခွဲလိုက်တဲ့အခါမှာ အတိတ်နဲ့ဆိုင်တာက ဘယ်အင်္ဂါတွေတုန်း, ဘယ်ဟာတွေတုန်း, စက်ဝိုင်းမှာ ကြည့်လိုက်ရင် အတိတ်ကာလ ၂-လို့ တွေ့လိမ့်မယ်၊ အဲဒီတော့ အဲဒီအတိတ်ကာလမှာဖြစ်တဲ့ အင်္ဂါက အဝိဇ္ဇာရယ်, သင်္ခါရရယ်နော်၊ အဝိဇ္ဇာနဲ့ သင်္ခါရက အတိတ်မှာဖြစ်တယ်၊ အတိတ်ဘဝမှာဖြစ်တယ်။

ပစ္စုပ္ပန်တဲ့, ပစ္စုပ္ပန်ကာလကတော့ ဘယ်လောက်ရှိသတဲ့တုန်း၊ သူက ၈-ခု တောင် ပေးထားတယ်နော်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန် ဘဝဆိုတာ ကမ္မဘဝပေါ့နော်၊ အဲဒါက ပစ္စုပ္ပန်ကာလနဲ့ဆိုင်တယ်၊ ပြီးတော့ အနာဂတ်အတွက်က ၂-ခု,ဇာတိ, ဇရာမရဏ ဇရာမရဏကို ၁-ခု တည်းပဲ ယူရတယ်နော်၊ ဇာတိက ၁-ခု ဇရာမရဏက တစ်ခု၊ အဲဒီလို အတိတ်ကာလနဲ့ဆိုင်တာ၊ ပစ္စုပ္ပန်ကာလနဲ့ဆိုင်တာ၊ အနာတ်ကာလနဲ့ဆိုင်တာလို့ ဒီလို ပထမ ခွဲခြားရမယ်၊ အဲဒါ ကာလ ၃-ပါး ပြီးရောပေါ့လေ။

အဲဒီတော့ ဒီဘဝမှာ အဝိဇ္ဇာမဖြစ်ဘူးလား, သင်္ခါရမဖြစ်ဘူးလား, ဖြစ်တာပေါ့၊ ဒီဘဝဖြစ်တဲ့ အဝိဇ္ဇာ သင်္ခါရက နောက်ဘဝ ဝိညာဏ်ကို ကျေးဇူးပြုသွားမှာပေါ့၊ အဲဒီလိုကတော့ ထပ်ထပ်သွားလို့ကတော့ ရတာပေါ့၊ အဲဒီတော့ ဒါကို အတိတ်ဘဝ ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝလို့ ပြောလိုက်တော့ အခု တပည့်တော်တို့က ပစ္စုပ္ပန်ဘဝမှာ ဖြစ်နေတယ်၊ ဒီ ပစ္စုပ္ပန်ဘဝမှာ အဝိဇ္ဇာသင်္ခါရက လုံးဝမဖြစ်ရတော့ဘူးလား၊ ဒီလို မဟုတ်ဘူးပေါ့၊ အဝိဇ္ဇာသင်္ခါရကို ဒီဘဝမှာ ဖြစ်တဲ့ဟာလို့ ယူဆလိုက်ရင် ဝိညာဏ် နာမ်ရုပ်က လာမယ့်ဘဝမှာ ဖြစ်တာ ဖြစ်သွားတော့မှာပေါ့၊ ဇာတိဆိုတာ အဲဒီထက် ဟိုဘက်ဘဝမှာ ဖြစ်သွားတော့မှာပေါ့၊ ဒီလိုသွားရမယ်။

ကောင်းပြီ, ဒါက ကာလ ၃-ပါး, ကာလ ၃-ပါး ပြီးတဲ့နောက် အင်္ဂါ ၁၂-

http://www.dhammadownload.com



ပါးတဲ့, ဒါကတော့ အဝိဇ္ဇာ, သင်္ခါရ လျှောက်ရေလိုက်ရင် ၁၂-ပါးတွေ့တာပဲ၊ ဒါကို အင်္ဂါလို့ ခေါ်တယ်နော်၊ အဝိဇ္ဇာ, သင်္ခါရ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ, အဲဒီ ၁၂-ခုကို အင်္ဂါ ၁၂-ပါးလို့ ခေါ်တယ်နော်၊ အင်္ဂါ ၁၂-ပါးမှာ အဝိဇ္ဇာဆိုတာဘာလဲ သင်္ခါရ ဆိုတာဘာလဲ, နောက်က လေ့လာခဲ့ပြီ။

အဲဒီ အင်္ဂါ ၁၂-ပါးပြီးတဲ့နောက် အခြင်းအရာ ၂၀-တဲ့ အခြင်းအရာ ၂၀-အသာထားကြဦးစို့၊ ဟိုအောက် စက်ဝိုင်းအသေးလေးမှာ ဝဋ် သုံးပါးကို ကြည့်လိုက်၊ ဝဋ် ၃-ပါး နားလည်ပြီးမှ အခြင်းအရာ ၂၀-နားလည်မှာ, သို့မဟုတ်ရင် ဝဋ် သုံးပါး မသိသေးခင် အခြင်းအရာ ၂၀-ပြောရတာ သိပ် နားလည်ဖို့ မလွယ်ဘူးနော်။

အဲဒီတော့ ဝဋ်ဆိုတာဘာလဲ, ၄သတ်နဲ့ရှိတဲ့ ဝဋ်ဆိုတာဘာတုန်း၊ မြန်မာကတော့ ဝဋ်ပါတာ, ဝဋ်လည်တာ, ဝဋ်လို့ခေါ်နေတာ၊ ဝဋ်ဆိုတာလည်တာ ချာချာလည်နေတာကို ဝဋ်လို့ခေါ်တာပေါ့၊ ပါဠိလို ဝဋ္ဋဆိုတာ အဲဒီတော့ ဒီ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးက တစ်ခါတည်း မပြတ်လည်နေတာပေါ့နော်။

အဲဒီ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတွေထဲမှာ ဝဋ်ဆိုတာကို ခွဲရတယ်၊ ဝဋ်ခွဲတဲ့အခါမှာ ကိလေသဝဋ်ရယ်, ကမ္မဝဋ်ရယ်, ဝိပါကဝဋ်ရယ်လို့ ဒီလို ၃-မျိုး ခွဲတယ်နော်။

အဲဒီတော့ ကိလေသဝဋ်ဆိုတာ ဘယ်အင်္ဂါတွေလည်းဆိုရင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, အဲဒီ ၃ ခုကို ကိလေသဝဋ်လို့ခေါ်တယ်။

ကမ္မဝဋ်ဆိုတာက ကမ္မဘဝနဲ့ သင်္ခါရ, ဘဝက နှစ်မျိုး ရှိတယ်မဟုတ်လား၊ ကမ္မဘဝရယ်၊ နောက်တစ်ခုက ဥပပတ္တိ ဘဝရယ်၊ ဥပပတ္တိဘဝကတော့ နောက်မှ လာမယ်၊ အဲတော့ ကမ္မဘဝနဲ့ သင်္ခါရဟာ ကမ္မဝဋ်နော်။

ပြီးတော့ ဝိပါက ဝဋ်ဆိုတာကတော ဥပပတ္တိဘဝရယ်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာ, ဇာတိ, ဇရာမရဏ ဒါတွေအားလုံးကို ဝိပါကဝဋ်လို့ ခေါ်တယ်။

ကိလေသဝဋ်ဆိုတော့ အဝိဇ္ဇာတို့ တဏှာတို့ ဥပါဒါန်တို့က ကိလေသာ ၁၀-ပါးထဲ မပါဘူးလား၊ ပါတာပေါ့၊ အဝိဇ္ဇာဆိုတာ မောဟ, တဏှာဆိုတာ လောဘ, ဥပါဒါန် ဆိုတာ လောဘနဲ့ ဒိဋ္ဌိ၊ ဥပါဒါန် ၄-ပါးကို တရားကိုယ် ကောက်လိုက်တဲ့အခါကျတော့ လောဘနဲ့ ဒိဋ္ဌိရတယ်နော်၊ ဒါကြောင့်မို့ ဒီအင်္ဂါတွေကို ကိလေသဝဋ်လို့ ခေါ်တယ်။

ကမ္မဝဋ်တဲ့, ကမ္မဘဝနဲ့ သင်္ခါရ, သင်္ခါရအရ ဘာကောက်ခဲ့ရတုန်း၊

http://www.dhammadownload.com



ကုသိုလ် အကုသိုလ်စေတနာကို မကောက်ခဲ့ရဘူးလား၊ ကမ္မဘဝဆိုတာလည်း အဲဒါပဲ၊ ကုသိုလ် အကုသိုလ် စေတနာပဲ၊ ဒါကြောင့်မို့ ကမ္မဘဝနဲ့ သင်္ခါရကို ကမ္မဝဋ်လို့ခေါ်တယ်နော်၊ အဲဒီတော့ ကမ္မဘဝဟာလည်း စေတနာပဲ, သင်္ခါရဟာလည်း စေတနာပဲ ဘာထူးသလည်းလ၊ ကာလချင်းတူလား ကြည့်လိုက်၊ သင်္ခါရက ဘယ်ကာလမှာတုန်း, အတိတ်မှာ၊ ကမ္မဘဝက ဘယ်ကာလမှာတုန်း, ပစ္စုပ္ပန်မှာ, ဟုတ်တယ် မဟုတ်လား၊ အဲဒီလို အမှန်ကတော့ အရ အတူတူပဲ၊ ကမ္မဘဝနဲ့ သင်္ခါရဟာ အရ အတူတူပဲ၊ သင်္ခါရလည်းပဲ ကုသိုလ် အကုသိုလ် စေတနာကံပဲ၊ ကမ္မဘဝလည်း ကုသိုလ် အကုသိုလ် စေတနာကံပဲ။

ဒါပေမယ်လို့ အတိတ်မှာ ဖြစ်ခဲ့တဲ့ ကုသိုလ် အကုသိုလ် စေတနာကို သင်္ခါရလို့ခေါ်တယ်၊ ပစ္စုပ္ပန်မှာဖြစ်တဲ့ ကုသိုလ်အကုသိုလ် စေတနာကို ကမ္မဘဝလို့ ခေါ်တယ်၊ ဒါထူးတာပဲနော်။

ကောင်းပြီ၊ အဲဒီတော့ ကမ္မဘဝနဲ့သင်္ခါရကို ကမ္မဝဋ်လို့ခေါ်တယ်၊ ကျန်တာတွေပေါ့လေ၊ ဥပပတ္တိ ဘဝရယ်, ပြီးတော့ ကျန်တာတွေ ဝိညာဏ်, နာမ်ရုပ် သဠာယတန, ဖဿ, ဝေဒနာ ဇာတိ ဇရာ, မရဏ သူတို့ကို ဝိပါကဝဋ်, သူတို့ဟာ အကျိုးတရားတွေပဲ၊ ဥပပတ္တိ ဘဝဆိုတာ ဇာတိနဲ့အတူတူပဲ, အဲဒီတော့ သူကလည်းပဲ အကျိုးပဲ၊ ဝိညာဏ်တို့ နာမ်ရုပ်တို့ကလည်းပဲ နောက်ဘဝသွားဖြစ်တဲ့ အကျိုးတွေဖြစ်တဲ့ အတွက်ကြောင့်မို့ သူတို့ကို ဝိပါကဝဋ်လို့ခေါ်တယ်။

ကောင်းပြီ, အဲဒီလို ဝဋ် ၃-ပါးကို နားလည်ပြီးတဲ့နောက်မှာ အခြင်းအရာ ၂၀-နားလည်လိမ့်မယ်၊ သို့မဟုတ်ရင် ရှိတာက ၁၂-ပဲ ရှိလိမ့်မယ်။ အင်္ဂါ ၁၂-ရှိပြီးတော့ အခြင်းအရာက ၂၀-ဖြစ်နေတယ်၊ ၂၀-ဖြစ်နေပြီးတော့ ထပ်နေတာတွေပါတော့ ဘာကြောင့် ထပ်ပါလိမ့် မလဲ, ဒီလိုတွေးချင်စရာ ဖြစ်နေမယ်နော်၊ ဝဋ် ၃-ပါးကို နားလည်ပြီး အခြင်းအရာ ၂၀-ကို ပြန်သွား။

ကောင်းပြီ, အခြင်းအရာ ၂၀-ဆိုတာဟာ အလွှာ ၄-ပါးက ပြန်ကိုင်ရလိမ့်မယ်၊ ဒါကြောင့်မို့ အလွှာ ၄-ပါးကို ကြည့်လိုက်စမ်း၊ အလွှာ ၄-ပါးမှာ ဘာတွေ့တုန်း၊ အတိတ်အကြောင်း တစ်လွှာ၊ ပစ္စုပ္ပန်အကျိုး တစ်လွှာ, ပစ္စုပ္ပန်အကြောင်းတစ်လွှာ, အနာဂတ်အကျိုးတစ်လွှာ ၄-ခု၊ အတိတ်အကြောင်း ပစ္စုပ္ပန်အကျိုး ပစ္စုပ္ပန်အကြောင်း အနာဂတ်အကျိုး၊ အဲဒီလို လာခဲ့တာ။

အဲဒီတော့ အတိတ်အကြောင်းဆိုတာက အတိတ်ကာလမှာ ဖြစ်တဲ့ အထဲက အကြောင်းတရားတွေကို ထုတ်ယူရမှာ၊ အဲဒီတော့ အခု အတိတ်မှာ ဘာတွေ့လဲ,

http://www.dhammadownload.com



အဝိဇ္ဇာနဲ့ သင်္ခါရတွေ့တယ်မဟုတ်လား၊ ဒီနှစ်ခုဟာ အတိတ်အကြောင်း၊ အဲဒီတော့ ကျမ်းဂန်မှာက တစ်ခါတစ်လေ ယူရတာက ပြောတော့ အဝိဇ္ဇာလို့ ပြောလိုက်တာပဲ၊ ဒါပေမဲ့ သူနဲ့တူတဲ့ဟာကိုလည်း ယူရတယ်၊ ဒီလိုနည်းတွေရှိတယ်၊ မကောင်းရာ မကောင်းကြောင်းဖြစ်လို့ ယူရတာတွေရှိတယ်။

အဲဒီတော့ အဝိဇ္ဇာလို့ ဆိုလိုက်တော့ အဝိဇ္ဇာကဘယ်ဝဋ်မှာပါနေတုန်း၊ ဝဋ် ၃-ပါးထဲမှာ ကိလေသဝဋ်မှာ အဝိဇ္ဇာလို့ ပြောလိုက်ရင် တဏှာနဲ့ ဥပါဒါန်ကိုလည်း ယူရတော့မယ်တဲ့၊ ဘာကြောင့်တုန်း၊ ကိလေသဝဋ်ချင်း တူနေလို့၊ ကိလေသဝဋ်ချင်း တူတဲ့အတွက်ကြောင့်မို့ အဝိဇ္ဇာဆွဲလိုက်ရင် တဏှာနဲ့ ဥပါဒါန်ကလည်း ပါလာ မယ်နော်၊

အဲဒါကြောင့်မို့ အတိတ်အကြောင်းအလွှာမှာ အဝိဇ္ဇာနဲ့ သင်္ခါရ နှစ်ခုသာ ရှိပေမယ်လို့ အခြင်းအရာအနေနဲ့ ထုတ်လိုက်တဲ့ အခါကျတော့ ၅-ခု ဖြစ်လာတယ်၊ အဝိဇ္ဇာကို ယူလိုက်သဖြင့် တဏှာနဲ့ ဥပါဒါန်ကို ယူရမယ်၊ သင်္ခါရကြည့်လိုက်, သင်္ခါရ ဘယ်ဝဋ်ထဲပါတုန်း ကမ္မဝဋ်ထဲပါတယ်၊ ဒါဖြင့် ကမ္မဝဋ်ချင်းတူတဲ့ ကမ္မဘဝကိုလည်း သင်္ခါရကိုယူရင် ယူရမယ်ဆိုတော့ အတိတ် အကြောင်း ၂-ပါးက ၅-ပါးဖြစ်သွားတယ်ပေါ့၊ အတိတ်အကြောင်း ၂-ပါးက အဝိဇ္ဇာနဲ့ သင်္ခါရ, အဝိဇ္ဇာကို ယူသဖြင့် တဏှာနဲ့ ဥပါဒါန်ကိုလည်း ယူလိုက်တော့ ၃ပါးဖြစ်ရော၊ သင်္ခါရယူသဖြင့် ကမ္မဘဝကိုလည်း ယူလိုက်ရော၊ သူက၂-ခုဖြစ်တော့ ၃ နဲ့ ၂ နဲ့ ပေါင်းတော့-၅၊ ဒါကြောင့်မို့ အတိတ်အကြောင်း ဘယ်လောက်ရှိသလဲ, ၅-ပါး၊ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ။

ပစ္စုပ္ပန်အကျိုးတဲ့, ပစ္စုပ္ပန်အကျိုး ၅-ပါးကတော့ ဒီအတိုင်းပဲထင်တယ်နော်၊ ပစ္စုပ္ပန်အကျိုး ၅-ပါးက ဝိညာဏ်, ၁ နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဒါပဲ၊ သူ့မှာကတော့ ဝဋ်ချင်းတူလို့ ဟိုဟာယူတာ ဒီဟာယူတာ မရှိဘူးနော်၊ ပြီးတော့ ပစ္စုပ္ပန်အကြောင်းဆိုတော့ ပစ္စုပ္ပန်အကြောင်းအလွှာမှာ ကြည့်လိုက်ရင် တဏှာ, ဥပါဒါန်, ကမ္မဘဝ ၃-ခု မတွေ့ဘူးလား၊ ပစ္စုပ္ပန် အကြောင်းတစ်လွှာ, အဲဒီမှာ တဏှာကိုယူရင် ဘာကို ယူရမလဲပြန်ကြည့်လိုက်၊ ကိလေသာဝဋ်ချင်းတူတဲ့ တဏှာနဲ့ ဥပါဒါန်ကိုယူရင် အဝိဇ္ဇာကိုလည်း ယူရမယ်နော်၊ ဘဝဆိုတာ ဒီမှာ ကမ္မဘဝပေါ့၊ ကမ္မဘဝကို ယူလိုက်သဖြင့် ဘာကိုလည်းယူရအုံးမလဲ၊ သင်္ခါရကိုလည်း ယူရမယ်နော်။

ဒါကြောင့်မို့ ပစ္စုပ္ပန်အကြောင်း ဒီမှာ တိုက်ရိုက်ပြတာ ၃-ပါး, ယူရမှာက

http://www.dhammadownload.com



၅-ပါး, ဒါဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ ပစ္စုပ္ပန်အကြောင်း ၅-ပါး။

အဲဒီ ပစ္စုပ္ပန်အကြောင်းကြောင့်ဖြစ်မယ့် အနာဂတ်အကျိုးတဲ့နော်၊ အနာဂတ် အကျိုးက အင်္ဂါထဲမှာတော့ ဇာတိ, ဇရာမရဏ, ဒီနှစ်ခုသာရှိတယ်၊ ဒါပေမယ်လို့ အနာဂတ်အကျိုးကို ရေတွက်တဲ့အခါကျတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဒီ ၅-မျိုးကိုပဲ ယူရတယ်၊ ဘာကြောင့်လဲဆိုရင် ဇာတိ, ဇရာ မရဏဆိုတာ အမှန်ကတော့ အဲဒီ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ရဲ့ ဖြစ်ခြင်း, ရင့်ခြင်း ပျက်ခြင်းကိုပဲခေါ်တာ၊ ဇာတိဆိုတာ ဖြစ်တာ၊ ဇရာဆိုတာ ရင့်တာ၊ မရဏဆိုတာ ပျက်စီးတာ သေတာ။

ဒါကြောင့်မို့ ဇာတိ, ဇရာ မရဏလို့ဆိုလိုရင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာလို့ဆိုတာနဲ့ အတူတူပဲတဲ့၊ ဒါကြောင့်မို့ ပစ္စုပ္ပန် အကျိုး ၅-ပါးနဲ့ အနာဂတ်အကျိုး ၅-ပါး အတူတူပဲလို့ ဆိုရတယ်၊ ဒါကြောင့်မို့ အတိတ်အကြောင်း ၅-ပါး၊ ပစ္စုပ္ပန်အကျိုး ၅-ပါး၊ နောက် ပစ္စုပ္ပန်အကြောင်း ၅-ပါး၊ အနာဂတ်အကျိုး ၅-ပါးအားဖြင့် ဒါကို အခြင်းအရာလို့ခေါ်တယ်၊ အခြင်းအရာ ၂၀-ဖြစ်သွားတယ်၊ အဲဒီတော့ ဝင့်သိရင် ဒါယူတာ လွယ်သွားတာပဲ၊ ကိလေသဝဋ်ချင်း တူလို့ ယူတယ်၊ ကမ္မဝဋ်ချင်းတူလို့ ယူတယ်၊ ဒါပဲ၊ အဲဒီတော့ အဝိဇ္ဇာ သင်္ခါရ တိုက်ရိုက်ဆိုထား၊ ဘယ်သူတို့ကို ယူသဖြင့် တဏှာ ဥပါဒါန် ကမ္မဘဝကိုလည်းယူ, တစ်ခါ တဏှာ ဥပါဒါန် ကမ္မဘဝကို ဆိုရင် သူတို့နဲ့ ဝဋ်ချင်းတူတဲ့ အဝိဇ္ဇာနဲ့ သင်္ခါရကိုလည်းယူ, ဒါကြောင့်မို့ ၅-ပါး ၅-ပါးဖြစ်တော့ အင်္ဂါ ၁၂-ပါးက အခြင်းအရာ ၂၀-သွားဖြစ်တယ်၊ ဒါပါပဲ, မရှုပ်ပါဘူး။

ကောင်းပြီ, အခြင်းအရာ ၂၀-ပြီးတော့ အစပ် ၃-ပါးတဲ့နော်၊ အစပ် ၃-ပါးက ဘယ်မှာတဲ့တုန်း, ကြည့်လိုက်စမ်း၊ သင်္ခါရနဲ့ ဝိညာဏ်ကြားမှာ တစ်စပ်၊ ဝေဒနာနဲ့ တဏှာကြားမှာတစ်စပ်, ဘဝနဲ့(အမှန်တော့ ကမ္မဘဝပါနော်) ကမ္မဘဝနဲ့ ဇာတိကြားမှာ တစ်စပ်၊ အဲဒါ အစပ် ၃-ပါးတဲ့၊ အစပ် ၃-ပါးဆိုတာ အတိတ်, ပစ္စုပ္ပန်, အနာဂတ်စပ်တာပဲ။

အဲဒီ အစပ် ၃-ပါးမှာ သင်္ခါရနဲ့ ဝိညာဏ်ကြား အစပ်ကို ဘာမှလုပ်လို့မရဘူး၊ သင်္ခါရဖြစ်ရင် ဝိညာဏ်ဖြစ်တော့မှာပဲ၊ ဘယ်သူမှ တားမြစ်လို့ မရဘူးနော်၊ ပဋိစ္စသမုပ္ပါဒ်ဟာ သင်္ခါရပော့လို့ ဆိုလိုက်ရင် ဝိညာဏ်ကတော့လာတော့မှာ သေချာပြီ၊ ဘယ်လိုမှရှောင်လို့မရတော့ဘူး၊ ကမ္မဘဝနဲ့ ဇာတိအစပ်ကလည်း ဘာမှ ပြုပြင်လို့

http://www.dhammadownload.com



မရဘူး၊ ကမ္မဘဝဖြစ်ပြီပြောဆိုရင် ဇာတိလာတော့မှာပဲ၊ ခုနက သင်္ခါရဖြစ်ရင် ဝိညာဏ်ဖြစ် သလိုပဲ၊ ကမ္မဘဝဖြစ်ရင် ဇာတိဖြစ်တာပဲ၊ ဘာမှ မထူးဘူး၊ တရား ကိုယ်ကအတူတူပဲကို၊ ဒါပေမယ်လို့ ဝေဒနာနဲ့ တဏှာကြားအစပ်ကျတော့ ကိုယ်က ဝင်ပြီးတော့ အနှောင့်အယှက်လုပ်လို့ရတယ်၊ ဝေဒနာဖြစ်တိုင်း တဏှာ ဖြစ်ရမယ်လို့ မဆိုလိုဘူး၊ ဒါ အရေးကြီးတယ်နော်။

ဒါကြောင့်မို့ ဒီ ပဋိစ္စသမုပ္ပါဒ် စက်ထဲမှာ ကိုယ်က ပဋိစ္စ သမုပ္ပါဒ်စက်ကြီးကို ဖြတ်အောင် လုပ်ချင်တယ်ဆိုရင် ဘယ်အစပ်ကို ဝင်ဖျက်ရမှာတုန်း, ဝေဒနာနဲ့ တဏှာကြား အစပ်ကို ဝင်ဖျက်ရမယ်နော်၊ သင်္ခါရနဲ့ ဝိညာဏ်ကြား အစပ်ကို ဖျက်လို့မရဘူး၊ ကမ္မဘဝနဲ့ ဇာတိကြားဖျက်လို့ မရဘူး။

အဲတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဒီအစပ်ကိုတော့ ဖျက်လို့ရတယ်, ဖျက်လိုက်လို့ ဝေဒနာသာဖြစ်တယ် တဏှာမဖြစ်ဘူးဆိုရင် ဉပါဒါန် ကမ္မဘဝတွေရော ဖြစ်ပါဦးမလား၊ မဖြစ်တော့ဘူးပေါ့၊ ဒါ ပဋိစ္စသမုပ္ပါဒ်စက် ဖြတ်တယ်ခေါ်တာပဲနော်၊ ဒီ ပဋိစ္စသမုပ္ပါဒ်စက်ကြီးကို ဝင်ပြီးတော့ အနှောင့်အယှက်လုပ်ချင်တယ် ဖြတ်ချင် တယ်ဆိုရင် ဘယ်အစပ်မှာ ဝင်ပြီးတော့ ဖြတ်ရမှာတုန်း ဝေဒနာနဲ့ တဏှာကြားမှာ ဝင်ပြီးတော့ဖြတ်ရမယ်နော်၊ ဝေဒနာဖြစ်သော်လည်းပဲ တဏှာမဖြစ်အောင် ကိုယ်က လုပ်ရလိမ့်မယ်၊ အဲဒီလို ဝေဒနာဖြစ်ပါလျက်နဲ့ တဏှာ မဖြစ်အောင် လုပ်နိုင်ရင် ပဋိစ္စသမုပ္ပါဒ်စက်ကို အဲဒီမှာတင် ဖြတ်လိုက်တာပဲ၊ ရှေ့မဆက်တော့ဘူး၊ ဒီဟာနဲ့ ပတ်သက်လို့ပေါ့၊ ဒီဝေဒနာနဲ့ ပတ်သက်လို့ကတော့ ရှေ့ပဋိစ္စသမုပ္ပါဒ် မလည်တော့ဘူး၊ ဒီတွင် ပြတ်သွားပြီ။

တရားထိုင်တာ အဲဒါပဲ၊ တရားထိုင်တဲ့အခါကျတော့ ဝေဒနာပေါ်တယ်၊ ဒုက္ခဝေဒနာ, သုခဝေဒနာ, ဉပေက္ခာဝေဒနာပေါ့လေ၊ ဝေဒနာပေါ်တဲ့အခါမှာ ဒီဝေဒနာကို ရှုမှတ်လို့ ဒီဝေဒနာနဲ့ ပတ်သက်ပြီးတော့ နှစ်သက်ခြင်း မဖြစ်ဘူးဆိုရင် ဝေဒနာနဲ့ တဏှာကြားအစပ်ကို ဖျက်လိုက်တာပဲ၊ ဝေဒနာကို ရှုတဲ့ အခါကျတော့ ရှုတဲ့စိတ်ဆိုတာ ကုသိုလ်စိတ်ပဲဟုတ်လား၊ ရှုတဲ့စိတ်က ကုသိုလ် ဖြစ်တဲ့အတွက် ကြောင့်မို့ ဝေဒနာရှိနေပေမယ်လို့ တဏှာထိအောင် မသွားတော့ဘူး၊ နာရင် နာတယ်မှတ်မယ်၊ ကောင်းရင် ကောင်းတယ်မှတ်မယ်နော်၊ ဉပေက္ခာ ဝေဒနာတော့ အမှတ်ရခက်တယ်။

အဲဒီလို အမှတ်တရားနဲ့နေတဲ့အတွက်ကြောင့်မို့ ဝေဒနာရှိသော်လည်းပဲ တဏှာဘက်ကို မကူးဘူးဆိုရင် ဒါ ဒီသံသရာစက် ပြတ်တာပဲ၊ ဒါကြောင့်မို့

http://www.dhammadownload.com



တရားထိုင်တဲ့ လူတွေဟာ အမှတ်ကောင်းနေပြီဆိုရင် သူတို့ဟာ သံသရာစက်ကို ဖြတ်နေကြတာပဲ၊ ဒီတစ်နေရာပဲရှိတယ်၊ ဝင်ပြီးတော့ဖြတ်နိုင်တာ၊ တခြားအစပ်တွေကတော့မရဘူး၊ တစ်ခုဖြစ် တစ်ခုဖြစ်မှာပဲ၊ ဘယ်သူမှ ဝင်ပြီးတော့ အနှောင့်အယှက်လုပ်လို့ မရဘူးနော်၊ အစပ် ၃-ပါး။

အစပ် ၃-ပါးပြီးတော့ အလွှာ ၄-ပါး၊ ဒါ ခုနက ပြီးသွားပြီ။ အတိတ်အကြောင်း, ပစ္စုပ္ပန်အကျိုး ပစ္စုပ္ပန်အကြောင်း, အနာဂါတ်အကျိုး၊ ဝဋ် ၃-ပါး ပြီးသွားပြီ, ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်။

မူလ ၂-ပါးတဲ့နော်၊ အရင်းကျတဲ့ ပဋိစ္စသမုပ္ပါဒ်စက်မှာ အင်္ဂါ ၁၂-ပါး ရှိပေမယ်လို့ ပဓာနကျတဲ့ အင်္ဂါက ၂-ပါးရှိတယ်၊ အဲဒါကို မူလ ၂-ပါးလို့ ခေါ်တယ်၊ အဲဒီ မူလ ၂-ပါးက အဝိဇ္ဇာနဲ့ တဏှာ၊ ရှေ့ပိုင်းမှာ အဝိဇ္ဇာက ဦးစီးတယ်၊ နောက်ပိုင်းမှာ တဏှာဦးစီးတယ်၊ အဲဒီ နှစ်ခုကို မူလ သူတို့ရှိလို့ တစ်ခြားဟာတွေဖြစ်တာ၊ သူတို့မရှိရင် တစ်ခြားဟာတွေမဖြစ်ဘူးနော်၊ အဝိဇ္ဇာရှိတဲ့ အတွက်ကြောင့်မို့ အဝိဇ္ဇာက မောဟ, ဒီမောဟက ဖုံးလွှမ်းထားတယ်၊ မောဟက သဘောအမှန် သဘောတရားတွေကို အမှန်အတိုင်း မသိအောင် ဖုံးလွှမ်းထားထားတဲ့ အတွက်ကြောင့်မို့ သတ္တဝါတွေမှာ သင်္ခါရစသည် ကုသိုလ်ကံ အကုသိုလ်ကံတွေ ဖြစ်ကြတာပေါ့နော်၊ အဝိဇ္ဇာက ဖုံးလွှမ်းပေးတယ်။

အဝိဇ္ဇာ ဖုံးလွှမ်းမပေးရင် တဏှာဆိုတာ ဖြစ်ဖို့ မရှိဘူးနော်၊ အခုတော့ အဝိဇ္ဇာက ဖုံးလွှမ်းပေးတဲ့ အတွက်ကြောင့် ဘဝကို ကောင်းတယ်ထင်ပြီးတော့ လူ့ဘဝဖြစ်ချင်တယ်, နတ်ဘဝ ဖြစ်ချင်တယ် စသည်ဖြင့် အဲဒီလို ဖြစ်ချင်တဲ့ အလိုက် ကုသိုလ်ကောင်းမှုပြုတယ်၊ တရားထိုင်တယ်၊ တရားထိုင်တာလည်း ဗြဟ္မာပြည် ရောက်ချင်လို့ထိုင်ရင်ပေါ့လေ ဟုတ်လား၊ သမထ ကမ္မဋ္ဌာန်းလုပ်ရင် ဒီအတိုင်းပဲနော်၊ အဲဒီလို ဒီအဝိဇ္ဇာနဲ့ တဏှာဟာ အရေးကြီးတဲ့ ပဓာနကျတဲ့အကြောင်း ၂-ပါး ဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ကို မူလ ၂-ပါးလို့ခေါ်တယ်၊ ဝဋ်ရဲ့အမြစ်ဖြစ်တဲ့ တရားတွေ၊ အမြစ်နဲ့တူတဲ့ တရားတွေ၊ ဒါဆိုရင် ပဋိစ္စသမုပ္ပါဒ်မှာ သိသင့်သိထိုက်တာ ကုန်သွားပြီပေါ့နော်။

ပြန်ပြီးတော့လုပ်လိုက်ရင် အင်္ဂါ ၁၂-ပါး၊ ပြီးတော့ ကာလသုံးပါးဆိုရင် အဝိဇ္ဇာနဲ့ သင်္ခါရက အတိတ်, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, သူက ပစ္စုပ္ပန်, အမှန်က ကြားရှစ်ခုက ပစ္စုပ္ပန် ဇာတိ, ဇရာ, မရဏက အနာဂတ်, ဒါ ခုနက ပြောသလိုပဲနော်၊ အဝိဇ္ဇာနဲ့

http://www.dhammadownload.com



သင်္ခါရကို ဒီဘဝယူရင် ဝိညာဏ် စသည်က ရှေ့လာမယ့်ဘဝ, တစ်ခါ ဇာတိဇရာ မရဏက သူ့ရဲ့ ရှေ့တစ်ခါသွား၊ အဲဒီလိုသွား။

ပြီးတော့ ဝဋ်သုံးပါး နားလည်ပြီ၊ ဝဋ် သုံးပါး သိပြီးရင် အခြင်းအရာ–၂၀၊ အခြင်းအရာ–၂၀ ဆိုတာ အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း၊ အနာဂတ်အကျိုး–၅ပါးစီ၊ ၅–ပါးစီ သွားတယ်။

အစပ် ၃–ပါးနော်၊ သင်္ခါရနဲ့ ဝိညာဏ်ကြားတစ်စပ်, ဝေဒနာနဲ့ တဏှာကြား တစ်ရပ်၊ ကမ္မဘဝနဲ့ ဇာတိကြားတစ်စပ်။

အလွှာ ၄–ပါးဆိုတာ အတိတ်အကြောင်း, ခုနက အင်္ဂါင်းပေါ့လေနော်၊ ဒီအတိတ်အကြောင်းမှာ ၅ ခု ၅ ခု မို့လို့ အခြင်းအရာက ၂၀–ဖြစ်သွားတာ။

မူလ ၂–ပါးဆိုတာ အဝိဇ္ဇာနဲ့ တဏှာ, ကောင်းပြီ ဒါက ပဋိစ္စသမုပ္ပါဒ်အနုလုံလို့ ခေါ်တာပေါ့။

ဒီမှာ တစ်ခုရှိတယ်နော်၊ အနုလုံပဋိလုံဆိုလေ့ ရှိတယ်မဟုတ်လား၊ သာမည နားလည်ကြတာကတော့ အနုလုံ ဆိုတာက အစဉ်အတိုင်းသွားတာ၊ ပဋိလုံဆိုတာက ပြောင်းပြန် အဆုံးကနေ ပြန်လာတာ၊ ဒါကို ပဋိလုံလို့ဆိုတယ်၊ ဒီမှာ အဲဒါကို ပြောတာမဟုတ်ဘူး၊ ပဋိစ္စ သမုပ္ပါဒ် ပဋိလောမ ဆိုတာက အဲဒီလို အဆုံးကနေအစ သွားတာကို ဆိုလိုတာ မဟုတ်ဘူး၊ အခု ဦးဇင်းတို့ လေ့လာခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်က အဖြစ်ကို ပြောပြတယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်, သင်္ခါရကြောင့် ဝိညာဏ်ကို ပြောပြတယ်။

မဖြစ်ကို ပြောပြတာကို ပဋိလောမလို့ခေါ်တယ်၊ အဝိဇ္ဇာချုပ်လို့ သင်္ခါချုပ်၊ သင်္ခါရချုပ်လို့ ဝိညာဏ်ချုပ်၊ အဲဒါကို ပဋိလောမလို့ခေါ်တယ်၊ အဲဒါကို သတိထားမှတ်။

တစ်ခြားနေရာမှာ အနုလုံ ပဋိလုံ ဆိုတာတော့ ဟုတ်တယ်၊ တစ်ကနေသွား တစ် နှစ် သုံး လေး၊ ၁၂ ရောက် ၁၂ ကနေ ၁၁, ၁၀, ၉ နဲ့ ပြန်လာတာကို ပဋိလုံခေါ်တယ်၊ လမ်းလျှောက်တဲ့အခါ စင်္ကြံလျှောက်တဲ့အခါ ခေါက်တုံ့ ခေါက်ပြန် လျှောက်တာပဲ။

ဒါပေမယ်လို့ ပဋိစ္စသမုပ္ပါဒ်မှာ ပဋိလုံဆိုတာ အဲဒါကို ခေါ်တာ မဟုတ်ဘူး၊ အဖြစ်ကို အနုလုံလို့ခေါ်တယ်၊ အချုပ်ကို ပဋိလုံလို့ ခေါ်တယ်နော်။

ကောင်းပြီ, အဲဒီ ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီးတော့ ပဋိလုံကို အကျယ်မရေး တော့ပဲနဲ့ သင်္ဂြိုဟ်ကျမ်းမှာက ဂါထာလေးတစ်ပုဒ်ထဲနဲ့ ပြောသွားတော့တာ၊ အဲဒီ ပဋိလုံကိုလည်းပဲ နားလည်ဖို့ကောင်းတာ၊ ခဲယဉ်းတာတော့ မဟုတ်ပါဘူး၊ ဘာလို့

http://www.dhammadownload.com



တုန်းဆိုတော့ အဝိဇ္ဇာဖြစ် သင်္ခါရဖြစ်ဆိုရင် ဒါက အနုလုံ၊ အဝိဇ္ဇာချုပ်လို့ သင်္ခါရချုပ်ရင် ဒါက ပဋိလုံ၊ ပဋိလုံမှာလည်း ပါဠိရှိတယ်။

အခု သံသရာစက်ကြီး လည်နေတယ် သွားနေတယ်ဆိုပါတော့၊ အဝိဇ္ဇာကြောင့် သင်္ခါရ သင်္ခါရကြောင့် ဝိညာဏ်စသည်ဖြင့် သွားနေတယ်၊ အဆက်မပြတ်တော့ဘူးနော်၊ ဘာကြောင့်တုန်း ဇရာ မရဏလို့ ဖြစ်လိုက်ရင် ဇရာမရဏနဲ့ ပတ်သက်ပြီးတော့ အဲဒီ ဇရာမရဏနှိပ်စက်တဲ့ သတ္တဝါတွေမှာ တွေဝေမှုဖြစ်တယ်နော်၊ အဲဒီ တွေဝေမှုတွေ ဖြစ်တဲ့အထဲမှာ အဝိဇ္ဇာပါတယ်၊ တစ်ခါတလေ အဝိဇ္ဇာက ဘာကြောင့်ဖြစ်သလဲ၊ အာသဝတရားတွေကြောင့်လည်းအဝိဇ္ဇာက ဖြစ်ပြန်တယ် စသည်ဖြင့်လာတော့ ချာလပတ် လည်နေတယ်၊ အဲဒီ လည်နေတဲ့ ဝဋ်ကြီးကို ဖြတ်တယ်ပေါ့။

အဲဒီလို ဖြတ်တဲ့အခါမှာ တကယ်အပြီးသတ်ဖြတ်ရမှာကတော့ ရဟန္တာဖြစ်မှ ရမယ်နော်၊ ခုနကပြောတဲ့ ဒီဝေဒနာနဲ့ တဏှာကြား အစပ်ဖြတ်လို့ ပဋိစ္စ သမုပ္ပါဒ်ဖြတ်တာကတော့ ဒီဟာလေးတစ်ခုနဲ့ ပတ်သက်ပြီးတော့ ဖြတ်တာသာရှိတယ်၊ အကြွင်းမဲ့ ဖြတ်တာမဟုတ်ဘူး၊ အခုတော့ အကြွင်းမဲ့ ဖြတ်တဲ့နည်းကို မြတ်စွာဘုရား ဟောတော်မူတယ်ပေါ့လေနော်၊ အဲဒီမှာ **အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရောဓောတဲ့**နော်၊ အဝိဇ္ဇာ အကြွင်းမဲ့ ချုပ်သွားတဲ့ အတွက်ကြောင့်မို့တဲ့ သင်္ခါရတွေ ချုပ်တယ်တဲ့၊ ဆိုလိုတာက အဝိဇ္ဇာမရှိတော့ဘူးဆိုရင် သင်္ခါရမရှိတော့ဘူးပေါ့၊ အဝိဇ္ဇာရှိလို့ အဝိဇ္ဇာကို အကြောင်းပြုပြီးတော့ အဝိဇ္ဇာက ဖုံးလွှမ်းပေးလို့ တဏှာက စွဲလမ်းပြီးတော့ ကုသိုလ်ကံ အကုသိုလ်ကံတွေ ပြုကြတယ်ပေါ့။

အဲဒီလို မဟုတ်ဘူး၊ အရဟတ္တမဂ် ရလို့ ရဟန္တာဖြစ်လို့ အဝိဇ္ဇာမရှိတော့ဘူးဆိုရင် အကြောင်းမရှိတော့ဘူးဆိုရင် ဘယ်အကျိုးရှိနိုင်တော့မလဲ၊ ဒါကြောင့် သင်္ခါရချုပ်ရင် ဝိညာဏ်ချုပ်နော်၊ သင်္ခါရမှ မဖြစ်ဘူးဆိုရင် ဝိညာဏ်လဲ ဘယ်ဖြစ်တော့မလဲ, ဝိညာဏ်ချုပ်ရင် နာမ်ရုပ်ချုပ်သွားရောပေါ့လေ၊ နောက်ဆုံး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသွားပြီတဲ့။

အဲဒီတော့ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်က နိဗ္ဗာန်ကို ဟောတာ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသွားတယ်၊ အနုလောမက အဖြစ်ကိုဟောတယ်၊ ပဋိလောမက အချုပ်ကို ဟောတယ်။

အဲဒီမယ် အဝိဇ္ဇာရဲ့အကြောင်း မနေ့ကလည်း ပြောခဲ့ပါပြီ၊ အဝိဇ္ဇာကို ထိပ်မှာထားတော့ အဝိဇ္ဇာက ပထမအကြောင်းလို ဖြစ်နေတယ်၊ မဟုတ်ဘူးတဲ့၊ အိုခြင်း, သေခြင်း တွေဝေ မိန်းမောကြောင်း သောက စသော တရားအပေါင်းသည်

http://www.dhammadownload.com



မပြတ်မလပ် နှိပ်စက်အပ်သော သတ္တဝါတို့၏ သန္တာန်၌ အာသဝေါ တရားတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည်လည်း ဖြစ်ပြန်၏၊ ဇာတိပစ္စယာ ဇရာ မရဏံ လို့ဆိုတော့ ဇရာမရဏ အိုခြင်း, နာခြင်းကတော့ ထည့်ပေါ့လေနော်၊ အိုခြင်း, သေခြင်း ပေါ့လေ ၊ အဲဒီလို အိုခြင်းသေခြင်း တွေဝေ မိန်းမောကြောင်း သောက စသော တရားအပေါင်း၊ အဲဒီလို အိုတာ နာတာ, သေတာတွေနဲ့ ပတ်သက်ပြီးတော့ သောကဆိုတာရော မဖြစ်ဘူးလား၊ ဖြစ်တာပေါ့၊ သောက ပရိဒေဝ ဒုက္ခစသည် ဖြစ်တယ်, အဲဒီလို ဖြစ်တဲ့ အခါမှာတဲ့ အာသဝါနံ= အာသဝေါတရားတို့၏ သမုပ္ပါဒါ=ဖြစ်ခြင်းကြောင့် အဲဒီလိုဖြစ်တဲ့ အခါကျတော့ အဲဒီအထဲမှာ အာသဝ တရားတွေ မပါဘူးလား၊ မောဟကိုယ်တိုင် ဝိဇ္ဇာကိုယ်တိုင်ကလည်း အာသဝပဲ၊ လောဘကလည်း အာသဝ, ဒိဋ္ဌိကလည်း အာသဝ, အဲသလို အာသဝတွေ ဖြစ်တယ်၊ ဖြစ်ပြန်တော့ အဝိဇ္ဇာကလည်းတစ်ခါ ဖြစ်ပြန်တာပဲတဲ့။

အဲဒီတော့ အိုခြင်း နာခြင်းတို့ဖြင့် နှိပ်စက်အပ်တဲ့ အတွက်ကြောင့်မို့ သောကစသည်ဖြစ်တယ်၊ သောကစသည်ဖြစ်တဲ့ အတွက်ကြောင့်မို့ အဝိဇ္ဇာကလည်း ဖြစ်ပြန်တယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီအထဲမှာ အဝိဇ္ဇာရှိတဲ့ အတွက်ကြောင့်မို့ စိုးရိမ်ခြင်း, ပူဆွေးခြင်းဖြစ်ကြတာကိုး။

အဲဒီ သောကစသည်ကရော ဘာကြောင့် ဖြစ်သလဲ၊ လောဘကြောင့်ဖြစ်တာ၊ ပေမဆိုတဲ့ တွယ်တာမှု ချစ်ခင်မှုကြောင့်ဖြစ်တာ၊ တွယ်တာမှု ချစ်ခင်မှု မရှိရင် သောကမဖြစ်ဘူး၊ တွယ်တာမှု ချစ်ခင်မှုရှိရင် သောကဖြစ်တာပဲ၊ လူတွေ သေနေကြတာပဲ၊ ဟုတ်တယ်မဟုတ်လား၊ ကိုယ်နဲ့မသိဘူး၊ ကိုယ်က သူတို့အပေါ်မှာ တွယ်တာမှု ချစ်ခင်မှု မရှိဘူးဆိုရင် ကိုယ့်အပေါ်မှာ သိပ် စိတ်ဒုက္ခ မဖြစ်ဘူး၊ ကိုယ်နဲ့ ရင်းနှီးတဲ့လူ ကိုယ့်မိတ်ဆွေပဲဆိုရင် နည်းနည်း ဖြစ်လာပြီ၊ ကိုယ့်ဆွေမျိုး ဆိုရင် ပိုဖြစ်လာပြီ၊ ကိုယ့်သားသမီးပဲ, လင်ပဲ, မယားပဲဆိုရင် အကြီးအကျယ်ဖြစ်ပြီ၊ ဒါဟာ တွယ်တာမှုကြောင့် သောကစသည် ဖြစ်တာနော်၊ ငိုကြွေးတာတို့ ဘာတို့လည်း ဒီအတိုင်းပေါ့။

အဲဒီလို သောကစသည် ဖြစ်လိုက်တယ်ဆိုရင် သောကထဲမှာဘာပါတုန်း အဲဒီ အာသဝဆိုတဲ့ တရားတွေကြောင့်ဖြစ်တာ၊ အာသဝဆိုတဲ့ တရားတွေဖြစ်ရင် အာသဝထဲမှာ ဘာပါလာပြန်တုန်း၊ အဝိဇ္ဇာကပါလာပြန်ပြီ, သွားပြန်ပြီ၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်နဲ့ ဒီပဋိစ္စသမုပ္ပါဒ် စက်ကြီးဟာ လည်နေတော့တာပေါ့လေ၊ ဒါကြောင့်မို့ ဘယ်ဟာက အစလို့ ပြောဖို့ရန် မဖြစ်ဘူးနော်၊ ချာလပတ်လည်နေတယ်။

http://www.dhammadownload.com



ကောင်းပြီ၊ အဲဒီ အစမရှိဘူးတဲ့ ဒိဝဋ်တရားကြီးလည်နေတာ ဘယ်ဟာ အစပါလို့ ပြောလို့ မရဘူးတဲ့, အဆုံးကတော့ ရှိတာပေါ့နော်၊ ရဟန္တာဖြစ်သွားလို့ ပရိနိဗ္ဗာန် ပြုသွားတော့ ဆုံးတာပေါ့၊ အစကတော့ ဘယ်လို ဘယ်တုန်းက စခဲ့တယ်ဆိုတာ မပြောနိုင်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ဝဋ်တရား အဆက်မပြတ် လည်စေတယ်၊ အဲဒီဝဋ်တရားကိုပဲ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်လို့ ဟောတယ် တဲ့နော်၊ ဒါက အနုလုံ ပဋိစ္စသမုပ္ပါဒ်ကို ဆိုလိုတာပေါ့။

ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ဆိုရင် ပြောင်းပြန်ပဲနော်၊ အရဟတ္တမဂ်ရလို့ အဝိဇ္ဇာ အကြွင်းမဲ့ ချုပ်သွားရင် သင်္ခါရချုပ်, ဝိညာဏ်ချုပ် စသည်ဖြင့် သွားရော။

ကောင်းပြီ၊ ဒါနဲ့တင် ပဋိစ္စသမုပ္ပါဒ်အတွက် တော်လောက်ပြီလို့ ပြောရင်လည်း ဖြစ်တယ်နော်၊ ဒါပေမယ်လို့ သိစရာလေးတွေ ရှိသေးတယ်၊ ဒါကြောင့်မို့ နောက်ထပ်ပေးထားတဲ့ စာရွက်တွေ ရှိသေးတယ်၊ ဒီ ပဋိစ္စ သမုပ္ပါဒ်ကို လေ့လာတဲ့ အခါမှာ ဒီပဋိစ္စသမုပ္ပါဒ်ကို ဟောထားတာဟာ အမှန်ကတော့ လောက ဖြစ်ပျက်နေ တာတွေနဲ့ ပတ်သက်ပြီးတော့ အမြင်မှန်ရဖို့ ဟောထားတာပဲ၊ လောက လူတွေက သဿတဒိဋ္ဌိ= မြဲတယ်လို့လည်း ယူသွားတတ်တယ်၊ သို့မဟုတ်ရင်လည်း ပြတ်တယ် လို့လဲ ယူသွားတတ်တယ် (ဥစ္ဆေဒဒိဋ္ဌိ) ကုသိုလ်ကောင်းမှုဆိုတာ မရှိပါဘူး၊လုပ်လည်း ကုသိုလ်ကောင်းမှုဆိုတာ ပြုရာမရောက်ပါဘူးဆိုပြီးဒီလိုယူတတ်တဲ့ လူတွေလည်း ရှိတယ်၊ အဲဒီ အယူတွေ အားလုံးဟာ မြတ်စွာဘုရား အလိုတော်အရ မမှန်ကန်တဲ့ အယူတွေ, မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်၊ အဲဒီမမှန်ကန်တဲ့ အယူတွေ မရောက်ဖို့ရန် ပဋိစ္စ သမုပ္ပါဒ်ကို ဟောတယ်။

ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရင် မမှန်ကန်တဲ့ အယူတွေကို မယူမိဘူးတဲ့၊ ဒါကြောင့် ပဋိစ္စ သမုပ္ပါဒ် တရားတော်ဟာ အရေးကြီးတဲ့ တရားတော်အနေနဲ့ ဗုဒ္ဓဘာသာမှာ ရှိနေတာ။

အဲဒီတော့ အခု အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ် စသည်ဖြင့် အကြမ်းဖျင်း နားလည်ပြီဆိုပါတော့ ဒီထက် အနုစိတ် နားလည်ဖို့ကတော့ ပဋ္ဌာန်းနည်းကို နားလည်ပြီးတဲ့နောက် တစ်ခေါက် ပြန်ကြည့်မှ အနုစိတ် တစ်ခါနားလည်မှာ၊ သူတို့ချင်း ဆက်သွယ်ပုံ, ဘယ်လိုနည်းနဲ့ ဆက်သွယ် တယ်, အတူတူဖြစ်တာလား, ရှေ့နောက်ဖြစ်တာလားပေါ့လေ၊ အဲဒါတွေကတော့ နောက်တော့ သိလိမ့်မယ်။

အဲဒီလို ပဋိစ္စသမုပ္ပါဒ် သဘောကို အကြမ်းဖျင်း နားလည်ပြီးတဲ့နောက်

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်နဲ့ပတ်သက်ပြီးတော့ အယူအဆ မှန်ကန်ဖို့ နည်း ၄-မျိုးနဲ့ နားလည်ရမယ်လို့ ကျမ်းဂန်များမှာဆိုတယ်၊ ပစ္စည်းပိုင်း ဘာသာဋီကာဆိုတဲ့ ဟာမှာရှိတယ်၊ စာမျက်နှာ ၆၂၄၊ နည်း ၄ ပါး ဆိုတာ အဲဒီ ပဋိစ္စသမုပ္ပါဒ်ကို နည်း ၄-မျိုးနဲ့ နားလည်ရမယ်၊ ဒီနည်း ၄-မျိုးနဲ့ နားလည်မှ ပဋိစ္စသမုပ္ပါဒ် ပိုင်ပိုင်နိုင်နိုင် နားလည်အုံးမယ်၊ ဒါ အတော်အရေးကြီးတယ်နော်၊ အဲဒီ နည်း ၄-မျိုးကဘာတဲ့တုန်း၊

ကောင်းကောင်းသိမြင်ရင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိစသည် ကင်းနိုင်တယ်တဲ့၊ အဲဒီနည်း ၄-မျိုးက ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း ဒီ ၄-မျိုးရှိတယ်နော်။

ဧကတ္တဆိုတာက ဧကဆိုတာ တစ်မဟုတ်လား၊ ဧကတ္တဆိုတာ တူတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ၊ တူတယ်ဆိုတာ တစ်ဆက်ထဲ အစဉ်မပြတ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ၊ အဲတော့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့အခါမှာ အဲဒီနည်းနဲ့ နားလည်ရမယ်တဲ့၊ သန္တာန်အစဉ်အမျှင်မပြတ်၊ တစ်စပ်ထဲဟု သိရသောနည်းသည် ဧကတ္တနည်း မည်၏။

ဆိုလိုတာက ဒီပဋိစ္စ သမုပ္ပါဒ်ဟောထားတော့ ဒီပုဂ္ဂိုလ်အတွက် ဒီပဋိစ္စသမုပ္ပါဒ်ပေါ့၊ ဟိုပုဂ္ဂိုလ်အတွက် ဟို ပဋိစ္စ သမုပ္ပါဒ်ပေါ့ ဟုတ်လား၊ ဒီပုဂ္ဂိုလ်အတွက်မှာ ဒီဟာ အစဉ်ရှိတယ်ပေါ့နော်၊ အဝိဇ္ဇာကနေ သင်္ခါရ၊ သင်္ခါရနေ ဝိညာဏ် ကျေးဇူးပြုသွားတဲ့အခါမှာ ဒီ တစ်ခုနဲ့ တစ်ခု ဆက်သွယ်မှု ဒါကိုပဲ အစဉ်လို့ ခေါ်တာပဲ၊ အဆက်အသွယ်ရှိတယ်၊ တစ်ခုက အကျိုး၊ တစ်ခုက အကြောင်း ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်၊ ဒီအကြောင်းကြောင့် တစ်ခြား အကျိုးဖြစ်တာ မဟုတ်ဘူး၊ အဲဒီဟာ အဲဒီလို continually ရှိတယ်လို့ ဒီလိုသိတဲ့နည်းကို ဧကတ္တနည်းလို့ ခေါ်တယ်။

အဝိဇ္ဇာက သူ့ဟာသူ သီးခြား၊ သင်္ခါရက သူ့ဟာသူ သီးခြား၊ အဝိဇ္ဇာနဲ့ သင်္ခါရက ဘယ်လို မှစပ်တာ မဟုတ်ဘူးဆိုတဲ့ အသိမဟုတ်ဘူး၊ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် စသည်ဖြင့် ရှိနေတဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတွေဟာ တစ်ခုနဲ့တစ်ခု ဆက်သွယ်မှု ရှိတယ်ပေါ့လေ၊ အဲဒီလို အဆက်အသွယ် ရှိတာကိုပဲ သန္တာန်အစဉ်အမျှင်မပြတ်ဘူးလို့ ဒီလိုဆိုတယ်။

အဲဒီနည်းအရ မျိုးစေ့မှ အညှောက်ထွက်၍ သစ်ပင်ကြီးအဖြစ်သို့ ရောက်အောင် သန္တာန်အစဉ် အမျှင်မပြတ်သကဲ့သို့ ပထမမျိုးစေ့လေး စိုက်လိုက်တယ်၊ မျိုးစေ့လေးကနေ အညှောက်လေးထွက်သွား၊ တဖြည်းဖြည်းနဲ့ အပင်ကလေးဖြစ် အပင်လေးကနေ

http://www.dhammadownload.com



အကြီးကြီးဖြစ်တော့ တဖြည်းဖြည်းနဲ့ ဒီ အစဉ်ရှိတယ်ပေါ့၊ သူ့မှာ တဖြည်းဖြည်း ကြီးကြီးလာတာဆိုပါတော့၊ သစ်ပင်ဖြစ်လာတော့ မျိုးစေ့မဟုတ်တော့ဘူး၊ သစ်ပင် အငယ်လေး အညှောက်လေး မဟုတ်တော့ဘူး၊ သို့သော် သူကနေမှ ကြီးပွားလာတာ၊

အဲဒီလိုပဲ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ ရှေးရှေးသင်္ခါရကြောင့် ယခုဘဝ ဝိညာဏ်သစ်ဖြစ် စသည်ဖြင့် အစဉ်မပြတ် ဆက်စပ်နေပုံကို ဆင်ခြင်တဲ့အခါမှာ ဤဘဝ ဤသတ္တဝါ ဤခန္ဓာ အစဉ်သည် ဤဘဝဆုံးလျှင် ပြတ်၏။ နောက်ဘဝ နောက်သတ္တဝါ နောက်ခန္ဓာ တစ်မျိုးဖြစ်ပြန်၏ဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိသည် အလိုအလျောက် ကင်းပျောက်တော့၏။

ဥစ္ဆေဒဒိဋ္ဌိ ဆိုတာက ဒီတစ်ဘဝထဲသာရှိတယ်လို့ ယူတဲ့အယူပဲ၊ ဒီဘဝပြီးရင် ပြီးတာပဲ၊ နောက်ဘဝတွေ ဘာတွေမရှိဘူးလို့ ယူတဲ့ အယူကို ဥစ္ဆေဒ, ဥစ္ဆေဒဆိုတာ ပြတ်တယ်ပေါ့၊ ပုဒ်ရဲ့ တိုက်ရိုက်အနက်က ပြတ်တယ်၊ အဲဒီတော့ ဒီဘဝသာရှိတယ်၊ နောက်ဘဝဆိုတာ မရှိဘူး၊ ဒီဘဝပြီးရင် ပြီးတာပဲ, ပြတ်သွားပြီ ပေါ့လေ၊ အဲဒီလို ယူတဲ့အယူလို ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်တယ်၊ အဲဒီတော့ အခု ပဋိစ္စသမုပ္ပါဒ်ကို လေ့လာ လိုက်ကြတဲ့အခါကျတော့ တစ်ခုနဲ့ တစ်ခုဟာ ဆက်သွယ်မှု ရှိနေတယ် ဆိုတာကို နားလည်လာပြီ၊ တစ်သန္တာန်တည်း သွားတာနော်၊ အဲဒီလို နားလည်လာတဲ့အခါ ကျတော့ ဒီဘဝမှာ သင်္ခါရ ပြုမိတယ်ဆိုရင် ဝိညာဏ်ဟာ ဒီသင်္ခါရကြောင့် ဖြစ်ရ တော့မှာ၊ မဖြစ်ပဲမနေဘူး၊ ဝိညာဏ်ဆိုတာ ပဋိသန္ဓေ ဝိညာဏ် ဝိပါက်ဝိညာဏ် ဆိုတော့ နောက်ထပ် ဘဝဟာ ရှိရအုံးမယ်၊ ရှိရအုံးမယ်ဆိုရင် ဒီဘဝတွင် ပြီးတယ် ပြတ်တယ်ဆိုတဲ့အယူ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူးနော်၊ ဒါ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်နိုင်ဘူး၊ (ဧကတ္တနည်းကို ကောင်းကောင်း နားလည်ရင်)။

ဒါပေမယ်လို့ ဧကတ္တနည်းကို ကောင်းကောင်း နားမလည်ပဲနဲ့ အလွဲအမှား နားလည်သွားရင် သူက သဿတဒိဋ္ဌိ ဖြစ်လာတယ်၊ တစ်သန္တာန်တည်းဖြစ်နေတဲ့ သန္တာန် အစဉ်ရှိတယ်လို့ ပြောလိုက်တော့ တစ်ခုတည်းလို့ ယူဆလိုက်ရင် သူက သဿတဒိဋ္ဌိ ဖြစ်သွားရောပေါ့၊ အဲဒါကြောင့်မို့ အမှန်အကန်ယူဖို့ အလွန်အရေး ကြီးတယ်၊ ဧကတ္တနည်း အရ အင်္ဂလိပ်လိုတော့ Law of Identity သုံးတယ် ထင်တယ်နော်။

တစ်ခါ နာနတ္တနည်းတဲ့၊ နာနတ္တဆိုတာကတော့ ရှင်းရှင်းကတော့ မတူဘူး ဆိုတာပါပဲ၊ ကွဲပြားတယ်ဆိုတဲ့နည်း၊ သန္တာန်အစဉ်အမျှင်မပြတ်သော်လည်း ဒါတော့ တစ်သန္တာန်တည်း သွားတာတော့မှန်ပြီ၊ တစ်စဉ်တည်း တစ်တန်းတည်း သွားတာတော့

http://www.dhammadownload.com



မှန်ပြီ၊ ဆိုလိုတာကတော့ ဘဝပေါင်းဆက်စပ်ပြီး သွားနေတာ ဟုတ်လား၊ ကိုယ့်ဘဝက တစ်ခု, သူ့ဘဝကတစ်ခု၊ သတ္တဝါ အသီးသီး ဘဝအသီးသီးမှာ သွားနေကြတာ၊ အဲဒီတော့ သန္တာန်အစဉ် အမျှင်မပြတ်သော်လည်း အဝိဇ္ဇာရဲ့ သဘောက တစ်မျိုး, သင်္ခါရရဲ့ သဘောကတစ်မျိုး၊ အဝိဇ္ဇာသည် သင်္ခါရမဟုတ်, သင်္ခါရသည် အဝိဇ္ဇာမဟုတ်၊ အဝိဇ္ဇာကနေပြီး တဖြည်းဖြည်းနဲ့ သင်္ခါရဖြစ်သွားတာ မဟုတ်ဘူး၊ သင်္ခါရကနေ တဖြည်းဖြည်းနဲ့ ဝိညာဏ်အဖြစ် ပြောင်းသွားတာမဟုတ်ဘူး၊ အဲဒီလို တစ်ခုနဲ့တစ်ခုဟာ ကွဲပြားခြားနားတယ်ဆိုတဲ့ "အသိ"ဒါကို နာနတ္တနည်းလို့ ခေါ်တယ်။

အဲဒီလို နာနတ္တနည်းသိတဲ့အခါကျတော့ အဝိဇ္ဇာနဲ့ သင်္ခါရမတူပုံ, သင်္ခါရနဲ့ ဝိညာဏ်နဲ့ မတူပုံ အသစ်အသစ်အကြောင်းနှင့် အသစ်အသစ်အကျိုးတို့ တစ်မျိုးပြီး တစ်မျိုး ဖြစ်ပုံကို ဆင်ခြင်လိုက်သောအခါ မပြတ်မစဲ အမြဲတည်သည်ဟု ယူမှားသောသဿတဒိဋ္ဌိ အလိုအလျောက် ကင်းပျောက်သွားတယ်။

အစဉ်ရှိပေမယ်လို့ အစဉ်မပြတ်ပေမယ်လို့ တစ်ခုနဲ့ တစ်ခုဟာ သီးခြားစီ, အဝိဇ္ဇာသည် သင်္ခါရမဟုတ်ဘူး၊ သင်္ခါရသည် အဝိဇ္ဇာမဟုတ်ဘူး၊ အဝိဇ္ဇာကနေပြီး ပြောင်းလဲပြီးတော့ သင်္ခါရဖြစ်သွားတာ မဟုတ်ဘူး၊ သင်္ခါရက ပြောင်းလဲပြီး ဝိညာဏ် ဖြစ်သွားတာမဟုတ်ဘူး၊ အဝိဇ္ဇာကအကြောင်း၊ သင်္ခါရကအကျိုး အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရဟူသော အကျိုးဖြစ်တယ်၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဟူသော အကျိုးဖြစ်တယ်၊ အဲဒီလို သူ့အဆင့်အဆင့် တိုင်းမှာ အသစ်အသစ်ဖြစ်တာ၊ သို့သော် အသစ် အသစ်ဖြစ်တာက လုံးဝအသစ် မိုးပေါ်ကျ အသစ်မျိုးမဟုတ်ပဲနဲ့ လွန်ခဲ့တဲ့ဟာကို အကြောင်းပြုပြီးတော့ အဲဒီရဲ့ အကြောင်းကြောင့်လာပြီး ဒီမှာ အသစ်ဖြစ်တာ၊ အဲတော့ နှစ်ခုစလုံးကို မှုယူရတဲ့နည်း၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို ရှောင်ရမှာ။

အကယ်၍ ပဋိစ္စ သမုပ္ပါဒ်ကို မမြင်ဘူးဆိုရင် အစဉ် မပြတ်တာလည်းမှန်တယ်၊ သို့သော် အဲဒီ အစဉ်မပြတ်တဲ့ အထဲမှာ တစ်ခုစီ တစ်ခုစီကတော့ သီးခြားပဲ၊ A သည် B မဟုတ်၊ B သည် C မဟုတ်၊ A ကနေ B ဖြစ်သွားတာမဟုတ်ဘူး၊ သို့သော် A ကို အကြောင်းပြုပြီးတော့ B ဖြစ်တယ်၊ B ကို အကြောင်းပြုပြီးတော့ C ဖြစ်တယ်၊ အဲဒီလို မြင်တဲ့အခါကျတော့ အစဉ်အမြဲတည်တယ်ဆိုတဲ့ သဿတဒိဋ္ဌိ ပျောက်သွားတယ်။

အဘိဓမ္မာ သဘောအရ ပြောရရင် အဝိဇ္ဇာဟာ ဘယ်လောက်ကြာအောင်

http://www.dhammadownload.com



တည်မလဲ၊ ခဏ ငယ် ၃-ချက်ရှိတာ၊ ဥပါဒ်, ဋ္ဌီ, ဘင်, ပြီးရင် သူလည်းချုပ်သွားတာ၊ အဲဒီလို ခဏတိုင်း ခဏတိုင်းပဲနော်၊ အဲဒီ နှစ်ခုကို ပထမ နားလည်အောင် စဉ်းစားနော်၊ ဧကတ္တနည်းရယ်, နာနတ္တနည်းရယ် အစဉ်ရှိလို့ တူတယ်ဆိုရင်လဲပဲ ဟုတ်တယ်၊နာနတ္တနည်းအရ သူတို့ဟာ တစ်ခုနဲ့တစ်ခု မတူဘူးဆိုလည်း ဟုတ်တယ်၊ အဲဒီ နှစ်ခုကိုတည့်အောင် ယူဖို့အရေးကြီးတယ်၊ အဲဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်ကို ရိုးရိုးနားလည်ပြီးတဲ့နောက် ဒီနည်း ၄-ပါးကိုနားလည်ဖို့ ကောင်းတယ်၊ ဧကတ္တနည်းရယ်, နာနတ္တနည်းရယ်။

အစဉ်ကို လက်ခံတဲ့ အတွက်ကြောင့် ပရမ်းပတာ မဖြစ်ဘူး၊ အစဉ်မရှိပါဘူး ပြောမယ်ဆိုရင် မောင်ကကြီးရဲ့ကံကြောင့် မောင်ခကွေးမှာ သွားအကျိုးရနေလိမ့်မယ်, ရချင်ရနေလိမ့်မယ်၊ ပရမ်းပတာ သွားဖြစ်တာ မောင် ခကွေးက ပြုပြီးတဲ့ ကံဟာ မောင် ဂ ငယ်အတွက် သွားဖြစ်ရင်ဖြစ်မယ်, အစဉ် မရှိဘူး၊ အဲဒါကို လက်ခံရင် လုံးဝ ဖြစ်တယ်လို့ လက်ခံရင်။

အဲဒီလို အခု အစဉ်ရှိတဲ့အတွက်ကြောင့်မို့ ဒီလူပြုတဲ့ကံက ဒီလူပဲ အကျိုးရတယ်၊ ဟိုလူပြုတဲ့ကံက ဟိုလူပဲအကျိုးရတယ်၊ အဲဒီတော့ ပရမ်းပတာမဖြစ်ဘူး၊ သို့မဟုတ်ရင် ကံ ကံရဲ့အကျိုး သဘောတရားကို ကို့ရိုကားယား ဖြစ်သွားမယ်၊ ဒီ ဧကတ္တနည်းနဲ့ နာနတ္တနည်းကို နှစ်ခုမျှ ပြုပြီးတော့ ယူရတယ်နော်။

ပြီးတော့ နောက်တစ်ခုကတော့ အဗျာပါရနည်းတဲ့၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ ငါသည် သင်္ခါရကို ဖြစ်စေမည်ဟု အဝိဇ္ဇာဝယ် ကြောင့်ကြ ဗျာပါဒမရှိ။

ဗျာပါဒဆိုတာ ကြောင့်ကြစိုက်တာကို ဆိုလိုတယ်၊ အဲဒီတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့ နေရာမှာ အဝိဇ္ဇာက သင်္ခါရကို ဖြစ်အောင် လုပ်မယ်ဆိုတဲ့ အားထုတ်မှုမျိုး ကြောင့်ကြမှုမျိုး သူ့မှာ ရှိတာ မဟုတ်ဘူးတဲ့၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တဲ့ အခါမှာလည်းပဲ သင်္ခါရက ငါတော့ ဝိညာဏ်တွေကို ဖြစ်အောင် လုပ်မယ်ဟဆိုတဲ့ ကြောင့်ကြစိုက်မှု သူ့မှာရှိတာ မဟုတ်ဘူးတဲ့နော်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာသာရှိတယ်၊ သူက ဗျာဒါဒ အားထုတ်ပြီးတော့ ကြောင့်ကြစိုက်ပြီးတော့ ဖြစ်စေရတာ မဟုတ်ဘူးတဲ့၊ အဲဒီနည်းကို ဆင်ခြင်လိုက်တဲ့အခါမှာ အကြောင်းတရား အကျိုးတရားတို့ ဖာသိဖာသာ ဖြစ်နေပုံကို သိမြင်ရသဖြင့်၊ ဖာသိဖာသာ ဖြစ်တယ်ဆိုတာ အကြောင်းကြောင့် အကျိုးဖြစ်နေတာ၊ တစ်စုံတစ်ယောက်က စီမံလို့ ကြောင့်ကြစိုက်လို့ ဖြစ်တာမဟုတ်ဘူး၊ သူတို့ သဘာဝ in terms of nature ပေါ့၊ သူ့ သဘာဝအတိုင်း၊ ဒီအကြောင်းကြောင့်

http://www.dhammadownload.com



ဒီအကျိုးဖြစ်နေတာ, ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်နေတာကို မြင်ရင် ဤကမ္ဘာလောကကြီးနှင့်တကွသတ္တဝါတွေကို ထာဝရဘုရား စသူတို့က ဖန်ဆင်းပေးနေသည်ဟူသော (ဣဿရ နိမ္မာန ဝါဒသည် လည်းကောင်း၊ ဣဿရနိမ္မာန ဝါဒဆိုတာ ဖန်ဆင်းရှင် ရှိတယ်ဆိုတဲ့ ဝါဒပေါ့) ဒိဝါဒ ကင်းပျောက်သွားနိုင်တယ်တဲ့၊ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တာ၊ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တာ, ဘယ်သူကမှ လုပ်လို့ ဖြစ်တာမဟုတ်ဘူးနော်၊ သူ့သဘာဝအရ ဒီအကြောင်းလုပ်တဲ့ အတွက်ကြောင့်မို့ဒီအကြောင်းဆိုင်ရာ အကျိုးဖြစ်တာ၊ အဲဒီလို မယူဘူးဆိုရင် ခုနက စဉ်းစားပြီးတော့ တစ်ယောက်ယောက်က ဖန်ဆင်းတာ ဖြစ်မှာပါပဲဆိုတဲ့ဟာကို ဆိုက်ဆိုက်သွားတတ်တယ်။

ဒါကြောင့်မို့ အဖျာပါရနည်းအရ အဝိဇ္ဇာသင်္ခါရစတဲ့ တရားတွေဟာကြောင့်ကြဗျာပါဒ မစိုက်ပဲနဲ့ သူ့ကြောင်းကျိုး ဆက်သွယ်ပုံ သဘာဝ နိယာမ သဘောတရားအရ ဖြစ်နေကြတာ၊ ဘယ်သူမှဝင်ပြီး ဖန်ဆင်းရတာ မဟုတ်ဘူး၊ ဘယ်သူမှ ဝင်ပြီးတော့ ဖြစ်စေကွာလို့ လုပ်ရတာ မဟုတ်ဘူးပေါ့နော်။

အဲဒီလို နားလည်တဲ့အခါကျတော့ သတ္တဝါတွေကို ထာဝရဘုရား ဖန်ဆင်းတယ်ဆိုတဲ့ အယူအဆမျိုး မဖြစ်နိုင်တော့ဘူးတဲ့၊ ပြီးတော့ မိမိခန္ဓာကိုယ်တွင်း၌ ထိုထိုအမှုကို ပြုလုပ်တတ် ခံစားတတ်သော အတ္တရှိ၏ဟု စွဲလမ်းတတ်သော အတ္တဝါဒသည်လည်းကောင်း၊ အလိုအလျောက် ကင်းပျောက်တော့၏။

တချို့ဘာသာတွေမှာ အယူရှိတယ်ပေါ့လေနော်၊ ငါတို့လုပ်တာဟာ ငါတို့က လုပ်တာမဟုတ်ဘူး၊ ငါတို့ အထဲမှာရှိတဲ့ အတ္တကလေးက လုပ်တာ, ငါတို့ ကောင်းတာဖြစ်ဖြစ်, ဆိုးတာဖြစ်ဖြစ် ခံစားတာလည်း ငါတို့က ခံစားတာမဟုတ်ဘူး၊ အတ္တကလေးက ခံစားတာ၊ ဘာမဆို အတ္တ စေစားချက်အရ ဒို့က လုပ်နေတာဆိုတဲ့ အယူရှိတယ်၊ အဲဒီ အယူအဆ အတ္တဝါဒ ဟာလည်းပဲ ပြုတ်သွားတယ်တဲ့၊ ဒီ အဗျာ ပါရနည်းကို နှလုံးသွင်းကြည့်လိုက်မယ်ဆိုရင် ပြုတ်သွားတယ်၊ ဘယ်သူကမှ ခိုင်းလို့ အဝိဇ္ဇာကသင်္ခါရကို အဖြစ်ခိုင်းတာ မဟုတ်ဘူး၊ သင်္ခါရက ဝိညာဏ်ကို အဖြစ် ခိုင်းတာ မဟုတ်ဘူး၊ သူ့ဟာသူ ဖြစ်နေတာပဲ၊ အကြောင်းအကျိုး ဆက်စပ်မှုအရ ဖြစ်နေတာပဲဆိုတာကို နားလည်ရင် တစ်ယောက်ယောက်က လုပ်ခိုင်းလို့ တစ်ခုခုဖြစ်တယ်ဆိုတာမျိုးပေါ့လေ၊ ဣဿရ နိမ္မာန, ဗြဟ္မာကြီးက ဖန်ဆင်းလို့ ထာဝရဘုရားက ဖန်ဆင်းလို့, ဒါမျိုး မရှိနိုင်တော့ဘူးပေါ့လေ၊ သတ္တဝါတွေ ဖြစ်လာတယ်ဆိုတာ မရှိနိုင်ဘူးပေါ့လေ၊ ဒါကြောင့်မို့ အဗျာပါရနည်းနဲ့လည်းပဲ

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမယ်တဲ့။

နောက်ဆုံးတစ်ခုကတော့၊ ဧဝံ ဓမ္မတာနည်းတဲ့။ ဧဝံ ဓမ္မတာနည်းဆိုတာလည်းပဲ ဤသို့ အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရစသော အကျိုးများ၏ ဖြစ်ရခြင်းသည် ထုံးစံဓမ္မတာပဲတဲ့၊ ဒါဟာ လောကသဘာဝပဲပေါ့၊ အဲဒီလို သိရတဲ့နည်းကို ဧဝံ ဓမ္မတာနည်းလို့ခေါ်တယ်တဲ့၊ အဲဒီနည်းအရ ဆင်ခြင်ကြည့်လိုက်တဲ့အခါကျတော့ ချိုဆိမ့်သော နို့ရေကြောင့်ချဥ်သော နို့ဓမ်းဖြစ်ရခြင်း၊ နို့ကနေပြီးတော့ ဒိန်ချဥ်ဖြစ်တယ်၊ နို့ဓမ်းလို့ စာမှာတော့သုံးတယ်၊ နှမ်းကြောင့် ဆီဖြစ်ရခြင်း၊ ကြံကြောင့် ကြံရည် ဖြစ်ရခြင်းများသည် ထုံးစံဓမ္မတာပဲတဲ့နော်၊ သဲက ဆီမဖြစ်ဘူးတဲ့၊ ကြံက နို့ရည်မထွက်နိုင်ဘူးတဲ့၊ ဒါလည်းဓမ္မတာပဲတဲ့။

အဲဒီလို သဘောတရားကို ဆင်ခြင်လိုက်တဲ့အခါမှာ အဝိဇ္ဇာကြောင့်သာဖြစ်တယ်၊ တစ်ခြားမဆိုင်တဲ့ အကြောင်းကြောင့် မဆိုင်တဲ့ အကျိုးမဖြစ်ဘူး၊ သူ့ဆိုင်ရာ သူ့ဓမ္မတာအတိုင်းသာဖြစ်တယ်တဲ့၊ အဲဒီလို ဆင်ခြင်လိုက်တဲ့အခါမှာ အားလုံးတရားဟာ ဆိုင်ရာအကြောင်းမကင်းဟု သိတတ်သော သဟေတုက အယူပေါ်လာရကားတဲ့။

အကြောင်းမဲ့သက်သက်ဖြစ်သည်ဟု အယူမှားတဲ့ အဟေတုကဒိဋ္ဌိတဲ့ အကြောင်းမရှိပဲ ဖြစ်တယ်လို့ ယူတဲ့ အဟေတုဒိဋ္ဌိ၊ ကုသိုလ်, အကုသိုလ်ပြုလည်းပြုရာ မရောက်ဘူး၊ အကျိုးမရနိုင်ရတ္တကဆိုတာ အကျိုးမရှိဘူးလို့ ပြောတာ၊ အယူမှားတဲ့ အကိရိယဒိဋ္ဌိ၊ ဒါလည်းပဲ အလိုအလျောက် ပျောက်သွားတယ်နော်၊ ဧဝံ ဓမ္မတာနည်းဆိုတာ အဲဒါပဲ။

အဲဒီတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရတည်းဟူသော အကျိုးဖြစ်တာဟာ ထုံးစံ ဓမ္မတာ သူ့သဘာဝအတိုင်း ဖြစ်တယ်ဆိုတာကို သိတဲ့အခါမှာ ဒါဟာ အဟေတုကဒိဋ္ဌိနဲ့နော်၊ အကိရိယ ဒိဋ္ဌိများလည်း ကင်းပျောက်သွားနိုင်တယ်။

အဲဒီတော့ မိစ္ဆာဒိဋ္ဌိ ကင်းပျောက်အောင်ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကို မှန်မှန်ကန်ကန် နားလည်ရင် ပျောက်နိုင်တယ်၊ ပျောက်နိုင်တယ်ဆိုတာက ပုထုဇဉ် ပျောက်ပျောက်တာပေါ့လေနော်၊ တကယ်အကြွင်းအကျန် မရှိအောင် ပျောက်မှာ ကတော့ အရိယာဖြစ်မှ ပျောက်မှာ။

သို့သော်လည်းပဲ ကလျာဏပုထုဇဉ်ဖြစ်ပြီးတော့ ဒိဋ္ဌိတွေ ပျောက်သလောက်

http://www.dhammadownload.com



နီးပါးဖြစ်နိုင်တယ်၊ အခု အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ် စသည်ကို လေ့လာလိုက်တဲ့အခါမှာ အခုလို နည်း ၄-ပါးနဲ့လည်း စပ်ဟပ်ပြီးတော့ နားလည်မယ်ဆိုရင် ဗုဒ္ဓဘာသာမှာ မိစ္ဆာဒိဋ္ဌိလို့ ခေါ်ထားတဲ့ မြဲတယ်လို့ယူတာတွေ ပြတ်တယ်လို့ ယူတာတွေ, အကြောင်းမရှိဘူး ဖြစ်ချင်ရာ ဖြစ်တယ်, သို့မဟုတ် ဖန်ဆင်းရှင်ရှိတယ်လို့ ယူတာတွေ, အကုန်လုံး ပျောက်နိုင်တယ်၊ ဒီတရားတစ်ခုထဲက တော်တော်အရေးကြီးတာ၊ အဲဒါပဲ, ဗုဒ္ဓဘာသာ အမြင်မှန်ရှိဖို့ဟာ အလွန် အရေးကြီးတယ်။

ကိုင်း,တိုက်တွန်းချက်တဲ့ ဖတ်လိုက်ကြရအောင်၊ အဲဒါက "ဗုဒ္ဓဘာသာဝင် ဖြစ်၍ အရာရာ၌ စဉ်းစားလေ့ရှိသူတို့သည် ကမ္ဘာလောကကြီးသည် အချိန်ကျလျှင် ပျက်စီး၏၊ ပျက်ပြီးနောက် ကမ္ဘာပြုမိုး ရွာပြီးနောက် တစ်ဖန်ဖြစ်ပေါ်လာ၏ဟူသော ကျမ်းစာအရ ဖြစ်ချည်, ပျက်ချည် အတည်မကျပုံကို ယုံကြည်နိုင်ကြသော်လည်း" ဒါကတော့ ငယ်ငယ်ထဲက လူကြီးသူမတွေက ပြောထားမယ်၊ စာပေသင်ကြား ထားမယ်ဆိုရင် ယုံကြည်နိုင်တယ်၊ ယုံကြည်နိုင်ကြပေမယ်လို့ ဘယ်တုန်းကစ၍ ဖြစ်ခဲ့ပါလိမ့်တုန်းဟု တစ်ဆင့်စဉ်းစားလေ့ရှိကြ ပြန်၏တဲ့။

လူမှာစဉ်းစားတတ်တဲ့ဉာဏ်လေးနဲ့ကတော့ စဉ်းစားမှာပေါ့နော်၊ တစ်ချို့က ပြောတယ်၊ မြင့်မိုရ်တောင်နဲ့ ဆီးစေ့နဲ့ မချိန်နဲ့လို့ပြောတော့၊ ဒါကတော့ မရဘူးကွ၊ ငါ ဆီးစေ့လောက် ဉာဏ်ရှိရင် ဆီးစေ့လောက်ဉာဏ်နဲ့တော့ တိုင်းမှာပဲ။

သမုဒ္ဒရာထဲ ကိုယ်က ယုန်လေးဖြစ်နေလို့ သမုဒ္ဒရာ ဘယ်လောက်နက်နေနေ ကိုယ့်ခြေထောက်လေး မိုသလောက်တော့ ထောက်ကြည့်ချင်သေးတာပဲ၊ ဟုတ်တယ် မဟုတ်လား၊ ဒါကတော့ စဉ်းစားမှာပဲ၊ အဲဒီတော့ ဘယ်လို စဖြစ်ခဲ့ပါလိမ့်မလဲလို့ စဉ်းစားပြန်တယ်တဲ့နော်၊ သတ္တဝါတွေ အတွက် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ စသည်ကို ယုံကြည်နိုင်သော်လည်းတဲ့ ဘယ်တုန်းက စခဲ့ပါလိမ့်နည်းဟုကား စဉ်းစားလျှက်ပင်တည်းတဲ့, ဟုတ်လား? ဒါ အမြဲတမ်း လူတွေကလည်းမေးတယ် ပြီးတော့ logically စဉ်းစားကြည့်ရင် အစကရှိဖို့ တကယ်ကောင်းတယ် ဟုတ်တယ်မဟုတ်လား?

မှန်တယ်လို့ သူတို့မေးရင်လည်း ပြောရတယ်၊ ဒီမှာဒါရှိရင် သူ့ရဲ့အစကလည်း ရှိရမယ်ဆိုတာတော့ မှန်တယ်၊ ဒါပေမယ်လို့ အဲဒီအစက သိကို မသိနိုင်တာ၊ မသိနိုင်တာကိုပြောတာ၊ မရှိဘူးလို့ပြောတာ မဟုတ်ဘူး၊ ဒါပေမယ်လို့ မသိနိုင်ဘူး။

ဆိုပါတော့, သရက်သီးဆိုပါတော့ သရက်သီးရဲ့အစ ပထမစပေါ်တာ

http://www.dhammadownload.com



ရှိခဲ့ရမှာပဲ၊ ဘယ်သူမှ မသိခဲ့ရလို့ဟာကို, သရက်သီးက စဖြစ်သလား၊ သရက်ပင်က စဖြစ်သလား?၊ သို့မဟုတ် ကြက်ဥနဲ့ ကြက်မလို ဘယ်သူက စဖြစ်တယ်ဆိုတာ မသိနိုင်ဘူး, သို့သော် အမှန်အတိုင်း ကတော့ တစ်ခုခုကတော့ စဖြစ်ခဲ့ရမှာကတော့ သေချာတယ်, စဉ်းစားကြည့်ရင်ပေါ့။

ထို့အတူပဲ, ဒီမှာလည်းအစဆိုတာတော့ မရှိဘူးတော့ မဟုတ်ဘူး၊ ရှိတော့ ရှိမှာပဲ၊ ဒါပေမယ်လို့ ဘယ်လိုမှ သိလို့မရဘူး၊ လျှောက်လိုက်ရင် တစ်ခါတည်း သွားမှာပဲ၊ ဘယ်လိုမှ မဆုံးနိုင်ဘူး၊ ဒီအကျိုးကနေ ဟိုအကြောင်းရောက် ဟိုအကြောင်း ကနေ ဟိုအကြောင်းရောက်, ဟိုအကြောင်းကနေ ဟိုအကြောင်းရောက် ဒီလို တစ်ခုကနေ တစ်ခု သွားနေရင် ဒါလည်း infinity ရောက်သွားမယ်၊ အဲဒါကြောင့်မို့ အစမရှိဘူး၊ အခုအဲသလိုပဲ စဉ်းစားတယ်တဲ့၊ စဉ်းစားလို့ မဆုံးဖြတ်နိုင်တဲ့ အခါကျတော့ ဘယ်လိုမှ စိတ်ထဲမရတဲ့အခါကျတော့ ဘာလုပ်လိုက်သလဲ, ကမ္ဘာလောကကြီးနှင့် သတ္တဝါတွေသည် အကြောင်းမဲ့သက်သက် ဖြစ်တတ်၏၊ အကြောင်းအကျိုး ဆက်စပ်ဖြစ်တာ မဟုတ်ဘူး၊ ဖြစ်ချင်သလိုဖြစ်တာပါ၊ အကြောင်းမဲ့ သက်သက် ဖြစ်ပါတယ်လို့ အဲသလိုလည်းပဲ တွေးတတ်တယ်တဲ့၊ ဖြစ်ဖို့ရန်အစမှာ အကြောင်းမရှိလို့ ဒီလိုအဟေတုက ဒိဋ္ဌိထဲလည်း ရောက်သွားတတ်တယ်။

သို့မဟုတ်ရင်လည်း ဖန်ဆင်းတာပေါ့၊ ဒါက လွယ်တဲ့နည်းပဲ၊ ဗြဟ္မာကြီး ဖန်ဆင်းတယ်၊ ဘုရားသခင် ဖန်ဆင်းတယ် ပြောလိုက်တာပဲ။

"ဖန်ဆင်းတတ်သူ တစ်ယောက်တော့ ကေန်ရှိဦးမှာပဲဟူသော ဣဿရ နိမ္မာနဝါဒကို သဘောကျသလို ရှိပြန်၏"

တစ်ခုခုကိုရောက်သွားတတ်တယ်၊ စဉ်းစားလိုက်တဲ့ အခါကျတော့ လူတွေဟာ အကြောင်းမရှိပဲနဲ့ ဖြစ်လာတာပါလို့ တွေးချင်လည်းတွေးမယ်၊ သို့မဟုတ်ရင်လည်း ဘုရားသခင် ဖန်ဆင်းတယ်, ဗြဟ္မာဖန်ဆင်းတယ်၊ အဲသလို ဖန်ဆင်းတယ်ဆိုတာက ပိုပြီးတော့ လက်ခံဖို့ရှိတယ်။

ဒီနိုင်ငံ (အမေရိကန်)ကလူတွေ အဲဒါအလွန်မေးတတ်တယ်၊ ဦးဇင်းတို့က ဖန်ဆင်းသူ မရှိဘူးပြောရင် သူတို့မှာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်တော့တာပဲ၊ ဒီလောက်ဖြစ်တည်နေတဲ့ လောကကြီးဟာ ပြုလုပ်သူရှိရမယ်၊ ဖန်ဆင်းသူရှိရမှာပေါ့၊ ရာသီဥတုတွေမှန်မှန်သွားနေတယ်၊ နေတွေလတွေ မှန်မှန်ထွက် ဝင်နေတယ်၊ ဒါတွေကို အပေါ်စီးက ကြည့်ရှုပြီး ထိန်းနေတဲ့သူ ရှိရမှာပေါ့၊ လုပ်ထားတဲ့သူ ရှိရမှာပေါ့လို့ အဲသလိုချည်းတွေးတော့တာပဲ။

http://www.dhammadownload.com



ဒီကလည်း ဗုဒ္ဓဘာသာအနေနဲ့ "မဟုတ်ဘူးကွ၊ ဒါဟာ သဘာဝအရ သူ့အကြောင်းနဲ့သူ အကျိုးဆက်စပ်ပြီးတော့ ဖြစ်နေတာ၊ ဘယ်သူကမှ လုပ်ရတာ မဟုတ်ဘူး၊ Law of Kamma ကတော့ It is law but there is no law-giver အဲသလို ပြောလိုက်ရင် သူတို့ စိတ်ထဲမှာ တစ်မျိုးမျိုးဖြစ် ဖြစ်သွားတယ်။

ဒါဟာ အရေးကြီးတယ်၊ အစဆိုတဲ့ ကိစ္စတွေးမိရင် အဟေတုက ဒိဋ္ဌိထဲလဲ ရောက်သွားနိုင်တယ်၊ ဣဿရနိမ္မာနဝါဒဘက်လည်း ရောက်သွားနိုင်တယ်။

"ဗုဒ္ဓဘာသာကျမ်းစာများ၌ မိမိဉာဏ် မပိုင်၍ မကြံနိုင်သော လောကအကြောင်းအရာကမ္ဘာ၏ ဖြစ်ပုံကို မကြံလေနဲ့၊ ကြံဖန်များလျှင် အသိဉာဏ် အမှန်မရက ရူးသွပ်တတ်သည်ဟု မိန့်မှာတော်မူ၏" ဒါက ဘုရားဟောရှိတယ်၊ ကိုယ်က ဉာဏ်မမှီပဲနဲ့ သိပ်ကြံနေရင် ရူးလိမ့်မယ်၊ ဒါဟာ အမှန်ပဲ။

"ထို့ကြောင့် ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်ပုံကိုသာ နည်း ၄-ဖြာ ဖြန့်ခင်း၍ သန့်ရှင်းအောင် အထပ်ထပ်စဉ်းစားလျှင် ထိုသံသရာ ထိုကမ္ဘာ လောကကြီးနှင့် မိမိခန္ဓာအစဉ်၏အစ မရှိကြောင်းကို ကောင်းကောင်း ရှင်းပါလိမ့်မည်၊ ဤပဋိစ္စသမုပ္ပါဒ်ကို ရှင်းလင်းစွာ မထွင်းဖောက်နိုင်သေးပဲ သံသရာမှ ထွက်မြောက်နိုင်သူကား အိပ်မက်ထဲမျှ မရှိခဲ့ကြဖူးပါချေ၊ သို့အတွက် သံသရာမှ မြန်စွာ ထွက်မြောက်ဖို့ရာ ဤဘဝစက်ဝိုင်းကို ကသိုဏ်းရှုသလို အထပ်ထပ်ကြည့်ရှုဆင်ခြင်၍ ထင်မြင်အောင် အားထုတ်ကြပါကုန်"

အမှန်ကတော့ ဒါကို စာသိ သိနေရုံနဲ့ မရသေးပါဘူး၊ တရားအားထုတ်ပြီးတော့ ဝိပဿနာတော့ ရောက်အောင်သွားရမှာပဲ၊ ဝိပဿနာမရောက်ခင် ပဋိစ္စသမုပ္ပါဒ်မှာ ဟောထားတာ နားလည်ထားရင်လဲ ကောင်းပါတယ်။

ဒါပေမယ်လို့ ပဋိစ္စသမုပ္ပါဒ်နားလည်မှ တရားအားထုတ်ရမယ်လို့ ဒီလိုမှတ်သားလို့ မရဘူး၊ မြတ်စွာဘုရား လက်ထက်က ဘုရားဟောတဲ့ တရားနာယူပြီး ရဟန္တာဖြစ်သွားသူတွေအချို့ဟာ ပဋိစ္စသမုပ္ပါဒ်တွေ ဘာတွေ ဘယ်သိလိမ့်မလဲ၊ မိစ္ဆာဒိဋ္ဌိ ဘဝကလာပြီးတော့ အခုချက်ခြင်း တရားနာ တရားထိုင်ပြီး ဖြစ်သွားသူတွေလည်း ရှိတယ်၊ သို့သော် ဒါတွေနားလည်ထားရင် တရားအားထုတ်တဲ့အခါ ပိုပြီး အားထုတ်လို့ ကောင်းတယ်၊ ပိုပြီးတော့ အသိဉာဏ် ရှင်းတယ်၊ ဒါပါပဲ။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာဘုရား အလောင်းတော် ကိုယ်တိုင် ဘုရားမဖြစ်ခင်ကိုက နှလုံးသွင်းခဲ့တယ်၊ ဆင်ခြင်စဉ်းစားသုံးသပ်ခဲ့တယ်၊ ဘုရားဖြစ်ခါနီး အချိန်ကပ်ပြီးတော့လဲ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တယ်၊ ဘုရားဖြစ်ပြီးတဲ့နောက်

http://www.dhammadownload.com



လည်းပဲ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တယ်၊ ပြီးတော့လည်းပဲ သက်တမ်းတစ်လျှောက်လို့ ပြောကြပါစို့၊ ၄၅-ဝါပတ်လုံး သက်တမ်းတစ်လျှောက်မှာလည်း အကြိမ်ကြိမ် ပဋိစ္စသမုပ္ပါဒ်တရားကို ဟောတော်မူခဲ့တယ်။

ကောင်းပြီ၊ တစ်ခုပြောစရာလိုသေးတယ်၊ အဲဒါကတော့ အကျဉ်းပဲပြောပြမယ်။

ဒီမှာ ပြောထားတာက အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်, ဝိညာဏ်ကြောင့် နာမ်ရုပ် စသည်ဖြင့် ပြောထားတဲ့အခါကျတော့ အကြောင်းတစ်ခု အကျိုးတစ်ခုဆိုတဲ့ အခိပ္ပါယ်မျိုး ဖြစ်မနေဘူးလား၊ ဗုဒ္ဓဘာသာမှာက အကြောင်းတစ်ခု အကျိုးတစ်ခုဆိုတဲ့ဝါဒ၊ အကြောင်းတစ်ခု အကျိုးအများကြီးဆိုတဲ့ ဝါဒ၊ အကျိုးတစ်ခု အကြောင်းအများကြီးဆိုတဲ့ဝါဒ၊ ဒီ ၃-ခုကို လက်မခံဘူး၊ Multiplicity of cause and effect များစွာသော အကြောင်းကြောင့် များစွာသော အကျိုးဖြစ်တယ်၊ ဒါကို လက်ခံတယ်၊ အဲဒါလေး မှတ်ထားရမယ်၊ အကြောင်းတစ်ခုကြောင့် အကျိုးတစ်ခုဖြစ်တယ်ဆိုတာ ဗုဒ္ဓဘာသာ လက်မခံဘူး၊ အကြောင်းများစွာ စုပေါင်းပြီးတော့ ဖြစ်တဲ့အခါမှာလည်းအကျိုးများစွာဖြစ်တယ်၊ ဒီအယူဝါဒကို ဗုဒ္ဓဘာသာ လက်ခံတယ်။

ဒါပေမယ်လို့ ထင်ရှားတဲ့အကြောင်း သူများနဲ့ မဆက်ဆံတဲ့အကြောင်းတွေကို ပြောချင်တယ်၊ ပြချင်တဲ့အတွက်ကြောင့်မို့ ဒီမှာ အဝိဇ္ဇာကြောင့် သင်္ခါရ သင်္ခါရကြောင့် ဝိညာဏ်စသည်ကိုပြောတာ။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ စဉ်းစားကြည့်လေ၊ သင်္ခါရဆိုတာကံ မဟုတ်လား၊ ကံဆိုတာ စေတနာ, စေတနာ ဆိုတာ စေတသိက်၊ အဲဒီစေတသိက်ဟာ စိတ်မဖြစ်ရင် မဖြစ်နိုင်ဘူး၊ အဲဒီတော့ စိတ်ကလဲ condition အနေနဲ့ပါတာပဲ။

တစ်ခါ ဒီစိတ်ကလည်း အာရုံမရှိပဲနဲ့ ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ အာရုံရှိပြီဆိုပါတော့, မိုရာဝတ္ထုရုပ် မရှိပဲနဲ့ ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ အဲသလို အာရုံအကြောင်းတို့ မိုရာဝတ္ထုအကြောင်းတို့, သမ္ပယုတ်အကြောင်းတို့ ဒါတွေအားလုံးစုံမှ သင်္ခါရကဖြစ်တာ၊ အဝိဇ္ဇာဆိုတဲ့ condition တစ်ခုထဲကြောင့် သင်္ခါရဖြစ်တာမဟုတ်ဘူး။

ဒါပေမယ်လို့ သူ (အဝိဇ္ဇာ)က ပြဋ္ဌာန်းတဲ့အတွက်ကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ ဒီလိုဟောတော်မူတယ်။

ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်မှာ ဟောထားတာဟာ အဲဒီလို ထင်ရှားရာကို ယူပြီးတော့ ဟောထားတာဖြစ်သည်၊ အဝိဇ္ဇာတစ်ခုထဲကြောင့် သင်္ခါရ တစ်ခုထဲ ဖြစ်တယ်၊ သင်္ခါရတစ်ခုထဲကြောင့် ဝိညာဏ်တစ်ခုထဲဖြစ်တယ်၊ ဝိညာဏ်ကြောင့်

http://www.dhammadownload.com



(သူ့ချည်းသက်သက်ပေါ့) နာမ်ရုပ်ဖြစ်တယ်လို့ ဒီလိုမမှတ်ရဘူး၊ တခြားအကြောင်းတွေလည်းပဲရှိသေးတယ်၊ ဆိုင်ရာအာရုံတို့, ဝတ္ထုတို့, ယောနိသောမနသိကာရ တို့ ဘာတို့ပေါ့လေ၊ အဲဒီအကြောင်းတွေကြောင့် အကျိုးဖြစ်တယ်လို့ အဲဒါကိုလည်း မှတ်ရမယ်။

ဒါဟာ ပဋ္ဌိစ္စသမုပ္ပါဒ်၊ ဒါဟာလည်းအကြမ်းဖျင်းပဲရှိသေးတယ်၊ ဒါတောင် ၂-ပတ် ပြောယူရတယ်၊ ပဋိစ္စသမုပ္ပါဒ်ကိုလည်းထပ်ပြီး ဖတ်ကြလေ့လာကြဦးပေါ့လေ။

ပဋိစ္စသမုပ္ပါဒ်ကို တကယ် အကျယ်, ပဋ္ဌာန်းနည်းရော ဘာရော စုပေါင်းပြီး ရေးထားတာကတော့ ဝိသုဒ္ဓိမဂ်မှာရှိတယ်၊ ဝိသုဒ္ဓိမဂ်မှာ အခန်းတစ်ခန်း ဖွဲ့ပြီးတော့ ရေးထားတာရှိတယ်၊ အဲဒီအခန်းဟာ အမှန်အတိုင်း ပြောရရင် စာဖတ်သူတွေအတွက် အခက်ဆုံးအခန်းပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီမှာ သင်္ဂြိုဟ်အဘိဓမ္မာစကားတွေက မပါလို့ မဖြစ်ဘူး, သိပ်ပါတယ်။

တခြားအခန်းတွေကမှ ဝတ္ထုကြောင်းတွေပါသေးတယ်၊ နေ့စဉ်ဖြစ်ပျက်နေတဲ့ အကျိုးအကြောင်းတွေ ပါသေးတယ်၊ ဒီကျတော့ စိတ်, စေတသိက်တွေ, ဝိညာဏ် နာမ်ရုပ်, ဖဿတွေပါတော့ အဘိဓမ္မာအခြေခံ မရှိတဲ့သူဆိုရင် အဲဒါတွေ ဖတ်ရတော့ နားမလည်နိုင်ဘူး၊ အဲဒီတော့ တကယ်အကျယ် ဖတ်ချင်တယ်ဆိုရင် ဝိသုဒ္ဓိမဂ်ကို ဖတ်ဖို့ပဲ။

မြန်မာလိုထဲကတော့ လယ်တီဆရာတော်ဘုရားကြီး ရေးထားတဲ့ "ပဋိစ္စသမုပ္ပါဒ် ဒီပနီ"ဆိုတာ ရှိသေးတယ်၊ အဲဒါလည်းပဲ ဘုန်းကြီးရေးတဲ့ မြန်မာစာမို့လို့ အခုခေတ် လူဝတ်ကြောင်တွေဖတ်ရင် သိပ်လွယ်ဦးမှာ မဟုတ်ဘူး၊ ဒါပေမယ်လို့ သူ့ခေတ်နဲ့သူတော့ လယ်တီဆရာတော်ရေးတဲ့ စာတွေဟာ အလွန်ကောင်းတယ်၊ လူဝတ်ကြောင်တွေအတွက် ကျေးဇူးများတယ်လို့ ပြောခဲ့ကြတာပဲ၊ ဒါပေမယ်လို့ အခုခေတ် လူဝတ်ကြောင်တွေနဲ့ဆိုရင် ခက်ဦးမှာပဲ၊ ဒါပေမယ့် မြန်မာလိုရှိတယ် ဆိုပါတော့။

အဲဒီ (ပဋိစ္စသမုပ္ပါဒ်) ဒီပနီကို လယ်တီဆရာတော်ကြီးက လက်ာကြီးတွေနဲ့ ရေးသွားတာ၊ အဲဒီလက်ာကို မန္တလေးက ရန်ကုန်အသွားလား မသိဘူး၊ မီးရထားပေါ်မှာ ရေးသွားတာတဲ့၊ ပဋိစ္စသမုပ္ပါဒ်နဲ့ဆိုင်တဲ့ တခြားစာအုပ်တွေလည်းရှိပါတယ်၊ ပဋိစ္စသမုပ္ပါဒ်အရသာဆိုတဲ့ စာအုပ်မျိုးတွေ တွေ့ချင်လည်းတွေ့ပါလိမ့်မယ်၊ အဲဒါတွေ မတွေ့ရင်လည်း ကိုယ်သိသလောက်လေး ပြန်နှလုံးသွင်းပြီးတော့ ပဋိစ္စ သမုပ္ပါဒ်ကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် နားလည်အောင် လုပ်ထားဖို့ အရေးကြီးတယ်။

http://www.dhammadownload.com



တစ်ခုပဲလိုတာက ပဋ္ဌာန်းနည်းနဲ့ ဆက်သွယ်ပြီး သိဖို့ပဲလိုတယ်၊ ပဋ္ဌာန်းနည်းနဲ့ ဆက်သွယ်ပြီး သိပြီဆိုရင်တော့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီးတော့ တော်တော်လေး ပြည့်စုံသွားပြီပေါ့၊ အားလုံးပြည့်စုံပြီမပြောနိုင်သော်လည်း တော်တော်လေး ပြည့်စုံပြီ ဆိုရမယ်။

ဗုဒ္ဓဘာသာမှာ အရေးကြီးတဲ့ တရားတစ်ခုမို့လို့ ဂရုစိုက်လေ့လာပြီး နားလည် အောင် လုပ်ရမယ်။

ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို ဖြတ်ချင်တယ်ဆိုရင်တော့ ဝေဒနာနဲ့ တဏှာကြားမှာ ဖြတ်ရမယ်၊ အဲဒီအစပ်ဟာ ကိုယ်ဝင်ပြီးတော့ (ခေတ်စကားနဲ့ ပြောရင်) ကပျက်ယပျက် လုပ်နိုင်တဲ့နေရာပေါ့၊ သူ့ဟာသူ လည်နေတဲ့စက်ကြီးကို ကိုးရို့ကားယားဖြစ်အောင် လုပ်ချင်ရင် ဒီမှာပဲ ဝင်လုပ်လို့ ရတယ်။ (ဝေဒနာနဲ့ တဏှာကြားမှာ)

ဝေဒနာဖြစ်လျက်နဲ့ တဏှာမဖြစ်အောင် လုပ်ရမှာပေါ့၊ အထူးသဖြင့်တော့ တရားထိုင်ပြီးတော့ အမှတ်တရားနဲ့မှတ်ရင် ဝေဒနာဖြစ်ပေမယ်လို့ တဏှာမဖြစ် ဘူးပေါ့၊ ဝေဒနာဖြစ်ပေမယ်လို့ တဏှာမဖြစ်အောင် လုပ်နိုင်ရင် အဲဒီဟာအတွက် ပဋိစ္စသမုပ္ပါဒ်စက် ကိုယ့်မှာပြတ်သွားတယ်၊ နောက်ဝေဒနာလာတော့ တစ်ခါထပ်ပြီး မဖြစ်အောင်လုပ်ပေါ့လေ၊ အဲသလို။

ရဟန္တာဖြစ်တဲ့အခါကျတော့ အကုန်ချုပ်သွားတယ်၊ ဒါကြောင့်မို့ အဝိဇ္ဇာချုပ်၊ သင်္ခါရချုပ်၊ ဝိညာဏ်ချုပ် စသည်ဖြင့် သွားရင် ကုန်ပြီ။

ကောင်းပြီ၊ အဲဒီ ပဋိစ္စသမုပ္ပါဒ်ကို ဘုန်းကြီးများက ဘုရားအနေကဇာတင်တဲ့ အခါကျတော့ ထည့်ရွတ်ကြတယ်၊ ပထမဆုံး အနေကဇာတိ သံသာရံဆိုပြီး မြတ်စွာဘုရား ဥဒါန်းကျူးတဲ့ ဂါထာကို ရွတ်တယ်၊ ရွတ်ပြီးတဲ့နောက် ပဋိစ္စသမုပ္ပါဒ်ကို ရွတ်တယ်။

ဘာကြောင့်တုန်းဆိုတော့ မြတ်စွာဘုရား ကိုယ်တော်တိုင် လေးလေးစားစား နှလုံးသွင်းပြီးတော့ ဟောကြားခဲ့တဲ့ တရားဖြစ်လို့ပဲ။

http://www.dhammadownload.com



# ပဋ္ဌာန်းနည်းအဓိပ္ပါယ်များ

ပဋ္ဌာနဟူသော ပုဒ်ကိုစွဲ၍ ပဋ္ဌာန်းဟု ခေါ်ဆိုကြသည်၊ အထူးထူးအပြားပြား များစွာကုန်သော ပစ္စည်းတို့၏ ဖြစ်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏၊ တစ်နည်း၊ ကုသိုလ်စသော သခ်တတရားတို့ကို ဟေတုပစ္စည်း အစရှိသည်တို့၏အစွမ်းဖြင့် ဝေဖန်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏။

**ပစ္စည်း။** ။အကျိုးတရားများ ဖြစ်ပေါ်အောင် ဖြစ်ပြီးတရားကို တည်တံ့ခိုင်မြဲအောင် ကျေးဇူးပြုတတ်သော စိတ်စေတသိက် ရုပ် နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော အကြောင်းတရားများ။

**ပစ္စယုပ္ပန်။** ။ အကြောင်းကြောင့်ဖြစ်ရသော စိတ် စေတသိက်ရုပ်ဟူသော အကျိုးသခ်တတရားများ။

**ပစ္စနိက်။** ။ပစ္စည်းတရားပင်ဖြစ်သော်လည်း ပစ္စယုပ္ပန်၌ မပါဝင်သော တရားမျိုး။

**ဟေတုပစ္စည်း။** ။ အမြစ်သဖွယ် ကျေးဇူးပြုသောတရား၊ ရေသောက်မြစ်သည် သစ်ပင်အား အစဉ်ကြီးပွား၍ စည်ကားအောင် ကျေးဇူးပြုဘိသကဲ့သို့ ဟိတ် ၆-ပါးတို့သည် အတူတကွဖြစ်သော စိတ်စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ကြီးပွားခိုင်မြဲစေရန် အကြောင်းမူလသတ္တိဖြင့် ကျေးဇူးပြုတတ်ကြ၏။

"ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ"

**သတ္တိ။** ။ထင်ရှားမဖြစ်ပေါ်သေးလည်း ဖြစ်စွမ်းနိုင်၏၊ ပြုစွမ်းနိုင်၏ဟူသော သဘော။

**ဗျတ္တိ။** ။သတ္တိအားလျော်စွာ ထင်ရှားဖြစ်ပေါ်လာ၊ ပြုလာသောသဘော။

**ပစ္စယ။** ။ပစ္စယသဒ္ဒါသည် ဥပကာရကအနက်ရှိ၏၊ ဥပကာရကဆိုသည်ကား ကျေးဇူးပြုတတ်သည်၊ ထောက်ပံ့ချီးမြှောက်တတ်သည်ဟု ဆိုလိုသည်၊ ကျေးဇူးပြု ဆိုသည်မှာ မိမိထင်ရှားရှိနေခဲ့လျှင် မိမိနှင့်စပ်ဆိုင်သော တရားတို့သည် မဖြစ်ပေါ်သေးလျှင်လည်း ဖြစ်ပေါ်ကြကုန်၏၊ ဖြစ်ပေါ်ပြီးရှိလျှင်လည်း တည်တန့်နိုင်ကြကုန်၏။ တည်ပြီးသော တရားတို့သည်လည်း အဆင့်ဆင့်ကြီးပွားစည်ပင်ရန် အခြေအနေသို့ ရောက်ကြကုန်၏၊ ထိုသဘောမျိုးကို ကျေးဇူးပြုမှုဆိုသည်။

**အာရမ္မဏပစ္စည်း။** ။အာရုံဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ ကြိုးတန်း တောင်ဝှေးတို့သည် အားအင်ချိနဲ့သော သူတို့အား ဆွဲကိုင်ရာအဖြစ်ဖြင့် ကျေးဇူးပြုဘိသကဲ့သို့ အာရုံ ၆-ပါးတို့သည် စိတ် စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့်

http://www.dhammadownload.com



ကျေးဇူးပြုတတ်ကြ၏။

"ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ် အာရုံ"

**အဓိပတိပစ္စည်း**။ ။အကြီးအမှူးပြု၍ ကျေးဇူးပြုတတ်သောတရား။ စကြာဝတေးမင်းသည် တစ်ပါးသောသူတို့၏ကြီးမှူးသော သတ္တိကိုမြစ်၍ တိုင်းနိုင်ငံသားတို့အား အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အဓိပတိပစ္စည်းမည်၏၊ အဓိပတိပစ္စည်းသည် (၁) အာရမ္မဏာဓိပတိ (၂) သဟဇာတာဓိပတိဟု ၂-ပါးအပြားရှိ၏။

"စကြာဘုန်းလှ၊ အုပ်စိုးမှုသို့၊ ပြိုင်တူမရှိ၊ အုပ်စိုးဘိ၊ အဓိပတိ ခေါ်သတည်း"

**အနန္တရပစ္စည်း**။ ။အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ စကြာဝတေးမင်းကြီး၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား အဘိသိက်သွင်းခြင်းငှာ ကျေးဇူးပြုသကဲ့သို့ မိမိချုပ်ဆုံးပြီးနောက် အခြားမဲ့၌ စိတ်စေတသိက် တရားတို့ဖြစ်ပွားအောင်ရွက်ဆောင်သမှု ကျေးဇူးပြုသောတရားသည် အနန္တရပစ္စည်းမည်၏။

"ခြားမဲ့နာမ်တွေ၊ ဖြစ်ပေါ်စေ၊ မှတ်လေနန္တရ"

**သမနန္တရပစ္စည်း**။ ။ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ စကြာဝတေးမင်းကြီး၏ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ နောက်စိတ်အားကောင်းစွာ အခြားမရှိသောအားဖြင့် ကျေးဇူးပြုသောတရားသည် သမနန္တရပစ္စည်းမည်၏။

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် သံသဒ္ဒါမျှသာထူး၏၊ သဘောအနက်အားဖြင့်ကား အထူးမရှိ၊ သို့သော် ဝေနေယျသတ္တဝါတို့၏ အလိုအားလျော်စွာ ၂-မျိုးခွဲ၍ ဟောတော်မူ၏။

**သဟဇာတပစ္စည်း**။ ။ဆီမီးသည် မိမိနှင့်အတူတကွဖြစ်သော အလင်းဓာတ်အားတကွဖြစ်၍ ကျေးဇူးပြုသကဲ့သို့ မိမိနှင့်တကွဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် သဟဇာတပစ္စည်းမည်၏။

"အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန်သဟဇ"

**အညမညပစ္စည်း**။ ။အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ သစ်သား ၃-ခုကို ထောင်၍ထားရာ မလဲမပြိုအောင် အချင်းချင်းကျေးဇူးပြုသကဲ့သို့ ရုပ်နာမ် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောကြောင့် အညမည ပစ္စည်းမည်၏

"အချင်းချင်းပြန်လှန်၊ ပြုလေပြန်၊ မှတ်ရန်အညမညတည်း"

http://www.dhammadownload.com



အတ္တတကွဖြစ်၍သာ ကျေးဇူးပြုလျှင် သဟဇာတမည်၏၊ အတူတကွလည်း ဖြစ် အချင်းချင်းအပြန်အလှန်လည်းဖြစ်၍ ကျေးဇူးပြုလျှင် အညမညပစ္စည်းမည်၏၊ ဤကားသဟဇာတနှင့် အညမညပစ္စည်း ၂-ပါးတို့၏ အထူးတည်း။

**နိဿယပစ္စည်း။** ။မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ မြေကြီးသည် သစ်ပင်စသည်တို့၏ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ကားဘောင်ရှိအဝတ်ပုဆိုးသည် ပန်းချီဆေး၏ မှီရာဖြစ်သကဲ့သို့လည်းကောင်း၊ ပစ္စယုပ္ပန်တရားတို့၏ မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် နိဿယပစ္စည်းမည်၏။

နိဿယပစ္စည်းသည် သဟဇာတနိဿယ၊ ပုရေဇာတနိဿယဟူ၍ ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် သဟဇာတနိဿယသည် သဟဇာတနှင့်တူ၏။ ပုရေဇာတနိဿယသည် ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ အားဖြင့် ၂-ပါးအပြားရှိ၏။

"မှီရာဖြစ်စေ ဖြစ်တုံပေ၊ မှတ်လေနိဿယ"

**ဥပနိဿယပစ္စည်း။** ။အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။ မိုးသည် သတ္တဝါဟူသမျှနှင့် ၎င်းကိုမှီကာ ကြီးပွားပေါက်ရောက်ကြသော သစ်ပင်တို့၏ အားကြီးသော မှီရာဖြစ်သလို သာမညမှီရာဖြစ်သော နိဿယထက် အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဥပနိဿယမည်၏။

ဥပဿနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယအားဖြင့် ၃-ပါးရှိ၏၊ ထိုတွင် အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့်တူ၏။ အနန္တရူပနိဿယသည် အနန္တရနှင့်တူ၏။

အာရုံ အနန္တရတို့နှင့် မရောရာသည်တိုင်အောင် ပင်ကိုယ်ပကတိ သဘောသက်သက်ဖြင့်ပင် အားကြီးလှသော မှီရာအကြောင်းဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပကတူပနိဿယမည်၏။

"အားကြီးမှီရာ၊ ပြုတုံပါ၊ မှတ်ပါဥပနိဿယ"

**ပုရေဇာတပစ္စည်း။** ။ရှေးဦးဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ ကမ္ဘာဦးက ပေါ်ပေါက်ခဲ့သော နေလတို့သည် ယခုတိုင်ထင်ရှားရှိကာ ၎င်းတို့နောက်မှဖြစ်ပေါ်သော သတ္တဝါတို့အား အလင်းအအေးအပူရောင်ပေးကာ ကျေးဇူးပြုသလို ပစ္စယုပ္ပန်တရားမှ ရှေးဦးစွာဖြစ်နှင့်၍ တည်လင့်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပုရေဇာတပစ္စည်းမည်၏။ ။ပုရေဇာတပစ္စည်းသည် အာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထာ ရမ္မဏပုရေဇာတဟု ၃-ပါးရှိ၏။

http://www.dhammadownload.com



"ရှေး၌ပုံသေ၊ ဖြစ်ခဲ့ပေ၊ မှတ်လေပုရေဇ"

**ပစ္ဆာဇာတပစ္စည်း။** ။နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ရှေးက ပေါက်နှင့်ကာ ကြီးပွားနေသောသစ်ပင်အား နောက်မှ သွန်းလောင်းအပ် ရွာအပ်သော မိုးရေသည် စည်ပင်ကြီးပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ သတ္တဝါတို့၏သန္တာန်မှာ နောက်နောက်၌ဖြစ်သောစိတ်တို့သည် ရှေးရှေး၌ဖြစ်၍ ဌီအနေအားဖြင့် ထင်ရှား ရှိသောရုပ်တို့အား တည်ခိုင်သန်စွမ်းစေသောအားဖြင့် ကျေးဇူးပြုတတ်သော သဘော သည် ပစ္ဆာဇာတပစ္စည်းမည်၏။

"သတ္တိရှိနေ၊ ဌီရုပ်တွေအား၊ စိတ်စေနှစ်ဖြာ၊ နောက်နောက်လာ၊ တည်ငှာ ပစ္ဆာဇ"

**အာသေဝနပစ္စည်း။** ။အဖန်တလဲလဲမှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ် သောတရား။ ရှေးရှေး၌ ထုံအပ်သောနံ့သာသည် နောက်နောက်၌ထုံအပ်သော နံ့သာအား အဆင်းအနံ့ကို လွန်စွာပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေးရှေး၌ သင်အံသော ကျမ်းဂန်သည် နောက်နောက်၌ သင်အံသော ကျမ်းဂန်အား သင်ကြားလေ့ကျက် ဆောင်ရွက်လွယ်ကူစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေးရှေးဖြစ်သော ဇောတို့သည် အခြားမဲ့ဖြစ်သော နောက်နောက်ဇောတို့အား ကျေးဇူးပြုတတ်သောကြောင့် အာသေဝနပစ္စည်းမည်၏။

"ရှေ့ဇောအစု၊ ဇာတ်တူမှုကြောင့်၊ ကုအကုပါ၊ ကြိယာတစ်ဖန်၊ နန္တရံ၊ ပွားဟန်သေဝန"

**ကမ္မပစ္စည်း။** ။မိမိကြောင့်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို ပြုပြင်စီရင် တတ်သော စေတနာသည် ကမ္မပစ္စည်းမည်၏၊ သစ်ပင်၏အမြစ်သည် သစ်ပင်နှင့် တကွဖြစ်၍ ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ထို့အတူ စေတနာသည် သဟဇာတ်ဖြစ်သော နာမ်ရုပ်တို့အား ကျေးဇူးပြု၏။ (ဤကား သဟဇာတ ကမ္မအဖို့)။ ကောင်းစွာလှမ်း၍ ကောင်းစွာစီရင်အပ်သော မျိုးစေ့သည် အညွန့်ကိုဖြစ်စေခြင်းငှာ အမှုအရာလုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ အတိတ်ဖြစ်သော ကုသိုလ်အကုသိုလ်စေတနာသည် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် တို့အား အမှုအရာလုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ အတိတ်ဖြစ်သော ကုသိုလ်အကုသိုလ်စေတနာသည် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့အား အမှုအရာ လုံ့လအဖြစ်ဖြင့် ကျေးဇူးပြု၏။ ( ဤကား နာနာက္ခဏိကကမ္မအဖို့)

**ဝိပါကပစ္စည်း။** ။အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ မှည့်ရင့်မှုသို့

http://www.dhammadownload.com



ရောက်သော သစ်သီးသစ်ပွင့်တို့သည် အရှိန်အစွမ်းကုန်ခမ်းကာ ဗျာပါရလုံးဝ မရှိတော့ပဲ သိမ်မွေ့နူးညံ့နေးသော သဘောသို့ ရောက်ကြသလို နာနာက္ခဏိကကမ္မပစ္စည်းမှ ရင့်ကျက်မှုသဘောဖြစ်ကုန်သော ဝိပါက်တို့သည် မိမိကိုယ်တိုင်က ကံကျိုးဖြစ်ခြင်းကြောင့် ဗျာပါရလုံးဝမရှိ ငြိမ်းအေးကာတကွဖြစ်ဘက် တရားတို့ကိုလည်းအဟုန်အရှိန် ဗျာပါရကင်းလျက် ငြိမ်းအေးဖို့ရာ ကျေးဇူးပြုသောတရားသည် ဝိပါကပစ္စည်းမည်၏။

**အာဟာရပစ္စည်း။** ။ထောက်ပံ့ခိုင်စေသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ ပစ္စယုပ္ပန်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့ခိုင်စေတတ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရလေးပါးသည် အာဟာရပစ္စည်းမည်၏။

"ထောက်ပံ့ခိုင်တွယ်၊ ကျေးဇူးကြွယ်၊ လေးသွယ် အာဟာရ"

အာဟာရပစ္စည်းသည် ရုပ်အာဟာရ၊ နာမ်အာဟာရအားဖြင့် ၂-ပါးအပြားရှိ၏။

**ဣန္ဒြိယပစ္စည်း။** ။ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ တစ်ပြည်တည်း၌ အထူးထူးသော တာဝန်ကို ဆောင်ရွက်ကြသောမင်းတို့သည်၊ တစ်ပါးသောမင်းတို့၏ ကြီးကဲသော သတ္တိကို မမြစ်မှု၍ အသီးအသီး မိမိတို့၏ အရာ၌သာအစိုးရသည်၏ အဖြစ်ဖြင့်ကျေးဇူးပြုသကဲ့သို့ နာမ်ဣန္ဒြေတရား ကိုယ်ရှစ်ပါး အစရှိသည်တို့သည်လည်း တစ်ပါးသည် တစ်ပါး၏သတ္တိကို မမြစ်မှု၍ မိမိတို့၏ အရာ၌သာ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောတရား။

ဣန္ဒြိယပစ္စည်းသည် သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ အားဖြင့် ၃-ပါးရှိ၏။

**ဈာနပစ္စည်း။** ။ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ကသိဏ်းစသော အာရုံသို့ ကပ်၍ကြံခြင်း၊ လက္ခဏာရေးသုံးပါးသို့ကပ်၍ ကြံခြင်း အစွမ်းအားဖြင့် ကပ်၍ အာရုံကို ကြံတတ်ကုန်သော အားဖြင့် ဝိတက်အစရှိသည်တို့သည် ဈာနပစ္စည်းမည်၏။

**မဂ္ဂပစ္စည်း။** ။သုဂတိဘုံ၊ ဒုဂ္ဂတိဘုံ၊ နိဗ္ဗာန်ဘုံသို့ ဆိုက်ရောက်စေနိုင်သော လမ်းခရီးသဘောသတ္တိအားဖြင့် ကျေးဇူးပြုတတ်ကုန်သော သမ္မာဒိဋ္ဌိစသော တရားတို့သည် မဂ္ဂပစ္စည်းမည်၏။

**သမ္ပယုတ္တပစ္စည်း။** ။နို့ရေထောပတ် ပျားသကာဟူသော စတုမဓုအရသာသည် အချင်းချင်းနှီးနှောသည်ဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နာမ်ခန္ဓာလေးပါးသည်လည်း

http://www.dhammadownload.com



အချင်းချင်းမကွေမကွာယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောသဘောတရား။

**ဝိပ္ပယုတ္တပစ္စည်း**။ ။အချိုအချဉ်အစပ် အင် အဖန် အခါးဟူသော အရသာ ၆-ပါးသည် အချင်းချင်းမနှီးနှော မယှဉ်သောအားဖြင့် ကျေးဇူးပြုသကဲ့သို့ နာမ်နှင့် ရုပ်တို့၏ အချင်းချင်းမယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောတရား။

ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတ ဝိပ္ပယုတ်အားဖြင့် ၃-ပါး အပြားရှိ၏။

**အတ္ထိပစ္စည်း**။ ။ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ မြေကြီး ဟိမဝန္တာတောင်တို့သည် မိမိထင်ရှားရှိခိုက် မိမိအပေါ် ပေါက်ရောက်ကြသော ထိုထိုသစ်ပင် ဆေးပင်စသည်တို့အား ဩဇာထက်မြက်အောင် စိမ်းရှင်အောင် ထောက်ပံ့သလို မိမိထင်ရှားရှိခိုက် ထင်ရှားရှိနေသော တရားတို့အား ထောက်ပံ့မှုဖြင့် ကျေးဇူးပြုသောတရား။

အတ္ထိပစ္စည်းသည် (၁) သဟဇာတတ္ထိ (၂) ပုရေဇာတတ္ထိ (၃) ပစ္ဆာဇာတတ္ထိ (၄) အာဟာရတ္ထိ (၅) ဣန္ဒြိယတ္ထိအားဖြင့် ၅-ပါးအပြားရှိ၏။

**နတ္ထိပစ္စည်း**။ ။မီးရောင်၏ ချုပ်ငြိမ်းမှုသည် အမှောင်ဖြစ်ရန် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ညဉ့်ကုန်မှုသည် နေထွက်ရန် ကျေးဇူးပြုသကဲ့သို့လည်းကောင်း မိမိတို့ချုပ်မှုဖြင့် နောက်စိတ်များ ဥပါဒ်ဖြစ်ပေါ်ရန် ထင်ရှားမရှိပဲ ကျေးဇူးပြုသော တရား။

**ဝိဂတပစ္စည်း**။ ။နေဝင်ခြင်းသည် လထွက်ရန် ကျေးဇူးပြုသကဲ့လည်းကောင်း၊ နေဝင်ခြင်းသည် အမှောင်ဖြစ်ရန်ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ မိမိတို့ ကင်းချုပ်မှုဖြင့် နောက်နောက်တရားဖြစ်ပေါ်ရန် ကင်း၍ ကျေးဇူးပြုသောတရား။

**အဝိဂတပစ္စည်း**။ ။မဟာသမုဒ္ဒရာသည် မိမိကိုမှီ၍နေကုန်သော ငါးလိပ်မကန်းစသည်တို့အား ပီတိသောမနဿကို ပွားစေခြင်းငှာ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိမကင်းမချုပ်သေးပဲ ပစ္စုပ္ပန်ရှိဆဲအနေအားဖြင့် ကျေးဇူးပြုသောတရား။

**နတ္ထိနှင့် ဝိဂတအထူး**။ ။ဥပါဒ်ဌီဘင်ချုပ်ပြီး၍ ကင်းဆိတ်မှုသဘောသည် နတ္ထိသဘော။ ချုပ်ခါမျှဖြစ်သော သဘောသည် ဝိဂတသဘော။

**အတ္ထိနှင့်အဝိဂတအထူး**။ ။ပရမတ္ထသဘာဝ ခဏိကပစ္စုပ္ပန် မဖောက်မပြန် မိမိသဘော ထင်ရှားရှိနေသည်အဖြစ်ဖြင့် ကျေးဇူးပြုမှုသည် အတ္ထိသဘော။ ပရမတ္ထသဘောမကင်း၊ ချုပ်ခြင်းသို့ မရောက်သေးသော သဘောဖြင့် ကျေးဇူးပြုမှုသည် အဝိဂတသဘော။

http://www.dhammadownload.com



## အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယအထူး

အလေးပြုအပ်သည်၏ အဖြစ်မျှဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိ ပစ္စည်းမည်၏။ အလေးအမြတ်ပြုအပ်သည်၏အဖြစ်တွင် လွန်ကဲအားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပနိဿယပစ္စည်းမည်၏။

## အနန္တရနှင့် အနန္တရူပနိဿယအထူး

မိမိတို့၏အခြားမဲ့၌ လျောက်ပတ်သောစိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော သတ္တိရှိသောတရားသည် အနန္တရပစ္စည်းမည်၏။ အားကြီးသော အကြောင်း၏ အစွမ်းဖြင့် ကျေးဇူးပြုခြင်းငှာ စွမ်းနိုင်သောသတ္တိသည် အနန္တရူပနိဿယ ပစ္စည်း မည်၏။

## နိဿယနှင့် ဥပနိဿယအထူး

သာမညဖြစ်သော မှီရာအကြောင်းသည် နိဿယပစ္စည်း။ ဝိသေသဖြစ်သော အားကြီးသော မှီရာဖြစ်သောအကြောင်းတရားသည် ဥပနိဿယပစ္စည်းမည်၏။ ဥပမာ–သလေးထမင်းဖြစ်ရန် အကြောင်းများတို့တွင် ထမင်းချက်သမား ထမင်းအိုး ထင်းမီးစသော အကြောင်းတို့သည် နိဿယပစ္စည်းမျှသာဖြစ်ကုန်၏။ သလေးမျိုးစေ့ သလေးစပါး လယ်ခင်း မိုးရေတို့သည်သာလျှင် ထမင်း၏ ဥပဿနိယပစ္စည်း ဖြစ်နိုင်ကြကုန်၏၊ သလေးမျိုးစေ့ စသည်တို့ကြောင့်သာ ထမင်းချက်သမားနှင့် ထမင်းအိုးစသည်တို့သည် သလေးထမင်းဖြစ်အောင် အစွမ်းထုတ်နိုင်ကြကုန်၏။

## ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ

ပဋိသန္ဓေစိတ်၏ ဥပ္ပါဒက္ခဏာ၌ဖြစ်သော ကမ္မဇရုပ်သည် ကေဇကာယမည်၏။ ပဋိသန္ဓေစိတ်၏ဌီကာလ၌ဖြစ်သော ကမ္မဇ ဥတုဇရုပ်သည် ဒွိဇကာယမည်၏။ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပ္ပါဒက္ခဏာ၌ဖြစ်သော ကမ္မဇ, ဥတုဇ, စိတ္တဇရုပ်သည် တိဇကာယမည်၏။ အာဟာရဇရုပ် ဖြစ်ပေါ်သောအခါ ကမ္မဇ, ဥတုဇ, စိတ္တဇ အာဟာရဇရုပ်သည် စတုဇမည်၏။

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စယနိဒ္ဒေသအတွက် ပစ္စည်းပစ္စယုပ္ပန်များ

| အမည် | | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား |
|---|---|---|---|
| ဟေတု | | ဟိတ် - ၆ ပါး | သဟိတ်စိတ် ကေသတ္တတိ မောဟမူ ဒွေးဒွိ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |
| အာရမ္မဏ | | ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေ ပညာသ၊ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သောနိဗ္ဗာန်,ပညတ်။ | စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေ ပညာသ။ |
| အဓိပတိ | အာရမ္မဏာဓိပတိ | အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသ မူဒွေး၊ မောဟ မူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော စိတ် ၈၄ ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက်သတ္တစတ္တာ လီသ၊ နိဗ္ဗာန်။ | အလေးအမြတ် ပြုတတ်သော လောဘ မူစိတ် ၈-ခု၊ မဟာကုသိုလ် စိတ် ၈-ခု၊ မဟာ ကြိယာဉာဏသမ္ပယုတ် စိတ်၄ခု၊လောကုတ္တရာ စိတ် -၈ခု၊ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမာကြဉ်သော စေတသိက် ပဉ္စစတ္တာလီသ။ |
| | သဟဇာတ ဓိပတိ | သာဓိပတိဇော ၅၂ ခုန္ဒ်ရှိသော ဆန္ဒ ဝီရိယ၊ သာဓိပတိ တိဟိတ်ဇော ၃၄ ခုန္ဒ်ရှိသောဝီမံသ၊ သာဓိပတိဇော ၅၂ ခုဟု ဆိုအပ်သော စိတ္တာ ဓိပတိ အားဖြင့် အဓိပတိ တရားကိုယ် ၃-ပါး၊ ၄-ပါးတို့တွင် တစ်ပါးပါး။ | အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁ ခု၊ သာဓိပတိ စိတ္တဇရုပ်။ |
| အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ၊ ဝိဂတ | | ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေ ပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ | ရဟန္တာတို့ စုတိနှင့်တကွ နောက် နောက် သောစိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ |
| သဟဇာတ သဟဇာတနိဿယ သဟဇာတတ္ထိ သဟဇာတအဝိဂတ | | (၁)အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တပ်သောအလုံးစုံသော စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ (၂)အချင်း ချင်းအားလည်းကောင်း ဥပါဒါရုပ်အားလည်း ကောင်း တပ်သော စိတ္တဇ မဟာဘုတ်၊ ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာဟိရ မဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇ မဟာဘုတ်၊ အသညသတ် ကမ္မဇမဟာဘုတ်၊ ပဝတ္တိ ကမ္မဇ မဟာဘုတ် အားဖြင့် မဟာဘုတ်လေးပါး (၃) အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထု။ | (၁) အချင်းချင်းမှ ထောက်အပ်သော အလုံး စုံသော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေး ပါး။ (၂) အချင်းချင်းမှထောက်အပ်သော ဥပါဒါရုပ်နှင့်တကွသော အလုံးစုံသော မဟာ ဘုတ်လေးပါး။ (၃) အချင်းချင်းမှ ထောက်အပ် သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ |

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စယနိဒ္ဒေသအတွက် ပစ္စည်းပစ္စယုပ္ပန်များ

| အမည် | | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား |
|---|---|---|---|
| အညမည | | အချင်းချင်းအားတပ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာ သပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ။အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ပါး၊ အချင်းချင်းအားတပ်သောပဉ္စဝေါဟာရပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟာဒယဝတ္ထု။ | အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော မဟာဘုတ်လေးပါး။ ။အချင်းချင်းမှထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟာဒယဝတ္ထု။ |
| နိဿယ | သဟာနိ | သဟဇာတ နိဿယသည် သဟဇာတနှင့်တူ၏။ | |
| | ပုရေဇာတနိဿယ / ဝတ္ထုပုရေဇာတနိဿယ | ပဝတ္တိအခါ ဆဝတ္ထုရုပ်။ တစ်နည်းကား မရှိမာယုကဖြစ်၍ အတိတဘဝင်နှင့် ဉပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထု။ နိရောဓသမာပတ်မှ ထသောအခါ ရှေ့စိတ္တက္ခဏ တစ်ချက်ခန့်ကာလ၌ဖြစ်သော ဟာဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ယာဒယဝတ္ထု။ | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခုကြဉ်သော သတ္တဝိညာဏဓာတ် ၈၅ ခု၊ စေတသိက်ဒွေပညာသ။ |
| | ပုရေဇာတနိဿယ / ဝတ္ထာရမ္မဏပုရေဇာ | မရဏာသန္နအခါစုတိစိတ်မှပြန်၍ ရေသော် ၁၇ ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟာဒယဝတ္ထု။ | မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ တဒါရုံကော၁၁၊ အဘိညာဉ်ဒွေ။ ဉာဏသာမဂ္ဂိယ ကုဿုစ္စ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် ၄၄။ |
| ဥပနိဿယ | အာရမ္မဏူ | အာရမ္မဏူပ နိဿယသည် အာရမ္မဏာ ဓိပတိနှင့်တူ၏။ | |
| | အနန္တရူ | အနန္တရူပ နိဿယသည် အနန္တရနှင့်တူ၏။ | |
| | ပကတူပနိဿယ | ဗလဝဖြစ်သော ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပစ္စည်းထိုက်သော အချို့သောပညတ်။ | ပစ္စုပ္ပန်ဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ။ |
| ပုရေဇာတ | ဝတ္ထုပုရေ | ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏။ | |
| | အာရမ္မဏ ပုရေဇာတ | ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသ | ပဉ္စဝေါကာရဘုံ၌ အရမ္မဏ ပုရေဇာတ ပစ္စည်းကို ရဗိုက်ရနေကာမစိတ်စတုပညာသ၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ၅၀။ |

http://www.dhammadownload.com



## ပဌာန်းပစ္စယုနိဒ္ဒေသအတွက် ပစ္စည်းပစ္စယုပ္ပန်များ

| အမည် | | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|---|
| ပစ္ဆာဇာတ | | ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကေကောယ၊ ဒွိကောယ၊ တိကောယ၊ စတုဇကာယ။ | ပဥ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက် ၄ ခုကြဉ်သော ပဌမဘဝင်အစရှိသော နောက် နောက်သော စိတ် ၈၅ခု၊ စေတသိက် ဒွေပညာသ။ |
| အာသေဝန | | ဇာတ်တူအဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသ။ | ပဌမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သောဇော ကေပညာသ၊ စေတသိက် ဒွေပညာသ။ |
| ကမ္မ | နာနာက္ခဏိက ကမ္မ | အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ၃၃ ခု။ | ဝိပါက်ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ |
| | သဟဇာတ ကမ္မ | စိတ် တစ်ခုယုတ် ကိုးဆယ်၌ရှိသော စေတနာ။ | စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတနာကြဉ်သော စေတသိက် ကေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ဝိပါက | | အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း တပ်သောဝိပါက်ဆတ္တိံသ၊ စေတသိက် အဋ္ဌတိ သပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအားတပ်သော ပဥ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ။ | အချင်းချင်းမှ ထောက်အပ်သော ဝိပါက်ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဝိပါက်နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ မှ ထောက်အပ်သော ဟဒယဝတ္ထု။ |
| အာဟာရ | ရုပ် အာဟာရ | စတုသမုဋ္ဌာနိက ဩဇာ။ | ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်။ |
| | နာမ် အာဟာရ | ဖဿ, စေတနာ, ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃ ပါး။ | စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ဣန္ဒြိယ | ဝတ္ထုပုရေဇာတိန္ဒြိယ | မရှိမာယုကဖြစ်၍ အတိတ ဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (ပ) ကာယဝတ္ထု။ | ဒွေပဉ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ခု။ |
| | ရူပဇီဝိတိန္ဒြိယ | ရုပ်ဇီဝိတိန္ဒြေ။ | ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခု။ |
| | သဟဇာတိန္ဒြိယ | ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟုဆိုအပ်သော နာမ် ဣန္ဒြေ တရားကိုယ်ရှစ်ပါး။ | စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ဈာန | | ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာန် တရားကိုယ်ငါးပါး။ | ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ်တစ်ခုယုတ်ရှစ်ဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| မဂ္ဂ | | ပညာ၊ဝိတက်၊ ဝိရတိ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး | သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စယနိဒ္ဒေသအတွက် ပစ္စည်းပစ္စယုပ္ပန်များ

| အမည် | | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|---|
| သမ္ပယုတ္တ | | အချင်းချင်းအားတပ်သော အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ | အချင်းချင်းမှ ထောက်အပ်သောအလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ |
| ဝိပ္ပယုတ္တ | သဟဇာတ ဝိပ္ပယုတ္တ | ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက် ၄ ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိ စိတ်ကြဉ်သော စိတ် ၇၅ ခု၊ စေတသိက် ဒွေပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး။ အချင်းချင်း အားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ | နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်။ အချင်းချင်းမှ ထောက် အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ |
| | ပုရေဇာတ | ပုရေဇာတဝိပ္ပယုတ်သည် ဝတ္ထု ပုရေဇာတနိဿယ နှစ်ပါးနှင့်တူ၏။ | |
| | ပစ္ဆာဇာတ | ပစ္ဆာဇာတဝိပ္ပယုတ်သည် ပစ္ဆာဇာတနှင့်တူ၏။ | |

အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယအားဖြင့် ၅-ပါး အပြားရှိ၏။ ထို ၅-ပါးတို့တွင် သဟဇာတတ္ထိသည် သဟဇာတ ၃-ပါးနှင့်တူ၏။ ပုရေဇာတတ္ထိသည် ပုရေဇာတ ၂ ပါးနှင့် တူ၏။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။ အာဟာရတ္ထိသည် ရုပ်အာဟာရနှင့်တူ၏။ ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့် တူ၏။

နတ္ထိနှင့် ဝိဂတပစ္စည်းတို့သည် အနန္တရနှင့်တူ၏။

အဝိဂတသည် အတ္ထိနှင့်တူ၏။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၄၉

## [ပစ္စည်းပိုင်း]

## ပဋ္ဌာန်းနည်း (၁)

ဒီနေ့ အောက်တိုဘာလ ၇ ရက်။

လွန်ခဲ့တဲ့အပတ်က ပဋိစ္စသမုပ္ပါဒ်ကို လေ့လာပြီးသွားပြီ၊ ဒီနေ့ပဋ္ဌာန်းနည်းကို သွားရမယ်၊ ပဋ္ဌာန်းဆိုတာ ပစ္စည်းပိုင်းအစမှာ ပြောခဲ့သလိုပဲ ဒီတရားက ဒီတရားကို ကျေးဇူးပြုတယ်ဆိုတာကိုလည်း ပြောပြတယ်၊ ဘယ်နည်းနဲ့ ကျေးဇူးပြုတယ်ဆိုတာကိုလည်း ပြောပြတယ်။

စာစကားနဲ့ပြောရရင်တော့ ပစ္စယသတ္တိကိုပါထည့်ပြီး ပြောပြတယ်၊ အဲဒီနည်းကို ပဋ္ဌာန်းနည်းလို့ သုံးတယ်။

ပဋ္ဌာန်းဟာ အဘိဓမ္မာ ၇–ကျမ်းမှာ နောက်ဆုံး သတ္တမမြောက်ကျမ်းဖြစ်တယ်၊ ပဋ္ဌာန်းကျမ်းဟာ အကျယ်ဆုံးပဲ၊ အဘိဓမ္မာ ၇–ကျမ်းရှိတဲ့အနက်မှာ ပဋ္ဌာန်းကျမ်းဟာ ဆဋ္ဌသင်္ဂါယနာမူနဲ့ အဘိဓမ္မာ ၇–ကျမ်း၊ စာအုပ်ပေါင်း ၁၂–အုပ် ရှိတယ်၊ ပါးပါးလည်းပါတယ်၊ ထူထူလည်းပါတယ်။

အဲဒီ ၁၂–အုပ် အနက်မှာ ပဋ္ဌာန်းကျမ်းက ၅–အုပ်ရှိတယ်၊ အဲဒီ ၅–အုပ်က စာမျက်နှာ ၃၀၀–ကျော် ၄၀၀–ရှိတဲ့ အဲဒါ မျိုး ၅–အုပ်၊ အဲသလောက် သူက ကျယ်ဝန်းတယ်၊ ဒါတောင်မှ ပါဠိလို ပေယျာလလို့ခေါ်တဲ့ မြှုပ်ထားတာတွေ

http://www.dhammadownload.com



အများကြီးပါသေးတယ်။

ဒီတော့ ပဋ္ဌာန်းကျမ်းဟာ အဘိဓမ္မာ ၇-ကျမ်းမှာ အကျယ်ဝန်းဆုံးလည်း ဖြစ်တယ်၊ အနက်နဲဆုံးလည်းဖြစ်တယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီးတဲ့နောက် ဗောဓိပင်အောက်မှာ စတုတ္ထသတ္တဟ ရတနာဃရသတ္တဟ ထင်တယ်၊ အဲဒီသတ္တဟမှာ နေပြီးတော့ သုံးသပ်ဆင်ခြင်တဲ့အခါမှာ ဓမ္မသင်္ဂဏီဝိဘင်း စတဲ့ ကျမ်းတွေသုံးသပ် ဆင်ခြင်တုန်းက ရောင်ခြည်တော် မထွက်သေးဘူး၊ ပဋ္ဌာန်းကျမ်းကို သုံးသပ်ဆင်ခြင်တဲ့ အခါကျမှ ရောင်ခြည်တော်တွေ ထွက်လာတယ်။

ဒါဟာ ဘာကြောင့်လဲဆိုတော့ ဓမ္မသင်္ဂဏီစတဲ့ကျမ်းတွေက ပဋ္ဌာန်းကျမ်းလောက်မနက်နဲတော့ မြတ်စွာဘုရားရဲ့ ဉာဏ်တော် (သဗ္ဗညုတဉာဏ်တော်)က အားရပါးရ မကွန့်မြူးနိုင်ဘူး၊ အားရပါးရ မကျက်စားနိုင်ဘူး၊ အခုခေတ်စကားနဲ့ ပြောရမယ်ဆိုရင် ဝေလငါးကြီး တစ်ကောင် ဖမ်းပြီးတော့ ရေကန်လေးထဲထည့်ထားသလိုမျိုးပေါ့၊ မလှုပ်မလှုပ်နိုင်ဘူး သိပ်မရှင်သာဘူးပေါ့၊

ပဋ္ဌာန်းကျမ်းရောက်တဲ့ အခါကျတော့ ပဋ္ဌာန်းကျမ်းကလည်း ကျယ်ကျယ်ဝန်းတယ်၊ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကလည်း ကြီးကျယ်တယ်၊ ပဋ္ဌာန်းကျမ်း ကျယ်ဝန်းသလောက် ဉာဏ်တော်က သွားတယ်၊ ဉာဏ်တော်သွားနိုင်သလောက် ပဋ္ဌာန်းကျမ်းကလည်း ကျယ်ဝန်းတယ်၊ အဲဒီလိုဖြစ်တော့ ဝေလငါးကို သမုဒ္ဒရာထဲ ချလိုက်သလို ဉာဏ်တော်ကလည်း အလွန်ရွှင်တယ်ပေါ့။

အဲသလို ဉာဏ်တော်ရွှင်တဲ့အတွက်ကြောင့် စိတ်လည်းရွှင်လာတယ်၊ စိတ်ရွှင်တဲ့အတွက်ကြောင့် စိတ်ရဲ့မှီရာ ဟဒယဝတ္ထုရုပ်ကလည်း ရွှင်လာတယ်၊ ဟဒယရုပ် ရွှင်လာတဲ့အတွက်ကြောင့် မြတ်စွာဘုရားရဲ့သန္တာန်ကနေပြီး နီလ, ပီတ, လောဟိတ, ဩဒါတ အစရှိတဲ့ ရောင်ခြည်တော်တွေ ထွက်တယ်။

ပထမဆုံးရောင်ခြည်တော်တွေ ထွက်လာတာက အဘိဓမ္မာကို (အထူးသဖြင့်) ပဋ္ဌာန်းကျမ်းကို သုံးသပ်ဆင်ခြင်တဲ့အခါမှာ ထွက်တာ၊ ဒါကြောင့်မို့ ရောင်ခြည်တော် ဘုရားရှိခိုးမှာ အဲဒါတွေပါတယ်။

“ပဋ္ဌာန်းဒေသနာတော်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုနေ့ ယခုညတိုင်အောင် အရောင်တကြွကြွ အိမ်လုံးတောင်လုံးခန့် ပမာဏဖြင့် မြန်းကြွ ယှက်ကူး၍ ကွန့်မြူးတော်မူကြလေကုန်ပြီ”လို့ ဘုရားရှိခိုးတွေမှာပါတယ်။

အဲဒီရောင်ခြည်တော်တွေဟာ စကြာဝဠာတံတိုင်းထိအောင် ပျံ့နှံ့သွားတယ်လို့ အဆိုရှိတယ်၊ အဲဒီရောင်ခြည်တော်တွေမှာ မြတ်စွာဘုရားရဲ့ညိုတဲ့ ခန္ဓာကိုယ်

http://www.dhammadownload.com



အစိတ်အပိုင်းက ညိုတဲ့ရောင်ခြည်တော်တွေ ထွက်တယ်၊ အထူးသဖြင့် ဆံပင်တို့ မျက်ဝန်းတို့ပေါ့လေ။

ပြီးတော့ မြတ်စွာဘုရားရဲ့ ကိုယ်က ဝါရွှေရောင်ရှိတဲ့ ရောင်ခြည်တော်တွေ ထွက်တယ်၊ သွေးကနီတဲ့ ရောင်ခြည်တော်တွေ ထွက်တယ်၊ သွား၊ အရိုး၊ မျက်ဖြူတို့က ဖြူတဲ့ရောင်ခြည်တော်တွေထွက်တယ်၊ ဒါဟာ ပဋ္ဌာန်းကျမ်းက နက်နဲသောကြောင့်ထွက်တာ။

အဲဒီပဋ္ဌာန်းကျမ်းကို လေ့လာတဲ့အခါမှာ ရှေးဦးစွာ ၂၄–ပစ္စည်းဆိုတာကို သိကြလိမ့်မယ်၊ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယောဆိုတာလေ၊ ဒါကို မရလို့မဖြစ်ဘူး၊ ရကို ရရမယ်။

အဲဒီ ၂၄–ပစ္စည်းကို သိရုံနဲ့ (ပဋ္ဌာန်းကျမ်းမှာ) မပြီးသေးဘူး၊ ပစ္စယုပ္ပန်ဆိုတာလည်း သိရလိမ့်မယ်၊ ပစ္စယုပ္ပန်ဆိုတာ အကျိုးကိုပြောတာ၊ ပစ္စည်းဆိုတာက အကြောင်းကို ပြောတာ၊ ကျေးဇူးပြုတတ်တဲ့သဘောတရားကို ပစ္စည်းလို့ခေါ်ပြီးတော့ ကျေးဇူးအပြုခံရတဲ့ သဘောတရားကို ပစ္စယုပ္ပန်လို့ခေါ်တယ်။

အဲသလို အကြောင်းတရားကို ပစ္စည်းလို့ခေါ်ရာမှာ ထုတ်လုပ်တဲ့အနေနဲ့ အကြောင်းဖြစ်တဲ့ အကြောင်းတရားလည်း ပါလိမ့်မယ်၊ ထုတ်လုပ်တဲ့ အနေနဲ့ မဟုတ်ပဲ အတူတကွဖြစ်ပြီးတော့ အချင်းချင်း supportလုပ်သွားတာ, ထောက်ပံ့သွားတာ မျိုးကိုလည်းပဲ ဒီနေရာမှာတော့ ပစ္စည်းလို့ပဲ ခေါ်လိမ့်မယ်၊ ဒီနှစ်ခုကို နားလည်ရင် ပဋ္ဌာန်းကျမ်းသွားလို့ရပြီ၊

ပစ္စနိက်ဆိုတာရှိသေးတယ်၊ ဒါကတော့ ပစ္စည်း, ပစ္စယုပ္ပန်ထဲမပါတဲ့ တရားမှန်သမျှကို ပစ္စနိက်လို့သုံးတယ်၊ အဲဒါတော့ အသာထားကြစို့၊ ပစ္စည်းနဲ့ပစ္စယုပ္ပန် ၂–ခုကိုပဲ နားလည်အောင် လုပ်ရမယ်။

ပစ္စည်း ၂၄–ပစ္စည်းရှိပေမယ်လို့ အမှန်အတိုင်းကတော့ ထပ်တူတူတဲ့ ပစ္စည်းတွေရှိသေးတယ်၊ ၂၄–ပစ္စည်းထဲလျှောက်သွားရင် ဒါတွေ တွေ့လိမ့်မယ်။ ထပ်တူတူတဲ့ပစ္စည်းတွေပါတဲ့အတွက်ကြောင့် တကယ့်တကယ်ဆိုရင် ၂၄–မရှိတော့ဘူးပေါ့။

ပထမဆုံးပစ္စည်းက ဟေတုပစ္စည်းတဲ့, ရေသောက်မြစ်က သစ်ပင်ကိုကျေးဇူးပြုသလိုပေါ့၊ အတူတကွဖြစ်တဲ့ သမ္ပယုတ်တရားတွေ၊ သို့မဟုတ် သဟဇာတ်တရားလို့ သုံးတယ်၊ သဟဇာတ်တရားဆိုတာ အတူတကွဖြစ်တဲ့ စိတ်ရယ် စေတသိက်ရယ် ရုပ်ရယ်ကို ခေါ်တာ။

http://www.dhammadownload.com



အဲဒီ သဟာဇာတ်ဖြစ်တဲ့ တရားတွေကို သူက ရေသောက်မြစ်သဖွယ် ကျေးဇူးပြုတတ်တဲ့သဘောတရားတွေကို ဟေတုပစ္စည်းလို့ခေါ်တယ်။

*** ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ။**

အဲဒီတော့ ဟေတုပစ္စည်းလို့ ပြောလိုက်ရင် ဘယ်တရားတွေက ဟေတုပစ္စည်း ဖြစ်သလဲ၊ ဘယ်တရားတွေက ဟေတုပစ္စယုပ္ပန်ဖြစ်သလဲ၊ ဒါကို နားလည်ရမယ်၊ အဲဒါ နားလည်ဖို့က နောက်နားက ဇယားကွက်ကိုလှမ်းကြည့်၊ အဲဒါနဲ့ တိုက်တိုက် သွားရမယ်။

အဲဒီတော့ ဟေတုပစ္စည်းဆိုတာအမြစ်သဖွယ်ဖြစ်ပြီး ကျေးဇူးပြုတဲ့ သဘော တရားဖြစ်တာကြောင့် ဟေတုပစ္စည်း, အဲဒီမှာ ဟေတုပစ္စည်းနဲ့ ပတ်သက်ပြီးတော့ ဘာသိရမလဲဆိုတော့ ပစ္စည်းတရားသိရမယ်၊ ပစ္စယုပ္ပန်တရား သိရမယ်။

အဲဒီတော့ ဟေတုပစ္စည်းတတ်တယ်လို့ ဒီလိုသုံးတယ်နော်၊ ဟေတုပစ္စည်း တတ်တဲ့တရားတွေဟာ ဘယ်တရားတွေတုန်း၊ ဇယားကွက်ကြည့်လိုက်၊ ဟိတ် ၆ ပါးတဲ့၊ ဟိတ် ၆-ပါးက ဘာတွေတဲ့လဲ၊ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ, ဒီဟိတ် ၆-ပါးက ဟေတုပစ္စည်းတတ်တဲ့ တရားတွေ။

ဟေတုပစ္စယုပ္ပန်ဖြစ်တဲ့ တရားတွေက အဲဒီဟိတ် ၆-ပါးနဲ့ ယှဉ်တဲ့စိတ်တွေ, စေတသိက်တွေ ပြီးတော့ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ၊ ပဋိသန္ဓေကမ္မဇရုပ်တွေ ဆိုတာလာလိမ့်မယ်၊ အဲဒီတော့ ပစ္စယုပ္ပန်တရားတွေဆိုတာ ဘာတွေလဲ၊ သဟိတ်စိတ် ကေသတ္တတိတဲ့၊ ကေသတ္တတိဆိုတာ ၇၁-လို့ပြောတာ၊ ဟိတ်နဲ့တကွ ဖြစ်တဲ့စိတ် ဘယ်လောက်ရှိသတုန်း၊ ၈၉-ထဲက အဟိတ်စိတ် ၁၈-ကိုနုတ်ရမှာပေါ့၊ အဟိတ် စိတ် မဟုတ်တဲ့ စိတ်တွေကို သဟိတ်စိတ်လို့ခေါ်တယ်၊ သဟိတ်စိတ် ၇၁- ရှိတယ်၊ ဒါက ဘုန်းကြီးတွေကျက်ဖို့ လုပ်ထားတာဆိုတော့ ပါဠိလိုချည်း သုံးထား တယ်၊ ပါဠိနားမလည်ရင် ခက်လိမ့်မယ်။

"မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ (ဒွေပညာသ ဆိုတာ ၅၂) သဟိတ်စိတ္တဇရုပ်၊ (သဟိတ်စိတ်နှင့် အတူတကွဖြစ်တဲ့ရုပ်ကို သဟိတ်စိတ်က ဖြစ်စေအပ်တဲ့ရုပ်ကို သဟိတ်စိတ္တဇရုပ်)၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် (သဟိတ် ပဋိသန္ဓေနှင့် အတူတကွဖြစ်တဲ့ ကမ္မဇရုပ်)။

ပဋိသန္ဓေအခိုက်အတွဲမှာ ဝိပါက်စိတ် မဖြစ်ဘူးလား၊ အဟိတ်ပဋိသန္ဓေ ရှိတယ်၊ သဟိတ်ပဋိသန္ဓေရှိတယ်၊ ဥပေက္ခာသန္တီ ရဏနဲ့ ပဋိသန္ဓေနေရင် အဟိတ် ပဋိသန္ဓေ၊ မဟာဝိပါက်စိတ် ၈-ခုနဲ့ ပဋိသန္ဓေနေရင် သဟိတ်ပဋိသန္ဓေ၊ အဲဒီမှာ

http://www.dhammadownload.com



အခုသဟိတ် ပဋိသန္ဓေနဲ့ အတူတကွဖြစ်တဲ့ ကမ္မဇရုပ်၊ အဲဒီတရားတွေကို ဟိတ် ၆-ပါးက ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုသွားလိမ့်မယ်၊ အသေးစိတ် ကျေးဇူးပြုပုံကို နောက်မှ သွားကြရအောင်၊ အခု ပထမအရေးကြီးတာက ဟေတုမှာ ပစ္စည်းကဘာလဲ, ပစ္စယုပ္ပန်က ဘာလဲဆိုတာ သဘောပေါက်ဖို့ အရေးကြီးတယ်၊ အလွတ်လည်း ကျက်နိုင်ကြမှာ မဟုတ်ဘူး၊ ဇယားကွက်ကို ပြန်ကြည့်ပြီးသိရင်တော်ပြီ၊ အဲဒါ ဟေတုပစ္စည်းနဲ့ ဟေတုပစ္စယုပ္ပန်။

ကိုင်း, ပုံစံလေးတစ်ခုပြောပြမယ်။

လောဘမူပထမစိတ်တဲ့၊ ပဌာန်း ဒါကြောင့် ခက်တယ်ပြောတာ၊ နောက်တော့ အကုန်ပြန်ရတယ်။

လောဘမူ ပထမစိတ်မှာ စေတသိက် ၁၉-ခု ယှဉ်တာတွေ့လိမ့်မယ်၊ အဲဒီ စေတသိက် ၁၉-ခုထဲမှာ လောဘပါတယ်၊ မောဟပါတယ်၊ ဟိတ် ၆-ပါးထဲက ဟိတ် ၂-ပါး (လောဘနဲ့ မောဟ) ပါတယ်။

အဲဒီလိုဖြစ်တဲ့အခါမှာ လောဘမူစိတ်က ဖြစ်စေတဲ့ စိတ္တဇရုပ်ကလည်း အတူတကွ ဖြစ်သေးတယ်၊ အဲဒီတော့ လောဘမူစိတ်ဖြစ်တယ်ဆိုရင် လောဘမူစိတ်ရယ်၊ စေတသိက် ၁၉ ခုရယ်၊ လောဘမူသဟိတ် စိတ္တဇရုပ်ရယ် ဖြစ်တယ်။

အဲသလိုဖြစ်တဲ့အခါမှာ လောဘကိုပစ္စည်းတရားလို့ပြောလိုက်ရင် လောဘမူ စိတ်ရယ်, ကျန်တဲ့စေတသိက် ၁၈-ရယ်၊ သဟိတ်စိတ္တဇရုပ်ရယ်က ပစ္စယုပ္ပန် မဖြစ်ပေဘူးလား၊ လောဘကို ပစ္စည်းယူလိုက်ရင် ကျန်တာတွေ ပစ္စယုပ္ပန် ဖြစ်တာပေါ့၊ မောဟကို ပစ္စည်းယူလိုက်မယ်၊ ကျန်တာတွေ ပစ္စယုပ္ပန် ဖြစ်မယ်၊ အဲသလို သွားရမယ်။

မောဟမူဒွေးနဲ့ မောဟကြဉ်သောဆိုတာက မောဟမူဒွေးမှာ မောဟက တခြားယှဉ်ဘက်စိတ် မရှိဘူး၊ ဒါကြောင့်မို့ မောဟမူဒွေးမှာ မောဟကြဉ်ရတယ်၊ မောဟမူဒွေးမှာ မောဟက ဘယ်ဟိတ်ကမှ သူ့ကို ကျေးဇူးမပြုဘူး၊ သူကိုယ်တိုင်က ဟိတ်ဖြစ်နေတယ်၊ လောဘမူမှာဆိုရင် လောဘမူမှာရှိတဲ့ မောဟကပစ္စယုပ္ပန်ဖြစ် နိုင်တယ်၊ ဘာကြောင့်တုန်း လောဘက ပစ္စည်းဖြစ်တဲ့အခါမှာ သူက ပစ္စယုပ္ပန် ဖြစ်တယ်။

မောဟမူဒွေးကျတော့ မောဟ တစ်ခုထဲယှဉ်တယ်, လောဘလည်းမယှဉ်ဘူး, ဒေါသလည်းမယှဉ်ဘူး ဆိုတော့ သူတစ်ခုထဲဆိုတော့ ဘယ့်နယ်လုပ်ပြီး သူသည် ပင်လျှင် ပစ္စည်း, သူသည်ပင်လျှင် ပစ္စယုပ္ပန်ဖြစ်နိုင်မလဲ၊ မဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့

http://www.dhammadownload.com



မောဟမူဒွေးနှင့် မောဟကြဉ်သော စေတသိက်-၅၂ (စေတသိက်ကတော့ ၅၂ ပဲ)

စေတသိက်-၅၂ ထဲက မောဟမူဒွေးနှင့် မောဟ ထုတ်လိုက်ပေမယ်လို့ လောဘမူမှာရှိတဲ့ မောဟ, ဒေါသမူမှာရှိတဲ့ မောဟက ရှိသေးတာကိုး၊ ဒါကြောင့် မောဟမူဒွေးနဲ့ မောဟကြဉ်တယ်ဆိုပေမယ်လို့ စေတသိက် အရေအတွက်ကတော့ ၅၂ ဟာ ၅၂-ပဲ၊ လျော့မသွားဘူး။

အဲသလို ရေးကဆရာတော်တွေကသေချာတာ၊ အလွန်အံ့ဩစရာ ကောင်းတယ်၊ ဘာလေးတစ်ခုမှ ချွတ်ချော်နေတယ်, လိုနေတယ်ဆိုတာ မရှိဘူး၊ တကယ့်ကို သေချာတယ်။

အာရမ္မဏပစ္စည်းတဲ့၊ အာရမ္မဏဆိုတာ အာရုံကို အာရမ္မဏခေါ်တယ်၊ တောင်ဝှေးတို့ ကြိုးတန်းတို့ကို မသန်မစွမ်းတဲ့ သူတွေက မှီသွားရသလို စိတ်, စေတသိက်တို့၏မှီရာကို အာရမ္မဏလို့ခေါ်တယ်။

*** ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ်အာရုံ။**

အာရုံ ၆-ပါးကို ပကိဏ်းပိုင်းအရ အာရမ္မဏသင်္ဂဟမှာတွေ့ခဲ့ပြီ မဟုတ်လား၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ။

ကောင်းပြီ, အာရမ္မဏပစ္စည်းရဲ့ ပစ္စည်းတရားတွေက ဘာတဲ့တုန်း၊ ဖယားကွက်ကြည့်လိုက်စမ်း။

ပစ္စုပ္ပန်အတိတ် အနာဂတ်ဖြစ်သောစိတ် တစ်ခုယုတ်ကိုးဆယ် (စိတ်တစ်ခုယုတ် ကိုးဆယ်ဆိုတာ စိတ် ၈၉) စေတသိက် ဒွေးပညာသ၊ ရုပ်အဋ္ဌဝီသ (ရုပ် -၂၈) ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်နှင့် ပညတ်၊ နိဗ္ဗာန်နဲ့ ပညတ်က ပစ္စုပ္ပန်လည်း မဟုတ်ဘူး၊ အတိတ်လည်းမဟုတ်ဘူး၊ အနာဂတ်လည်းမဟုတ်ဘူး။

အဲဒီတော့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ပညတ်ရှိသမျှ အကုန်လုံး ကုန်သွားပြီ၊ လောကမှာအာရုံမဟုတ်တဲ့ တရားတွေ ရှိမှမရှိပဲ၊ သူတို့ကို အာရုံပြုတဲ့ တရားတွေကို ပစ္စယုပ္ပန်လို့ခေါ်တယ်။

ပစ္စယုပ္ပန်ဘက်ကျတော့ ဘာတွေရှိသလဲ ကြည့်လိုက်, စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက် ဒွေးပညာသဆိုတော့ စိတ်-၈၉၊ စေတသိက်-၅၂ ဒါပဲ၊ ရုပ်မပါဘူး၊ ရုပ်က အာရုံကိုမယူတတ်ဘူး။

ဒါကြောင့်မို့ အာရမ္မဏပစ္စည်းရဲ့ ပစ္စည်းတရားဆိုရင် စိတ်လည်းပါတယ်၊ စေတသိက်လည်းပါတယ်၊ ရုပ်လည်းပါတယ်၊ နိဗ္ဗာန်လည်းပါတယ်၊ ပညတ်လည်း ပါတယ်၊ အာရမ္မဏပစ္စယုပ္ပန်တရားဆိုရင် စိတ်, စေတသိက်သာပါတယ်။

http://www.dhammadownload.com



အဓိပတိပစ္စည်းတဲ့၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

"စကြဝတေးမင်းသည် တစ်ပါးသောသူတို့၏ကြီးမှူးသော သတ္တိကိုမြင်၍ တိုင်းနိုင်ငံသားတို့အား အစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အဓိပတိပစ္စည်းမည်၏။

အဓိပတိကို သမုစ္စည်းပိုင်း မိဿကသင်္ဂဟမှာ တွေ့ခဲ့ပြီ၊ အဓိပတိ ၄ ပါးရှိတယ်၊ အဓိပတိ ၄-ပါးက ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာ ဓိပတိဆိုပြီး အဓိပတိ ၄-ပါး။

ဒီမှာကျတော့ အဓိပတိကို ၂-မျိုးခွဲလိမ့်မယ်၊ အာရမ္မဏာ ဓိပတိရယ်၊ သဟဇာတ ဓိပတိရယ်လို့ ၂-မျိုးခွဲလိမ့်မယ်၊ ဒီကျတော့ နည်းနည်းရှုပ်သွားပြီ။

အာရမ္မဏာဓိပတိဟာ ဘာလဲဆိုတော့ အာရုံတွေကအမျိုးမျိုးရှိတယ်၊ အလေး အမြတ် အာရုံပြုတယ်ဆိုတာက စွဲစွဲမြဲမြဲပေါ့လေ၊ intently အာရုံပြုခံရတဲ့အာရုံက တစ်မျိုး သာမန်အာရုံပြုခံရတဲ့ အာရုံကတစ်မျိုး၊ ဒါကြောင့်မို့ဒီနေရာမှာ လေးလေး မြတ်မြတ် အာရုံပြုခံရတဲ့တရားတွေကို အာရမ္မဏာဓိပတိပစ္စည်း တရားတွေလို့ ခေါ်လိမ့်မယ်၊ အဲဒီတော့ ဒါက နည်းနည်းရှုပ်လိမ့်မယ်။

အဲဒီတော့ အာရမ္မဏာပစ္စည်းတရားတွေက ဘာတဲ့တုန်း၊ "အလေးအမြတ် ပြုအပ်သော (အလေးအမြတ်ဆိုတာ ရိုရိုသေသေရယ်လို့ မဆိုလိုဘူးနော်၊ စွဲစွဲမြဲမြဲ ကျကျနန အာရုံပြုတာကို ဆိုလိုတယ်) ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ။

ရုပ်ပိုင်းမှာ နိပ္ဖန္နရုပ်၁၈-ခု တွေ့ခဲ့ပြီ၊ အဋ္ဌာရသဆိုတာ ၁၈-ခု၊ ဣဋ္ဌဆိုတာ အလိုရှိအပ်သော အလိုရှိအပ်တဲ့ နိပ္ဖန္နရုပ် ၁၈-ခု၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သောစိတ် ၈၄-ခု။

အဲဒီတော့ ဒေါသမူဒွေးရယ်, မောဟမူဒွေးရယ်, ဒုက္ခသဟဂုဏ် ကာယဝိညာဏ် ရယ်ဆိုတော့ ၅-ခုမဟုတ်လား၊ အဲဒီ ၅-ခုကို စိတ် ၈၉-ထဲက နှုတ်လိုက်ရင် စိတ် ၈၄-ကျန်တယ်၊ စိတ် ၈၄-ခုဆိုတာ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇၊ (သတ္တစတ္တာလီသဆိုတာ ၄၇ ကိုခေါ်တာ)၊ နိဗ္ဗာန်၊ ဒီတရားတွေဟာ အလေးအမြတ်အပြုခံရတဲ့ တရားတွေ၊ ဒါကြောင့်မို့ အာရမ္မဏာဓိပတိ ပစ္စည်းတတ်တဲ့ တရားတွေလို့ ဒီလိုဆိုရတယ်။

သူ့ကို အလေးအမြတ် အာရုံပြုရတဲ့ တရားတွေကို ပစ္စယုပ္ပန်လို့ ခေါ်လိမ့်မယ်၊ အဲဒီပစ္စယုပ္ပန်ကဘာလဲဆိုရင် အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈- ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ လောကုတ္တရာစိတ်

http://www.dhammadownload.com



၈–ခု၊ ဒီစိတ်တွေကသာ ဆိုင်ရာအာရုံကို အလေးအမြတ်ပြုတတ်တယ်၊ တခြားစိတ်တွေက အလေးအမြတ် မပြုတတ်ဘူး၊ သာမန်သာပြုတဝ်တယ်။

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော စေတသိက်, ပဥ္စစတ္တာလီ (၄၅)၊ ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာဆိုတော့ ၅–ခု၊ အပ္ပမညာက ၂–ခုဆိုတော့ ၇–ခု၊ ၅၂–ထဲက ၇–ခု နုတ်လိုက်ရင် ၄၅၊ အဲဒါဟာ အာရမ္မဏာဓိပတိ ပစ္စယုပ္ပန် တရားလို့ခေါ်တယ်။

အလေးအမြတ်ပြုတတ်တဲ့လောဘမူစိတ် ၈–ခုက ဆိုင်ရာအာရုံကို အလေးအမြတ် ပြုတတ်တယ်၊ စွဲစွဲမြဲမြဲ ပြုတတ်တယ်၊ မဟာကုသိုလ်စိတ် ၈–ခုက အလေးအမြတ် စွဲစွဲမြဲမြဲပြုတတ်တယ် စသည်ဖြင့်ပေါ့၊ ဒါကို အသေးစိတ်ခွဲရင် ရသေးတယ်၊ နေပစေ၊ မခွဲနဲ့ဦး, ရှုပ်သွားလိမ့်မယ်။

သဟဇာတာဓိပတိ ဆိုတာကတော့ နားလည်ပြီးသားဖြစ်တဲ့ ဆန္ဒ, စိတ္တ ဝီရိယ, ဝိမံသာကိုပဲ ခေါ်လိမ့်မယ်။

"သာဓိပတိဇော ၅၂–ခုဒ္ဒရှိသော (သာဓိပတိဇောဆိုတာလည်း မိဿက သင်္ဂဟတုန်းက ပြောခဲ့ပြီ၊ သာဓိပတိဇော ၅၂–ဆိုတာ ဇော ၅၅–ထဲက မောဟမူ့ဒွေးရယ် ဟသိတုပ္ပါရယ် ကြဉ်ထားတာ) ဆန္ဒ, ဝီရိယ, သာဓိပတိ တိဟိတ်ဇော ၃၄–ခုဒ္ဒ ရှိသော ဝိမံသ (ဝိမံသဆိုတာ ပညာကိုခေါ်တာ) ပြီးတော့ သာဓိပတိဇော ၅၂–ခု ဆိုတဲ့ စိတ် ဆန္ဒ, ဝီရိယ, ဝိမံသစိတ်အားဖြင့် အဓိပတိ တရားကိုယ် ၃ ပါး, ၄–ပါး တို့တွင် တစ်ပါးပါးတဲ့။

၃–ပါး ၄–ပါးလို့ ပြောတာက ဉာဏသမ္ပယုတ်စိတ်မှာဆိုရင် ၄–ပါးလုံး မရပေဘူးလား၊ ပညာပါလို့၊ ဉာဏဝိပ္ပယုတ်စိတ်ဆိုရင် ပညာမပါဘူး၊ ဒါကြောင့်မို့ တစ်ခါတလေ ၃–ပါး ဖြစ်မယ်၊ တစ်ခါတလေ ၄–ပါး ဖြစ်မယ်။

၃–ပါးဆိုတာက ဉာဏ်နဲ့ မယှဉ်တဲ့စိတ်ကို ရည်ရွယ်တယ်၊ ၄–ပါး ဆိုတာက ဉာဏ်နဲ့ ယှဉ်တဲ့စိတ်ကို ရည်ရွယ်တယ်၊ အဲဒီတော့ အဲဒီ ၄–ပါးမှာ တစ်ပါးပါးဆိုတော့ အဓိပတိက ၁–ပါးသာတတ်တာ၊ ၃–ပါး ၄–ပါးလုံး ပြိုင်ပြီး တော့ အဓိပတိ မတတ်နိုင်ဘူး၊ တစ်နိုင်ငံမှာ သမ္မတတစ်ယောက်ထဲသာ ရှိသလိုပေါ့။

သူရဲ့ ပစ္စယုပ္ပန်တရားတွေက ဘာတဲ့တုန်း၊ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိ တရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂–ပါး (ဇော–၅၅ ထဲက ၅၂၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁၊ သာဓိပတိစိတ္တဇရုပ် (သာဓိပတိစိတ္တဇရုပ်ဆိုတာ သာဓိပတိဇောနှင့်တကွဖြစ်တဲ့ စိတ္တဇရုပ်ကိုခေါ်တာ) အဲဒါတွေဟာ ပစ္စယုပ္ပန်

http://www.dhammadownload.com



တရားတွေ။

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ တို့ကို တွဲထားတယ်။

အနန္တရပစ္စည်းဆိုတာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတဲ့၊ ရှင်းရှင်းကတော့ နေရာဖယ်ပေးတာ၊ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဆိုရင် မြန်မာတွေ နားလည်ပါ့မလား၊ မလည်သေးဘူး၊ နေရာဖယ်ပေးတာဆိုရင် နားလည်တယ်၊ စကြာဝတေးမင်းကြီး နတ်ရွာစံတာ သားတော်ကြီး မင်းဖြစ်ဖို့ ဖြစ်သလိုပဲတဲ့၊ မိမိဖယ်ပေးချုပ်ပေးလိုက်တော့ အဲဒီနေရာမှာ နောက်ထပ် သဘော တရားတစ်ခု ပေါ်ပေါက်နိုင်တယ်၊ အဲသလို ကျေးဇူးပြုတာကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ သုံးတယ်။

* ခြားမဲ့နာမ်တွေ၊ ဖြစ်ပေါ်စေ၊ မှတ်လေ နန္တရ။

ဖြစ်ပေါ်စေတယ်ဆိုတာ အမှန်တော့ produce လုပ်တာ မဟုတ်ဘူးနော်၊ ခုနလိုပဲ နေရာပေးတာကိုပဲ ဆိုလိုတယ်၊ အဲဒါကတော့ အဓိပ္ပါယ်လေး နည်းနည်း ပြောလို့ဖြစ်တယ်၊ ခုနဟာတွေကတော့ ရှုပ်မှာစိုးလို့ မပြောတော့ဘူး၊ ရှုပ်တာ ပြောရင် နားထောင်သူက နားမလည်ရင် အလကားပဲ၊ စိတ်ပျက်တတ်တယ်၊ အဲဒီတော့ မပြောသေးရင် ရှုပ်သွားမှာစိုးလို့ မပြောတာလို့ မှတ်ထား။

အနန္တရပစ္စည်းကတော့ လွယ်တယ်၊ ဝီထိတစ်ခုကို စိတ်ထဲမှာ စဉ်းစားကြည့်လိုက်စမ်း၊ ဝီထိပုံမျက်စိထဲမြင်သလား၊ မြင်တာမှ တန်းနေတာပဲ မဟုတ်လား။

အဲဒီတော့ စိတ်တစ်ခုတစ်ခုရှိရာမှာ ရှေ့စိတ်ချုပ်ပြီးမှ နောက်စိတ်ဖြစ်တာနော်၊ ဝီထိဟာ ပြတဲ့အခါကျတော့ အတန်းကြီးပြထားပေမယ်လို့ တကယ်ဖြစ်တဲ့အခါကျတော့ အတန်းလိုက်ကြီး ဖြစ်နေတာမဟုတ်ဘူး၊ တစ်ခုပြီးမှ တစ်ခုဖြစ်နေတာ၊ အဲဒီတော့ နံပတ် တစ်စိတ်ဖြစ်ပြီးတော့ နံပတ်တစ်စိတ် ချုပ်ပြီးမှ နံပတ် နှစ်စိတ်က ပေါ်နိုင်တယ်၊ နံပတ်နှစ်စိတ် ဖြစ်ပြီး သူချုပ်မှ နံပတ်သုံးစိတ် ပေါ်နိုင်တယ်။

အဲဒီတော့ နံပတ် တစ်စိတ်က နံပတ်နှစ်စိတ်အား အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်၊ နံပတ် နှစ်စိတ်က နံပတ်သုံးစိတ်အား အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အဲသလိုသွားရမယ်၊ အနန္တရပစ္စည်း နားလည်ချင်ရင် ဝီထိကို မျက်စိထဲ မြင်လာပါစေ၊ အဲဒီဝီထိမှာ ရှေ့စိတ်က နောက်စိတ်ကို ဒီနည်းနဲ့ချည်း ကျေးဇူး ပြုသွားတာပဲ။

အဲသလို ကျေးဇူးပြုတဲ့အတွက်ကြောင့် စုတိစိတ်ဖြစ်ပြီးတဲ့နောက် ပဋိသန္ဓေစိတ် ဖြစ်တယ်မဟုတ်လား၊ တရားသဘောအနေနဲ့ အခြားမရှိဘူးနော်။

http://www.dhammadownload.com



ဒါကြောင့်မို့ အဲဒီမှာလည်း ဒီဘဝစုတိစိတ်က နောက်ဘဝပဋိသန္ဓေစိတ်ကို ဒီနည်းနဲ့ (နေရာဖယ်ပေးတဲ့အနေနဲ့) စာစကားနဲ့ပြောရင် အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်။

အဲဒီမှာ ပစ္စည်းတရားက "ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော စိတ်တစ်ခုယုတ်ကိုးဆယ်"

ရဟန္တာစုတိကျတော့ ရဟန္တာစုတိပြီးရင် ဘာရှိတုန်း၊ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဲ့ စုတိနောက်မှာ ပဋိသန္ဓေရှိသေးတယ် မဟုတ်လား၊ ရဟန္တာရဲ့စုတိနောက်မှာ ပဋိသန္ဓေ မရှိတော့ဘူး။

ဒါကြောင့်မို့ ပစ္စည်းဘက်မှာ ရဟန္တာစုတိကြဉ်ရတယ်၊ ဘယ်လောက်သေချာတယ်ဆိုတာ အဲဒါသာကြည့်၊ သာမညစိတ်တစ်ခုယုတ်ကိုးဆယ်လို့ မပြောလိုက်ဘူး၊ ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသောစိတ်တစ်ခုယုတ် ကိုးဆယ်တဲ့။

စိတ်တစ်ခုယုတ်ကိုးဆယ် ယူလိုက်ရင် စေတသိက်-၅၂၊ ဒွေးပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါးဆိုတာ ဒါကို ခေါ်တာပဲ၊ အဆန်းမဟုတ်တော့ဘူး၊ စိတ်တစ်ခုယုတ်ကိုးဆယ် ဒွေးပညာသကိုပဲ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါးလို့သုံးတယ်။

ပဝတ္တိ ဆိုတာပဋိသန္ဓေရဲ့နောက်ကို ပဝတ္တိခေါ်တယ်၊ ပဋိသန္ဓေ အခိုက်အတန့်ကို ပဋိသန္ဓေခေါ်တယ်၊

မြန်မာစကားကတော့ ဇာတိနဲ့ ပဝတ္တိခွဲတဲ့အခါကျတော့ မွေးဖွားတဲ့ နေရာကို ဇာတိခေါ်ပြီးတော့ ကြီးပွားတဲ့နေရာကို ပဝတ္တိခေါ်တယ်၊ ဆိုပါတော့ ရန်ကုန်မှာ ကြီးပွားပေမယ့် ရန်ကုန်မှာ မွေးခဲ့တာ ဟုတ်ချင်မှဟုတ်မယ်၊ ဖျာပုံမှာမွေးတယ်၊ ကျိုက်လတ်မှာမွေးတယ် စသည်ဖြင့် မွေးဖွားခဲ့ကြပြီး ရန်ကုန်မှာလာပြီး ကြီးပွားကြတာတော့ ကျွန်တော်က ကျိုက်လတ်ဇာတိ, ရန်ကုန်က ပဝတ္တိလို့ အဲသလို သုံးတယ်။

စာစကားမှာတော့ ဇာတိဆိုတာ ပဋိသန္ဓေ၊ ပဝတ္တိဆိုတာ ပဋိသန္ဓေနောက် တစ်ဘဝလုံးပေါ့၊ အဲဒါ ပဝတ္တိခေါ်တယ်။

အနန္တရပစ္စယုပ္ပန်၊ ကျေးဇူးပြုခံရတဲ့တရားတွေထဲကျတော့ ရဟန္တာတို့ရဲ့ စုတိမပါသေးဘူးလား၊ ရဟန္တာစုတိ ဘက်ဘက်ရှေ့မှာစိတ်ရှိသေးတယ် မဟုတ်လား၊ ဇော နောင်စုတိရှိမယ်၊ ဘဝင် နောင် စုတိရှိမယ် စသည်ဖြင့် စုတိစိတ်ရှေ့မှာ ရှိသေးတယ်။

ဒါကြောင့်မို့ ကျေးဇူးပြုခံရတဲ့ဘက်ကျတော့ ရဟန္တာစုတိ စိတ်ပြန်ပါလာတယ်၊

http://www.dhammadownload.com



သူက ကျေးဇူးတော့ မပြုတတ်ဘူး၊ သူကတော့ ချုပ်သွားတယ်၊ ဒါပေမယ့် နောက်ဟာမပေါ်တော့တာကို ပြောတာ၊ သူပေါ်ဖို့ရာကျတော့ ရှေ့စိတ်ကချုပ်ပေးရဦးမယ်၊ ဒါကြောင့်မို့ သူက ပစ္စယပွန်အနေနဲ့ကျတော့ သူပါတယ်။

ဒါကြောင့်မို့ ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သောစိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေးပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ-၄ ပါး။

ဒါကြောင့်မို့ အနန္တရကို နားလည်ရင် သမနန္တရကိုလည်းနားလည်သည်၊ ဘာမှ မထူးပါဘူး၊ ပါဠိစကားမှာ သံဆိုတဲ့စကားလေး ပိုတာပဲ ရှိတယ်၊ အဲဒါကို ဘယ်လိုထူးတယ်လို့ ကြံဖန်ပြောတာဟာ အပိုပဲ၊ နားရှုပ်တာပဲ ရှိတယ်၊ အတူတူပဲလို့သာ မှတ်ထားလိုက်။

တစ်ခါတလေကျတော့ ကျမ်းဂန်တွေမှာက သိပ်ပြီးတော့ အဲသလိုလုပ်ကြတယ်၊ ထူးပါတယ်ဆိုပြီးတော့ ကြံဖန်ပြီး ပြောတယ်၊ ကြံဖန်ပြောတော့အမှတ်ရခက်တယ်၊ အတူတူပဲကွာဆိုပြီးရော၊ ရှင်းနေတာပဲ။

ဘာကြောင့် တူပါလျက်နဲ့ ၂-ခုဟောထားသလဲဆိုတော့ ဖြေထားတဲ့ အဖြေက· ဝေနေယျသတ္တဝါတို့၏ အလိုအားလျော်စွာ ၂-မျိုးခွဲခြားပြီး ဟောတယ်တဲ့။

ဝေနေယျတို့အကြိုက် ဝေနေယျတို့ရဲ့ အတွင်းစိတ်သဘောထားကိုကြည့်ပြီး ဒိဝေနေယျတွေကို အနန္တရဆိုတဲ့အသုံးနဲ့ သုံးစွဲပြီးဟောရင် နားလည်မယ်၊ တရားရမယ်၊ ဟိုဝေနေယျတွေက သမနန္တရသုံးစွဲပြီးဟောမှ သဘောကျမယ်၊ အဲသလိုဆို သမနန္တရနဲ့ ဟောတယ်။

ဟိုနောက်မှာ နတ္ထိ ဝိဂတဆိုတာတွေ့လိမ့်မယ်၊ ဒါဟာလည်းပဲ ဒါနဲ့ အတူတူမို့ ဇယားကွက်ထဲမှာ ပေါင်းထားတယ်။

သဟဇာတပစ္စည်းတဲ့၊ သဟဇာတဆိုတာ သဟအတူတကွ၊ ဇာတဆိုတာ ဖြစ်တာ၊ အတူတကွဖြစ်ပြီးတော့ ကျေးဇူးပြုတတ်တဲ့ပစ္စည်းကို သဟဇာတပစ္စည်းတဲ့။

"ဆီမီးသည် မိမိနှင့်အတူတကွဖြစ်သော အလင်းဓာတ်အားတကွဖြစ်၍ ကျေးဇူးပြုသကဲ့သို့"

ဆီမီးထွန်းလိုက်တာနဲ့ တစ်ပြိုင်နက် အလင်းရောင်ပေါ်မလာဘူးလား၊ ဆီမီးဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် အလင်းရောင်ပေါ်လာတယ်၊ အလင်းရောင်က နောက်ကျနေတယ်ရယ်လို့ မရှိဘူး၊ အဲဒီလို အတူတူဖြစ်ပြီး ကျေးဇူးပြုတာနော်၊ ဒီ ဥပမာလေးက သိပ်ကောင်းတယ်။

အဲဒီတော့ ဆီမီးကအလင်းရောင်ကို ပြုလုပ်လိုက်တာ မဟုတ်ဘူး၊ ဒါပေမယ့်

http://www.dhammadownload.com



သူဖြစ်သည်နှင့် တစ်ပြိုင်နက် အလင်းရောင် ပေါ်လာတဲ့အတွက်ကြောင့် အတူတကွ ဖြစ်ပြီးတော့ ကျေးဇူးပြုတယ်၊

*** အတူဖြစ်ရန်, ကျေးဇူးသန်, အမှန်သဟာဇ။**

အဲဒီ သဟဇာတပစ္စည်းကို ပစ္စယုပ္ပန်တို့ကျတော့ ကျမ်းဂန်သုံးက ပြောရခက်တယ်။

"အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း တပ်သော (တပ်သောဆိုတာ ကျေးဇူးပြုသောလို့ ဆိုလိုတယ်) အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ် စေတသိက်ဒွေးပညာသပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး။

"အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း တပ်သော စိတ္တဇ မဟာဘုတ်၊ ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ် ကမ္မဇမဟာဘုတ်၊ ပဝတ္တိ ကမ္မဇ မဟာဘုတ်အားဖြင့် မဟာဘုတ် ၄-ပါး"

မဟာဘုတ် ၄-ပါးသာ သာမည မှတ်ထားလိုက်၊ မဟာဘုတ် ၄-ပါး ဆိုတာ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီး ၄-ပါးကို ပြောတာ၊ အဲဒီ ဓာတ်ကြီး ၄-ပါးက အချင်းချင်းကိုလည်း ကျေးဇူးပြုတယ်၊ ဥပါဒါရုပ်ကိုလည်း ကျေးဇူး ပြုတယ်။

ပဉ္စဝေါကာရ ပဋိသန္ဓေဆိုတော့ ပဉ္စဝေါကာရဘုံဆိုတာ နားလည်သလား ခန္ဓာ ၅-ပါးရှိတဲ့ ဘုံကို ပဉ္စဝေါကာရဘုံလို့ ခေါ်တယ်၊ အပါယ်ဘုံ, လူ့ဘုံ, နတ်ဘုံ, တချို့သော ဗြဟ္မာဘုံ၊ အဲဒီဘုံတွေမှာ ပဋိသန္ဓေစိတ်ဖြစ်တဲ့အခါကျတော့ ပဋိသန္ဓေစိတ်ရယ်၊ ကမ္မဇရုပ်ထဲမှာ ဟဒယဝတ္ထုပါတယ်၊ အဲဒီ ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုဟာ အတူတကွဖြစ်ပြီးတော့ ပဋိသန္ဓေစိတ်က ဟဒယဝတ္ထုကို ကျေးဇူးပြုတယ်၊ ဟဒယဝတ္ထုကလည်း ပဋိသန္ဓေစိတ်ကို ကျေးဇူးပြုတယ်။

ပစ္စယုပ္ပန်တရားဘက်ကျတော့ ဘာတွေရှိလဲ။

"အချင်းချင်းမှ ထောက်အပ်သော"ဆိုတာ အချင်းချင်းက ကျေးဇူးပြုတာ ခံရသောလို့ ဆိုတယ်။

"အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး, အချင်းချင်းမှထောက်အပ်သော ဥပါဒါရုပ်နှင့်တကွသော အလုံးစုံသော မဟာဘုတ် ၄-ပါး, အချင်းချင်းမှ

http://www.dhammadownload.com



ထောက်အပ်သော ပစ္စဝေါဟာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထု သူတို့အချင်းချင်း ပြန်ကျေးဇူးပြုလိမ့်မယ်။

အဲဒါကြောင့်မို့ ပြောကြစို့ဆိုရင် လူ့ဘဝပဋိသန္ဓေ နေပြီဆိုပါတော့၊ မဟာဝိပါက် ပထမစိတ်နဲ့ ပဋိသန္ဓေနေပါပြီတဲ့၊ မဟာဝိပါက်စိတ် ၁-ခုရယ်၊ စေတသိက် ၃၃-ခုရယ်၊ ပြီးတော့ ကမ္မဇရုပ်ထဲမှာ ဘာပါမလဲ၊ ဟဒယဝတ္ထုမပါ ပေဘူးလား။

လူ့ဘုံ ပဋိသန္ဓေနေတဲ့အခါကျတော့ ပဋိသန္ဓေအခိုက်အတံ့မှာ ကလာပ် ၃ စည်း မဖြစ်ဘူးလား၊ ကာယ, ဘာဝ, ဝတ္ထုဆိုတဲ့ ကလာပ် ၃-စည်းမှာ၊ ဒသက ဆိုတာ ဟဒယ ဝတ္ထုပါတယ်။

အဲဒီလိုဖြစ်တဲ့အခါမှာ စိတ် စေတသိက် အချင်းချင်းကလည်း ကျေးဇူးပြုတယ်၊ စိတ်က စေတသိက်ကို ကျေးဇူးပြုတယ် စေတသိက်က စိတ်ကို ကျေးဇူးပြုတယ်၊ ပြီးတော့ အတူတကွဖြစ်ပြီးတော့ စိတ် စေတသိက်က ဟဒယဝတ္ထုကို ကျေးဇူးပြုတယ်၊ ဟဒယဝတ္ထုက စိတ် စေတသိက်ကို ကျေးဇူးပြုတယ်၊ ဟုတ်ပြီလား၊ အဲဒါ သဟဇာတပစ္စည်း၊ သဟဇာတပစ္စည်းဆိုတာ အတူတကွဖြစ်ပြီးတော့ ကျေးဇူးပြုတတ်တဲ့ ပစ္စည်း။

အညမညပစ္စည်းတဲ့၊ အညမညဆိုတာကို နားလည်ကြလိမ့်မယ် ထင်တယ်၊ ဒါပေမယ့် လူအများသိတဲ့ အညမညပစ္စည်းနဲ့ ပဋ္ဌာန်းအညမညနဲ့ မတူဘူးနော်။

အညမညပစ္စည်းကို ကြည့်လိုက်၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောတရား၊ သစ်သား၃-ခုထောက်ထားတယ်၊ တစ်ခုက တစ်ခုကို ကျေးဇူးပြုနေတယ်၊ တစ်ခုဖယ်လိုက်ရင် နောက် ၂-ခုကလဲသွားမယ်၊ အဲဒီလို အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတဲ့ တရားကို အညမညပစ္စည်းတပ်တဲ့ တရားလို့ အဲသလိုခေါ်တယ်။

များသောအားဖြင့်ကတော့ အညမညပစ္စည်းဆိုတာ နာမ်နာမ်ချင်း ကျေးဇူးပြုတာများတယ်၊ ရုပ်ဟာ ပဋိသန္ဓေအခိုက်အတံ့မှာသာပါတယ်၊ ပဝတ္တိအခါမှာ ရုပ်နဲ့နာမ်ဘယ်တော့မှ အညမညမဖြစ်ဘူး၊ ပဋိသန္ဓေ အခိုက်အတံ့မှာသာ ခုန ဟဒယဝတ္ထုနဲ့ ကျန်နဲ့စိတ် စေတသိက်နဲ့က အပြန်အလှန်ကျေးဇူးပြုတယ်၊ ပဋိသန္ဓေ အခိုက်အတံ့မှာရတယ်၊ ပဝတ္တိအခါမှာ ရုပ်နဲ့နာမ်ဟာ အညမညမရဘူး၊ သဟဇာတ တော့ဖြစ်တယ်၊ အညမညမဖြစ်ဘူး။

ဒါကြောင့်မို့ လူတွေသုံးလေ့ရှိတဲ့ အညမည သဘောတရားဟာ ပဋ္ဌာန်း အညမည မဟုတ်ဘူး၊ ဒီစကားလုံးရဲ့ အဓိပ္ပါယ်ဖြစ်တဲ့ အချင်းချင်းဆိုတာကို

http://www.dhammadownload.com



ယှဉ်သုံးထားတာ၊ ပဋ္ဌာန်းမှာ ဆိုလိုကာက ရုပ်ကနာမ်ကို ကျေးဇူးပြုတယ်၊ နာမ်ကလည်း ရုပ်ကို ကျေးဇူးပြုတယ်။

ပဋ္ဌာန်းမှာက ပဋိသန္ဓေအခိုက်အတုံ့မှာဆိုရင်တော့ ဟုတ်တယ်၊ တခြား အခိုက်အတုံ့မှာ ဆိုရင်တော မဟုတ်ဘူး၊ အဲဒါ အညမညတဲ့။

အညမညဟာ အမှန်တော့ သဟဇာတထဲ ဝင်နေတာပဲ၊ အညမညဖြစ်ရင် သဟဇာတဖြစ်တော့တာပဲ၊ သဟဇာတဖြစ်တိုင်း အညမညမဖြစ်ဘူး၊ သဟဇာတက ကျယ်တယ်၊ အညမညကကျဉ်းတယ်၊ ဒါပါပဲ၊ အချင်းချင်း အပြန်အလှန် ကျေးဇူး ပြုတာ အညမညပစ္စည်းတဲ့။

အညမညပစ္စည်းကို ဇယားကွက်မှာကြည့်လိုက်ရင် စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေးပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, မဟာဘုတ် ၄-ပါး, မဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထု၊ သူတို့အချင်းချင်း ကျေးဇူးပြုမယ်။

ပစ္စယုပ္ပန်ကျတော့လည်း ဒီအတိုင်းပါပဲ၊ အချင်းချင်းမှ ထောက်အပ်သောဆိုတာ အချင်းချင်း ကျေးဇူးပြုခံရတဲ့စိတ်-၈၉၊ စေတသိက် ၅၂- ပြီးတော့ မဟာဘုတ် ၄-ပါးရယ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထု။

ပဋိသန္ဓေ နာမက္ခန္ဓာဆိုတာ သိတယ်မဟုတ်လား၊ ပဋိသန္ဓေစိတ်နဲ့ စေတသိက်ကို ပဋိသန္ဓေ နာမက္ခန္ဓာလို့ခေါ်တယ်၊ ဟဒယဝတ္ထုကတော့ ကမ္မဇရုပ်ထဲ မှာပါတဲ့ ဟဒယဝတ္ထု အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတယ်။

*** အချင်းချင်းပြန်လှန်၊ ပြုလေပြန်၊ မှတ်ရန် အညမညတည်းတဲ့။**

အဲဒီတော့ အတူတကွဖြစ်တိုင်း အပြန်အလှန်မဖြစ်ဘူး၊ အဲဒါ မှတ်ထားရမယ်။

နိဿယပစ္စည်းဆိုတာ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ "မြေကြီးသည် သစ်ပင်စသည်တို့၏ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ကား ဘောင်ရှိ အဝတ်ပုဆိုးသည် ပန်းချီဆေး၏မှီရာဖြစ်သကဲ့သို့လည်းကောင်း" ထိုသို့ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်တဲ့တရားကို နိဿယပစ္စည်းတပ်တဲ့ တရားလို့ ခေါ်တယ်။

နိဿယကျတော့ ထပ်ခွဲပြန်တယ်၊ သဟဇာတနိဿယ၊ ပုရေဇာတနိဿယတဲ့၊ ပုရေဇာတ နိဿယကလည်း ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ဆိုပြီး အမျိုးမျိုးကွဲသွားတယ်၊ ဒါတွေ ဒီတစ်ခေါက်အကုန် နားမလည်ရင် လည်း အရေးမကြီးဘူး။

http://www.dhammadownload.com



နိဿယပစ္စည်းဆိုတာ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်တဲ့ သဘောတရားကို ခေါ်တယ်၊ ဒီလောက်လေး နားလည်ထားရင် ပထမတစ်ခေါက်မှာ တော်လောက်ပြီ။

အဲဒီမှာ သဟဇာတနိဿယကျတော့ သဟဇာတလိုပဲ အတူတူပဲဆိုတော့ အတူတကွဖြစ်ပြီးတော့ တစ်ယောက်ကိုတစ်ယောက် မှီတာကိုး၊ တစ်ယောက်ကို တစ်ယောက်က အမှီအဖြစ် ကျေးဇူးပြုတာကိုး၊ အလုပ်တူတူလုပ်တဲ့အခါကျတော့ တစ်ယောက်ကိုတစ်ယောက် ကူညီကြတာမျိုးပေါ့။

ဝတ္ထုပုရေဇာတ နိဿယ, ဝတ္ထာရမ္မဏပုရေဇာတနိဿယတို့ကို အသာထားကြဦးစို့၊ ဒါတွေက အခုနားမလည်နိုင်သေးဘူး။

အဲဒီတော့ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်တဲ့ တရားသည် နိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတ, နိဿယတို့နဲ့ ပတ်သက်ပြီးတော့ (ဆိုပါတော့) စက္ခုပသာဒရှိတယ်၊ စက္ခုပသာဒကို အမှီပြုပြီးတော့ စက္ခုဝိညာဏ်ခေါ်တဲ့ မြင်စိတ်ဖြစ်မယ်၊ ဒါဖြင့် ရင်စက္ခုဝိညာဏ်စိတ်ကို စက္ခုပသာဒက မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတယ်၊ စက္ခုပသာဒမရှိရင် (မျက်လုံးမရှိရင် မျက်စိအကြည်ဓာတ် မရှိရင်) မြင်စိတ်ကို မဖြစ်ပေါ်နိုင်ဘူး၊ နားအကြည်ဓာတ်မရှိရင် သောတပသာဒ ပျက်နေရင် ကြားတဲ့စိတ်ကို မဖြစ်ပေါ်နိုင်ဘူး။

အဲသလို ကြားတဲ့စိတ်ကို (သောတပသာဒ) သူက ထုတ်လုပ်ပေးတာ မဟုတ်ဘူး၊ ဒါပေမယ့် သူ့ကို အမှီပြုပြီးမှ ဖြစ်ရတာ၊ ဒါကြောင့် သူက နိဿယ သတ္တိနဲ့ ကျေးဇူးပြုတယ်။

ပဉ္စဝတ္ထုဆိုတာ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု ပေါ့လေ၊ ဆိုပါတော့ လျှာမှာ taste bud တွေ အကုန်လုံး ပျက်နေပြီဆိုရင် ဘာအရသာမှ သိမှာမဟုတ်ဘူး၊ နှာခေါင်းလည်းအတူတူပေါ့၊ အဲဒီလိုမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်တဲ့ တရားတွေ၊ ဒီလောက်လေး နားလည်ရင် တော်လောက်ပြီ။

ဥပနိဿယပစ္စည်းတဲ့၊ ဥပဆိုတာအားကြီးတာ၊ အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရားတဲ့၊ "မိုးဟာ သတ္တဝါဟူသမျှနှင့် ၎င်းကိုမှီကာ ကြီးပွား ပေါက်ရောက်ကြသော သစ်ပင်တို့၏ အားကြီးသော မှီရာဖြစ်သလို အားကြီးသော မှီရာဖြစ်တဲ့တရားကို ဥပနိဿယပစ္စည်းတတ်တဲ့တရားလို့ ခေါ်တယ်။

အဲဒီတော့ ပဋ္ဌာန်းပစ္စည်းမှာ အကျယ်ဝန်းဆုံးလို့ ဆိုရလိမ့်မယ်၊ ဘယ်နည်းနဲ့မှ ကျေးဇူးပြုတာမဟုတ်ဘူးဆိုရင် ဥပနိဿယနဲ့ကတော့ ဖြစ်တော့တာပဲ။

ဆိုပါတော့, အကုသိုလ်ကို အကြောင်းပြုပြီး ကုသိုလ်ဖြစ်တာတွေ ရှိတယ်၊

http://www.dhammadownload.com



ကုသိုလ်ကို အကြောင်းပြုပြီးတော့ အကုသိုလ်ဖြစ်တာတွေရှိတယ်၊ နောက်ဘဝကောင်းကောင်းလေးရောက်ချင်တယ်၊ ဒါဟာ လောဘမဟုတ်လား၊ နောက်ဘဝကောင်းကောင်းလေးရောက်ချင်တော့ ဒီဘဝဘာလုပ်တုန်း၊ အလှူပေးတယ်၊ သီလဆောက်တည်တယ်၊ ကုသိုလ်တွေပြုတယ်။

အဲဒီတော့ နောက်ဘဝကောင်း ရောက်ချင်တဲ့ အကုသိုလ်က အလှူပေးတယ်၊ သီလဆောက်တည်တယ် စတဲ့ကုသိုလ်ကို ဥပနိဿယ သတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဒါကြောင့်မို့ ကုသိုလ်ကို အမှီပြုပြီးတော့ ကုသိုလ်ဖြစ်တယ်၊ ကုသိုလ်ကို အမှီပြုပြီးတော့ အကုသိုလ်ဖြစ်တယ်၊ အဲသလိုရှိတယ်၊ အဲဒါကျတော့ တခြားနည်းနဲ့မရဘူး၊ ဥပဿနိဿယလာခဲ့၊ ဥပနိဿယ အကျယ်ဆုံးပစ္စည်းလို့သာ မှတ်ထားပေတော့။

သူ (ဥပနိဿယ)ကလည်းအမျိုးမျိုးရှိတယ်၊ အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယနဲ့၊ ဒါတွေနေပစေဦး။

ပုရေဇာတပစ္စည်းတဲ့၊ ပုရေဆိုတာ ရှေ့၊ ဇာတဆိုတာဖြစ်တာ၊ ရှေးဖြစ်နှင့်ပြီးတော့ သတ္တဝါတွေ ကျေးဇူးပြုသလိုပဲ၊ ပုရေဇာတပစ္စည်းဆိုတာ ရှေးတုန်းကဖြစ်ခဲ့တယ်၊ အခုအခိုက်အတဲ့မှာလည်းရှိနေတယ်၊ ရှိနေပြီးတော့ သူက တခြားတရားတစ်ခုခုကို ကျေးဇူးပြုနေတယ်၊ အဲဒါကို ပုရေဇာတပစ္စည်းလို့ ခေါ်တယ်။

ခုန စက္ခုပသာဒနဲ့ စက္ခုဝိညာဏ်ကို နမူနာအဖြစ် ပြောကြစို့၊ စက္ခုဝိညာဏ်စိတ် မဖြစ်ခင်ကတည်းက စက္ခုပသာဒ ရှိနေတယ်၊ ဝီထိမှာ သေသေချာချာသွားရင် စက္ခုဝိညာဏ်စိတ်က အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ် စသည်ဖြင့် ဝီထိတန်းရှိတယ်မဟုတ်လား၊ ဝီထိတန်းမှာ စက္ခုဝိညာဏ်က စက္ခုဝတ္ထု စက္ခုပသာဒကို မှီတယ်။

အဲဒီစက္ခုဝတ္ထုဟာ အတီတဘဝင်နဲ့အတူဥပါဒ်တဲ့ စက္ခုပသာဒ၊ အဲဒီတုန်းက သူကဖြစ်ခဲ့ပြီ၊ ပုရေဇာတ ရှေးတုန်းက ဖြစ်ခဲ့ပြီ၊ အဲဒီဖြစ်ခဲ့တဲ့ စက္ခုပသာဒက ရုပ်သက် ဘယ်လောက်ကြာကြာနေမလဲ၊ စိတ်နဲ့ရုပ်က ဘယ်သူကပိုပြီး အသက်ရှည်မလဲ၊ ရုပ်က ရှည်တယ်၊ ဘယ်နှစ်ဆလဲ၊ ၁၇–ဆ။

အဲဒီတော့ စက္ခုဝိညာဏ်ဖြစ်တဲ့အခါမှာ စက္ခုဝတ္ထုက ထင်ရှားရှိနေတယ်၊ ရှေးတုန်းက ဖြစ်ခဲ့ပြီးတော့ စက္ခုဝိညာဏ်ပေါ်လာတဲ့အခါမှာ သူက စက္ခုဝတ္ထုကို မှီရာအဖြစ်နဲ့ ကျေးဇူးပြုတယ်၊ အဲဒါကို ပုရေဇာတပစ္စည်းလို့ ခေါ်တယ်။

ပုရေဇာတ ပစ္စည်းမှန်ရင် ရှေးတုန်းက ဖြစ်ခဲ့ရမယ်၊ ပြီးတော့ အခုကျေးဇူးပြုတဲ့ အခိုက်အတဲ့မှာလည်း ထင်ရှားရှိနေရမယ်၊ အဲဒီလို ပစ္စည်းမျိုးကို ပုရေဇာတပစ္စည်းလို့

http://www.dhammadownload.com



ခေါ်တယ်၊ ပုရေဇာတပစ္စည်းက လွယ်တယ်၊ ပစ္ဆာဇာတပစ္စည်းက ခက်တယ်။

ပစ္ဆာဇာတပစ္စည်းဆိုတာ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရားတဲ့၊ "ရှေးကပေါက်နှင့်ကာ ကြီးပွားနေသော သစ်ပင်အား နောက်မှ သွန်းလောင်းအပ်ရွာအပ်သော မိုးရေက စည်ပင်ကြီးပွားစေခြင်းငှာ ကျေးဇူးပြုသလိုပဲတဲ့၊ သူက နောက်မှပေါ်ပြီး ကျေးဇူးပြုတယ်၊ နဂိုတုန်းက ရှိခဲ့ပြီးသားဟာကို သူပေါ်လာတော့ ကျေးဇူးပြုတာ၊ ဒါကို ဆိုလိုတယ်၊ အဲဒါ ပစ္ဆာဇာတတဲ့။

ပစ္ဆာဇာတပစ္စည်းက နောက်မှပေါ်လာပြီး ကျေးဇူးပြုတဲ့အချိန်အခါမှာ ကျေးဇူးအပြုခံရတဲ့ တရားဟာလည်း ထင်ရှားရှိရမယ်၊ သူလည်းထင်ရှားရှိရမယ်၊ ကျေးဇူးအပြုခံရတဲ့ တရားလည်း ထင်ရှားရှိရမယ်။

ဟိုကအရင်ဖြစ်ခဲ့ပြီ၊ သူက အခုမှ စဖြစ်ပြီး အရင်ဖြစ်ခဲ့ပြီးသားကို ကျေးဇူးပြုတာ၊ ခုနဟာနဲ့ ပြောင်းပြန်။

ခုနဟာက သူက နဂိုဖြစ်ခဲ့ပြီးတော့ အခုဖြစ်ခဲ့တဲ့ဟာက ထပြီး ကျေးဇူးပြုတာ၊ အခုပစ္ဆာဇာတကျတော့ သူက အခုဖြစ်ပြီးတော့ နဂိုကဖြစ်ပြီး ရှိခဲ့တဲ့ တရားကို ကျေးဇူးပြုတာ၊ သူကနောက်မှပေါ်ပြီး ကျေးဇူးပြုလို့ ပစ္ဆာဇာတပစ္စည်းလို့ သုံးတာ၊ ဒါကြောင့်မို့ ဒီမှာ နောက်နောက်သောစိတ် ၈၅-ခု၊ စေတသိက် ဒွေးပညာသလို့ဆိုတာ၊ ပစ္စယုပ္ပန် တရားဘက်ကျတော့ ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာရနဲ့ ပြောတာ။

အဲဒီပစ္ဆာဇာတပစ္စည်းက အယူနည်းနည်းချော်တတ်တယ်၊ မှားတတ်တယ်၊ ပစ္ဆာဇာတပစ္စည်းဟာ သူမဖြစ်ခင်ကတည်းက သူကနောက်မှဖြစ်မှာ၊ အခုထဲက ကျေးဇူးပြုတယ်လို့ တချို့က အဲသလို ယူတာတွေလည်းရှိတယ်၊ ဒါပေမယ်လို့ ပဋ္ဌာန်း သဘောတရားနဲ့ စဉ်းစားလိုက်တဲ့အခါကျတော့ ပစ္ဆာဇာတပစ္စည်းဟာ အမျိုးအစား ခွဲလိုက်ရင် အတ္ထိအမျိုးအစားထဲမှာပါတယ်တဲ့၊ အတ္ထိဆိုတာ ထင်ရှားရှိနေရမယ်၊ သူဟာ ထင်ရှားရှိနေပြီးတော့ ကျေးဇူးပြုရမှာ၊ သူထင်ရှားမရှိသေးရင် ကျေးဇူးမပြု နိုင်ဘူး။

အဲဒါကြောင့်မို့ ပစ္ဆာဇာတပစ္စည်းဟာ သူဖြစ်ပေါ်လာပြီးနောက် သူရှိနေတဲ့ခိုက် ကျေးဇူးပြုခံရတဲ့ တရားလည်း ရှိနေခိုက်မှာ ကျေးဇူးပြုတာ၊ သူက မပေါ်ခင်ထဲက ကျေးဇူးပြုတယ်ဆိုရင်တော့ တော်တော် နားလည်ဖို့ လက်ခံဖို့ မလွယ်ဘူး။

ဒါကြောင့်မို့ ကြိုတင်ပြီး ကျေးဇူးပြုတာ မဟုတ်ဘူး၊ သူဖြစ်လာမှ ကျေးဇူးပြုတာ၊ ဒါပေမယ်လို့ကျေးဇူးအပြုခံရတဲ့ တရားက ရှေးတုန်းက ဖြစ်ခဲ့ပြီး သူက

http://www.dhammadownload.com



နောက်မှဖြစ်တယ်ပေါ့လေ၊ ဒါကြောင့်မို့သူ့ကို ပစ္ဆာဇာတပစ္စည်းလို့ သုံးတယ်။

*** သတ္တတိံရှိနေ၊ ဌီ ရုပ်တွေ အား၊ စိတ်စေနှစ်ဖြာ၊ နောက်နောက်လာ၊ တည်ငှာပစ္ဆာဇ။**

အာသေဝနပစ္စည်း၊ ဒါကတော့ လွယ်ပါတယ်၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ repetition လို့ အသေဝနကို အင်္ဂလိပ်လိုပြန်တယ်၊ စာတစ်ခုကျက်တဲ့အခါ အထပ်ထပ် ရွတ်ရင် ကြာတော့ ရသွားရော၊ နှုတ်သာထည့်တဲ့ခွက်ဟာ နံ့သာထည့်ဖန်များတော့ နံ့သာနံ့ ထုံနေတယ်၊ အဲသလို ထုံတာကို အာသေဝနလို့ခေါ်တယ်။

"ရှေးရှေး၌ သင်အံသော ကျမ်းဂန်သည် နောက်နောက်၌ သင်အံသော ကျမ်းဂန်အား သင်ကြားလေ့ကျက်ဆောင်ရွက်လွယ်ကူစေခြင်းငှာ"

ရှေးတုန်းက သင်ထားတာဟာ နောက်သင်မယ့်ဟာကို ကျေးဇူးပြုတာပေါ့၊ အလိကျက်ထားမှ သချ်ာတွက်ရလွယ်မယ်၊ အပေါင်းအနှုတ်အမြှောက်အစား လုပ်လို့ရမယ်၊ အဲသလို ကျေးဇူးပြုတာ။

အဲသလို ကျေးဇူးပြုတဲ့ တရားတွေကျတော့ သဘောတူမှ၊ ဇာတ်တူမှ ဒီနည်းနဲ့ ကျေးဇူးပြုလို့ရတယ်၊ repeat လုပ်တယ်ဆိုတာ repeat ဆိုကတည်းက ဒီသဘောတရား ထပ်ဖြည့်ရမယ်ပေါ့။

"ရှေးရှေးဖြစ်သော ဇောတို့သည် အခြားမဲ့ဖြစ်သော နောက်နောက်ဇောတို့အား ကျေးဇူးပြုတတ်သောကြောင့် အာသေဝနပစ္စည်းလို့ခေါ်တယ်"

အဲဒီတော့ အနန္တရပစ္စည်း ပြန်ကြည့်လိုက်စမ်း၊ ဝိထိမှာ ပဉ္စဒွါရဝဇ္ဇန်းက စက္ခုဝိညာဏ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ် စသည်ဖြင့်သွားတယ်၊ ကိုင်း၊ ဝုဋ္ဌောက ဇောကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ နံပတ်တစ်ဇောက နံပတ်နှစ်ဇောကို အနန္တရနဲ့လည်း ကျေးဇူးပြုတယ်၊ အာသေဝနနဲ့လည်းကျေးဇူးပြုတယ်၊ ဘာကြောင့်လည်းဆိုတော့ ဇာတ်တူလို့၊ ကုသိုလ်ချင်း အကုသိုလ်ချင်း၊ အကုသိုလ်အကုသိုလ်ချင်း၊ ကြိယာကြိယာချင်း ဇာတ်တူတယ်၊ ဇာတ်တူဖြစ်တဲ့အတွက်ကြောင့် အဲဒီအခါကျတော့ အာသေဝနပါပါသွားပြီ။

အဲဒီတော့ သန္တီရဏက ဝုဋ္ဌောကို ကျေးဇူးပြုတဲ့အခါမှာ အနန္တရနဲ့ပဲ ကျေးဇူးပြုတယ်၊ အာသေဝနနဲ့ ကျေးဇူးမပြုဘူး၊ ကုသိုလ်၊ အကုသိုလ် မဟုတ်လို့၊ ဇောဆိုတာ ဘယ်ဟာတွေတုန်း၊ ကုသိုလ်၊ အကုသိုလ်၊ ဖိုလ်၊ ကြိယာတွေကို

http://www.dhammadownload.com



ဇောခေါ်တယ် မဟုတ်လား၊ အဲဒီဇောတွေမှာ ကျေးဇူးပြုမယ်။

ပထမဇောက ဒုတိယဇော၊ ဒုတိယဇောက တတိယဇော စသည်ဖြင့်သွား၊ ဆဋ္ဌမဇောက သတ္တမဇောကို အနန္တရရဲ့လည်း ကျေးဇူးပြုမယ်၊ အာသေဝနနဲ့လည်း ကျေးဇူးပြုမယ်။

သတ္တမဇောက နောက်လာတဲ့ တဒါရုံကိုကျတော့ အာသေဝနမပါတော့ဘူး၊ ဇာတ်မတူတော့ဘူး၊ ကွဲသွားပြီ၊ နားလည်ပြီနော်၊ ဒါကြောင့်မို့ အာသေဝနပစ္စည်းဆိုတာ ဇာတ်တူမှ ကျေးဇူးပြုတယ်၊ ဒါကြောင့်။

*** ရှေ့ဇောအစု၊ ဇာတ်တူမှုကြောင့်၊ ကုအကုပါ၊ ကြိယာတစ်ဖန်၊ နန္တရံ၊ ပွားဟန်သေဝနတဲ့။**

အကုသိုလ် အကုသိုလ်၊ ကြိယာ ဇောတွေ ရှိလိမ့်မယ်။

**ကမ္မပစ္စည်း**။ ဒါကတော့ ဗုဒ္ဓဘာသာမှန်ရင် ကံနားလည်တယ်၊ မိမိကြောင့်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို ပြုပြင်စီရင်တတ်သော စေတနာသည် ကမ္မပစ္စည်းမည်၏၊ ကမ္မပစ္စည်းတပ်တဲ့တရားတွေဟာ ဘယ်တရားတွေတုန်း၊ စေတသိက် ၅၂–ခုတွင် စေတနာ စေတသိက်။

အဲဒီ ကမ္မပစ္စည်းက ၂–မျိုးရှိတယ်၊ သဟဇာတကမ္မရယ် နာနက္ခဏိက ကမ္မရယ်လို့ ၂–မျိုးရှိတယ်။

အခု ပြောပြောနေတဲ့ကံ, ကံ၏အကျိုးတရားဆိုတာက နာနက္ခဏိကကမ္မဆိုတာကို ရည်ရွယ်ပြီးပြောတာ၊ သဟဇာတကမ္မဆိုတာက အတူတကွဖြစ်ပြီးတော့ ကျေးဇူးပြုတယ်၊ နာနက္ခဏိက ကမ္မဆိုတာက driffrent moment ၊နာနာဆိုတာ drifferent ပဲ၊ ခဏဆိုတာ moment ပဲ၊ အချိန်မတူဘူး။

ကုသိုလ်ကံကို အခုပြုလိုက်တယ်၊ အဲဒီကုသိုလ်ကံရဲ့အကျိုးကြောင့် နောက်ဘဝမှာ နတ်ဖြစ်မယ်၊ လူဖြစ်မယ်၊ အကြောင်းနဲ့အကျိုးနဲ့ မကွာဘူးလား၊ ခဏချင်း မတူဘူးမဟုတ်လား၊ အဲသလို ကျေးဇူးပြုတဲ့ စေတနာကို နာနက္ခဏိက ကမ္မပစ္စည်းလို့ခေါ်တယ်။

စေတနာစေတသိက်ဟာ စိတ်တိုင်းနဲ့ယှဉ်တယ်၊ လောဘမူ ပထမစိတ်မှာလဲ စေတနာယှဉ်တယ်၊ အဲဒီ စေတနာဟာ အကျိုးပေးမယ်ဆိုရင် နောက်ဘဝတွေကို အကျိုးပေးနိုင်တယ်၊ နောက်ဘဝတွေကို အကျိုးပေးရင် နာနက္ခဏိက ကမ္မဖြစ်မယ်။

တစ်ခါ အတူတကွဖြစ်တဲ့တရားတွေကို သဟဇာတသတ္တိနဲ့ ကျေးဇူးမပြုပေဘူးလား၊ ပြုတယ်၊ အဲသလို ကျေးဇူးပြုရင် သဟဇာတကမ္မ၊ အဲဒီလို ကမ္မပစ္စည်း

http://www.dhammadownload.com



၂–မျိုးရှိတယ်၊ နာနက္ခဏိက ကမ္မနဲ့သဟဇာတကမ္မ၊ ဒါလေးကို နားလည်ဖို့ ကောင်းတယ်။

အခု ကံက၏ အကျိုးလို့ပြောနေတာဟာ နာနက္ခဏိက ကမ္မကို ရည်ရွယ်ပြီး ပြောနေတာ၊ သဟဇာတကမ္မဆိုတာက စိတ်တိုင်းမှာပါတဲ့ စေတနာပဲ၊ အဲဒီစေတနာက အတူတကွဖြစ်တဲ့စေတသိက်တွေ ရုပ်တွေကို ကျေးဇူးပြုတယ်၊ အဲဒါက သဟဇာတ ကမ္မလို့ ဒီလိုခေါ်တယ်။

ဝိပါကပစ္စည်းတဲ့, ဝိပါကဆိုတာ အကျိုးမဟုတ်လား၊ အဲဒီတော့ ဝိပါက်စိတ် စေတသိက်တွေပဲ ဖြစ်မှာပေါ့၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရားတဲ့။

အမှန်တော့ သူက နောက်ထပ် အကျိုးဖြစ်စေတာကို ဆိုလိုတာ မဟုတ်ဘူးနော်၊ သူတို့ကိုယ်တိုင်က အကျိုးဖြစ်ပြီးတော့ အချင်းချင်း ကျေးဇူးပြုတာကိုပဲ ဝိပါက လို့ဆိုတာ၊ သူက ဖြစ်စေရင် ကမ္မပစ္စည်းဖြစ်သွားလိမ့်မယ်၊ အဲဒါနည်းနည်းလွဲသွား တတ်တယ်။

ဝိပါကပစ္စည်းဆိုတာက သူတို့ကိုယ်၌က တစ်ပါးသောကံက ပစ်ချလိုက်လို့ (ဆိုပါတော့) ဖြစ်ပေါ်လာတဲ့ တရားတွေ၊ ဒါကြောင့်မို့ ဝိပါက်စိတ် စေတသိက်၊ အဲဒါတွေကို ဝိပါကပစ္စည်းတပ်တဲ့ တရားလို့ဆိုရတယ်။

မဟာဝိပါက်စိတ် ၈–ခုဆိုပါစို့၊ စေတသိက် ၃၃–ယှဉ်တယ်၊ အဲဒီမှာ ဝိပါက် စိတ်သည် ဝိပါကပစ္စည်း၊ သူနဲ့အတူတကွဖြစ်တဲ့ စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့ရှိတယ်၊ စိတ္တဇရုပ်ပဲထားပါတော့၊ စိတ္တဇရုပ်သည် ပစ္စယုပ္ပန် အဲသလို သွားရော၊ ဝိပါကပစ္စည်းဆိုတာ အမှန်ကတော့ ပစ္စည်းတပ်တဲ့တရား ကိုယ်တိုင်က ဝိပါက်ဖြစ် ရမယ်လို့ ဒါလေး မှတ်ထားလိုက်ရင် ပြီးတာပဲ။

အဲဒီတော့ ဝိပါက်က ၂–မျိုးရှိတယ် မဟုတ်လား၊ ပဋိသန္ဓေအခါမှာ ဝိပါက်၊ ပဝတ္တိအခါမှာ ဝိပါက် ၂–မျိုးလုံး ဒီမှာရတယ်။

ဝိပါက်စိတ်တို့ရဲ့ သဘောကအရှိန်အဟုန် ဗျာပါရ မရှိဘူး၊ ဘာကြောင့်လဲ ဆိုတော့ သူများကြောင့် ဖြစ်လာရတဲ့ တရားကိုး၊ သူတို့မှာ ထထကြွကြွ လုံ့လ ပြုတဲ့သဘောမျိုး မရှိဘူး၊ ဝိပါက်ဆိုတဲ့သဘောက ဗျာပါရကင်းတဲ့ သဘော၊ အေးငြိမ်းတဲ့သဘောရှိတယ်။

ဒါကြောင့်မို့ သူတို့က ဝိပါက်ဖြစ်တယ်၊ ထထကြွကြွမရှိတဲ့ အတွက်ကြောင့် နောက်ထပ်အကျိုးတစ်ခုမဖြစ်စေနိုင်ဘူး၊ သူများအကျိုးပဲ ဖြစ်စေနိုင်တယ်၊ ဝိပါက ပစ္စည်းတဲ့။

http://www.dhammadownload.com



အာဟာရပစ္စည်းတဲ့၊ အာဟာရဘာယ်နှစ်မျိုးရှိသလဲ၊ အာဟာရ ၄–မျိုးရှိတယ်၊ ကဗဠီကာရ အာဟာရ၊ ဖဿအာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရလို့ ၄–မျိုးရှိတယ်၊ အဲဒီ ၄–မျိုးကိုပဲ ဒီမှာ အာဟာရပစ္စည်းခေါ်တယ်။

*** ထောက်ပံ့နိုင်တွယ်၊ ကျေးဇူးကြွယ်၊ လေးသွယ်အာဟာရ။**

အာဟာရပစ္စည်းသည် ရုပ်အာဟာရ, နာမ်အာဟာရအားဖြင့် ၂–ပါးအပြား ရှိ၏၊ ကဗဠီကာရအာဟာရကရုပ်ပေါ့၊ ဖဿရယ်, စေတနာရယ်, ဝိညာဏ်ရယ်က နာမ်ပေါ့၊ ဒါကြောင့်မို့ ရုပ်အာဟာရ နာမ်အာဟာရရယ်လို့ အာဟာရ ၂–မျိုး ရှိတယ်။

ဣန္ဒြိယပစ္စည်းတဲ့၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား၊ ဒါလည်းပဲသမုစ္စည်းပိုင်း ပြန်ရှာချည်းပဲ၊ ဣန္ဒြေ ၂၂–ပါးတွေ့ခဲ့တယ် မဟုတ်လား၊ ဒါပေမယ့် ဒီမှာတော့ ဣန္ဒြေ တရားကိုယ် ၈–ပါး ၉–ပါး ဒီလို လုပ်လိမ့်မယ်။

အဲဒီတော့ ဣန္ဒြိယပစ္စည်းမှာ ရုပ်ဣန္ဒြေ, နာမ်ဣန္ဒြေလို့ ၂–မျိုးရှိတယ်လို့ ဒီလိုပဲမှတ်ထား၊ နာမ်ဣန္ဒြေမှာ ဘာတွေရှိသလဲ၊ ဇီဝိတစေတသိက်ရယ်၊ ဧကဂ္ဂတာရယ်၊ ပညာရယ်၊ ဒါတွေကို နာမ်ဣန္ဒြေ ၈–ပါးလို့ ခေါ်တယ်၊ ဣန္ဒြေ ၂၂–ပါးထဲ ပြန်ကြည့်ရင် တွေ့လိမ့်မယ်၊ ဒါက နာမ်ဣန္ဒြေ။

ရုပ် ဣန္ဒြေကတော့ ရူပဇီဝိတိန္ဒြိယ၊ ရုပ်ဇီဝိတဟာ ရုပ်ဣန္ဒြေပေါ့၊ နာမ် ဇီဝိတရယ်၊ တခြားစိတ်စေတသိက်တွေက နာမ်ဣန္ဒြေပေါ့၊ သေသေချာချာ ပြန်စစ် ကြည့်ရင်ရမယ်၊ အဲသလို ဣန္ဒြိယ နာမည်ရပြီး ကျေးဇူးပြုတတ်တဲ့ တရားတွေကို ဣန္ဒြိယပစ္စည်းလို့ ခေါ်တယ်၊ ဒါဟာလည်း အတူတကွဖြစ်ပြီး ကျေးဇူးပြုတဲ့ သဘော တရားတွေပဲ။

စိတ်ရှိမယ်၊ စိတ်က ဝေဒနာကို ကျေးဇူးပြုမယ်၊ သဒ္ဓါကို ကျေးဇူးပြုမယ်၊ ဝီရိယကို ကျေးဇူးပြုမယ်၊ ဝေဒနာက စိတ်ကို ကျေးဇူးပြုမယ်၊ တခြားဟာတွေကို ကျေးဇူးပြုမယ် စသည်ဖြင့် သွားမယ်။

ဈာနပစ္စည်းတဲ့၊ ဈာန်လို့ခေါ်ရတဲ့ တရားတွေက ဘယ်တရားတွေတုန်း၊ ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာလို့ ဈာနင် တရားကိုယ် ၅–ပါး ရှိတယ် မဟုတ်လား၊ သုခဆိုတာ ဝေဒနာပဲ၊ ဥပေက္ခာဆိုတာ ဝေဒနာပဲ၊ ဒါကြောင့်မို့ ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ, တရားကိုယ် ၅–ပါး သူတို့ကို ဈာန ပစ္စည်းလို့ ခေါ်တယ်။

ဝိတက် စေတသိက်ဟာ ဈာနပစ္စည်း၊ သူနဲ့ယှဉ်တဲ့စိတ် စေတသိက်တွေဟာ

http://www.dhammadownload.com



ဈာနပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ စိတ္တဇရုပ်တွေလည်း ပါလိမ့်မယ်၊ အဲသလို သွားရမယ်။

မဂ္ဂပစ္စည်းတဲ့၊ မဂ္ဂင်တရားကိုယ် ဘယ်နှစ်ပါးရှိခဲ့လဲ, ၉–ပါး ရှိတယ်၊ ရိုးရိုးမဂ္ဂင် ၈–ပါးရယ်၊ မိစ္ဆာဒိဋ္ဌိရယ်၊ ဒါပေါ့၊ အဲဒါကို တရားကိုယ်ပြောတဲ့ အခါ ကျတော့ ပညာ (သမ္မာဒိဋ္ဌိ)၊ ဝိတက် (သမ္မာသင်္ကပ္ပ)၊ ဝိရတိ ၃–ခုဆိုတာက (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ)၊ ဝီရိယ (သမ္မာဝါယာမ)၊ သတိ (သမ္မာ သတိ)၊ ဧကဂ္ဂတာ (သမ္မာသမာဓိ)၊ ဒိဋ္ဌိ (မိစ္ဆာဒိဋ္ဌိ)၊ ဝိတက် (မိစ္ဆာသင်္ကပ္ပ) သို့သော် ဝိတက်ချင်းတူလို့ တစ်ခုပဲ ပြန်ရတယ်၊ မိစ္ဆာဝါယာမဆိုရင် ဝီရိယ၊ အဲဒီလို မဂ္ဂင် တရားကိုယ် ၉–ပါး၊ မဂ္ဂပစ္စည်းတတ်တဲ့တရား၊ သူဘို့နဲ့ယှဉ်တဲ့စိတ်, စေတသိက် စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန် တရားတွေ။

သမ္ပယုတ္တပစ္စည်းတဲ့၊ သမ္ပယုတ်ဆိုတာ ယှဉ်တယ်၊ သမ္ပယုတ်ဆိုတ စိတ်, စေတသိက်မှာသာရနိုင်တယ်၊ ရုပ်မှာ မရနိုင်ဘူး၊ ဒါကြောင့်မို့ ပစ္စည်းကလည်းစိတ်, စေတသိက်ပဲ၊ ပစ္စယုပ္ပန်ကလည်း စိတ်စေတသိက်ပဲဖြစ်လိမ့်မယ်၊ ဇယားကွက်ကြည့် လိုက်စမ်း, သမ္ပယုတ်ပစ္စည်း ဘာတွေပြောထားလဲ။

"အချင်းချင်းအားတတ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတ သိက် ဒွေးပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ရှင်းရှင်းပြောရရင် စိတ်–၈၉၊ စေတသိက်–၅၂။

ပစ္စယုပ္ပန်ကြည့်လိုက်ဦး, "အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး, အတူတူပဲ။

အဲဒီတော့ စိတ် စေတသိက်တို့ဟာ သမ္ပယုတ်မဖြစ်ဘူးလား၊ စိတ်ပိုင်းတုန်းက ဉာဏသမ္ပယုတ်တို့ ဒိဋ္ဌိဂတသမ္ပယုတ်တို့ ဆိုခဲ့တယ်မဟုတ်လား၊ စိတ်နဲ့ စေတသိက် သမ္ပယုတ်ဖြစ်နိုင်တယ်၊ စိတ်နဲ့ရုပ်, စေတသိက်နဲ့ရုပ် သမ္ပယုတ် မဖြစ်ဘူး၊ သူတို့ကျတော့ ဝိပ္ပယုတ်ဖြစ်နိုင်တယ်။

သမ္ပယုတ်ဆိုတာ ရောနှောသွားလောက်အောင်ကို ဖြစ်တာဆိုတယ်၊ ဥပမာ များထည့်ပေးထားသေးတယ်၊ "နို့ ရေ ထောပတ် ပျားသကာဟူသော စတုမဓု အရသာသည် အချင်းချင်း နှီးနှောသည်ဖြစ်၍"တဲ့။

စတုမဓုကျိုတဲ့အခါကျတော့ ၄–မျိုး ရောရတယ် မဟုတ်လား၊ အဲသလို စတုမဓု ရောသလို ရောနိုင်တဲ့ သဘောတရားမျိုးကို သမ္ပယုတ်လို့ ခေါ်ရတယ်၊ ရုပ်နဲ့နာမ် တရားက အဲသလိုရောလို့ မရဘူး၊ နာမ်တရားအချင်းချင်းသာ ရောလို့

http://www.dhammadownload.com



ရတယ်၊ ဒါကြောင့်မို့ ရုပ်နဲ့နာမ်ဟာ အတူတူဖြစ်ပေမယ်လို့ သမ္ပယုတ် မဟုတ်ဘူး၊ ဝိပ္ပယုတ်လို့ ခေါ်ရတယ်။

အရသာ ၂-မျိုး အချဉ်နဲ့ အစပ်ကို ဟင်းတစ်မျိုးထဲမှာ ထည့်ချက်မယ်ဆိုရင် ချဉ်တာကချဉ်တာပဲ၊ စပ်တာက စပ်တာပဲ၊ အချဉ်နဲ့အစပ်ကရောသွားပြီး နောက်ထပ် ဘာဖြစ်တယ်ဆိုတာ မရှိဘူး၊ ဒါဟာကိုယ်တွေ့ပဲ၊ ကိုယ်က ငရုတ်သီး မကြိုက်တော့ အစပ်ကလေးပါလာရင် ချက်ခြင်းသိတာပဲ၊ သူများတွေက မစပ်ဘူး ထင်ပေမယ့်၊ ကိုယ့်ကျတော့ စပ်နေတယ်၊ အဲသလိုပဲ၊ မရောနိုင်တာက ဝိပ္ပယုတ္တ၊ ရောနိုင်ပြီးတော့ စတုမဓုလို ဒါကထောပတ်၊ ဒါကပျားရည်နဲ့ အရသာမရှိဘူး ရောသွားပြီ၊ အဲဒါက သမ္ပယုတ္တ၊ ရှေးကဆရာတော်ကြီးတွေ ဥပမာပေးတာ သိပ်ကောင်းတယ်။

ဝိပ္ပယုတ္တကျတော့ ခုနပြောသလို ရောစပ်လို့အတူတူဖြစ်ပေမယ်လို့ မယှဉ်ဘူး၊ ဒါတွေဟာ တော်တော်ဆန်းတယ်နော်၊ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့မြင်ပြီး ဟောခဲ့လို့သာပဲ၊ နောက်လူတွေက ဘုရားဟောပြီးသားကိုတောင် မနည်းလိုက်ရတယ်၊ စပြီးမြင်ဖို့ဆိုတာတော့ အတော်ခဲယဉ်းတယ်။

ဒါကြောင့်မို့ မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်က ပြောခဲ့တာပေါ့၊ မြတ်စွာဘုရားဟာ ပြုနိုင်ခဲတဲ့အလုပ်ကို ပြုလုပ်ခဲ့တယ်၊ အတူတူဖြစ်တဲ့ အာရုံတစ်ခုထဲယူတဲ့ အတူတကွဖြစ်တဲ့ တရားတွေကိုပဲ ဒါက စိတ်, နာမ် သဘောတရား၊ ဒါက ဖဿ သဘောတရား၊ ဒါက ဝေဒနာသဘောတရား စသည်ဖြင့် သီးခြားတစ်ခုစီ တစ်ခုစီ ခွဲပြနိုင်တယ်၊ ခွဲပြရုံတင် မကဘူး၊ အခုလို သူတို့အချင်းချင်းက ဘယ်လိုနည်းနဲ့ ကျေးဇူးပြုပြီး အတူတကွဖြစ်တယ်ဆိုတာကိုပါ ပြောပြခဲ့တာ။

အားလုံးနားလည်ပြီးတဲ့အခါကျတော့ စဉ်းစားကြည့်လိုက်ရင် ကောက်ချင်တာကောက်ယူလိုက်၊ အဲဒါကို အဘိဓမ္မာနည်းနဲ့ explain လုပ်မယ်ဆိုရင် အများကြီး explain လုပ်လို့ရတယ်၊ အခုလိုပဋ္ဌာန်းနည်းနဲ့ လာမလား, ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ လာမလား၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် စသည်ဖြင့်အများကြီး ပြောလို့ရတယ်၊ ဝိပယုတ္တပစ္စည်းကတော့ မယှဉ်တာကို ဆိုလိုတယ်၊ ဒါကြောင့်မို့ ဝိပယုတ္တပစ္စည်းမှာ ရုပ်နဲ့နာမ်ဟာ ဝိပယုတ္တ၊ ဘယ်တော့မှ သမ္ပယုတ္တမဖြစ်ဘူး၊ အဲသလောက်ပဲ မှတ်ထားဦးပေါ့။

အဲဒီတော့ ရုပ်, ရုပ်ချင်း ဝိပယုတ္တဖြစ်သလားတဲ့၊ အဲဒါကျတော့ ရုပ်ရုပ်ချင်း ဝိပယုတ္တဖြစ်တယ်လို့ မဟောပြန်ဘူး၊ ဘာလဲဆိုတော့ အတူတကွဖြစ်ပြီးတော့ သမ္ပယုတ္တ ဖြစ်လေသလားလို့ သံသယဖြစ်ရတဲ့ဟာမျိုးမှသာ ဒါဟာ ဝိပ္ပယုတ်လို့

http://www.dhammadownload.com



ပြောရတာ၊ ရုပ်ရုပ်ချင်းဝိပ္ပယုတ်ထင်ရှားနေတာ သံသယဖြစ်စရာမရှိဘူး၊ အထူး ပြောစရာ မလိုဘူး။

ဒါကြောင့်မို့ ဝိပ္ပယုတ်ပစ္စည်း ပစ္စယုပ္ပန်တတ်တဲ့အခါကျတော့ ဒီရုပ်က ဟိုရုပ်ကို ဝိပ္ပယုတ်သတ္တိနဲ့ ကျေးဇူးပြုတယ်လို့ မပြောတော့ဘူး၊ နာမ်က ရုပ်ကို ဝိပ္ပယုတ္တသတ္တိနဲ့ ကျေးဇူးပြုမယ်၊ ရုပ်က နာမ်ကို ဝိပယုတ္တသတ္တိနဲ့ ကျေးဇူးပြုမယ်၊ ရုပ်က ရုပ်ကို ဝိပယုတ္တနဲ့ ကျေးဇူးပြုတယ်လို့ မဟောတော့ဘူး။

ခုနလို နာမ်နဲ့ရုပ်ဟာ အတူတကွဖြစ်တဲ့အခါ စိတ္တဇရုပ် (စိတ်)နဲ့နာမ်နဲ့ အတူတူဖြစ်တဲ့အခါ သမ္ပယုတ်များ ဖြစ်နေလေသလားလို့ အဲဒီလို ယုံမှားရလောက်တဲ့ နေရာမှ ဝိပယုတ္တလို့ခေါ်တာ။

အတ္ထိပစ္စည်းတဲ့၊ အတ္ထိဆိုတာ ရှိတယ်ဆိုတဲ့ အဓိပ္ပါယ်ရတယ်၊ ထင်ရှားရှိပြီးတော့ ကျေးဇူးပြုတတ်တဲ့ သဘောတရားကို အတ္ထိပစ္စည်းလို့ခေါ်တယ်၊ ဒါကြောင့်မို့ အတ္ထိပစ္စည်းလို့ဆိုရင် ဥပါဒ်, ဌီ, ဘင် အားဖြင့် ရှိနေရမယ်၊ ဥပါဒ်, ဌီ, ဘင် အားဖြင့် ရှိနေမှ သူက အတ္ထိပစ္စည်းတပ်တဲ့တရား ဖြစ်မယ်၊ ဥပါဒ်, ဌီ, ဘင် အားဖြင့် ရှိမနေဘူးဆိုရင် အတ္ထိပစ္စည်း မတတ်နိုင်ဘူး။

ဒါကြောင့်မို့ သဟဇာတထဲလည်းအတ္ထိပါတာပဲ၊ ပုရေဇာတထဲလည်းပါတာပဲ၊ ပစ္ဆာဇာတထဲလည်း ပါတာပဲ၊ အာဟာရဣန္ဒြိယထဲလည်းပါတာပဲ၊ ဘာကြောင့်လဲ ဆိုတော့ သူတို့က ထင်ရှားရှိပြီး ကျေးဇူးပြုတဲ့ တရားတွေမို့လို့။

နတ္ထိပစ္စည်းတဲ့၊ နတ္ထိပစ္စည်းဟာ ရှင်းရှင်းပြောရရင် အနန္တရနဲ့ အတူတူပဲ၊ မရှိသောအားဖြင့် ကျေးဇူးပြုတာ။

ဝိဂတပစ္စည်းတဲ့၊ ဝိဂတဆိုတာ ကင်းသွားတယ်၊ ကင်းသွားတော့ နတ္ထိနဲ့ အတူတူပဲ၊ နတ္ထိနဲ့ ဝိဂတအတူတူပဲ၊ ကင်းတယ်ဆိုတာ မရှိတာပဲ။

အဝိဂတပစ္စည်းကျတော့ မကင်းတာ၊ မကင်းတာဆိုတော့ ရှိတယ်၊ အတ္ထိနဲ့ တူတယ်၊ အဲဒီ ၄-ခု သေသေချာချာ မှတ်နော်၊ အတ္ထိနဲ့ အဝိဂတနဲ့ တူတယ်၊ နတ္ထိနဲ့ ဝိဂတနဲ့ တူတယ်။

တစ်ခါ နတ္ထိနဲ့ အနန္တရနဲ့တူတယ်၊ အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, ဒီ ၄-ခုဟာ အတူတူပဲ၊ ပြန်ပြောပြမယ်။

နတ္ထိနဲ့ ဝိဂတနဲ့ တူတယ်၊ နတ္ထိလို့ ပြောလိုက်ရင် ဝိဂတလို့ ပြောရာရောက်တယ်၊ အဲဒီနတ္ထိဟာ အနန္တရနဲ့ တူပြန်တယ်၊ အနန္တရနဲ့ သမနန္တရကလည်း အတူတူပဲဆိုတော့ ဒီ ၄-ခုဟာ တစ်ခုပြောလိုက်ရင် ဒီ ၄-ခုကို ပြောပြီးသားပဲ။

http://www.dhammadownload.com



အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ပြောလိုက်ရင် နားလည်ရမှာက သမနန္တရနဲ့လည်း ကျေးဇူးပြုတယ်၊ နတ္ထိနဲ့လည်း ကျေးဇူးပြုတယ်၊ ဝိဂတနဲ့လည်း ကျေးဇူးပြုတယ်၊ အဲဒီလို နားလည်ရမယ်၊ ဒါဟာ ၂၄-ပစ္စည်း အကြမ်းဖျင်းပဲ။

မဟာဂန္ဓာရုံ ဆရာတော် ဟောထားတဲ့ အခြေပြုပဋ္ဌာန်းဆိုတာရှိတယ်နော်၊ တိတ်ခွေလည်း တချို့ ဒကာဒကာမတွေဆီမှာ ရှိတယ်၊ စာအုပ်လည်း ရိုက်ထားတယ်၊ အတော်ထူတယ်၊ အဲဒီစာအုပ်များရှိလို့ ဖတ်ရင်ကောင်းတယ်၊ အဲဒါ အကျယ် ဟောထားတာဆိုတော့ ဥပမာတွေဘာတွေနဲ့ ဆိုတော့ ပိုပြီးတော့ နားလည်မယ်၊ ပြည်းပြည်းလည်း ဖတ်ရမယ်၊ ၂၄-ပစ္စည်းအတွက် ဒီလောက်ထူတဲ့ စာအုပ်ကြီး လုပ်ထားတာကို၊ အဲဒါ အချိန်ရှိလို့ ဖတ်ရင် ကောင်းတယ်၊ ဒီမှာတော့ သင်္ဂြိုဟ်က အကျယ်မသွားနိုင်ဘူး၊ လိုရင်းချုပ်ပြီး ပြောရတာ၊ ပစ္စည်းပစ္စယုပ္ပန်ဆိုလည်း ပစ္စည်း ပစ္စယုပ္ပန်ပဲပြောမယ်။

http://www.dhammadownload.com



## ပစ္စည်းတူပေါင်း၍ ပြချက်

(၁) ဤ ၂၄ ပစ္စည်းတို့တွင် နာမ်သည် နာမ်အား ပစ္စည်းပစ္စယုပ္ပန်၏ အဖြစ်ဖြင့် ကျေးဇူးပြုရာ၌ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္ပယုတ္တအားဖြင့် ၆–ပစ္စည်း။

(၂) နာမ်သည် နာမ်ရုပ်အား ပစ္စည်းပစ္စယုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြုရာ၌ ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါကအားဖြင့် ၅–ပစ္စည်း။

(၃) နာမ်သည် ရုပ်အား ကျေးဇူးပြု ရာ၌ ပစ္ဆာဇာတပစ္စည်း။

(၄) ရုပ်သည် နာမ်အား ကျေးဇူးပြုရာ၌ ပုရေဇာတပစ္စည်း။

(၅) ပညတ်နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုရာ၌ အာရမ္မဏ၊ ဥပဒေသနိဿယ ၂–ပစ္စည်း။

(၆) နာမ်ရုပ် ၂–ပါးသည် နာမ်ရုပ် ၂–ပါးအား ကျေးဇူးပြုရာ၌ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတအားဖြင့် ၉–ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

## ပစ္စည်းအကျဉ်းချုပ်

၂၄ ပစ္စည်းတို့ကို အကျဉ်းချုံး၍ သိမ်းရုံးပေါင်းစည်းအပ်သည်ရှိသော် (၁) အာရမ္မဏ (၂) ဥပနိဿယ (၃) ကမ္မ (၄) အတ္ထိ ၄–ပစ္စည်းသို့သာ ဝင်ကုန်၏။

(၁) အာရမ္မဏ ပစ္စည်း၌ အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတ နိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏ ပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ၊ အာရမ္မဏ ပုရေဇာတတ္ထိ၊ အာရမ္မဏ ပုရေဇာတ အဝိဂတ၊ ဤ ၇ ပစ္စည်းနှင့် အာရမ္မဏပါ ပေါင်း ၈–ပစ္စည်းတို့သည် အာရမ္မဏ ရှစ်မျိုးဟု မည်ကုန်၏။ (အာ၊ ဓိ၊ နိ၊ ဥ၊ ပု၊ ဝိပ်၊ အတ်၊ အဝိ တို့တည်း။)

(၂) ဥပနိဿယ၌ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ ပကတူပ နိဿယ၊ အာသေဝန၊ အနန္တရကမ္မ၊ ဖလဝနာနာက္ခဏိက ကမ္မ၊ နတ္ထိ၊ ဝိဂတ ဤ ၉– ပစ္စည်းတို့သည် ဥပနိဿယ ၉–မျိုး၊ ပစ္စည်းအားဖြင့် ၇–ပါးမည်ကုန်၏။ (အနံ၊ သနံ၊ ဥ၊ အာသေ၊ ကံ၊ နတ်၊ ဝိဂတ တို့သည်း။)

(၃) ကမ္မမှာ ကာမဝိပါက်အားတပ်သော ဒုဗ္ဗလကမ္မ၊ ကဋတ္တာ ရုပ်အား တပ်သော ပဋ္ဌဝေါကာရကုသိုလ်, အကုသိုလ်စေတနာဟုဆိုအပ်သော ဗလဝဒုဗ္ဗလ ကမ္မတစ်ပါးသာတည်း၊ ဤကား နာနာက္ခဏိက ကမ္မမျိုးတည်း။

http://www.dhammadownload.com



(၄) အတ္ထိ၌ (က) သဟဇာတတ္ထိ (ခ) ဝတ္ထုပုရေဇာတတ္ထိ (ဂ) ပစ္ဆာဇာတတ္ထိ (ဃ) ရူပအာဟာရတ္ထိ (င) ရူပ ဇီဝိတိန္ဒြိယတ္ထိဟူ၍ ၅-ပါး အပြားရှိ၏။

(က) သဟဇာတတ္ထိ၌ ဟေတု၊ သဟဇာတာ ဓိပတိ၊ သဟဇာတ အညမည၊ သဟဇာတ နိဿယ၊ သဟဇာတကမ္မ၊ ဝိပါက၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂသမ္ပယုတ္တ၊ သဟဇာတ ဝိပ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ ပေါင်း သဟဇာတမျိုး ၁၅-ပါး။

(ခ) ဝတ္ထုပုရေဇာတတ္ထိ၌ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတ အဝိဂတ၊ ပေါင်းဝတ္ထုပုရေဇာတမျိုး ၆-ပါး။

(ဂ) ပစ္ဆာဇာတတ္ထိ၌ ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတ အဝိဂတ ပေါင်း ပစ္ဆာဇာတမျိုး ၄-ပါး။

(ဃ) ရူပအာဟာရတ္ထိ၌ ရုပ်အာဟာရ၊ ရုပ်အာဟာရတ္ထိ၊ ရူပါဟာရအဝိဂတ ပေါင်း ရုပ်အာဟာရမျိုး ၃-ပါး။

(င) ရူပဇီဝိတိန္ဒြိယတ္ထိ၌ ရုပ်ဇီဝိတိန္ဒြေ, ရူပဇီဝိတိန္ဒြိယတ္ထိ,အဝိဂတ, ပေါင်း ရူပဇီဝိတိန္ဒြိယမျိုး ၃-ပါးဟူလို။

## ကာလသုံးပါး စသည်ဖြင့် ဝေဖန်ပြခြင်း

ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၁၅ ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလတစ်ပါး၌ဖြစ်၏၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤ ၅-ပစ္စည်းတို့သည် အတိတ်ကာလ တစ်ပါးတည်း၌သာ ဖြစ်၏။ ဤ ၂၀-သော ပစ္စည်းတို့သည် ကာလတစ်ပါးတည်း၌သာ ဖြစ်သော ပစ္စည်းမည်၏။

သဟဇာတ ကမ္မပစ္စည်းသည်ပစ္စုပ္ပန်ကာလ၌ဖြစ်၍ နာနာက္ခဏိက ကမ္မပစ္စည်းသည် အတိတ်ကာလ၌ ဖြစ်သောကြောင့် ကမ္မပစ္စည်းသည် ကာလ ၂-ပါး၌ဖြစ်သော ဒွေကာလိက ပစ္စည်းမည်၏။

အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ဤ ၃-ပစ္စည်းတို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဟူသော ကာလ ၃-ပါး၌ဖြစ်ကုန်သောကြောင့် တေကာလိက ပစ္စည်း မည်ကုန်၏။

နိဗ္ဗာန်ပညတ် ၂-ပါးတို့သည် ကာလ ၃-ပါးမှလွတ်သော တရားတို့

http://www.dhammadownload.com



မည်ကုန်၏။

အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤ ၁၀-ပါးသော ပစ္စည်းတို့သည် အဗျာကတ ဗဟိဒ္ဓ ၂-ပါးလုံး၌ဖြစ်သော တရားတို့ မည်ကုန်၏၊ ကြွင်းသော (၁၄) ပစ္စည်းတို့သည် အဗျာကတဖြစ်သော ပစ္စည်းတို့မည်ကုန်၏။

## အမျိုးအားဖြင့်ခွဲဟန်

သဟဇာတမျိုး ၁၅ ပါး

| | | |
|---|---|---|
| ဟေတု | သဟဇာတကမ္မ | မဂ္ဂ |
| သဟဇာတာဓိပတိ | ဝိပါက | သမ္ပယုတ္တ |
| သဟဇာတ | နာမ်အာဟာရ | သဟဇာတဝိပ္ပယုတ္တ |
| အညမည | သဟဇာတိန္ဒြိယ | သဟဇာတတ္ထိ |
| | ဈာန | သဟဇာတအဝိဂတ |
| သဟဇာတနိဿယ | | |

## အာရမ္မဏမျိုး ၈ ပါး

| | |
|---|---|
| အာရမ္မဏ | အာရမ္မဏပုရေဇာတ |
| အာရမ္မဏာဓိပတိ | ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ |
| ဝတ္ထာရမ္မဏပုရေဇာတ နိဿယ | အာရမ္မဏပုရေဇာတတ္ထိ |
| အာရမ္မဏူပနိဿယ | အာရမ္မဏပုရေဇာတအဝိဂတ |

[အချို့စာအုပ်များ၌ ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ ဝတ္ထာရမ္မဏပုရေဇာတ အဝိဂတဟု ဆို၏၊ ဝတ္ထာရမ္မဏပုရေဇာတဆိုလျှင် ဝတ္ထုမဟုတ်သော အာရမ္မဏ ပုရေဇာတတို့ မပါဝင်နိုင်၊ အာရမ္မဏပုရေဇာတဆိုမှ ဝတ္ထာရမ္မဏ ပုရေဇာတ အာရမ္မဏပုရေဇာတ အားလုံး ပါဝင်နိုင်သည်၊ ထို့ကြောင့် အချို့ စာအုပ်များ၌ ခွဲခြားပုံမှာ မစုံလင်)

http://www.dhammadownload.com



## အနန္တရမျိုး ၇ ပါး

| | |
|---|---|
| အနန္တရ | အာသေဝန |
| သမနန္တရ | ပကတူပနိဿယကမ္မတစိတ် |
| အနန္တရူပနိဿယ | နတ္ထိ၊ ဝိဂတ |

[ဖိုလ်အား ကျေးဇူးပြုသော မဂ္ဂစေတနာကို ပကတူပနိဿယ နာနက္ခဏိက ကမ္မတစိတ်ဟု ဆိုထားသည်၊ ထိုစေတနာသည် နောက်နောက်စိတ် စေတသိက်အား ကျေးဇူးပြုသော ဗလဝရှေ့စိတ္တုပါဒ်တွင် ပါဝင်သောကြောင့် ပကတူပနိဿယ တစိတ်လည်း ဟုတ်၏၊ စေတနာတရားဖြစ်၍ နာနက္ခဏိက ကမ္မတစိတ်လည်း ဟုတ်၏၊ အခြားမဲ့ဖိုလ်အား ကျေးဇူးပြုသောကြောင့် အနန္တရမျိုးတွင်လည်း ပါဝင်ရသည်၊ ဤအနန္တရမျိုး ၇-ပါးကို အချို့စာအုပ်၌ "အနန္တရူပနိဿယ ပကတူပမျိုး" ဟုလည်းနာမည်ပေး၏၊ ထိုသို့ပေးခြင်းသည် "အာရမ္မဏူပနိဿယ၊ ပေ၊ သမောဓာနံ ဂစ္ဆန္တိ" ဟူသော သင်္ဂြိုဟ်၌ပြသည့် ပစ္စည်း ၄-မျိုးတွင် ဥပနိဿယမျိုး၌ ဤအနန္တရ ၇-ပါးလုံး ဝင်ကြရသောကြောင့် ကောင်းလှပေ၏။]

## ဝတ္ထုပုရေဇာတ မျိုး ၆ ပါး

| | |
|---|---|
| ဝတ္ထုပုရေဇာတနိဿယ | ဝတ္ထုပုရေဇာတ ဝိပ္ပယုတ် |
| ဝတ္ထုပုရေဇာတ | ဝတ္ထုပုရေဇာတတ္ထိ |
| ပုရေဇာတိန္ဒြိယ | ဝတ္ထုပုရေဇာတအဝိဂတ |

[အချို့စာအုပ်၌ "ပုရေဇာတမျိုး"ဟု နာမည်တပ်၏၊ ပုရေဇာတဟု သာမန်ဆိုလျှင် အာရမ္မဏပုရေဇာတတွေပါ ပါဝင်ဖွယ်ရှိ၏၊ ထိုအာရမ္မဏ ပုရေဇာတ စုကား အာရမ္မဏမျိုး၌ ပါဝင်ခဲ့ပြီ၊ ထို့ကြောင့် များစွာသော ဆရာမြတ်တို့က "ဝတ္ထုပုရေဇာတမျိုး"ဟု နာမည်တပ်ကြသည်။]

## ပစ္ဆာဇာတမျိုး ၄ ပါး

| | |
|---|---|
| ပစ္ဆာဇာတ | ပစ္ဆာဇာတတ္ထိ |
| ပစ္ဆာဇာတဝိပ္ပယုတ္တ | ပစ္ဆာဇာတအဝိဂတ |

## အာဟာရ မျိုး ၃ ပါး

| | | |
|---|---|---|
| ရုပ်အာဟာရ | အာဟာရတ္ထိ | အာဟာရ အဝိဂတ |

http://www.dhammadownload.com



## ရူပဇီဝိတိန္ဒြိယမျိုး ၃ ပါး

ရူပဇီဝိတိန္ဒြိယ ဣန္ဒြိယတ္တိ ဣန္ဒြိယအဝိဂတ

[ရူပဇီဝိတိန္ဒြိယတ္တိ"ဟုလည်း အချို့စာရှိ၏၊ ပစ္စည်း ၄-မျိုးဖြင့် ခွဲလျှင် အတ္ထိမျိုးတွင် ပါဝင်ရမည်ဖြစ်၍ ကောင်း၏]

## ပကတူပနိဿယ မျိုး ၂ ပါး

၁။ နောက်နောက်စိတ် စေတသိက်အားတပ်သော ဗလဝဖြစ်သော ရှေးရှေး စိတ္တုပ္ပါဒ် ရုပ် ပညတ်ဟူသော သုဒ္ဓပကတူပနိဿယ။

၂။ ဝိပါက်နာမက္ခန္ဓာအားတပ်သော ဗလဝကံဟူသော မိဿက ပကတူပ နိဿယ နာနက္ခဏိကကမ္မ။

[(၁)သည် "ရာဂါဒယောပန၊ ပေ၊ ကုသလာဒိဓမ္မာနံ"နှင့်ညီ၏။ (၂)ကား "ကမ္မံ ဝိပါကာနံ"နှင့် ညီသည်၊ ဗလဝကံကို ကောက်ရာ၌ အနန္တရမျိုးတွင် ပါဝင်ပြီးသော မဂ္ဂစေတနာကိုကြဉ်၊ ဤပကတူပ ၂-မျိုးသည် ၃-ချက်စုဆိုရိုးစာအုပ်များ၌ မရှိသော်လည်း သင်္ဂြိုဟ်မှာပင် တိုက်ရိုက်ရှိပေသည်။]

## နာနက္ခဏိက ကမ္မမျိုးတစ်ပါး

ကာမဝိပါက်အားတပ်သော ဒုဗ္ဗလကမ္မ ကဋတ္တာရုပ်အား တပ်သော ဗလဝဒုဗ္ဗလကမ္မ။

[ကာမဝိပါက်အားတပ်သော ဗလဝကံမှာ ပကတူပနိဿတွင် ပါဝင်ပြီ၊ မဟဂ္ဂုတ်လောကုတ္တရာ ကံဟူသော စေတနာတို့ကား ဒုဗ္ဗလဟုမရှိ, ဗလဝချည်းသာ ဖြစ်၍ ပကတူပနိဿယနှင့် အနန္တရမျိုးတွင် အသီးအသီးပါဝင်လေပြီ၊ ပကတူပ နိဿယ ပစ္စယုပ္ပန်တွင် ကမ္မဇရုပ်များ မပါဝင်သောကြောင့် ထိုရုပ်တို့အားတပ်သော (ထိုရုပ်တို့ကို ဖြစ်စေတတ်သော) ကံဟူသမျှ ဗလဝဖြစ်ဖြစ်, ဒုဗ္ဗလဖြစ်ဖြစ် နာနက္ခဏိကကမ္မ သက်သက်သာတည်း။]

**ဆောင်။** ။ဆဲ့ငါး သဟ, ရှစ်ဝအာနင့်, ခုနစ်ဖြာနန်, ခြောက်တန်ဝတ္ထု, လေးခုပစ္စာ, သုံးဖြာဟာရော, တယောဣန္ဒြိ, ဒွိပကတူ, တစ်ခုယှက်, မျိုးကိုးတန်ဟု, မှတ်ရန်အပြား, ဝေဖန်ခြားသည်, ဤကား အမျိုးအခွဲတည်း။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း - ၅၀

## [ပစ္စည်းပိုင်း]

## ပဋ္ဌာန်းနည်း (၂)

ဒီနေ့ အောက်တိုဘာလ ၁၄-ရက်။

လွန်ခဲ့တဲ့ အပတ်က ပဋ္ဌာန်းပစ္စည်းနဲ့ ပစ္စယုပ္ပန် သဘောတရားတွေကို လေ့လာခဲ့ကြပြီ၊ အဲဒီပစ္စည်းနဲ့ ပစ္စယုပ္ပန်ကို နှစ်ချက်စုလို့ခေါ်တယ်၊ ပဋ္ဌာန်းကို ကျကျနန လေ့လာချင်ပြီဆိုရင် ဒီ ၂-ချက်စုကို ကျေအောင် ကျက်ရမယ်၊ ဒီ ၂-ချက်စု (အနည်းဆုံး) ကျေမှ ပဋ္ဌာန်းကို သွားလို့ရမယ်။

အဲဒီတော့ ဒီဇယားကွက်ကို ကြည့်လိုက်ရင် ပစ္စည်းတပ်တဲ့ တရားတွေက ဘယ်တရားတွေ၊ ပစ္စယုပ္ပန်ဖြစ်တဲ့ တရားတွေက ဘယ်တရားတွေဆိုတာ အလွယ်တကူ သိနိုင်တယ်၊ အလွတ်မရတောင်မှ ဒီဇယားကွက်ကို ပြန်ကြည့်ပြီး နားလည်ရင် ကိစ္စပြီးတာပေါ့လေ။

အဲဒီတော့ သင်္ဂြိုဟ်ကျမ်းပစ္စည်းပိုင်းမှာ ပဋ္ဌာန်းနဲ့ ပတ်သက်ပြီး ဘာကို ပြောထားတာ ရှိသလဲဆိုတော့ ပစ္စည်းကနာမ်, ပစ္စယုပ္ပန်က နာမ်ဖြစ်တဲ့ ပစ္စည်းတွေ၊ ပစ္စည်းကနာမ်, ပစ္စယုပ္ပန်က နာမ်ရုပ်၊ ပစ္စည်းကနာမ်, ပစ္စယုပ္ပန်က ရုပ်၊ ပစ္စည်းက ရုပ်, ပစ္စယုပ္ပန်ကနာမ်၊ ပစ္စည်းက ပညတ် နာမ်ရုပ်၊ ပစ္စယုပ္ပန်က နာမ်၊ ပစ္စည်းက

http://www.dhammadownload.com



နာမ်ရုပ် ၂-ပါး, ပစ္စယုပ္ပန်ကလည်း နာမ်ရုပ် ၂-ပါးဆိုပြီးတော့ အဲသလို ၆-မျိုး ခွဲပြီးတော့ ပြထားတယ်။

အဲဒီ ၆-မျိုးကို နားလည်ဖို့ဆိုရင် ၂၄-ပစ္စည်းမှာ ပစ္စည်းနဲ့ ပစ္စယုပ္ပန်တွေကို ကြည့်ပြီးတော့ ဘယ်ဟာတွေကနာမ်တရားတွေ, ဘယ်ဟာတွေကရုပ်တရား တွေဆိုတာ ပထမ ကွဲထားဖို့ အရေးကြီးတယ်။

ဒီတော့ ဟေတုပစ္စည်းပဲ ကြည့်လိုက်ပါ၊ ဟေတုပစ္စည်းမှာ ဟိတ် ၆-ပါးဆိုတော့ သူက နာမ်လား, ရုပ်လား, နာမ်၊ ပစ္စယုပ္ပန်ဘက် ကြည့်လိုက်ပါဦး၊ သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော ဒွေပညာသ၊ ဒါကနာမ်၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ဆိုတော့ သူကရုပ် မဟုတ်လား၊ ဒါဖြင့် ဟေတုမှာ ပစ္စည်းကနာမ်၊ ပစ္စယုပ္ပန်က နာမ်ရုပ်၊ ရပြီနော်။

အာရမ္မဏ ကြည့်လိုက်၊ အာရမ္မဏမှာပစ္စည်းက စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်ဆိုတော့ အကုန်ပါနေတယ်၊ ဒါဖြင့်ရင် နာမ်, ရုပ်, နိဗ္ဗါန် ပညတ် ၄-ခုပါတယ်။

ပစ္စယုပ္ပန်ဘက် ကြည့်လိုက်စမ်း, စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသဆိုတော့ နာမ်ပေါ့၊ ဒါဖြင့် အာရမ္မဏပစ္စည်းမှာ ပစ္စည်းဘက်ကနာမ်ရုပ် နိဗ္ဗာန်၊ ပညတ်ရှိတယ်၊ ပစ္စယုပ္ပန်ဘက်မှာ နာမ်ပဲရှိတယ်။

**မေး** - နာမ်နဲ့ စေတသိက်ဟာ ပေါင်းသွားတာလား။

**ဖြေ** - စိတ်နဲ့ စေတသိက်ဟာ နာမ်ပဲ၊ စိတ်လည်းနာမ်, စေတသိက်လည်းနာမ်ပဲ၊ အမှန်အတိုင်း ပြောရရင် နိဗ္ဗာန်ပဲ၊ နာမ်ပဲ၊ ဒါပေမယ်လို့ ဒီမှာကျတော့ နာမ်ဆိုရင် စိတ်နဲ့ စေတသိက်ကိုပဲ ရည်ရွယ်တယ်၊ နိဗ္ဗာန်ကို သီးခြားထားတယ်။

အဓိပတိကျတော့ အာရမ္မဏာဓိပတိနဲ့ သဟဇာတာဓိပတိလို့ ၂-မျိုးရှိတယ်၊ ဒါက ၂-ချက်စုကျမှ ကွဲတယ်၊ သင်္ဂြိုဟ်မှာလည်း ခွဲတယ်။

ကောင်းပြီ, အဲဒီတော့ အာရမ္မဏာဓိပတိ ကြည့်လိုက်ရင် ဘာတွေ တွေ့ရသလဲ ဆိုတော့ နိပ္ဖန္နရုပ် အဋ္ဌာရသဆိုတော့ ရုပ်တွေ့ရတယ်၊ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သောစိတ် ၈၄-ခု ဆိုတော့ နာမ်, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ဆိုတော့ ဒါလည်း နာမ်ပဲ၊ အဲဒီတော့ အာရမ္မဏာဓိပတိမှာ နာမ်ရယ်, ရုပ်ရယ်၊ နိဗ္ဗာန်ရယ် ၃-မျိုးပေါ့။

ပစ္စယုပ္ပန်ကြည့်လိုက်ရင် ဘာတွေ တွေ့ရသလဲ၊ အလေးအမြတ် ပြုတတ်သော

http://www.dhammadownload.com



လောဘမူစိတ် ၈–ခု၊ မဟာကုသိုလ်စိတ် ၈–ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄– ခု၊ လောကုတ္တရာစိတ် ၈–ခု၊ ဒေါသဏ္ဍသာမစ္စရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် ၄၅–ဆိုတော့ စိတ်နဲ့ စေတသိက်ပဲပေါ့၊ ဒါဖြင့်ရင် သူနာမ်ပေါ့။

ဒါဖြင့် အာရမ္မဏာအဓိပတိမှာ ပစ္စည်းဘက်က နာမ်, ရုပ်, နိဗ္ဗာန်, ပစ္စယုပ္ပန်ဘက်ကနာမ်။

သဟဇာတာ ဓိပတိကြည့်လိုက်ဦး၊ ကြည့်တဲ့အခါကျတော့ သာဓိပတိ ဇော ၅၂–ခုဒွိရှိသော ဆန္ဒ ဝီရိယ၊ သာဓိပတိ တိဟိတ်ဇော ၃၄–ခု ဒွိ ရှိသော ဝီမံသ သာဓိပတိ ဇော ၅၂–ခုဟု ဆိုအပ်သော စိတ္တာဓိပတိအားဖြင့် အဓိပတိ တရားကိုယ် ၃–ပါး, ၄–ပါးတို့တွင် တစ်ပါးပါးဆိုတော့ အဓိပတိ တရားကိုယ် ၃–ပါး ၄–ပါး ဆိုတော့ဆန္ဒ, စိတ်, ဝီရိယ, ဝီမံသ, သူက နာမ်ပေါ့၊ ဒါဖြင့် သဟဇာတာဓိပတိမှာ ပစ္စည်းကနာမ်။

ပစ္စယုပ္ပန်ဘက် ကြည့်လိုက်ရင် ဘာတွေ့ရလဲ၊ သာဓိပတိဇော ၅၂–တွေ့ရ တယ်၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁–ခု တွေ့ရတယ်၊ သာဓိပတိ စိတ္တဇရုပ် ပါတယ်၊ ဒါဖြင့် သူကနာမ်ရုပ်ပေါ့။

အဲဒါလေးတွေ မှတ်ထားမှနော်၊ သီးခြားစာရွက်လေးတွေနဲ့ မှတ်နိုင်ရင် ပိုကောင်းတယ်၊ ပိုပြီးရှင်းရှင်းလင်းလင်း မြင်တယ်၊ အဲဒါကျမှ ကြည့်တဲ့အခါကျရင် ရှင်းမှာ။

အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတ, ပစ္စည်း ပစ္စယုပ္ပန် တရားတွေ ကြည့်ကြရအောင်။

ကိုင်း, အနန္တရ, သမနန္တရ စသည်မှာ ပစ္စည်းဘက်မှာ စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ, နာမက္ခန္ဓာ ၄–ပါးဆိုတော့ နာမ်ပေါ့၊ ဒါဖြင့် အနန္တရ သမနန္တရ စသည်မှာ ပစ္စည်းဘက်က နာမ်။

ပစ္စယုပ္ပန်ဘက် ကြည့်လိုက်ဦး၊ စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်၊ ဒွေပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါးဆိုတော့ နာမ်ပဲ၊ ဒါဖြင့် ပစ္စည်းနာမ် ပစ္စယုပ္ပန်နာမ်ပဲ။

သဟဇာတတဲ့၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတ ဝိဂတတဲ့ ဘာတွေ တွေ့ရလဲ၊ စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါးဆိုတော့ နာမ်ဖြစ်ရော၊ အချင်းချင်းအားလည်းကောင်း,

http://www.dhammadownload.com



ဥပါဒါရုပ်အားလည်းကောင်းတပ်သော စိတ္တဇမဟာဘုတ် စသည်ဖြင့်သွားတော့ ရုပ်ဖြစ်ရော၊ ဒါဖြင့်ရင် နာမ်ရော ရုပ်ရော ရှိတယ်ပေါ့၊ သဟဇာတမှာ ပစ္စည်းဘက်က နာမ်နဲ့ရုပ် နှစ်မျိုးပါတယ်။

ပစ္စယုပ္ပန်ကျတော့ရော အတူတူပဲ, သေသေချာချာကြည့်, နာမ်ရောရုပ်ရော နှစ်မျိုးလုံးပါတယ်၊ ၁ က နာမ်, ၂က ရုပ်, ၃ က နာမ် ရုပ်။

အညမည ကြည့်လိုက်စမ်း၊ ပစ္စည်းဘက်ကျတော့ စိတ် စေတသိက်ဆိုတော့ နာမ်ရှိတယ်၊ မဟာဘုတ် ၄-ပါးဆိုတော့ ရုပ်ရှိတယ်၊ ဟဒယဝတ္ထုဆိုတော့ ရုပ်ရှိတယ်၊ ဒါဖြင့်ရင် နာမ်ရုပ် နှစ်ခုပေါ့။

ပစ္စယုပ္ပန်ဘက်ကကော အတူတူပဲ၊ ဒါပဲပါတယ်၊ နာမ်ရုပ်ပဲ၊ ဒါဖြင့်ရင် အညမညက ပစ္စည်းနာမ်ရုပ်၊ ပစ္စယုပ္ပန်နာမ်ရုပ်။

နိဿယကြည့်လိုက်စမ်း၊ သဟနိဿယဆိုတာက သဟဇာတနိဿယပေါ့၊ သူက သဟဇာတနဲ့ တူတယ်ဆိုတော့ သဟဇာတအတိုင်းသွားရင် နာမ်ရုပ် ဖြစ်တော့မယ်။

ပုရေဇာတ နိဿယက ဒီမှာ ၂-မျိုး ခွဲတယ်၊ ဝတ္ထုပုရေဇာတ နိဿယနဲ့ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ။

ဝတ္ထုပုရေဇာတ နိဿယကြည့်လိုက်စမ်းပါ၊ ဆဝတ္ထုရုပ်ဆိုထဲက ရုပ်တွေ့နေပြီ၊ တစ်နည်းကားဆိုပြီး သွားတာကလည်းဒါပဲ၊ ဆဝတ္ထုကို ပြန်ပြောနေတာပဲ၊ နောက်ဆုံးမှာလည်း ဟဒယဝတ္ထုပါတယ်၊ ဒါဖြင့်ရင် သူက ပစ္စည်းဘက်မှာ ရုပ်ပဲရှိတယ်။

ပစ္စယုပ္ပန်ဘက်ကျတော့ရော၊ သတ္တဝိညာဏ ဓာတ်ဆိုတာ စိတ် ၈၅-ခုကို ပြောတာ၊ စေတသိက် ဒွေပညာသဆိုတော့ နာမ်ပဲ၊ ဒါဖြင့် ပစ္စည်းဘက်က ရုပ်, ပစ္စယုပ္ပန်ကျတော့ နာမ် ဟုတ်ပြီ။

ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ကြည့်လိုက်၊ ပစ္စည်းဘက်မှာ အချုပ်ကြည့်လိုက်ရင် ဟဒယဝတ္ထုတွေ့တယ်၊ ဒါဆိုရင် ရုပ်ပေါ့။

ပစ္စယုပ္ပန်ဘက်ကျတော့ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉၊ တဒါရုံကေဒသ၊ အဘိညာဉ်-၂၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတီ အပ္ပမညာကြဉ်သော စေတသိက် ၄၄-ဆိုတော့ နာမ်ပေါ့၊ ဒါဖြင့်ရင် ပစ္စည်းရုပ်,ပစ္စယုပ္ပန်နာမ်, ဟုတ်ပြီ။

ဥပနိဿယသွားလိုက်စမ်း၊ အာရမ္မဏူပနိဿယတဲ့၊ သူက အာရမ္မဏ ဓိပတိနဲ့ တူတယ်တဲ့၊ အာရမ္မဏာဓိပတိနဲ့ တူတယ်ဆိုရင် ပစ္စည်းဘက်က နာမ်, ရုပ်, နိဗ္ဗာန် ၃-ခုပါတယ်၊ ပစ္စယုပ္ပန်ဘက်က နာမ်သာပါတယ်။

http://www.dhammadownload.com



အနန္တရူပနိဿယက အနန္တရနဲ့တူတယ်ဆိုတော့ ပစ္စည်းနာမ်၊ ပစ္စယုပ္ပန်နာမ်။

ပကတူပနိဿယ ကြည့်လိုက်စမ်း၊ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ၃ ဒွေပညာသ ရုပ်၊ အဋ္ဌဝိသ၊ ဆိုတော့ နာမ်ပါတယ်၊ ရုပ်ပါတယ်၊ ပစ္စည်းထိုက်သော အချို့သော ပညတ်ဆိုတော့ နာမ်၊ ရုပ်၊ ပညတ်။

ပစ္စယုပ္ပန်ကျတော့ စိတ် တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသဆိုတော့ နာမ်၊ ဒါဖြင့်ရင် ပကတူပနိဿယမှာ ပစ္စည်းဘက်က နာမ်၊ ရုပ်၊ ပညတ်၊ ပစ္စယုပ္ပန် ဘက်ကနာမ်။

ပုရေဇာတကလည်း ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတတဲ့၊ ဝတ္ထုပုရေဇာတက ဝတ္ထုပုရေဇာတ နိဿယနဲ့တူတယ်လို့ ဆိုတယ်၊ ဝတ္ထုပုရေဇာတ နိဿယဆိုတော့ နိဿယက ပြန်ကြည့်ရမယ်၊ ပစ္စည်းရုပ်၊ ပစ္စယုပ္ပန်နာမ်။

အာရမ္မဏ ပုရေဇာတက ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဆိုတော့ ရုပ်ပေါ့၊ ပစ္စယုပ္ပန်ဘက်မှာကျတော့ ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေ၊ အပ္ပမညာ ကြဉ်သော စေတသိက် ၅၀–ဆိုတော့ နာမ်၊ဒါဖြင့် ပစ္စည်း ရုပ်၊ ပစ္စယုပ္ပန်နာမ်။

ပစ္ဆာဇာတပစ္စည်းဘက်မှာ အကျဉ်းချုပ်လိုက်ရင် စိတ် စေတသိက် ၂–ခုပဲ၊ ဒါဖြင့်ရင် နာမ်ပေါ့၊ ပစ္စယုပ္ပန်ကရော၊ ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယဆိုတော့ ရုပ်ပေါ့၊ ကံ စိတ် ဥတု အာဟာရ ၄–ပါးရှိတဲ့ အထဲမှာ အကြောင်းတစ်ပါးကြောင့်ဖြစ်တာ၊ ၂–ပါးကြောင့်ဖြစ်တ ၃–ပါးကြောင့်ဖြစ်တာ၊ ၄–ပါးကြောင့်ဖြစ်တာ၊ အဲဒီတော့ ဘာပဲပြောပြော ရုပ်ပဲ၊ ဒါကြောင့် ပစ္စည်းဘက်ကနာမ်၊ ပစ္စယုပ္ပန်ကျတော့ရုပ်။

အာသေဝနကြည့်လိုက်ပါ၊ ပစ္စည်းဘက်မှာ စိတ်နဲ့ စေတသိက်ရှိတယ်၊ ပစ္စယုပ္ပန်ဘက်မှာရော စိတ်နဲ့ စေတသိက်ပဲ၊ ဒါဖြင့်ရင် ပစ္စည်း နာမ်၊ ပစ္စယုပ္ပန်နာမ်။

ကမ္မတဲ့၊ နာနက္ခဏိကကမ္မဆိုတော့ ပစ္စည်းဘက်က ကုသိုလ်၊ အကုသိုလ် စေတနာဆိုတော့ နာမ်ပေါ့၊ ပစ္စယုပ္ပန်ဘက်မှာတော့ ဝိပါက်စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ် ဆိုတော့ နာမ်ရုပ်၊ အဲဒီတော့ ပစ္စည်းနာမ် ပစ္စယုပ္ပန် နာမ်ရုပ်။

သဟဇာတကမ္မကြည့်လိုက်ဦး၊ ပစ္စည်းနာမ်၊ ပစ္စယုပ္ပန် နာမ်ရုပ် ၂–မျိုးလုံး ပါတယ်။

ဝိပါကတဲ့ ဝိပါကပစ္စည်း ကြည့်လိုက်ဦး၊ ဝိပါက်ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဆိုတော့ နာမ်ချည်းပဲ၊ အဲဒီတော့ ဝိပါကမှာ

http://www.dhammadownload.com



ပစ္စည်းကနာမ်။

ပစ္စယုပ္ပန် ဘက်ကြည့်လိုက်ဦး၊ အချင်းချင်းမှ ထောက်အပ်သော ဝိပါက် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါးဆိုတော့နာမ်၊ ဝိပါက် နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုဆိုတော့ ရုပ်၊ ဒါဖြင့် နာမ်ရုပ် ၂-မျိုးပေါ့၊ ဒီလိုဆိုရင် ဝိပါကပစ္စည်းမှာ ပစ္စည်းက နာမ်, ပစ္စယုပ္ပန်ကနာမ်ရုပ်။

အာဟာရသွားကြရအောင်, အာဟာရမှာရုပ် အာဟာရယ် နာမ် အာဟာရ ရယ်လို့ ၂-မျိုး ရှိတယ်၊ ရုပ် အာဟာရမှာ ပစ္စည်းက ဩဇာဆိုတဲ့ အာဟာရရုပ်၊ ပစ္စယုပ္ပန်ကျတော့လည်း ရုပ်ပဲ။

နာမ် အာဟာရကျတော့ ပစ္စည်းကနာမ်၊ ပစ္စယုပ္ပန်က နာမ်ရုပ်။

ဣန္ဒြိယသွားကြရအောင်၊ ဝတ္ထုပုရေဇာတိန္ဒြိယတဲ့၊ အဲဒီမှာ စက္ခုဝတ္ထု၊ အဲဒီမှာ လက်သည်းကွင်းနဲ့ ပဆိုတာသိလား၊ ပဆိုတာ မြုပ်ထားတယ်ပြောတာ၊ ပါဠိလို ပေယျာလလို့ခေါ်တယ်၊ ဒါက ရိုးရိုးလူတွေ နားမလည်ဘူး၊ ဘုန်းကြီးတွေမှ နားလည်တယ်၊ ပဆိုတာပေယျာလ၊ ပေယျာလဆိုတာ မြုပ်ထားတယ်၊ မြုပ်ထားတယ် ဆိုရင် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထုလို့ဆိုတယ်၊ အင်္ဂလိပ်စာမှာ အစက်ကလေးသုံးခု ထည့်တာမျိုးပေါ့။

ပစ္စည်းဘက်မှာ ဝတ္ထုဆိုတော့ ရုပ်ပေါ့, ပစ္စယုပ္ပန်ကျတော့ စိတ်ရယ်, စေတသိက်ရယ်, နာမ်။

နောက်တစ်ခုက ရူပဇီဝိတိန္ဒြိယတဲ့, ပစ္စည်းဘက်မှာ ရုပ်ဇီဝိတိန္ဒြေဆိုတော့ ရုပ်ပေါ့၊ သိပ်ရှင်းတယ်၊ ပစ္စယုပ္ပန်ဘက်ကျတော့ ရုပ်ပဲ၊ ဒါဖြင့်ရင် ပစ္စည်းရုပ်၊ ပစ္စယုပ္ပန်ရုပ်ပဲ။

သဟဇာတိန္ဒြိယတဲ့၊ အဲဒါကျတော့ နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးဆိုတော့ နာမ်ပေါ့၊ ပစ္စယုပ္ပန်ဘက်ကျတော့ စိတ်, စေတသိက်, ရုပ် ဆိုတော့ နာမ်ရုပ် ဟုတ်ပြီ။

ဈာနပစ္စည်းတဲ့၊ ဈာနင် တရားကိုယ် ၅-ပါးဆိုတော့ နာမ်ပေါ့၊ ပစ္စယုပ္ပန် ကျတော့ နာမ်ရော ရုပ်ရောပါတဲ့အတွက် နာမ်ရုပ်။

မဂ္ဂပစ္စည်းတဲ့, မဂ္ဂပစ္စည်းမှာ ပစ္စည်းက မဂ္ဂင်တရားကိုယ် ၉-ပါးဆိုတော့ နာမ်၊ ပစ္စယုပ္ပန်ဘက်မှာ နာမ် ရုပ်ပဲ။

သမ္ပယုတ္တပစ္စည်း ကြည့်လိုက်စမ်း၊ ပစ္စည်းဘက်မှာ စိတ်ရယ် စေတသိက်ရယ်

http://www.dhammadownload.com



ဆိုတော့ နာမ်၊ ပစ္စယုပ္ပန်ဘက်မှာ စိတ်ရယ်, စေတသိက်ရယ်ပဲ၊ နာမ် ၊ ဒါဖြင့်ရင် ပစ္စည်းနာမ်၊ ပစ္စယုပ္ပန်နာမ်။

ဝိပယုတ္တပစ္စည်းတဲ့၊ ဝိပယုတ်က သဟဇာတဝိပယုတ်, ပုရေဇာတ ဝိပယုတ်, ပစ္ဆာဇာတ ဝိပယုတ်လို့ ၃–မျိုးရှိတယ်၊ သဟဇာတဝိပယုတ်ကျတော့ သဟဇာတနဲ့ ဆင်ဆင်တူသွားတော့မှာပေါ့၊ အဲဒီတော့ စိတ် ၇၅–ခု၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဆိုတော့ နာမ်နဲ့ရုပ် ၂–မျိုး၊ နာမ်, ရုပ်။

ပစ္စယုပ္ပန်ကျတော့ရော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်ဆိုတော့ ရုပ်၊ အချင်းချင်းမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဆိုတော့ နာမ် ဟဒယဝတ္ထုဆိုတော့ ရုပ်၊ ဒါဖြင့် နာမ်ရုပ်ပဲပေါ့။

ကောင်းပြီ, ပုရေဇာတ ဝိပယုတ်တဲ့၊ ဝတ္ထုပုရေဇာတ နိဿယ နှစ်ပါးနဲ့ တူတယ်တဲ့၊ နောက်က အတိုင်း ပြန်သွားရုံပဲ။

ပစ္ဆာဇာတဝိပယုတ်ဟာ ပစ္ဆာဇာတနဲ့တူတယ်ဆိုတော့ ပစ္ဆာဇာတ ပြန်ကြည့် လိုက်ရင် ပစ္စည်းနာမ်၊ ပစ္စယုပ္ပန်ရုပ်။

အတ္ထိ, နတ္ထိ, ဝိဂတ အဝိဂတတို့ဟာ နောက်ကပါသွားကုန်ပြီ၊ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ ဣန္ဒြိယတ္ထိနဲ့ အဲဒါတွေ အကုန်လုံး အတ္ထိရဲ့ အကွဲအပြားတွေ၊ အဲဒါကြောင့်မို့ အဲဒီထဲပါသွားပြီ။

နတ္ထိနဲ့ ဝိဂတက အနန္တရနဲ့ တူတယ်၊ အနန္တရထဲ ပါသွားပြီ၊ ကောင်းပြီ၊ ဒါဆိုရင် ၂၄–ပစ္စည်း ကုန်သွားပြီဆိုပါတော့၊ ပစ္စည်း နာမ်လား ရုပ်လား၊ နိဗ္ဗာန် ပညတ်ရောပါသေးလား၊ ပစ္စယုပ္ပန်ရော နာမ်လား၊ ရုပ်လား စသည်ဖြင့် အဲသလို လုပ်ပြီးတဲ့နောက် သင်္ဂြိုဟ်ကျမ်းက ဘာပြောလဲဆိုတော့ ပစ္စည်းနာမ် ပစ္စယုပ္ပန်နာမ်တဲ့၊ အဲသလိုဖြစ်တဲ့ပစ္စည်းတွေတဲ့၊ သင်္ဂြိုဟ်ပြတာနဲ့တော့ ကိုက်ချင်မှကိုက်မယ်၊ ကိုက်လား မကိုက်လားကြည့်ရအောင်၊ ရှာနိုင်ပါ့မလား၊ ရှာကြည့်ရအောင် ဇယားကွက်လေး လုပ်လာရင်တော့ ကြည့်လို့လွယ်ပြီ။

အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္ပယုတ္တတို့ဟာ ပစ္စည်း နာမ်, ပစ္စယုပ္ပန်နာမ် ၆–မျိုးသူပြထားတယ်၊ အဲဒီ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ပုံကို အခိပ္ပါယ် နားလည်ချင်ရင် အနန္တရမှာဆိုရင် ဝီထိနဲ့ ကြည့်ရမယ်၊ ဝီထိတစ်ခုခုကို မျက်စိထဲမှာ မြင်အောင်ကြည့်လိုက်။

ပထမဆုံး :စက္ခုဒွါရ ဝီထိဆိုရင် အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ,

http://www.dhammadownload.com



ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇–ကြိမ် တဒါရုံ ၂–ကြိမ် ဒီလို သွားတာ၊ အဲဒီမှာ ရှေ့စိတ်က နောက်စိတ်ကို အနန္တရ ပစ္စည်းနဲ့ ကျေးဇူးပြုသွားတာပဲ။

အတိတ ဘဝင်ရှိတယ် (ဘဝင်စိတ်) အဲဒီ ဘဝင် ချုပ်သွားတဲ့အခါကျတော့ ဘဝင်္ဂစလန ဖြစ်တယ်၊ ဘဝင်္ဂစလန ချုပ်သွားပြီးတဲ့နောက် ဘဝင်္ဂုပစ္ဆေဒ ဖြစ်တယ်၊ ဘဝင်္ဂုပစ္ဆေဒ ချုပ်သွားပြီးတဲ့နောက် ပဉ္စဒွါရာဝဇ္ဇန်းဖြစ်တယ် စသည်ဖြင့်သွားတော့ နောက်စိတ်ဖြစ်နိုင်အောင် ရှေ့စိတ်က ချုပ်ချုပ်ပေးတယ်၊ အဲဒါကြောင့်မို့ ရှေ့စိတ်က နောက်စိတ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ နောက်စိတ်က ရှေ့စိတ်ရဲ့ အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာကိုခံရတယ်၊ စာစကားနဲ့ ပြောမယ်ဆိုရင် ရှေ့စိတ်က အနန္တရပစ္စည်း၊ နောက်စိတ်က အနန္တရပစ္စယုပ္ပန်၊ ရှေ့စိတ်လို့ ပြောလိုက်ရင် စေတသိက်ထဲပါသွားပြီ၊ အဲသလို ယူသွားရမယ်။

အဲဒါက အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတနဲ့ ပတ်သက်ပြီးတော့ ပြောရင်ရတာ။

အာသေဝနကျတော့ ရှေ့စိတ် နောက်စိတ်ဖြစ်တိုင်း မရဘူး၊ အာသေဝနက ဇာတ်တူရမယ်၊ ကုသိုလ်ဖြစ်ရင် ကုသိုလ်ချင်း တူရမယ်၊ အကုသိုလ်ဖြစ်ရင် အကုသိုလ်ချင်း တူရမယ်၊ ကြိယာဖြစ်ရင် ကြိယာချင်း တူရမယ်။

ကုသိုလ်စိတ် တစ်ခုက ကုသိုလ်စိတ် တစ်ခုကို အာသေဝနနဲ့ ကျေးဇူးပြုလိမ့်မယ် (ရှေ့နောက်လိုက်တဲ့အခါမှာ)

အဲဒီတော့ ဇောတွေမှာ ကြည့်လိုက်၊ ဇော ၇–ကြိမ်ကျတဲ့အခါမှာ ပထမ ဇောက ဒုတိယဇောကို အနန္တရ, သမန္တရ, နတ္ထိ, ဝိဂတအပြင် အာသေဝနပါ ကျေးဇူးပြုလိမ့်မယ်၊ ဘာကြောင့်တုန်းဆိုရင် ပထမဇောက ကုသိုလ်ဆိုရင် ကုသိုလ်ပဲ၊ ဒုတိယဇောက ကုသိုလ်ဆိုရင် ကုသိုလ်ပဲ၊ အဲသလို ကုသိုလ်ဇော ၇–ကြိမ် ဇောတယ်၊ အကုသိုလ်ဇော ၇–ကြိမ်ဇောတယ်ဆိုရင် ပထမဇောက ဒုတိယဇောကို အနန္တရ, သမနန္တရ, နတ္ထိ ဝိဂတအပြင် အာသေဝနပါ ကျေးဇူးပြုလိမ့်မယ်။

ဒုတိယဇောက တတိယဇောကို အာသေဝနပါတယ်၊ တတိယက စတုတ္ထ, စတုတ္ထက ပဉ္စမ, ပဉ္စမကဆဋ္ဌမ, ဆဋ္ဌမကသတ္တမထိအောင်ကို အာသေဝနလည်း ပါလာတယ်။

သတ္တမဇောနောက်မှ တဒါရုံလိုက်တယ်၊ (ဇောပြီးတော့ တဒါရုံ) အဲဒီ သတ္တမဇောဟာ တဒါရုံကျတော့ အာသေဝန မတပ်တော့ဘူး၊ ဘာကြောင့်တုန်း

http://www.dhammadownload.com



ဆိုတော့ တဒါရုံဆိုတာက မဟာဝိပါက်စိတ် သို့မဟုတ် သန္တီရဏစိတ်၊ ဇာတ်မတူတော့ဘူး၊ ဒါကြောင့်မို့ သူ့ကျတော့ အာသေဝန မပါတော့ဘူး၊ ဟို ၄-မျိုးကတော့ အမြဲတမ်းပါမယ်၊ ဘယ်ဝီထိ ကြည့်လိုက်ကြည့်လိုက် အနန္တရ၊ မသနန္တရ၊ နတ္ထိ၊ ဝိဂတကတော့ မရတာမရှိဘူး၊ ရှေ့စိတ် နောက်စိတ်ဆိုရင် ရတော့တာပဲ။

သို့သော် အာသေဝနကျတော့ ဇာတ်တူမှရမယ်၊ ဇာတ်မတူရင် မရဘူး၊ ကုသိုလ်ဇာတ်၊ အကုသိုလ်ဇာတ်၊ ကြိယာဇာတ် တူမှရမယ်၊ ဇာတ်ဆိုတာအမျိုးအစားကို ပြောတာ။

သမ္ပယုတ္တတဲ့၊ သမ္ပယုတ္တကျတော့ စိတ်နဲ့စေတသိက် သွားရလိမ့်မယ်၊ ဘယ်စိတ်ပဲ ယူယူရတယ်၊ လွယ်တာကတော့ လောဘမူ ပထမစိတ်ဆိုပါတော့၊ လောဘမူ ပထမစိတ်မှာ စေတသိက် ၁၉-ခု ယှဉ်တယ်ဆိုရင် စိတ်နဲ့ စေတသိက်တို့ဟာ သမ္ပယုတ်ဖြစ်ကြတယ်၊ ဒါဖြင့် စိတ်ကို သမ္ပယုတ်ပစ္စည်းလို့ ပြောလိုက်မယ်ဆိုရင် စေတသိက်တွေကို သမ္ပယုတ်ပစ္စည်းရဲ့ ပစ္စယုပ္ပန်၊သူတို့ဟာ အချင်းချင်းယှဉ်တယ်၊ ဟိုနေ့က ပြောသလို စတုမဓုရရောသလို ရောနှောတာ။

စေတသိက်တွေထဲမှာလည်း ဖဿကိုပဲ ပစ္စည်းအနေနဲ့ ပြောမယ်ဆိုပါတော့၊ ဖဿကိုပစ္စည်းလို့ ပြောလိုက်ရင် စိတ်ရယ်၊ ကျန်တဲ့စေတသိက်တွေရယ်က ပစ္စယုပ္ပန်ဖြစ်မယ်၊ အဲသလိုသွားမယ်၊ အဲဒီကျတော့ အနန္တရတွေ ဘာတွေမလိုဘူး၊ ဘာကြောင့်တုန်းဆိုတော့ သမ္ပယုတ်တရားဆိုတာက အတူတကွဖြစ်မှရမှာကိုး၊ တစ်ချိန်ထဲဖြစ်တာ၊ ဒါကြောင့်မို့ သမ္ပယုတ်ပစ္စည်းက အနန္တရ သမန္တရနဲ့တော့ မတူဘူး၊ ဒီနေရာမှာ ထည့်ထားတာကတော့ ပစ္စည်းလည်းနာမ်၊ ပစ္စယုပ္ပန်လည်းနာမ် ဖြစ်လို့ ထည့်ထားတာ။

ဒါဖြင့် ဒီ ၆-ပစ္စည်းရပြီပေါ့၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ ဝိဂတ၊ အာသေဝန သူတို့က နည်းနည်း အမျိုးတူတယ်လို့ ခေါ်ရတယ်၊ သမ္ပယုတ်ကတော့ အမျိုးမတူဘူး။

အဲဒီတော့ အနန္တရ၊ သမနန္တရတပ်တာက ရှေ့စိတ်က နောက်စိတ်ကို ကျေးဇူးပြုပြုသွားတယ်၊ ဒါက အနန္တရ၊ သမနန္တရ နတ္ထိ ဝိဂတရယ်။

တစ်ခါ ကုသိုလ်၊ အကုသိုလ်ဇောတွေ တွေ့လာပြီဆိုရင် ရှေ့ဇောက နောက်ဇောကို အာသေဝန ပါပိုလာတယ်၊ သမ္ပယုတ်ပစ္စည်းကို ပြောတော့မယ်ဆိုရင် စိတ်နဲ့ စေတသိက်ကို ကြည့်ပြီးပြောပါ၊ စိတ်တစ်ခုကို ကောက်လိုက်ပြီးတော့၊ အဲဒီစိတ်မှာ စေတသိက် ဘယ်လောက်ယှဉ်သလဲ ကြည့်လိုက်၊ ကြည့်ပြီးရင် အဲဒီ စိတ်ကို ပစ္စည်းလို့ပြောထားရင် ပစ္စည်းလို့ယူတဲ့အခါမှာ အတူတကွဖြစ်တဲ့ စေတသိက်

http://www.dhammadownload.com



တွေဟာ သမ္ပယုတ်ပစ္စယုပ္ပန်ဖြစ်မယ်။

စေတသိက်ထဲမှာ စေတသိက်တစ်ခုကို ပစ္စည်းလို့ဆိုလိုက်ရင် စိတ်ရယ်၊ ကျန်တဲ့စေတသိက်တွေရယ်ဟာ ပစ္စယုပ္ပန်ဖြစ်မယ်၊ အဲဒီလို သူတို့ဟာ သမ္ပယုတ်တွေယှဉ်တဲ့အနေနဲ့ ခွဲခြားမရအောင် ရောတဲ့အနေနဲ့ ကျေးဇူးပြုတယ်တဲ့။

ဒါကြောင့်မို့ နာမ်က နာမ်ကို ကျေးဇူးပြုတာဟာ ပစ္စည်း ၆-မျိုး ရှိတယ်လို့ ဆိုတယ်။

နာမ်သည် နာမ်ရုပ်အား ပစ္စည်းပစ္စယုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြုရာ၌ ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ ဝိပါကအားဖြင့် ၅-ပစ္စည်းလို့ ပြောထားတယ်။

ဟေတုကိုကြည့်လိုက်စမ်းပါ၊ သူပြောတာ မှန်ရဲ့လားလို့၊ ဟေတုပစ္စည်းမှာ ပစ္စည်းဘက်က နာမ်ရှိတယ်၊ ပစ္စယုပ္ပန်ဘက်က နာမ်ရုပ်ရှိတယ်၊ ဒါဖြင့် ဟေတုပစ္စည်းကို example ထုတ်ပြီး ပြောချင်ရင် ဘယ်စိတ်ကို ပုံစံထုတ်ပြီး ပြောမလဲ၊ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟပါတဲ့စိတ်ကို ပြောရမှာ၊ အဟိတ်စိတ်ကိုသွားပြီး ပြောလို့မရဘူး။

ကိုင်း- ပထမစိတ်ကိုပဲ ပြောလိုက်ကြစို့၊ လောဘမူပထမစိတ်၊ စေတသိက် ၁၉-ခုယှဉ်တယ်၊ အဲဒီ ၁၉-ခုထဲမှာ လောဘပါတယ်၊ မောဟပါတယ်၊ ဒေါသမပါဘူး၊ အဲဒီတော့ လောဘမူစိတ် စေတသိက် ၁၉-ခုမှ လောဘကို ပစ္စည်းလို့ ယူတဲ့အခိုက် (ဟေတုပစ္စည်းလို့ ယူတဲ့အခိုက်) စိတ်နဲ့ ကျန် စေတသိက် တွေက ပစ္စယုပ္ပန်ဖြစ်တယ်၊ မောဟကို ပစ္စည်းလို့ ယူတဲ့အခိုက် စိတ်ရယ်၊ လောဘရယ်၊ တခြားစေတသိက်တွေက ပစ္စယုပ္ပန်ဖြစ်တယ်၊ တစ်ခုကို ပစ္စည်း ယူလိုက်ရင် ကျန်တာ ပစ္စယုပ္ပန်ဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ အမှန်တိုင်းက သူတို့အချင်းချင်းလည်း ကျေးဇူးပြုနေသေးတာကိုး၊ ဒီတစ်ခုကိုပစ္စည်းယူလိုက်ရင် နောက်တစ်ခုကပစ္စယုပ္ပန်ဖြစ်တာပဲ၊ ဒါက ဟေတုပစ္စည်းကို ပြောချင်တဲ့အခါပေါ့။

ဈာနပစ္စည်းကို ပြောချင်ပြီတဲ့၊ ဈာနပစ္စည်းကို ပြောချင်ရင် ဈာန်တရားကိုယ် ၅-ပါးပါတဲ့ စိတ်တစ်ခုခုကိုထုတ်ပြီး ပြောရလိမ့်မယ်၊ ဈာန်တရားကိုယ် ၅ ပါးက ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုတော့ လောဘမူ ပထမစိတ်ကို ထုတ်ပြီး ပြောရင် ရတယ်နော်၊ ဘာကြောင့် တကယ့်ဈာန်စိတ်မှာမှ မဟုတ်ဘူး၊ ဈာန်စိတ်နဲ့ မယှဉ်ပေမယ်လို့ ဝိတက်တို့ ဘာတို့ကို ဈာန်အင်္ဂါလို့ ခေါ်နိုင်တယ်၊ ဒါကြောင့် ဈာနပစ္စည်း အနေနဲ့ဆိုရင် အကုသိုလ်စိတ်မှာလည်းပဲ ပြောလို့ရတယ်။

ဒါကြောင့်မို့ အကုသိုလ်စိတ်နဲ့ စေတသိက် ၁၉-ခု ယှဉ်တဲ့နေရာမှာ အဲဒီ

http://www.dhammadownload.com



စေတသိက်တွေထဲမှာ ဝိတက်ပါတယ်၊ အညသမန်း စေတသိက် ၁၃–ခုဆိုရင် ဝိတက်ပါတယ်၊ ဒါကြောင့် ဝိတက်ကို ဈာနပစ္စည်းလို့ဆိုရင် စိတ်နဲ့ ကျန်တဲ့ စေတသိက်တွေက ဈာနပစ္စယုပ္ပန်။

အဲဒီစိတ်နဲ့အတူတကွ စိတ္တဇရုပ် မဖြစ်ပေဘူးလား၊ စိတ်သည် ရုပ်ကို မဖြစ်စေဘူးလား၊ အဲဒီစိတ်တွေနှင့် အတူတကွ စိတ္တဇရုပ်တွေ ဖြစ်တယ်၊ အဲဒီစိတ္တဇ ရုပ်တွေကိုလည်းပဲ ဟေတုပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဈာနပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ မဂ္ဂပစ္စည်းနဲ့ ကျေးဇူးပြုတယ် စသည်ဖြင့် သွားရမယ်။

ဒါကြောင့်မို့ စိတ်, စေတသိက်, ရုပ် အဲသလို ထုတ်ရမယ်၊ ဒါကြောင့်မို့ လောဘမူပထမစိတ်, စေတသိက် ၁၉ ခု, စိတ္တဇရုပ် (လောဘမူ ပထမစိတ်ကြောင့် ဖြစ်တဲ့စိတ္တဇရုပ်) အဲဒီ ၃–ခုထားပြီးတော့ အဲဒီ ၃–ခုထဲက ဟေတုဖြစ်တဲ့ စေတသိက်ရှာလိုက်၊ တွေ့ရင် သူ့ကို ကောက်ကပ်လိုက်၊ သူ့ကို ပစ္စည်းလုပ်လိုက်ရင် ကျန်တဲ့ စေတသိက်ရုပ်က ပစ္စယုပ္ပန်ဖြစ်သွားမယ်။

ဈာနပစ္စည်းပြောချင်ပြီဆိုရင် ဈာန် အင်္ဂါ ထိုက်တဲ့တရား အဲဒီထဲမှာပါလား ကြည့်လိုက်၊ ဝိတက်ပါသလား, ဝိစာရပါသလား, ဝိတက်ကိုထုတ်ပြီး ပြောနိုင်တယ်၊ ဝိစာရထုတ်ပြီး ပြောနိုင်တယ်၊ သောမနဿဆိုရင် ပီတိထုတ်ပြီး ပြောနိုင်တယ်, ဝေဒနာထုတ်ပြီး ပြောနိုင်တယ်၊ ဧကဂ္ဂတာထုတ်ပြီး ပြောနိုင်တယ်, အဲဒါ ဈာန ပစ္စည်းအတွက်။

သို့မဟုတ် အဲသလို ပြောရတာမရဲဘူးဆိုရင် ရူပါဝစရဈာန်စိတ် ကောက် လိုက်ပေါ့၊ ဈာန်စိတ်ကျတော့လည်း ရူပါဝစရ ပထမဈာန်စိတ်, စေတသိက် ဈာန်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် အဲသလိုကောက်ပြီး သွားရမယ်။

မဂ္ဂပစ္စည်းတဲ့၊ မဂ္ဂစ္စည်းမှာ မဂ္ဂင်တရားကိုယ်တွေက ဘာတဲ့တုန်း, ပညာ, ဝိတက်၊ ဝိရတိ စေတသိက် ၃–ခု၊ ဝိရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ။

ဒါဖြင့်ရင် လောဘမူစိတ်ကို ပုံစံထုတ်ပြီး မဂ္ဂပစ္စည်း ပြောလို့မဖြစ်ဘူးလား၊ လောဘမူ ပထမစိတ်ပဲ ပြောကြပါစို့၊ အဲဒီပထမစိတ်နဲ့ ဝိတက်ယှဉ်တယ်၊ ဝိရိယ ယှဉ်တယ်, ဧကဂ္ဂတာယှဉ်တယ်, ဒိဋ္ဌိယှဉ်တာပဲ။

ဒါဖြင့် လောဘမူ ပထမစိတ်မှာ ဒိဋ္ဌိကို ကောက်လိုက်စမ်း, ဒိဋ္ဌိသည် မဂ္ဂပစ္စည်းဆိုရင် လောဘမူစိတ်ရယ်၊ တခြားစေတသိက် ၁၈–ခုရယ်၊ အဲဒီစိတ် ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ရယ်က ပစ္စယုပ္ပန်ဖြစ်တယ်၊ ဒိဋ္ဌိပစ္စည်းက တခြားတရားတွေကို မဂ္ဂပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ဒီလိုပြောရတယ်။

http://www.dhammadownload.com



အဲဒီမှာ ကျေးဇူးပြုတာဟာ အမှန်ကတော့ အတူတကွဖြစ်ပြီးတော့ ကျေးဇူးပြုတာနော်၊ ဒါကြောင့်မို့ အမျိုးခွဲရင် သဟဇာတမျိုး ဆိုတာသွားလိမ့်မယ်။

ကမ္မပစ္စည်းတဲ့၊ ကမ္မပစ္စည်းမှာ သဟဇာတကမ္မရယ်၊ နာနက္ခဏိကကမ္မရယ်လို့ ၂–မျိုးရှိတယ်၊ သဟဇာတကမ္မမှာ ဟေတု, မဂ္ဂ, ဈာနတို့ ပြောသလိုပဲ ပြောလို့ရတယ်၊ ဒါဖြင့် လောဘမူ ပထမစိတ်ပဲထုတ်မယ်၊ အဲဒီမှာ စေတသိက်တွေထဲမှာ စေတနာ မပါဘူးလား၊ အဲဒီစေတနာကို ပစ္စည်းထားမယ်၊ ပစ္စည်းယူမယ်၊ ကျန်တဲ့တရားတွေကို ပစ္စယုပ္ပန်ယူမယ်၊ ဒါက သဟဇာတ ကမ္မသတ္တိ ပြောတာ။

ဦးဇင်းတို့ ပြောပြောနေတဲ့ ကံ, ကံ၏အကျိုးဆိုတာက သဟဇာတကမ္မမဟုတ်ဘူး၊ အဲဒါက နာနာက္ခဏိကကမ္မ၊ အခုပြောတာက သဟဇာတကမ္မပြောနေတာ။

သဟဇာတကမ္မ ပုံစံထုတ်ချင်ရင် လောဘမူ ပထမစိတ်ကိုပဲ ပုံစံထုတ်လို့ရတယ်၊ ဘာကြောင့်လဲဆိုရင် လောဘမူ ပထမစိတ်မှာ စေတနာစေတသိက်ပါနေလို့၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခုထဲမှာ စေတနာ ပါမနေဘူးလား၊ ဒါကြောင့်မို့ အဲဒီစေတနာသည် ကမ္မပစ္စည်း၊ လောဘမူ ပထမစိတ်ရယ်၊ ကျန်တဲ့ စေတသိက်တွေရယ်, စိတ္တဇရုပ်ရယ်က ကမ္မပစ္စယုပ္ပန်, ဒါဖြင့် ပစ္စယုပ္ပန်ထဲမှာ နာမ်ရုပ် ၂ ခုလုံး ပါတာပေါ့။

ကောင်းပြီ နာနက္ခဏိကကမ္မတဲ့၊ ဒါက ကံ ကံ၏ အကျိုးဆိုတဲ့ ဟာပေါ့၊ ဒီဘဝက ကံပြုလိုက်တယ်၊ အဲဒီကံက နောက်ဘဝသွားပြီး အကျိုးပေးမယ်။

နာနက္ခဏိက ကမ္မပစ္စည်းကတော့ တစ်ပြိုင်နက်ဖြစ်တဲ့ တရားတွေနဲ့မဆိုင်ဘူး၊ ပါဠိလိုနာနာခဏဆိုတာ ဟိုနေ့ကလည်းပြောခဲ့ပြီ၊ ခဏမတူဘူး၊ moment မတူဘူး၊ အချိန်မတူဘူး၊ ဒါကြောင့်မို့ နာနက္ခဏိက ကမ္မပစ္စည်းကို ပုံစံထုတ်ပြီး ပြောချင်ရင် ပထမကုသိုလ်ကံ အကုသိုလ်ကံ။

အဲဒီ ကုသိုလ်ကံ, အကုသိုလ်ကံက ရှေးဘဝကပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံလို့ ပြောချင်ရင်လည်းပြော၊ ရှေးဘဝက ကုသိုလ်ကံ အကုသိုလ်ကံဆိုရင် ဒီဘဝပဋိသန္ဓေဟာ အကျိုးပေါ့၊ ဒီဘဝပြုတဲ့ကုသိုလ်ကံ အကုသိုလ်ကံဆိုရင် လာလတ့်ဘဝ ပဋိသန္ဓေဟာ အကျိုးပေါ့။

ကောင်းပြီ အဲဒီကံနဲ့ ကံရဲ့အကျိုးဟာ တစ်ချိန်စီဖြစ်တယ် မဟုတ်လား၊ ကံက အခုဖြစ်တယ်၊ ကံရဲ့အကျိုးက နောက်ဘဝကျမှ ဖြစ်တယ်၊ အဲသလိုဖြစ်တဲ့အတွက်ကြောင့် နာနက္ခဏိက, မတူတဲ့ ကာလရှိကြတယ်ပေါ့။

http://www.dhammadownload.com



ဒါကြောင့်မို့ ကုသိုလ်ကံ, အကုသိုလ်ကံ, စေတနာပေါ့၊ စေတနာဖြစ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ တစ်ခုခုကို နာနက္ခဏိကကမ္မ ပစ္စည်းလို့ပြောရင် သူ့ရဲ့ အကျိုးကြောင့်ဖြစ်တဲ့ ပဋိသန္ဓေအခိုက်အတံ့မှာ ပဋိသန္ဓေစိတ် ဖြစ်မယ်၊ သူနဲ့ အတူတူ စေတသိက်ပါမယ်၊ သူနဲ့အတူတူကမ္မဇရုပ်ပါမယ်၊ အဲဒါက ပစ္စယုပ္ပန်ဖြစ်မယ်။

ကုသိုလ်ကံကြောင့် လူ့ဘုံ နတ်ဘုံမှာ ပဋိသန္ဓေဖြစ်တဲ့ အခါမှာ မဟာဝိပါက် စိတ်နဲ့ ပဋိသန္ဓေနေမယ်၊ မဟာဝိပါက်စိတ်နဲ့ပဋိသန္ဓေနေရင် မဟာဝိပါက် စိတ်ရယ်, စေတသိက်ရယ်, ကမ္မဇရုပ်ရယ်ဟာ (ပဋိသန္ဓေ အခိုက်အတံ့မှာ) သွား မဖြစ်ပေဘူးလား၊ ဒါကြောင့်မို့ ပဋိသန္ဓေစိတ်ရယ်, စေတသိက်ရယ်, ကမ္မဇရုပ်ရယ်က ပစ္စယုပ္ပန်၊ ရှေးဘဝမှာ ပြုထားတဲ့ ကံ (စေတနာ)က ပစ္စည်း၊ ကံကံရဲ့အကျိုးသဘော တရားက ဒါပဲ၊ ဒါက နာနက္ခဏိက ကမ္မပစ္စည်း။

ဒါကြောင့်မို့ သဟဇာတကမ္မပစ္စည်းလို့ ပြောရင်လည်း ပစ္စယုပ္ပန်ထဲမှာ နာမ်ရော, ရုပ်ရောပါတယ်၊ နာနက္ခဏိက ကမ္မပစ္စည်းလို့ပြောရင်လည်း ပစ္စယုပ္ပန်ထဲမှာ နာမ်ရော ရုပ်ရောပါတယ်။

ကောင်းပြီ, ရှေ့သွားလိုက်စမ်း၊ နာမ်သည်ရုပ်အား ကျေးဇူးပြုရာ၌ ပစ္ဆာဇာတ ပစ္စည်းတဲ့၊ ၁–ပစ္စည်းထဲရှိတယ်၊ ဒါကတော့ ကောင်းပြီ၊ ပစ္ဆာဇာတ ကြည့်လိုက်စမ်း နာမ်သည် ရုပ်အား ကျေးဇူးပြုတာပဲ။

အဲဒီတော့ နောက်နောက်သော စိတ် ၈၅–ခု စေတသိက်ဒွေပညာသတဲ့၊ အဲဒီတော့ နောက်ဖြစ်တဲ့စိတ်နဲ့ စေတသိက်က ပစ္စည်းတဲ့၊ နောက်မှဖြစ်တာကိုး၊ ပစ္စယုပ္ပန်က ဘာတဲ့တုန်း။

"ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ် ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ"ဆိုလိုတာကတော့ ရုပ်ပါပဲ၊ ရှေးစိတ်နဲ့ အတူတကွ ဥပါဒ်ပြီးတော့ အခုပစ္စည်းဖြစ်တဲ့စိတ်ဖြစ်တဲ့ အခါကျတော့ သူတို့က ဌီ အခိုက် ရောက်နေပြီ၊ ဒါကို ဆိုလိုတာ။

စိတ်မှာ ခဏတစ်ခု, တစ်ခုရှိတယ် မဟုတ်လား၊ ရုပ်သက်က စိတ်ခဏပေါင်း ဘယ်လောက်ကြာအောင် ခံသလဲ၊ စိတ်ခဏပေါင်း ၁၇–ချက်ရှိတယ် မဟုတ်လား၊ အဲဒီတော့ ရုပ်တစ်ခုဟာ ဖြစ်ပြီးရင် စိတ်တစ်ခဏ ၁၇–ချက် အသက်ရှည်နေတယ်။

အဲဒီတော့ (ဆိုပါတော့) ရုပ်ဖြစ်ပြီးတဲ့နောက် စိတ် တစ်ခဏ ၅–ချက် လောက်မှာ စိတ်တစ်ခုဖြစ်တယ်၊ အဲဒီစိတ်က အဲဒီရုပ်ကို ကျေးဇူးပြုတယ်၊ ကျေးဇူးပြုတော့ စိတ်ဟာနောက်မှဖြစ်ပြီးတော့ အရင်ဖြစ်နှင့်နေတဲ့ ရုပ်ကို ကျေးဇူးပြုတဲ့

http://www.dhammadownload.com



အတွက်ကြောင့် ပစ္ဆာဇာတလို့ ခေါ်တယ်၊ နောက်မှဖြစ်ပြီးတော့ ကျေးဇူးပြုလို့။

ကျေးဇူးအပြုခံရမယ့် တရားကသူမဖြစ်ပေါ်ခင် သူမဥပါဒ်ခင်ထဲက ဥပါဒ်ခဲ့ပြီ၊ ဥပါဒ်ပြီးတော့ ဌီအဖြစ်သို့ရောက်နေပြီ၊ အဲဒီတော့ ရုပ်သက် ၁၇–ချက်မှာ ရုပ်ရဲ့ ဥပါဒ်ဌီဘင်ခွဲတဲ့အခါကျတော့ ရုပ်ရဲ့ ပထမဆုံးဥပါဒ်ကို ဥပါဒ်လို့ ယူရတယ်၊ ဟိုနောက်ဆုံး (၁၇–ချက်ရဲ့ နောက်ဆုံးကိုတော့ )ရုပ်ရဲ့ဘင်လို့ယူပြီးတော့ ကြားရှိတဲ့ ခဏငယ် ၄၉–ချက်ကို ရုပ်ရဲ့ ဌီလို့ ခေါ်ရတယ်။

ရုပ်ရဲ့ ဥပါဒ် ဌီ ဘင် ခွဲစမ်းပါဆိုရင် ရုပ်မှာက ခဏငယ် ၅၁–ချက်ရှိတဲ့ အတွက်ကြောင့် ပထမဆုံးဖြစ်တာက ရုပ်ရဲ့ဥပါဒ်၊ နောက်ဆုံး စုတိက ရုပ်ရဲ့ဘင်, အတွင်းမှာရှိတဲ့ ၄၉–ချက်က ရုပ်ရဲ့ဌီ။

အဲသလိုဖြစ်တော့ ရုပ်က သူ့ဟာသူဖြစ်ခဲ့ပြီ၊ ဖြစ်ခဲ့ပြီးတော့ ခဏငယ် ၄၉–ချက်မှာ တစ်ချက်ချက်လောက် ရောက်နေတဲ့အခါမှာ စိတ်က ထဖြစ်တယ်၊ အဲဒီစိတ်က အဲဒီစိတ်နဲ့အတူတကွဖြစ်တဲ့စေတသိက်, အဲဒီစေတသိက်က ဖြစ်လာတဲ့ရုပ်ကို (ဖြစ်ခဲ့ပြီးတော့ ထင်ရှားရှိနေတဲ့ ရုပ်ကို) ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုတယ်။

ဒါကြောင့်မို့ ပစ္ဆာဇာတပစ္စည်းမှာ ပစ္စည်းဘက်က နာမ်, ပစ္စယုပ္ပန်ဘက်က ရုပ်။

ရုပ်သည် နာမ်အား ကျေးဇူးပြုရာ၌ ပုရေဇာတပစ္စည်းတဲ့၊ ပုရေဇာတမှာ အာရမ္မဏ ပုရေဇာတနဲ့ ဝတ္ထုပုရေဇာတရှိတယ်၊ ဝတ္ထုပုရေဇာတ ကြည့်လိုက်ရင် ဝတ္ထုပုရေဇာတဟာ ဝတ္ထုပုရေဇာတနိဿယနဲ့တူ၏တဲ့ဆိုတော့ ဝတ္ထုရုပ်ပေါ့၊ ဝတ္ထုရုပ် ၆–မျိုးက စိတ် စေတသိက်ကို ကျေးဇူးပြုမယ်။

ကိုင်း, စက္ခုဒွါရ ဝီထိစိတ်ထဲမှာစဉ်းစားလိုက်စမ်း၊ စက္ခုဒွါရဝီထိမှာ အတီတဘဝင်နဲ့ အတူတူဖြစ်ခဲ့တဲ့ စက္ခုဝတ္ထုရှိတယ်၊ စက္ခုပသာဒရှိတယ်။

အတီတဘဝင်ပြီးတော့ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်းပြီးတော့ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်၊ အဲဒီစက္ခုဝိညာဏ်စိတ်ဟာ ခုန အတီတဘဝင်နဲ့ ဥပါဒ်ခဲ့တဲ့ ဖြစ်ခဲ့တဲ့ စက္ခုဝတ္ထုအပေါ်ကို အမှီပြုရတယ်။

အတီတဘဝင်နဲ့ အတူတကွ ဥပါဒ်တဲ့စက္ခုဝတ္ထုဟာ ၁၇–ချက်ကြာအောင် သူမနေပေဘူးလား၊ နေမယ်၊ ဒါကြောင့် အဲဒီစက္ခုဝတ္ထုက အရင်ဖြစ်ခဲ့တယ်၊ စက္ခုဝိညာဏ်စိတ်က သူ့နောက်မှ စိတ်တစ်ခဏ ၄–၅ ချက်ကြာမှ ဖြစ်တယ်၊ အဲဒီတော့ အတီတဘဝင်ရဲ့ဥပါဒ်နဲ့ အတူတကွပြိုင်ပြီးတော့ ဖြစ်ခဲ့တဲ့ စက္ခုဝတ္ထုဟာ စက္ခုဝိညာဏ်ကို မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတယ်။

http://www.dhammadownload.com



တစ်ခါ အရင်ဖြစ်နှင့်နေတဲ့အနေနဲ့ သူက ကျေးဇူးပြုတယ်၊ သူက အရင်ဖြစ်နှင့်တယ်၊ စက္ခုဝိညာဏ်စိတ်က နောက်မှပေါ်တယ်၊ နောက်မှပေါ်တဲ့ စက္ခုဝိညာဏ်စိတ်က သူဖြစ်ပေါ်တဲ့ အခိုက်မှာရှိနေတဲ့ စက္ခုဝတ္ထုကို အမှီပြုတယ်။

ဒါကြောင့်မို့စက္ခုဝတ္ထုက (သို့မဟုတ်) စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါမှာ ပုရေဇာတသတ္တိနဲ့ကျေးဇူးပြုတယ်၊ အရင်ဖြစ်နှင့်နေတဲ့ သဘောနဲ့ ကျေးဇူးပြုတယ်၊ သူက အရင်ဖြစ်နှင့်တယ်၊ စိတ်က နောက်မှဖြစ်တယ်၊ တခြားပစ္စယသတ္တိဖြစ်တဲ့ နိဿယတို့ ဘာတို့တွေလဲ ပါသေးတယ်၊ ဒီမှာတော့ ပုရေဇာတမို့ ပုရေဇာတ ပြောတာ။

ဒါကြောင့်မို့ ပုရေဇာတမှာရုပ်သည်နာမ်အား ကျေးဇူးပြုတယ်၊ တစ်စုံတစ်ခု ကြားတယ်ဆိုပါတော့၊ ကြားရင် သောတပသာဒရှိရမယ် မဟုတ်လား၊ အဲဒီတော့ ကြားတဲ့စိတ် သောတဝိညာဏ်စိတ်က သောတပသာဒကို မှီတယ်၊ အဲဒီသောတပသာဒဟာ သောတဝိညာဏ်စိတ်နဲ့အတူဥပါဒ်တာ မဟုတ်ဘူး၊ သောတဝိညာဏ်စိတ်မဖြစ်ခင်က ဥပါဒ်ခဲ့တာ ၄ချက် ၅ ချက်လောက်စောပြီး ဥပါဒ်ခဲ့တာ။

အဲဒီ ၄ ချက် ၅ ချက်လောက် စောဥပါဒ်ခဲ့ပြီးတော့ သောတဝိညာဏ်စိတ်ဖြစ်တဲ့အချိန်မှာလည်း သူရှိနေတုန်းပဲ၊ အဲဒီရှိနေတုန်း ဖြစ်တဲ့ သောတပသာဒက (သောတဝတ္ထုက) သောတဝိညာဏ်စိတ်ကို ပုရေဇာတ သတ္တိနဲ့ ကျေးဇူးပြုတယ်၊ နောင်အခါမှာ အားလုံးရနိုင်သမျှ ခြုံကြည့်လိုက်မယ်ဆိုရင် နိဿယသတ္တိနဲ့ ကျေးဇူးပြုတာတွေ ပေါ်လာလိမ့်ဦးမယ်၊ အတ္ထိသတ္တိနဲ့ ကျေးဇူးပြုတာ၊ အဝိဂတသတ္တိနဲ့ ကျေးဇူးပြုတာပေါ်လာမယ်၊ ဒါက ရုပ်သည်နာမ်အား ကျေးဇူးပြုတာ၊ ပုရေဇာတ။

ပညတ်နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုရာ၌ အာရမ္မဏ, ဥပဿနိဿယ ၂–ပစ္စည်းတဲ့၊ အာရမ္မဏပစ္စည်းမှာ နာမ်, ရုပ်, နိဗ္ဗာန်, ပညတ်ပါတယ်မဟုတ်လား၊ အဲဒီတော့ ပညတ်, နာမ်, ရုပ်ပေါ့၊ ပညတ်နာမ်ရုပ်က နာမ်အား ကျေးဇူးပြုတယ်တဲ့။

ဥပနိဿယတဲ့၊ ဥပနိဿယပစ္စည်းကြည့်လိုက်ရင်လည်း ပကတူပနိဿယကျရင် ပညတ်ရယ်, နာမ်ရယ်, ရုပ်ရယ်ပါတယ်၊ ပစ္စယုပ္ပန်ကျတော့ နာမ်ပဲပါတယ်။

ဒါဖြင့် ခုနစက္ခုဝိညာဏ်စိတ်နဲ့ ရူပါရုံနဲ့ကြည့်လိုက်စမ်း၊ စက္ခုဝိညာဏ်စိတ်က ရူပါရုံကိုမြင်တယ်၊ ရူပါရုံက စက္ခုဝိညာဏ်စိတ်ကို အာရမ္မဏ သတ္တိနဲ့ ကျေးဇူးပြုတယ်ပေါ့၊ ဟုတ်ပြီလား၊ ဒါကရုပ်က နာမ်ကို ကျေးဇူးပြုတာ။

တရားထိုင်တဲ့အခါကျတော့ ကိုယ့်စိတ်ကိုယ် ပြန်ရှုတယ်၊ အဲဒီအခါကျတော့ နာမ်ကနာမ်ကို ကျေးဇူးမပြုဘူးလား၊ အာရုံကလဲနာမ်ပဲ၊ အာရုံယူတတ်တဲ့ သဘော

http://www.dhammadownload.com



တရားကလည်း နာမ်ပဲ၊ အဲသလို။

အခုပြောတဲ့အခါ ဖဿပဲ, ဝေဒနာပဲ, သညာပဲလို့ ပြောလိုက်တဲ့အခါကျတော့ ဖဿဆိုတဲ့နာမ် သဘောတရားကို စိတ်က ရောက်ရောက်သွားတယ်၊ ဝေဒနာဆိုတဲ့ နာမ်သဘောတရားကို စိတ်က ရောက်ရောက်သွားတယ်၊ အဲဒါကြောင့်မို့ နာမ်က နာမ်ကို အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုတာ။

လူပဲ, ယောကျ်ားပဲ, မိန်းမပဲပြောလိုက်လို့ စိတ်ထဲကယောကျ်ားပဲ မိန်းမပဲ ဆိုတာကို သိသွားရင် အဲဒါကျတော့ ပညတ်ကို အာရုံပြုတာ၊ ပညတ်ကိုအာရုံပြုတော့ ပညတ်က ရုပ်လည်းမဟုတ်ဘူး၊ နာမ်လည်းမဟုတ်ဘူး၊ သူက သီးခြားနယ်၊ ပညတ်က ပစ္စည်း၊ စိတ်က ပစ္စယုပ္ပန်။

ဒီထက် ထင်ရှားတာ ပြောမယ်ဆိုရင် ဈာန်စိတ်ကြည့်လိုက်, ပထမဈာန်စိတ်တွင် ကသိုဏ်းပညတ်စသည်ကို အာရုံပြုရတယ်၊ ကသိုဏ်းနဲ့ ပထမဈာန်ရခဲ့ရင် ကသိုဏ်းပညတ်ပေါ့၊ အဲဒီပညတ်သည် ပစ္စည်း၊ ဈာန်စိတ်သည် ပစ္စယုပ္ပန်။

ဒါကြောင့်မို့ အာရမ္မဏပစ္စည်းမှာ တစ်ခါတလေ နာမ်၊ တစ်ခါတလေရုပ်, တစ်ခါတလေပညတ်, ပစ္စယုပ္ပန်ဘက်ကတော့ စိတ်နဲ့ စေတသိက်ချည်းပဲမို့ နာမ်ချည်းပဲ။

ပြီးတော့ ဥပနိဿယပစ္စည်းဆိုတာက အလွန်ကျယ်ဝန်းတဲ့ ပစ္စည်းပဲ၊ ဒီမှာလည်းပဲ နာမ်ရယ်, ပညတ်ရယ်က နာမ်ကို ကျေးဇူးပြုတယ်တဲ့၊ ဒါဖြင့်ရင် အဲဒီမှာ ဥပနိဿယဆိုတာ ပကတူပနိဿယကို ဆိုလိုတာ (ဥပနိဿယ ၃-မျိုးထဲက ပကတူပ နိဿယ)

အဲဒီတော့ ပကတူပဿနိယမှာ ကြည့်လိုက်ရင် စိတ်, စေတသိက် ရုပ်ပညတ်ပါတယ်၊ ပစ္စယုပ္ပန်ဘက်ကျတော့ စိတ်နဲ့ စေတသိက်ပဲပါတယ်၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်လို နေရာမှာ ဝေဒနာပစ္စယာတဏှာ၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ ဝေဒနာက တဏှာကို ကျေးဇူးပြုတယ်ဆိုရင် တဏှာပစ္စယာဥပါဒါန်၊ တဏှာက ဥပါဒါန်ကို ကျေးဇူးပြုတယ်ဆိုရင် ပကတူပ သတ္တိနဲ့ လာလိမ့်မယ်။

ကုသိုလ်ကို အကြောင်းပြုပြီးတော့ အကုသိုလ်ဖြစ်တာ ရှိတယ်၊ အကုသိုလ်ကို အကြောင်းပြုပြီးတော့ ကုသိုလ်ဖြစ်တာရှိတယ်၊ ဒါတွေကျတော့ တခြားနည်းနဲ့ ကျေးဇူးပြုတာ မဟုတ်ဘူး၊ ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာ။

နတ်ပြည်ရောက်ချင်တယ်ဆိုပါတော့, နတ်ပြည်ရောက်ချင်တာဟာ အမှန်ကတော့လောဘပဲ၊ တဏှာပဲ၊ ဘဝတဏှာပေါ့၊ နတ်ပြည်ရောက်ချင်တဲ့ အတွက်ကြောင့်

http://www.dhammadownload.com



ကုသိုလ်ပြုတယ်၊ နတ်ပြည်ရောက်ချင်တဲ့ တဏှာဆိုတဲ့ အကုသိုလ်က ကုသိုလ်ကို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်။

အဲဒါကြောင့်မို့ ဥပနိဿယသတ္တိကျတော့ နာမ်လည်းပါတယ်၊ ရုပ်လည်း ပါတယ်၊ ပညတ်လည်းပါတယ်၊ ပညတ်ကလည်းနာမ်ကို ကျေးဇူးပြုတဲ့အခါ ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုနိုင်တယ်။

ပုဂ္ဂိုလ်ကို အကြောင်းပြုပြီးတော့ ကုသိုလ်စိတ်ဖြစ်တယ်, အကုသိုလ်စိတ် ဖြစ်တယ်၊ တစ်ခါတလေ ကိုယ်ကြိုက်တဲ့အစာလေးစားရလို့ သင့်တော်တဲ့ အစာ စားရလို့ ကျေနပ်ပြီးတော့ ကုသိုလ်စိတ်ဖြစ်တယ်၊ ဒါတွေဟာလည်း ဥပနိဿယ ပစ္စည်းတွေပဲ။

နောက်ဆုံးက နာမ်ရုပ် ၂-ပါးသည် နာမ်ရုပ် ၂-ပါးအား ကျေးဇူးပြုတာကျတော့ အများကြီးပဲ၊ အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ ဝိပယုတ္တ, အတ္ထိ, ဝိဂတ, ၉-ပစ္စည်းရှိတယ်။

အဓိပတိမှာကြည့်လိုက်ရင် အာရမ္မဏာဓိပတိမှာ ဘာတွေ့လဲ, နာမ်ရယ်, ရုပ်ရယ်, နိဗ္ဗာန်ရယ် တွေ့တယ်၊ ပစ္စယုပ္ပန်ဘက်မှာ နာမ်တွေ့တယ်။

သဟဇာတာဓိပတိကျတော့ ပစ္စည်းဘက်က နာမ်တွေ့တယ်၊ ပစ္စယုပ္ပန်ဘက်က နာမ်ရုပ်တွေ့တယ်၊ အဲဒီ ၂-ခု ပေါင်းယူလိုက်မယ်ဆိုရင် ပစ္စည်းလည်းနမ်ရုပ်၊ ပစ္စယုပ္ပန်လည်း နာမ်ရုပ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်။

အဓိပတိပစ္စည်းကို ပြောချင်ရင်တော့ အဓိပတိထိုက်တဲ့ တရားတစ်ခုခုကြည့်ပြီး ပြောရလိမ့်မယ်၊ အဓိပတိထိုက်တဲ့ တရားတွေက ဆန္ဒရှိတယ်၊ ဝီရိယရှိတယ်၊ စိတ်ရှိတယ်, ဝီမံသာရှိတယ်။

ဆန္ဒနဲ့ယှဉ်တဲ့စိတ် ဘယ်စိတ်ရှိသလဲ ကြည့်စမ်းပါ၊ လောဘမူ ပထမစိတ်မှာ ဆန္ဒ ယှဉ်တယ်, ဆန္ဒမယှဉ်တာက အဟိတ်စိတ်နဲ့ မောဟမူစိတ်မှာ ဆန္ဒမယှဉ်ဘူး၊ တခြားစိတ်တွေမှာ ဆန္ဒယှဉ်တယ်၊ ဒါဖြင့်ရင် လောဘမူ ပထမစိတ်ကို ဥဒါဟရဏ် ထုတ်ကြစို့၊ ပုံစံထုတ်ကြစို့။

လောဘမူ ပထမစိတ်, စေတသိက် ၁၉-ခု, စိတ္တဇရုပ် ရှိတယ်ဆိုရင် အဲဒီမှာ ဆန္ဒ အဓိပတိ တပ်တယ်ဆိုပါတော့၊ အဲဒါဆိုရင် ဆန္ဒသည် အဓိပတိပစ္စည်း၊ ကျန်တဲ့စိတ်, စေတသိက်, စိတ္တဇရုပ်တွေက ပစ္စယုပ္ပန်။

သို့မဟုတ် လောဘမူစိတ် ကိုယ်တိုင်က အဓိပတိတပ်တယ်ဆိုရင် လောဘမူ စိတ်သည် အဓိပတိပစ္စည်း၊ ကျန်တာတွေက အဓိပတိရဲ့ ပစ္စယုပ္ပန်၊ အဲသလို

http://www.dhammadownload.com



သွားရမယ်။

ဝိရိယထုတ်ရင်လည်းရတယ်၊ ဝိမံသာကတော့ ဒီမှာ မရဘူး၊ လောဘမူစိတ်မှာ ပညာမယှဉ်ဘူး။

ကောင်းပြီ, သဟဇာတသွားလိုက်စမ်း၊ သဟဇာတဆိုတာ အတူတကွဖြစ်ပြီး တော့ ကျေးဇူးပြုတာ၊ produce လုပ်တဲ့ အနေနဲ့ ကျေးဇူးပြုတာ မဟုတ်ဘူး၊ susposed လုပ်တဲ့ အနေနဲ့ ကျေးဇူးပြုတာ၊ အချင်းချင်း ထောက်ပံ့သွားတာ။

သဟဇာတပစ္စည်းကတော့ လွယ်တယ်၊ ထုတ်ချင်တဲ့ စိတ်ထုတ်လို့ရတာပဲ၊ အတူတကွဖြစ်တယ်ဆိုရင် ရတာပဲ၊ အဲဒီတော့ လောဘမူ ပထမစိတ်ပဲ ထုတ်စမ်းပါ။

လောဘမူ ပထမစိတ်သည် ပစ္စည်း, စေတသိက်နဲ့စိတ္တဇရုပ်သည် ပစ္စယုပ္ပန် ဖယားကွက်ထဲကျတော့ စကားသုံးတွေက များနေတယ်၊ အချင်းချင်းအားလည်း ကောင်း ဘာညာနဲ့ဆိုတော့ နားရှုပ်တယ်၊ အတူတကွဖြစ်တဲ့တရားကို ကြည့်ပြီး ထုတ်လိုက်ရင် ပုံစံထုတ်လို့ ရတာပဲ၊ လောဘမူပထမစိတ် ထုတ်လိုက်ရင်ရတယ်။

တစ်ခါ စိတ်ကနေ ဟဒယဝတ္ထု၊ ဟဒယဝတ္ထုကနေ စိတ်ပြန်ပြီး ကျေးဇူးပြု တာလည်း ထုတ်လို့ရတာပဲ၊ အဲသလိုဆိုရင်တော့ ပဋိသန္ဓေစိတ် တစ်ခုခုကိုထုတ်ရ လိမ့်မယ်၊ ပဋိသန္ဓေစိတ်နဲ့ အတူတကွ ကလာပ် ၃–စည်း, ရုပ် ၃၀ ဖြစ်တယ် မဟုတ်လား၊ အဲဒီကလာပ် ၃–စည်းထဲမှာ ဟဒယဝတ္ထုပါတယ်၊ အဲသလိုထုတ် ရင်လည်းရတယ်။

အညမညပစ္စည်းကျတော့ အညမညဆိုတာ နာမ်ချင်းသာ အပြန်အလှန် ရတယ်၊ ဟိုနေ့ကလည်းပြောခဲ့ပြီ၊ သဟဇာတက ပိုပြီးအရာကျယ်တယ်၊ အညမညက အရာကျဉ်းတယ်၊ အညမညဖြစ်ရင် သဟဇာတဖြစ်တော့တာပဲ၊ ဒါပေမယ်လို့ သဟဇာတဖြစ်တိုင်း အညမညမဖြစ်ဘူး၊ အဲဒီတော့ စိတ်နဲ့ စေတသိက်တင်ဆိုတော့ ဒါလည်းပဲ လောဘမူ ပထမစိတ် ထုတ်လိုက်ရင် ရတယ်။

လောဘမူ ပထမစိတ်ကို ပစ္စည်းထား၊ စေတသိက်တွေကို ပစ္စယုပ္ပန်ထား၊ တစ်ခါ စေတသိက်တွေထဲက တစ်ခုကို ပစ္စည်းထား၊ ကျန်တာတွေ ပစ္စယုပ္ပန်ထား၊ ဒါဟာ အပြန်အလှန် သွားမှာပဲ။

ပြီးတော့ ပဋိသန္ဓေအခိုက်အတန့်မှာဆိုရင် အဲဒီပဋိသန္ဓေစိတ် စေတသိက်နဲ့ ဟဒယဝတ္ထုနဲ့ အပြန်အလှန် ကျေးဇူးပြုပြန်တယ်၊ အဲသလို ထုတ်လို့ရတယ်။

နိဿယပစ္စည်း၊ နိဿယကျတော့ ဘာတွေ ထုတ်ရမတုန်း၊ လွယ်လွယ် ထုတ်ရင်တော့ စက္ခုဝိညာဏ်စိတ်မျိုးကို ထုတ်လိုက်၊ မြင်တဲ့စိတ်မျိုး၊ နိဿယပစ္စည်း

http://www.dhammadownload.com



ဆိုတော့ မြင်တဲ့စိတ်က ဘယ်သူ့မှီသလဲ၊ စက္ခုပသာဒကို မှီတယ်၊ စက္ခုပသာဒက စက္ခုဝိညာဏ်စိတ်ကို နိဿယပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ စိတ်နဲ့ စေတသိက်တွေကိုပေါ့။

အာဟာရပစ္စည်းတဲ့၊ အာဟာရ ၄–ပါးရှိတယ်၊ ရုပ်က ၁–ပါး၊ နာမ်က ၃–ပါး၊ ကဗဠီကာရအာဟာရ၊ ဖဿ၊ စေတနာ၊ စိတ်၊ အဲသလိုဆိုတော့ နာမ်အာဟာရအနေနဲ့ ထုတ်မယ်ဆိုရင် လောဘမူပထမစိတ်ပဲ ထုတ်ကြည့်လိုက်စမ်းပါ။

စေတသိက်တွေထဲမှာ ဖဿမပါဘူးလား၊ ဖဿကို အာဟာရပစ္စည်းထားရင် စိတ္တဇရုပ်ပါတဲ့ ကျန်တာတွေ ပစ္စယုပ္ပန်ဖြစ်တယ်၊ စိတ်ကို အာဟာရပစ္စည်းထားရင် ကျန်တာတွေ ပစ္စယုပ္ပန်ဖြစ်သွားရော။

ရုပ်အာဟာရကျတော့ ရုပ်က ရုပ် ကျေးဇူးပြုမယ်၊ ဒါကတော့ ရုပ်တစ်ခုခုကို ထုတ်ပြီး အစားအသောက် စားလိုက်လို့ အာဟာရဇရုပ်ဖြစ်တဲ့အခါမှာ အာဟာရဇရုပ်ကပစ္စည်း၊ ကျန်တဲ့ရုပ်တွေက ပစ္စယုပ္ပန်ဖြစ်မယ်။

ဣန္ဒြိယတဲ့၊ ဣန္ဒြိယမှာလည်း ရုပ် ဣန္ဒြိယ၊ နာမ်ဣန္ဒြိယလို့ အမျိုးမျိုးရှိတယ်၊ ဆိုပါတော့ ရူပဇီဝိတိန္ဒြိယဆိုရင် ရုပ်ဇီဝိတိန္ဒြေက ပစ္စည်း၊ သူနဲ့ အတူတကွဖြစ်တဲ့ ကမ္မဇရုပ်တွေက ပစ္စယုပ္ပန်၊ ဒါကရုပ် ရုပ်ချင်းသွားတာ။

ရုပ်နဲ့နာမ်ကျတော့ ဇီဝိတ၊ စိတ်၊ ဝေဒနာဆိုတဲ့ထဲက တစ်ခုခုထုတ်ရုံပဲ၊ အဲဒီတော့ ဇီဝိတိန္ဒြေ စေတသိက်ဆိုတော့ သူက သဗ္ဗစိတ္တသာဓာရဏ စေတသိက်ထဲပါတဲ့အတွက်ကြောင့်မို့ ဘယ်စိတ်ကိုပဲ ပုံစံထုတ်ထုတ်၊ ရတယ်။

လောဘမူ ပထမစိတ် ထုတ်ကြည့်လိုက်၊ အဲဒီထဲမှာ ဇီဝိတမပါဘူးလား ပါတယ်၊ ဒါဖြင့် လောဘမူပထမစိတ်မှာ ဇီဝိတကို ဣန္ဒြိယပစ္စည်းလို့ဆိုရင် ကျန်တာတွေ ပစ္စယုပ္ပန်ဖြစ်တယ်၊ အဲသလို ပစ္စည်း ပစ္စယုပ္ပန်ဟာ အချင်းချင်း ကျေးဇူးပြုသွားကြတယ်။

ဝိပယုတ္တပစ္စည်းတဲ့၊ ဝိပယုတ္တကျတော့နာမ်နဲ့ရုပ်ပေါ့လေ (စိတ်၊ စေတသိက်၊ ရုပ်) ဝိပယုတ္တကလည်း သဟဇာတဝိပယုတ္တ၊ ပုရေဇာတ ဝိပယုတ္တဆိုပြီး ရှိတယ်၊ ဘာပဲဖြစ်ဖြစ် အတူတကွဖြစ်ပြီးတော့ ဝိပယုတ်ဖြစ်တာ၊ ဆန်းလည်းဆန်းတယ်၊ တစ်ပြိုင်နက်သော ခဏမှာဖြစ်ကြပြီးတော့ တစ်ခုနဲ့တစ်ခု မရောဘူး၊ အတူတူတော့ ဖြစ်တယ်၊ မရောဘူး။

ဟိုနေ့က ပြောတဲ့အရသာတွေ ပေါင်းလိုက်တဲ့အခါကျတော့ အတူတူတော့ ဖြစ်သွားတယ်၊ ဒါပေမယ့် စပ်တဲ့အရသာနဲ့ ချဉ်တဲ့အရသာဟာ တခြားစီနေသလိုမျိုး။

အဲဒီတော့ သဟဇာတဝိပယုတ်မှာ ကြည့်လိုက်ရင် ဘာတွေတဲ့တုန်း စိတ်၊

http://www.dhammadownload.com



စေတသိက်ရယ် ရုပ်ရယ် မပါဘူးလား၊ ဟဒယဝတ္ထုတောင်ပါသေးတယ်၊ အဲဒီတော့ ပဋိသန္ဓေအခါတစ်ခုကိုကြည့်လိုက်၊ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေစိတ်ရယ်, စေတသိက် ရယ်, ကမ္မဇရုပ်ရယ် မဖြစ်ဘူးလား၊ အဲဒီကမ္မဇရုပ်ထဲမှာ ဟဒယဝတ္ထုပါတယ်။

အဲဒီမှာအတူတကွဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ဟာသမ္ပယုတ်များ ဖြစ်လေ သလားလို့ ဒီလို သံသယဖြစ်စရာရှိတယ်၊ တစ်ပြိုင်နက်သောခဏမှာ အတူတကွ ဖြစ်နေကြပြီး အဲသလိုဖြစ်တဲ့အတွက်ကြောင့် ရုပ်နဲ့နာမ်သာ သမ္ပယုတ် မဟုတ်ဘူးလို့ ပြောဖို့ရန် ဒီနေရာမှာ ဝိပ္ပယုတ်ဆိုပြီးတော့ ဟောရတာ။

အဲဒါကြောင့်မို့ ပဋိသန္ဓေစိတ် စေတသိက်နဲ့ ကမ္မဇရုပ် ဟဒယဝတ္ထုအတူ ဖြစ်တဲ့အခါမှာ အဲဒီ ပဋိသန္ဓေစိတ်, စေတသိက်က ဟဒယဝတ္ထုကို ဝိပယုတ္တ ပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဟဒယဝတ္ထုက ပဋိသန္ဓေစိတ် စေတသိက်ကို ဝိပယုတ္တ ပစ္စည်းကျေးဇူးပြုတော့ အပြန်အလှန်သွားတယ်၊ တစ်ခုကို ပစ္စည်းယူတဲ့အခိုက်မှာ အခြားတစ်ခုကို ပစ္စယုပ္ပန်ယူရတယ်၊ ဒါကြောင့်မို့ သူတို့ကျတော့ အညမညပါဝင် ပြီးတော့ရတယ်။

ဒါကြောင့်မို့ ရုပ်နဲ့နာမ် အညမညဖြစ်တာဟာ ပဋိသန္ဓေအခိုက်မှာပဲရှိတယ်၊ ပဝတ္တိအခိုက်, တခြားအခိုက်မှာဆိုရင် ရုပ်နဲ့နာမ်ဟာ အပြန်အလှန်မရဘူး၊ သို့သော် ပဋိသန္ဓေအခိုက်အတွဲမှာတော့ ရတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန် ပဋိသန္ဓေ ဥပါဒ်တဲ့အချိန်အခါမှာ တခြားရုပ်မရှိသေးဘူး၊ ကမ္မဇရုပ်ပဲရှိသေးတယ်၊ ဥပါဒ်ခဏ မှာနော်၊ ဋ္ဌီဘင်တောင် မရှိသေးဘူး၊ စိတ္တဇရုပ်က ပဋိသန္ဓေ နောင် ပထမဘဝင်ကမှ စဖြစ်တာ၊ ဒါကြောင့်မို့ အဲဒီအချိန်အခါမှာ တခြားရုပ် မရှိသေးတော့ ကမ္မဇရုပ်ပဲရှိတယ်၊ အဲဒီကမ္မဇရုပ်ကို စိတ်က ကျေးဇူးပြုတဲ့အခါမှာ ဝိပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဒီနေရာမှာ အညမညလည်းရတယ်၊ သဟဇာတလည်းရတယ်၊

အတ္ထိ, အဝိဂတကတော့ မထူးပါဘူး၊ ဝိပယုတ္တရရင် သဟဇာတရရင်, အညမညရရင်, အတ္ထိရတာပဲ, အဝိဂတရတာပဲ၊ ဘာကြောင့်လဲဆိုတော့ ထင်ရှား ရှိနေတဲ့ အခိုက်အတွဲမှာ ကျေးဇူးပြုတာကိုး၊ အတ္ထိပစ္စည်းလို့ ပြောလိုက်ရင်ထင်ရှား ရှိနေတဲ့ အခိုက်အတွဲမှာကျေးဇူးပြုရမယ်၊ အဝိဂတပစ္စည်းလို့ ပြောလိုက်ရင်ထင်ရှား ရှိနေတဲ့ အခိုက်အတွဲမှာ ကျေးဇူးပြုရမယ်၊ အဝိဂတ ပစ္စည်းလို့ ပြောလိုက်ရင် ထင်ရှားရှိနေတဲ့အခိုက်အတွဲမှာ ကျေးဇူးပြုရမယ်။

အဲသလို ပစ္စည်းတွေကို ခွဲလိုက်မယ်ဆိုရင် ပစ္စည်းနာမ်, ပစ္စယုပ္ပန် နာမ်က ၆-ပစ္စည်း၊ ပစ္စည်းနာမ်၊ ပစ္စယုပ္ပန်နာမ် ရုပ်က ၅-ပစ္စည်း စသည်ဖြင့် ဒီလိုလဲ

http://www.dhammadownload.com



ခွဲသွား လို့ရသေးတယ်၊ ဒါတွေကတော့ အသေးစိတ်သွားပြီ၊ ဒီထက် အသေးစိတ်လို့ ရသေးတယ်၊ ဒါပေမယ်လို့ ပထမတစ်ခေါက်မှာ ဒီလောက်ဆိုရင်တောင် တော်တော် မှတ်ရမှာ။

ကောင်းပြီ နောက်တစ်ခုပြောချင်တာက ပစ္စည်းတွေမှာပြောထားတာလေးတွေ ရှိသေးတယ်၊ ဒါတွေက သိပ်အရေးမကြီးဘူး၊ ဘာအရေးကြီးသလဲဆိုတော့ ဟိုနေ့က ပေးတဲ့စာရွက်ထဲမှာ အမျိုးခွဲတာပါတယ်၊ အဲဒါ အရေးကြီးတယ်၊ အမျိုးအားဖြင့် ခွဲဟန်ဆိုတာပေါ့၊ အမျိုးသိလိုက်ရင် ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံက သိ, သိသွားတယ်၊ အဲဒီ သဟဇာတမျိုး၊ အာရမ္မဏမျိုး၊ အနန္တရမျိုး စသည်ဖြင့် group လေး တွေ လုပ်ထားတယ်။

အဲဒီတော့ သဟဇာတမျိုးတဲ့ပါတဲ့ ပစ္စည်းမှန်ရင် အဲဒီပစ္စည်း ပစ္စယုပ္ပန်ဟာ အတူတကွဖြစ်ရမှာ, ပစ္စည်းပစ္စယုပ္ပန် အတူတကွ မဖြစ်ရင် ဒီသဟဇာတ မျိုးထဲ မပါဘူး။

ဒီပစ္စည်းဟာ သဟဇာတမျိုးထဲပါတယ်လို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် ပစ္စည်းနဲ့ပစ္စယုပ္ပန်ဟာ အတူတကွဖြစ်တယ်လို့ တန်းပြောနိုင်တယ်၊ အဲဒါ သိပ်ကောင်း တယ်။

သဟဇာတမျိုး ပစ္စည်း ၁၅–မျိုး ရှိတယ်တဲ့၊ ဟေတု သဟဇာတာဓိပတိ သဟဇာတ၊ အညမည၊ သဟဇာတနိဿယ၊ သဟဇာတကမ္မ၊ ဝိပါက၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂသမ္ပယုတ္တ၊ သဟဇာတဝိပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ အဲဒါ သဟဇာတ ၁၅–မျိုးတဲ့, ဒီ ပစ္စည်းတွေမှာပါတဲ့ ပစ္စည်း ပစ္စယုပ္ပန်တွေဟာ အတူတကွဖြစ်ရမယ်။

နောက်တစ်ခုက အာရမ္မဏမျိုးတဲ့ ဒါကျတော့ အာရုံနဲ့ အာရမ္မဏိကနဲ့ ဖြစ်သွားပြီ၊ အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ ဝတ္ထုရမ္မဏပုရေဇာတနိဿယ၊ အာရမ္မဏူပ နိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်၊ အာရမ္မဏပုရေဇာ တတ္ထိ, အာရမ္မဏပုရေဇာတအဝိဂတ၊ ဆိုပြီး ၈–ပါးရှိတယ်။,

ဒါက အာရမ္မဏမျိုးဟော့လို့ ပြောလိုက်ရင် အတူတကွဖြစ်တာ မဟုတ်ဘူး၊ တခြားစီဖြစ်တာ တစ်နေရာစီဖြစ်တာ၊ စက္ခုဝိညာဏ်စိတ် ဖြစ်တယ်ဆိုရင် ရူပါရုံက တခြားမှာ၊ စက္ခုဝိညာဏ်နဲ့ အတူတူဖြစ်တာမဟုတ်ဘူး၊ သို့သော် အာရုံ, အာရမ္မဏိက အဖြစ်ဖြင့် ဆက်သွယ်မှုရှိတယ်၊ relation ပေါ့လေ၊ ကျေးဇူးပြုတယ်လို့ ဆိုတယ်။

အနန္တရမျိုးလို့ ပြောလိုက်ရင် တစ်ခုပြီးမှတစ်ခု ဖြစ်တာ၊ ဒါဟာ သိပ်ထင်ရှား

http://www.dhammadownload.com



တယ်၊ အနန္တရ ၇-မျိုးက အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန ပကတူပနိဿယ ကမ္မတစိတ်၊ နတ္ထိ၊ ဝိဂတတဲ့။

အဲဒါတွေကျတော့ ဒီပစ္စည်းဟာ အနန္တရမျိုးလို့ ပြောလိုက်ရင် ပစ္စည်းက ပထမဖြစ်၊ ပျောက်ပြီးတော့မှ ပစ္စယုပ္ပန်ကနောက်ပေါ်၊ အဲဒီလို သွားမယ်။

ဝတ္ထုပုရေဇာတမျိုး ၆-ပါးတဲ့၊ ဒါကျတော့ ဝတ္ထုလည်းဟုတ်ရမယ်၊ ပုရေဇာတလည်း ဟုတ်ရမယ်၊ နိဿယလည်းဟုတ်ရမယ်၊ ဝတ္ထုရုပ် ၆-ပါးလည်း ဖြစ်ရမယ်၊ ရှေးဖြစ်နှင့်တာလည်း ဖြစ်ရမယ်၊ မှီရာလည်းဖြစ်ရမယ်၊ အဲသလို တရားမျိုးတွေပေါ့လေ၊ ဝတ္ထုပုရေဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ၊ ပုရေဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ်၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတအဝိဂတ။

ပစ္ဆာဇာတမျိုး ၄-ပါးတဲ့၊ ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ ဒါတွေဟာ နှစ်ချက်စုပြန်ကြည့်ရင် သိတယ်။

အာဟာရ ၃-မျိုးတဲ့၊ ရုပ်အာဟာရရယ်၊ အာဟာရတ္ထိရယ်၊ အာဟာရ အဝိဂတရယ်၊ အဟာရတ္ထိနဲ့၊ အာဟာရအဝိဂတဆိုတာ နာမ်အာဟာရကို ပြောတာ။

ရူပဇီဝိတိန္ဒြိယမျိုး ၃-ပါးတဲ့၊ ရူပဇီဝိတိန္ဒြိယရယ်၊ ဣန္ဒြိယတ္ထိရယ်၊ ဣန္ဒြိယ အဝိဂတရယ်။

ပကတူပ နိဿယမျိုး ၂-ပါးတဲ့၊ (၁) နောက်နောက် စေတသိက်အားတပ်သော ဗလဝဖြစ်သော ရှေးရှေးစိတ္တုပါဒ်ရုပ်၊ ပညတ်ဟူသော သုဒ္ဓပကတူပ နိဿယရယ်(၂) ဝိပါက်နာမက္ခန္ဓာအားတပ်သော ဗလဝကံဟူသော မိဿကပကတူပနိဿယ နာနက္ခဏိကမ္မလို့ ၂-မျိုးရှိတယ်။

နောက်ဆုံးကျတော့ နာနက္ခဏိကကမ္မမျိုး ၁-ပါးတဲ့၊ ကာမဝိပါက်အား တပ်သော ဒုဗ္ဗလကမ္မ၊ ကဋတ္တာရုပ်အား တတ်သော ဗလဝဒုဗ္ဗလကမ္မ၊ ဒါကကံ၊ ကံ၏အကျိုးပေါ့လေ။

အဲဒါကြောင့်မို့ အဲဒီအမျိုးလေးတွေကိုလည်း အသင့်အတင့် ကွဲထားရင်ကောင်းတယ်၊ သဟဇာတမျိုး သိလိုက်ရင် ပစ္စည်းနဲ့ ပစ္စယုပ္ပန်ဟာ အတူတကွဖြစ်ပြီ၊ အာရမ္မဏမျိုးလို့ ပြောလိုက်ရင် သူက အာရုံအာရမ္မဏိကအနေနဲ့ ဆက်သွယ်မှု ရှိလိမ့်မယ်။

အနန္တရမျိုးလို့ ပြောလိုက်ရင် အခြားမဲ့ဖြစ်ပြီးတော့ တစ်ခုဖြစ်တုန်း တစ်ခု မဖြစ်ဘူး၊ အဲသလိုသိထားရင် ပဋိစ္စသမုပ္ပါဒ်ပြန်သွားပြီးတော့ အဝိဇ္ဇာက သင်္ခါရကို ဘယ်သတ္တိတွေနဲ့ ကျေးဇူးပြုတယ်၊ သင်္ခါရကဝိညာဏ်ကို ဘယ်သတ္တိတွေနဲ့

http://www.dhammadownload.com



ကျေးဇူးပြုတယ်ဆိုတာပါတယ်၊ လေ့လာလိုက်တဲ့အခါကျတော့မှ အဝိဇ္ဇာပစ္စယာ သင်္ခါရ (နိဒါနလို့ခေါ်တာပေါ့) အကြောင်းအကျိုး ဆက်စပ်ပုံဟာ ပုံသေမှတ်ထားလို့ မရဘူးဆိုတာပေါ်လာလိမ့်မယ်။

အဝိဇ္ဇာက သင်္ခါရကို ထုတ်လုပ်တယ်၊ သင်္ခါရက ဝိညာဏ်ကို ထုတ်လုပ်တယ်၊ ဝိညာဏ်က နာမ်ရုပ်ကို ထုတ်လုပ်တယ်လို့ ဒီလိုပဲ ထင်နေကြတာ။

ဘာကြောင်းတုန်းဆိုတော့ စာမှာက အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်၊ ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်သည်ဆိုတော့ ဝိညာဏ်က နာမ်ရုပ်ကို ထုတ်လုပ်လိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး ထင်သွားတတ်တယ်။

အခုတော့ ပဋ္ဌာန်းနဲ့တိုက်ဆိုင်ကြည့်လိုက်၊ ပဋ္ဌာန်းပြောပါလိမ့်မယ်၊ ဝိညာဏ်က နာမ်ရုပ်ကို ဘယ်ပစ္စည်းတွေနဲ့ ကျေးဇူးပြုတယ်ဆိုတာ၊ အဲဒီပစ္စည်းတွေ ကြည့်လိုက်တဲ့ အခါကျတော့ သဟဇာတပါသလား၊ နာနက္ခဏိက ကမ္မပါသလား၊ ဒါမျိုးတွေ ပေါ့လေ၊ ကြည့်ပြီးတော့ ယူဆသွားရမယ်။

အဲဒါကြောင့်မို့ ပဋ္ဌာန်းနည်းနဲ့ ထပ်ပြီးတော့ လေ့လာမှ ပဋိစ္စသမုပ္ပါဒ်ကို ပြည့်ပြည့်ဝဝ နားလည်မယ်၊ ဒီလိုမဟုတ်သေးဘူးဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို တကယ် ပြည့်ပြည့်ဝဝ နားမလည်သေးဘူး။

ပဋ္ဌာန်းနည်းပြီးရင် နောက်အပတ် ပဋိစ္စသမုပ္ပါဒ် ပြန်သွားဦးမယ်၊ ပဋ္ဌာန်း နည်းမှာ အသက်ဟာ ၂–ချက်စုမှာရှိတယ်၊ ပဋ္ဌာန်းရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းဟာ ၂–ချက်စုပဲ၊ ၂–ချက်စုကိုကျေရင် ပဋ္ဌာန်းနည်းနဲ့ ပြောတဲ့အခါမှာ လွယ်လွယ်ကူကူ နားလည်တယ်၊ အလွတ်မကျက်နိုင်သည့်တိုင်အောင် ကြည့်ပြီးတော့ နားလည်သွားရင် တော်ပါပြီ။

ကိုင်း, စမ်းကြည့်စမ်း၊ လောဘမူပထမစိတ်ဖြစ်တယ်တဲ့၊ လောဘမူပထမစိတ်နဲ့ စေတသိက် ၁၉–ခုရယ်၊ စိတ္တဇရုပ်ရယ် ဖြစ်တယ်နော်၊ ဘာပစ္စည်းတွေ ရနိုင်သလဲ ကြည့်လိုက်ပါ၊ ဟေတုပစ္စည်း ရနိုင်တယ်၊ အာရမ္မဏပစ္စည်းကျတော့ ရနိုင်တယ် ဆိုတာက အဲဒီလောဘမူစိတ်က ရူပါရုံကို အာရုံပြုရင် အဲဒီရူပါရုံက လောဘမူစိတ်ကို အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုတယ်။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ်၌ ပဌာန်းပစ္စည်းများ

| | | |
|---|---|---|
| အဝိဇ္ဇာ | သင်္ခါရ | အာ၊ ဥ၊ ဓိ၊ နံ၊ သမနံ၊ အာသေ၊ နတ္ထိ၊ ဝိဂတ၊ ဟေ၊ သဟ၊ အည၊ နိ၊ သံ၊ အတ္ထိ၊ အဝိ၊ |
| သင်္ခါရ | ဝိညာဏ် | နာနက္ခဏိကကမ္မ၊ ဥ |
| ဝိညာဏ် | နာမ်ရုပ် | သဟ၊ အည၊ နိ၊ သံ၊ ဝိ၊ ဟာ၊ ဣံ၊ အတ္ထိ၊ အဝိ |
| နာမ်ရုပ် | သဠာယတန | သဟ၊ အည၊ နိ၊ သံ၊ ဝိ၊ အတ္ထိ၊ အဝိ၊ ဟေ၊ ဟာ၊ ပစ္ဆာ၊ ဝိပ်၊ ဣံ |
| သဠာယတန | ဖဿ | နိ၊ ပုရေ၊ ဣံ၊ ဝိပ်၊ အတ္ထိ၊ အဝိ၊ သဟ၊ အည၊ နိ၊ ဝိ၊ ဟာ၊ ဣံ၊ သံ၊ အတ္ထိ၊ အဝိ |
| ဖဿ | ဝေဒနာ | သဟ၊ အည၊ နိ၊ ဝိ၊ ဟာ၊ သံ၊ အတ္ထိ၊ အဝိ၊ ဥ |
| ဝေဒနာ | တဏှာ | ဥ |
| တဏှာ | ဥပါဒါန် | ဥ၊ သဟ၊ အည၊ နိ၊ သံ၊ အတ္ထိ၊ အဝိ |
| ဥပါဒါန် | ဘဝ | ဥ၊ သဟ၊ အည၊ နိ၊ သံ၊ အတ္ထိ၊ အဝိ၊ ဟေ |
| ဘဝ (ကမ္မ) | ဇာတိ | ကမ္မ၊ ဥ |
| ဇာတိ | ဇရာမရဏာစသည် | -ဥ |

http://www.dhammadownload.com



## ပညတ္တိဝိဘာဂ

ပညတ်ဆိုသည်မှာ ပရမတ်အားဖြင့် ထင်ရှားရှိသော နာမ်တရားရုပ်တရားကို ဖယ်ထား၍ ပရမတ်အားဖြင့် ထင်ရှားမရှိသော ပရမတ်၏ အတုအယောင် သဘောမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းမျိုးကို ပညတ်ဟု ခေါ်ဆိုသည်။

၎င်းပညတ်သည် ခေါ်ဝေါ်အပ်သော အနက်ဒြပ်ဟုဆိုအပ်သော အတ္ထပညတ်၊ ခေါ်ဝေါ်ကြောင်းဖြစ်သော အမည်သညာ သဒ္ဒါ ဝေါဟာရဟုဆိုအပ်သော သဒ္ဒပညတ်ဟု ၂-မျိုးပြား၏။

အစိပ္ပါယ်။ ။ပုရိသော ဟူသော သဒ္ဒါအသံဓာတ်သည် ယောကျ်ားဒြပ်အကောင် အထည်တည်းဟူသော အနက်ကို သိစေတတ်သောကြောင့် သဒ္ဒပညတ်မည်၏။ ၎င်းသဒ္ဒါသည် သိစေအပ်သောကြောင့် ယောကျ်ားဒြပ်အနက်သည် အတ္ထပညတ်မည်၏။ ။ပဗ္ဗတသဒ္ဒါသည် သဒ္ဒပညတ်၊ တောင်ဒြပ်သည် အတ္ထ ပညတ်မည်၏ဟုသိ။

### အတ္ထပညတ်အပြား

(၁) ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သောအခြင်းအရာကိုစွဲ၍ ထိုထိုသို့သော အခြင်းအရာပုံဟန် သဏ္ဌာန်ကိုစွဲ၍ ပညတ်သမုတ်အပ်သောမြေတောင် အစရှိသော **သဏ္ဌာနပညတ်**။

(၂) သစ်၊ မြေစိုင် ချည်အစရှိသော အဆောက်အဦးတို့၏ ပေါင်းစည်းစုဝေးသော အခြင်းအရာကို အစွဲပြု၍ ပညတ်သမုတ်အပ်သော အိမ်၊ ရထား၊ လှည်း၊ အိုး၊ ပုဆိုး စသော **သမူဟပညတ်**။

(၃) ခန္ဓာ ၅ ပါးအပေါင်းကိုစွဲ၍ ပညတ်သမုတ်အပ်သော ယောကျ်ားပုဂ္ဂိုလ်စသော **ဇာတိပညတ်**။

(၄) လ နေ နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လည့််၍သွားခြင်း အစရှိသော အခြင်းအရာကိုစွဲ၍ ပညတ်သမုတ်အပ်သော အရှေ့အရပ်စသော **ဒိသာပညတ်**။

(၅) နံနက်စသော **ကာလပညတ်**။

(၆) ကဆုန်လစသော **မာသပညတ်**။

(၇) ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့ထိအပ်သော အခေါင်းစသော အခြင်းအရာကိုစွဲ၍ ပညတ်သမုတ်အပ်သော တွင်းဂူလိုဏ်ပေါက်စသော **အာကာသပညတ်**။

(၈) ထိုထိုသို့သော အခြင်းအရာအားဖြင့် ထင်သော ပထဝီကသိုဏ်း အစရှိသော

http://www.dhammadownload.com



နိမိတ်ကိုလည်းကောင်း၊ ပရိကမ္မ စသည်ဖြင့်ပြားသော ဘာဝနာ၏ အစဉ်ဟူသော အထူးကိုလည်းကောင်း စွဲ၍ သမုတ်အပ်သော ကသိုဏ်းနိမိတ် အသုဘနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်စသော **နိမိတ္တ ပညတ်။**

ဤအတ္ထပညတ်များသည် ပရမတ္ထအားဖြင့် ဒြပ်အကောင်အထည် ထင်ရှားမရှိသော်လည်း သဘောဆတ်ဆတ်ပရမတ်ကို စွဲမြှောင်၍ အရိပ်အရောင်အတုဟူသော အခြင်းအရာအားဖြင့် စိတ်စေတသိက် ပရမတ်တရားတို့၏ အခြံအရံအဖြစ်သို့ ရောက်၏။ ထိုအတ္ထပညတ်ကို နာမပညတ်ဖြင့် သိစေအပ်၏။

ဝါစ္စပညတ်၊ ဝစနီယပညတ်၊ အတ္ထပညတ်ဟူသည် အတူတူ။ ဝါစကပညတ်၊ နာမပညတ်၊ သဒ္ဒပညတ် ဟူသည် အတူတူ။ အမည်သာကွဲပြားသည်။

## အဝိဇ္ဇာပစ္စယာသင်္ခါရာပုဒ်၌ အကျယ်ပြဆိုချက်

ဤဆိုခဲ့သည့်အတိုင်း ဤ ၂၄-ပါးသော ပစ္စည်းတို့တွင် ဤအဝိဇ္ဇာသည် ပုည (အဘိသင်္ခါရ)တို့အား ၂-ပါးသော အပြားအားဖြင့် ကျေးဇူးပြု၏။ တစ်ပါးကုန်သော (အပုည) အဘိသင်္ခါရတို့အားမူကား များသောအပြားအားဖြင့် ကျေးဇူးပြု၏။ နောက်ဆုံး ဖြစ်ကုန်သော (အာနေဥ္ဇ) အဘိသင်္ခါရတို့အား ထိုအဝိဇ္ဇာသည် တစ်ပါးတည်းသော အပြားအားဖြင့် ကျေးဇူးပြု၏ဟု သိအပ်၏။

ထိုဂါထာ၌ ပုညတို့အား ၂-ပါးအပြားအားဖြင့် ဟူသည်ကား (ပုညာဘိသင်္ခါရတို့အား) အာရမ္မဏပစ္စည်းဖြင့်လည်းကောင်း၊ ဥပနိဿယပစ္စည်းဖြင့်လည်းကောင်း၊ ဤသို့ ၂-ပါးအပြားအားဖြင့် ကျေးဇူးပြု၏။ ချဲ့၍ပြအံ့၊ ထိုအဝိဇ္ဇာသည် အဝိဇ္ဇာကို ကုန်တတ်သောအားဖြင့် ပျက်တတ်သောအားဖြင့် ဝါ-ကုန်သွားသည် ပျက်သွားသည်ဟု သုံးသပ်သောကာလ၌ ကာမာဝစရပုညာဘိသင်္ခါရတို့အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။ (စေတောပရိယ ပုဗ္ဗေနိဝါသ အနာဂတံ သဉာဏ်ဟု ဆိုအပ်သော) အဘိညာဏ်တို့နှင့် ယှဉ်သောစိတ်ဖြင့် (မိမိ၏လည်းကောင်း၊ သူတပါး၏လည်းကောင်း) မောဟနှင့်တကွဖြစ်သော စိတ်ကို သိသောကာလ၌ ရူပါဝစရ (ပုညာဘိသင်္ခါရ) တို့အား (အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။) ထိုမှတပါး (အဝိဇ္ဇာ၏အပြစ်ကို မြင်ခြင်းကြောင့်) အဝိဇ္ဇာကို လွန်မြောက်ခြင်းအကျိုးငှာ (ဝဋ်ကင်းရာနိဗ္ဗာန်ကို တောင့်တသဖြင့်) ပေးလှူခြင်းအစရှိသော ကာမာဝစရ ပုညကြိယဝတ္ထုတို့ကို ဖြည့်ကျင့် ဆည်းပူးသောသူအားလည်းကောင်း၊ ရူပါဝစရဈာန်တို့ကို ဖြစ်စေသောသူအားလည်းကောင်း၊ ၂-ပါးလည်း ဖြစ်ကုန်သော ထို (ကာမ ရူပ) ပုညာဘိသင်္ခါရ

http://www.dhammadownload.com



တို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ ထို့အတူပင် (ဘဝ၏အပြစ်ကို ဖုံးကွယ်တတ်သော) အဝိဇ္ဇာဖြင့်ပြင်းစွာ တွေဝေသောကြောင့် ကာမဘဝစည်းစိမ် ချမ်းသာ ရူပဘဝစည်းစိမ်ချမ်းသာတို့ကို တောင့်တ၍ ထိုပုညာဘိသင်္ခါရ ၂-မျိုး တို့ကိုပင်လျှင် ပြုသောသူအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

တစ်ပါးကုန်သော အဘိသင်္ခါရတို့အားမူကား များသောအပြားအားဖြင့် ဟူသည်ကား အပုညာဘိသင်္ခါရတို့အား များသော အပြားအားဖြင့် ကျေးဇူးပြု၏။ အဘယ်သို့နည်းဟူမူ ဤဝိဇ္ဇာသည် အဝိဇ္ဇာကို အာရုံပြု၍ ရာဂ စသည်ဖြစ်သေ ကာလ၌ အာရမ္မဏပစ္စည်းဖြင့် (ကျေးဇူးပြု၏)၊ အလေးအမြတ် ပြု၍ သာယာသော ကာလ၌ အာရမ္မဏာဓိပတိ ပစ္စည်း အာရမ္မဏူပနိဿယ ပစ္စည်းတို့ဖြင့် (ကျေးဇူးပြု၏)။ အဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေလျက် အပြစ်မမြင်သည်ဖြစ်၍ ပါဏာတိပါတ သူ့အသက် ကိုသတ်ခြင်း စသည်တို့ကိုပြုသောသူအား ဥပနိဿယပစ္စည်းပြင့် (ကျေးဇူးပြု၏) ဒုတိယဇော စသည်တို့အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန နတ္ထိ, ဝိဂတပစ္စည်းတို့ဖြင့် (ကျေးဇူးပြု၏)၊ အမှတ်မရှိသော တစ်စုံတစ်ခုသော အကုသိုလ်ကိုပြုသော သူအား ဟေတု သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်းတို့ဖြင့် (ကျေးဇူးပြု၏)။ ဤသို့များသော အပြားအားဖြင့် ကျေးဇူးပြု၏။

နောက်ဆုံးဖြစ်သော အဘိသင်္ခါရတို့အား ထိုအဝိဇ္ဇာသည် တစ်ပါးတည်းသော အပြားအားဖြင့် ကျေးဇူးပြု၏ဟု သိအပ်၏ ဟူသည်ကား အာနေဉ္ဇာဘိသင်္ခါရတို့အား ဥပနိဿယ ပစ္စည်းဖြင့်သာလျှင် တစ်ပါးတည်းသော အားပြားအားဖြင့် ကျေးဇူးပြု၏ဟု သိအပ်၏။ ဤအဝိဇ္ဇာ၏ ထိုဥပနိဿယ အဖြစ်ကိုမူ ပုညာဘိသင်္ခါရ၌ ဆိုအပ်ခဲ့ ပြီးသော နည်းဖြင့်သာလျှင် သိအပ်ပေ၏။

**သဒ္ဒပညတ်အပြား**

၁။ ဝိဇ္ဇမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်ဝေဒနာစသော သဒ္ဒပညတ်မျိုး။

၂။ အဝိဇ္ဇမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မြေ,တောင် စသော အနက်ကို သိကြောင်းဖြစ်သော သဒ္ဒ ပညတ်မျိုး။

http://www.dhammadownload.com



၃။ ဝိဇ္ဇမာနေန = ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထ
အဝိဇ္ဇမာနပညတ် အားဖြင့် ထင်ရှားမရှိသောအနက်ကို သိစေသော ဆဠဘိညော (အဘိညာဉ်ရသောပုဂ္ဂိုလ်) စသော သဒ္ဒပညတ်။

၄။ အဝိဇ္ဇမာနေန = ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်နှင့်
ဝိဇ္ဇမာနပညတ် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကိုသိစေတတ်သော ဣတ္ထိသဒ္ဒေါ (မိန်းမအသံ) စသော သဒ္ဒပညတ်မျိုး။

၅။ ဝိဇ္ဇမာနေန = ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်နှင့် ပရမတ္ထ
ဝိဇ္ဇမာနပညတ် အားဖြင့် ထင်ရှားရှိသော အနက်ကိုပင်သိစေသော စက္ခုဝိညာဏံစသော သဒ္ဒပညတ်မျိုး။

၆။ အဝိဇ္ဇမာနေန = ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်နှင့်
အဝိဇ္ဇမာနပညတ် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက် ၂-ပါးကိုသိစေသော ရာဇပုတ္တော စသောသဒ္ဒပညတ်။

အနက်နှင့် သဒ္ဒါကို ခြားနားစွာသတိပြု။ ပုတ္တောကားပါဠိသဒ္ဒါ၊ သားကား မြန်မာသဒ္ဒါ၊ အထည်ကိုယ်ခြပ်သာ အနက်ဖြစ်၏။ ဤသို့သဒ္ဒါနှင့် အနက်တို့၏ ခြားနားမှုကို သတိပြု။ သို့မှ အတ္ထပညတ်နှင့် သဒ္ဒပညတ် ကွဲမည်။

*

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၅၁

## [ပစ္စည်းပိုင်း]

## ပဋိစ္စသမုပ္ပါဒ်၌ ပဋ္ဌာန်းနည်း

ဒီနေ့ အောက်တိုဘာလ ၂၁ ရက်နေ့-

လွန်ခဲ့တဲ့ အပတ်က ပဋ္ဌာန်းနည်း ၂-ချက်စုတို့ ဘာတို့ပြီးသွားပြီ ဆိုကြပါစို့၊ သဟဇာတမျိုး၊ အာရမ္မဏမျိုးစသည်ဖြင့် အစုခွဲတယ်၊ အဲဒါတွေ နားလည်ပြီးတဲ့နောက် ပဋိစ္စသမုပ္ပါဒ်ကို ပြန်သွားပြီးတော့ ပဋ္ဌာန်းနည်းနဲ့ စပ်ဟပ်ပြီးတော့ နားလည်ဖို့ ကြည့်ဖို့ စိမံထားတယ်။

ပထမဆုံးလွန်ခဲ့တဲ့အပတ်က ပြောတဲ့ ကျေးဇူးပြုပုံ၊ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ နားလည်တယ် မဟုတ်လား၊ ဆိုပါတော့ ဟေတုပစ္စည်း ကျေးဇူးပြုပုံကို ပုံစံထုတ်ပြီး ပြောပြပါဆိုရင် ပြောနိုင်မလား၊ ဟေတုပစ္စည်း ကျေးဇူးပြုပုံကို ပုံစံထုတ်ပါဆိုရင် ဘယ်ဟာကို ထုတ်မလဲ၊ ပထမဆုံး လောဘမူစိတ် ထုတ်လို့ရတယ်။

ဒါကြောင့်မို့ ဟိတ် ၆-ပါးထဲမှာ လောဘနဲ့ မောဟပါတော့ လောဘမူစိတ်မှာလည်း လောဘနဲ့ မောဟပါတယ်၊ ဒါကြောင့် ပထမလောဘမူစိတ်ကို ပုံစံထုတ်ပြီးတော့ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ ရှင်းပြရင် ရှင်းပြနိုင်တယ်။

အဲဒီတော့ ပဋ္ဌာန်းနည်းဆိုတာ စိတ် စေတသိက်တွင်မကဘူး၊ ရုပ်လည်းပါတယ်၊ ဒါကြောင့်မို့ ရုပ်ပါကိုင်ရတော့၊ လောဘမူစိတ်ရယ်, အဲဒီစိတ်နဲ့ ယှဉ်တဲ့

http://www.dhammadownload.com



စေတသိက်ရယ် ပြီးတော့ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ရယ်၊ ဒီ ၃-ခု စိတ်ထဲက မြင်ထားပြီးတော့မှ လောဘမူ ပထမစိတ်ရယ်, စေတသိက် ၁၉- ခု ရယ်, စိတ္တဇရုပ်ရယ် တစ်ပြိုင်နက် ဖြစ်ကြရာမှာ စေတသိက်တွေထဲမှာပါတဲ့ လောဘ စေတသိက်ကို ပစ္စည်းယူထားရင် ကျန်တဲ့ လောဘမူစိတ်ရယ်၊ စေတသိက် ၁၈-ခုရယ်။ စိတ္တဇရုပ်ရယ်က ပစ္စယုပ္ပန် ဖြစ်သွားရော။

မောဟကို ပစ္စည်းယူထားမယ်ဆိုရယ်၊ မောဟရယ်, ကျန်တဲ့စေတသိက် ၁၈-ပါးရယ်၊ စိတ္တဇရုပ်ရယ်က ပစ္စယုပ္ပန်ဖြစ်ရော၊ အဲသလိုသွားရမယ်။

ပစ္စည်းဘက်မှာ လောဘသော်လည်းကောင်း, မောဟသော်လည်းကောင်း, ဒေါသသော်လည်းကောင်း, အလောဘ, အဒေါသ, အမောဟသော်လည်းကောင်း ရှိရမယ်၊ ပစ္စယုပ္ပန်ဘက်မှာ စိတ်ရှိရမယ်, အခြားစေတသိက်တွေ (လောဘ၊ ဒေါသ၊ မောဟ ပြန်ပါနိုင်ပါတယ်) ပါရမယ်၊ စိတ္တဇရုပ်ပါရမယ်။

ဒီတော့ ဟေတုပစ္စည်းဟာ ဘယ်မျိုးထဲမှာပါတုန်း၊ သဟဇာတမျိုးထဲမှာ ပါတယ်၊ ဟုတ်ပြီ၊ သဟဇာတမျိုးထဲမှာပါရင် ပစ္စည်းနဲ့ ပစ္စယုပ္ပန်ဟာ အတူတကွ ဖြစ်ရမယ်ပေါ့၊ အဲဒီသဟဇာတမျိုးထဲမှာပါတဲ့ ပစ္စည်း ၁၅-မျိုးလား ရှိတယ်။ အဲဒီပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ရှင်းပြချင်တယ် ပြောပြချင်တယ်ဆိုရင် အတူတကွဖြစ်တဲ့ ပစ္စည်းတွေ ရှာရမယ်။

ဒါကြောင့်မို့ ဟောတုပစ္စည်းလို့ဆိုလိုက်ရင် သဟဇာတမျိုးထဲမှာပါတဲ့ အတွက်ကြောင့်မို့ ပစ္စည်းနဲ့ ပစ္စယုပ္ပန်ဟာ အတူတကွဖြစ်တယ်လို့ တန်းတန်းမတ်မတ် သိတယ်၊ အမျိုးသိရင် အဲဒါတန်းသိတော့တာပဲ၊ အဲဒါ သိပ်ကောင်းတယ်။

အကယ်၍ အာရမ္မဏမျိုးဆိုရင် အတူတကွဖြစ်တာ မဟုတ်ဘူး၊ အာရုံက တခြားမှာဖြစ်မယ်၊ အာရမ္မဏိကက တခြားမှာဖြစ်မယ်၊ အဲဒီလို အမျိုးမတူတဲ့ အတွက်ကြောင့် ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံချင်း ကျေးဇူးပြုပုံချင်းလည်း အဲသလို ကွဲပြားသွားတယ်၊ ဒါလေးတွေ နားလည်ထားရမယ်။

တစ်ပြိုင်နက်သော ခဏမှာတော့ ဖြစ်ချင်ဖြစ်မယ်နော်၊ သို့သော် အတူမဖြစ် ဘူးလို့ဆိုတယ်၊ ဆိုပါတော့, ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုပြီးတော့ စက္ခုဝိညာဏ်စိတ် ဖြစ်တယ်ပြောရင် ဟိုမှာ ပစ္စုပ္ပန်ရူပါရုံဆိုတဲ့ ရုပ်ကလည်းရှိနေတယ်၊ ဒီမှာလည်း စက္ခုဝိညာဏ် စိတ်တင်မကဘူး၊ ဆိုပါတော့, စက္ခုဝိညာဏဝီထိဖြစ်တယ်၊ တစ်ပြိုင် နက်သော ခဏမှာဖြစ်တယ်၊ သို့သော် သူတို့ကို အတူဖြစ်တယ်လို့ မပြောနိုင်ဘူး။

သဟဇာတမျိုးကျတော့ အတူတကွဖြစ်တယ်၊ စိတ်ရယ်၊ စေတသိက်ရယ်၊

http://www.dhammadownload.com



ရုပ်ရယ်ပဲပေါ့၊ ဒါကြောင့်မို့ အဲသလို ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကို သဘောပေါက်ရမယ်၊ နားလည်ရမယ်။

အကယ်၍ အလောဘ, အဒေါသ, အမောဟနဲ့ ပတ်သက်ပြီး ပုံစံထုတ် ရှင်းလင်းချင်တယ်ဆိုရင် ဘယ်စိတ်ကို ကိုင်မလဲ၊ ဘယ်စိတ်ကိုထုတ်မလဲ၊ ခုနလောဘမူ စိတ်နဲ့ ရှင်းတာက လောဘဟိတ် မောဟဟိတ်နဲ့ ပတ်သက်ပြီးတော့ ပြောခဲ့ပြီ၊ အဲဒီတော့ အလောဘ, အဒေါသ, အမောဟထဲက (ဆိုပါတော့) အလောဘနဲ့ အဒေါသ နှစ်ခု သို့မဟုတ်လဲ ၃-ခုပေါ့လေ၊ အဲဒါကို ပုံစံထုတ်ပြီး ပြောချင်ရင် ဘယ်စိတ်ကို ထုတ်မလဲ၊ အလောဘ, အဒေါသ, အမောဟယှဉ်တဲ့စိတ်ဟာ ဘယ် စိတ်လဲ၊ မှတ်မိလား၊ အလောဘ, အဒေါသ, အမောဟစိတ်ဟာ ဘယ်ထဲပါလဲ၊ သောဘနစေတသိက်ထဲမှာ ပါတယ်၊ ဒါဖြင့်ရင် သောဘနစိတ်ထဲက တစ်ခုခုထုတ်ရင် ရရမယ်ပေါ့၊ ဒါဖြင့်ရင် မဟာကုသိုလ် ပထမစိတ်ပဲထုတ်လိုက်၊ မရပေဘူးလား ရတယ်။

မဟာကုသိုလ် ပထမစိတ်ထဲမှာ စေတသိက် ၃၈-ပါး ယှဉ်တယ်၊ အဲဒီ ၃၈ ပါးမှာ အလောဘပါတယ်၊ အဒေါသပါတယ်၊ အမောဟပါတယ်, ဒါကြောင့်မို့ မဟာကုသိုလ်ပထမစိတ်, စေတသိက်-၃၈, စိတ္တဇရုပ်၊ အဲဒီထဲမှာ အလောဘကို ပစ္စည်းလို့ယူရင် မဟာကုသိုလ်စိတ်ရယ်, ကြွင်းတဲ့စေတသိက် ၃၇-ခုရယ်၊ စိတ္တဇ ရုပ်ရယ်က ပစ္စယုပ္ပန်။

အဒေါသကို ပစ္စည်းယူရင် ကျန်တာတွေ ပစ္စယုပ္ပန်၊ အမောဟကို ပစ္စည်းယူရင် ကျန်တာတွေ ပစ္စယုပ္ပန်၊ အဲဒီလို သွားရမယ်၊ ဒါဟာ ဟေတုနဲ့ ပတ်သက်ပြီးတော့ ပစ္စည်း ပစ္စယုပ္ပန် ပြောချင်ရင်ပေါ့။

ပါဠိတော်နဲ့ကျတော့ ပြောရတာခက်တယ်၊ ပစ္စယနိဒ္ဒေသရကြလား၊ ရရင်လည်း အနက်မသိတော့ မထူးပါဘူး၊ ဘုရားစာအနေနဲ့တော့ ရမှာပေါ့။

ဟေတူဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ။

ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ ဆိုတာ ဟိတ်နဲ့ယှဉ်တဲ့ တရားတွေဆိုတော့ ဟိတ်နဲ့ယှဉ်တဲ့စိတ်ရယ် စေတသိက်ရယ်ကို ဆိုလိုတယ်။

တံသမုဋ္ဌာနာနဉ္စရူပါနံဆိုတာ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေတဲ့၊ ဒါဟာ ဟေတုပစ္စယေန ပစ္စယော၊ ဟေတုပစ္စည်းဖြင့် ကျေးဇူးပြုတယ်တဲ့၊ ဟိတ်များက ဟိတ်နဲ့အတူတကွဖြစ်တဲ့ တရားတွေရယ်၊ ဟိတ်နဲ့ယှဉ်တဲ့စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ ရယ်ကို ဟေတုသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ဒီလို ရှင်းလင်းပြောပြလို့ရတယ်။

http://www.dhammadownload.com



ထို့အတူပဲ အရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း စသည်လည်း သွားရမယ်၊ ဒါတွေကို ရှင်းလင်းပြောပြဖို့ဆိုရင် သို့မဟုတ် ကိုယ်တိုင်နားမလည်ရင် နောက်ကို ပြန်ပြန်ပြီး သွားရလိမ့်မယ်၊ အဲဒါ မပျင်းနဲ့ပေါ့၊ နောက်ပြန်သွားလို့ မြင်ပြီးမှ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ ပြောမှ ရှင်းရှင်းလင်းလင်း မြင်တာ၊ အဲသလို နောက်ပြန် မမြင်သေးပဲ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံပြောနေရင် အလကားပဲ

(ဆိုပါတော့) အဲဒီတော့ အဓိပတိပစ္စည်းနဲ့ ပတ်သက်ပြီး ပြောချင်ပြီဆိုရင် ပထမ ဘာ နားလည်ရမတုန်း၊ အဓိပတိပစ္စည်းရဲ့ ပစ္စည်းရယ်၊ ပစ္စယုပ္ပန်ရယ် နားလည်ရမယ်၊ ပြီးတော့မှ အဓိပတိတပ်တဲ့ တရား ၄-ပါး ရှိတယ်၊ အဲဒီထဲက ဆန္ဒကိုပြောချင်တယ်၊ သို့မဟုတ် ဝီရိယကို ပြောချင်တယ်ဆိုရင် ဆန္ဒယှဉ်တဲ့စိတ် ဝီရိယယှဉ်တဲ့စိတ် လိုက်ကြည့် လိုက်ကြည့်ပြီး အဲဒီစိတ် ပုံစံထုတ်ပြီး ပြောရတယ်၊ အဲဒီလို သွားရ တယ်။

ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ လွန်ခဲ့တဲ့အပတ်က ပြောပြခဲ့တာကို ထပ်ပြောပြတာ၊ ဒါဟာ နှုးတဲ့သဘောပဲ။

ဒီနေ့ ပဋိစ္စသမုပ္ပါဒ်ကိုသွားမှာ၊ ပဋိစ္စသမုပ္ပါဒ်က အလွန်ကျယ်ဝန်းတယ်။ အဋ္ဌကထာဖွဲ့တာဆိုရင် ကြာတော့များလွန်းလို့ စိတ်ပျက်ယူတယ်၊ အဲဒီတော့ အဲသလောက် အကုန်လုံးကို ပြောမယ်ဆိုရင် ကိုယ်လည်းတော်တော် စာပြန်ကြည့် ရမယ်၊ နားထောင်သူတွေလည်း မလွယ်ဘူး၊ ဘာကြောင့်လဲဆိုတော့ အသေးစိပ် လွန်းလို့။

ဒါကြောင့်မို့ ဒီနေ့အကျဉ်းအားဖြင့်တော့ ကုန်အောင်သွားမယ်ပေါ့လေ၊ အသေးစိတ်အားဖြင့်တော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ တစ်ခုထဲကို ကြည့်နိုင်မယ်။

အရင်တုန်းက ပြောခဲ့ဖူးတယ်၊ ပဋိစ္စသမုပ္ပါဒ်နည်းမှာသာ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်၊ သို့မဟုတ် ဒီအကြောင်းကို အကြောင်းပြုပြီး ဒီအကျိုးဖြစ်တယ်လို့ ဒီလိုအကြောင်း အကျိုးကိုသာ ပြောပြတယ် သို့မဟုတ် ပစ္စည်းနဲ့ ပစ္စယုပ္ပန်ကိုသာ ပြောပြတယ်။

သူတို့ဟာ အကြောင်းက အကျိုးကို ဘယ်လိုသတ္တိနဲ့ ကျေးဇူးပြုတယ်ဆိုတာ မပြောခဲ့ဘူး၊ ပဋ္ဌာန်းကျတော့ ဟေတုဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယောဆိုတော့ ပစ္စည်းလည်းပါတယ်၊ ပစ္စယုပ္ပန်လည်း ပါတယ်၊ ပစ္စယသတ္တိလည်းပါတယ်၊ ပဋ္ဌာန်းက အဲသလို သွားတယ်။

ပဋိစ္စသမုပ္ပါဒ်ကိုလည်းပဲ အဲဒီပဋ္ဌာန်းနည်းနဲ့ဟပ်ပြီး နားလည်မှ ပဋိစ္စသမုပ္ပါဒ်ကို

http://www.dhammadownload.com



ပြည့်ပြည့်စုံစုံ ပိုင်ပိုင်နိုင်နိုင် နားလည်တယ်။

ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်ကို အကျယ်ဖွင့်ပြတဲ့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ၂၄-ပစ္စည်းကို ဒီနေရာမှာ ချဲ့ပြီးတော့ဖွင့်ထားတယ်၊ ပဋ္ဌာန်းကို အဝိဇ္ဇာပစ္စယာသင်္ခါရာ အတွက် ပုဒ်ဖွင့်တဲ့အခါမှာ ၂၄-ပစ္စည်း အကျဉ်းရေးပြတယ်၊ ပြီးမှ ကျေးဇူးပြုပုံတွေ ပြောတယ်၊ အဲဒီတော့ ရောဖွင့်တယ်ဆိုပါတော့။

သဂြိုဟ်ကျမ်းကတော့ ကျမ်းကလည်း ကျမ်းငယ်လေ၊ အစသင်တဲ့ သူတွေ အတွက် ရေးတာဆိုတော့ ဒါတွေမထည့်တော့ဘူး၊ ရိုးရိုးလေးပဲသွားတယ်၊ ကိုယ်က တော့ ကြားလိုက်မယ်ပေါ့လေ။

သဂြိုဟ်ကျမ်းအတိုင်း ရိုးရိုးလေးသွားမယ်ဆိုရင် ကောင်းတော့ကောင်းပါ တယ်လေ၊ ဒါပေမယ်လို့ အခုသင်တန်း တက်သူတွေက လူကြီးတွေ ဖြစ်နေတယ်၊ နားလည်ဖို့မှာ ဒီလိုပဋ္ဌာန်းနည်းလေးနဲ့ ဟပ်ပြီး နားလည်ရသကိုးလို့ သိစေချင်လို့၊ အဲသလို သိပြီးတဲ့ နောက်အသေးစိတ် သိချင်ရင် တဖြည်းဖြည်းချင်း လုပ်ကြတာပေါ့။

ကောင်းပြီ၊အဝိဇ္ဇာပစ္စယာသင်္ခါရာစသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ရှိတယ်၊ အဲဒီတော့ အဝိဇ္ဇာကသင်္ခါရကို ဘယ်လို ကျေးဇူးပြုသလဲ၊ အဝိဇ္ဇာဆိုတာ မောဟနော်၊ သင်္ခါရ ဆိုတာကလည်း ပဋိစ္စသမုပ္ပါဒ်မှာ သင်္ခါရအရကောက်တော့ ၃-မျိုးရှိတယ်၊ ပုညာ ဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရ ၃-မျိုးရှိတယ်၊ ဆိုလိုတာ ကတော့ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်ကို ပုညာဘိသင်္ခါရလို့ ခေါ်တယ်။

အကုသိုလ်ကို အပုညာဘိသင်္ခါရ၊ အရူပါဝစရကို အာနေဉ္ဇာဘိသင်္ခါရ၊ အဲဒီတော့ သင်္ခါရဆိုတာ စေတနာကိုကောက်တယ်၊

ကောင်းပြီ အဝိဇ္ဇာသည် သင်္ခါရအား ကျေးဇူးပြုတယ်၊ အဝိဇ္ဇာကို အကြောင်း ပြုပြီး သင်္ခါရဖြစ်တယ်ဆိုတဲ့နေရာမှာ အဝိဇ္ဇာက (သို့မဟုတ်) မောဟက သင်္ခါရဆိုတဲ့ ကံကို ဘယ်လိုသတ္တိနဲ့ ကျေးဇူးပြုသလဲဆိုတော့ စာရွက်ကြည့်လိုက်ပါ။

မြန်မာဘုန်းကြီး ပြန်ထားတဲ့ မြန်မာစာပဲ၊ မြန်မာတွေ နားလည်အောင် ဖတ်ပြမယ်၊ ဒါတောင် မဟာစည်ဆရာတော်ဟာ ရှေးက ပြန်ထားတဲ့ စာအုပ်တွေထက် အများကြီး နားလည်အောင် ပြန်ထားတာ၊ ရှေးကဒီထက်ခက်သေးတယ်၊ စာမျက်နှာ အလယ်လောက်မှာကြည့်လိုက်-

"ထိုဂါထာ၌ ပုညတို့အား ၂-ပါးအပြားအားဖြင့် ဟူသည်ကား" ဒါက ဘာလဲဆိုတော့ အဝိဇ္ဇာက ပုညာဘိသင်္ခါရတို့အား ကျေးဇူးပြုတယ်၊ ၂-ပစ္စည်းဆိုတာ အာရမ္မဏဖြင့်လည်းကောင်း, ဥပနိဿယပစ္စည်းဖြင့်လည်းကောင်း၊ ဤသို့ ၂-ပါး

http://www.dhammadownload.com



အပြားအားဖြင့် ကျေးဇူးပြု၏။

အဲဒီတော့ အဝိဇ္ဇာကသင်္ခါရကို ကျေးဇူးပြုတဲ့အခါမှာ ခွဲရလိမ့်မယ်၊ ပုညာဘိသင်္ခါရကို ကျေးဇူးပြုတာက ဘယ်လို အပုညာဘိသင်္ခါရကို ကျေးဇူးပြုတာက ဘယ်လို အနေဉ္ဇာဘိသင်္ခါရကိုကျေးဇူးပြုတာကဘယ်လို စသည်ဖြင့် တစ်ခုနဲ့ တစ်ခု မတူဘူး။

အခု ပထမဆုံးက အဝိဇ္ဇာ ပုညာဘိသင်္ခါရ၊ အဝိဇ္ဇာက ပုညာဘိသင်္ခါရကို ဘယ်လိုကျေးဇူးပြုသလဲ (ပုညာဘိသင်္ခါရဆိုတာ ကုသိုလ်နော်) အဝိဇ္ဇာဆိုတာ မောဟ၊ ဒါဖြင့် မောဟနဲ့ ကုသိုလ်နဲ့ အတူတကွဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ဘူး၊ ကိုင်း, ကြည့်ရအောင် ချဲ့ပြဦးမယ်။

"အဝိဇ္ဇာသည် အဝိဇ္ဇာကို ကုန်တတ်သောအားဖြင့် ပျက်တတ်သောအားဖြင့် (တ) ကုန်သွားသည် ပျက်သွားသည်ဟု သုံးသပ်သော ကာလ၌ ကာမာဝစရ ပုညာဘိသင်္ခါရတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

အဝိဇ္ဇာက ပုညာဘိ သင်္ခါရကို ကျေးဇူးပြုတဲ့အခါမှာ (ကာမာဝစရ ပုညာဘိသင်္ခါရကို ကျေးဇူးပြုတာကိုပြောတာ) ဘယ်လို အခါမျိုးမှာ အဝိဇ္ဇာက ကာမာဝစရပုညာဘိသင်္ခါရကို ကျေးဇူးပြုသလဲ၊ ကာမာဝစရကုသိုလ်စိတ်ကို ကျေးဇူးပြုသလဲဆိုရင် အဝိဇ္ဇာကို သုံးသပ်သော ကာလတဲ့၊ အဝိဇ္ဇာကို အာရုံပြုပြီးသော (အဝိဇ္ဇာကို reflectလုပ်တာ) ကုန်တတ်သောအားဖြင့်လည်းကောင်း၊ ပျက်တတ်သော အားဖြင့်လည်းကောင်း၊ အဝိဇ္ဇာဆိုတာ ကုန်သွားတတ်တဲ့ တရားပဲ, ပျက်သွားတတ်တဲ့ တရားပဲ, မမြဲတဲ့ သဘောတရားပဲလို့ အဲသလို ရှုတာကို ဆိုလိုတယ်၊ သုံးသပ်တယ် ဆိုတာ ဒီနေရာမှာ ရှုတာကို ဆိုလိုတယ်။ ကမ္မဋ္ဌာန်းရှုသလို ရှုတာ။

အဲသလို အဝိဇ္ဇာဟာ ကုန်တတ်တဲ့ သဘောတရား၊ ပျက်တတ်တဲ့ သဘောတရားပဲလို့ ဒီလိုရှုတဲ့အခါမှာ ရှုတဲ့လူပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကာမာဝစရ ကုသိုလ်စိတ် ဖြစ်တယ်၊ အဲသလို ကုသိုလ်စိတ်မဖြစ်ရင် တရားထိုင်ရတာ အလကား ဖြစ်တော့ မှာပေါ့။

အဲသလို ဖြစ်တဲ့အခါမှာ အဝိဇ္ဇာက အဲဒီကာမာဝစရကုသိုလ်စိတ်နဲ့ အတူဖြစ်တဲ့ သင်္ခါရဆိုတော့ (ကံကိုပေါ့လေ) ကံကို ဘာသတ္တိနဲ့ ကျေးဇူးပြုသလဲဆိုတော့ အရမ္မဏသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အဝိဇ္ဇာက အာရုံ၊ ကုသိုလ်သင်္ခါရက အာရမ္မဏိကလို့ ခေါ်တဲ့အာရုံကို ယူတဲ့တရား။

ဒါကြောင့်မို့ အဝိဇ္ဇာဆိုတဲ့ မောဟက သူ့ကိုရှုတဲ့ ကာမာဝစရ ပုညာဘိသင်္ခါရကို

http://www.dhammadownload.com



အာရမ္မဏာသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတယ်။

တစ်ခါ စေတောပရိယပုဗ္ဗေနိဝါသအနာဂတံသဉာဏ်ဟုဆိုအပ်သော အဘိဉာဏ်တို့နှင့်ယှဉ်သောစိတ်ဖြင့် မိမိ၏လည်းကောင်း၊ သူတပါး၏လည်းကောင်း၊ မောဟနှင့်တကွဖြစ်သော စိတ်ကို သိသောကာလ၌ ရူပါဝစရ (ပုညာဘိသင်္ခါရ)တို့အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဒါလည်းအဝိဇ္ဇာက ကျေးဇူးပြုတာပဲ၊ ဒီကျတော့ ရူပါဝစရ ပုညာဘိသင်္ခါရကို ကျေးဇူးပြုပုံကို ပြောပြတာ။

အဲဒီတော့ ဈာန်စိတ်က ဘယ်လို ကျေးဇူးပြုသလဲ၊ ရူပါဝစရ ပထမဈာန်ဆို ဘယ်ကို အာရုံပြုသလဲ၊ ပညတ်ကိုအာရုံပြုတယ်၊ အဝိဇ္ဇာကို အာရုံမပြုဘူးလေ၊ အဝိဇ္ဇာက ပရမတ္ထတရားပဲ၊ ဒါကြောင့်မို့ အဘိညာဏ်ကိုထုတ်တာ၊ အဘိညာဏ်ဆိုတာ ပဥ္စမဈာန်ရဲ့အထူးကို အဘိညာဏ်ခေါ်တယ်၊ အဲဒီ အဘိညာဏ်ကျတော့ ပညတ်လဲ အာရုံပြုတယ်၊ နာမ်ရုပ်လည်းအာရုံပြုတယ်၊ နောက်ဆုံးတော့ နိဗ္ဗာန်လည်း အာရုံပြုတယ်၊ (အာသဝက္ခယာ အဘိညာဏ်ဆိုရင်) ဒါကြောင့်မို့ အဘိညာဏ်ကိုထုတ်တယ်။

အဲဒီမှာ စေတောပရိယအဘိဉာဏ်ဆိုတာ သူတပါးစိတ်ကိုသိနိုင်တဲ့ အဘိညာဏ် ဖြစ်တယ်၊ အဲဒီဉာဏ်ရထားရင် အဲဒီအဘိညာဏ်ရထားရင် သူတပါး စိတ်ကို သိနိုင်တယ်။

ပုဗ္ဗေနိဝါသဆိုတာ ရှေးဘဝတွေပြန်ပြီးတော့ သိနိုင်တယ်၊ အောက်မေ့နိုင်တဲ့ ဉာဏ်၊ အနာဂတံသဆိုတာ အနာဂတ်ကို မြင်နိုင်တဲ့ဉာဏ်၊ ဒါက ပဥ္စမဈာန်မှာ ရူပါဝစရဈာန် အရူပါဝစရဈာန် အားလုံးရပြီးတဲ့နောက် ရူပါဝစရပဥ္စဈာန်ကို အထူး အားထုတ်ရတယ်၊ ဒါကို ကမ္မဋ္ဌာန်းပိုင်းကျတော့ လာလိမ့်မယ်။

အဲသလို အားထုတ်တဲ့အခါမှာ စေတောပရိယတို့, ပုဗ္ဗေနိဝါသတို့, အနာဂတံသတို့, ဣဒ္ဓိဝိဓတို့ဆိုတဲ့ အဘိညာဏ်တွေ ရလာတယ်၊ အဲသလို ရလာတော့ တကယ်တိုက်ရိုက်မြင်သွားတယ်၊ မှန်းပြီးတော့ မြင်တာမဟုတ်ဘူး။

လူတစ်ယောက် စိတ်ဆိုးနေမယ်ဆိုတာကို သူ့မျက်နှာနီနေတာတို့,မျက်လုံး ကျယ်သွားတာတို့ ကြည့်ပြီးတော့ ဒီလူစိတ်ဆိုးနေပြီလို့ မှန်းပြီးသိတာ၊ အဘိညာဏ်နဲ့ သိတာကျတော့ တိုက်ရိုက်မြင်ပြီးတော့သိတာ။

အဲသလိုသိတဲ့ အခါမျိုးမှာ အဘိညာဏ်နဲ့ယှဉ်သော စိတ်ဖြင့် ကိုယ်စိတ်ကိုပဲ ဖြစ်ဖြစ်၊ သူတပါးစိတ်ကိုပဲဖြစ်ဖြစ်၊ မောဟနှင့်တကွဖြစ်သော စိတ်ကိုသိတဲ့အခါမှာ ကိုယ်ကအခု အဘိညာဏ်ဝင်စားလို့ အဘိညာဏ်ရပြီဆိုပါတော့၊ လွန်ခဲ့တဲ့ အဘိညာဏ် ကို မဝင်စားခင်က အကုသိုလ်စိတ်မျိုး ဖြစ်ချင်လည်းဖြစ်ခဲ့မိ လိမ့်မယ်၊အဲဒီလို

http://www.dhammadownload.com



စိတ်မှာ မောဟနှင့် အတူတကွဖြစ်တဲ့စိတ်လည်းပါတယ်၊ အဲဒီစိတ်ကို ပြန်ကြည့်တဲ့အခါ အတိတ်ကိုလည်းကြည့်လို့ရတယ်၊ အနာဂတ်လည်း ပြန်ကြည့်လို့ရ တယ်၊ အဲသလို မြင်တဲ့အခါ အခု သူတပါးသန္တာန်မှာ လောလောဆယ် မောဟစိတ် ဖြစ်နေတယ်၊ အဲဒီစိတ်ကို ကိုယ်က ရှုတဲ့အခါမျိုးမှာ မောဟက အဝိဇ္ဇာက အဘိညာဏ်အား (အဘိညာဏ်ဆိုတာ ရူပါဝစရ ပုညာဘိသင်္ခါရ) အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အာရုံပြုရတာကိုး။

မောဟနဲ့တကွဖြစ်တဲ့စိတ် (သို့မဟုတ်) မောဟကို အာရုံပြုတယ်၊ အဘိညာဏ်နဲ့ အာရုံပြုတယ်ဆိုတော့ တိုက်ရိုက်သိပြီး အာရုံပြုတယ်၊ အဲသလို အာရုံပြုတဲ့အခါမှာ မောဟက အဘိညာဏ်အား အာရမ္မဏ သတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဒါဟာ ရူပါဝစရ ပုညာဘိသင်္ခါရတို့ ကျေးဇူးပြုတာ၊

"ထိုမှတပါး အဝိဇ္ဇာ၏အပြစ်ကို မြင်ခြင်းကြောင့်"တဲ့၊ အဝိဇ္ဇာဆိုတာ မကောင်းဘူး၊ အမှန်တရားကိုဖုံးကွယ်ထားပြီး အမှားတွေသိအောင် လုပ်ပေးတယ် ပေါ့လေ၊ ဒါကြောင့်မို့ ဒီအဝိဇ္ဇာရှိလို့ သံသရာကြီးမှာ ကျင်လည်နေရတယ်၊ ဒီလိုအဝိဇ္ဇာရဲ့ အပြစ်ကိုမြင်တဲ့အတွက်ကြောင့် "အဝိဇ္ဇာကို လွန်မြောက်ခြင်းအကျိုးငှာ" အဝိဇ္ဇာ ကင်းဖို့ရာပေါ့လေ "ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တသဖြင့် ပေးလှူခြင်း အစရှိသော ကာမာဝစရ ပုညကြိယဝတ္ထုတို့ဖြည့်ကျင့် ဆည်းပူးသူအား လည်းကောင်း၊ ရူပါဝစရ ဈာန်တို့ကို ဖြစ်စေသောသူအားလည်းကောင်း၊ ၂-ပါး လည်း ဖြစ်ကုန်သော ထို(ကာမ, ရူပ) ပုညာဘိသင်္ခါရတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏" ဒါကျတော့ ဥပနိဿယကို သွားပြီး ကျေးဇူးပြုတယ်။

ဒီနေရာမှာ မောဟက ပုညာဘိသင်္ခါရအား ကျေးဇူးပြုတယ်၊ အဲဒီတော့ ပုညာဘိသင်္ခါရကလည်း ကာမာဝစရပုညာဘိ သင်္ခါရ၊ ရူပါဝစရ ပုညာဘိသင်္ခါရလို့ ကွဲတယ်၊ ဘယ်လိုအခါမျိုးမှာတဲ့လဲ၊ အဝိဇ္ဇာရဲ့အပြစ်ကို မြင်ပြီးတော့ အဝိဇ္ဇာကို လွန်မြောက်ခြင်း အကျိုးငှာ ဝဋ်ကင်းရာနိဗ္ဗာန်ကို တောင့်တပြီးတော့ ပေးလှူခြင်း အစရှိသော ကာမာဝစရ ပုညကြိယဝတ္ထုတို့ကို ဖြည့်ကျင့်ဆည်းပူးသောသူအား လည်းကောင်းတဲ့။

အလှူအတန်းလုပ်တယ် ဆိုပါတော့၊ အလှူအတန်း လုပ်တာဟာ တကယ် နားလည်ပြီးတော့ အဝိဇ္ဇာစတဲ့ ကိလေသာကင်းပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကုသိုလ်ကောင်းမှုပြုတယ်၊ အဲသလို ကုသိုလ်ကောင်းမှု ပြုတဲ့အခါမျိုးကျတော့ အဝိဇ္ဇာကို ပယ်ချင်တာ၊ ကိုယ်က အဝိဇ္ဇာကင်းတဲ့ အဖြစ်မျိုးကို

http://www.dhammadownload.com



ရောက်ချင်တာ၊ အဝိဇ္ဇာရဲ့အပြစ်ကိုမြင်ပြီးတော့ အဝိဇ္ဇာကင်းတဲ့ နိဗ္ဗာန်ကို တောင့်တပြီး အလှူအတန်း ပြုလုပ်တယ်၊ သို့မဟုတ် သီလ ဆောက်တည်တယ်။

အဲသလိုပြုတဲ့အခါမှာဖြစ်တဲ့ကုသိုလ်စိတ်ရှိတယ်၊ အဲဒီကုသိုလ်စိတ်ကို အဝိဇ္ဇာက အဲဒီအချိန်ကျတော့ အာရုံအနေနဲ့ ကျေးဇူးပြုတာ မဟုတ်ဘူး၊ သူ့ကို အာရုံပြုတာ မဟုတ်ဘူး။

အလှူအတန်း ပြုတာဆိုရင်လည်း အလှူပစ္စည်း သို့မဟုတ် အလှူခံပုဂ္ဂိုလ်တို့ကို အာရုံပြုလိမ့်မယ်၊ သို့မဟုတ်ရင် အလှူရဲ့အကျိုးကို စိတ်ထဲက သိအောင် လုပ်လိမ့်မယ်၊ အဲဒီအချိန်အခါမျိုးမှာ အဝိဇ္ဇာ(မောဟ)က ကုသိုလ်ကို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုလိမ့်မယ်။

ဥပနိဿယဆိုတာကကျယ်ဝန်းတယ်၊ ပကတူပနိဿယလို့ခေါ်တယ်၊ ပကတူပနိဿယဆိုတာ တခြားပစ္စည်းနဲ့ မရရင် ပကတူပ နိဿယနဲ့ကတော့ ရတာချည်းပဲ များတယ်။

အဲဒီတော့ အာရုံအဖြစ်နဲ့ ကျေးဇူးပြုတာလည်း မဟုတ်ဘူး၊ အတူတကွဖြစ်တဲ့ အနေနဲ့လည်း ကျေးဇူးပြုတာလည်း မဟုတ်ဘူး၊ သို့သော် မောဟကို အမှီပြုပြီး မောဟ ပယ်ချင်လို့ ကုသိုလ်ကောင်းမှု လုပ်တာဆိုတော့ မောဟက ကုသိုလ်ကောင်းမှု ဖြစ်အောင် လုပ်ပေးတဲ့ သဘောရှိတယ်။

ထို့အတူပဲ၊ နိဗ္ဗာန် လိုချင်တယ်ဆိုတာလည်း လောဘတစ်မျိုးပဲ၊ ပုထုဇဉ်အနေနဲ့ နိဗ္ဗာန်လိုချင်တာပဲ၊ အဲဒီနိဗ္ဗာန်လိုချင်တာနဲ့ တရားထိုင် တရားကျင့်တယ်၊ တရားထိုင် တရားကျင့်ရင် ကုသိုလ်စိတ် ပုညာဘိသင်္ခါရတွေဖြစ်တယ်၊ အဲဒီအခါကျတော့ လောဘက (ဒါနဲ့တော့ မဆိုင်ဘူးနော်) ကုသိုလ်ကိုကျေးဇူးပြုတာပြောတာ၊ ဒီမှာတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတော့ လောဘကို ပြောလို့မရဘူး၊ မောဟတစ်ခုထဲကိုပဲ ပြောရတယ်။

ကောင်းပြီ၊ အဲဒါကြောင့်မို့ မောဟကို လွန်မြောက်ခြင်းအကျိုးငှာ မောဟကို ပယ်ဖို့ရာ နိဗ္ဗာန်ကိုတောင့်တပြီးတော့ ဒါနစတဲ့ ကုသိုလ်ကောင်းမှုကိုပြုတယ်၊ ပုညကြိယဝတ္ထု ၁၀-ပါးရှိတယ် မဟုတ်လား၊ "ပုညကြိယဝတ္ထုကို ဖြည့်ကျင့်ဆည်းပူးသောသူအားလည်းကောင်း၊ ရူပါဝစရဈာန်တို့ကိုဖြစ်စေသော သူအားလည်းကောင်း" တဲ့။

သို့မဟုတ် မောဟပယ်ဖို့ရာ ငါတော့ ဈာန်ဝင်စားမယ်၊ ဈာန်ရအောင် အားထုတ်မယ်ဆိုပြီး အဲသလို အားထုတ်လို့ ဈာန်ရရင် အဲဒီဈာန်ကို မောဟက

http://www.dhammadownload.com



(မြန်မာလိုပြောရင်) သွယ်ဝိုက်သောနည်းနဲ့ ကျေးဇူးပြုတယ်၊ ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အာရုံအနေနဲ့ ကျေးဇူးပြုတာလည်း မဟုတ်ဘူး၊ ဖြစ်စေသောအားဖြင့် ကျေးဇူးပြုတာလည်းမဟုတ်ဘူး၊ အတူတကွဖြစ်တဲ့ အနေနဲ့ကျေးဇူးပြုတာလည်း မဟုတ်ဘူး၊ တခြားစီပဲ၊ သို့သော် ပကတူပနိဿယ သတ္တိနဲ့ ကျေးဇူးပြုတယ်။

"ကာမရူပ ပုညာဘိသင်္ခါရတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ထိုအတူပင် ဘဝ၏အပြစ်ကို ဖုံးကွယ်တတ်သောအဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေသောကြောင့်"တဲ့။

အဝိဇ္ဇာရှိလို့ သတ္တဝါတွေမှာ ဘဝအပြစ်ကို (အမှန်က) တကယ်မမြင်ဘူး၊ သာမညမြင်တယ်ဆိုပေမယ်လို့ အဝိဇ္ဇာက ဖုံးဖုံးထားတာ။

အဲသလို ဘဝအပြစ်ကို တကယ်မမြင်တဲ့အတွက်ကြောင့် "ကာမဘဝ စည်းစိမ်ချမ်းသာ ရူပဘဝစည်းစိမ်ချမ်းသာတို့ကို တောင့်တ၍"တဲ့။

လူ့ပြည်နတ်ပြည်ဖြစ်ချင်တယ်၊ ဗြဟ္မာပြည်ဖြစ်ချင်တယ် တောင့်တတာပဲ၊ တောင့်တပြီးတော့ "ထိုပုညာဘိသင်္ခါရ ၂-မျိုးတို့ကိုပင်လျှင် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

အဲဒီတော့ အဝိဇ္ဇာဖုံးလွှမ်းထားတဲ့အတွက်ကြောင့် သတ္တဝါတွေဟာ ကုသိုလ်ကောင်းမှုပြုဖြစ်ကြတယ်၊ အဝိဇ္ဇာရှိနေတဲ့အတွက်ကြောင့် ပြင်းစွာတွေဝေတဲ့အခါ အဝိဇ္ဇာလွှမ်းမိုးခံရလို့ ကာမဘဝ စည်းစိမ်ချမ်းသာလိုချင်တယ်၊ ရူပဘဝ စည်းစိမ်ချမ်းသာ လိုချင်တယ်၊ လိုချင်တော့ ကာမာဝစရကုသိုလ်ပြုတယ်၊ ဈာန်ရအောင် အားထုတ်တယ်၊ ရူပါဝစရ ကုသိုလ်ဖြစ်တယ်ဆိုရင်လည်းပဲ အဝိဇ္ဇာက ကာမာဝစရ ပုညာဘိသင်္ခါရ၊ ရူပါဝစရ ပုညာဘိသင်္ခါရတို့ကို ဥပနိဿယ သတ္တိနဲ့ကျေးဇူးပြုပြန်တယ်၊ ကာမာဝစရ မကျယ်ဝန်းဘူးလား၊ ဒါဟာ အဝိဇ္ဇာ ပစ္စယာသင်္ခါရာပဲ ရှိသေးတယ်၊ သင်္ခါရာပစ္စယာ ဝိညာဏံဆိုရင် ဒီထက်အများကြီး ကျယ်ဝန်းတယ်၊ အဲဒါတော့ ပြောလို့ မဖြစ်ဘူး။

ဒါဟာ မပြီးသေးဘူး၊ ပုညာဘိသင်္ခါရပဲရှိသေးတယ်၊ ဆက်ဖတ်စမ်း။

"တစ်ပါးကုန်သော အဘိသင်္ခါရတို့အားမူကား များသောအပြားအားဖြင့်" အဲဒါကျတော့ ခုနဂါထာမှာကို အကျဉ်းချုပ်ရေးတဲ့ နေရာမှာကျတော့ (များသောအပြားအားဖြင့်) အများကြီးလို့သာ ပြောသွားတယ်၊ အခုဒီမှာ ကျတော့ အကျယ် ပြောပြလိမ့်မယ်။

"အပုညာဘိသင်္ခါရတို့အား များသောအပြားဖြင့် ကျေးဇူးပြု၏" အပုညာဘိ

http://www.dhammadownload.com



သင်္ခါရဆိုတာ ဘာကိုပြောတာလဲဆိုရင် အကုသိုလ်ကို ပြောတာပေါ့၊ အကုသိုလ်နှင့် တကွဖြစ်တဲ့ စေတနာကို အပုညာဘိသင်္ခါရခေါ်တယ်။

ခုနတုန်းကမောဟက ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်ကို ကျေးဇူးပြုတာ၊ အခုမောဟက အကုသိုလ်ကို ကျေးဇူးပြုမယ်။

မောဟက အကုသိုလ်ကို ကျေးဇူးပြုတဲ့အခါကျတော့ ကုသိုလ်ကို ကျေးဇူးပြုတာနဲ့ မတူပေဘူး၊ အကြမ်းဖျင်း စဉ်းစားကြည့်လိုက်စမ်း ပစ္စယသတ္တိထဲမှာ ဘာတွေပါလာမယ် ထင်သလဲ၊ မောဟနဲ့ အကုသိုလ်ကို စဉ်းစားကြည့်လိုက်စမ်း၊ ကုသိုလ်တုန်းကပြောသလို အာရမ္မဏမရပေဘူးလား၊ ရမှာပဲ၊ ဥပနိဿယ မရပေဘူးလား၊ ရမှာပဲ၊ နောက်ပြီးတော့ ဘာရနိုင်သေးလဲ။

မောဟနဲ့ အကုသိုလ်စိတ်နဲ့က အတူတူမဖြစ်ပေဘူးလား၊ဖြစ်တယ်၊ အတူတူဖြစ်ရင် ဘာတွေရဦးမလဲ၊ သဟဇာတတွေ ဘာတွေမရပေဘူးလား၊ ရမယ်၊ ဟုတ်ပြီလား။

ပြီးတော့ ဝီထိမှာ ကြည့်လိုက်စမ်း၊ ဇော ၇-ချက်ရှိတယ်၊ အကုသိုလ်ဇောတွေ ဆိုပါတော့, အဲဒီအကုသိုလ်ဇောနဲ့ အတူတကွမောဟမပါပေဘူးလား ပါတယ်၊ အဲဒီတော့ ရှေ့နဲ့ယှဉ်တဲ့ မောဟက နောက်စိတ်ကို ဘာနဲ့ကျေးဇူးပြုမလဲ အနန္တရတို့ ဘာတို့နဲ့ ကျေးဇူးပြုမယ်၊ ဒါတွေလာလိမ့်မယ်၊ ကြည့်ကြရအောင်။

"အဘယ်သို့နည်းဟူမူ အဝိဇ္ဇာသည် အဝိဇ္ဇာကို အာရုံပြု၍ ရာဂစသည်ဖြစ်သော ကာလ၌ အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏" အဝိဇ္ဇာကို အာရုံပြုပြီး ရာဂဖြစ်နိုင်တယ်၊ အဝိဇ္ဇာကို နှစ်သက်သွားနိုင်တယ်၊ အဲသလို ဖြစ်တဲ့အခါမှာ အဝိဇ္ဇာ (မောဟ)က လောဘနဲ့အတူတကွဖြစ်တဲ့ သင်္ခါရကို အာရမ္မဏနဲ့ ကျေးဇူးပြုတယ်၊ ဒါကတော့ အာရုံပြုတာကိုး။

"အလေးအမြတ် ပြု၍ သာယာသောကာလ၌" အလေးအမြတ် ပြုတယ်ဆိုတာ အမှန်ကတော့ intensively အာရုံပြုတာကို ဆိုလိုတာ၊ ရိုရိုသေသေရယ်လို့ ဆိုလိုတာ မဟုတ်ဘူး၊ ဒီနေရာမှာ အလေးအမြတ်ဆိုတာ ပြင်းပြင်းပြပြ အာရုံပြုတာပေါ့၊ သာမညအာရုံပြုတာမျိုး မဟုတ်ဘူး၊ အကုသိုလ် အကုသိုလ်ချင်း အဲသလို လုပ်လို့ရတယ်။

ဒါကြောင့်မို့ "အလေးအမြတ်ပြု၍ သာယာသော ကာလ၌ အာရမ္မဏာဓိပတိ ပစ္စည်း, အာရမ္မဏူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏"

အဓိပတိပစ္စည်းမှာ အာရမ္မဏာဓိပတိ သဟဇာတာဓိပတိလို့ အဓိပတိ ၂

http://www.dhammadownload.com



မျိုးရှိတယ်၊ ဥပနိဿယမှာလည်း အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ,လို့ ၃–မျိုးရှိတယ်၊ အဲဒီဟာတွေကိုပြောတာ။

အဲဒီတော့ အလေးအမြတ်ပြုပြီးတော့ အဝိဇ္ဇာကို သာယာတဲ့အခါမျိုးမှာ အဲဒီအဝိဇ္ဇာက လောဘနဲ့တကွဖြစ်တဲ့ အကုသိုလ်သင်္ခါရအား အာရမ္မဏာဓိပတိပစ္စည်း၊ အာရမ္မဏူပ နိဿယပစ္စည်းတို့နဲ့ ကျေးဇူးပြုတယ်။

"အဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေလျက် အပြစ်မမြင်သည်ဖြစ်၍ ပါဏာတိပါတ သူ့အသက်ကိုသတ်ခြင်း စသည်တို့ကို ပြုသောသူအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏"

အဝိဇ္ဇာဖုံးလွှမ်းထားတဲ့အတွက်ကြောင့်မို့ အပြစ်မမြင်နိုင်ဘူးဆိုပါတော့၊ ဒီနိုင်ငံ (အမေရိကန်)မှာ သူတို့အဖို့ သတ္တဝါသတ်တာလောက်များ ဘာမှမဖြစ်လောက်ဘူးပေါ့၊ ကြောက်စရာပဲ၊ စားသောက်ဆိုင်တွေကြော်ငြာတာကို တီဗွီမှာတွေ့ရတယ်၊ စားသောက်ဆိုင်ကြော်ငြာတဲ့အခါ ဖားအရှင်တွေ ဘာတွေနဲ့ ပါဏာတိပါတလုပ်နေတာ အပြစ်မမြင်လို့ပေါ့၊ အဝိဇ္ဇာနဲ့ တွေဝေပြီးတော့လေ အဲသလို အဝိဇ္ဇာက ပါဏာတိပါတကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုတယ်။

ပါဏာတိပါတ သူ့အသက်ကို သတ်တယ်ဆိုတော့ ဘာ အကုသိုလ်စိတ်လဲ၊ ဒေါသမူစိတ်ပေါ့၊ ဒါဖြင့် မောဟက ဒေါသမူစိတ်မှာ ယှဉ်တဲ့စေတနာကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုတယ်။

"ဒုတိယဇော စသည်တို့အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန နတ္ထိ ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏" ဒါကတော့ ဘယ်အကုသိုလ်ဇောပဲဖြစ်ဖြစ်ပေါ့၊ လောဘဇောပဲဖြစ်ဖြစ်, ဒေါသဇောပဲဖြစ်ဖြစ်, မောဟဇောပဲဖြစ်ဖြစ် ဇောစောတဲ့အခါ ဇော ၇–ချက်ရှိတယ်၊ ရှိတဲ့အနက်က ပထမဇောက ဒုတိယဇောကို ဒုတိယဇောက တတိယဇောကို ကျေးဇူးပြုမှာ။

ကျေးဇူးပြုတဲ့အခါကျတော့ (ဒီမှာဆိုရင်တော့) ပထမဇောမှာရှိတဲ့ မောဟက ဒုတိယဇောနဲ့အတူတကွဖြစ်တဲ့ အကုသိုလ်သင်္ခါရကို ဘယ်ပစ္စည်းတွေနဲ့ ကျေးဇူးပြုမလဲ ဆိုရင် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတပစ္စည်းတွေနဲ့ ကျေးဇူးပြုတယ်။

အသေဝနရတာကတော့ ဇာတ်တူလို့ အကုသိုလ်ချင်းတူလို့ ဇောမှာဆိုရင် အသေဝနရတာချည်းပဲ၊ အသေဝန, နတ္ထိ, ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ထို့အတူပဲ ဒုတိယဇောမှာရှိတဲ့ အဝိဇ္ဇာက တတိယဇောမှာရှိတဲ့ အကုသိုလ်

http://www.dhammadownload.com



သင်္ခါရအား ဒီအတိုင်းပဲသွားမယ်၊ ဆဋ္ဌမဇောမှာရှိတဲ့ အဝိဇ္ဇာက သတ္တမဇောနဲ့ အတူတကွဖြစ်ဖြစ်တဲ့ သင်္ခါရအား ဒီအတိုင်းပဲ ကျေးဇူးပြုမယ်။

အဲဒီနောက်ကျတော့ အကုသိုလ်မဟုတ်တော့ဘူး၊ ဇောပြီးတဲ့နောက် တဒါရုံတို့ ဘဝင်တို့ကျတော့ အကုသိုလ်မဟုတ်တော့ပြောလို့ မဖြစ်ဘူး၊ ဒါဖြင့်ရင် ဇော ၇–ချက်မှာ ပဌမဇောက ဒုတိယဇောကို ဒုတိယဇောက တတိယဇောကို စသည်ဖြင့် အနန္တရ, သမနန္တရ, အနန္တရူပနိဿယ အာသေဝန နတ္ထိ ဝိဂတပစ္စည်းတွေနဲ့ ကျေးဇူးပြုတယ်။

"အမှတ်မရှိ တစ်စုံတစ်ခုသော အကုသိုလ်ကို ပြုသောသူအား"တဲ့ ဘယ်ဟာရယ်လို့ မဆိုလိုဘူး၊ တစ်ခုခုပဲပေါ့လေ, ဟေတု, သဟဇာတ, အညမည, နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏"

အကုသိုလ်စိတ် တစ်ခုဖြစ်တယ်ဆိုပါတော့၊ ပဌမအကုသိုလ်စိတ်ဖြစ်တယ်၊ အဲဒီမှာ မောဟပါတယ်၊ မောဟက အဲဒီစိတ်နဲ့ အတူတကွဖြစ်တဲ့သင်္ခါရ (စေတနာ) အား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း တွေနဲ့ ကျေးဇူးပြုတယ်၊ နားလည်တယ်နော်။

အတူတကွဖြစ်လာရင် သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ အဲဒါကတော့ ရကိုရမှာ သေချာတယ်၊ သမ္ပယုတ္တကတော့ နာမ်နာမ်ချင်းဆိုရင် ရမယ်၊ နာမ်နဲ့ရုပ်ဆိုရင်တော့ သမ္ပယုတ္တမရဘူး၊ ဒီတော့ ဟေတုအဓိပတိ စသည် ထဲကလည်း ဖြစ်သင့်တာပေါ့၊ ရသွားမယ်။

ဒီမှာကတော့ အဝိဇ္ဇာဆိုတော့ ဟိတ် ၆–ပါးထဲပါနေတာဖြစ်တဲ့အတွက်ကြောင့် မို့ ဟေတုသဟဇာတ အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ အဝိဂတပစ္စည်းတို့နဲ့ ကျေးဇူးပြုတယ်တဲ့။–

"ဤသို့ များသောအပြားဖြင့် ကျေးဇူးပြု၏" အခုလို အဝိဇ္ဇာက အကုသိုလ် သင်္ခါရအား ဒီနည်း ဒီပုံ ကျေးဇူးပြုတယ်။

"နောက်ဆုံးဖြစ်ကုန်သော အဘိသင်္ခါရတို့အား" ဒါက အာနေဉ္ဇာဘိသင်္ခါရ ဆိုတဲ့ အရူပါဝစရကုသိုလ်နဲ့ အတူဖြစ်တဲ့ စေတနာ သင်္ခါရအား အဝိဇ္ဇာကတစ်မျိုး တည်းဖြင့်ကျေးဇူးပြုတယ်၊ ဘာလဲဆိုတော့ ဥပနိဿယပစ္စည်းဖြင့်သာလျှင် တစ်ပါး တည်းသောအပြားဖြင့် ကျေးဇူးပြု၏ဟုသိအပ်၏။ ဤအဝိဇ္ဇာ၏ ထို ဥပနိဿယ အဖြစ်ကိုမူ ပုညာဘိသင်္ခါရ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်ပေ၏"

အဝိဇ္ဇာက လွတ်မြောက်ချင်လို့ ဈာန်အား ထုတ်တယ်၊ ဈာန်အားထုတ်တော့

http://www.dhammadownload.com



အရူပဈာန်ရရော၊ အဲဒီတော့ အဝိဇ္ဇာက အရူပဈာန်ကို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်။

သို့မဟုတ် အရူပါဝစရဘုံဖြစ်ချင်လား၊ အရူပဝစရဘုံ ဖြစ်ချင်တာကလည်း အဝိဇ္ဇာဖုံးလွှမ်းထားလို့ အဲဒီဘုံဘဝတွယ်တာတာ၊ အရူပါဝစရဘုံဖြစ်ချင်လို့ ဈာန်အားထုတ်တော့ အရူပါဝစရဈာန်ရတယ်၊ အဲဒါဟာ အဝိဇ္ဇာက အရူပါဝစရကုသိုလ်သင်္ခါရအား ဥပနိဿယ သတ္တိတစ်ခုထဲနဲ့ ကျေးဇူးပြုတယ်။

အရူပါဝစရဈာန်ဖြစ်သွားတဲ့အခါကျတော့ အဲဒီဈာန်က အဝိဇ္ဇာကို အာရုံပြုတာမှ မဟုတ်ပဲကိုး၊ အဲဒီလို အဝိဇ္ဇာက သင်္ခါရကို ကျေးဇူးပြုတာကို ပဋ္ဌာန်းနည်းနဲ့ယှဉ်ပြီး နားလည်မှသာ တကယ်ပြည့်ပြည့်ဝဝ နားလည်တယ်လို့ ဆိုရတယ်။

အခုပဋ္ဌာန်းနည်းနဲ့ ရှင်းပြတာကို ကြည့်လိုက်ရင် အဝိဇ္ဇာကို အကြောင်းပြုပြီး သင်္ခါရဖြစ်တယ်ဆိုရာမှာ တစ်ခါတလေ အတူတကွဖြစ်တာကိုဆိုလိုတယ်၊ တစ်ခါတလေ အတူတကွဖြစ်တာကို မဆိုလိုဘူး၊ အဝိဇ္ဇာက တစ်ချိန်မှာဖြစ်တယ်၊ သင်္ခါရက တစ်ချိန်မှာ ဖြစ်တယ်၊ အဲသလို အကြောင်း အကျိုးဖြစ်ပုံက အမျိုးမျိုးရတယ်။

ဒီဟာတွေ နားမလည်ပဲ တစ်ခါထဲ ပုံသေကားကျကြီး ယူထားရင် လွဲကုန်တယ်၊ အဝိဇ္ဇာက အရင်ဖြစ်ရမယ်၊ သင်္ခါရက နောက်မှ ဖြစ်ရမယ်၊ သင်္ခါရက အရင်ဖြစ်ရမယ်၊ ဝိညာဏ်က နောက်မှ ဖြစ်ရမယ်စသည်ဖြင့် ယူသွားရင် တချို့နေရာတွေတော့ ဟုတ်မယ်၊ သို့သော် များသောအားဖြင့်က မဟုတ်ဘူး။

အခုလို ပဋ္ဌာန်းနည်းနဲ့ယှဉ်ပြီး နားလည်တဲ့အခါကျတော့မှ သြော်-အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာဟာ အဝိဇ္ဇာက သင်္ခါရကို ကျေးဇူးပြုရာမှာ တစ်ခါတလေ အတူတူပြုပြီးတော့ ကျေးဇူးပြုတယ်၊ တစ်ခါတလေ အတူတူမဟုတ်ဘူး၊ အတူတူမဟုတ်တဲ့အခါလည်း အာရုံပြုခံရတဲ့ အနေနဲ့ အဝိဇ္ဇာက ကျေးဇူးပြုတယ်၊ တစ်ခါတလေ သူ့ကို အာရုံပြုတာ မဟုတ်ဘူး၊ ဒါပေမယ်လို့ သူ့ရဲ့ influence အရ သင်္ခါရဖြစ်တာပဲလို့ အဲသလို ကွင်းဆက်ကို ကောင်းကောင်းနားလည်တယ်။

ဒီပဋ္ဌာန်းပစ္စည်းနဲ့ မကိုင်ရင် ဒီကွင်းဆက် မသိဘူး၊ ဒီကွင်းဆက်မသိရင် အမြဲတမ်း တစ်ခုက တစ်ခုကို ဖြစ်စေတယ်၊ တစ်ခုက တစ်ခုကို ဖြစ်နေတယ်ချည်း ထင်နေမယ်၊ တစ်ခုပြီးမှ တစ်ခုဖြစ်တယ်ချည်း ထင်နေကြတယ်၊ ဒီလိုမရဘူး။

အဲသလိုဆို သိပ်ရှင်းတာပေါ့၊ မှတ်လို့သိပ်လွယ်တာပေါ့၊ ဒါပေမယ့် တရား သဘောက အဲသလိုလုပ်လို့ မရဘူး၊ ဒါဟာ တစ်ခုထဲကို ပြောပြတာနော်၊ သင်္ခါရက ဝိညာဏ်၊ ဝိညာဏ်က နာမ်ရုပ်မှာလည်း ဝိသုဒ္ဓိမဂ်မှာတော့ အကျယ်ကြီးပဲ။

http://www.dhammadownload.com



သင်္ခါရ ဝိညာဏ်ဖြစ်စေတာကို သိချင်တယ်ဆိုရင် ဘယ်ကို ပြန်ရမလဲ ဆိုတော့ ဘုံပိုင်းပြန်ရဦးမှာ၊ ကုသိုလ်ကံ အကုသိုလ်ကံတွေက အကျိုးပေးတာ ရှိပါရောလား၊ ဘယ်ဘုံမှာ ဘယ်ဝိပါက်စိတ်ဖြစ်တယ်ဆိုတာတွေ ရှိတယ်၊ အဲဒါတွေကို နားလည်ပြီးမှ သူက သူ့ကို ကျေးဇူးပြုတဲ့အခါမှာ များသောအားဖြင့် အဲဒီဟာက နာနာက္ခဏိကကမ္မ ပါပဲ၊ ဘာလို့လဲဆိုတော့ သင်္ခါရနဲ့ ဝိညာဏ်ဆိုတော့ တခြားစီဖြစ်သွားတာ၊ နာနာက္ခဏိက ကမ္မများတယ်၊ သို့သော် သူက အသေးစိပ်သွားတယ်၊ ထားပါတော့၊ အဲဒီလို သွားကြမယ်တဲ့။

ကိုင်း, အကုန်မသွားနိုင်ပေမယ်လို့ ပစ္စည်းလေးတော့ သိအောင်လုပ်ရမယ်။

သင်္ခါရဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါမှာ ဘယ်နှစ်ပစ္စည်းနဲ့ ကျေးဇူးပြုသလဲ၊ နာနာက္ခဏိက ကမ္မရယ်၊ ဥပနိဿယရယ်၊ ဒီ ၂-မျိုးနဲ့ ကျေးဇူးပြုတယ်၊ ဥပနိဿယဆိုတာလည်း နာနာက္ခဏိက ကမ္မနဲ့ဆိုင်တဲ့ဥပနိဿယပေါ့၊ဒီကျတော့သင်္ခါရနဲ့ ဝိညာဏ်ဟာ အတူတကွဖြစ်သေးလား၊ အတူတကွဖြစ်ပြီး ကျေးဇူးပြုတာ ရှိသေးလား၊ နာနာက္ခဏိက ကမ္မဆိုတာ နာနာခဏတဲ့၊ ခဏမတူဘူးဆိုကတည်းက အတူတကွ ဘယ်ဖြစ်တော့မလဲ၊ ဥပနိဿယဆိုတာလည်း အတူတကွဖြစ်တာ မဟုတ်ဘူး။

ဒါကြောင့်မို့ သင်္ခါရက ဝိညာဏ်ကို ဖြစ်စေတယ်ဆိုတဲ့ အခါကျတော့ သင်္ခါရကဝိညာဏ်ကို တကယ့်ကိုဖြစ်စေတာ၊ ပြီးတော့ သူတို့ဟာကလည်း မတူဘူး၊ သင်္ခါရက အတိတ်ဘဝမှာဖြစ်ခဲ့တာ၊ ဝိညာဏ်က ဒီဘဝ ပဋိသန္ဓေဝိညာဏ်, ဝိပါက် ဝိညာဏ်ဖြစ်တယ်။

ဒါကြောင့်မို့ ဒီဘဝပြုတဲ့သင်္ခါရက အနာဂတ်ဘဝမှာ ဝိပါက်ဝိညာဏ်တွေကို ဖြစ်စေလိမ့်မယ်၊ အဲသလိုဖြစ်စေတဲ့အခါမှာ နာနာက္ခဏိက ကမ္မသတ္တိ ဥပနိဿယ သတ္တိ၊ ဒီသတ္တိတွေနဲ့ ကျေးဇူးပြုလိမ့်မယ်။

ဝိညာဏ်က နာမ်ရုပ်ကို ကျေးဇူးပြုတဲ့ အခါကျတော့ ဘာတွေပါလာသလဲ၊ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အာဟာရ, ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ၊ ဒါဖြင့် ဖြစ်စေတဲ့ဟာမျိုး ပါသေးလား၊ productive ဖြစ်တာမျိုး ပါသေးလား, မပါဘူး၊ သဟဇာတလို့ ပြောထားကတည်းက ဒီမှာ ဝိညာဏ်နဲ့နာမ်ရုပ်ဟာ အတူတကွဖြစ်ပြီးတော့ ကျေးဇူးပြုကြတာပဲဆိုတာ မသိရပေဘူးလား။

ဒါကြောင့်မို့ ဝိညာဏ်ကနာမ်ရုပ်ကို ထုတ်လုပ်လိုက်တာ မဟုတ်ဘူး၊ ဝိညာဏ်နဲ့နာမ်ရုပ် အတူတကွဖြစ်ပြီးတော့ သူက နာမ်ရုပ်ကို သဟဇာတသတ္တိ အညမညသတ္တိ, နိဿယ, သမ္ပယုတ္တ, ဝိပါက, အာဟာရ, ဣန္ဒြိယ, အတ္ထိ,

http://www.dhammadownload.com



အဝိဂတ သတ္တိတွေနဲ့ ကျေးဇူးပြုတာ။

ဒါတွေသိထားရင် ဝိညာဏ်က နာမ်ရုပ်ကို ကျေးဇူးပြုတာဟာ သို့မဟုတ် ဝိညာဏ်နဲ့ နာမ်ရုပ်ဟာ အတူတကွဖြစ်ပြီးတော့ ကျေးဇူးပြုတာလို့ သိသွားတယ်။

နာမ်ရုပ်ကြောင့် သဠာယတနံဖြစ်တယ်၊ နာမရူပံ ပစ္စယာ သဠာယတနာ၊ ဘာပစ္စည်းတွေပေးထားတုန်း၊ သဟဇာတ၊ အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ, ဟေတု, အာဟာရ ပစ္ဆာဇာတ, ဝိပ္ပယုတ္တ ဣန္ဒြိယ။

အဲဒါကျတော့ သဟဇာတ အညမည၊ နိဿယ စသည်က အတူတကွ ဖြစ်တယ်ဆိုတာ မထင်ရှားဘူးလား၊ ဟေတုလည်း အတူတကွဖြစ်တာပဲ၊ အာဟာရ လည်း အတူတကွဖြစ်တာပဲ။

ပစ္ဆာဇာတကျတော့ကော သူက နောက်မှဖြစ်လိမ့်မယ်၊ နောက်မှဖြစ်ပြီးတော့ ရှေ့ရှိနှင့်တာကို ကျေးဇူးပြုတာ၊ အဲဒါကို ပစ္ဆာဇာတခေါ်တယ် မဟုတ်လား။

သဠာယတနဆိုဟာ ဘာတွေလဲ၊ သိကြလား၊ အာယာတန ၆–ပါးရှိတယ်၊ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန၊ မနာယတန၊ အဲဒီမှာ စက္ခုပသာဒ သောတပသာဒ စသည်ပါတယ်၊ ဒါကြောင့်မို့ နာမ်ရုပ်က သဠာယတနကို ကျေးဇူးပြုတယ်ဆိုတော့ ရှိနှင့်ပြီးကို သူက ဖြစ်လာတဲ့အခါ ကျေးဇူးပြုတာဆိုတော့ ပစ္ဆာဇာတဖြစ်တာပေါ့။

ဒါလည်းဖြစ်စေတဲ့ အနေနဲ့ မဟုတ်ဘူး၊ မှီရာသဘောမျိုးနဲ့ ကျေးဇူးပြုတာ။

ဝိပယုတ္တတဲ့, နာမ်နဲ့ရုပ်ဆိုရင် ဝိပယုတ္တကရသွားပြီ၊ ဣန္ဒြိယကတော့ ပုရေ ဇာတ ဣန္ဒြိယတို့ရှိတယ်။

သဠာယတနက ဖဿကိုကျေးဇူးပြုတယ်တဲ့၊ သဠာယတနကြောင့် ဖဿ ဖြစ်တယ်၊ အာယာတန ၆–ပါးကြောင့် ဖဿဖြစ်တယ်၊ နိဿယသတ္တိနဲ့ ကျေးဇူး ပြုတယ်၊ ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, တစ်ခါ သဟဇာတ, အညမည, နိဿယဝိပါက, အာဟာရ,ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။

ဒါဖြင့်ရင် အတူတကွဖြစ်ပြီးတော့လည်း ကျေးဇူးပြုတယ်၊ အတူတကွ မဟုတ်ပဲနဲ့လည်း ကျေးဇူးပြုတယ်။

ဖဿပစ္စယာဝေဒနာ၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်တဲ့၊ သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဒါတွေက အတူဖြစ်တာ၊ ဥပနိဿယကျတော့ အတူမဟုတ်ဘူး၊ ဖဿက အရင်ဖြစ်မယ်၊ ဝေဒနာက နောက်မှဖြစ်မယ်ပေါ့။

http://www.dhammadownload.com



ဝေဒနာ ပစ္စယာတဏှာ၊ ဒီမှာတော့ ဥပနိဿယ တစ်ခုထဲပဲ၊ ဘာကြောင့်လဲ ဆိုတော့ ဝေဒနာအကြောင်းပြုပြီးတော့ တဏှာဖြစ်မှာကိုး၊ သုခဝေဒနာရှိတယ်ဆိုပါ တော့၊ သုခဝေဒနာနဲ့တွေ့ရင် သူ့ကိုတပ်မက်တဲ့လောဘ၊ တွယ်တာမှု တဏှာဖြစ်နိုင် တယ်၊ ဒုက္ခဝေဒနာနဲ့တွေ့ပြန်တော့လည်း ဆင်းရဲတဲ့ သုခဝေဒနာကို တောင့်တ ပြန်တယ်။

အဲဒါကြောင့်မို့ ဒုက္ခကြောင့်လည်းတဏှာဖြစ်တယ်ပြောတာ၊ ဥပေက္ခာကျတော့ ငြိမ်သက်အေးချမ်းတော့ ကြိုက်နေပြန်ရော၊ ဒါကြောင့်မို့ ဝေဒနာပစ္စယာတဏှာမှာတော့ ဥပနိဿယတစ်မျိုးပဲရတယ်။

တဏှာပစ္စယာဥပါဒါန်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်တဲ့၊ ဥပါဒါန် ၄- ပါးရှိတယ်၊ တရားကိုယ်အားဖြင့် ၂-ပါး၊ လောဘနဲ့ ဒိဋ္ဌိ။

အဲဒီတော့ တဏှာကလောဘပဲ၊ အားသေးတဲ့လောဘ, ဥပါဒါန်က အားကြီးတဲ့ လောဘ၊ ဒါကြောင့်မို့ ဥပနိဿယသသတ္တိနဲ့ ကျေးဇူးပြုတယ်။

ပြီးတော့ အတူတကွဖြစ်ပြီးတော့လည်း ကျေးဇူးပြုတယ်တဲ့၊ ဒါကြောင့်မို့ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ ,အတ္ထိ အဝိဂတ။

ဒီတဏှာကို အကြောင်းပြုပြီးတော့ ဥပါဒါန် ဖြစ်တယ်၊ ဖြစ်တဲ့အခါမှာ ဥပနိဿယ သတ္တိနဲ့ ကျေးဇူးပြုတယ်၊ အတူတကွဖြစ်ပြီးတော့လည်း ကျေးဇူးပြုတယ်။

ဥပါဒါနပစ္စယာဘဝေါ၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝအရ, ကမ္မဘဝ, ဥပပတ္တိဘဝလို့ ၂-မျိုးရှိတယ် မဟုတ်လား၊ ဒီနေရာမှာ ကမ္မဘဝကို ယူတာပေါ့၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဒါကတော့ ထင်ရှားတယ်၊ ပြီးတော့သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဟေတု၊ ဥပါဒါန်ဆိုတော့ လောဘ (တဏှာ) မဟုတ်လား၊ အဲဒီတော့ ဟေတုနဲ့လည်း ကျေးဇူးပြုတယ်။

ဒါဖြင့် အတူတကွဖြစ်ပြီးတော့ ကျေးဇူးပြုတာပေါ့၊ ဥပနိဿယကျတော့ အတူတကွမဖြစ်ပဲ ကျေးဇူးပြုတယ်၊ ၂-မျိုးလုံးရတယ်။

ဘဝပစ္စယာဇာတိ၊ ဒီမှာလည်း ဘဝအရကမ္မဘဝကိုယူ၊ အဲဒါကျတော့ ကမ္မသတ္တိ (နာနာက္ခဏိက ကမ္မ) ခုနသခ်ါရပစ္စယာ ဝိညာဏ်နဲ့ ဘာမှ မထူးဘူး၊ ဘဝပစ္စယာ ဇာတိမှာ နာနာက္ခဏိက ကမ္မသတ္တိ, ဥပနိဿိယ သတ္တိတို့နဲ့ ကျေးဇူး ပြုတယ်။

ဇာတိပစ္စယာ ဇရာ မရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ

http://www.dhammadownload.com



သမ္ပဝတ္တိ, ဒါကတော့ ဥပနိဿယ သတ္တိနဲ့ပဲ ကျေးဇူးပြုတယ်။

ဇာတိရှိလို့ (ဖြစ်ခြင်းရှိလို့) ရင့်ခြင်း ပျက်ခြင်းရှိတယ်၊ သေခြင်းရှိတယ်၊ သောကပရိဒေဝ စသည်ဖြစ်နိုင်ခွင့်ရှိတယ်၊ အဲဒါကျတော့ တခြားပစ္စည်းနဲ့ကျေးဇူးပြုလို့ မဖြစ်ဘူး၊ ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်။

အဲဒီလို ပဋိစ္စသမုပ္ပါဒ် (အင်္ဂါလို့ခေါ်တာပေါ့) ကွင်းဆက်တွေမှာ ဘယ်လိုသတ္တိမျိုးနဲ့ ကျေးဇူးပြုတယ်၊ ပဋ္ဌာန်းနည်းနဲ့ ဘယ်လိုကျေးဇူးပြုတယ် ဆိုတာကိုမြင်မှ တကယ်သူတို့ရဲ့ ဆက်သွယ်မှုကို နားလည်တယ်၊ သို့မဟုတ်ရင် နားမလည်ဘူး။

အဲသလို ပဋ္ဌာန်းနည်းနဲ့ ပဋိစ္စသမုပ္ပါဒ်ကို ယှဉ်စပ်ပြီးရေးတဲ့ကျမ်းစာကလည်း အလွန်နည်းတယ်၊ မြန်မာလိုရေးတဲ့ကျမ်းစာလည်း နည်းတာပဲ၊ အင်္ဂလိပ်လိုရေးတဲ့ ကျမ်းစာမှာတော့ အရှင်ဉာဏတိလောကဆိုတဲ့ ဂျာမန်ဆရာတော်ရေးတာကလွဲရင် တခြားပုဂ္ဂိုလ်တွေ မကပ်နိုင်ဘူး။

ဘာကြောင့်တုန်းဆိုတော့ အဲဒါတွေရေးနိုင်ဖို့မှာ ကိုယ်ကပဋ္ဌာန်းကို နားလည်ရဦးမှာကိုး၊ ပဋ္ဌာန်းနားမလည်ပဲနဲ့မရေးနိုင်ဘူး၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို ရေးတဲ့အခါ ပဋ္ဌာန်းနဲ့ ယှဉ်စပ်ပြီး ရေးနိုင်တဲ့ ပုဂ္ဂိုလ်အလွန်ရှားတယ်။

အဲဒီလို ပဋ္ဌာန်းနဲ့ မယှဉ်ပြန်ရင် ပဋိစ္စသမုပ္ပါဒ်နားလည်မှုဟာ ဘယ်နည်းနဲ့မှ မပြည့်စုံနိုင်ဘူး၊ အဲသလို နားလည်ပြီးရင်တော့ ပဋိစ္စသမုပ္ပါဒ်ကို တော်တော်လေး ပြည့်ပြည့်စုံစုံ နားလည်ပြီလို့ ဆိုရတယ်။

ခုနပြောခဲ့သလိုပဲ အသေးစိတ် သိချင်ရင် ဖြည်းဖြည်းလုပ်တာပေါ့၊ ဒီတစ်ကြိမ်မှာ ဒီလောက်နဲ့ တော်လောက်ပြီ၊ ဘာဖြစ်လို့တုန်းဆိုတော့ မှတ်ရတာများလွန်းရင် စိတ်မဝင်စားပဲ ဖြစ်သွားတတ်တယ်၊ နည်းနည်းလောက်မှတ်ထား၊ နောက်တစ်ခါ နည်းနည်းတိုးမှတ်။

ကိုင်း, ရှေ့သွားလိုက်ကြဦးစို့–ရှေ့သွားတဲ့အခါကျတော့ ပညတ်ပိုင်းရှိတယ်၊ အဲဒါကျမှ ပစ္စည်းပိုင်းကုန်မှာ။

ပညတ္တိဝိဘာဂ ဆိုတာတွေ့တယ်မဟုတ်လား၊ ပညတ်ဆိုတာဘာလဲ၊ ပညတ်ရယ် ပရမတ်ရယ်လို့တော့ ပြောပြောနေကြတယ်၊ ပညတ်ဆိုတာဘာလဲ။

ပညတ်ဆိုတာ ပရမတ္ထအားဖြင့် ထင်ရှားရှိတာမဟုတ်ဘူး၊ အဲဒီပရမတ္ထတရားရဲ့ အတုအယောင်သဘောမျိုးနဲ့ ခေါ်ဝေါ်သုံးစွဲတာ၊ အဲဒါကို ပညတ်လို့ ခေါ်တယ်။

အဲဒီပညတ်မှာ ၂–မျိုးရှိတယ်၊ အတ္ထပညတ်ရယ်, သဒ္ဒပညတ်ရယ်, အဲဒါ

http://www.dhammadownload.com



လေးနားလည်ရမယ်။

"ၚင်း ပညတ်သည် ခေါ်ဝေါ်အပ်သော အနက်ဒြပ်ဟုဆိုအပ်သော အတ္ထပညတ်, ခေါ်ဝေါ်ကြောင်းဖြစ်သော အမည် သညာသဒ္ဒါဝေါဟာရဟု ဆိုအပ်သော သဒ္ဒပညတ်"ဟု နှစ်မျိုးရှိတယ်တဲ့၊ အဲဒါ နားလည်ရမယ်။

အတ္ထပညတ်မှာ အနက်ဒြပ်ဆိုတာဘာလဲ၊ မြန်မာစကားပဲ၊ မြန်မာလို အပြောခက်နေတယ်၊ အင်္ဂလိပ်လိုပြောမှ၊ ဦးဇင်းကတော့ ဒါကို thing concept လို့ပြန်ထားတယ်၊ concept ၂-မျိုး ရှိတယ်၊ ဒါက thing concept သဒ္ဒပညတ်ကိုတော့ name concept ,

အဲဒီတော့ ဆိုပါတော့- စာအုပ်လို့ပဲ ပြောကြပါစို့၊ စာအုပ်ဆိုတဲ့ စကားလုံး ရှိတယ်၊ စာအုပ်ဆိုတဲ့ စကားလုံးဟာ ပစ္စည်းကို နာမည်တပ်ထားတာပဲ မဟုတ်လား၊ စာအုပ်လို့ ခေါ်ကြစို့ဟေ့လို့ အများသဘောတူသတ်မှတ်ပြီးတော့ စာအုပ်လို့ခေါ်လိုက်ရင် အားလုံး သိတယ်။

အဲဒီတော့ စာအုပ်ဆိုတဲ့ အသံ, အမည်, အဲဒါကို နာမပညတ်လို့ခေါ်တယ်၊ name concept၊ အဲဒီ အမည်အရဖြစ်တဲ့ တကယ့်ဝတ္ထုပစ္စည်းကို အတ္ထပညတ်လို့ ခေါ်တယ်၊ အနက်ဒြပ်ဆိုတာ ဒါကို ဆိုလိုတယ်။

အနက်ကို ခါတိုင်းယူနေတာက အဓိပ္ပာယ်ကို အနက်၊ translation ကို အနက်လို့ သုံးလေ့ရှိတယ်၊ အဲဒါကြောင့် လူတွေ မျက်စိလည်ကုန်တာ၊ အတ္ထဆိုတဲ့ ပါဠိဟာ အတော်ခက်တယ်။

ဒီနေရာမှာ အတ္ထဟာပစ္စည်းဆိုတဲ့ အဓိပ္ပာယ်မျိုးရှိတယ်၊ လူလို့ ပြောလိုက်တယ်၊ လူဆိုတဲ့အသံ, လူဆိုတဲ့နာမည်က သဒ္ဒပညတ်၊ လူကောင်ကြီးက အတ္ထပညတ်၊ နားလည်ပြီနော်။

ကျောင်းဆိုပါတော့၊ ကျောင်းဆိုတဲ့စကားလုံးက သဒ္ဒပညတ်၊ ကျောင်း အဆောက်အဦးကြီးက အတ္ထပညတ် အဲသလို ၂-မျိုးရှိတယ်။

သဒ္ဒပညတ်ဆိုတာက ပါဠိစကား သညတ္တိ ဆိုတာသိစေတယ်ဆိုတဲ့ အဓိပ္ပာယ် ရှိတယ်၊ အဲဒီမှာ အဓိပ္ပာယ် ၂-မျိုး ယူရတယ်၊ သိစေတတ်တာ၊ သိစေအပ်တာ၊ သိစေတတ်တာက တစ်ခု၊ သိစေအပ်တယ်၊ (သိအောင် အလုပ်ခံရတာ) ဆိုတာက တစ်ခု၊ အဲသလို ၂-မျိုးမှာ နာမပညတ်က သိစေတတ်တယ်၊ စာအုပ်ဟေ့လို့ ပြောလိုက်ရင် စာအုပ်ဆိုတဲ့စကားလုံးက စာအုပ်ဆိုတဲ့ပစ္စည်းကိုသိစေဖို့ ညွှန်ကြားပေး သလိုမျိုး၊ စာအုပ်ဆိုတဲ့ စကားသံကြားလိုက်တာနဲ့ မျက်စိထဲမှာ စာအုပ် အကောင်

http://www.dhammadownload.com



အထည်ကြီးကို မြင်လာတယ်။

အဲဒါကြောင့်မို့ နာမည်က (ဝေါဟာရ အသံက) စာအုပ်ကို သိစေတယ်၊ အဲသလို သိစေတတ်တဲ့ အတွက်ကြောင့် ပညတ်လို့ခေါ်တယ်၊ ဒါက သဒ္ဒပညတ်၊

အတ္ထပညတ်ကျတော့ သူက သိစေတာမဟုတ်ဘူး၊ သိစေအောင် အလုပ်ခံရတာ၊ ဒါကြောင့်မို့ သိစေအပ်သောကြောင့် ပညတ်လို့ခေါ်တယ်၊ (အတ္ထပညတ်) အဲသလိုကွာတယ်။

သဒ္ဒပညတ်က သိစေတတ်တယ်၊ အတ္ထပညတ်က သိစေအပ်တယ်၊ သိအောင် လုပ်ခံရတာ၊ အဲသလို ၂-မျိုးရှိတယ်၊ ရှင်းပြီနော်။

ပညတ်အပြားတဲ့, ဒါကတော့ ကျမ်းဂန်မှာ ဒီလောက်ဆိုထားတာ အမှန်ကတော့ ပညတ်ဆိုတာ အဆုံးအပိုင်းအခြားမရှိဘူး၊ ရှေးတုန်းကလည်း ခေါ်ဝေါ်ထားတာပဲ၊ နောက်လည်းပဲပညတ်တွေ အမျိုးမျိုးထွက်နေတာပဲ။

"ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သောအခြင်းအရာကိုစွဲ၍၊ ထိုထိုသို့သော အခြင်းအရာပုံဟန်သဏ္ဌာန်ကိုစွဲ၍ ပညတ်သမုတ်အပ်သော မြေ, တောင်, အစရှိသော သဏ္ဌာနပညတ်။

form ကိုကြည့်ပြီး သမုတ်ထားတာတွေ ရှိတယ်၊ အဲဒါမျိုးကို သဏ္ဌာနပညတ်လို့ခေါ်တယ်၊ မြေကြီး, တောင် အစရှိသည်ဖြင့် ဓာတ်ကြီး ၄-ပါးဖွဲ့စည်းပုံကို ကြည့်ပြီးတော့ ဒီလိုဖွဲ့စည်းထားတဲ့ပစ္စည်းကို တောင်လို့ခေါ်ကြမယ်၊ ဒီလို ပြန့်ပြန့်ပြူးပြူးပုံစံကို မြေကြီးလို့ခေါ်ကြစို့ဟေ့လို့ အဲသလို သဏ္ဌာန်ကိုအစွဲပြုပြီး ပညတ်ထားတာမျိုးကို သဏ္ဌာနပညတ်။

(၂) သမူဟပညတ်ဆိုတာက အပေါင်းကိုအစွဲပြုပြီးတော့ ပညတ်ထားတာတဲ့၊ သစ်, မြေစိုင် ချည်အစရှိသော အဆောက်အဦးတို့၏ ပေါင်းစည်းစုဝေးသော အခြင်းအရာကို အစွဲပြု၍ ပညတ်သမုတ်အပ်သော အိမ်, ရထား၊ လှည်း၊ အိုး၊ ပုဆိုး စသော သမူဟပညတ်။

အိမ်ဆိုတဲ့ ပညတ်ဟာ သမူဟပညတ်၊ ဘာကြောင့်တုန်းဆိုတော့ တိုင်, ထုတ်, သံ, သွပ်, သစ်သား၊, နံရံတို့ ပေါင်းစုထားတာကိုး၊ ဒါကြောင့်မို့ သူ့ကို သမူဟပညတ်လို့ ခေါ်တယ်၊ ရထားလည်း ဒီအတိုင်းပဲ၊ လှည်း, အိုး, ပုဆိုးတို့လည်း အတူတူပဲ။

ပုဆိုးဆိုတာ ပါဠိလို၊ မြန်မာလိုပြန်တဲ့အခါကျတော့ ပုဆိုးကို ပုဆိုးလို့ပဲ ပြန်ကြတော့၊ ကိုရင်ငယ်တွေတောင် အသိလွဲပြီးတော့ သွားတတ်တယ်၊ ပုဆိုးဆိုရင်

http://www.dhammadownload.com



ယောကျ်ားဝတ်တဲ့ ပုဆိုးလို့ ထင်နေတာ၊ ဒီမှာက ပုဆိုးဟာ အဝတ်ကို ဆိုလိုတယ်။

(၃) ခန္ဓာ ၅-ပါး အပေါင်းကိုစွဲ၍ ပညတ်သမုတ်အပ်သော ယောကျ်ား ပုဂ္ဂိုလ်စသော ဇာတိပညတ်တဲ့။

ဒါဟာ ယောကျ်ားပဲ၊ ပုဂ္ဂိုလ်ပဲ စသည်ဖြင့် ခန္ဓာ ၅-ပါးကို အကြောင်းပြုပြီးတော့ ပညတ်တာ။

(၄) လ, နေ, နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လှည့်၍သွားခြင်း အစရှိသော အခြင်းအရာကိုစွဲ၍ ပညတ်သမုတ်အပ်သော အရှေ့အရပ်စသော ဒိသာပညတ်။

နေထွက်တဲ့ဘက်ကအရှေ့ နေဝင်တဲ့ဘက်က အနောက် ခေါ်တယ်ဆိုတာ မျိုးပေါ့။

(၅) နံနက်စသော ကာလပညတ်။

နေသွားတာကို ရှေးတုန်းက အယူအဆအတိုင်း နံနက်ညနေ သတ်မှတ်ထာ၊ အခုခေတ်တော့ ကမ္ဘာကလည်တာ ဖြစ်နေပြီ။

(၆) ကဆုန်လ စသောမာသပညတ်။

ဒါတွေဟာ ပညတ်တွေချည်းပဲ၊ လူတွေထွင်ထားတာချည်းပဲ။

(၇) ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့ထိအပ်သော အခေါင်းစသော အခြင်းအရာကိုစွဲ၍ ပညတ်သမုတ်အပ်သောတွင်း ဂူ၊ လိုဏ်ပေါက် စသော အာကာသပညတ်။

ဟာလာဟင်းလင်းဖြစ်နေတာကို အာကာသပညတ်လို့ ခေါ်တယ်။

(၈) ထိုထိုသော အခြင်းအရာအားဖြင့်ထင်သော ပထဝီကသိုဏ်းအစရှိသော နိမိတ်ကိုလည်းကောင်း၊ ပရိကမ္မ စသည်ဖြင့်ပွါးသော ဘာဝနာ၏ အစဉ်ဟူသော အထူးကိုလည်းကောင်း စွဲ၍ သမုတ်အပ်သော ကသိုဏ်းနိမိတ်, အသုဘနိမိတ် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်စသော နိမိတ္တပညတ်။

ဒါက ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါမှာ နိမိတ်လို့ခေါ်တဲ့ဟာတွေ၊ ပထဝီကသိုဏ်း အားထုတ်တယ်ဆိုရင် မြေကြီးကို ကြည့်ပြီးတော့ ပထဝီကသိုဏ်းဝန်းကို ကြည့်ပြီး ပထဝီ, ပထဝီနဲ့ အားထုတ်တော့ ကြာတဲ့အခါကယတော့ အဲဒီပထဝီကသိုဏ်းဝန်း image ဟာ ကိုယ့်ရဲ့ စိတ်ထဲမှာ ထင်နေတယ်၊ မျက်လုံးမှိတ်ကြည့်လည်း ပထဝီ ကသိုဏ်းဝန်းကို မြင်နေတော့တာ၊ အဲဒီအခါကျ အဲဒါကို နိမိတ်လို့ ခေါ်တယ်၊ နိမိတ္တပညတ်။ ထို့အတူပဲ, တခြား ကမ္မဋ္ဌာန်းမှာ သူ့ဆိုင်ရာ နိမိတ်ဆိုတာ ရှိတယ်။

http://www.dhammadownload.com



အဲဒီလို အတ္ထပညတ်တွေ အများကြီးရှိတယ်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိတာ မဟုတ်ဘူးတဲ့၊ လူတွေက သမုတ်ထားတာ၊ သမုတ်ထားတဲ့ သဘောအားဖြင့်ဖြစ်တာ၊ ပရမတ္ထတရားရဲ့ အရိပ်အယောင်ကိုစွဲပြီးတော့ ပညတ်ထားတယ်လို့ဆိုတယ်။

အမှန်တော့ လူလို့ခေါ်လိုက်တဲ့အခါမှာ တကယ်က လူဆိုတာ တကယ်ရှိတာ မဟုတ်ဘူး၊ တကယ်ရှိတာက နာမ်ရုပ်သာရှိတယ်၊ စိတ် စေတသိက်သာရှိတယ်၊ စိတ်စေတသိက် ရုပ်တွေပေါင်းစုနေတဲ့ သတ္တဝါတစ်ယောက်ကို သတ္တဝါပဲ, လူပဲ, နတ်ပဲ, ယောကျ်ားပဲ၊ မိန်းမပဲလို့ ပြောတာကိုး။

အဲသလိုဆိုတော့ ပရမတ္ထအားဖြင့် ကြည့်မယ်ဆိုရင် လူမရှိဘူး၊ ယောကျ်ား မရှိဘူး၊ မိန်းမ မရှိဘူး၊ သတ္တဝါ မရှိဘူး၊ ပရမတ္ထအားဖြင့် ထင်ရှားရှိတာက စိတ်, စေတသိက် ရုပ်ပဲ၊ ဒါပဲရှိတယ်၊ ဒါကြောင့်မို့ ပညတ်ဆိုတာ တကယ်ရှိတာမဟုတ်ဘူး၊ စိတ်ထဲမှာသာရှိတာ။

တခြားပညတ်တွေ ဖြစ်တဲ့ ဝါစ္စပညတ်, ဝစနိယပညတ်တို့ကျတော့ အသာ ထားလိုက်၊ ရှုပ်တယ်၊ ဒါတွေဟာ အကုန်လုံး နာမပညတ်လို့သာ မှတ်ထားလိုက်။

ပညတ်နဲ့ ပတ်သက်လို့ သဒ္ဒပညတ်အပြားဆိုတာ နားလည်အောင် လုပ်ရမယ်၊ အဲဒီမှာ ဝိဇ္ဇမာနပညတ် အဝိဇ္ဇမာန ပညတ်၊ ဒီ ၂-ခု နားလည်ရင် နောက်ဟာတွေ နားလည်မှာပဲ။

ဝိဇ္ဇမာနဆိုတာ ပရမတ္ထအားဖြင့် ထင်ရှားရှိနေတာကို သမုတ်ထားတာကို ဝိဇ္ဇမာနပညတ်လို့ ခေါ်တယ်၊ အဝိဇ္ဇမာနဆိုတာ ပရမတ္ထအားဖြင့် ထင်ရှားမရှိတာကို သမုတ်ထားတာကို အဝိဇ္ဇမာနပညတ်လို့ ခေါ်တယ်။

ဝိဇ္ဇမာန ပညတ်ဆိုတာ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်ဝေဒနာစသော သဒ္ဒပညတ်မျိုး။

စိတ်ဆိုတဲ့ စကားလုံးနာမည်၊ စေတသိက်ဆိုတဲ့ စကားလုံးနာမည်, ရုပ်ဆိုတဲ့ စကားလုံး နာမည် ဒါတွေကို ဝိဇ္ဇမာနပညတ်လို့ ခေါ်တယ်၊ ဒါဟာ သဒ္ဒပညတ်ကို ပြောတာ၊ ဖဿ, ဝေဒနာ, သညာ စသည် အကုန်လုံးဟာ ဝိဇ္ဇမာနပညတ်ချည်းပဲ၊ ပရမတ္ထတရား နာမည်မှန်သမျှ ဝိဇ္ဇမာန ပညတ်ချည်းပဲ။

အဝိဇ္ဇမာနပညတ်ကတော့ ပရမတ္ထ တရားအားဖြင့် တကယ်ရှိတာ မဟုတ်ဘူး၊ သို့သော် ရှိသလိုပဲထင်ပြီး လူတွေ သမုတ်ထားတဲ့ မြေ, တောင် အစရှိသော အနက်ကို သိကြောင်းဖြစ်သော သဒ္ဒပညတ်၊ လူ, အိမ်, ခွေး, ကြောင် အစရှိသည် အကုန်လုံးဟာ အဝိဇ္ဇမာနပညတ်, ပရမတ္ထအားဖြင့် တကယ်ရှိတာမဟုတ်ဘူး။

http://www.dhammadownload.com



ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဆိုတာ ဝိဇ္ဇမာနနဲ့ အဝိဇ္ဇမာနကို ရောထားတာ။

"ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကို သိစေသော ဆဠာဘိညော"

ဆဠာဘိညောမှာ ဆဆိုတာ ၆-ခု ဘိညောဆိုတာ အဘိညာဏ်၊ အဘိညာဏ် ၆-ပါး၊ ဒီနေရာမှာ ဆဠာဘိညောဆိုတာ အဘိညာဏ် ၆-ပါးရှိတဲ့ ပုဂ္ဂိုလ်ဆိုရာမှာ အဘိညာဏ် ၆-ပါးက အနက်တစ်ခု, ပုဂ္ဂိုလ်ဆိုတာ အနက်တစ်ခု, အနက် ၂-ခု ရှိတယ်။

အဘိညာဏ် ၆-ပါးဆိုတာက ထင်ရှားရှိတယ်၊ အဘိညာဏ်ဆိုတာ ရူပါဝစရ ပဉ္စမဈာန်ဆိုတော့ ထင်ရှားရှိတယ်၊ ပုဂ္ဂိုလ်ဆိုတော့ ထင်ရှားမရှိဘူး၊ အဲဒီတော့ ထင်ရှားရှိတာနဲ့ ထင်ရှားမရှိတာကို သမုတ်တာ၊ ဒါကို ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်လို့ခေါ်တယ်။

နောက်ဟာက အဝိဇ္ဇမာနေန ဝိဇ္ဇာမာနပညတ်၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိတာနဲ့ ပရမတ္ထအားဖြင့် ထင်ရှားရှိတာကို သမုတ်ထားတာ။

မိန်းမရဲ့ အသံတဲ့၊ မိန်းမဆိုတာ ပရမတ္ထအားဖြင့် ထင်ရှားမရှိဘူး၊ သဒ္ဒ အသံဆိုတာကျတော့ ပရမတ္ထအားဖြင့် ထင်ရှားရှိတယ်၊ ရုပ်-၂၈ ပါးထဲမှာ သဒ္ဒပါတယ် မဟုတ်လား၊ ဒါဖြင့် ထင်ရှားမရှိတာနဲ့ ထင်ရှားရှိတာကို သမုတ်ထားတာ၊ ဒါကြောင့်မို့ ယောကျ်ား အသံ, မိန်းမအသံ, ဘာသံ, ညာသံ စသည်ဖြင့်ပေါ့၊ အဲဒါတွေကျတော့ အဝိဇ္ဇမာနေ ဝိဇ္ဇမာနပညတ်တဲ့။

နောက်တစ်ခုက ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်တဲ့၊ ဒါက ပရမတ္ထအားဖြင့် ထင်ရှားရှိတာနဲ့ ပရမတ္ထအားဖြင့် ထင်ရှားရှိတာကို ပညတ်ထားတာ၊ ဘယ်လိုဟာတုန်းဆိုရင် စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်စတဲ့ နာမည်မျိုး။

အဲဒီတော့ ဒီနေရာမှာ စက္ခုကလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိတယ်၊ ဝိညာဏ်ကလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိတယ်၊ ဒါကြောင့်မို့ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်လို့ခေါ်တာ။

အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဆိုတော့ ၂-ခုစလုံး ပရမတ္ထအားဖြင့် ထင်ရှားမရှိတာ။

ရာဇပုတ္တော်ဘုရင့်သားတဲ့, ဘုရင်ဆိုတာကလည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိဘူး၊ သားဆိုတာကလည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိဘူး၊ ထင်ရှားမရှိတာချင်း ထင်ရှား မရှိတာချင်း သမုတ်ထားတာ၊ ဒါကြောင့် ရာဇပုတ္တောဆိုတဲ့ ပညတ်ကျတော့

http://www.dhammadownload.com



အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်လို့ခေါ်တယ်၊ မြန်မာအခေါ်အဝေါ်တွေမှာ ဒါတွေ အများကြီးရှိပါတယ်၊ များသောအားဖြင့်တော့ အဝိဇ္ဇမာန ပညတ်တွေ များပါတယ်။

ကောင်းပြီ ပစ္စည်းပိုင်းအဆုံးမှာ သင်္ဂြိုဟ်မှာဘာပြထားသလဲဆိုတော့ အသံကို ကြားပြီးတော့ အနက်သိရာမှာ ဝိထိပေါင်း ဘယ်လောက်လိုတယ်လို့ ဆိုတာကို အကျဉ်းချုပ်လေးပြောထားတာ၊ အဲဒါကိုမှ ဆရာတော်များက အကျယ်ချဲ့ ပြောထား တာရှိတယ်၊ အရင်တုန်းကလည်း အသင့်အတင့် ပြောထားတာရှိတယ်။

အသံတစ်ခုကြားပြီးရင် (ဆိုပါတော့) လူဆိုတဲ့အသံကို ကြားပြီးရင် တကယ့် လူကောင်ကြီးအထိ သိသွားတာဟာ ဝိထိအမျိုးအစားအနည်းဆုံး ၅-မျိုးလိုတယ်။

အသံကြားတဲ့အခါမှာ အစဉ်တစ်မျိုး မြင်ပြီးတော့ သိတဲ့အခါမှာ အစဉ်တစ်မျိုး အဲသလိုရှိတယ်၊ ဒီမှာ အသံကြားတာနဲ့ ပတ်သက်ပြီး သင်္ဂြိုဟ်မှာ ပြောထားတယ်၊ ဘာတွေရှိသလဲဆိုတော့ ပထမပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုပြီးတော့ ၁-ဝိထိ ဖြစ်တယ်။

လူလို့ ဒီကပြောလိုက်တယ်၊ အခု အသံကြားတယ်၊ ပထမဆုံး ပစ္စုပ္ပန် သဒ္ဒါရုံ လူဆိုတဲ့အသံကို အာရုံပြုပြီး ၁-ဝိထိ ဖြစ်တယ်၊ ဖြစ်သွားပြီးတဲ့နောက် လူဆိုတဲ့ အသံဟာ ပျောက်မသွားဘူးလား၊ ချက်ခြင်းပျောက်သွားတာပဲ။

ပျောက်သွားတော့ ပျောက်သွားတဲ့အသံကိုပဲ တစ်ခါထပ်ပြီးတော့ အာရုံပြုတယ်၊ နောက်ထပ် ဝိထိ ၁-မျိုးထပ်ဖြစ်တယ်၊ ပထမဝိထိနဲ့ နောက်ဝိထိ ကြားမှာလဲ ဘဝင်တွေအများကြီးခြားဦးမယ်၊ ပထမဝိထိနဲ့ နောက်ဝိထိမှာလည်း ဝိထိ အကြိမ် ပေါင်းများစွာ ဖြစ်ဦးမယ်။

အဲဒီတော့ ပထမမှာ ပစ္စုပ္ပန်သဒ္ဒါရုံကို ကြားတဲ့ဝိထိ၊ အဲဒီနောက် ဘဝင်ခြား ပြီးတော့ ပျောက်သွားတဲ့အသံကို ပြန်ပြီး remember

http://www.dhammadownload.com



## အနက်ကို သိရာ၌ ဝီထိဖြစ်ပုံ

တစ်လုံးသောအက္ခရာရှိသော"လူ"စသောသဒ္ဒါ၌ ပစ္စုပ္ပန်လူဟူသော သဒ္ဒါရုံကိုအာရုံပြု၍ သောတဒွါရ တစ်ဝီထိကျ၏၊ ထိုနောက် ချုပ်ပြီးသော "လူ"ဟူသော အတိတ်သဒ္ဒါရုံကိုအာရုံပြု၍ တဒနုဝတ္တကမနောဒွါရ ဝီထိကျပြန်၏၊ ထိုနောင် လူဟူသော နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရဝီတိကျ၏၊ ထိုနောင်လူ၏ ခန္ဓာ ပဉ္စကဒြပ်အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရဝီထိကျ၏၊ ဤသို့ လေးဝီထိကျပြီးမှ "လူ"ဟူသော အနက်ကို သိရ၏။

အက္ခရာ ၂-လုံး ၃-လုံး စသည်ရှိသော သဒ္ဒါများ၌ ပြခဲ့ပြီး နည်းအတိုင်း အက္ခရာတစ်လုံးလျှင် ၂-ဝီထိကျ တိုးသွား၍ နောက်ဆုံး၌ နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရတစ်ဝီထိ၊ ဒြပ်အနက် အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရ တစ်ဝီထိ ပေါင်း ၂-ဝီထိတပ်၍ ထည့်ရမည်၊ အက္ခရာတစ်လုံး ၄-ဝီထိ၊ နှစ်လုံး ၆-ဝီထိ၊ သုံးလုံးရှစ်ဝီထိ စသည်တိုး၍ယူလေ၊ အက္ခရာများလျှင် များသည့်အလျောက် ဝီထိတိုး၍ များလေတော့သည်။

အနက်ကိုသိရခြင်းသည်လည်း သောဝိညာဏ်၏အာရုံအဖြစ်သို့ ကြားရောက်လာခြင်း၊ ရှေးအခါက ဤသဒ္ဒါသည် ဤအနက်ကိုဟောသည်ဟု ပိုင်းခြားမှတ်သားပြီး ရှိခြင်း၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှ အနက်ကို သိစေနိုင်သည်။

http://www.dhammadownload.com



## ကမ္မဋ္ဌာန်းပိုင်း

ကမ္မဋ္ဌာနသင်္ဂဟ၌ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့၏ အာရုံဖြစ်သော သမထကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်းကို ပြဆို၏။

ကမ္မဋ္ဌာန်း ၄၀-ကို ပွားများခြင်းသည် နီဝရဏစသော ကိလေသာကို ငြိမ်းစေတတ်သောကြောင့် သမထဘာဝနာဟုခေါ်သည်၊ တေဘူမက သင်္ခါရတရားတို့ကို လက္ခဏာယာဉ်သုံးပါးဖြင့် အဖန်ဖန်ရှုဆင်ခြင်ခြင်းကြောင့် ဝိပဿနာဘာဝနာဟု ခေါ်သည်။

ကသိုဏ်းဝန်းစသော အရုံ, တေဘူမကသင်္ခါရအာရုံသည်ပင်လျှင် ပွားများခြင်း ရှုဆင်ခြင်ခြင်း၏ တည်ရာဖြစ်သောကြောင့် ကမ္မဋ္ဌာန်းမည်၏။

http://www.dhammadownload.com



## သမထကမ္မဋ္ဌာန်း

ထိုသမထ ကမ္မဋ္ဌာန်း၌ (၁) ကသိုဏ်း ၁၀-ပါး (၂) အသုဘ ၁၀-ပါး (၃) အနုဿတိ ၁၀-ပါး (၄) အပ္ပမညာ ၄-ပါး (၅) သညာ ၁-ပါး (၆) ဝဝတ္ထာန် ၁ ပါး (၇) အာရုပ္ပ ၄-ပါးဟူ၍ ၇-မျိုးဖြင့် ဝေဖန်ပိုင်းခြားသိအပ်၏။

### ကသိုဏ်း ၁၀ ပါး

| | | |
|---|---|---|
| ၁။ ပထဝီ | = | မြေကသိုဏ်း |
| ၂။ အာပေါ | = | ရေကသိုဏ်း |
| ၃။ တေဇော | = | မီးကသိုဏ်း |
| ၄။ ဝါယော | = | လေကသိုဏ်း |
| ၅။ နီလ | = | အညိုရောင်ကသိုဏ်း |
| ၆။ ပီတ | = | အရွှေရောင်ကသိုဏ်း |
| ၇။ လောဟိတ | = | အနီရောင်ကသိုဏ်း |
| ၈။ ဩဒါတ | = | အဖြူရောင်ကသိုဏ်း |
| ၉။ အာကာသ | = | အပေါက်ဟင်းလင်းကသိုဏ်း |
| ၁၀။ အာလောက | = | အရောင်အလင်းကသိုဏ်း |

မှတ်ချက်။ ။လုံးစုံမကြွင်း ပျံ့နှံ့ခြင်းကို ကသိုဏ်းဟုခေါ်သည်။

### အသုဘ ၁၀ ပါး

| | | |
|---|---|---|
| ၁။ ဥဒ္ဓုမာတက | = | ဖူးဖူးရောင်သော သူကောင်အသုဘ |
| ၂။ ဝိနီလက | = | ညိုညိုမည်းမည်း အဆင်းရှိသော သူကောင်အသုဘ |
| ၃။ ဝိပုဗ္ဗက | = | ယိုစီးသောပြည်ရှိသောသူကောင်အသုဘ |
| ၄။ ဝိစ္ဆိဒ္ဒက | = | ဓားလက်နက်စသည်ဖြင့် အလယ်၌ နှစ်ပိုင်းဖြတ်အပ်သောသူကောင်အသုဘ |
| ၅။ ဝိက္ခာယိတက | = | ခွေးစသည်တို့ ကိုက်ခဲ၍ ထားအပ်သော သူကောင်အသုဘ |
| ၆။ ဝိက္ခိတ္တက | = | ခွေး ကျီး လင်းတ စသည်တို့ ကိုက်ချီစားသောက်၍ ပစ်လွှင့်ထားအပ်သော သူကောင်အသုဘ |

http://www.dhammadownload.com



၇။ ဟတဝိက္ခိတ္တက = ရန်သူသည် ဓားသန်လျက်ဖြင့် ကိုယ်တခြား ခေါင်းတခြား ခြေတစ်ခြားလက်တစ်ခြား ဖြတ်တောက်လျက် အထူးထူးသောအရပ်၌ ဖရိုဖရဲ ပစ်ထားအပ်သော သူကောင်အသုဘ။

၈။ လောဟိတက = ယိုစီးသောသွေးရှိသော သူကောင်အသုဘ

၉။ ပုဠုဝက = ပိုးလောက်တို့ဖြင့်ပြည့်သော သူကောင် အသုဘ။

၁၀။ အဋ္ဌိက = အရိုးစုမျှသာဖြစ်သော သူကောင်အသုဘ

**အနုဿတိ ၁၀ ပါး**

၁။ ဗုဒ္ဓါနုဿတိ = မြတ်စွာဘုရား၏ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

၂။ ဓမ္မာနုဿတိ = တရားတော်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

၃။ သံဃာနုဿတိ = သံဃာတော်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

၄။ သီလာနုဿတိ = မိမိ၏သီလဂုဏ်ကို အဖန်တလဲလဲ အောက် မေ့ခြင်း။

၅။ စာဂါနုဿတိ = မိမိ၏စွန့်ကြဲခြင်း ဒါနဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

၆။ ဒေဝတာနုဿတိ = နတ်တို့ကို သက်သေအရာ၌ထား၍ နတ်တို့၏ သဒ္ဓါစသော ဂုဏ်နှင့်တူသော မိမိ၏သဒ္ဓါစသော ဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း။

၇။ ဥပသမာနုဿတိ = နိဗ္ဗာန်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

၈။ မရဏာနုဿတိ = သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ ခြင်း။

၉။ ကာယဂတာသတိ= ဆံအစရှိသော ၃၂-ပါးသော ကောဋ္ဌာသကို ရွတ်ဆိုနှလုံးသွင်းခြင်း၊

၁၀။ အာနာပါနဿတိ = ထွက်သက်ဝင်သက်ကို အာရုံပြု၍ အောက်မေ့ခြင်း သတိ။

http://www.dhammadownload.com



## အပ္ပမညာ ၄ ပါး

၁။ မေတ္တာ = အတိုင်းမသိသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ချစ်ခြင်းမေတ္တာ။

၂။ ကရုဏာ = အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း ကရုဏာ။

၃။ မုဒိတာ = အတိုင်းမသိသော သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း မုဒိတာ။

၄။ ဥပေက္ခာ = အတိုင်းမသိသော သုခိတ ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်း ဥပေက္ခာ။

အတိုင်းမသိသော သုခိတ ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဖြစ်တတ်သောကြောင့် အပ္ပမညာမည်၏၊ ဤလေးပါးကို ကျင့်သုံးသောသူသည် မြတ်သောနေခြင်း ဖြစ်သောကြောင့် ဗြဟ္မဝိဟာရတရား ၄-ပါးဟုလည်းခေါ်သည်။

**၅၂၈ သွယ် မေတ္တာ။** ။သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ ဤ ၅-ခုကား မည်သူမည်ဝါ ယောကျ်ား မိန်းမ စသည်ဖြင့် ရည်မှတ်ပိုင်းခြားခြင်းမရှိသောကြောင့် အနောဓိသ ပုဂ္ဂိုလ်မည်၏။ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ ဤ၇-ခုကား မိန်းမ ယောကျ်ား စသည်ဖြင့် ရည်မှတ်ပိုင်းခြားခြင်းရှိသောကြောင့် ဩဒိသပုဂ္ဂိုလ်မည်၏။ ၎င်း ဩဒိသ အနောဓိသ ၂-ပါးကို ပေါင်းသော် ၁၂-ဖြစ်၏။ ၎င်း ၁၂-ပါးကို တည်၍ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊ ဟူသော အခြင်းအရာ ၄ ပါးနှင့်မြှောက်သော် ၄၈-ဖြစ်၏။ ဤ ၄၈-ကား အရပ်မျက်နှာနှင့် မစပ်ပဲပို့သော မေတ္တာတည်း။

အရပ် ၁၀-မျက်နှာနှင့်စပ်၍ ပို့ရာ၌ တစ်မျက်နှာတစ်မျက်နှာတွင် ၄၈ စီရသောကြောင့် အရပ် ၁၀-မျက်နှာ၌ ၄၈၀- ဖြစ်၏။ ၄၈၀ ကို အရပ်မျက်နှာနှင့် မစပ်သော ၄၈-နှင့်ပေါင်းသော် ၅၂၈-ဖြစ်၏။

## စေတသညာ

မျိုအပ်စားအပ်သောအစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်သောအဖြစ်ကို အောက်မေ့ဆင်ခြင်သော အမှတ်သညာသည် အာဟာရေပဋိကူလသညာမည်၏။

http://www.dhammadownload.com



### စတေ၀၀ဋ္ဌာန

မိမိကိုယ်၌ တည်ရှိကုန်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ် ၄-ပါးကို မှတ်သောအားဖြင့် ပိုင်းခြားရှုဆင်ခြင်၍ ဆုံးဖြတ်ခြင်းသည် စတုဓာတုဝဝတ္ထာနမည်၏။

### အာရုပ္ပ ၄ ပါး

ရုပ်၏ ဆန့်ကျင်ဘက်ဖြစ်သော ကောင်းကင်ပညတ်စသော လေးပါးသော အာရုံ၌ဖြစ်သော အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါးသည် အာရုပ္ပ ၄-ပါးမည်၏။

### ကမ္မဋ္ဌာန်းလေးဆယ်ကို စရိုက် ၆ ပါးနှင့် တွဲစပ်ပုံ

အဖြစ်များခြင်းကြောင့်လည်းကောင်း, မပြတ်ဖြစ်ခြင်းကြောင့်လည်းကောင်း စရိုက်မည်၏၊ စရိုက်တို့သည် ရာဂစရိုက်၊ ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ဝိတက်စရိုက်ဟူ၍ ၆-ပါးအပြားရှိ၏။

| စရိုက် | သင့်လျော်သောကမ္မဋ္ဌာန်း | ပေါင်း |
|---|---|---|
| ရာဂ | အသုဘ ၁၀ ပါး၊ ကာယဂတာသတိ | ၁၁ |
| ဒေါသ | အပ္ပမညာ ၄ ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတကသိုဏ်း | ၈ |
| မောဟ၊ ဝိတက် | အာနာပါနဿတိ | ၁ |
| သဒ္ဓါ | ဗုဒ္ဓါ၊ ဓမ္မာ၊ သံဃာ၊ သီလာ၊ စာဂါ၊ ဒေဝတာနုဿတိ | ၆ |
| ဗုဒ္ဓိ | မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် | ၄ |
| စရိုက် ၆ ပါး | ပထဝီ၊ အာပေါ၊ တေဇော၊ဝါယော၊အာကာသ၊ အာလောကကသိုဏ်း၊ အာရုပ္ပ ၄ပါး | ၁၀ |

ရာဂစရိုက်များသောသူသည် အသုဘ ၁၀ ပါး၊ ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအပ်၏ စသည်ယူလေ။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း (၁၂)

## [ကမ္မဋ္ဌာန်းပိုင်း]

## အနက်ကိုသိရာ၌ ဝိထိဖြစ်ပုံနှင့် သမထကမ္မဋ္ဌာန်း

ဒီနေ့ အောက်တိုဘာလ ၂၈–ရက်။

လွန်ခဲ့တဲ့ အပတ်က ပစ္စည်းပိုင်းအဆုံး လူဆိုတဲ့အသံကို ကြားပြီးတော့ အနက်သိသည့်တိုင်အောင် ဝိထိဖြစ်ပုံ ပြောတာမပြီးပြတ်ပဲနဲ့ တိတ်ခွေကုန်သွားတယ်၊ အဲဒါ ပြန်ပြောရလိမ့်မယ်။

ဒီမှာကတော့ အသံကိုကြားပြီး အနက်သိတာကို သင်္ဂြိုဟ်ကျမ်းမှာ တိုက်ရိုက် ပြောထားတယ်၊ အဲဒီအတိုင်း ပထမပြောပြမယ်။

လူဆိုတဲ့အသံကို ကြားပြီးတော့ လူကောင်ဒြပ်ထိအောင် သိသွားတာဟာ ဝိထိ ၄–မျိုးကျပြီးမှသိတယ်၊ ဟိုအပတ်တုန်းက ၅–မျိုးကျပြီးမှ သိတယ်လို့ ပြောလိုက်တယ်၊ အဲဒီ ၅–မျိုးကတော့ အသံကြားပြီး သိတာမဟုတ်ဘူး၊ တစ်စုံ တစ်ခုကို မြင်ပြီးတော့၊ ဆိုပါတော့ နွားတစ်ကောင်မြင်တယ်ဆိုရင် မြင်ပြီးတော့ နွားဆိုတဲ့ အသံ, နွားဆိုတဲ့နာမည်ဖော်နိုင်သည့်တိုင်အောင် အဲဒီဝိထိ ၅–မျိုးဖြစ်တယ်။

ဒီမှာ အသံကြားတာကျတော့ တစ်သံထဲရှိတဲ့ အသံမျိုးဖြစ်တဲ့ လူ, ခွေး, ကြောင် စသည်ဖြင့် အဲဒီအသံမျိုးကြားတဲ့ အခါမှာ ဝိထိ ၄–မျိုး ကျပြီးမှ အနက် အဓိပ္ပာယ်ကို သိတယ်။

http://www.dhammadownload.com



ပထမဆုံး လူဆိုတဲ့ အသံကြားတယ်ဆိုတော့ တကယ်လူဆိုတဲ့ အသံကြားတာ မဟုတ်သေးဘူး၊ သဒ္ဒါရုံအသံသာမညကို ကြားတာ၊ အဲဒီသဒ္ဒါရုံ အသံသာမညကမှ ပရမတ်၊ လူဆိုတဲ့ အသံကျတော့ ပရမတ် မဟုတ်တော့ဘူး၊ ပညတ်ဖြစ်သွားပြီ။

အဲဒီတော့ လူဆိုတဲ့အသံ ကြားတယ်ဆိုတော့ ပထမဆုံး စကြားလိုက်တာဟာ သဒ္ဒါရုံ အသံသာမညကို ကြားလိုက်တယ်၊ အသံသာမညကိုကြားပြီးတော့ တစ်ဝီထိ ကျလိုက်တယ်ပေါ့၊ သောတဒ္ဒါရိက ဝီထိ၊ ပဥ္စဒွါရဝီထိထဲပါတဲ့ ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုပြီးတော့ သောတဒ္ဒါရဝီထိကျတယ်။

အဲဒီဝီထိကျပြီးတဲ့နောက် ဘဝင်ခြားမယ်၊ ဘဝင်ခြားပြီးတဲ့နောက် နောက်ထပ် တစ်ဝီထိဖြစ်တယ်၊ နောက်လိုက်ဝီထိလို့ခေါ်တယ်၊ ပါဠိလိုတော့ ဝဒနုဝတ္တက မနောဒွါရဝီထိခေါ်တယ်၊ နောက်လိုက်ဝီထိကျတော့ မနောဒွါရဝီထိ။

ပထမနောက်လိုက်ဝီထိကဘာလဲဆိုရင် အတိတ်သဒ္ဒါရုံကို အာရုံပြုတဲ့ ဝီထိ၊ ခုနလူဆိုတဲ့ အသံကို ကြားပြီးရင် ကြားပြီးလျှင်ပြီးခြင်း လူဆိုတဲ့ အသံဟာ ပျောက်သွားပြီ။

ပျောက်သွားပြီးတဲ့နောက် အဲဒီပျောက်သွားတဲ့အသံကို ပြန်ပြီး အာရုံပြုတဲ့ သတိရတဲ့ ဝီထိတစ်မျိုးဖြစ်တယ်၊ အဲဒါကဘာတုန်းဆိုရင် အတိတ်သဒ္ဒါရုံ အာရုံပြုပြီး တော့ဖြစ်တယ်၊ ခုနသောတဒ္ဒါရ တစ်ဝီထိက ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုပြီးတော့ ဖြစ်တယ်၊ အဲဒီဝီထိလည်းချုပ်ရော အသံကလည်း ချုပ်သွားတယ်၊ ချုပ်သွားပြီးတဲ့ နောက် ဘဝင်ခြားပြီးတော့ အတိတ်သဒ္ဒါရုံကို အာရုံပြုတဲ့ မနောဒွါရ တစ်ဝီထိ ဖြစ်တယ်။

အဲဒီလိုမနောဒွါရဝီထိဖြစ်ပြီးတဲ့နောက် တစ်ခါဘဝင်တွေခြားပြီးတော့ လူဆိုတဲ့ နာမပညတ်ကို အာရုံပြုတဲ့ ဝီထိတစ်မျိုးဖြစ်တယ်၊ အဲဒီကျမှ လူဆိုတဲ့ နာမည်ကြား တယ်။

ပထမ ၂-ဝီထိတုန်းက လူဆိုတဲ့အသံကြားသေးတာ မဟုတ်ဘူး၊ အသံ သာမညကိုသာ ကြားသေးတာ၊ ဒီကျတော့ လူဆိုတဲ့အသံကြားသွားပြီ။

အဲဒီလူဆိုတဲ့နာမ ပညတ်ကိုအာရုံပြုပြီးတော့ ဝီထိတစ်မျိုးဖြစ်တယ်၊ အဲသလို နာမပညတ်ကို ကြားပြီးတဲ့နောက်မှာ လူဆိုတဲ့ အသံဟာ ခြေ နှစ်ဖက် လက်နှစ်ဖက် နဲ့ ခေါင်းရှိတဲ့ သတ္တဝါပေါ့လေ၊ ဒီသတ္တဝါကိုဆိုလိုတယ်လို့ ဒီလို ကြားထားတဲ့အသံနဲ့ အနက်ဒြပ်လို့ခေါ်တဲ့ လူကောင်ကြီးနဲ့ (ဒါကို အတ္ထပညတ်လို့ခေါ်တယ်) ဆက်စပ်ပြီး ကြည့်တဲ့ ဝီထိတစ်ခုကျတယ်၊ အဲဒီဝီထိကျမှ တကယ့်လူကောင်ကို သိသွားတယ်။

http://www.dhammadownload.com



အဲဒါကြောင့်မို့ အသံတစ်ခုကို ကြားပြီးတော့ အနက်ကို သိတယ်ဆိုရာမှာ အနည်းဆုံး ဝီထိ ၄–မျိုး ကျတယ်၊ ဝီထိပေါင်း အကြိမ်ဘယ်လောက်ဆိုတာတော့ မပြောနိုင်ဘူး၊ လက်ဖျစ်တစ်တွက်မှာ ကုဋေတစ်သိန်းမက ဖြစ်နိုင်တယ်ဆိုတာတဲ့ အတွက်ကြောင့် ဝီထိတွေကတော့ အများကြီးပဲ၊ သို့သော် အမျိုးအစားအနေနဲ့ ပြောလိုက်ရင် ပထမဆုံး ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုပြီးတော့ ၁–ဝီထိ (ဒါက သောတဒွါရဝီထိ) အတိတ်သဒ္ဒါရုံကို အာရုံပြုပြီး ၁–ဝီထိ (ဒါက မနောဒွါရဝီထိ) နာမပညတ်ကို အာရုံပြုပြီးတော့ ၁–ဝီထိ၊ တစ်ခါ အတ္ထပညတ်ကို အာရုံပြုပြီးတော့ ၁–ဝီထိ၊ အဲသလို ၄–မျိုးကျပြီးမှ လူဆိုတဲ့အသံရဲ့ အဓိပ္ပာယ် အနက်ကိုသိတယ်။

ဒါဟာ အက္ခရာတစ်လုံး၊ အသံတစ်သံသာရှိတဲ့ အသံဆို ဒီအတိုင်းချည်း သွားလိမ့်မယ်၊ နွား, ခွေး, ကြောင် တို့ဆိုရင်ဒီအတိုင်းသွားလိမ့်မယ်။

အကယ်၍ အသံ ၂–သံရှိတဲ့ စကားလုံးမျိုးကြားပြီတဲ့၊ လွယ်လွယ်ပြောရရင် စာအုပ်ပေါ့၊ စာအုပ်ဆိုတဲ့ အသံကိုကြားပြီဆိုရင်တော့ အပေါင်းကို အာရုံပြုပြီးတော့ ၁ ဝီထိ၊ စာဆိုတဲ့အသံကို ကြားတာက ဝီထိ ၁–မျိုး၊ အုပ်ဆိုတဲ့ အသံကိုကြားတာက ဝီထိ ၁–မျိုး၊ ပြီးတော့မှ သူတို့ ၂–ခုကိုပေါင်းပြီးတော့ အပေါင်းကို အာရုံပြုတဲ့ ဝီထိက ၁–မျိုး၊ အဲဒီလို ဝီထိတွေပိုကျပြီးမှသာ အနက်အဓိပ္ပာယ်ကို သိလိမ့်မယ်။

အဲသလိုဆိုတော့ ဝီထိ ၅–မျိုးတောင်မကအောင် ကျနေလိမ့်မယ်၊ စာဆိုတာက တစ်ဝီထိ၊ အုပ်ဆိုတာ ၁–ဝီထိ၊ စာအုပ်ဆိုတဲ့ အပေါင်းက ၁–ဝီထိ အတိတ်အာရုံ ပြုတာက ၁–ဝီထိ၊ နာမပညတ်က ၁–ဝီထိ၊ အတ္ထပညတ်က ၁–ဝီထိ သွားလိမ့်မယ်၊ အဲဒီလို ဝီထိပေါင်းများစွာ ကျပြီးတော့မှ အနက် အဓိပ္ပာယ်ကို သိတယ်။

ဒါပေမယ်လို့ အခုနေပြောမယ်ဆိုရင် ချက်ခြင်းသိတယ်လို့ချည်း ထင်တာပဲ၊ ဒီလိုဝီထိပေါင်းများစွာကို ကျော်လွှားဖြတ်သွားပြီးမှ အနက်အဓိပ္ပာယ်ကို သိတယ်ဆိုရင် ယုံနိုင်စရာတောင် မရှိဘူး။

ဒါပေမယ်လို့ အခုခေတ် ကွန်ပျူတာနဲ့ ယှဉ်ကြည့်မယ်ဆိုရင် သိပ်ထင်ရှားတယ်၊ ကွန်ပျူတာလည်းဒီအတိုင်းပဲ သူ့မှာပေးထားတဲ့ programeကို အကုန်လုံးဖတ်ပြီး တဲ့နောက်မှ သူက အဖြေပေးရတာ၊ မျဉ်းကြောင်း ၁၀၀–ရှိရင် ၁၀၀–ဖတ်ပြီးမှ အဖြေ ပေးတယ်၊ ၂၀၀–ရှိရင် ၂၀၀–ကို ဖတ်ပြီးတော့မှ အဖြေပေးတယ်။

ဒါပေမယ်လို့ အဲဒီအဖြေထွက်လာတာကျတော့ ချက်ခြင်းထွက်လာသလိုပဲ ထင်ရတယ်၊ ဒါကြောင့်မို့ အက္ခရာ တစ်လုံးရှိတဲ့ သို့မဟုတ် အသံတစ်သံရှိတဲ့စကားလုံး ကို ကြားပြီးတော့ အနက်အဓိပ္ပာယ်သိတယ်ဆိုရင် ဝီထိ ၄–မျိုး ကျရတယ်၊ ၂–

http://www.dhammadownload.com



သံ ၃–သံဆိုရင် အဲဒါ အသီးအသီး တစ်သံစီကြားပြီးတော့ ကြားတာကဝိထိ တစ်မျိုး၊ အပေါင်းကို ကြားတာက ဝိထိ တစ်မျိုး၊ အဲသလို ဝိထိတွေ အများကြီး ပိုသွား လိမ့်မယ်၊ ဒါက အသံကို ကြားပြီးတော့ အနက်သိတဲ့အခါမှာဖြစ်တယ်။

အာရုံတစ်ခုကို မြင်ပြီးတော့ နာမည်ကိုဖော်နိုင်တဲ့ အခါမျိုး၊ လူကိုမြင်ပြီးတော့ လူလို့ပြောတာ၊ အဲဒါကျတော့ ဘာကွာသွားမလဲဆိုတော့ နာမပညတ်ကို အာရုံပြုတာနဲ့ အတ္ထပညတ်ကို အာရုံပြုတာပြောင်းပြန်ပြန်ရလိမ့်မယ်၊ ရှေ့နောက် ပြန်ရလိမ့်မယ်။

အဲဒီတော့ လူတစ်ယောက်ကို မြင်လိုက်တယ်ဆိုရင် ပထမဆုံး ပစ္စုပ္ပန် ရူပါရုံကိုမြင်တယ်၊ အဲဒီနောက် အတိတ်ရူပါရုံကို မြင်တယ်၊ ရူပါရုံကလည်း ရုပ်သက် ၁၇–ချက်ပြည့်ရင် ချုပ်တာပဲ၊ အဲဒီတော့ ပထမ ပစ္စုပ္ပန်ရူပါရုံကိုမြင်တဲ့ ဝိထိဖြစ်တယ်၊ နောက်တော့ အတိတ်ရူပါရုံကို မြင်တဲ့ မနောဒွါရဝိထိဖြစ်တယ်၊ အဲဒီနောက် အပေါင်းကို မြင်တဲ့ (အပေါင်းကိုယူတဲ့) မနောဒွါရဝိထိဖြစ်တယ်။

လူတစ်ယောက်ကို မြင်တယ်ဆိုတော့ ပထမဘောင်းဘီနဲ့ ကိုယ် အပေါ် ပိုင်းမြင်တယ်၊ အောက်ပိုင်းမြင်မယ်ပေါ့၊ ပေါင်းပြီးမြင်တာက ၁–ဝိထိ၊ ပြီးတော့မှ လူကောင်ပညတ်ကိုမြင်တဲ့ဝိထိ၊ ပြီးတော့မှ ဒီသတ္တဝါကိုလူလို့ ခေါ်တယ်၊ လူဆိုတဲ့ စကားလုံး စိတ်ထဲမှာ ပေါ်လာတယ်၊ အဲဒါက နာမပညတ်ကို အာရုံပြုပြီးတော့ ဖြစ်တဲ့ဝိထိ၊ အဲဒီလိုသူကျတော့ ၅–ဝိထိ ဖြစ်တယ်၊ ဘာကြောင့်တုန်း သမူဟဆိုတဲ့ အပေါင်းကို ယူတဲ့ ဝိထိက ဒီထဲမှာ ပါလာတယ်၊ ဒါကြောင့်မို့ ပစ္စုပ္ပန် ၁–ဝိထိ၊ အတိတ်ရူပါရုံကို အာရုံပြုတာ ၁–ဝိထိ ပြီးတော့ အပေါင်းကို အာရုံပြုတာက ဝိထိ တစ်မျိုး၊ ပြီးတော့ အတ္ထပညတ်ကို အာရုံပြုတာက ဝိထိတစ်မျိုး၊ နာမပညတ်ကို အာရုံပြုပြီးတော့ ဝိထိ တစ်မျိုး, အဲသလို ရှိတယ်။

အဲဒီလို စိတ်အကြိမ်များစွာဖြစ်ပြီးတော့မှ မြင်ပြီးတော့ သိတဲ့အခါ ဒီလိုပဲ၊ ကြားပြီးတော့ သိတဲ့အခါလည်း ဒီအတိုင်းပဲ။

ဒါကြောင့်မို့ စိတ်အဖြစ်ဟာ အလွန်မြန်တယ်၊ စိတ်အဖြစ်မြန်တဲ့အတွက် ကြောင့် လူတွေကတော့ ဒါဟာ ချက်ချင်းသိတယ်လို့ပဲထင်တယ်။

အဲဒီတော့ ချက်ချင်းသိလား မသိဘူးလားဆိုတာ တကယ်စဉ်းစားကြည့်ရင် ကလေးဘဝ စာစသင်တုန်းက တစ်လုံးတစ်လုံးကို မဖတ်နိုင်ဘူး၊ တစ်လုံးချင်း ပေါင်းပြီးတော့ ဖတ်ရတယ်၊ သူ့အဖို့ အကြာကြီးနေမှ အနက်သိတယ်၊ ချက်ချင်း မသိဘူး။

ဒါပေမယ်လို့ ကလေးဘဝကနေကြီးပြင်းလာတော့ နေ့တိုင်းတွေ့ပြီး မျက်စိ,

http://www.dhammadownload.com



နား ယဉ်ပါးလာပြီး သိလာတော့ အသံတစ်သံကိုကြားလိုက်ရင် ချက်ချင်းသိတယ်လို့ပဲ ထင်တယ်၊ အမှန်ကတော့ ကလေးသိသလို လူကြီးသိရတာပဲ၊ ဒါပေမယ့်လူကြီးက အစီအစဉ်သိနေတာဖြစ်တော့ မြန်တော့ ချက်ချင်းသိသလိုပဲ ထင်ရတယ်၊ ဒါပေမယ့် မထူးပါဘူး၊ ကလေးနဲ့လူကြီးသိတာဟာ သွားရတဲ့ concept အစဉ် ချင်းအတူတူပဲ။

စက္ကူ နှစ်ရွက် သုံးရွက် ထပ်ထားတာကို အပ်နဲ့ဖောက်လိုက်တဲ့အခါကျတော့ သုံးရွက်စလုံး တစ်ခါထဲ အပ်ပေါက်သွားတယ်လို့ ထင်တာပဲ၊ စဉ်းစားပြောမယ်ဆိုရင် စာရွက် သုံးရွက်စလုံး အပ်ပေါက်ရာဖြစ်သွားပြီပေါ့၊ ဒါပေမယ့် အမှန်အတိုင်းက တစ်ရွက်ပြီးတစ်ရွက်ပေါက်တာ။

အဲသလိုပဲ၊ တစ်ဝီထိပြီးမှ တစ်ဝီထိဖြစ်တာပဲ၊ သို့သော် စိတ်ဖြစ်တာက မြန်လွန်းတော့ ကိုယ့်အနေနဲ့ မသိနိုင်ဘူး၊ ချက်ချင်းသိတယ်လို့ပဲ ထင်တယ်။

အဲဒီလို အနက်အဓိပ္ပာယ်ကို သိရာမှာ ဝီထိများ စွာကျပြီးမှ သိရတယ်, ချက်ခြင်းသိတာ မဟုတ်ဘူးဆိုတာ နားလည်ထားရမယ်၊ ဒါဟာ စိတ်ဖြစ်ပုံ မြန်တာကို ဝီထိနဲ့ ယှဉ်ပြီးပြောလို့ ရတယ်၊ အင်္ဂလိပ်စာလုံးဆိုသာပြီး ပြောလို့ ကောင်းသေးတယ်၊ meditation, mမြင်တာက တစ်ဝီထိ, eမြင်တာကတစ်ဝီထိ, dမြင်တာက တစ်ဝီထိနဲ့ သွားရော၊ ပြီးတော့ ပေါင်းမြင်တော့ meditation ဆိုတဲ့ စကားလုံးတစ်လုံး ဖတ်နိုင်ဖို့ရာ ဝီထိကို အများကြီး ကျရတယ်၊

ဒါပေမယ်လို့ အခုမေးကြည့်လိုက်ရင် မြင်တာနဲ့ ချက်ချင်းဖတ်နိုင်တယ်လို့ ပြောမှာပဲ၊ ဒါပေမယ့် တကယ်ကတော့ မဟုတ်ဘူး၊ အက္ခရာတစ်လုံးချင်းမြင်ပြီး တော့မှ အပေါင်းမြင်ပြီးတော့မှ meditation ဆိုတာဖော်နိုင်တာ။

ပြီးတော့ အသံကိုကြားပြီးတော့ အနက်သိရာမှာ ဆိုတာလည်း ရှေးတုန်းက သိထားပြီးမှ အခုလည်းသိရတယ်၊ ရှေးတုန်းက သိမထားရင် ဘယ်လောက်ကြားကြား အတ္ထပညတ်ကို အာရုံပြုတဲ့ ဝီထိမဖြစ်နိုင်ဘူး။

အင်္ဂလိပ်စာ မတတ်တဲ့လူတစ်ယောက်ကို အင်္ဂလိပ်လို သွားပြောပါလား၊ ကြားတော့ကြားတာပဲ၊ နာမပညတ် ဝီထိတော့ဖြစ်တာပဲ၊ ဒါပေမယ့် အတ္ထပညတ် ထိအောင် မရောက်ဘူး။

ဒါကြောင့်မို့ အနက်သိတယ်ဆိုတာမှာ အင်္ဂါ ၂-ချက်လိုတယ်၊ နားနဲ့လည်း ကြားရမယ်၊ ရှေးတုန်းကလည်း သိပြီးသားဖြစ်ရမယ်၊ ဒီ ၂-ခုဆုံမှ အနက်ကောင်း ကောင်းသိတာ။

နားနဲ့မကြားလို့ဖြစ်ဖြစ်, ပြတ်ပြတ်သားသား မကြားလို့ဖြစ်ဖြစ်ရှိရင်

http://www.dhammadownload.com



အနက်အဓိပ္ပာယ်မသိဘူး၊ ဒါကြောင့်မို့ ဘုန်းကြီးတို့မှာ အင်္ဂလိပ်လို သူတို့ပြောနေတာကို တစ်ခါတလေနားမလည်နိုင်ဘူး၊ ဘာပြောသွားမှန်း မသိလိုက်ဘူး၊ ဒါဟာ ဘာကြောင့်လဲဆိုရင် ထင်ထင်ရှားရှား မကြားလို့၊ ပြတ်ပြတ်သားသား မကြားလို့။

ပြတ်ပြတ်သားသားကြားပြန်တော့ကော ဒီစာလုံးရဲ့အနက်ကို နဂိုက သတိထားပြီးမှ အခုတစ်ခါ ကြားတော့လည်းသိတယ်၊ ဒါကြောင့်မို့ အနက် အဓိပ္ပာယ်ကို သိတယ်ဆိုရာမှာ အင်္ဂါ ၂–ချက်ရှိတယ်လို့ ကျမ်းဂန်တွေမှာဆိုတယ်။

သောတဝိညာဏ်၏ အာရုံအဖြစ်သို့ရောက်ခြင်းဆိုတာ အမှန်တော့ နားထဲလာကြားတာကိုဆိုလိုတယ်၊ သောတဝိညာဏ်၏ အာရုံအဖြစ်သို့ရောက်ခြင်းမှာ "ရှေးအခါက ဤသဒ္ဒါသည် ဤအနက်ကို ဟောသည်ဟု ပိုင်းခြားမှတ်သားပြီးရှိခြင်း၊ ရှေးတုန်းကလည်း ဒီအနက်ကို သိထားပြီးဖြစ်ရမယ်၊ ဒီ ၂–ချက်စုံမှ အနက်အဓိပ္ပာယ်သိတယ်။

ဒါဆိုရင် ပစ္စည်းပိုင်း ကုန်သွားပြီပေါ့၊ ပစ္စည်းပိုင်းမှာ ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်း၊ တစ်ခါ ပဋ္ဌာန်းနည်းနဲ့ ပဋိစ္စသမုပ္ပါဒ်နည်းကို ပြန်ပြီးလေ့လာတယ်၊ နောက်ဆုံးကတော့ ပညတ်အပိုင်းတဲ့၊ ပညတ်နောက်မှာမှ သဒ္ဒပညတ်၊ အတ္ထပညတ် သိတာနဲ့ ပတ်သက်လို့ ဝိထိအကြောင်းကို ကျမ်းဂန်မှာတော့ အကျဉ်းပြောတယ်၊ မဟာဂန္ဓာရုံဆရာတော် ဘုရားက အကျယ်ချဲ့ပြီး ပြောထားတာရှိတယ်၊ ပစ္စည်းပိုင်း ပြီးကြစို့, ရှေ့သွားမယ်။

ကမ္မဋ္ဌာန်းပိုင်းရောက်ပြီ၊ ကမ္မဋ္ဌာန်းပိုင်းမှာ သရုပ်တွေ ဘာတွေ သိပ်မလိုပါဘူး၊ နောက်ကဟာ သိနေတော့ နည်းနည်းပါးပါးလိုမယ်၊ သိပ်မလိုပါဘူး။

ရှင် အနုရုဒ္ဓါဆိုတာက သင်္ဂြိုဟ်ရေးတဲ့အခါကျတော့ ရှေ့ပိုင်းတွေကတော့ တကယ့်အဘိဓမ္မာသဘောတွေပဲ၊ နောက်ဆုံးပိုင်းကတော့ ကမ္မဋ္ဌာန်းပိုင်းနဲ့ အဆုံးသတ်လိုက်တယ်၊ ဒါက ဘာလဲဆိုတော့ မြတ်စွာဘုရား သာသနာတော်မှာ နေရင် သုတမရဆိုသော်လည်း ကြားပြီးသိရုံနဲ့ ဖတ်ပြီးသိရုံနဲ့ မပြီးဘူး၊ လက်တွေ့ကျင့်ရမယ် ဆိုတာကိုပြောချင်တာ၊ ဒါကြောင့်မို့ ကမ္မဋ္ဌာန်းပိုင်းမှာ လက်တွေ့ကျင့်တဲ့အပိုင်း ရောက်လာပြီ။

ကမ္မဋ္ဌာန်းဆိုတာဘာလဲ, ကမ္မဋ္ဌာန်းဆိုတာ စိတ်ဓာတ်ကိုသမာဓိဖြစ်အောင် လေ့ကျင့်တာ၊ သမာဓိဖြစ်ပြီးတော့ ပညာရောက်အောင် ပညာဖြစ်အောင်ပွားများ သွားတာကို ကမ္မဋ္ဌာန်းလို့ ဒီလိုခေါ်တာ၊ အာရုံကိုလည်း ကမ္မဋ္ဌာန်းခေါ်တာရှိတယ်၊ အလေ့အကျင့် (practice)ကို ကမ္မဋ္ဌာန်းခေါ်တာလည်းရှိတယ်။

http://www.dhammadownload.com



အဲဒီကမ္မဋ္ဌာန်းကို ဗုဒ္ဓဘာသာမှာ သင်ကြားထားတာက ၂-မျိုးရှိတယ်။ သမထကမ္မဋ္ဌာန်းရယ်၊ ဝိပဿနာကမ္မဋ္ဌာန်းရယ်၊ သမထကမ္မဋ္ဌာန်းကို ဘာကြောင့် သမထလို့ခေါ်သလဲ၊ သမထဆိုတာ ငြိမ်းစေတတ်တဲ့ သဘောရှိတယ်၊ ဘာကို ငြိမ်းစေတတ်သလဲဆိုရင် နီဝရဏတရားတွေကို ငြိမ်းစေတတ်တဲ့ ကမ္မဋ္ဌာန်းကို သမထကမ္မဋ္ဌာန်းလို့ခေါ်တယ်။

နီဝရဏငြိမ်းတယ်ဆိုတာ သမာဓိရမှ၊ နီဝရဏတွေရှိနေရင် သမာဓိမရဘူး၊ နီဝရဏတွေကို လွန်သွားတဲ့အခါကျမှ သမာဓိဖြစ်တယ်၊ သမာဓိရတယ်။

ဒါကြောင့်မို့ သမထကမ္မဋ္ဌာန်းဆိုတာ သမာဓိထူထောင်တဲ့ ကမ္မဋ္ဌာန်းပဲ၊ တော်တော်ခိုင်မြဲတဲ့ သမာဓိပေါ့၊ အဲဒီသမထကမ္မဋ္ဌာန်းကို လေ့လာပွားများအားထုတ်ရင် အောင်မြင်လည်း အောင်မြင်မယ်ဆိုရင် ဈာန်ဆိုတာ တွေ့ရနိုင်တယ်၊ အဲဒီဈာန်ကနေ တစ်ဆင့်တက်ပြီးတော့ အဘိညာဏ်ဆိုတာတွေရနိုင်တယ်။

**ပရိသတ်** ...အကြားအမြင်ဆိုတာလား ဘုရား။

**ဆရာတော်** အစုံပဲရှိတယ်၊ ကောင်းကင်ပျံတာတို့ ဘာတို့လည်းရှိတယ်၊ နောက်လာလိမ့်မယ်။

အဲဒီတော့ ဈာန်အဘိညာဏ်ထိရောက်အောင် သမထကမ္မဋ္ဌာန်းက ပို့ဆောင်ပေးနိုင်တယ်၊ သမထကမ္မဋ္ဌာန်းကို အလွန်အောင်အောင်မြင်မြင်နဲ့ အားထုတ်ဖို့ဆိုရင် အလွန်ခိုင်မြဲတဲ့အားကောင်းတဲ့ သမာဓိလိုအပ်တယ်၊

ဝိပဿနာကမ္မဋ္ဌာန်းဆိုတာကတော့ "တေဘူမကသင်္ခါရတရားတို့ကို လက္ခဏာယဉ်သုံးပါးဖြင့် အဖန်ဖန်ရှုဆင်ခြင်ခြင်း"တဲ့။

ဝိပဿနာဆိုတာ ဝိရယ် ပဿနာရယ်နှစ်မျိုးရှိတယ်၊ ဝိဆိုတာက အမျိုးမျိုးဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ပဿနာဆိုတာက ရှုတာ မြင်တာ၊ သိတာ၊ အမျိုးမျိုးရှုမြင်တာ၊ အမျိုးမျိုးသိတာ, အမျိုးမျိုးသိအောင် အားထုတ်တာကို ဝိပဿနာလို့ခေါ်တာ။

အမျိုးမျိုးဆိုတဲ့နေရာမှာ အနိစ္စဟူ၍လည်းကောင်း, ဒုက္ခဟူ၍လည်းကောင်း, အနတ္တဟူ၍လည်းကောင်း သိတာကို ဆိုလိုတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တသုံးပါးကို လက္ခဏာယဉ် ၃-ပါးလို့ခေါ်တယ်။

ဒီလက္ခဏာတွေကို ရှုပြီးတော့မှ မဂ်ဖိုလ်ကို ဆိုက်ရောက်နိုင်တာဖြစ်တဲ့ အတွက်ကြောင့်မို့ သူတို့က မဂ်ဖိုလ်ကိုရောက်အောင်ပို့တတ်တဲ့ ယဉ်နဲ့တူတယ်လို့ ဆိုပြီး လက္ခဏာယဉ်လို့ခေါ်တာ။

http://www.dhammadownload.com



အဲသလို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့မြင်အောင် ရှုတာကို ဝိပဿနာလို့ ခေါ်လိမ့်မယ်၊ ဝိပဿနာအောင်မြင်လို့ အဆုံးရောက်သွားတဲ့အခါမှာ အထွတ်အထိပ် ရောက်သွားတဲ့အခါမှာ မဂ်ဖိုလ်ရတယ်၊ မဂ်ဖိုလ်ရတာကို တရားထူးရတယ်လို့လည်း ပြောနိုင်တယ်။

မဂ်ဖိုလ်ရတယ်၊ တရားထူးရတယ်၊ နိဗ္ဗာန်ကို တိုက်ရိုက်မြင်တယ်၊ အမျိုးမျိုး ပြောလို့ရတယ်။

ဒါကြောင့်မို့ ဝိပဿနာဆိုရင် တေဘူမကသင်္ခါရတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြဲဘူး ဆင်းရဲတယ်၊ ငါကောင်မဟုတ်ဘူးဆိုတာကို မြင်အောင်ရှုရမယ်။

တေဘူမကသင်္ခါရဆိုတာ ဘာတွေတုန်း၊ ဘုံသုံးပါးမှာဖြစ်တဲ့ သင်္ခါရတရား ဆိုတာ ရုပ်နာမ်တွေပါပဲ၊ လောကီရုပ်နာမ်တွေပေါ့၊ လောကုတ္တရာ စိတ်မပါဘူး။

ဝိပဿနာရှုတယ်ဆိုရင် လောကုတ္တရာကို မရှုရဘူး လောကီကိုပဲ ရှုရမယ်၊ ဝိပဿနာရဲ့ အာရုံဆိုရင် လောကီတရားပဲဖြစ်ရမယ်၊ ရုပ်နာမ်တရားပဲ ဖြစ်ရမယ်၊ လောကုတ္တရာစိတ်ကို ဝိပဿနာရှုလို့ မရဘူး၊ နိဗ္ဗာန်ကို ဝိပဿနာရှုလို့မရဘူး၊ ဝိပဿနာက နိဗ္ဗာန်ကို အာရုံမပြုဘူး၊ နောက်ဆုံး ဂေါတြဘူစိတ်တစ်ခုနဲ့ မဂ်ဖိုလ်ကသာ နိဗ္ဗာန်ကို အာရုံပြုတယ်၊ ဒါက ဝိပဿနာကမ္မဋ္ဌာန်း။

အဲဒီတော့ သမထကမ္မဋ္ဌာန်းနဲ့ ဝိပဿနာကမ္မဋ္ဌာန်း နှစ်မျိုးရှိရာမှာ သုတ္တန်တွေ မှာဟောတာကိုကြည့်လိုက်ရင် သမထကနေ ဝိပဿနာသွားတာမျိုးချည်း ဟောတာ များတယ်၊ ဝိပဿနာသက်သက်ဟောတာ တော်တော်နည်းတယ်။

ဒါကြောင့်မို့ အခုခေတ်မှာ တချို့တွေက ဘယ်လိုယူဆကြသလဲဆိုရင် သမထအားမထုတ်ပဲနဲ့ ဝိပဿနာအားမထုတ်ထိုက်ဘူး၊ အားမထုတ်နိုင်ဘူး (သို့မဟုတ်) ဈာန်တို့ဘာတို့ မရပဲနဲ့ ဝိပဿနာ အားမထုတ်နိုင်ဘူးလို့ ဒီလောက် ထိအောင်ကို ယူဆသွားကြတယ်။

သာမညဖလသုတ်ဆိုတာ အဇာတသတ်မင်းကို ရဟန်းအဖြစ်ရဲ့ အကျိုးကို ဟောတဲ့သုတ်မှာဆိုရင်လည်း မြတ်စွာဘုရားက တစ်ဆင့်ချင်းဟောသွားတဲ့အခါမှာ ဈာန်တွေထည့်ဟောသွားတာ၊ ဈာန်ကနေပြီးတော့ အာသဝက္ခယဆိုတဲ့ မဂ်ဖိုလ်ဆိုက်တဲ့ ထိအောင် ဟောသွားတာ။

ဒါကြောင့်မို့ အဲသလို ဟောတဲ့သုတ်တွေများတဲ့ အတွက်ကြောင့် အခုခေတ် လူတွေက ဘယ်လိုထင်သလဲဆိုတော့ သမထအားမထုတ်ပဲနဲ့ ဝိပဿနာ အားထုတ်လို့ မရဘူးလို့ အဲသလိုကို ပြောကုန်ကြတာ၊ ရေးကုန်ကြတယ်။

http://www.dhammadownload.com



ဒီလိုမဟုတ်ပါဘူး၊ နှစ်မျိုးရှိတယ်၊ အင်္ဂုတ္တိုရ်မှာရှိတဲ့ သုတ်တစ်သုတ်မှာ အရှင်အာနန္ဒာဟောထားတာရှိတယ်၊ ပထမသမထအားထုတ်တယ်၊ နောက်တော့ ဝိပဿနာအားထုတ်ပြီး မဂ်ဖိုလ်ရတယ်၊ ဒါကတစ်မျိုး၊ ဝိပဿနာအားထုတ်ပြီးတော့ မဂ်ဖိုလ်ရတယ်၊ ဒါက တစ်မျိုးလို့ နှစ်မျိုး ရှိတယ်။

သမထယာနိက ဆိုတာ သမထကို ယာဉ်သဖွယ် အသုံးပြုပြီးတော့ မဂ်ဖိုလ်ရအောင် အားထုတ်တဲ့ ပုဂ္ဂိုလ်ကို သမထယာနိကလို့ခေါ်တယ်၊ အဲဒီ သမထယာနိက ပုဂ္ဂိုလ်ဆိုရင် သူက သမထကို အရင်အားထုတ်လိမ့်မယ်၊ သမထအားထုတ်လို့ ဈာန်တွေဘာတွေရမယ်၊ အဲသလိုရပြီးတဲ့နောက်မှ အဲဒီဈာန်ကိုပဲ ဖြစ်ဖြစ်၊ သို့မဟုတ် ဈာန်ဝင်စားရာ ဈာန်ကထပြီးတော့ တေဘူမကသင်္ခါရကိုရှုပြီး ဝိပဿနာရှုပြီးတော့ မဂ်ဖိုလ်ရတယ်၊ အဲသလို ပုဂ္ဂိုလ်မျိုးကို သမထယာနိကလို့ ခေါ်တယ်။

သူက ပထမသမထအားထုတ်တယ်၊ အားထုတ်ပြီးတော့ တွေ့တဲ့ ဥပစာရ သမာဓိ, အပ္ပနာသမာဓိဆိုတဲ့ သမာဓိတွေရတယ်၊ ဈာန်ရတယ်ပြောပါတော့၊ ရပြီးတဲ့နောက်မှ ဈာန်ဝင်စားတယ်၊ ဈာန်ဝင်စားရာကနေ ဈာန်ကထပြီးတော့ ဒီဈာန်ကိုပဲပြန်ပြီး အနိစ္စ, ဒုက္ခ, အနတ္တရှုမယ်၊ သို့မဟုတ် တခြားတေဘူမက သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုပြီးတော့ မဂ်ဖိုလ်ဆိုက်သွားတယ်၊ အဲသလို ပုဂ္ဂိုလ်မျိုးကို သမထယာနိကလို့ခေါ်တယ်။

ဝိပဿနာယာနိကဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ အဲသလို ဈာန်ရအောင် အားမထုတ်တော့ဘူး၊ စစချင်း ဝိပဿနာပဲအားထုတ်တယ်၊ အဲဒီလို ဝိပဿနာအားထုတ်လို့ တော်တော်လေး အသားကျတဲ့အခါကျတော့ သမာဓိရတယ်၊ အဲဒီသမာဓိကိုပဲ သမထလို့ခေါ်နိုင်တယ်၊ ဒါဟာ သမထကမ္မဋ္ဌာန်းပြောတာမဟုတ်ဘူး၊ သမာဓိကိုပဲ ပြောတာ။

အဲဒီဝိပဿနာ သမာဓိက ဘာသမာဓိလဲဆိုရင် ခဏိက သမာဓိလို့ခေါ်တယ်၊ တစ်ခဏမျှတည်တဲ့ သမာဓိပေါ့၊ အဲဒီသမာဓိရပြီးတော့ အဲဒီသမာဓိကနေ ဝိပဿနာ ဉာဏ်အဆင့်ဆင့် တက်ပြီးတော့ မဂ်ဖိုလ်ရတယ်၊ အဲသလို ပုဂ္ဂိုလ်မျိုးကို ဝိပဿနာ ယာနိကလို့ခေါ်တယ်။

အဲဒီတော့ မြတ်စွာဘုရား အလိုတော်ကဘာလဲဆိုရင် သမထဟာ ဝိပဿနာရဲ့ အခြေခံဖြစ်စေရမယ်ပေါ့၊ သမထသက်သက်က နိဗ္ဗာန်ကို ရောက်အောင် မပို့နိုင်ဘူး၊ သမထသက်သက်ရပြီး နောင်အခါမှာ သမထက ပြန်လျောကျပြီး ပရမ်းပတာဖြစ် တာတွေဝတ္ထုကြောင်းတွေရှိတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့ သမထကမ္မဋ္ဌာန်းဟာ အားမထုတ်ကောင်းတဲ့ ကမ္မဋ္ဌာန်းတော့ မဟုတ်ဘူး၊ သို့သော် သမထကမ္မဋ္ဌာန်း သက်သက်ကိုသာ အားထုတ်ပြီး ကျေနပ်နေဖို့ မဟုတ်ဘူး၊ သမထအားထုတ်ပြီးလည်း ဝိပဿနာကိုသွားရမယ်၊ အဲဒါ သမထဟာ ဝိပဿနာရဲ့အခြေခံဖြစ်မှသာ မြတ်စွာဘုရား အလိုတော်ကျမယ်၊ သမထသက်သက်ပဲ အားထုတ်ပြီး ကျေနပ်နေမယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူး။

ဒါကြောင့်မို့ သမထသက်သက်က နိဗ္ဗာန်ကို မပို့ဆောင်နိုင်ဘူး၊ ဝိပဿနာကသာ နိဗ္ဗာန်ကို ပို့ဆောင်နိုင်တယ်၊ ဒါလေးမှတ်ထားရမယ်၊ အခုသမထကမ္မဋ္ဌာန်း ပြောကြစို့။

သမထကမ္မဋ္ဌာန်း ၄၀-ရှိတယ်လို့ အဆိုရှိတယ်၊ အဲဒီသမထကမ္မဋ္ဌာန်း ၄၀- ကို အရင်မှတ်ရမယ်။

(၁)ကသိုဏ်း ၁၀-ပါး (၂) အသုဘ ၁၀-ပါး (၃) အနုဿတိ ၁၀-ပါး (၄) အပ္ပမညာ ၄-ပါး (၅) သညာ ၁-ပါး (၆) ဝဝတ္ထာန် ၁-ပါး (၇) အာရုပ္ပ ၄-ပါး, အားလုံးပေါင်းလိုက်ရင် သမထကမ္မဋ္ဌာန်း အမျိုးပေါင်း ၄၀-ရှိတယ်၊ အဲဒီထဲက ကြိုက်တာရွေးပြီး ပွားများအားထုတ်ဖို့ပဲ။

အဲဒီမှာ ကသိုဏ်း ၁၀-ပါးတဲ့, ပထဝီကသိုဏ်း, (မြေကသိုဏ်း)၊ အာပေါကသိုဏ်း (ရေကသိုဏ်း)၊ တေဇောကသိုဏ်း (မီးကသိုဏ်း)၊ ဝါယောကသိုဏ်း (လေကသိုဏ်း) ဒါက ဓာတ်ကြီး ၄-ပါး ကသိုဏ်း။

ပြီးတော့ နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်း, သူက အရောင်ကသိုဏ်း, အညို, အရွှေ(အဝါ) အနီ, အဖြူ။

အာကာသကသိုဏ်းတဲ့, ဒါကပြူတင်းပေါက်တို့လို ဟင်းလင်းပေါက်ပေါ့လေ။

အာလောက ကသိုဏ်းတဲ့, အဲဒါက အရောင်အလင်း, အဲသလိုကသိုဏ်း ၁၀-မျိုးရှိတယ်၊ ကသိုဏ်းဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကအလုံးစုံဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ လုံးစုံမကြွင်းပျံ့နှံ့ခြင်းကို ကသိုဏ်းဟုခေါ်သည်။

ကသိုဏ်းရှုတဲ့အခါမှာ မြေကသိုဏ်းဆိုရင်လဲ မြေကသိုဏ်းဝန်းကို အပြည့်အစုံအကုန်လုံးရှုရမယ်၊ အစိတ်အပိုင်းလေးတင် မရှုရဘူး၊ အဲသလို အကုန်ရှုရတဲ့အတွက်ကြောင့် ဒီကမ္မဋ္ဌာန်းတွေကို ကသိုဏ်းလို့ခေါ်တယ်၊ ကသိဏဆိုတဲ့ ပါဠိစကားက အလုံးစုံ အားလုံးဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ နောက်တော့ အကျယ်လာပါလိမ့်ဦးမယ်၊ အခုတော့ သရုပ်ပေါ့။

ကသိုဏ်းဝန်းလုပ်၊ မြေကြီးကိုကြည့်ပြီးတော့ မြေကြီး, မြေကြီး, မြေကြီးနဲ့

http://www.dhammadownload.com



ဒီလိုချည်းအကြိမ်ပေါင်းများစွာ ပွားများနေတယ်၊ မြေကသိုဏ်းဝန်းကနေ စိတ်မထွက်သွားဘူး၊ စိတ်တည်ငြိမ်အောင်လုပ်ပြီး ပွားများတာ၊ အဲသလို ပွားများတာကို မြေကသိုဏ်းပေါ့၊ ရေကသိုဏ်းကျတော့လည်း ရေကိုပွားများတာ၊ ဒါ တွေ့လာလိမ့်မယ်။

အဲသလို ကသိုဏ်း ၁၀–မျိုးရှိတယ်၊ အဲဒီထဲက ကသိုဏ်းတစ်ခုခုကို အားထုတ်ပြီး ဈာန်ရအောင်လုပ်လို့ရတယ်။

နောက် ၁၀–ခုက အသုဘ ၁၀ပါးတဲ့ အသုဘ ၁၀–ပါးဆိုတာ လူသေကောင်ကိုရှုတာပဲ၊ လူသေကောင်မှာ သေပြီးတဲ့နောက် အခြေအနေအမျိုးမျိုးဖြစ်တယ်၊ အဲဒီအခြေအနေ ၁၀–မျိုးထိအောင်ထားတယ်။

ပထမက ဖူးဖူးရောင်သော သူကောင်အသုဘတဲ့၊ အခုခေတ်မှာတော့ အသုဘကမ္မဋ္ဌာန်း ရှုနိုင်ဖို့ မလွယ်တော့ဘူး၊ လူသေကောင် ဒီအတိုင်းထားတာမှ မဟုတ်ပဲ၊ ထားလို့လည်းမရဘူး၊ ဥပဒေကလည်း ခွင့်မပြုဘူး၊ အထူးသဖြင့် လူသေကောင်ကို မထားရတော့ လူသေရှုလို့ မဖြစ်ဘူး၊ တခြားအကောင်တွေ ဆိုရင်တော့ ရမှာပဲ။

သို့သော် လူကိုရှုရတာက ဘာကြောင့်လဲဆိုတော့ အဲဒီလူကိုရှုပြီးရင် ကိုယ့်ခန္ဓာကိုယ်ကို ပြန်ပြီး apply လုပ်ယူရမယ်၊ သတိပဋ္ဌာန်သုတ်မှာလည်း အသုဘကမ္မဋ္ဌာန်းပါတယ်၊ အဲဒီကျတော့ တကယ်လူကောင်ကို သွားမရှုလည်းဖြစ်တယ်၊ ဘာကြောင့်လဲဆိုရင် စိတ်ကူးနဲ့ပေါ့လေ၊ လူဟာ သေပြီး ၂–ရက် ၃–ရက်နေရင် ဖူးဖူးယောင်လာတယ်ဆိုတဲ့ဟာကို စိတ်နဲ့မြင်အောင် ကြည့်ပြီးတော့ အဲဒီသဘောအတိုင်းပဲ ငါ့ခန္ဓာကိုယ်မှာလည်းရှိတယ်၊ ငါ့ခန္ဓာကိုယ်ဟာလည်း ဒီလိုပဲဖြစ်လိမ့်မယ်လို့ အဲသလို ရှုတယ်။

ဒါပေမယ့် အခုဒီမှာ သမထကမ္မဋ္ဌာန်းအနေနဲ့ အားထုတ်တယ်ဆိုရင် တကယ့်ကို လူသေကောင်ကြီးသွားကြည့်ရတာ၊ ဒါဟာ ဖူးဖူးရောင်တဲ့လူသေကောင်တဲ့၊

ညိုညိုမည်းမည်း အဆင်းရှိသောလူသေကောင်တဲ့ နောက်ကျတော့ ယိုစီးလာသော ပြည်ရှိသောလူသေကောင်၊ (အရည်တွေထွက်နေပြီပေါ့) ဒါမျိုးဆိုရင် မြန်မာပြည်မှာ တစ်ခါတလေတွေ့မယ်၊ အသုဘပင့်တော့ လိုက်ရတယ်မဟုတ်လား၊ အဲသလို ဖြစ်တာမျိုးတွေ့ရတယ်၊ အရည်တွေထွက်ပြီး နံနေတာ။

ဓားလက်နက်စသည်ဖြင့် အလယ်၌နှစ်ပိုင်းဖြတ်အပ်သောသူကောင် အသုဘတဲ့၊ အလယ်ပြတ်နေတာပေါ့၊ လက်နက်တစ်စုံတစ်ခုနဲ့ ခုတ်ထားလို့။

http://www.dhammadownload.com



ခွေးစသည်တို့ ကိုက်ခဲ၍ ထားအပ်သောသူကောင်အသုဘတဲ့၊ ခွေး မြေခွေး၊ လာစားတဲ့ လူသေကောင်ပေါ့။

ခွေး၊ ကျီး၊ လင်းတ စသည်တို့ ကိုက်ချီစားသောက်၍ ပစ်လွှင့်ထားအပ်သော သူကောင်အသုဘ၊ ဟိုနားဒီနား ဖရိုဖရဲ ကြဲနေတဲ့ အသုဘပေါ့။

ရန်သူစသည် ဓားသန်လျက်ဖြင့် ကိုယ်တခြား၊ ခေါင်းတခြား၊ ခြေတခြား၊ လက်တခြား ဖြတ်တောက်လျက် အထူးထူးသော အရပ်၌ ဖရိုဖရဲပစ်ထားအပ်သော သူကောင်အသုဘ။

ယိုစီးသောသွေးရှိသော သူကောင်အသုဘ, ပိုးလောက်တို့ဖြင့် ပြည့်သော သူကောင်အသုဘ၊ နောက်ဆုံးက အရိုးစုမျှသာဖြစ်သော သူကောင်အသုဘ။

အဲဒီ ၁၀–မျိုးထဲက ကိုယ်ကြိုက်ရာတစ်ခုကိုရှု၊ သို့မဟုတ်ရင် သူသေကောင် တစ်ခုကိုပဲ ဖော်ပြထားတဲ့အတိုင်း ဖူးဖူးရောင် အဆင့်ကနေ အရိုးစုအဆင့်အထိ ရှု။

တချို့ကျလည်း အကုန်လုံး အားထုတ်ရမယ်လို့ မဆိုလိုဘူး၊ ဒီထဲကတစ်ခုခုကို အားထုတ်တယ်၊ များသောအားဖြင့် အရိုးစုကို အားထုတ်တာများတယ်၊ ရှေးတုန်းကတော့ ဘုန်းကြီးကျောင်းတွေမှာ လူရိုးအစစ်ကိုထားပြီးတော့ ရှုတာ၊ အခုခေတ်တော့ လွယ်ပါတယ်၊ လူရိုးပုံစံ ပလတ်စတစ်နဲ့ လုပ်ထားတာရှိတယ်၊ အဲဒါတွေကြည့်လည်း ဆိုးတော့ မဆိုးပါဘူး၊ အသုဘသညာရတော့ရနိုင်ပါတယ်၊ အစစ်တော့ မဟုတ်ဘူးလေ။

အမှန်တော့ ခန္ဓာကိုယ်ကြီး မတင့်တယ်ဘူးလို့ ရှုတဲ့ ကမ္မဋ္ဌာန်းကို အသုဘကမ္မဋ္ဌာန်းခေါ်တာပဲ၊ နောက်နားကျတော့ စရိုက်ဆိုတာ လာလိမ့်မယ်၊ စရိုက်နဲ့ညှိပြီးတော့ ဘယ်စရိုက်က ဘယ်ကမ္မဋ္ဌာန်းနဲ့ တော်တယ်ဆိုတာ လာလိမ့်မယ်၊ အဲဒီတော့ အသုဘကမ္မဋ္ဌာန်း အားထုတ်တာကတော့ ကိုယ်ခန္ဓာကို တွယ်တာမှု နည်းအောင် တွယ်တာမှုကင်းအောင် အားထုတ်တာ။

ဒါကြောင့် ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ဟောပြောရတာ အခုခေတ်နဲ့ဆိုရင် ဆန့်ကျင်ဖက်ကြီး ဖြစ်ဖြစ်နေတယ်၊ အခုခေတ်လူတွေက ခန္ဓာကိုယ်ကိုပဲ သနေတာ၊ love yourself

ဒီနိုင်ငံ(အမေရိကန်)ရဲ့ ညွှန်ကြားချက်တွေက လေ့ကျင့်ခန်းလုပ်ပါ ဘာညာနဲ့ ခန္ဓာကိုယ်ကိုကြည့်ပြီး သာယာနေတာ၊ ငါ့ခန္ဓာကိုယ်ကြီး လှလာပြီ၊ အချိုးအစား ကျလာပြီ ပိန်သွားပြီစသည်ဖြင့်ပေါ့၊ အဲသလိုလုပ်နေတာ၊ ဗုဒ္ဓဘာသာက ခန္ဓာကိုယ်ကို

http://www.dhammadownload.com



အသုဘအဖြစ် ရှုရမယ်ဆိုတော့ ဒီနိုင်ငံလူတွေနဲ့ အတော်ကို ခက်နေတာ။

ဒီလိုမှ မရှုရင် တစ်ခုခုဖြစ်လာရင် သူတို့သိပ်စိတ်ဆင်းရဲတာ၊ ကိုယ့်ကိုကိုယ် သနေတဲ့လူမှာ ရောဂါတစ်ခုခုဖြစ်လိုက်ရင် ကျိုးပဲ့လိုက်ရင် သူတို့မှာ အကြီးအကျယ် စိတ်ဆင်းရဲမှုဖြစ်တယ်။

တချို့တွေက insure လုပ်ထားတယ် မဟုတ်လား၊ သူတို့ ခန္ဓာကိုယ်တို့၊ ပေါင်တန်လှတဲ့ မိန်းမက ပေါင်ကို insure လုပ်ထားတာရှိတယ် မဟုတ်လား၊ ရယ်တော့ရယ်စရာပဲ၊ အဲဒီမိန်းမပေါင်ကျိုးသွားပါပြီတဲ့၊ အကောင်းပြန်ဖြစ်မှာလား၊ ပိုက်ဆံတော့ရမှာပေါ့။

အဲဒီတော့ အဲသလို တွယ်တာမှု စွဲလန်းမှုနည်းအောင် ခန္ဓာကိုယ်ကို အပြစ် ရှုရတယ်၊ ကိုယ့်ကိုကိုယ်တွယ်တာမှု နည်းအောင် တင်မဟုတ်ဘူး၊ သူများအပေါ်လဲ တွယ်တာမှုနည်းအောင်လို့။

ရိုးရိုးအနေအတိုင်း ပြောရမယ်ဆိုရင် မိန်းမက ယောကျ်ားကိုမြင်ပြီးတော့ တွယ်တာမှုဖြစ်တယ်၊ ယောကျ်ားက မိန်းမကိုမြင်ပြီးတော့ တွယ်တာမှုဖြစ်တာ၊ အဲသလို တွယ်တာမှုနည်းအောင်လို့လည်း အသုဘရှုပေးရတယ်။

အနုဿတိ ၁၀-ပါးတဲ့၊ ဒါကကောင်းတဲ့ ကမ္မဋ္ဌာန်းပေါ့လေ၊ အသုဘကမ္မဋ္ဌာန်း ကတော့ လန့်စရာကြီး၊ ကြောက်တတ်တဲ့သူဆိုရင် အသုဘကမ္မဋ္ဌာန်းရှုလို့မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ သုသာန်သွားရတာကိုး။

ဗုဒ္ဓါနုဿတိတဲ့၊ မြတ်စွာဘုရား၏ဂုဏ်တော်ကို အဖန်တလဲလဲအောက်မေ့ခြင်း, အခုပုတီးစိတ်ကြတာတွေဘာတွေပေါ့၊ ဘုရားဂုဏ်တော်ပုတီးစိပ်တယ်ဆိုတာ တွေဟာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပဲ၊ မြတ်စွာဘုရားရဲ့ဂုဏ်တော်ကို ထပ်ခါတလဲလဲ အောက် မေ့နေတာကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းလို့ခေါ်တယ်။

ဓမ္မာနုဿတိဆိုတာက တရားဂုဏ်တော်တွေကို အဖန်တလဲလဲ အောက်မေ့ တာ၊ သံဃာနုဿတိဆိုတာက သံဃာတော်တွေရဲ့ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ တာ။

သီလာနုဿတိ၊ မိမိရဲ့သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့တာ၊ ကိုယ်က သီလကို စင်ကြယ်အောင် စောင့်ထိန်းလာတဲ့အခါကျတော့ မိမိရဲ့သီလ စင်ကြယ်မှုကို ပြန်ပြီးဆင်ခြင်တယ်၊ ပြန်ဆင်ခြင်ပြီးတော့ ငါအရတော်ပေတယ်လို့ ဝမ်းမြောက် ဝမ်းသာဖြစ်တာ၊ အဲဒါကို သီလာနုဿတိလို့ခေါ်တယ်၊ ကိုယ်က သီလမစင်ကြယ်ရင် သီလာနုဿတိလုပ်လို့ မရဘူး။

http://www.dhammadownload.com



စာဂါနုဿတိဆိုတာက မိမိရဲ့ စွန့်ကြဲခြင်း ဒါနဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ အလှူအတန်းပြုပြီးတဲ့အခါမှာ မိမိရဲ့ စာဂဂုဏ်ကို ပြန်အောက်မေ့ပြီး ကုသိုလ်ဖြစ်တာ၊ ဒါဟာ စာဂါနုဿတိကမ္မဋ္ဌာန်းပဲ၊ ဒါကြောင့်မို့ အလှူတစ်ခုလှူပြီးရင် အမှုမဲ့ အမှတ်မဲ့ မနေပဲ အထပ်ထပ် သတိရပါဆိုတာ ဒါကိုပြောတာ၊ ခဏ ခဏပြန်သတိရပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်ဆိုရင် ဒါကိုက ကုသိုလ်ပွားတာ၊ စာဂါနုဿတိ ကမ္မဋ္ဌာန်းဖြစ်တယ်၊ မိမိရဲ့စွန့်ကြဲခြင်း ဒါနဂုဏ်ကို အဖန်တလဲလဲ အောက်မေ့တာ။

ဒေဝတာနုဿတိတဲ့၊ နတ်တို့ကို သက်သေအရာထား၍ နတ်တို့၏သဒ္ဓါစသော ဂုဏ်နှင့်တူသော မိမိ၏သဒ္ဓါစသောဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း။

ဒါက နတ်ပြည်ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေဆိုတာ သဒ္ဓါတရား, စာဂတရား စတဲ့ကောင်းတဲ့အကျင့်တွေရှိလို့ နတ်ပြည်ကို ရောက်သွားကြတာ၊ အဲဒီနတ်တွေမှာ ရှိတဲ့ အကျင့်မျိုး ငါ့မှာလည်းရှိတယ်လို့ ဒီလိုနတ်တွေကို သက်သေအရာထားပြီးတော့ သူတို့ရဲ့ သဒ္ဓါတရားမျိုး ငါ့မှာလည်းရှိတယ်၊ ငါအရတော်ပေတယ်လို့ အဲဒီလို မိမိရဲ့ သဒ္ဓါစတဲ့ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့တာကို ဒေဝတာနုဿတိလို့ ခေါ်တယ်။

အမှန်မှာတော့ နတ်ရဲ့ ဂုဏ်ကို အောက်မေ့တာ မဟုတ်ဘူးနော်၊ မိမိရဲ့ဂုဏ်ကို အောက်မေ့တာ၊ နတ်ကိုသက်သေအရာထားပြီးတော့ နတ်တွေဟာ သဒ္ဓါစတဲ့ ကောင်းဂုဏ်တွေနဲ့ ပြည့်စုံလို့ နတ်ဘဝရောက်သွားကြတယ်၊ အဲဒီဂုဏ်မျိုးတွေ ငါ့မှာလည်းရှိတယ်၊ အဲဒီလို အဖန်တလဲလဲ အောက်မေ့ထား။

ဥပသမာနုဿတိ, နိဗ္ဗာန်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့တာ၊ နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြုတာမျိုးတော့ မဟုတ်ဘူး၊ တိုက်ရိုက်အာရုံပြုတာက မဂ်ရောက် သွားမယ်၊ သို့သော် နိဗ္ဗာန်ကိုမှန်းပြီးတော့ နိဗ္ဗာန်ရဲ့ ငြိမ်းအေးတဲ့ဂုဏ်ကို (ဥပသမာဆိုတာ ငြိမ်းအေးတာ) အဖန်တလဲလဲ အောက်မေ့တာ၊ ကိလေသာ ကင်းတယ်, ဒုက္ခဆင်းရဲကင်းတာဟာ ဥပသမာဂုဏ်ပဲ။

မရဏာနုဿတိတဲ့၊ ကျမ်းဂန်မှာတော့ မရဏသတိလို့သုံးတယ်၊ သေခြင်း တရားကို အဖန်တလဲလဲ အောက်မေ့တာ၊ ငါ့အသက်ဟာ တစ်နေ့သေလိမ့်မယ်လို့ အဲသလို သေခြင်းတရားကို အဖန်တလဲလဲအောက်မေ့တာ၊ အသုဘနဲ့ မတူဘူးနော်၊ အသုဘက ခန္ဓာကိုယ်ဟာနှစ်သက်စရာ မဟုတ်ဘူး ဆိုတာကို ရှုတာ၊ မရဏာနုဿတိ ကတော့ ငါ့အသက်ဟာ မမြဲဘူး၊ သေခြင်းတရားဟာ သေချာတယ်၊ တစ်နေ့

http://www.dhammadownload.com



ငါသေလိမ့်မယ်လို့ ဒီလိုသေခြင်းတရားကို နှလုံးသွင်းတာ။

ကာယဂတာသတိ၊ ဒါက ၃၂–ကောဋ္ဌာသကို ဆင်ခြင်တာ၊ ဆံပင်အစရှိသော ၃၂–ပါးသော ကောဋ္ဌာသကို ရွတ်ဆိုနှလုံးသွင်းတာ၊ ဆံပင်, အမွေး, သွား, ခြေသည်း ,လက်သည်း စသည်ဖြင့်ပေါ့၊ ဒါလည်းပဲ ခန္ဓာကိုယ်တွယ်တာမှုနည်းအောင် လုပ်တဲ့ ကမ္မဋ္ဌာန်းပဲ။

အာနာပါနသတိ၊ ထွက်သက်ဝင်သက်ကို အာရုံပြု၍ အောက်မေ့ခြင်းသတိ၊ စိတ်ကို နှာသီးဖျား (နှာခေါင်းဝ)မှာထား၍ ထွက်တာဝင်တာကိုမှတ်တာ၊ အဲဒါကို အာနာပါနသတိလို့ခေါ်တယ်။

ဒီ ၁၀–မျိုးကို အနုဿတိ (အဖန်တလဲလဲအောက်မေ့ခြင်း)လို့ ခေါ်တယ်၊ အနုဿတိ ၁၀–ပါးတဲ့။

အပ္ပမညာ ၄–ပါးတဲ့၊ အပ္ပမညာ ၄–ပါးဟာ ဗြဟ္မာစိုရ်တရား ၄–ပါးနဲ့ အတူတူပဲ၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဉပေက္ခာ။

မေတ္တာဆိုတာ အတိုင်းမသိသော သုခိတ ဒုက္ခိ သတ္တဝါပညတ်ကို အာရုံ ပြု၍ ချစ်ခြင်းမေတ္တာ။

မေတ္တာပို့တဲ့အခါမှာ သတ္တဝါအားလုံးကို ပို့ရတာ၊ သတ္တဝါအားလုံးကို မပို့နိုင်ရင် မေတ္တာအစစ် မဖြစ်ဘူး၊ သူတို့ကို အပ္ပမညာလို့ခေါ်တယ်၊ အပ္ပမညာဆိုတာ အပိုင်းအခြားမရှိဘူး၊ အတိုင်းအတာမရှိဘူး၊ အပိုင်းအခြား အတိုင်းအတာဆိုတာဟာ သူတို့ရဲ့ အာရုံဟာ အပိုင်းအခြားမရှိဘူး။

ဒါကြောင့် မေတ္တာပို့တဲ့အခါမှာ ပထမ မိမိကိုယ်ကို ပို့တယ်၊ နောက်တော့ ဆရာသမားမိဘစသည် ရောက်သွားပြီးတော့ နောက်ဆုံးတော့ သဗ္ဗေသတ္တာ ရောက်သွားတယ်၊ အဲဒီလိုရောက်သွားမှ မေတ္တာဟာ တကယ်မှန်ကန်တဲ့ မေတ္တာ ဖြစ်တယ်၊ သို့သော်စတဲ့ အခါကျတော့ မိမိနဲ့စရတယ်၊ ကိုယ့်ကိုကိုယ် မေတ္တာပို့တယ်၊ မိမိနဲ့ နီးစပ်တဲ့ လေးစားအပ် ချစ်ခင်အပ်တဲ့ ပုဂ္ဂိုလ်ပို့ရတယ်၊ နောက်တော့မချစ်မမုန်း ပုဂ္ဂိုလ်ပို့ရတယ်၊ နောက်တော့ မုန်းတဲ့ပုဂ္ဂိုလ်ပို့ရတယ် နောက်တော့ အားလုံးသတ္တဝါတွေ ပို့ရတယ်။

ကရုဏာ၊ အတိုင်းမသိသော ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနား ခြင်းတဲ့၊ သနားခြင်းကရုဏာကျတော့ ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြုတယ်၊ ပျော်ရွှင်နေတဲ့ ကောင်းစားနေတဲ့လူကို ကိုယ်က ကရုဏာဖြစ်ဖို့ မရှိဘူး၊ ဆင်းရဲဒုက္ခ ရောက်နေတဲ့ သတ္တဝါကို ကြည့်ပြီးတော့ ကိုယ်မှာ သနားခြင်းဖြစ်နိုင်တယ်၊

http://www.dhammadownload.com



ဒါကြောင့်မို့ အတိုင်းမသိသော ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းတဲ့၊ အဲဒါကို ကရုဏာလို့ခေါ်တယ်။

ဒီနေရာမှာ ကျမ်းဂန်မှာ ပြောထားတာကတော့ (ဝိသုဒ္ဓိ မဂ် ဖတ်ချင်ဖတ်ကြည့်) ကောင်းစားနေတဲ့သူကို ကြည့်ပြီးတော့ ကရုဏာပွားလို့ ရတာပဲတဲ့၊ ဘာကြောင့်လဲ ဆိုရင် သူတစ်နေ့သေဦးမှာပဲ, သနားစရာသတ္တဝါပဲ, ပြီးတော့ကောင်းစားနေတယ် ဆိုပေမယ်လို့ အိုခြင်း, နာခြင်း, အမြဲတမ်း နှိပ်စက်နေတာ ခံရတဲ့သူပဲ၊ သူလည်း ဒုက္ခခံနေရတဲ့ သူပဲလို့ အဲသလို ဆင်ခြင်နှလုံးသွင်းပြီး ကရုဏာပွားလို့ရတယ်။

မုဒိတာဆိုတာက အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း၊ သူများကောင်းစားနေတာကို ကြည့်ပြီး ဝမ်းမြောက်နေတာကို ဆိုလိုတယ်၊ ဣဿာနဲ့ ပြောင်းပြန်ပဲ၊ ဣဿာက သူများကောင်းစားတာ မနာလိုဘူး၊ မုဒိတာက သူများကောင်းစားနေတာကို ဝမ်းမြောက်ဝမ်းသာဖြစ်တယ်၊ ဒါကို သုခိတသတ္တဝါပညတ် (ချမ်းသာခြင်းသို့ရောက်နေတဲ့သတ္တဝါ)တွေကိုကြည့်ပြီးတော့ ဝမ်းမြောက်တဲ့သဘောကို မုဒိတာလို့ခေါ်တယ်။

ဥပေက္ခာဆိုတာက အတိုင်းမသိသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ လစ်လျူရှုခြင်း၊ ချစ်ခြင်း မုန်းခြင်း မဖြစ်အောင် အလယ်အလတ်မှာ နေနိုင်အောင်၊ လစ်လျူရှုတဲ့ သဘောကို ဥပေက္ခာလို့ခေါ်တယ်၊ ဥပက္ခောကတော့ အပ္ပမညာ ၄-ပါးထဲမှာ အထက်တန်းအကျဆုံး၊

အဲဒီ ၄-မျိုးကို ဗြဟ္မဝိဟာရ, ဗြဟ္မစိုရ်တရား ၄-ပါးလို့ခေါ်တယ်၊ ဗြဟ္မဝိဟာရလို့ ခေါ်တာကတော့ ဗြဟ္မာတွေဟာ ဒီ ၄-မျိုးနဲ့ နေကြတယ်တဲ့၊ ဗြဟ္မာမှာ တခြားလုပ်ငန်းလည်း ရှိဟန်မတူပါဘူး၊ အဲသလို မေတ္တာ ကရုဏာ, မုဒိတာ, ဥပေက္ခာပွားများပြီးနေတဲ့အတွက်ကြောင့်မို့ အပ္ပမညာ ၄-ပါးကို ဗြဟ္မဝိဟာရတရား ၄-ပါးလို့ ခေါ်တယ်၊ မြန်မာကတော့ စာရသဒ္ဒါကနေ စိုရ်လုပ်ပြီး ဗြဟ္မစိုရ်တရား ၄-ပါးလို့ အဲသလို သုံးတယ်။

၅၂၈-သွယ် မေတ္တာတဲ့, ဒါက နားလည်ရင်တော့ကောင်းတယ်၊ ၅၂၈-သွယ် မေတ္တာကို နားလည်ဖို့က သဗ္ဗေသတ္တာ, သဗ္ဗေပါဏာဆိုတာကို နားလည်ဦး မှဖြစ်မယ်၊ အဲဒါရမှ ဖြစ်မယ်။

မေတ္တာပို့တဲ့အခါကျတော့ သဗ္ဗေသတ္တာ, သဗ္ဗေပါဏာ, သဗ္ဗေဘူတာ, သဗ္ဗေပုဂ္ဂလာ, သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ ဒါ (၅)မျိုး၊ ဒါက general ပေါ့။

သဗ္ဗေသတ္တာ, သဗ္ဗေပါဏာ, သဗ္ဗေဘူတာ, သဗ္ဗေပုဂ္ဂလာ, သဗ္ဗေအတ္တဘာဝ

http://www.dhammadownload.com



ပရိယာပန္နာဆိုတာ ရှင်းရှင်းကတော့ သတ္တဝါအားလုံးကို ဆိုလိုတာ၊ စကားလုံးသာ မတူတာ၊ ဆိုလိုတဲ့အနက်ဒြပ်ကတော့ အတူတူပဲ၊ ဒါကို အနောဓိသလို့ခေါ်တယ်၊ unclassify ပေါ့၊

နောက် ၇-ခုက သဗ္ဗာဣတ္ထိယော (အားလုံးသော မိန်းမတွေ) သတ္တဝါကျတော့ အမတွေပေါ့၊ လူကျတော့ မိန်းမ, ခွေးကျတော့ ခွေးမ။

သဗ္ဗေပုရိသာ (အားလုံးသောယောကျ်ားတွေ)၊ သဗ္ဗေအရိယာ (အားလုံးသော အရိယာတွေ)၊ သဗ္ဗေအနရိယာ (အားလုံးသော အရိယာမဟုတ်တဲ့ ပုထုဇဉ်တွေ)၊ သဗ္ဗေဒေဝါ (အားလုံးသောနတ်တွေ)၊ သဗ္ဗေမနုဿာ (အားလုံးသောလူတွေ)၊ သဗ္ဗေဝိနိပါတိကာ (ပြိတ္တာတို့ဘာတို့တွေ)၊ ဤ ၇-ခုကတော့ ဩဓိသ classified ပေါ့။

အဲဒီတော့ ၅-ခုနဲ့ ၇-ခုနဲ့ပေါင်းရင် ၁၂-ခုရတယ်၊ အဲဒါကို ပထမနားလည် ရမယ်၊ အဲဒီ ၁၂-မျိုးကိုမှ တစ်ခုတစ်ခုကို အဝေရာဟောန္တု၊ ရန်မရှိကြပါစေနဲ့၊ အဗျာပဇ္ဇာဟောန္တု (စိတ်ဆင်းရဲမရှိကြပါစေနဲ့ အနီဃာဟောန္တု (ကိုယ်ဆင်းရဲမရှိကြ ပါစေနဲ့) သုခီအတ္တာနံ ပရိဟရန္တု (မိမိကိုယ်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ပါစေ) အဲဒီ ၄-မျိုးရှိတယ်။

အဲဒီ ၄-မျိုးကို ၁၂-မျိုးနဲ့ တစ်ခုစီတစ်ခုစီသွားလိုက်ရင် ၄၈-ရတယ်၊ တစ်ခါ အဲဒီတစ်ခုတစ်ခုကို အရပ် ၁၀-မျက်နှာနဲ့ မြှောက်ရမယ်၊ ဆိုလိုတာကတော့ အရှေ့အရပ်မှာရှိတဲ့ အလုံးစုံသောသတ္တဝါတို့သည် ဘေးရန်ကင်းကြပါစေ, ကြောင့်ကျ မရှိကြပါစေနဲ့, ဆင်းရဲမရှိကြပါစေနဲ့, ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေလို့ အရပ် ၁၀-မျက်နှာကို ၄၈-နဲ့ မြှောက် ၄၈၀-ရတယ်၊ ၄၈၀-ကို ၄၈-ထည့်လိုက် ၅၂၈-ဖြစ်တယ်၊ ၅၂၈-သွယ် မေတ္တာဆိုတာအဲဒါပဲ။ ပါဠိလိုဆိုပြီး တကယ့်မေတ္တာပို့ရင် ၄၅-မိနစ်လောက် ပို့ရတယ်။

**ပရိသတ်** - သံနေသံထားနဲ့ပို့ရင် ပိုကောင်းပါတယ်။

**ဆရာတော်** - ဒီမှာတော့ အင်္ဂလိပ်လို ၂-ခါ ၃-ခါလောက် ပို့ဖူးပြီ။

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

သဗ္ဗေပါဏာ အဝေရာဟောန္တု, အဗျာပဇ္ဇာဟောန္တု, အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု စသည်ဖြင့်သွားရော၊ သွားပြီးတော့မှ အရှေ့အရပ်ဆိုရင် ပါဠိလို ဒီသာယ ပြန်ဆိုလိုက်ပြီးမှ သဗ္ဗေသတ္တာ, အဝေရာဟောန္တု, အဗျာပဇ္ဇာဟောန္တု၊

http://www.dhammadownload.com



အနိယာဟောန္တု, သုခီအတ္တာနံ ပရိဟရန္တု။ ပုရတ္ထိမာယဒိသာယ သဗ္ဗေပါဏာ၊ ပုရတ္ထိမာယဒိသာယ သဗ္ဗေဘူတာ အဲသလို သွားရမယ်၊ အဲသလိုဆိုရင် ၅၂၈ ကြိမ်ဖြစ်တယ်၊ ၅၂၈–မေတ္တာဟာ မြန်မာစကားဖြစ်လာတယ်၊ သန့်စင်တဲ့မေတ္တာမျိုးကို ၅၂၈–မေတ္တာလို့ခေါ်တာမှန်ပါတယ်။

ဒါပေမယ့် စကားအဖြစ်သာသုံးနေတာ၊ ၅၂၈–သွယ် မေတ္တာဟာ ဘယ်ဟာလဲ ဆိုရင် သိသူအလွန်နည်းတယ်၊ အခုလို သာမည ၅–ခု၊ ဝိသေသ အထူးက ၇–ခု၊ ဒါကို ပါဠိလို အနောဓိသ၊ ဩဓိသလို့ခေါ်တယ်၊ ပေါင်းလိုက်ရင် ၁၂–ခု၊ အဲဒါကို မေတ္တာပို့ ၄–မျိုးနဲ့ မြှောက် ပြီးတော့ အရပ် ၁၀–မျက်နှာနဲ့ မြှောက်ပြီး တော့ပြန်ပေါင်း၊ အဲဒီအခါ ၅၂၈–သွယ်မေတ္တာဖြစ်သည်။

ပို့ဖူးတယ်ရှိအောင် ပို့ကြည့်ကြဖို့ကောင်းတယ်, ပို့တတ်ရင်အိမ်ကျရင် ကိုယ့်ဟာ ကိုယ်ပို့ကြ၊ ဘာကြောင့်လဲဆိုတော့ ၅၂၈ သွယ် မေတ္တာသာပြောနေရာ၊ ပို့ဖူးလားဆိုရင် မပို့ဖူးဘူးဆိုရင် အဖြေက သိပ်မကောင်းဘူး၊ ပို့ဖူးတယ်ဆိုတာ ဖြစ်သွားတာပေါ့။

ကောင်းပြီ အပ္ပမညာ ၄–ပါးပြီးတဲ့နောက် ကေသညာတဲ့၊ သညာတစ်မျိုးတဲ့၊ သညာတစ်မျိုးကဘာလဲဆိုရင် စားသောက်တဲ့ အာဟာရမှာ စက်ဆုပ်ဖွယ် ထင်အောင် ရှုတဲ့ သညာပေါ့ "မျိုးစားအပ်သော အာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဖြစ်သောအဖြစ်ကို အောက်မေ့ဆင်ခြင်သော အမှတ်သညာသည် အာဟာရေပဋိကူလ သညာမည်၏။

ဒါလည်းပဲ အစားမက်မှာစိုးလို့, အာဟာရမှာ စွဲလမ်းတွယ်တာမှာစိုးလို့ စားတဲ့ အာဟာရကို အပြစ်ရှုပြီးတော့ စားရတာ၊ပဋိကူလဆိုတော့ ရွံရှာဖွယ် စက်ဆုပ် ဖွယ်ဖြစ်အောင် ဆင်ခြင်ပြီးတော့ စားရတာ၊ ဒါကလည်းအတော်ခက်တယ်၊ အခုခေတ် အခါက enjoy your food ဖြစ်နေတယ်၊ စားပွဲပေါ် အစားအသောက် လာချရင် အဲသလို ပြောလေ့ရှိတယ်။

ရိုးရိုးလူတွေအနေနဲ့တော့ ဟုတ်တယ်ပေါ့လေ၊ ဘုန်းကြီးတွေအနေနဲ့ (သို့မဟုတ်) တရားထိုင်နေပြီဆိုတဲ့ အနေနဲ့ကျတော့ အာဟာရတွေကို စက်ဆုပ်ဖွယ် ရွံရှာဖွယ်ဖြစ်အောင် ရှုယူရမှာတဲ့၊ အမျိုးမျိုးအပြစ်ရှုရမှာပေါ့လေ၊ ဝိသုဒ္ဓိမဂ်မှာတော့ အကျယ်ရေးထားတာရှိတယ်။

ဘုန်းကြီးတွေနဲ့ ပတ်သက်ပြီး ရေးထားတာ၊ ဆွမ်းခံစားရတော့တကယ်တော့ မသွားချင်ဘူး၊ မတတ်သာလို့ သွားရတာ၊ အဲဒီတော့ သွားရတဲ့ဒုက္ခ၊ အဲဒီဒုက္ခနဲ့ နှိုင်းယှဉ်ဆင်ခြင်ပြီး အာဟာရဟာ အလကားပဲ, ဘာမှလည်း တွယ်တာစရာမရှိဘူး၊ တစ်ခါရှာရတဲ့ ဒုက္ခ၊ ပထမကျောင်းကနေ ဆွမ်းခံရွာကို သွားရတယ်၊ သွားတဲ့အခါ

http://www.dhammadownload.com



လမ်းမှာ ခဲနင်းမိတယ်၊ အညစ်အကြေးတွေ နင်းမိတယ်, ခွေးရူးတွေဘာတွေလာမယ်, နွားတွေလာမယ်, ဒါတွေကိုကြည့်ရှောင်ရ၊ ဒီလိုဒုက္ခရောက်တာတွေရှိတယ်။

ရွာထဲရောက်တော့ ဆွမ်းခံရတဲ့ ဒုက္ခရှိတယ်၊ ဆွမ်းခံတဲ့အခါ ဗုဒ္ဓဘာသာတွေ အနေနဲ့ ဘယ်သူကမှ မောင်းမဲမထုတ်ပါဘူး၊ ရှေးတုန်းကတော့ ဗုဒ္ဓဘာသာချည်းပဲ မဟုတ်တော့ မောင်းမဲတာ ဆိုဆဲတာခံရတာမျိုးလည်းရှိတာပေါ့၊ အဲဒါမျိုးတွေနဲ့ နှိုင်းယှဉ်ပြီးတော့ အစာအာဟာရဟာ ဘာမှ တွယ်တာစရာမရှိဘူး၊ စားတဲ့အခါလည်း ပါးစပ်ထဲရောက်တဲ့အချိန်ကစပြီး သားရေဆိုတဲ့ တံတွေးတွေနဲ့ ရောသွားပြီးတော့ ဝါးလိုက်တဲ့အခါကျတော့ ခွေးအံဖတ်နဲ့ တူတယ်ပေါ့လေ၊ အဲသလို ဆင်ခြင်ပြီး စားရတယ်၊ အဲဒါ အာဟာရေ ပဋိကူလသညာ၊ ဒါလည်းကမ္မဋ္ဌာန်းတစ်မျိုးပဲ။

ကေဝဝတ္ထာနတဲ့၊ ဒါက ဓာတ် ၄-ပါးပိုင်းခြားတာ၊ "မိမိကိုယ်၌တည်ရှိကုန်သော ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ် ၄-ပါးကို မှတ်သောအားဖြင့် ပိုင်းခြားရှုဆင်ခြင်၍ ဆုံးဖြတ်ခြင်းသည် စတုဓာတုဝဝတ္ထနမည်၏။

ပထမဆုံးဓာတ် ၄-ပါးကို နားလည်ရမယ်၊ ပထဝီဓာတ်ဆိုတာဘာလဲ, အာပေါဓာတ်ဆိုတာဘာလဲ, တေဇောဓာတ်ဆိုတာဘာလဲ, ဝါယောဓာတ်ဆိုတာဘာလဲ၊ ပြီးတော့မှ ဒီဓာတ် ၄-ပါးဟာ ငါ့ခန္ဓာကိုယ်ကြီးမှာရှိနေတယ်၊ ငါ့ခန္ဓာကိုယ်ကြီးဟာ ဓာတ် ၄-ပါး အစုအဝေးပဲ၊ အဲသလို ဆင်ခြင်ရမယ်။

ဒီထက်ပိုပြီး ဆင်ခြင်နိုင်သေးတယ်ဆိုရင် ကေသာ, လောမာမှာ ဆံပင်ဆိုတာက ပထဝီလွန်ကဲတဲ့ ကောဋ္ဌာသ၊ မျက်ရည်တို့ ဘာတို့ကျတော့ အာပေါဓာတ်လွန်ကဲတဲ့ ကောဋ္ဌာသပေါ့၊ အဲဒီလိုဆင်ခြင်လို့ရတယ်၊ သို့သော် နောက်ဆုံးတော့ ဓာတ် ၄-ပါးကွဲသွားအောင် ဆင်ခြင်မယ်၊ ကာယဂတာသတိကတော့ ကေသာလောမာဒိအတိုင်း ဆင်ခြင်နေရုံပဲ၊ စတုဓာတုဝဝတ္ထာန်ကျတော့ ကေသာ လောမာတွေကိုပဲ ဒါက ပထဝီလွန်ကဲတဲ့ ကောဋ္ဌာသ၊ ဒါက အာပေါလွန်ကဲတဲ့ ကောဋ္ဌာသ စသည်ဖြင့် ဓာတ် ၄-ပါးဆင်ခြင်တာကို စတုဓာတုဝဝတ္ထာနလို့ ဒီလိုခေါ်တယ်။

အဲဒီတော့ ဓာတ် ၄-ပါးမှာ အရင်တုန်းကပြောခဲ့ပြီ၊ ပထဝီဆိုတာ မြေကြီးကို ဆိုလိုတာမဟုတ်ဘူး၊ ခက်မာမှု နူးညံ့မှုသဘောကို ပထဝီခေါ်တယ်၊ အာပေါဆိုတာလဲ ရေကိုခေါ်တာ မဟုတ်ဘူး၊ ဖွဲ့စည်းတတ်တဲ့သဘောကို ခေါ်တယ်၊ တေဇောဆိုတာ မီးကိုခေါ်တာမဟုတ်ဘူး၊ အပူအအေး ဥတုကိုခေါ်တယ်၊ ဝါယောကိုလေ ဆိုပေမယ်လို့ လှုပ်ရှားတဲ့သဘော, ရွေ့လျားတဲ့သဘော အဲဒါကို ခေါ်တယ်။

မိမိခန္ဓာကိုယ်ဟာ ဓာတ် ၄-ပါး အစုအဝေးပဲလို့ ဓာတ်ကြီး ၄-ပါးကို

http://www.dhammadownload.com



ရှုတာ၊ ဓာတ်ကြီး ၄–ပါးကိုရှုတဲ့အခါမှာလည်း ခုနလိုပဲ တွယ်တာမှု နည်းသွားတယ်။

တချို့ကျတော့ ဒီကိစ္စကို စိတ်ဆိုးတဲ့နေရာမှာသုံးတယ်၊ ကိုယ်က ပုဂ္ဂိုလ် တစ်ယောက်အပေါ်ကို စိတ်ဆိုးတယ်ဆိုရင် တော်တော်နဲ့ ပြေလို့မရဘူး၊ ပြေနည်းတွေ အမျိုးမျိုးရှိတယ်၊ အဲဒီပြေနည်းတွေထဲမှာ တစ်နည်းက ဘာလဲဆိုရင် ဓာတ် ၄ – ပါးနဲ့ ကပ်ပြေတဲ့နည်းပဲ။

မင်းစိတ်ဆိုးတဲ့လူဟာ ဓာတ် ၄–ပါး အစုအဝေး၊ မင်းဟာ သူ့ရဲ့ပထဝီဓာတ်နဲ့ စိတ်ဆိုးတာလား၊ အာပေါဓာတ်နဲ့ စိတ်ဆိုးတာလား တေဇောဓာတ်နဲ့ စိတ်ဆိုး တာလား ဝါယောဓာတ်နဲ့ စိတ်ဆိုးတာလား စသည်ဖြင့် ကိုယ့်ကိုကိုယ် မေးပြီးတော့ ဒေါသကိုဖြေယူတာ၊ ဒါကဉာဏ်ပါမှ, ဒီကမ္မဋ္ဌာန်းတွေက ဉာဏ်တော်တော်လိုတယ်။

အဲသလို ဓာတ်ကြီး ၄–ပါး တကယ်ကွဲလာပြီဆိုတဲ့အခါကျတော့ သတ္တဝါဆိုတဲ့ အမှတ်ပျောက်သွားတာပေါ့၊ ဓာတ်အစုအဝေးပဲဆိုတာကို ဉာဏ်နဲ့ ခွဲလိုက်တော့ အကောင်အထည် ပျောက်သွားတယ်။

အဲသလို အကောင်အထည်ပျောက်သွားမှ ဓာတ် ၄–ပါးတကယ်ကွဲတာ, တကယ်မြင်တာဖြစ်တာ။

အာရုပ္ပ ၄–ပါးတဲ့၊ ဒါက အရူပဈာန် ၄–ပါးပြောတာ၊ "ရုပ်၏ဆန့်ကျင်ဘက် ဖြစ်သော ကောင်းကင်ပညတ်စသော လေးပါးသော အာရုံ၌ဖြစ်သော အာရုပ္ပကမ္မဋ္ဌာန်း ၄–ပါးသည် အာရုပ္ပ ၄–ပါးမည်၏" ရူပဈာန် ၅–ပါးကို ရပြီးတဲ့နောက် အရူပ ဈာန်ကို အားထုတ်ရမယ်၊ အရူပဈာန်အားထုတ်တယ်ဆိုတာ ရုပ်ကိုမုန်းတဲ့ ယောဂီတွေ အားထုတ်တာပဲ၊ အဲဒီတော့ ရုပ်ကိုလွန်ပြီးတော့ ကောင်းကင်ပညတ်စတဲ့ အာရုံတွေကို ကမ္မဋ္ဌာန်းအာရုံအဖြစ် ရှုပြီးတော့ အာကာသာနဉ္စာယတနဈာန်ကနေပြီးတော့ နေဝ သညာ နာသညာယတနဈာန်အထိရအောင် အားထုတ်သွားရမယ်၊ အဲဒီ ၄–မျိုးကို အာရုပ္ပ ၄–ပါး လို့ခေါ်တယ်။

အားလုံးပေါင်းလိုက်ရင် ကမ္မဋ္ဌာန်း ၄၀–ဖြစ်သွားတယ်၊ ပြန်ပြီးတော့ ကမ္မဋ္ဌာန်း ၄၀–ကို ကြည့်လိုက်စမ်းပါဦး၊ ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ အနုဿတိ ၁၀ ပါး၊ အပ္ပမညာ ၄–ပါး၊ သညာ ၁–ပါး၊ ဝဝတ္ထာန် ၁–ပါး၊ အာရုပ္ပ ၄–ပါး၊ ကမ္မဋ္ဌာန်း ၄၀–ဆိုတာ ဒါကိုပဲ ခေါ်တယ်။

အဲဒီကမ္မဋ္ဌာန်း ၄၀–ကို အားထုတ်တဲ့အခါမှာ မိမိနဲ့သင့်လျော်တဲ့ ကမ္မဋ္ဌာန်း အားထုတ်မိဖို့လိုအပ်တယ်၊ သင့်လျော်တဲ့ကမ္မဋ္ဌာန်းမဟုတ်ရင် သမာဓိတွေ ဘာတွေရ ခဲတယ်၊ မရပဲလည်းရှိနိုင်တယ်၊ ဒါကြောင့်မို့ မိမိနဲ့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို

http://www.dhammadownload.com



ရွေးချယ်နိုင်ဖို့ရာ စရိုက်နဲ့ ခွဲခြားထားတယ်။

လူတွေမှာ စရိုက်ရှိတယ်၊ ကျမ်းဂန်မှာစရိုက် ၆-မျိုးပြဆိုထားတယ်၊ စရိုက် ၆-မျိုးက ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ဝိတက်စရိုက်တဲ့။

မောဟနဲ့ ဝိတက်ကို တစ်ကြောင်းထဲထားတာက အာနပါနသတိနဲ့ တွဲချင်လို့သာ ထားတာ၊ အမှန်က ၆-မျိုးဟာ သီးခြားနေရမယ်၊

ရာဂစရိုက်တဲ့ ဒေါသစရိုက်တဲ့၊ ဒေါသကြီးတဲ့လူဟာ ဒေါသစရိုက်ရှိတဲ့သူပဲ၊ လောဘကြီးတယ်လို့ အပြောခံရရင် ရာဂစရိုက်ရှိတဲ့သူပဲ၊ တွေဝေမှု အားကြီးတယ် အပြောခံရရင် မောဟစရိုက်ပဲ။

သဒ္ဓါတရားကောင်းတယ်, သဒ္ဓါစရိုက်၊ ပညာထက်တယ်, ဗုဒ္ဓိစရိုက်ပေါ့၊ ဝိတက်စရိုက်ရှိတဲ့သူက အတွေးများတယ်၊ ဟိုတွေးဒီတွေး အတွေးများတဲ့သူဟာ ဝိတက်စရိုက်ရှိသူပဲ၊ အဲသလို စရိုက် ၆-ပါးရှိတယ်။

အဲဒီ စရိုက် ၆-ပါးမှာလည်း ဘယ်ပုဂ္ဂိုလ်က ဘယ်စရိုက်ရှိတယ်ဆိုတာ အတိ အကျသိဖို့က မြတ်စွာဘုရားမှသိတယ်၊ မြတ်စွာဘုရားမဟုတ်တဲ့ ပုဂ္ဂိုလ်တွေ အနေနဲ့ မှန်းဆပြီးတော့ ဒီပုဂ္ဂိုလ်ရဲ့ နေထိုင်သွားလာပြောဆို စားသောက်ပုံကိုကြည့်ပြီး သိရမယ်တဲ့။

ရာဂစရိုက်ရှိသူက ဘာမဆို လှလှပပကြိုက်တယ်၊ သူ့နေရာလေးသန့်သန့် ပြန့်ပြန့်ထားတယ်ပေါ့လေ၊ သူ့ရဲ့နေပုံထိုင်ပုံကလည်း ယဉ်ကျေးသိမ်မွေ့တယ်၊ အဲသလို ပုဂ္ဂိုလ်မျိုးဟာ ရာဂစရိုက်လည်းရှိမယ်၊ သို့မဟုတ် သဒ္ဓါစရိုက်လည်း ရှိလိမ့် မယ်ပေါ့၊ လောဘပါလာရင် ရာဂစရိုက်ဘက်သွားမယ်။

ဒေါသစရိုက်ရှိတဲ့သူကျတော့ သူ့နေရာက ရှုပ်ပွေနေမယ် စသည်ဖြင့်ပေါ့, အဲသလို သိယူရမယ်။

စရိုက် ၆-ပါးနဲ့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းမှာ ရာဂစရိုက်ရှိသူနဲ့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းက အသုဘ ၁၀-ပါးနဲ့ ကာယဂတာသတိတဲ့၊ ဟုတ်တာပေါ့၊ ဆန့်ကျင် ဘက်ပဲ၊ ရာဂဆိုတာက ကြိုက်နှစ်သက်တယ်၊ အသုဘဆိုတာက မကောင်းတာ မတင့်တယ် တာကိုရှုတယ်၊ ကာယဂတာ သတိကလည်း ဒီအတိုင်းပဲ, ရွံရှာဖွယ်ကို ရှုတယ်ဆိုတော့ ရာဂရဲ့ ဆန့်ကျင်ဘက်ပဲ။

ဒေါသစရိုက်နဲ့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းက အပ္ပမညာ ၄-ပါးတဲ့၊ မေတ္တာ, ဂရုဏာ, မုဒိတာ, ဥပေက္ခာ ဒါကို ပွားများရင် ဘယ်မှာဒေါသရှိနိုင်တော့မလဲ။

http://www.dhammadownload.com



နီလ, ပီတ, လောဟိတ, ဩဒါတကသိုဏ်းတဲ့၊ အရောင်ဆိုတာ စိတ်ကို နူးညံ့စေတတ်တယ်၊ ဒါကြောင့်အရောင်ကသိုဏ်းဟာ ဒေါသစရိုက်ရှိသူနဲ့ သင့်တော်တယ်၊ ဒီ ၄-မျိုးထဲက ကိုယ်ကြိုက်တဲ့အရောင်ရွေးပေါ့။

မောဟစရိုက်ရှိသူ ဝိတက်စရိုက်ရှိတဲ့သူနဲ့ကျတော့ အာနာပါနတဲ့၊ အာနပါနက နွားကိုတိုင်မှာ ကြိုးနဲ့တုပ်ထားသလို လုပ်ရတာကိုး၊ စိတ်ကို နှာသီးဝမှာထားပြီးတော့ ထွက်တာဝင်တာကို မလွတ်အောင် မှတ်ရတာ၊ အဲဒီတော့ မောဟစရိုက်ရှိသူ၊ ဝိတက်စရိုက်ရှိသူနဲ့ အာနာပါန ကမ္မဋ္ဌာန်းဟာ သင့်လျော်တယ်။

သဒ္ဓါစရိုက်ရှိသူက နဂိုထဲက သဒ္ဓါတရားရှိပြီးသားဆိုတော့ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ တို့ဟာ သဒ္ဓါစရိုက်ရှိသူတွေနဲ့ သင့်လျော်တယ်။

ဗုဒ္ဓိစရိုက် (ပညာစရိုက်) ရှိသူတွေနဲ့ လျော်တာတွေက မရဏာသတိတဲ့၊ ပညာသုံးပြီးတော့ သေခြင်းတရားကို ရှုရတာ၊ ပညာနည်းတဲ့သူ မရဏာသတိ အားထုတ်ရင် သေမှာကြောက်လာတတ်တယ်၊ အမှန်တော့ မရဏာသတိအားထုတ်ရင် သေမှာမကြောက်တော့ဘူး၊ ဒါပေမယ်လို့ ကိုယ်က ဉာဏ်မသုံးဘူး, ဉာဏ်နည်းရင် သေမှာကြောက်လာတယ်၊ ဒါကြောင့်မို့ ဉာဏ်လိုတယ်။

ဥပသမာနုဿတိ၊ ဒါက နိဗ္ဗာန်အာရုံပြုရတာ၊ အလွန်ခဲယဉ်းတယ်၊ ဉာဏ်ပါမှဖြစ်မယ်၊ အာဟာရေပဋိကူလသညာ၊ ဒီအတိုင်းပဲ ခုနပြောခဲ့သလို သွားရတာနဲ့ ရှာရတာနဲ့ စားရတာနဲ့ စသည်ဖြင့် ဆင်ခြင်တယ်ဆိုရင် ဉာဏ်သုံးပြီး ဆင်ခြင်ရတယ်၊ စတုဓာတုဝဝတ္ထာန်လည်း ဒီအတိုင်းပဲ၊ ပထဝီ, အာပေါ, တေဇော, ဝါယော ခွဲခြားပြီး ရှုဆင်ခြင်နိုင်တယ်ဆိုရင် ဉာဏ်ပါမှဖြစ်တယ်၊ ဒါကြောင့်မို့ အဲဒါတွေဟာ ဗုဒ္ဓိစရိုက်နဲ့ လျော်တယ်။

ကျန်တာတွေကတော့ စရိုက် ၆-ပါးလုံးနဲ့ လျော်ပါတယ်၊ ပထဝီကသိုဏ်း, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောကကသိုဏ်း၊ အာရုပ္ပ ၄-ပါးတဲ့။

မောဟနဲ့ ဝိတက်မှာ ဘယ်လိုကွာသေးလဲဆိုရင် အကယ်၍ ကသိုဏ်းတို့ ဘာတို့အားထုတ်တဲ့အခါမှာ မောဟစရိုက်ရှိတဲ့သူက ဘယ်လိုကသိုဏ်းမျိုး, ဝိတက်စရိုက်ရှိတဲ့သူက ဘယ်လိုကသိုဏ်းမျိုး, အဲဒါကို သင်္ဂြိုဟ်မှာ ပြောထားတာရှိတယ်။

မောဟစရိုက်ရှိသူအတွက် ကျယ်ပြန့်သော ကသိုဏ်းနဲ့လျော်တယ်တဲ့, ကသိုဏ်းကြီးကြီးပေါ့လေ၊ ဝိတက်စရိုက်ရှိသူအတွက်ကသိုဏ်းသေးသေးနဲ့လျော်

http://www.dhammadownload.com



တယ်၊ စဉ်းစားများတဲ့သူဆိုတော့ ခပ်သေးသေးနဲ့ထားမှ ရမှာပေါ့၊ မောဟရှိပြီး တွေဝေတဲ့သူကတော့ ကိစ္စမရှိဘူး၊ ကသိုဏ်းကျယ်မှ ကြီးမှရတယ်။

ကောင်းပြီ၊ အခုခေတ် ကမ္မဋ္ဌာန်း ဆရာတွေက ဘယ်သူလာလာ ထွက်သက်ဝင်သက် ရှုပါလို့ ခိုင်းနေတယ်၊ အဲဒါ ဘယ့်နှယ်သဘောရသလဲ၊ ကိစ္စမရှိဘူး ဒါရတယ်။

အခုလို အသုဘ ၁၀-ပါး၊ ကာယဂတာသတိဟာ ရာဂစရိုက်ရှိသူနဲ့လျော်တယ်၊ အပ္ပမညာ ၄-ပါးဟာ ဒေါသစရိုက်ရှိသူနဲ့ လျော်တယ်ပြောတာကတော့ အကောင်းဆုံးကိုပြောတာ၊ သူတို့က ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ကို အားထုတ်ရင် တကယ့်ကို ရာဂကို ပယ်နိုင်မယ်၊ ဒေါသကို ပယ်နိုင်မယ်၊ အဲဒီလို ဆန့်ကျင်ဘက်ဖြစ်ပြီး အကောင်းဆုံးဖြစ်တဲ့ အတွက်ကြောင့် ပြောထားတာ။

ဒါပေမယ်လို့ ကမ္မဋ္ဌာန်းမှန်ရင် ဘယ်ကမ္မဋ္ဌာန်းမဆို နီဝရဏတွေကို မငြိမ်းစေနိုင်တဲ့ ကမ္မဋ္ဌာန်း မရှိဘူး၊ ရာဂ, ဒေါသ, မောဟကို နည်းအောင် မလုပ်နိုင်တဲ့ ကမ္မဋ္ဌာန်း မရှိဘူး၊ အဲဒါကြောင့်မို့ သာမညအားဖြင့်ပြောမယ်ဆိုရင် ဘယ်သူမဆို ဘယ်ကမ္မဋ္ဌာန်းကိုပဲ အားထုတ်, အားထုတ် ရတယ်။

သို့သော်ပိုပြီး အကျိုးများချင်တယ်, ပိုပြီးတော့ effective ဖြစ်ချင်တယ် ဆိုရင်တော့ ကိုယ်နဲ့လျော်တဲ့ ကမ္မဋ္ဌာန်းရွေးပြီး အားထုတ်ရင် ပိုပြီးတော့ မြန်မြန်ပေါက်ရောက်နိုင်တယ်လို့ ဆိုလိုတယ်။

ဒါကြောင့်မို့ ဒီဟာနဲ့ မကိုက်ညီဘူးဆိုပြီးတော့ အပြစ်မတင်မိကြစေနဲ့၊ ဒီမှာဆိုထားတာက အာနာပါန, မောဟစရိုက်, ဝိတက်စရိုက်ရှိသူတွေနဲ့သာ လျော်တယ်လို့ ဆိုထားတယ်။

http://www.dhammadownload.com



## ကမ္မဋ္ဌာန်း ၄၀ ကို ဘာဝနာ ၃ ပါးနှင့် တွဲစပ်ပုံ

ဘာဝနာသည် (၁) ပရိကမ္မဘာဝနာ (၂) ဥပစာရဘာဝနာ (၃) အပ္ပနာဘာဝနာဟု ၃-ပါး အပြားရှိ၏။

(၁) ပရိကမ္မဘာဝနာ = ကသိုဏ်းဝန်းပရိကမ္မနိမိတ်ကို အာရုံပြု၍ အကြိမ်များစွာ "ပထဝီ, ပထဝီ" စသည်ဖြင့် မှန်းဆကြည့်ရှု ပွားများသော ဘာဝနာ။

(၂) ဥပစာရဘာဝနာ = ထင်လာသောဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ရှေးကထက် တည်တည်ကြည်ကြည် သမာဓိရစွာ ပွားများသော ဘာဝနာ။

(၃) အပ္ပနာဘာဝနာ = ပဋိဘာဂနိမိတ်ပေါ်လာသောအခါ နီဝရဏတရားများ ကင်းကွာကာ ဝိတက်စသော ဈာန်အင်္ဂါတို့ မိမိတို့ ဆိုင်ရာကိစ္စကို ဆောင်ရွက်နိုင်သော ဘာဝနာ။

ပရိကမ္မဘာဝနာသည် အလုံးစုံသော သမထကမ္မဋ္ဌာန်း ၄၀-တို့၌ ဖြစ်နိုင်၏၊ တစ်စုံတစ်ခုသော သမထမျှသည် ပရိကမ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့်တည်း။

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, ဟူသော အနုဿတိ ၈-ပါးနှင့် အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်အားဖြင့် ၁၀-ပါးသည် ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာ ၂-ပါးရ၏၊ အပ္ပနာဘာဝနာကို မရနိုင်။ အကြောင်းကား ဗုဒ္ဓါနုဿတိ (ပ) ဥပသမာနုဿတိဟူသော အနုဿတိ ၆-ပါး တို့သည် အလွန်တရာနက်နဲသောဂုဏ်တော်ဖြသော အာရုံရှိသောကြောင့် တည်တံ့ခြင်းဟု မစွမ်းနိုင်အောင် နက်နဲသောကြောင့် အပ္ပနာဘာဝနာမဖြစ်နိုင်ချေ။ မရဏာနုဿတိသည် ထိတ်လန့်ကြောက်ရွံ့အပ်သော သဘောတရားဖြစ်သောကြောင့် အပ္ပနာကို မဖြစ်စေနိုင်၊ အာဟာရေပဋိကူလသညာနှင့် စတုဓာတုဝဝတ္ထာန်တို့ သည်ကား တရားသဘောအားဖြင့် အလွန်တရာ နက်နဲသောကြောင့် အပ္ပနာကို မဖြစ်နိုင်။

ကြွင်းကမ္မဋ္ဌာန်း ၃၀-သည် ဘာဝနာ ၃-ပါးစလုံးရ၏၊ ထိုကမ္မဋ္ဌာန်း ၃၀-တွင် ကသိုဏ်း ၁၀-ပါးနှင့် အာနာပါနဿတိ ပေါင်း ၁၀-ပါးသည် ဈာန် ၅-ပါး စလုံးကို ရနိုင်၏။

အသုဘ ၁၀-ပါးနှင့်ကာယဂတာသတိ ပေါင်း ၁၁-ပါးသည် ပထမဈာန်ကို

http://www.dhammadownload.com



သာရနိုင်၏။

မေတ္တာ, ကရုဏာ, မုဒိတာ ပေါင်း ၃–ပါးသည် စတုတ္ထဈာန်တိုင်အောင် ရနိုင်၏။

ဥပေက္ခာကမ္မဋ္ဌာန်းသည် ပဉ္စမဈာန်ကိုသာ ရနိုင်၏၊ ဤကား ရူပါဝစရဈာန်ကို ရနိုင်သော ကမ္မဋ္ဌာန်း ၂၆–ပါးတည်း။

အာရုပ္ပကမ္မဋ္ဌာန်း ၄–ပါးတို့သည် အစဉ်အတိုင်း အရူပဈာန် ၄–ပါးကို ရစေနိုင်၏။

## ကမ္မဋ္ဌာန်း ၄၀ ကို နိမိတ် ၃ ပါးနှင့် တွဲစပ်ပုံ

နိမိတ်သည် ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ဟူ၍ ၃ ပါးအပြား ရှိ၏။

(၁) ပရိကမ္မနိမိတ် = ကသိုဏ်းဝန်းစသော အာရုံတစ်ခုခုရအောင် အားထုတ်ရာ၌ စစွာ ရှုမြင်သော အာရုံ။

(၂) ဥဂ္ဂဟနိမိတ် = မျက်စိဖွင့်၍ ကြည့်ရာ၌ မြင်ရသလို စိတ်ထဲမှာ ထင်ရှားစွာ ပေါ်လာသော အာရုံ။

(၃) ပဋိဘာဂနိမိတ် = ဥဂ္ဂဟနိမိတ်နှင့် သဏ္ဌာန်တူစွာ ၎င်းထက်အဆပေါင်းများစွာ ကြည်နူးဖွယ်ကြည်လင်စွာပေါ်လာသော အာရုံ။

နိမိတ် ၃–ပါးနှင့် ဘာဝနာ ၃–ပါးတွဲစပ်ပုံမှာ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် ၂–ပါးကို ပရိကမ္မဘာဝနာနှင့်တွဲ၊ ပဋိဘာဂနိမိတ်ကို ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ ၂–ပါးနှင့်တွဲလေ။

ကမ္မဋ္ဌာန်း ၄၀–စလုံး၌ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့ကို ရနိုင်သည်။ ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ ပေါင်း ၂၂ ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကို ရနိုင်သည်။

**ဈာန်ဖြစ်ပေါ်ပုံ။** ။ဥဂ္ဂဟနိမိတ်ထင်ပြီးနောက် ၎င်းနိမိတ်ကို အဖန်ဖန် အထပ်ထပ် ဆင်ခြင်ပွားများသော ယောဂီပုဂ္ဂိုလ်အား အစဉ်အတိုင်း နီဝရဏတရားတို့သည် ကင်းကွာကုန်၏၊ ထိုအခါ ဥဂ္ဂဟနိမိတ်ထက် အဆများစွာ စင်ကြယ်သော ပဋိဘာဂနိမိတ်သည် ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုပဋိဘာဂနိမိတ်ထင်ပြီး ၎င်းနိမိတ်ကိုပင် အဖန်ဖန် အထပ်ထပ်ပွားများသော ယောဂီပုဂ္ဂိုလ်အား ရူပါဝစရပဌမ အပ္ပနာဈာန်သည် ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



ထိုသို့ ပထမဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် မိမိရရှိသောဈာန်၌ ပိုင်နိုင်ခြင်း စသည်ဖြစ်အောင် ဝသီဘော်ငါးပါးဖြင့် လေ့လာရသည်။

**ဝသီဘော် ၅ ပါး**

၁။ အာဝဇ္ဇနဝသီဘော် = ဈာန်အင်္ဂါကို ဘဝင်အနည်းငယ်ခြား၍ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ဆင်ခြင်မှု။

၂။ သမာပဇ္ဇနဝသီဘော် = ဈာန်ဝင်စားလိုလတ်သော် လျှင်မြန်စွာ ဝင်စားခြင်းငှာ စွမ်းနိုင်မှု။

၃။ အဓိဋ္ဌာနဝသီဘော် = မိမိအလိုရှိသမျှကာလကြာအောင် ဈာန်အစဉ်ကို ထားနိုင်မှု။

၄။ ဝုဋ္ဌာနဝသီဘော် = ဝင်စားသောဈာန်မှ မိမိထလိုသောအခါ၌ မိမိအလိုရှိတိုင်း ထခြင်းငှာ စွမ်းနိုင်မှု။

၅။ ပစ္စဝေက္ခဏာဝသီဘော်= ဈာန်အင်္ဂါတို့ကို လျင်မြန်စွာ အထပ်ထပ် ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇောစိတ်ဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်မှု။

အာဝဇ္ဇနဝသီဘော်ပြောက်လျှင် ပစ္စဝေက္ခဏာဝသီဘော်လည်း ပြီးစီးတော့၏၊ အမြန်ဆုံးဆင်ခြင်နိုင်သော မနောဒွါရာဝဇ္ဇန်း၏ သတ္တိကို အာဝဇ္ဇနဝသီဘော်ဟုဆို၏၊ ပစ္စဝေက္ခဏာဇော၏သတ္တိကို ပစ္စဝေက္ခဏာဝသီဘော်ဟု ဆို၏။

**မှတ်ချက်။** ။အာဒိကမ္မိကဝိထိ ဝသီဘော်ဝိထိများကျပုံကို ဝိထိပိုင်း၌ဆိုခဲ့ပြီ။

**ဒုတိယဈာန် စသည်ရပုံမှာ။** ။ဝိတက်စသော ရှေးရှေးသော ဈာနင်ကို ပယ်စွန့်၍ အဖန်ဖန်တလဲလဲ ပွားများဆင်ခြင်သည်ရှိသော် ဒုတိယဈာန် (ပ) ပဉ္စမဈာန်စသည်တို့ ဖြစ်ပေါ်လာကုန်၏။

အထက်ဈာန်သို့ တက်လိုသောယောဂီသည် ရအပ်ပြီးသောဈာန်ကို ဝသီဘော်ပေါက်အောင် လေ့လာအားထုတ်ရသည်။ ထိုကဲ့သို့ မလေ့လာပဲနေက ရပြီးသောဈာန်သည်ပင် အသားမကျခင် ပစ်ထားမိသဖြင့် ပျောက်ကွယ်သွားတတ်သည်။

## အာရုပ္ပဈာန်တက်စန်း

ကရဇကာယရုပ်တရားအပေါ်၌ အပြစ်မြင်၍ အရူပဘုံသို့ရောက်ရန် အာကာသာနဉ္စာယတနဈာန်ကို အလိုရှိသော ယောဂီသည် ရူပဈာန်၏ အာရုံဖြစ်သော

http://www.dhammadownload.com



ကသိုဏ်းရုပ်ကိုပင် စက်ဆုပ်လေတော့၏။ ဤသို့ ကရဇကာယနှင့် ကသိုဏ်းကိုပါ ငြောက်ရွံ့မုန်းတီးသော ယောဂီသည် ရူပပဥ္စမဈာန်ကို ဝသီဘော်မြောက်အောင် လေ့လာဝင်စားပြီးနောက် အာကာသကသိုဏ်းမှ တပါးသော ကသိုဏ်း ၉-ပါး တို့တွင် တစ်ပါးပါးကို ပဋိဘာဂနိမိတ်ထင်အောင် နှလုံးသွင်း၏၊ ထိုအခါ ထင်နေသော ကသိုဏ်းဝန်းကို အာရုံမပြုတော့ဘဲ ကသိုဏ်းဝန်းပျံ့နှံ့ရာအရပ်ကို "အာကာသောအနန္တော၊ အာကာသောအနန္တော"ဟု ကောင်းကင်ကိုသာ အရုံပြုလျက် ပရိကမ္မဘာဝနာဖြင့် အထပ်ထပ်နှလုံးသွင်းလတ်သော် ပဋ္ဌမာရုပ္ပဝိညာဏ်ခေါ်သော အာကာသာနဉ္စာယတနဈာန် အပ္ပနာဖြစ်ပေါ်လာလေသည်။

အာကာသာနဉ္စာယတနဈာန်ကို အဖန်ဖန်ဝင်စား၍ အသားကျသည့်အခါ ဝိညာဏဉ္စာယတနဈာန်ကို အလိုရှိသော ယောဂီသည် ပဋ္ဌမာရုပ္ပဈာန်ကို အပြစ်ရှုပြီးလျှင် ကောင်းကင်ပညတ်ကို အာရုံမပြုတော့ဘဲ၊ ပဋ္ဌမာရုပ္ပဝိညာဏ်ကို အာရုံပြုကာ၊ ဝိညာဏ အနန္တံဟု အဖန်ဖန်ပွားများလတ်တော် ဒုတိယာရုပ္ပဝိညာဏ်ခေါ်သော ဝိညာဏဉ္စာယတနဈာန် ဖြစ်ပေါ်လာ၏။

ဝိညာဏဉ္စာယတနဈာန်ကို အဖန်ဖန်ဝင်စား၍ အသားကျသည့်အခါ အာကိဉ္စညာယတနဈာန်ကို ရှိသောယောဂီသည် ဒုတိယာရုပ္ပဈာန်ကို အပြစ်ရှုပြီးလျှင် ဝိညာဏဉ္စာယတနဈာန်၏အာရုံဖြစ်သော အာကာသာနဉ္စာ ယတနဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကိုအာရုံပြု၏၊ "နတ္ထိကိဉ္စိ နတ္ထိကိဉ္စိ"ဟု စီးဖြန်းဖန်များလတ်သော် တတိယာ ရုပ္ပဝိညာဏ်ခေါ်သော အာကိဉ္စညာယတနဈာန် ဖြစ်ပေါ်လာ၏။

အာကိဉ္စညာယတနဈာန်ကို အဖန်ဖန်ဝင်စား၍ အသားကျသည့်အခါ၊ နေဝသညာ နာသညာယတနဈာန်ကို အလိုရှိသော ယောဂီသည် တတိယာရုပ္ပဈာန်ကို အပြစ်ရှုပြီးလျှင် နတ္ထိဘောပညတ်ကို အာရုံမပြုတော့ပဲ တတိယာရုပ္ပဈာန်ကိုအာရုံပြုကာ၊ သန္တ မေတံ, ပဏီတမေတံ အဖန်ဖန်ပွားများအပ်သော် စတုတ္ထာရုပ္ပဝိညာဏ်ခေါ်သော နေဝသညာနာသညာယတနဈာန် ဖြစ်ပေါ်လာ၏။

(အဘိညာဉ်ဝင်စားပုံနှင့် ဝိထိကျပုံတို့ကို ဝိထိပိုင်း၌ ပြဆိုခဲ့ပြီး ပြစ်သည်။)

## ၂၆ ဘုံ၌ရကြသော သမထကမ္မဋ္ဌာန်းများ

လူ့ဘုံ၌ သမထကမ္မဋ္ဌာန်း ၄၀-စလုံးရ၏၊ နတ်ပြည် ၆-ထပ်၌ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ, အာဟာရေပဋိကူလသညာ ပေါင်း ၁၂-ကြဉ် ၂၈-

http://www.dhammadownload.com



ပါးရ၏၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ အသုဘ ၁၀-ပါး၊ ကာယ ဂတာသတိ, အာနာပါနဿတိ, အာဟာရေပဋိကူလသညာ ပေါင်း ၁၃- ကြဉ်, ၂၇ ပါးရ၏။ (သခ်ါရ ယမိုက်အရ အဿာသ, ပဿာသသည် ရူပဗြဟ္မာများမှာ မဖြစ်။) အာကာဘုံ၌ အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါးရ၏။ ဝိညာဘုံ၌ အာကာချာန်ကြဉ် ၃-ပါးရ၏။ အာကိံဘုံ၌ အာကာ, ဝိညာချာန်ကြဉ် ၂-ပါးရ၏။ နေဝဘုံ၌နေဝချာန် ၁-ပါးသာရ၏။

* * *

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၅၃

## [ကမ္မဋ္ဌာန်းပိုင်း]

## သမထကမ္မဋ္ဌာန်း

ဒီနေ့ နိဝင်ဘာလ ၄-ရက်နေ့။

ကမ္မဋ္ဌာန်းပိုင်းရှေ့ဆက်ကြမယ်၊ လွန်ခဲ့တဲ့အပတ်က သမထကမ္မဋ္ဌာန်း-၄၀ ရယ်, ပြီးတော့ စရိုက် ၆-ပါးရယ်၊ ဘယ်စရိုက်ရှိတဲ့သူ ဘယ်ကမ္မဋ္ဌာန်းနဲ့ လျော်တယ်ဆိုတာရယ် အဲဒါပြီးသွားပြီ။

ဒီနေ့ကစပြီး တကယ်ကမ္မဋ္ဌာန်းထိုင်တဲ့ အခန်းရောက်ပြီပေါ့၊ ရှေးဦးစွာ သမထကမ္မဋ္ဌာန်း ၄၀-ထဲက ကသိုဏ်းပဲ ပြောကြပါစို့။

အဲဒီတော့ ကမ္မဋ္ဌာန်း အားထုတ်တော့မယ်ဆိုရင် ရဟန်းဖြစ်ဖြစ်, လူဖြစ်ဖြစ် ပထမ ဘာအရေးကြီးဆုံးလဲဆိုရင် သီလစင်ကြယ်အောင်လုပ်ဖို့ အရေးကြီးတယ်၊ ရဟန်းဖြစ်လည်း ရဟန်းသီလစင်ကြယ်အောင်, လူဖြစ်လည်းငါးပါးသီလ (အနည်းဆုံး) စင်ကြယ်အောင် လုပ်ကြရမယ်။

ဘာကြောင့်လဲဆိုတော့ သီလစင်ကြယ်မှုမရှိပဲနဲ့ တရားအားထုတ်ရင် သမာဓိ မဖြစ်နိုင်ဘူး၊ သမာဓိမဖြစ်ရင် ပညာမရဘူး၊ ဒါကြောင့်မို့ ပထမဆုံး ရဟန်းဖြစ်ရင်

http://www.dhammadownload.com



လည်း စတုပါရိသုဒ္ဓိဆိုတဲ့ သီလ ၄–မျိုးကို စင်ကြယ်အောင် လုပ်ရမယ်၊ လူ ဆိုရင်လည်း ၅ ပါးသီလပေါ့လေ၊ ဒီထက်တတ်နိုင်ရင် ၈–ပါးသီလယူပြီးတော့ အားထုတ်ရမယ်။

အဲသလို သီလစင်ကြယ်အောင် လုပ်ပြီးတဲ့နောက် ပလိဗောဂတွေ ဖြတ်ရတယ်၊ ဝိသုဒ္ဓိမဂ်မှာ ဒါတွေအရှည်ကြီး ရေးထားတယ်၊ ကြောင့်ကျမှုလေးတွေရှိရင် တရား ထိုင်တဲ့အခါ အနှောင့်အယှက်ဖြစ်မှာ၊ ဒါကြောင့်မို့ အဲဒီကြောင့်ကျမှုတွေကိုလည်း ပယ်ဖြတ်ရမယ်။

အဲသလိုဖြတ်ပြီးတဲ့နောက် ဆရာရှာရမယ်၊ (စာထဲမှာ မိတ်ဆွေကောင်း ဆိုလိုတယ်) အဲဒီဆရာ့ထံမှာ အားထုတ်ရမယ်၊ စာအုပ်ဖတ်ပြီး ကိုယ့်ဟာကိုယ် အားထုတ်ရင်ကော မဖြစ်ဘူးလားလို့ မေးစရာရှိတယ်၊ ဖြစ်သလောက်တော့ဖြစ်တယ် ပေါ့လေ၊ ဒါပေမယ်လို့ ဆရာနဲ့ အားထုတ်တာလောက် အချိုးမကျနိုင်ဘူး။

အဲဒီနောက်မှာ ဆရာထံက ဘယ်လို တရားထိုင်ရမယ်ဆိုတာ ကမ္မဋ္ဌာန်း သင်ယူရမယ်၊ နည်းလမ်းညွှန်ကြားချက်ယူရမယ်၊ အဲသလို ညွှန်ကြားချက် ယူပြီးတော့ ကမ္မဋ္ဌာန်းထိုင်မယ်, တရားထိုင်မယ်ဆိုပါတော့။

အဲသလိုထိုင်တော့ ပထဝီကသိုဏ်းပြောကြစို့၊ သမထကမ္မဋ္ဌာန်းထဲက ပထမဆုံးဟာ ပထဝီကသိုဏ်းမဟုတ်လား၊ ပထဝီကသိုဏ်း အားထုတ်တော့မယ်ဆိုရင် ရှေးရှေးဘဝက အထုံပါလာခဲ့မယ်ဆိုရင် ပထဝီကသိုဏ်းဝန်း လုပ်စရာ မလိုတော့ဘူး၊ မြေကြီးကြည့်ပြီး ပထဝီ, ပထဝီ ပွားများတာနဲ့ပဲ နိမိတ်တွေ ရောက်လာနိုင်တယ်။

အဲသလို ရှေးဘဝက အထုံမရှိခဲ့ဘူး၊ ပါရမီ မပါခဲ့ဘူးဆိုရင်တော့ သေသေချာချာ လုပ်ရမှာဆိုတော့ ပထမကသိုဏ်းဝန်း လုပ်ရတယ်၊ ကသိုဏ်ဝန်းဆိုတာ ပိတ်ကို ကား ဘောင်ကျက်, ကားဘောင်ပေါ်မှာ မြေကြီး (ရွှံ့) အရဏ်အဆင်းဆိုတော့ ခပ်နီပြေပြေပေါ့၊ ရွှံ့စေးနီ လိုက်ရှာရမယ်၊ အဲဒါနဲ့တစ်ထွာလက်လေးသစ် လောက်ရှိတဲ့ စက်ဝိုင်းလိုလုပ်ပြီး အဝတ်ပေါ်ရွှံ့သုတ်ရမယ်၊ ကျကျနန ချောချောမောမော လေးလုပ်ပြီးတော့မှ အဲဒီဟာကိုယူ, ဆိတ်ငြိမ်တဲ့ တစ်နေရာကိုသွား၊ အဲဒီမှာမနိမ့်လွန်း, မမြင့်လွန်း, မနီးလွန်း, မဝေးလွန်းတဲ့ နေရာမှာထား၊ အဲသလို ထားပြီးတော့ ကသိုဏ်းဝန်းကိုကြည့်ပြီး ပထဝီ, ပထဝီ, မြေကြီး မြေကြီးဆိုပြီး ကသိုဏ်းဝန်း တစ်ခုလုံးကို စိတ်နဲ့ခြုံထားရတယ်၊ စိတ်ဟာ ကသိုဏ်းဝန်းအပြင်ဘက် မထွက်အောင် လုပ်ရတယ်။

အဲသလိုလုပ်ရာ ပွားများရာကနေပြီး မျက်စိမှိတ်ကြည့်လိုက်, ပြန်ဖွင့်လိုက်၊

http://www.dhammadownload.com



မှိတ်ကြည့်လိုက်, ဖွင့်လိုက်နဲ့ နေရင်း မျက်စိမှိတ်ထားပေမယ့် မျက်စိဖွင့်ထားတုန်းကလို မြင်နေပြီဆိုရင် နိမိတ်ရတယ်လို့ ဆိုရတယ်၊ နိမိတ်နဲ့ ဘာဝနာနဲ့တွဲမလို့ အခြေခံလေး ပြောနေတာ။

အားထုတ်မှုကို ဘာဝနာခေါ်တယ်၊ ကမ္မဋ္ဌာန်းအာရုံကို နိမိတ်လို့ခေါ်တယ်၊ အဲသလို နိမိတ်နဲ့ ဘာဝနာနဲ့ရှိတယ်၊ ပထဝီကသိုဏ်းပြောမယ်ဆိုရင် နိမိတ်လို့ ခေါ်တယ်၊ အစပိုင်းမှာ သူ့ကို ဘာနိမိတ်ခေါ်သလဲဆိုရင် ပရိကမ္မနိမိတ်လို့ခေါ်တယ်။

ပရိကမ္မဆိုတာ preliminary ပေါ့လေ၊ ဥဂ္ဂနိမိတ် မရောက်ခင် ရှေးဦးနိမိတ် မျိုးပေါ့၊ ပထမအားထုတ်စ နိမိတ်၊ အဲဒီပရိကမ္မနိမိတ်ကို အာရုံပြုပွားများတဲ့ ဘာဝနာကို ပရိကမ္မဘာဝနာလို့ခေါ်တယ်၊ အစစွာသော အားထုတ်မှုဆိုကြပါစို့။

ခုနလိုအားထုတ်လာလို့ ရက်လချိုကြာလာတဲ့အခါ မျက်စိနဲ့ဖွင့်ကြည့်သလိုပဲ (မျက်စိမှိတ်ထားပေမယ့်) စိတ်ထဲမှာ ထင်ပေါ်လာပြီ၊, စွဲမြဲလာပြီ အာရုံရလာပြီဆိုရင် အဲဒီအာရုံကို ဥဂ္ဂဟနိမိတ်လို့ခေါ်တယ်။

ဥဂ္ဂဟဆိုတာ ဖမ်းယူပြီးပြီပေါ့လေ၊ ဆုပ်ကိုင်ပြီးပြီ စိတ်ထဲမှာ ဖမ်းထားပြီးပြီ ဆိုတဲ့ အဓိပ္ပာယ်၊ ဓာတ်ပုံရိုက်လိုက်တဲ့အခါမှာ negative မှာ ထင်သွားသလိုပေါ့၊ ဒါကို ဥဂ္ဂဟနိမိတ်လို့ခေါ်တယ်။

အဲဒီဥဂ္ဂဟနိမိတ်ရသည့်တိုင်အောင်လည်း ဘာဝနာအနေနဲ့ကတော့ ပရိကမ္မ ဘာဝနာပဲ ရှိသေးတယ်၊ တိုးတော့တိုးတက်လာတယ်၊ ဒါပေမယ့် ဘာဝနာက ပရိကမ္မဘာဝနာပဲ။

ပရိကမ္မအခိုက်အတန့်တုန်းကထက် ဥဂ္ဂဟ အခိုက်အတန့်ကျတော့ ပရိကမ္မ ဘာဝနာက (ပရိကမ္မသမာဓိက) ပိုပြီးအားကောင်းလာတယ်၊ စထိုင်စတုန်းကတော့ သမာဓိဟာ အားမကောင်းဘူး၊ စိတ်ဟာ ခဏခဏ ထွက်သွားမယ်၊ နောက်တော့ တဖြည်းဖြည်းနဲ့ သမာဓိရလာတော့ စိတ်တည်ကြည်ပြီး အားကောင်းလာတယ်၊ အဲဒီလို သမာဓိအားကောင်းလာတဲ့အခါမှ ဥဂ္ဂဟနိမိတ် ပေါ်လာတယ်။

ဥဂ္ဂဟနိမိတ်ပေါ်လာတဲ့အခါကျတော့ မူလကသိုဏ်းဝန်းကိုကြည့်စရာ မလိုတော့ဘူး၊ ပြီးတော့ကသိုဏ်းရှတဲ့နေရာ သွားထိုင်စရာလည်း မလိုတော့ဘူး၊ ကိုယ့်နေရာ ကိုယ်ပြန်ထိုင်လည်းရပြီ၊ ဘာကြောင့်လဲဆိုတော့ စိတ်နဲ့မှန်းလိုက်ရင် စိတ်ထဲ ဒီအာရုံပေါ်လာမှာကိုး။

အဲသလို ဥဂ္ဂဟနိမိတ်ရတဲ့အချိန်ကစပြီးတော့ (ပရိကမ္မ နိမိတ်မရှိတော့ဘူး) အဲဒီဥဂ္ဂဟနိမိတ်ကိုပဲအာရုံပြုပြီးတော့ ထပ်ပြီးတော့ ပထဝီ, ပထဝီနဲ့ပွားများရပြန်တာပဲ။

http://www.dhammadownload.com



အဲသလို ပွားများနေတုန်းမှာ အကြောင်းတစ်စုံတစ်ခုကြောင့် ဥဂ္ဂဟနိမိတ် ပျောက်သွားမယ်၊ ပျောက်သွားရင် ကသိုဏ်းဝန်းဆီပြန်သွားပြီး ရှုအုံးပေါ့လေ၊ အဲသလိုပဲလုပ်ရမယ်။

အဲသလိုလုပ်လို့ ဥဂ္ဂဟနိမိတ် မပျောက်တော့ဘူး၊ စွဲစွဲမြဲမြဲဖြစ်နေပြီဆိုရင် အဲဒီ ဥဂ္ဂဟနိမိတ်ကိုပဲ အာရုံပြုပြီးတော့ ဆက်လက်ပြီး ပထဝီ၊ ပထဝီ သို့မဟုတ် မြေကြီး၊ မြေကြီးနဲ့ ပွားများသွားရမယ်။

အဲသလို ပွားများလို့ သမာဓိ ပိုအားကောင်းလာတဲ့အခါကျတော့ အဲဒီဥဂ္ဂဟ နိမိတ်အတိုင်းပဲ ဥဂ္ဂဟနိမိတ်ထက် အဆပေါင်းများစွာ ကြည်လင်သန့်ရှင်းတဲ့ နိမိတ်တစ်ခုပေါ်လာတယ်။

ဆိုလိုတာကတော့ စောစောကထင်နေတဲ့ ဥဂ္ဂဟနိမိတ်ဟာ refineဖြစ်လာ တယ်၊ ဥဂ္ဂဟနိမိတ် အခိုက်အတံ့တုန်းက ကသိုဏ်းဝန်းပေါ်မှာ အပြစ်ကလေးတွေ ချို့ယွင်းချက်ကလေးတွေ ရှိတတ်တယ်၊ အဲဒီချို့ယွင်းချက်ကလေးတွေ ရှိရင် ရှိတဲ့အတိုင်း လက်ရာထင်နေတာ၊ အမှိုက်ကလေး ကပ်နေတာမျိုးရှိချင် ရှိမယ်၊ ရှိရင် သူ့အတိုင်းပဲသာမြင်။

ပဋိဘာဂနိမိတ် အခိုက်အတန့်ကျတော့ အဲဒါတွေ မရှိတော့ဘူး၊ ချောသွားပြီ၊ လုံးဝဖြူစင်သန့်ရှင်းပြီးတော့ (စာမှာဆိုထားတာက) လပြည့်နေ့လဝန်းလို ကြည်ကြည် လင်လင်၊ သို့မဟုတ် တိမ်ညိုနောက်ခံမှာ ဗျိုင်းများပျံနေတာ မြင်ရသလို အဲဒီလို ထင်နေတယ်။

သို့မဟုတ်လည်း (ရေးတုန်းက ကြေးမုံလို့ခေါ်တာပေါ့) ပွတ်တိုက်ထားတဲ့မှန်လို အလွန်ကြည်လင်တဲ့ နိမိတ်ပေါ်လာတယ်၊ အဲသလို ဖြစ်သွားရင် အဲဒီနိမိတ်ကို ပဋိဘာဂနိမိတ်လို့ခေါ်တယ်။

ဥဂ္ဂဟနိမိတ်ထက် ပဋိဘာဂနိမိတ်က အဆပေါင်းများစွာသာပြီး ကြည်လင် သန့်ရှင်းတယ်၊ ဥဂ္ဂဟနိမိတ်နဲ့ ပဋိဘာဂနိမိတ် ဘာထူးသလဲဆိုရင် ဥဂ္ဂဟနိမိတ် အခိုက်အတန့်တုန်းကတော့ ပထဝီကသိုဏ်းမှာ ရှိတာကို ရှိသလိုမြင်တယ်၊ ပဋိဘာဂနိမိတ်ကျတော့ အဲဒီပထဝီကသိုဏ်းမှာရှိတဲ့ အပြစ်တွေ ကွယ်ပျောက်သွားပြီး တော့ လုံးဝသန့်ရှင်းကြည်လင်တဲ့ နိမိတ်ဖြစ်လာတယ်။

အဲဒီပဋိဘာဂနိမိတ် အခိုက်အတန့်ရောက်တဲ့အခါ ဘာဝနာကို ဘာလို့ခေါ်ရ သလဲဆိုတော့ ဥပစာရဘာဝနာတဲ့၊ ဥပစာရဆိုတာ ကပ်နေပြီ၊ နီးနေပြီလို့ဆိုတာ၊ အိမ်ရဲ့ဥပစာ ကျောင်းရဲ့ဥပစာဆိုတာ အိမ်အနီးအနား ကျောင်းအနီးအနားက

http://www.dhammadownload.com



ရေိယာကို ခေါ်တာမျိုးလိုပဲ၊ ဥပစာရဘာဝနာ ဆိုတာ ဈာန်ကိုရောက်တော့မယ်၊ ဈာန်နဲ့ နီးကပ်နေပြီ၊ ဈာန်ရဲ့အနီးအပါးရောက်တော့မယ် ဆိုလိုတယ်။

ပဋိဘာဂနိမိတ်ရတဲ့အခါမှ ဥပစာရဘာဝနာဖြစ်လာတယ်၊ ဥပစာရ ဘာဝနာကျတော့ ပရိကမ္မဘာဝနာထက် ပိုပြီးအားကောင်းလာတယ်။

အဲဒီလို ပဋိဘာဂကို ထပ်ပြီး ဥပစာရဘာဝနာနဲ့ ပွားများပြန်တဲ့အခါကျတော့ ရင့်ကျက်လာပြီ အချိန်တန်လာပြီဆိုတော့ ဈာန်စိတ်ထဖြစ်တာပဲ၊ အဲဒီမှာ ဈာန်ရတာဖြစ်သွားတာပဲ။

အဲဒီပဋိဘာဂနိမိတ်ကိုပဲ အာရုံပြုပြီးတော့ ရှေးက ရူပါဝစရ ပထမဈာန် ပေါ်လာတယ်၊ ရူပါဝစရပထမဈာန် ပေါ်လာတဲ့အခါ ဝီထိကျတာ မှတ်မိသေးလား၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူ, ဈာန်, အဲသလို ဝီထိကျပြီး ဈာန်ရသွားတယ်။

ဈာန်ရတဲ့အခါမှာ အဲဒီဈာန်က ပဋိဘာဂနိမိတ်ကိုပဲ အာရုံပြုတယ်၊ အဲဒီတော့ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ဆိုတာ အမှန်တော့ ပညတ်တွေ ပရမတ် မဟုတ်ဘူး၊ ဒါကြောင့် ရူပါဝစရစိတ်ဟာ ဘယ်လို အာရုံပြုသလဲဆိုရင် ပညတ်ကို အာရုံပြုတယ် ပြောရမယ်၊ ဘာပညတ်တွေလည်းဆိုရင် ကသိုဏ်းပညတ် အစရှိတဲ့ ပညတ်တွေကို အာရုံပြုတယ်။

ပထဝီကသိုဏ်းအားထုတ်ပြီးတော့ ပထမဈာန်ရတယ်ဆိုရင် အဲဒီပထမဈာန်ရဲ့ အာရုံဟာ ပထဝီကသိုဏ်းဆိုတဲ့ ပဋိဘာဂနိမိတ်ဖြစ်တယ်။

ဒါကြောင့်မို့ နိမိတ်နဲ့ ဘာဝနာတွဲစပ်တဲ့အခါမှာ ပရိကမ္မနိမိတ်အခိုက်အတန့်မှာ ဘာဝနာက ပရိကမ္မဘာဝနာ၊ဥဂ္ဂဟနိမိတ် အခိုက်အတန့်မှာ ဘာဝနာက ပရိကမ္မပဲရှိသေးတယ်၊ ပဋိဘာဂနိမိတ် အခိုက်အတန့်မှာ ဘာဝနာက ဥပစာရဘာဝနာ၊ ဈာန်ရတဲ့ အခါကျတော့ အပ္ပနာဘာဝနာလို့ခေါ်တယ်။

ဈာန် မဂ်, ဖိုလ်ကို အပ္ပနာလို့ ခေါ်တယ်မဟုတ်လား၊ အပ္ပနာဘာဝနာဆိုတာ ဈာန်ကိုခေါ်တာ, ဈာန်ရတဲ့ အခိုက်အတန့်မှာ နီဝရဏတွေ လုံးဝကင်းသွားပြီးတော့ ဈာန်အင်္ဂါတွေ ပေါ်လာတဲ့ (ဈာန်ရတဲ့)အခါမှာသာ အပ္ပနာဘာဝနာလို့ ခေါ်တယ်။

အဲဒီတော့ ဘာဝနာ ၃-ပါးနဲ့ နိမိတ် ၃-ပါးကို တွဲစပ်တတ်ဖို့ အရေးကြီးတယ်၊ ပြန်ပြောမယ်။

ပရိကမ္မနိမိတ် အခိုက်အတန့်မှာ ပရိကမ္မဘာဝနာ၊ ဥဂ္ဂဟနိမိတ် အခိုက်အတန့်မှာလည်း ပရိကမ္မဘာဝနာပဲရှိသေးတယ်၊ ပဋိဘာဂနိမိတ် အခိုက်အတန့်မှာ

http://www.dhammadownload.com



ဥပစာရဘာဝနာနဲ့ အပ္ပနာဘာဝနာ၊ အဲဒီလို ဟပ်ထားရမယ်၊ ဒါဟာ ပထမဈာန် ရသွားပြီ။

ပထမဈာန် ရပြီးတဲ့နောက် အထက်ဈာန်ကို တက်ချင်ရင် ချက်ချင်းတက်လို့ မရသေးဘူး၊ ပထမဈာန်ကိုပဲ ဝသီဘော် ၅-ပါးနဲ့ လေ့လာရဦးမှာ၊ ပိုင်နိုင်အောင် လုပ်ရဦးမယ်လို့ ဆိုလိုတယ်၊ ဈာန်ပထမလေး တစ်ခါရတာနဲ့ ပိုင်ပိုင်နိုင်နိုင် မဖြစ်သေးဘူး၊ မကျွမ်းကျင်သေးဘူး၊ ရသွားတာပဲ ရှိသေးတယ်။

ဒါကြောင့်မို့ အဲဒီပထမဈာန်ကိုပဲ ဝသီဘော် ၅-ပါးနဲ့ နိုင်နင်းအောင် လေ့လာရမယ်၊ အဲဒီဝသီဘော် ၅-ပါးက-

(၁) **အာဝဇ္ဇနဝသီဘော်** = ဈာန်အင်္ဂါကို ဘဝင်အနည်းငယ်ခြား၍ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင်ဆင်ခြင်မှု၊

ဈာန်ကထပြီးရင် ဈာန်အင်္ဂါတွေဖြစ်တဲ့ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတာတွေကို ဝိထိတစ်ခုနဲ့တစ်ခု ဘဝင်နည်းနည်းလေး ခြားပြီးတော့ ဆင်ခြင်နိုင်မှုပေါ့လေ၊ ဒါကလေ့လာမှုရတာ၊ အလေ့အလာမရှိရင်မရဘူး၊ အာဝဇ္ဇနဝသီဘော်။

(၂) **သမာပဇ္ဇနဝသီဘော်** = ဈာန်ဝင်စားလိုလတ်သော် လျှင်မြန်စွာဝင်စားခြင်းငှာ စွမ်းနိုင်မှု၊

ဈာန်ဝင်စားချင်တယ်ဆိုရင် အကြာကြီး တရားအားထုတ်မနေရပဲ မြန်မြန်ဝင်စားလို့ရအောင် မြန်မြန်ဈာန်စိတ်ပေါ်အောင် လေ့ကျင့်ရတာကို သမာပဇ္ဇနဝသီဘော်။

(၃) **အဓိဋ္ဌာနဝသီဘော်** = မိမိအလိုရှိသမျှ ကာလကြာအောင် ဈာန်အစဉ်ကို ထားနိုင်မှု၊

ဒီဈာန်စိတ်ဟာ ၁-နာရီကြာပါစေဆိုရင် ၁-နာရီလုံးလုံး ဒီဈာန်စိတ်တွေချည်း ဖြစ်နေမယ်၊ ၂-နာရီ ကြာပါစေဆိုရင် ၂-နာရီလုံးလုံး ဒီဈာန်စိတ်တွေ ဖြစ်နေမယ်၊ အဲဒီလို အဓိဋ္ဌာန်ပြုပြီးတော့ ဈာန်စိတ်ကို ထိန်းထားနိုင်တဲ့ အစွမ်းသတ္တိ ရှိတာကို အဓိဋ္ဌာနဝသီဘော်တဲ့။

(၄) **ဝုဋ္ဌာနဝသီဘော်** = ဝင်စားသောဈာန်မှ မိမိထလိုသောအခါ မိမိအလိုရှိတိုင်း ထခြင်းငှာ စွမ်းနိုင်မှု။

ဘယ်အချိန်ဈာန်က ထပါစေလို့ ဆန္ဒပြုတာ၊ အလေ့အလာနည်းနေသေးရင်

http://www.dhammadownload.com



ကိုယ်ထချင်တဲ့အချိန်ထလို့ မရဘူးနဲ့တူတယ်၊ အဲဒါဝုဋ္ဌာနဝသီဘော်၊ ဝုဋ္ဌာနဆိုတာ ဈာန်မှထတာ၊ ဈာန်မှထတယ်ဆိုတာ ဈာန်စိတ်ကနေ ဘဝင်ထိပြီးတော့ တခြား ဝီထိတွေ ကျတာပေါ့လေ၊ အဲဒါကို ဝုဋ္ဌာနခေါ်တယ်၊ အဲဒီလို မိမိထချင်တဲ့အချိန် ဈာန်မှ ထနိုင်တဲ့အစွမ်းကိုဝုဋ္ဌာနဝသီဘော်။

(၅) **ပစ္စဝေက္ခဏဝသီဘော်** = ဈာန်အင်္ဂါတို့ကို လျင်မြန်စွာ အထပ်ထပ်ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇောစိတ်ဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်မှု။

အမှန်ကတော့ အာဝဇ္ဇနဝသီဘော်နဲ့ ပစ္စဝေက္ခဏဝသီဘော်က သိပ်မထူးလှဘူး၊ အာဝဇ္ဇနဝသီ ပိုင်နိုင်ရင် ပစ္စဝေက္ခဏာဝသီပိုင်နိုင်တော့တာပဲ၊ အမြန်ဆုံး ဆင်ခြင်နိုင်သော မနောဒွါရာဝဇ္ဇန်း၏သတ္တိကို အာဝဇ္ဇနဝသီဘော်ဟု ဆို၏၊ ပစ္စဝေက္ခဏာဇော၏ သတ္တိကို ပစ္စဝေက္ခဏဝသီဘော်ဟု ဆို၏တဲ့၊ အမှန်တော့ သိပ်မထူးပါဘူး။

ဒါကြောင့်မို့ ပထမဈာန်ရပြီးတဲ့နောက် ဒုတိယဈာန်တက်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ချက်ချင်းတက်လို့ မရသေးဘူး၊ အဲဒီပထမဈာန်ကို ဝသီဘော် ၅-ပါးနဲ့ ပိုင်ပိုင် နိုင်နိုင်ဖြစ်အောင် လေ့လာရမယ်၊ အမျိုးမျိုးပေါ့၊ မြန်မြန်ဝင်စားလို့ရမယ်၊ ဝင်စားချင် သလောက်ဝင်စားလို့ရမယ်၊ ထချင်တဲ့အချိန်ထလို့ ရမယ်၊ ဈာန်အင်္ဂါတွေ ဆင်ခြင်တဲ့ အခါမှာလည်း မြန်မြန်ဆန်ဆန် ဘဝင်စိတ် သိပ်မခြားပဲနဲ့ ဆင်ခြင်နိုင်မယ်၊ အဲသလို အထပ်ထပ်ပိုင်နိုင်အောင် ပထမဈာန်ကို လေ့လာရမယ်။

အဲဒီလို ပိုင်နိုင်အောင် လေ့လာပြီးတဲ့နောက်မှ ဒုတိယဈာန်, တတိယဈာန် စသည်တက်ရမယ်၊ အဲဒီတော့ ပထမဈာန်ရပြီးတဲ့ ပုဂ္ဂိုလ်က ဒုတိယဈာန်တက်ချင်တဲ့ အခါကျတော့ သူဘာကို အပြစ်ရှုသလဲဆိုတော့ ဝိတက်ကို အပြစ်ရှုတယ်။

ဝိတက်ဟာ အာရုံကိုတင်,တင်ပေးတတ်တော့သူနဲ့ နီးစပ်တယ်ပေါ့လေ၊ ဝိတက်ကင်းတဲ့ဈာန်ဖြစ်ပါစေလို့ ရည်ရွယ်စိတ်ထဲမှာ ပြဋ္ဌာန်းပြီးတော့ ပထဝီ ကသိုဏ်းပြန်ပြီး ပဋိဘာဂနိမိတ်ကို ပြန်လေ့လာတယ်, ပြန်ကမ္မဋ္ဌာန်းထိုင်တယ်။

အဲသလိုထိုင်တဲ့အခါမှာ အချိန်တန်ရင့်ကျက်လာရင် ဒုတိယဈာန် ထဖြစ်တယ်၊ ဒုတိယဈာန်ရပြီးရင် ဒုတိယဈာန်ကို ဝသီဘော် ၅-ပါးနဲ့ ပိုင်နိုင်အောင် လေ့လာ ပြီးရင် တတိယဈာန်တက်မယ်။

တတိယဈာန်တက်ရင် သူက ဝိစာရကို အပြစ်ရှာပြန်တယ်၊ တတိယဈာန် ရပြီးတဲ့နောက်, သူ့ကို ဝသီဘော် ၅-ပါးနဲ့ လေ့လာ, စတုတ္ထဈာန်တက်မယ်၊ ပီတိအပြစ်ရှာတယ်၊ တစ်ခါ စတုတ္ထဈာန်ကနေ ပဉ္စမဈာန်တက်မယ်၊ ဒီလိုပဲ ဝသီဘော် ၅-ပါးနဲ့ အပါးဝအောင်လေ့လာပြီး တက်တဲ့အခါမှာ သုခကို အပြစ်ရှုတယ်၊

http://www.dhammadownload.com



အဲသလို အပြစ်ရှုပြီးတော့ ဝိတက်ပယ်မယ်၊ ဝိစာရပယ်မယ်၊ ပီတိ ပယ်မယ်၊ သုခပယ်မယ်။

အဲသလိုတစ်ခုချင်းပယ် ပယ်သွားလိုက်တာ တစ်ခုချင်း ပဌမဈာန်ကနေပြီး ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန် ဒါတွေဖြစ်သွားတယ်။

အဲဒီတော့ ဈာန်တစ်ခုက တစ်ခုကို တက်ချင်ရင် ရပြီးသားဈာန်ကို ပိုင်နိုင်အောင်လေ့လာပြီးမှ တက်လို့ရတယ်၊ အဲသလို မပိုင်နိုင်ပဲရတာမျှနဲ့ ပစ်ထားလိုက်မယ်ဆိုရင် ဈာန်ပျောက်သွားမှာပဲ၊ ပြန်ပြီးတရားအားထုတ်ယူမှပဲ ပြန်ရမယ်။

အဲဒီလို ဈာန်ရအောင် အားထုတ်တာဟာ ကသိုဏ်းကို object အနေနဲ့ ထားပြီးတော့ အားထုတ်လို့လည်း ဈာန်ရတယ်၊ တခြားဟာတွေလည်း ရှိသေးတယ်၊ နောက်တော့ လာလိမ့်မယ်၊ အဲဒီလို ဈာန် ၅-ပါးရအောင် အားထုတ်ရတယ်၊ ဒါက ရူပါဝစရဈာန် ၅-ပါး။

ရူပါဝစရဈာန် ရပြီးတော့ အရူပါဝစရဈာန် ရချင်တဲ့အခါ ဘယ်လိုအားထုတ်ရမလဲ၊ အရူပါဝစရဈာန်ကျတော့ သူက ရုပ်ကိုအပြစ်မြင်တဲ့ ပုဂ္ဂိုလ်ကိုး၊ ရုပ်မကြိုက်တဲ့ ပုဂ္ဂိုလ်က အရူပါဝစရဈာန်ကို အားထုတ်တယ်။

"ကရဇကာယရုပ်တရားအပေါ် အပြစ်မြင်၍ အရူပဘုံသို့ရောက်ရန် အာကာသာနဉ္စာယတနဈာန်ကို အလိုရှိသောယောဂီသည် ရူပဈာန်၏အာရုံဖြစ်သော ကသိုဏ်းရုပ်ကိုပင် စက်ဆုပ်လေတော့၏"

ကသိုဏ်းရုပ်ကို သူက မကြိုက်တော့ဘူး၊ စာမှာဆိုထားတာက တစ္ဆေကြောက်တဲ့သူဟာ မည်းမည်းမြင်ရင် တစ္ဆေထင်နေသလိုပဲပေါ့၊ သစ်ငုတ်မြင်လည်း တစ္ဆေထင်နေတာပဲ၊ ထို့အတူပဲ, ရုပ်ကို မကြိုက်တဲ့သူက ရူပဈာန်ရဲ့ အာရုံဖြစ်တဲ့ ကသိုဏ်းရုပ်ကိုပဲ မကြိုက်တော့ဘူး၊ မင်းလည်းရုပ်ပဲ၊ ငါမကြိုက်ဘူးပေါ့။

အဲသလိုဖြစ်တဲ့အခါမှာ (ကရဇကာယဆိုတာ မိမိ ခန္ဓာကိုယ်ကြီးပေါ့) ဤသို့ ကရဇကာယနှင့် ကသိုဏ်းကိုပါ ကြောက်ရွံ့မုန်းတီးသောယောဂီသည် ရူပ ပဉ္စမဈာန်ကို ဝသီဘော်မြောက်အောင် လေ့လာဝင်စားပြီးနောက်"တဲ့၊ မကြိုက်ပေမယ်လို့ ဝင်စားရဦးမယ်၊ ပြီးတော့မှ သူက တက်မှာကိုး။

"အာကာသကသိုဏ်းမှ တပါးသော ကသိုဏ်း ၉-ပါးတွင် တစ်ပါးပါးကို ပဋိဘာဂနိမိတ်ထင်အောင် နှလုံးသွင်း၏"တဲ့၊ အာကာသဆိုတာ ဟင်းလင်းပြင်ကြီးဆိုတော့ သူ့ကိုချန်ထား၊ တခြားကသိုဏ်းကိုပြောတာ၊ ပြီးတော့မှ အဲဒီကသိုဏ်း ၉-ပါးထဲက တစ်ပါးပါးကို ခွာပြီးတော့ (ခွာတယ်ဆိုတာ နှလုံးမသွင်းတော့တာ၊

http://www.dhammadownload.com



အာရုံမပြုတော့တာ) ပထမပဋိဘာဂနိမိတ် ကသိုဏ်းဝန်းကို ရှုနေရာကနေပြီးတော့ သူ့ကို အာရုံမပြုတော့တာ။

သူ့ကိုအာရုံမပြုတဲ့အခါကျတော့ ကသိုဏ်းနိမိတ်ကွယ်သွားပြီးတော့ ကွက်လပ်ကြီးဖြစ်နေတာ၊ အဲဒီကွက်လပ်ကို အာကာသခေါ်တယ်၊ အဲဒီကွက်လပ်ကိုပဲ အာရုံပြုတာ၊ အဲဒီကွက်လပ်ကို အာကာသာအနန္တ, အာကာသာအနန္တနှင့် အဲဒီလို ကမ္မဋ္ဌာန်းပွား များတဲ့အခါမှာ ရင့်ကျက်တဲ့အခါမှာ အာကာသာနဥ္စပထမဈာန်ရတယ် ပေါ့။

ပထမဈာန်ရပြီးတဲ့နောက် ဒုတိယအရူပဈာန်လိုချင်ရင် ပထမအရူပဈာန်ကို အပြစ်မြင်ပြန်တယ်၊ ပြီးတော့ ပထမအရူပဈာန်ကိုပဲ အာရုံပြုပြီးတော့ အနန္တံ ဝိညာဏံ စသည်ဖြင့် ပွားများပြီး ဒုတိယဈာန်ရပြန်တယ်။

တစ်ခါ ဒုတိယအရူပဈာန်ကနေ တတိယအရူပဈာန်တက်တော့မယ်ဆိုတော့ ဒုတိယဈာန်ကို အပြစ်ရှုပြီးတော့ ပထမဈာန်ရဲ့ မရှိခြင်းဆိုတဲ့ နတ္ထိဘောပညတ်ကို အာရုံပြုရမယ်၊ ပွားများရမယ်၊ ပွားများလို့ အောင်မြင်တဲ့အခါ တတိယအရူပါဝစရဈာန်ဖြစ်မယ်။

တစ်ခါ တတိယအရူပါဝစရဈာန်ရပြီးတဲ့နောက် စတုတ္ထ အရူပါဝစရဈာန် ရချင်တဲ့အခါကျတော့ တတိယအရူပါဝစရဈာန်ကို အပြစ်ရှု၊ တတိယအရူပါဝစရဈာန်ကို ကောင်းပေစွ၊ ကောင်းပေစွလို့ အာရုံပြုပြီးတော့ ပွားများရမယ်၊ အဲသလို ပွားများတဲ့အခါ စတုတ္ထအရူပါဝစရဈာန်ရမယ်။

အဲဒီတော့ မကြိုက်ပေမယ့်လည်းကောင်းတယ် ကောင်းတယ်လို့တော့ ပြောတယ်၊ အဲဒါကို ကျမ်းဂန်မှာ ဘယ်လိုပြောထားသလဲဆိုရင် ဆင်စွယ်ပန်းပုတတ်ကျွမ်းတဲ့ သူတစ်ယောက်ဟာ လုပတဲ့ ဆင်စွယ်ပန်းပုရုပ်ကလေးတစ်ခု ထုလုပ်ပြီး ရှင်ဘုရင်ထံ လာဆက်သတဲ့အခါ ရှင်ဘုရင်က သိပ်ကောင်းပေတယ်, သိပ်ကောင်းပေတယ်, တော်ပါပေတယ်လို့ ချီးမွမ်းတယ်တဲ့၊ အဲသလို ချီးမွမ်းပေမယ်လို့ သူကိုယ်တိုင်က ဆင်စွယ်ပန်းပုဆရာမ ဖြစ်ချင်ဘူးတဲ့၊ မဖြစ်ချင်ပေမယ်လို့ ဆင်စွယ်ပန်းပုဆရာကိုတော့ ချီးမွမ်းသလိုပဲ သူကိုယ်တိုင်ကတော့ တတိယဈာန်ကို မလိုချင်ဘူး၊ စတုတ္ထဈာန်ကို လိုချင်နေပြီ၊ ဒါပေမယ်လို့ တတိယဈာန်ကို ကောင်းပေတယ်လို့ ချီးမွမ်းတယ်၊ အေးချမ်းပေတယ်လို့ ချီးမွမ်းတယ်၊ အဲသလို တတိယအရူပါဝစရဈာန်ကို အာရုံပြုပြီး တရားအားထုတ်သွားတဲ့အခါမှာ စတုတ္ထအရူပါဝစရဈာန်ကို ရတယ်တဲ့။

အဲဒါ သမထကမ္မဋ္ဌာန်း, ပထဝီကသိုဏ်း ကမ္မဋ္ဌာန်းပေါ့၊ ကမ္မဋ္ဌာန်းအားထုတ်

http://www.dhammadownload.com



ပြီးတော့ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်ရတယ်၊ ရပြီးတဲ့နောက် အဲဒီကနေ အရူပါဝစရဈာန်တက်တယ်၊

ပထဝီကသိုဏ်း အားထုတ်သလို တခြားကသိုဏ်းတွေကိုလည်းအားထုတ်လို့ ရတာပဲ၊ အာပေါကသိုဏ်းဆိုတာ ရေကိုရှုရတာ၊ တေဇောကသိုဏ်းဆိုတော့ မီးကို ရှုတာ၊ ဝါယောကသိုဏ်းဆိုတော့ လေကိုရှုရတာ၊ လေရှုရတာဆိုတာ သစ်ပင်တွေ ဘာတွေ လှုပ်တာကိုကြည့်ပြီး လေရဲ့သဘောကိုရှုတာ။

ဒီတော့ နီလကသိုဏ်းဆိုရင် အညိုရောင်စက်ဝိုင်း၊ ပီတကသိုဏ်းဆိုရင်အဝါ၊ လောဟိတဆိုရင် အနီ၊ ဩဒါတဆိုရင် အဖြူ စသည်ပေါ့လေ၊ အဲဒီကသိုဏ်းမျိုးတွေ ရှိတယ်၊ အဲဒီကသိုဏ်းတွေပြုလုပ်ပြီးတော့ ရှုသွားရင်လည်းရတယ်။

အာကာသကသိုဏ်းဆိုတော့ ဟင်းလင်းအပေါက်ပေါ့၊ အပေါက်ကိုကြည့် ပြီးတော့ရှုရတယ်၊ အာလောကဆိုတာ အရောင်အလင်း၊ အဲဒီလို ကသိုဏ်း ၁၀-မျိုး အားထုတ်လို့ဖြစ်စေ၊ တခြားအသုဘစသည် အားထုတ်လို့ဖြစ်စေ, အားထုတ်ပြီး တဲ့နောက် ခုနပြောသလို ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်တွေကို အဆင့်ဆင့်ရသွားပြီးတော့ ဘာဝနာကလည်း ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, ဈာန်ရတဲ့အခါ အပ္ပနာဘာဝနာဆိုပြီးတော့ တက်သွားတယ်။

ကောင်းပြီ, အဲဒီတော့ နိမိတ် ၃-ပါးရယ်၊ ဘာဝနာ ၃-ပါးရယ်၊ ဈာန်ရယ် ရှိတယ်နော်၊ ကမ္မဋ္ဌာန်း ၄၀-မှာ ဘယ်စရိုက်နဲ့ ဘယ်ကမ္မဋ္ဌာန်းနဲ့ လျော်တယ်ဆိုတာလဲ ပြမယ်၊ ဘယ်ကမ္မဋ္ဌာန်းမှာ ဘယ်ဘာဝနာရတယ်၊ ဘယ်နိမိတ်ရတယ်, ဘယ်ကမ္မဋ္ဌာန်း အားထုတ်ရင် ဘယ်ဈာန်ရတယ်၊ ဒါတွေကို ပြောပြတယ်၊ သိပ်ကောင်းတယ်။

ဟိုနေ့က စရိုက် ၆,ပါးနဲ့ ပြောပြပြီးပြီ မဟုတ်လား၊ အဲဒီအတိုင်းပါပဲ၊ ပထဝီကသိုဏ်းဆိုရင် စရိုက် ၆,ပါးလုံးနဲ့ လျော်တယ်၊ အင်္ဂလိပ်စကားလုံးနဲ့ ပါဠိစကားလုံးကို ရေးထားတယ် မဟုတ်လား၊ carita ကျရိတဆိုတာ စရိတ, စရိုက်, စရိုက် ၆ ပါးမှာ ရာဂစရိုက်၊ ဒေါသစရိုက် မောဟစရိုက်ဆိုတာ တွေ့ခဲ့ ပြီးပြီ၊ အဲဒီအတိုင်းပါပဲ၊ ပထဝီကသိုဏ်းဟာ စရိုက် ၆,ပါးလုံးနဲ့ လျော်တယ် စသည် သွားရော။

အဲဒီတော့ ပထဝီကသိုဏ်း အားထုတ်တဲ့အခါမှာ ဘာဝနာ ၃-မျိုးလုံး ရတယ်ပေါ့၊ ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ၊ နိမိတ် ၃ မျိုးလုံးရတယ်၊ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်။

အဲဒီတော့ ပထဝီကသိုဏ်းကို အားထုတ်ရင် ပထမဈာန်ကနေ ပဉ္စမဈာန်အထိ

http://www.dhammadownload.com



ရနိုင်တယ်၊ ဈာန် ၅-ပါးလုံး ရနိုင်တယ်ဆိုလိုတာပေါ့၊ ထို့အတူပဲ အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း စသည်သွားတယ်။

နီလကသိုဏ်းကျတော့ ဒေါသစရိုက်ရှိသူနဲ့လျော်တယ်၊ ပီတ, လောဟိတ, ဩဒါတ, ဒီအတိုင်းသွားတယ်။

အာကာသကသိုဏ်း, အားလုံးနဲ့လျော်တယ်၊ အာလောကကသိုဏ်း အားလုံးနဲ့ လျော်တယ်။

အဲဒီတော့ ဘာဝနာတို့ နိမိတ်တို့နဲ့ ပတ်သက်ပြီးတော့ ဘာဝနာသုံးပါးလုံး နိမိတ်သုံးပါးလုံးရတယ်၊ ဈာန်ကျတော့လည်း ပထမဈာန်ကနေ ပဉ္စမဈာန်အထိ ရတယ်။

အဲဒီတော့ ကိုယ်က ပဉ္စမဈာန်ထိအောင် အားထုတ်ချင်တယ်ဆိုရင် ဒီကသိုဏ်း ၁၀-ပါးထဲက တစ်ပါးပါးကို အားထုတ်ဖို့ပေါ့။

ကောင်းပြီ အသုဘ ၁၀-ပါးကြည့်လိုက်ဦး၊ အသုဘ ၁၀-ပါးမှာ ဘာတွေ ရနိုင်သလဲ၊ စရိုက်အားဖြင့်တော့ ရာဂစရိုက်ရှိသူနဲ့ လျော်တယ်၊ ဆန့်ကျင်ဘက် ပေးထားတာကိုး၊ ရာဂကတပ်မက်စွဲလန်းတယ်၊ လူသေကောင်ကြီးကြည့်ပြီး တပ်မက်စွဲလန်းဖို့ ခဲယဉ်းတယ်လေ၊ ဘာဝနာအားဖြင့်တော့ ၃-မျိုးစလုံးရတယ်၊ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ, ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တွေရတယ်။

ဒါပေမယ့် ဈာန်ကျတော့ ဘာဈာန်သာ ရနိုင်သလဲဆိုရင် ပထမဈာန်သာ ရနိုင်တယ်၊ ဒုတိယဈာန် စသည်မရနိုင်ဘူး၊ ဘာကြောင့်လဲဆိုရင် အာရုံက ကြမ်းလို့။

အာရုံကြမ်းတော့ ဝိတက်မပါပဲနဲ့မဖြစ်ဘူး၊ ဝိတက်ပါမှ စိတ်က အာရုံပေါ်နေနိုင်တာ၊ ဒါကြောင့် ဝိတက်မပါတဲ့ ဒုတိယဈာန်စသည် မရနိုင်ဘူး၊ ဒါကြောင့်မို့ အသုဘကမ္မဋ္ဌာန်း အားထုတ်မယ်ဆိုရင် ပထမဈာန်ပဲရမယ်၊ တခြားဈာန်မရနိုင်ဘူး။

အဲသလို ပထမဈာန်ရပြီးတဲ့နောက်မှာ ကသိုဏ်းတွေဘာတွေပြောင်းရှုရင်တော့ ရမှာပေါ့လေ၊ အသုဘကမ္မဋ္ဌာန်း သက်သက်နဲ့ကတော့ ပထမဈာန်ပဲရမယ်၊ ဒုတိယဈာန် စသည်မရနိုင်ဘူး။

အနုဿတိ ၁၀-ပါးတဲ့, ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ၊ ဒီ ၆-ပါးက သဒ္ဓါစရိုက်ရှိသူနဲ့ လျော်တယ်တဲ့၊ ဟိုနေ့က ပြောပြီးသားတွေ၊ ဥပသမာနုဿတိကတော့ ပညာစရိုက် ရှိသူနဲ့လျော်တယ်၊ မရဏာနုဿတိကလည်း ပညာစရိုက်နဲ့လျော်တယ်။

http://www.dhammadownload.com



ကာယဂတာသတိက ရာဂစရိုက်ရှိသူတဲ့ တော်တယ်၊ အာနာပါနသတိက မောဟစရိုက် ဝိတက်စရိုက်ရှိသူနဲ့ တော်တယ်။

ကောင်းပြီ, ဒါဆိုရင် ကြည့်လိုက်စမ်း၊ ဗုဒ္ဓါနုဿတိအားထုတ်လို့ ဈာန်ရနိုင်လား၊ မရနိုင်ဘူးလား၊ မရနိုင်ဘူး၊ ပုတီးစိပ်လို့ ဈာန်မရနိုင်ဘူး၊ ဒါ့ဖြင့် ဈာန်မရနိုင်တဲ့ ကမ္မဋ္ဌာန်းတွေက ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ မရဏာနုဿတိ။

ဒါဟာ ဘာကြောင့်လဲဆိုရင်ဒါတွေက နက်နဲတယ်၊ ဘုရားဂုဏ်အစရှိသည်ဟာ နက်နဲတဲ့သဘောရှိတယ်၊ အဲသလို နက်နဲတာတွေအာရုံပြုရတဲ့အခါကျတော့ ကမ္မဋ္ဌာန်းတွေက ဈာန်ထိအောင် မပို့နိုင်ဘူး၊ ဒါကြောင့်မို့ ဈာန်မရနိုင်ဘူး။

ဈာန်မရနိုင်တဲ့အတွက်ကြောင့် အပ္ပနာဘာဝနာဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ဘူးပေါ့၊ ပဋိဘာဂနိမိတ်လည်း မရှိဘူး၊ ပဋိဘာဂနိမိတ်နဲ့ အပ္ပနာဘာဝနာတွဲရတာကိုး၊ ဒါကြောင့်မို့ ဗုဒ္ဓါနုဿတိကို အားထုတ်ရင် ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, ဒါပဲရမယ်၊ အပ္ပနာဘာဝနာထိအောင် မရောက်ဘူး၊ နိမိတ်အားဖြင့် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်, ဒါပဲရမယ်။

ကာယဂတာသတိ (ကေသာ, လောမာ စသည်အားထုတ်တာကျတော့) ဈာန်ရနိုင်တယ်၊ ပထမဈာန်ရနိုင်တယ်၊ ပထမဈာန်ရနိုင်တဲ့အတွက်ကြောင့်မို့ ဘာဝနာ ၃ မျိုးလုံးရမယ်၊ နိမိတ် ၃–မျိုးလုံးရတယ်။

အာနာပါနသတိအားထုတ်ရင်တော့ ဈာန် ၅–ပါးလုံး ရနိုင်တယ်၊ ပထမဈာန်ကနေ ပဉ္စမဈာန်အထိ ရမယ်၊ ဒါကြောင့်မို့ ဘာဝနာ ၃–ပါးလုံးရမယ်၊ နိမိတ် ၃ ပါးလုံးရမယ်။

အပ္ပမညာ ၄–ပါးတဲ့, ဗြဟ္မစိုရ် ၄–ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ, ဘယ်စရိုက်ရှိသူနဲ့လျော်သလဲ၊ ဒေါသစရိုက်ရှိသူနဲ့ လျော်တယ်၊ ဘာဈာန်တွေ ရနိုင်သလဲဆိုတော့ မေတ္တာအားထုတ်ရင် ပထမဈာန်ကနေ စတုတ္ထဈာန်ထိအောင် ရနိုင်တယ်၊ ကရုဏာ, မုဒိတာ, အားထုတ်ရင်လည်း ပထမဈာန်ကနေ စတုတ္ထဈာန်ထိရမယ်၊ ဥပေက္ခာအားထုတ်ရင် ပဉ္စမဈာန်ရမယ်။

မေတ္တာ ကရုဏာ မုဒိတာက သောမနဿနဲ့ ယှဉ်တာကိုး၊ ဥပေက္ခာက ဥပေက္ခာနဲ့ ယှဉ်တာဆိုတော့ သူက ပဉ္စမဈာန်ပဲရမယ်၊ ဒါက အပ္ပမညာ ၄–ပါး။

နောက်တစ်ခုက သညာ ၁–ပါး၊ အဟာရေ ပဋိကူလသညာဆိုတာ အစာအာဟာရကို ရွံရှာဖွယ်ထင်အောင် စားရတာပေါ့လေ၊ ဒါကို အာဟာရေ ပဋိကူလ

http://www.dhammadownload.com



သညာလို့ခေါ်တယ်၊ အဲဒါက ဘယ်စရိုက်နဲ့ သင့်တော်သလဲဆိုရင် ပညာ(ဗုဒ္ဓိ)စရိုက်နဲ့ သင့်တော်တယ်၊ သူက ဈာန်မရနိုင်ဘူး၊ သူက နက်နဲတယ်။

အာဟာရရဲ့ မကောင်းပုံ ရွံရှာပုံ ဆင်ခြင်ရတယ်ဆိုတာဉာဏ်သုံးရတာဆိုတော့ နက်နဲတယ်၊ သူလည်းပဲ ဈာန်မရနိုင်ဘူး၊ ဈာန်မရနိုင်ရင် အပ္ပနာဘာဝနာ မဖြစ်နိုင်ဘူး၊ ပဋိဘာဂနိမိတ် မဖြစ်နိုင်ဘူး။

နောက်တစ်ခုက ဝဝတ္ထာနတဲ့၊ စတုဓာတုဝဝတ္ထာန်လို့ခေါ်တယ်၊ ပထဝီ, အာပေါ, တေဇော, ဝါယောခေါ်တဲ့ ဓာတ်ကြီး ၄-ပါးခွဲတာ၊ အဲဒါကလဲ ဗုဒ္ဓိ စရိုက်နဲ့ သင့်လျော်တယ်၊ ဈာန်မရနိုင်ဘူး၊ သူက နက်နဲတာကိုး၊ ဈာန်မရနိုင်တဲ့ အတွက်ကြောင့် ဘာဝနာ ၂-မျိုးပဲရမယ်။

အာရုပ္ပ ၄ ပါး (အရူပ ဝစရဈာန် ၄ ပါး)တဲ့ သူကတော့ စရိုက်အားလုံးနဲ့ လျော်တယ်၊ ရူပဈာန်ရနိုင်တယ်၊ ရူပဈာန်ရပြီးမှ အားထုတ်ရတာဖြစ်တော့ ဘာဝနာ ၃-မျိုးလုံးရတယ်၊ နိမိတ် ၃-မျိုးလုံးရတယ်၊ ဒါက ကမ္မဋ္ဌာန်း ၄၀-ဈာန်ရနိုင် မရနိုင်သိချင်ရင် ဒါကြည့်ပြီး သိရမယ်။

ကိုယ်က ပဥ္စမဈာန်ထိအောင် လုပ်ချင်ဘယ်ဆိုရင် ပဥ္စမဈာန်ထိအောင် ပို့နိုင်တဲ့ကမ္မဋ္ဌာန်းမျိုး အားထုတ်ပေါ့၊ ဘယ်ကမ္မဋ္ဌာန်းမျိုး အားထုတ်ရင် ဘယ်ဈာန် ရနိုင်တယ်ဆိုတာ ဒီ ဇယားလေးနဲ့ရှင်းသွားပြီ။

သမထကမ္မဋ္ဌာန်းက မပြီးသေးဘူး၊ အခုပေးထားတဲ့ notes တွေထဲမှာ ၂၆- ဘုံ၌ရကြသော သမထကမ္မဋ္ဌာန်းများဆိုတာ ပါတယ်။

လူ့ဘုံမှာ သမထကမ္မဋ္ဌာန်း ၄၀-လုံး ရတယ်၊ နတ်ပြည် ၆-ထပ်မှာ အသုဘ ၁၀ ပါး ကာယဂတာသတိ, အာဟာရေပဋိကူလသညာ အဲဒီ ၁၂-ခု မရဘူး၊ နတ်ပြည်မှာ လူသေကောင်မရှိဘူး၊ နတ်သေကောင်လည်းမရှိဘူး၊ နတ်သေရင် ပျောက်သွားတာ၊ ကာယဂတာ သတိကလည်း နတ်ခန္ဓာကိုယ်ဆိုတော့ မရှိဘူး၊ အာဟာရေ ပဋိကူလသညာကလည်း သူတို့က နတ်သြဇာစားနေတာ။

အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ အသုဘ ၁၀-ပါး ကာယဂတာသတိ, အာနာပါနသတိ, အာဟာရေ ပဋိကူလသညာ ပေါင်း ၁၃-ပါးကြဉ်, ၂၇-ပါးပဲ ရတယ်တဲ့၊ ဗြဟ္မာတွေ ထွက်သက်ဝင်သက် မရှိဘူး။

ပြီးတော့ အာကာသာနဥ္စာယတနဘုံမှာ အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါးလုံးရတယ်၊ ဝိညာဏဥ္စာယတနဘုံမှာ အထက် ၂-ခုပဲရတယ်၊ နေဝသညာ နာသညာယတနဘုံ ကျတော့ အထက် ၁-ခုပဲရတယ်။

http://www.dhammadownload.com



ဘာကြောင့်တုန်းဆိုတော့ အရူပဘုံက တစ်မျိုး၊ အထက်ဈာန်ရရင် အောက်ဈာန် ပျောက်တယ်၊ ရူပါဝစရဈာန် ၅-ပါးကတော့ အထက်အောက်သွားလို့ရတယ်၊ အရူပါဝစရဈာန်ကတော့ ပထမဈာန်ရရင် အောက်ဈာန်မရဘူး၊ ဒါကြောင့်မို့ အာကာသာနဉ္စာယတနဘုံမှာ အရူပကမ္မဋ္ဌာန်း ၄-ပါးလုံး အားထုတ်လို့ရတယ်၊ ဝိညာဏဉ္စာယတနဘုံကျတော့ အာကာသာနဉ္စယတန မလိုတော့ဘူး၊ အဲဒီတော့ ၃- ခုပဲရမယ်၊ အာကိဉ္စညာယတနကျတော့ ၂-ခုပဲရမယ်၊ နေဝသညာ နာသညာ ယတနဘုံကျတော့ ၁-ခုပဲရမယ်တဲ့။

ကောင်းပြီ, သင်္ဂြိုဟ်မှာ သမထကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီး အဘိညာဏ်ဆိုတာကို ပြောထားသေးတယ်၊ ဒီမှာတော့ ဝိထိပိုင်းမှာ ပြောခဲ့ပြီဖြစ်လို့ မပြောတော့ဘူး။

အဘိညာဏ်ဆိုတာဘာလဲဆိုရင် ပဥ္စမဈာန်အထူးကို အဘိညာဏ်လို့ခေါ်တယ်၊ အဘိညာဏ်ဆိုတာ သီးခြားတော့မဟုတ်ဘူး၊ ပဥ္စမဈာန်ပဲ။ သို့သော် ပဥ္စမဈာန်ကို အထူးလေ့လာပွားများရတယ်၊ အမှန်ကတော့ ရိုးရိုးပဥ္စမဈာန်နဲ့ အဘိညာဏ်နဲ့မတူဘူး၊ သို့သော် အဘိညာဏ်လို့ဆိုရင် ပဥ္စမဈာန်ကိုပဲ ကောက်ရတယ်။

အဲဒီတော့ ပဥ္စမဈာန်ကို အဘိညာဏ်လို့ ခေါ်ကြရာမှာ ဘယ်လိုအမှတ်လွဲသွား တတ်သလဲဆိုတော့ ရူပါဝစရဈာန် ၅-ပါးရရုံနဲ့ အဘိညာဏ်ရနိုင်တယ်လို့ထင်သွား တတ်တယ်၊ ဒီလိုလဲ များသောအားဖြင့် ထင်ကြတတ်တယ်။

ဒါပေမယ်လို့ အဋ္ဌကထာကြီးတွေကိုကြည့်တဲ့အခါမှာ ရူပဈာန်ရော, အရူပ ဈာန်ရော အားလုံးရပြီးတဲ့ ပုဂ္ဂိုလ်မှ အဘိညာဏ်ရတယ်၊ ရူပါဝစရဈာန် ၅ ပါး ရထားရုံနဲ့ အဘိညာဏ် မရသေးဘူးတဲ့၊ ရူပါဝစရဈာန် ၅-ပါးလည်းရမယ်၊ အရူပါ ဝစရဈာန်လည်းရမယ်၊ ပြီးတော့မှ ရူပါဝစရဈာန်ပြန်ဝင်စားပြီး အဘိညာဏ် ဖြစ်အောင် အားထုတ်တယ်။

အဘိညာဏ်ဆိုတာက ထူးခြားတဲ့ညာဏ်လို့ ဒီလိုအဓိပ္ပာယ်ရှိတယ်၊ လွယ်လွယ် ပြောရရင်တော့ super normal power ပေါ့လေ၊ အဲသလို အဘိညာဏ် ဟာ ၅- မျိုးရှိတယ်၊ ၆-မျိုးရှိတယ် ၇-မျိုးရှိတယ်၊ ရှိတယ်။

သင်္ဂြိုဟ်မှပြထားတဲ့ အဘိညာဏ် ၅-မျိုး ပထမကြည့်ကြစို့၊

(၁) ဣဒ္ဓိဝိဓ အဘိညာဏ်တဲ့၊ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ အဘိညာဏ် မျိုးကို ဣဒ္ဓိဝိဓအဘိညာဏ်လို့ ခေါ်တယ်၊ မြေလျှိုးမိုးပျံတို့ဘာတို့ပေါ့။

(၂) ဒိဗ္ဗသောတအဘိညာဏ်တဲ့၊ ဒိဗ္ဗဆိုတာ နတ်၊ သောတဆိုတာ နား၊ နတ်နား ဆိုတော့ အသံတိုးတိုးလေးကို ကြားနိုင်တာမျိုး၊ ဟိုးအဝေးကြီးကအသံကို

http://www.dhammadownload.com



ကြားနိုင်တာမျိုး၊ အဲဒါကို ဒိဗ္ဗသောတအဘိညာဏ်ခေါ်တယ်။

(၃) ပရစိတ္တဝိဇာနန၊ ပရဆိုတာ သူတစ်ပါး၊ စိတ္တဆိုတာစိတ်၊ ဝိဇာနနဆိုတာ သိတာ၊ သူများရဲ့စိတ်ကို သိတာ ။

(၄) ပုဗ္ဗေနိဝါသာနုဿတိ, ပုဗ္ဗေဆိုတာ ရှေးက, နိဝါသာဆိုတာနေခဲ့ဖူးတဲ့ ခန္ဓာ၊ သို့မဟုတ် ဘဝ၊ အနုဿတိဆိုတာ အောက်မေ့တာ၊ ရှေးဘဝတွေကို ပြန်ပြီး အောက်မေ့နိုင်တဲ့ဉာဏ်။

(၅) ဒိဗ္ဗစက္ခု၊ နတ်မျက်စိပေါ့ သိပ်ထင်ရှားတယ်၊ အဝေးကြီးက အရာကို မြင်တာ၊ သေးသေးလေးကို မြင်တာ, ကွယ်နေတာကိုမြင်တာ, အဲသလို အဘိညာဏ် ၅-မျိုးရှိတယ်။

အဲသလို အဘိညာဏ်ရအောင် ဘယ်လိုအားထုတ်ရမလဲဆိုတော့ ရူပါဝစရ ပဥ္စမဈာန်ကို ပထမဝင်စား၊ အဲဒီဈာန်က ထပြီးတော့မှ လိုအပ်တာတွေလုပ်ပြီး တရားထပ်အားထုတ်ရတယ်၊ အဲသလိုအားထုတ်တဲ့အခါမှာ အဘိညာဏ်ဆိုတာ ပေါ်လာတာပေါ့။

အဲသလို အဘိညာဏ်ပေါ်လာတဲ့အခါမှာ သူ့အဘိညာဏ်နဲ့ သူလိုက်ပြီးတော့ အဘိညာဏ်မပေါ်ခင်တည်းက အဓိဋ္ဌာန်တာတွေ လုပ်ရတယ်၊ ဆိုပါတော့, ဣဒ္ဓိဝိဓ လုပ်ချင်တယ် (ခန္ဓာကိုယ်ပေါ့ချင်တယ်) ဆိုရင်လည်း ခန္ဓာကိုယ်ပေါ့ပါစေ, ခန္ဓာကိုယ်ပေါ့ ပါစေဆိုတဲ့ သဘောမျိုးဓိဋ္ဌာန်ပြီးတော့ အားထုတ်ရတယ်။

အဝေးကြီးက အသံကြားချင်တယ်ဆိုရင်လည်း အဝေးကြီးက အသံကြား လိုတယ်၊ ကြားလိုတယ်လို့ အဓိဋ္ဌာန်ပြီးမှ အားထုတ်ရတယ်၊ အဲသလို အားထုတ် တော့ အဘိညာဏ်ရရင် ကြားတယ်ပေါ့လေ။

အဲဒါကြောင့်မို့ အဘိညာဏ် ၅-မျိုးရှိတယ်လို့ ပထမမှတ်ထားရမယ်၊ ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခုတဲ့။

အဲဒီ ဒိဗ္ဗစက္ခုအဘိညာဏ်မှာ နည်းနည်းအထူးရှိသေးတယ်၊ ဘာလဲဆိုတော့ ရိုးရိုးရူပါရုံမြင်နိုင်တာ၊ ရိုးရိုးဆိုတာ အလွန်သိမ်မွေ့တဲ့ ရူပါရုံမျိုး၊ အဝေးမှာရိုးရိုး မျက်စိနဲ့ မမြင်နိုင်တာကို မြင်နိုင်တဲ့အဘိညာဏ်စွမ်းအား၊ နောက်တစ်ခုကတော့ ဒိဗ္ဗစက္ခုရဲ့ variety တစ်ခုက ဘာလဲဆိုတော့ သတ္တဝါတွေက အားလျော်စွာ ဘဝတစ်ခုက ဘဝတစ်ခုကူးပြောင်းနေတာကို မြင်နိုင်တဲ့ဉာဏ်, အဲဒါကိုလည်း ဒိဗ္ဗစက္ခုရဲ့ အထူးအပြားလို့ဆိုရတယ်၊ နာမည်ကတော့ ရှည်တယ်၊ ယထာကမ္မူပဂ ဉာဏ်လို့ ဆိုတယ်၊ ဆိုလိုတာကတော့ သတ္တဝါတွေ ဒီဘဝကသေပြီးတော့ တခြား

http://www.dhammadownload.com



ဘဝတွေမှာ ဖြစ်နေတာကိုမြင်တာ၊ မြင်တဲ့အခါမှာ ကံအားလျော်စွာ လားနေတာကို မြင်တာ။

အဲဒါကို ခွဲမယ်ဆိုရင် သီးခြားနာမည်တစ်ခု ယထာကမ္မူပဂဉာဏ်ဆိုပြီး နာမည်တပ်လို့ရတယ်၊ သို့မဟုတ် စုတူပပါတဉာဏ်လို့လည်းခေါ်တယ်၊ ဒါမှမဟုတ်လို့ အဘိညာဏ် ၅-မျိုးထဲထည့်ပါဆိုရင် ဒိဗ္ဗစက္ခုထဲထည့်ရတယ်။

အဲဒီဉာဏ်ဟာ အလွန်အရေးကြီးတယ်၊ မြတ်စွာဘုရားဟာ ဘုရားဖြစ်အောင် အားထုတ်တဲ့ညမှာ ဘုရားမဖြစ်ခင် အဲဒီဉာဏ်တွေရတာ။

ပြီးတော့ အနာဂတံသဉာဏ်ဆိုတာရှိသေးတယ်၊ အနာဂတ်ကို မြင်နိုင်တဲ့ ဉာဏ်ဟာ မြတ်စွာဘုရားတွေမှာရှိတယ်၊ အဲဒါလည်းပဲ ဒိဗ္ဗစက္ခုကို အခြေခံပြီးရအောင် လုပ်ရတာဖြစ်တဲ့အတွက်ကြောင့်မို့ ဒိဗ္ဗစက္ခုထဲသွင်းရင်လည်းရတယ်၊ သီးခြားထုတ်ရင် လဲ သူက သီးခြားဖြစ်တဲ့အတွက်ကြောင့် အားလုံး အဘိညာဏ် ၇-ပါးဖြစ်သွားမယ်၊ ၅-ပါးရယ်၊ ယထာကမ္ဗူပဂရယ်၊ အနာဂတံသရယ် အဘိညာဏ် ၇-ပါး။

တစ်ခါ အာသဝက္ခယဉာဏ်ကိုလည်း အဘိညာဏ်လို့ခေါ်သေးတယ်၊ အာသဝက္ခယဉာဏ်ဆိုတာ အရဟတ္တမဂ်ဉာဏ်ပြောတာ၊ အာသဝက္ခယအဘိညာဏ် လို့ ဒီလိုလည်း ခေါ်သေးတယ်၊ အဲဒီတော့ အဘိညာဏ် ၅-ပါးဆိုလည်းဟုတ်တယ်၊ ၆-ပါးဆိုလည်းဟုတ်တယ်၊ ၇-ပါးဆိုလည်း ဟုတ်တယ်၊ ဒါတွေက အဘိညာဏ်တွေ။

အဲဒီတော့ လူတွေမှာ အမှတ်မှားနေတာတွေရှိတယ်၊ ဈာန်ရရုံနဲ့ ကောင်းကင် ပျံနိုင်တယ်၊ တန်ခိုးဖန်ဆင်းနိုင်တယ်နဲ့ ပြောကြတယ်၊ သုံးတာတောင် ဈာန်ပျံတယ်၊ ဈာန်ပျံတယ်နဲ့သုံးတာ။

ရူပါဝစရဈာန်ရရုံနဲ့ ဘာမှ မလုပ်နိုင်သေးဘူး၊ ဈာန်ရတာပဲရှိတယ်၊ ဝိတက် ဝိစာရပယ်နိုင်တာပဲရှိတယ်၊ အရူပါဝစရဈာန်ရရုံနဲ့ မရသေးဘူး။

ကောင်းကင်ပျံချင်တယ်, မြေလျှိုးမိုးပျံတာ လုပ်ချင်တယ်, သူများစိတ်ကို သိချင်တယ်ဆိုရင် အဘိညာဏ်ရအောင်ကို အားထုတ်ရမယ်၊ အဘိညာဏ်ရမှသာ တန်ခိုးအမျိုးမျိုး ဖန်ဆင်းတာတို့ သူများစိတ်သိတာတို့, အဝေးကြီးက အသံကြား တာတို့, အဝေးကရူပါရုံမြင်တာတို့ ဖြစ်နိုင်တယ်၊ ဈာန်ရရုံနဲ့ မဖြစ်နိုင်ဘူး၊ ဒါကို မှတ်ထားရမယ်။

သို့သော် popular language အနေနဲ့ သုံးတာဖြစ်လို့ ဈာန်ပျံတယ်လို့ သုံးတာ၊ အမှန်ကတော့ ဈာန်သက်သက်ရရုံနဲ့ ဒါတွေမလုပ်နိုင်သေးဘူး၊ အဘိညာဏ် ရမှလုပ်နိုင်တယ်၊ အဘိညာဏ်ရအောင်ကလည်း ပဋ္ဌမဈာန်ကို အခြေခံပြီး အားထုတ်ယူ

http://www.dhammadownload.com



ရတယ်၊ အဘိညာဏ်ဆိုတာ ပဥ္စမဈာန်ပဲလို့ ဒီလိုမှတ်ထားကြတော့၊ ပဥ္စမဈာန်ရရုံနဲ့ အဘိညာဏ်ရတယ်လို့ထင်, ထင်နေတတ်ကြတယ်၊ အမှန်ကတော့ ပဥ္စမဈာန်တွင် မကဘူး၊ အရူပါဝစရဈာန်ပါရပြီးမှ ပဥ္စမဈာန်ကိုအခြေခံအားထုတ်ပြီးတော့ အဘိညာဏ်ဆိုတဲ့စိတ်၊ အဘိညာဏ်ဆိုတဲ့ဉာဏ်ပေါ်တယ်။

အဲဒါကြောင့်မို့ ရူပဈာန် ၅ ပါး, အရူပဈာန် ၄ ပါး, ဈာန် ၉-ပါးစလုံး ရပြီးမှ အဘိညာဏ်ဆိုတာကို ရနိုင်တယ်။

ဒါတွေဟာ အခုခေတ်ကျတော့ အားထုတ်နိုင်သူတွေလည်းမရှိတော့ဘူး၊ ရတဲ့သူလည်း မရှိဘူးလို့ပဲ ဆိုရမှာပေါ့၊ ကိုယ်လဲ မတွေ့ဖူးပဲကိုး။

မြတ်စွာဘုရားလက်ထက်တုန်းက မြတ်စွာဘုရားကိုယ်တိုင် ဒီအဘိညာဏ်တွေ ရတယ်၊ တခြားများစွာသော ရဟန္တာတွေလည်း ဒီအဘိညာဏ်တွေ ရတယ်။

ရဟန္တာတွေကို အမျိုးအစားခွဲလိုက်တော့ ဆဠာဘိညရဟန္တာဆိုတာရှိတယ်၊ ဆိုလိုတာက ရဟန္တာဖြစ်တာနဲ့ ဒီအဘိညာဏ်တွေကို ရတာ၊ ရှေးဘဝက ပါရမီ ပါလာကြတာကိုး။

အဘိညာဏ်မပါပဲနဲ့ ရိုးရိုးရဟန္တာဖြစ်သူတွေလည်း အများကြီး ရှိတာပဲ၊ အထူး အနေနဲ့ကတော့ အဘိညာဏ်ရပြီး ရဟန္တာဖြစ်တာ။

ပြီးတော့ ဝိဇ္ဇာသုံးပါးဆိုတာအခေါ်ရှိသေးတယ်၊ ကြားတော့ကြားဖူးကြလိမ့်မယ်၊ ဝိဇ္ဇာစရဏသမ္ပန္နဆိုတဲ့ မြတ်စွာဘုရားရဲ့ဂုဏ်မှာဆိုရင် ဝိဇ္ဇာ ၃-ပါး ဝိဇ္ဇာ ၈-ပါးနဲ့ လုပ်တယ်၊ ဝိဇ္ဇာသုံးပါးဆိုတာ ဘာလဲဆိုတော့ အခုဒီ အဘိညာဏ်ထဲက ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုအဘိဉာဏ်, အရဟတ္တမဂ်ဆိုတော့ အာသဝက္ခယ အဘိညာဏ် ဒီ ၃-ပါးကို ဝိဇ္ဇာ ၃-ပါးလို့ ခေါ်တယ်၊ ဒီအဘိညာဏ်တွေကိုပဲ ခေါ်တာ။

မြတ်စွာဘုရားဟာ ဗောဓိပင်ရင်းမှာ ထိုင်ပြီးတော့ တရားအားထုတ်တယ်၊ ဘုရားမဖြစ်သမျှ ဒီတင်ပလ္လင်ခွေ မဖျက်ဘူးလို့ အဓိဋ္ဌာန်ပြီး တရားအားထုတ်တဲ့ အခါမှာ ညဥ့်ရဲ့ ပထမယာမ်မှာ ပုဗ္ဗေနိဝါသ အဘိညာဏ်ထိအောင် ရတော်မူတယ်၊ အာနာပါနကမ္မဋ္ဌာန်း (ထွက်သက်ဝင်သက်ကမ္မဋ္ဌာန်း)ကို အားထုတ်ရင်းနဲ့ ပထမဈာန်ရ, ဒုတိယဈာန်ရ, တတိယဈာန်ရ, စတုတ္ထဈာန်ရ, ပဥ္စမဈာန်ရပေါ့လေ၊ အရူပဈာန်တွေရပြီးတဲ့နောက် ပုဗ္ဗေနိဝါသနုဿတိဉာဏ် အဘိညာဏ်ကို ပထမယာမ် အတွင်း (ည ၆ နာရီက ၁၀ နာရီအတွင်း)မှာ ရတော်မူတယ်။

အဲသလိုရတော်မူပြီးတဲ့နောက် ဆက်လက်အားထုတ်တဲ့အခါကျတော့ မဇ္ဈိမယာမ် (သန်းခေါင်ယံ)မှာ ယထာကမ္မူပဂဉာဏ်ကို ရတယ်၊ သတ္တဝါတွေ

http://www.dhammadownload.com



ဘဝတစ်ခုသေပြီး ဘဝတစ်ခုမှာဖြစ်နေတာ၊ ကံအားလျော်စွာ လားနေတာတွေ တိုက်ရိုက်မြင်တဲ့ဉာဏ်တော်ကို အဲဒီအချိန်မှာရတယ်။

အဲသလိုရပြီးတဲ့နောက် ညရဲ့ တတိယယာမ်ကျတော့ တစ်နေ့က ပြောခဲ့တဲ့ အတိုင်း ပဋိစ္စသမုပ္ပါဒ်ကို ဘုရားအလောင်းဘဝ (ဘုရားဖြစ်ဖို့နီးကပ်နေပြီ, နာရီပိုင်းသာ လိုတော့တယ်)မှာ အပြန်ပြန်အလှန်လှန် ဆင်ခြင်တော်မူတယ်။

ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တယ်ဆိုရာမှာ သာမညဆင်ခြင်တာ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ် တစ်ခုစီ တစ်ခုစီကို အသေးစိပ်ဆင်ခြင်ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာပါ ကိုင်ပြီး ရှုသွားတယ်၊ အဲဒါကို ဗုဒ္ဓဝိပဿနာလို့လည်းခေါ်တယ်။

အဲသလို ဝိပဿနာရှုပြီးလို့ အရဟတ်လည်းတက်ရော ဘုရားဖြစ်ရော၊ဘုရား ဖြစ်တဲ့အခါ အာသဝက္ခယ အဘိညာဏ် အာသဝက္ခယဉာဏ် အရဟတ္တမဂ်ဉာဏ် တို့ကို ရတော်မူတယ်၊ အဲဒီအချိန်မှာ ဘုရားဖြစ်တာ။

ဘုရားဖြစ်သည်နှင့် တစ်ပြိုင်နက် သဗ္ဗညုတဉာဏ်ဆိုတာလည်း ပေါ်လာတာ ပေါ့၊ ဒါကြောင့်မို့ ဘုရားဖြစ်တဲ့အချိန်ဟာ ယခုခေတ်အပြောနှင့်ဆိုရင် ကဆုန် လပြည့်နေ့ မဟုတ်ဘူးနော်၊ လပြည့်ကျော် တစ်ရက်နေ့ အရုဏ်တက်ဖြစ်သွားပြီ၊ ဒါပေမယ့် ဦးဇင်းတို့က ဘုရားဖြစ်တာ လပြည့်နေ့လို့ပဲ သတ်မှတ်ထားကြတာ၊ စာတွေထဲမှာလဲ လပြည့်နေ့ကိုပဲ ရည်ညွှန်း ကြတယ်၊ အမှန်ကတော့ လပြည့်နေ့ညမှာ ဗောဓိပင်ရင်း ချဉ်းကပ်, တရားထိုင် တရားအားထုတ်ပြီးတော့ နောက်နေ့ အရုဏ်တက်တာနဲ့ ဘုရားဖြစ်တာနဲ့ တစ်ပြိုင်နက် လောက်ဖြစ်တယ်လို့ ဆိုတယ်။

ဒါက ယနေ့ခေတ်အရပြောတာ နရားလက်ထက်က ရက်ရေတွက်ပုံအရ အရုဏ်နဲ့ရက်ကိုပိုင်းခြားတာဖြစ်တယ်၊ ယနေ့ခေတ်ထိအောင်ပဲ ဘုန်းကြီးလောကမှာ အရုဏ်နဲ့ပဲ ရက်ကိုပိုင်းခြားတယ်၊ ဒါကြောင့် အဲဒီအလိုအရ လပြည့်နေ့မှာပဲ ဘုရား ဖြစ်တာ။

ဘုရားဖြစ်တဲ့အခါကျတော့ အရဟတ္တမဂ်နဲ့ အတူတူသဗ္ဗညုတဉာဏ်တော် ဆိုတာလည်းပါသွားတာပေါ့လေ၊ ဒီအဘိဉာဏ် ၃-ပါး, ပုဗ္ဗေနိဝါသအဘိညာဏ်၊ ဒိဗ္ဗစက္ခု အဘိညာဏ်၊ အာသဝက္ခယဉာဏ်၊ အဲဒီဉာဏ်တွေရပြီး ဘုရားဖြစ်တယ်။

အဲဒီတော့ ရဟန္တာတွေကော ဒီဉာဏ်တွေမရဘူးလားဆိုရင် ရတာပါပဲ၊ ရဟန္တာလည်း ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် ရနိုင်တာပါပဲ၊ ရနိုင်တာမဟုတ်ဘူး, ရကိုရတာ၊ သို့သော်ဘုရားနဲ့တော့ မတူဘူးပေါ့လေ၊ မြတ်စွာ ဘုရားကျတော့ ပုဗ္ဗေနိဝါသဉာဏ်ဆိုရင် အတိုင်းအဆမရှိအောက်မေ့နိုင်တယ်၊

http://www.dhammadownload.com



သာဝကတွေကျတော့ မိမိပါရမီဖြည့်ရာ အတိုင်းအတာ အထိသာပဲ၊ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရရင် လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းကိုပဲ အောက်မေ့နိုင်တယ်၊ အဲသလို အပိုင်းအခြားကွာသွားတယ်။

ဒါဟာ ဘာလဲဆိုရင် သမထကမ္မဋ္ဌာန်းကို အားထုတ်ပြီးတော့ ရနိုင်တဲ့ အကျိုးတွေလို့ပဲ ဆိုကြပါစို့၊ ဈာန်ရပြီးတဲ့နောက် ဈာန်ဝင်စားနိုင်တဲ့ အကျိုးရတယ်၊ အဲဒီဈာန်က တစ်ဆင့်တက်လို့ အဘိညာဏ်ရအောင် အားထုတ်လို့ အဘိညာဏ်ရရင် အခုလိုထူးခြားတဲ့ တန်ခိုးတွေဘာတွေ ရနိုင်တယ်၊ ဒါဟာ သမထ ကမ္မဋ္ဌာန်းရဲ့ အကျိုးကျေးဇူးတွေပေါ့။

ဒါပေမယ်လို့ သမထကမ္မဋ္ဌာန်းက ဒီလိုတန်ခိုးတွေ သာရအောင် လုပ်ပေးနိုင် တယ်၊ ရုပ်နာမ်ရဲ့ သဘောကို အမှန်အကန်အတိုင်း မြင်ဖို့အတွက်တော့ သမထ ကမ္မဋ္ဌာန်းက မတတ်နိုင်ဘူး၊ ပြီးတော့ သမထကမ္မဋ္ဌာန်း သက်သက်အားထုတ်ရုံနဲ့ ကိလေသာမကင်းနိုင်ဘူး, တရားထူးမရနိုင်ဘူး, ရဟန္တာမဖြစ်နိုင်ဘူး။

ဘာကြောင့်လဲဆိုရင် တရားထူးရဖို့ဆိုတာက ရုပ်နာမ်ရဲ့ အမှန်သဘောကို မြင်မှဖြစ်တယ်၊ ရုပ်နာမ်ရဲ့ အမှန်သဘောကို မမြင်ပဲနဲ့ သို့မဟုတ် အနိစ္စ ဒုက္ခ အနတ္တ သဘောကို မသိပဲနဲ့ မမြင်ပဲနဲ့ တရားထူးရနိုင်ဘူး။

အဲဒီတော့ အနိစ္စ ဒုက္ခ အနတ္တ သဘောကိုကောန်မြင်အောင် ကူညီနိုင်တာက သမထကမ္မဋ္ဌာန်းမဟုတ်ဘူး၊ ဝိပဿနာကမ္မဋ္ဌာန်း၊ ဒါကြောင့်မို့ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားမထုတ်ပဲနဲ့ တရားထူးရတယ်လို့ ဘယ်နည်းနဲ့မှ မရှိနိုင်ဘူး။

တချို့တွေမှာ ဘုရားဟောတဲ့ တရားကို နာပြီး ချက်ချင်း တရားထူးရသွား တယ်ဆိုတဲ့ သဘောတွေရှိတယ်၊ ဒါပေမယ့် သူတို့တွေအနေနဲ့ အဲဒီတစ်ထိုင် အခိုက်အတန့်လေးမှာ ဝိပဿနာဉာဏ်တော့ ဖြစ်လိုက်သေးတာပဲ၊ မဖြစ်ပဲနဲ့ တရားထူးရတယ်လို့ကို မရှိဘူး။

မဂ္ဂဝိထိ ပြန်ကြည့်ရင် မဂ္ဂဝိထိမှာ, ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူဆိုတဲ့ ကာမာဝစရစိတ် ၄–ချက်မှာ ပရိကံ, အနုလုံ, ဥပစာ, ဒီ ၃–ခုက အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ သင်္ခါရတရားကို အာရုံပြုတာ။

အဲဒီဝိပဿနာဇောရှေ့က မနေပဲနဲ့ မဂ်ဇောမလာဘူး၊ မဂ်ဇော မပေါ်နိုင်ဘူး၊ ဒါကြောင့်မို့ ဝိပဿနာမပါပဲနဲ့တော့ တရားထူး ဘယ်တော့မှမရနိုင်ဘူး။

သမထကမ္မဋ္ဌာန်းက နီဝရဏတွေကို ငြိမ်းအောင်တတ်နိုင်တယ်၊ ကိလေသာ တွေကိုခွာတယ်၊ ခွာတယ်ဆိုတာ ပယ်တာမဟုတ်ဘူး၊ ခပ်လှမ်းလှမ်းရောက်သွား

http://www.dhammadownload.com



အောင်, အချိန်တော်တော်ကြာပြန်မလာနိုင်အောင် အရှိန်သပ်ထားနိုင်တယ်၊ အဲသလို တော့ ရတယ်။

ဒါပေမယ်လို့ လုံးဝကိလေသာကင်းသွားအောင် သမထကမ္မဋ္ဌာန်းက မလုပ်နိုင်ဘူး၊ ဘာကြောင့်တုန်းဆိုတော့ သမထကမ္မဋ္ဌာန်းရဲ့ရှုပုံကိုကြည့်လိုက်ရင် ရုပ်နာမ်ရဲ့ သဘောကို မြင်အောင်ရှုတာမဟုတ်ဘူး၊ စိတ်ခိုင်အောင် သမာဓိရအောင် လုပ်တာ၊ ပထဝီ, ပထဝီနဲ့ ဒါပဲရှုတာ၊ ပညတ်ကိုပဲ အာရုံပြုပြီးသွားတာ၊ ပရမတ် အာရုံပြုတာ ရယ်လို့ အလွန်ရှားတယ်။

ဝိပဿနာကျတော့ ပညတ်ကို အာရုံပြုလို့မရဘူး၊ ပညတ်ကို ဖောက်ထွင်းပြီး တော့ ပရမတ်ထိအောင်အာရုံပြုတာ၊ ပရမတ်ကို မြင်အောင်ရှုပြီးတော့ အားထုတ်ရတာ။

အဲသလို ရုပ်နာမ်ရဲ့ သဘောမှန်ကို မြင်မှသာ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို သိပြီးတော့ တရားထူးရတဲ့ဆီရောက်တယ်၊ ဒါကြောင့်မို့ သမထကမ္မဋ္ဌာန်း သက်သက်ဖြင့် နိဗ္ဗာန်ကို မရောက်နိုင်၊ တရားထူးမရနိုင်တာကိုတော့ မှတ်ထားရမယ်။

သို့သော် သမထကမ္မဋ္ဌာန်းကို အားထုတ်ဖို့ မလိုဘူး၊ အားမထုတ်သင့်ဘူးလို့ ဒီလိုတော့လည်း ပြောလို့မဖြစ်ဘူးနော်၊ အမျိုးမျိုးပဲ၊ သမထအားထုတ်ပြီးမှ ဝိပဿနာ အားထုတ်ရမယ်လို့ ပြောသူတွေကလည်း ပြောနေကြတာ၊ ဈာန်ရအောင် အားထုတ်ပြီးမှ ဝိပဿနာအားထုတ်ရမယ်လို့ ပြောသူတွေလည်း ရှိနေတယ်၊ သူတို့လည်း တစ်ဖက်စွန်း ရောက်နေတယ်။

စာမှာရှိတာကတော့ ဟိုတစ်နေ့က ပြောခဲ့တဲ့အတိုင်းပဲ၊ သမထကို ပထမ အားထုတ်ပြီးတော့ ဝိပဿနာအားထုတ်ပြီးတော့ မဂ်ဖိုလ်ရသွားတဲ့လူတွေရှိတယ်၊ ဝိပဿနာသက်သက် (သုက္ခဝိပဿကလို့ ဆိုတယ်၊ ဝိပဿနာအခြောက်ပေါ့လေ) အားထုတ်ပြီးတော့ မဂ်ဖိုလ်ရသွားတဲ့သူတွေရှိတယ်။

ဒါကြောင့်မို့ ၂-မျိုးစလုံး အားထုတ်ကောင်းတာချည်းပဲလို့တော့ မှတ်ရမယ်၊ သို့သော် သမထကမ္မဋ္ဌာန်းသက်သက်နဲ့တော့ ကျေနပ်နေဖို့ မသင့်ဘူးပေါ့လေ၊ မြတ်စွာဘုရားရဲ့ တပည့်သားဖြစ်လာရင် မြတ်စွာဘုရားရဲ့ ညွှန်ကြားချက်အတိုင်း သတ္တဝါအားလုံး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဦးတည်ရမှာကိုး။

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ ပို့ဆောင်ပေးနိုင်တာက ဝိပဿနာ ကမ္မဋ္ဌာန်းကသာ ပို့ဆောင်ပေးနိုင်တယ်၊ အဲဒီတော့ သမထကမ္မဋ္ဌာန်း အားထုတ်ပြီးရင် သမထကမ္မဋ္ဌာန်းရဲ့ အာရုံတွေကိုပဲ ဝိပဿနာရှုလို့ရတယ်၊ သို့မဟုတ် သမထ ကမ္မဋ္ဌာန်း အားထုတ်လို့ ရထားတဲ့ သမာဓိ သို့မဟုတ် ဈာန်, အဲဒါကို အနိစ္စ,

http://www.dhammadownload.com



ဒုက္ခ၊ အနတ္တတင်ပြီး ဝိပဿနာရှုသွားလို့ရတယ်။

အဲဒီတော့ သမထကမ္မဋ္ဌာန်းဟာ ဝိပဿနာရဲ့ basic ဖြစ်မှသာ တကယ် အကျိုးရှိမှာ၊ သမထသက်သက်ဆိုရင်တော့ ခုနလို တန်ခိုးတွေ ဘာတွေရတာပဲ ရှိမယ်၊ ဒါပေမယ်လို့ ဒါတွေဟာ မခိုင်မြဲဘူး၊ ပျက်စီးသွားနိုင်တယ်၊ ဈာန်ရပြီးတော့ ဈာန်လျောတာတွေ အများကြီးရှိတယ်၊ ရှေ့တုန်းက ဝတ္ထုတွေမှာရှိတယ်၊ ဈာန်ပျက် နိုင်တယ်။

မဂ်ကတော့ မပျက်နိုင်ဘူး၊ မဂ်ရပြီးရင် ဒီပုဂ္ဂိုလ် ဘယ်တော့မှ နောက်ပြန် မဆုတ်တော့ဘူး၊ လျောမကျတော့ဘူး၊ အဲသလို ကွာသွားတယ်၊ ကိလေသာကိုလည်း မဂ်ကသာ အကြွင်းမရှိ အဆုံးသတ်ပယ်နိုင်တယ်၊ ဈာန်က ကိလေသာကို မပယ် နိုင်ဘူး၊ နှိမ်ထားနိုင်တယ်၊ နီဝရဏတွေကို ခဏငြိမ်းအောင် လုပ်ထားနိုင်တယ်၊ အနုသယကို ဈာန်က မပယ်နိုင်ဘူး၊ အဲဒါကြောင့်မို့ ဝိပဿနာ ကမ္မဋ္ဌာန်းထိအောင် ပွားများအားထုတ်ရမယ်။

အဲဒီတော့ သမထကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီး တကယ်အကျယ်သိချင်ရင်တော့ ဝိသုဒ္ဓိမဂ်ကို ဖတ်ရမယ်၊ ဝိသုဒ္ဓိမဂ်မှာ ကမ္မဋ္ဌာန်း ၄၀-အကျယ်ရှိတယ်၊ အားထုတ်နည်း၊ ဘယ်လိုအားထုတ်ရမယ် အစရှိသဖြင့် စုံနေတာပဲ။

http://www.dhammadownload.com



## ဝိပဿနာ ကမ္မဋ္ဌာန်း

ဤဝိပဿနာ ကမ္မဋ္ဌာန်းအဖွင့်၌ (၁) ဝိသုဒ္ဓိ ၇-ပါး (၂) လက္ခဏာ ၃-ပါး (၃) အနုပဿနာ ၃-ပါး (၄) ဉာဏ် ၁၀-ပါး (၅) ဝိမောက္ခ ၃-ပါး (၆) ဝိမောက္ခမုခ ၃-ပါးတို့ကို ပြဆို၏။

### ဝိသုဒ္ဓိ ၇ ပါး

၁။ သီလဝိသုဒ္ဓိ = စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း။

၂။ စိတ္တဝိသုဒ္ဓိ = ဥပစာရသမာဓိ၊ အပ္ပနာသမာဓိစိတ်၏ စင်ကြယ်ခြင်း။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ = လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၏ အစွမ်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏ စင်ကြယ်ခြင်း။

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ = နာမ်ရုပ်တရား ၂-ပါး၏ အကြောင်းတရားကို သိမ်းဆည်းသည်ဖြစ်၍ ၁၆-ပါးသော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ = ဝိပဿနာ၏ ညစ်ညူးကြောင်းဘေးရန်ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်နိုင်သောဉာဏ်၏ စင်ကြယ်ခြင်း။

၆။ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ = ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် ၉-ပါးသော ဝိပဿနာဉာဏ်ဟု ဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း။

၇။ ဉာဏဒဿနဝိသုဒ္ဓိ = နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်း။

### သီလဝိသုဒ္ဓိ

၁။ ရဟန်းတို့မှာ ပါတိမောက်၌လာသော ၂၂၇-ပါးသော သိက္ခာပုဒ်တော် အပေါင်းသည် ပါတိမောက္ခသံဝရသီလမည်၏။

၂။ စက္ခုစသော ဣန္ဒြေကိုကောင်းစွာလုံခြုံအောင် စောင့်ရှောက်ခြင်းသည် ဣန္ဒြိယ သံဝရသီလ မည်၏။

၃။ မြတ်စွာဘုရားစက်ဆုပ်အပ်သော မိစ္ဆာဇီဝအမှုဖြင့်ရသော ပစ္စည်းတို့ကို

http://www.dhammadownload.com



ရှောင်ကြဉ်၍ တရားသဖြင့်ရသော ဓမ္မိယလဒ္ဓကပ္ပိယပစ္စည်း ၄-ပါးတို့ကိုသာ မှီဝဲသုံးဆောင်၍ အသက်မွေးခြင်းသည် အာဇီဝ ပါရိသုဒ္ဓိသီလမည်၏။

၄။ တရားသဖြင့်ရအပ်သော ပစ္စည်း ၄-ပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းသည် ပစ္စယ သန္နိဿိတသီလမည်၏။

ဤ သီလ ၄-ပါး၏ လုံခြုံပြည့်စုံစင်ကြယ်မှုသည် သီလဝိသုဒ္ဓိမည်၏။

လူတို့မှာသော်ကား ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, သုစရိတသီလတို့ကို ကောင်းစွာလုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းခြင်းသည် ပါတိမောက္ခသံဝရ သီလ မည်၏၊ ဣန္ဒြိယသံဝရသီလမှာ ရဟန်းတော်တို့နှင့်တူ၏။ မိစ္ဆာဇီဝအမှုဖြင့် ရသော ပစ္စည်းတို့ကိုကြဉ်ရှောင်၍ ကောင်းသော ကုန်သွယ်ခြင်းစသော တရားသဖြင့် ရသော ပစ္စည်းတို့ကိုသာ မှီဝဲ၍ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။ တရားသဖြင့် ရှာကြံရအပ်သော အဝတ်ပုဆိုးအစာအာဟာရတို့ကို ပဋိကူလသညာ စတုဓာတု ဝဝတ္ထာန်တို့ဖြင့် အောက်မေ့ဆင်ခြင်၍ စည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေဝေ ခြင်းသို့မရောက်စေပဲ သုံးဆောင်ခံစား မှီဝဲခြင်းသည် ပစ္စယသန္နိဿိတ သီလပြည့်စုံ သည်။

## စိတ္တဝိသုဒ္ဓိ

ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ ၂-ပါးသည် (ဝါ) သမာဓိ ၂-ပါးနှင့်ယှဉ်သော စိတ်သည် ကာမစ္ဆန္ဒနီဝရဏစသော အညစ်အကြေးတို့မှ စင်ကြယ်သောကြောင့် စိတ္တဝိသုဒ္ဓိမည်၏၊ ဝိပဿနာကမ္မဋ္ဌာန်းကို အဟုတ်ကြိုးပမ်းမည့် ယောဂီသည် သမထကမ္မဋ္ဌာန်းကို ရှေးဦးစွာ ဥပစာရသမာဓိလောက်ဖြစ်စေ, အပ္ပနာသမာဓိသို့ ရောက်အောင်ဖြစ်စေ အားထုတ်၍ နီဝရဏတို့မှစင်ကြယ်စေသဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းအာရုံထိ ရောက်စေနိုင်၏။

## ဒိဋ္ဌိဝိသုဒ္ဓိ

ပရမတ္ထတရားတို့၌ ယောဂိပုဂ္ဂိုလ်များသိဖို့ရန် အမှတ်အသား တစ်မျိုးစီ ရှိကြ၏၊ ထိုအမှတ်အသားကိုလက္ခဏာဟုခေါ်သည်၊ ပရမတ္ထတရားတို့၏ ပြုဖွယ်ကိစ္စဟူသော ကိစ္စရသ, အကြောင်းစုံညီ၍ ဖြစ်ပုံဟူသော သမ္ပတ္တိရသ ၂-မျိုးသည် ရသမည်၏၊ ဉာဏ်အား ရှေးရှုထင်သာ အခြင်းအရာ အကျိုးတရားသည် ပစ္စုပဋ္ဌာန်မည်၏၊ နီးစွာသော အကြောင်းတရားသည် ပဒဋ္ဌာန်မည်၏။

http://www.dhammadownload.com



စိတ်စေတသိက်ဟူသောနာမ်နှင့် နိပ္ဖန္နရုပ်တရားတို့ကို လက္ခဏာရသ, ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တင်၍ ဆင်ခြင်လိုက်သောအခါ သိမှုသည်စိတ်၊ ခံစားမှုသည် ဝေဒနာ၊ မှတ်သားမှုသည် သညာ၊ ပြုလုပ်အားထုတ်မှုကား သင်္ခါရ, ဖောက်ပြန်တတ်သော ဤခန္ဓာကိုယ် ကြီးကားရုပ်တည်းဟု သိမြင်ခြင်းသည်ပင် အတ္တစွဲလန်းမှုဟူသော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ ဤသို့ဆင်ခြင်ဖန်များလျှင် သတ္တဝါမရှိ, ပုဂ္ဂိုလ်မရှိ, အတ္တမရှိ ယောကျ်ားမရှိ, မိန်းမမရှိ, ရုပ်နာမ်သာ ရှိသည်ဟု မိမိရရ သဘောကျသဖြင့် အတ္တဒိဋ္ဌိ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိနယ်သို့ရောက်လေပြီ။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ကား အဝိဇ္ဇာ သင်္ခါရ ဟောတုစသော အကြောင်းတရားကြောင့်ဖြစ်၏၊ ရုပ်ကား ကံစသော အကြောင်းတရားကြောင့်ဖြစ်၏ဟု ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကို ကောင်းကောင်းသိမြင်သောအခါ ရှေးရှေးဘဝတုန်းကလည်း အကြောင်းအားလျော်စွာ ရုပ်နာမ်ခန္ဓာတို့ ဖြစ်ခဲ့လှပြီ၊ ရဟန္တာမဖြစ်သေးသမျှ နောက်နောင်ဘဝတို့၌လည်း အကြောင်းအားလျော်စွာ ဖြစ်ကြရလိမ့်ဦးလတ့်ဟု သဘောကျသဖြင့် ၁၆-ပါးသော ယုံမှားမှုများကို လွတ်မြောက်၍တည်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ကင်္ခါ ၁၆-ပါးကား-

(၁) ငါသည် လွန်လေပြီးသော ကာလ၌ ဖြစ်ဖူးပြီလော၊ (၂) လွန်လေပြီးသောကာလ၌ မဖြစ်ဖူးလေသလော (၃) အဘယ်သို့သောသူ ဖြစ်ဖူးလေသနည်း၊ (၄) အဘယ်ပုံသဏ္ဌာန်ဖြင့် ဖြစ်ခဲ့ပါလိမ့်မည်နည်း၊ (၅)တတိယဘဝက ဘယ်ပုံဖြစ်ခဲ့၍ လွန်ပြီးသော ဒုတိယဘဝ၌ ဘယ်လိုဖြစ်ခဲ့ပါလိမ့်မည်နည်းဟု အတိတ်ဘဝအတွက် ယုံမှားချက် ၅-ပါး အနာဂတ်ဘဝအတွက် ၅-ပါး ပေါင်း ၁၀-ပါး ဖြစ်၏။

ပစ္စုပ္ပန်အတွက် ယုံမှားခြင်း ၆-ပါးမှာ (၁) ငါဟုတ်လေသလော၊ (၂) ငါမဟုတ်လေသလော၊ (၃) အဘယ်သို့သောသူသည် ငါဖြစ်လေသနည်း၊ (၄) အဘယ်သို့သော အခြင်းအရာအားဖြင့် ငါဖြစ်လေသနည်း၊ (၅) ဤငါဖြစ်သော သတ္တဝါအတ္တဘောသည် အဘယ်ဘဝက လာခဲ့လေသနည်း၊ (၆) ထိုအတ္တဘောသည် အဘယ်ဘဝသို့ လားရလတ္တံ့နည်း။

* * *

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၅၄

## [ကမ္မဋ္ဌာန်းပိုင်း]

## သမထကမ္မဋ္ဌာန်းအဆက်နှင့် ဝိပဿနာ ကမ္မဋ္ဌာန်းအစ

ဒီနေ့ နိုဝင်ဘာ ၁၁ ရက်နေ့။

လွန်ခဲ့တဲ့ အပတ်က သမထကမ္မဋ္ဌာန်းအကြောင်း လေ့လာပြီးကြပြီ၊ ပြီးမယ်ဆိုရင်လည်းပြီးနိုင်တယ်၊ ဒါပေမယ်လို့ သမထကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီး ပြောချင်တာလေးတွေရှိသေးတယ်၊ ဒါကြောင့်မို့ သမထကမ္မဋ္ဌာန်းကို ပြန်ကြည့်လိုက်ကြဦးစို့။

သမထကမ္မဋ္ဌာန်း ၄၀–ရှိတယ်၊ ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ အနုဿတိ ၁၀–ပါး၊ အပ္ပမညာ ၄–ပါး, သညာ ၁–ပါး, ဝဝတ္ထာန ၁–ပါး အအရုပ္ပ ၄ ပါး။

အဲဒီတော့ ကမ္မဋ္ဌာန်းတိုင်းမှာ ပရိကမ္မဘာဝနာ ဥပစာရ ဘာဝနာ, အပ္ပနာဘာဝနာ, နိမိတ်ကလည်း ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ဆိုပြီးရှိတယ်။

http://www.dhammadownload.com



တချို့ကမ္မဋ္ဌာန်းမှာတော့ အပ္ပနာဘာဝနာမရှိဘူး၊ ဆိုပါတော့ (ဗုဒ္ဓါနုဿတိတို့ ဘာတို့ဆိုရင်ပေါ့) ဥပစာရဘာဝနာအထိသာ ရနိုင်တယ်၊ ဒါတွေက ဟိုနေ့က ပြောပြီးပြီ။

ဒီနေ့ ဘာပြောချင်တာလဲဆိုတော့ အထူးသဖြင့်တော့ ကသိုဏ်း ၁၀-ပါးရဲ့ အစွမ်းသတ္တိလေးတွေ နည်းနည်းသိထားရင်ကောင်းမယ်လို့ ထင်တယ်၊ ဒါဟာ သင်္ဂြိုဟ်ကျမ်းထဲမှာတော့မပါဘူး၊ ဝိသုဒ္ဓိမဂ်ထဲမှာပါတယ်၊ ဘယ်ကသိုဏ်းဝင်စားအား ထုတ်ပြီးတန်ခိုးပြတဲ့အခါကျတော့ ဘယ်လိုအကျိုးတွေ ဖြစ်နိုင်တယ်ဆိုတဲ့ ကသိုဏ်းရဲ့ အစွမ်းသတ္တိတွေ ပြောထားတာရှိတယ်၊ ရေးမှတ်နေဖို့တော့ မလိုဘူး၊ နားထောင် ထားပေါ့လေ၊ နားထောင်ရင် နည်းနည်းပါးပါးတီးခေါက်မိမှာပေါ့။

ဆိုပါတော့, ရှေးတုန်းက သာမဏေလေးတစ်ပါးရှိတယ်၊ သာမဏေဟာ စျာန်အဘိညာဏ်တွေရတော့ နတ်ပြည်သွားတယ်၊ နတ်ပြည်ရောက်တဲ့အခါ ဝေဇယန္တာ ပြာသာဒ်ကြီးကို မြင်တော့ တန်ခိုးနဲ့လှုပ်အောင်လုပ်မယ်ဆိုပြီး သွားလှုပ်တယ်၊ လှုပ်လို့မရဘူး၊ လှုပ်လို့မရတော့ နတ်သမီးတွေက လှောင်ပြောင်လွှတ်လိုက်တာ ရှက်ပြီးတော့ လူ့ပြည်ပြန်လာရတယ်။

အဲဒီတော့ သူ့ဆရာကို မေးတယ်၊ သူဘာဖြစ်သွားတာလဲ၊ တန်ခိုးအဘိညာဏ် နဲ့ ဝေဇယန္တာပြာသာဒ်ကို လှုပ်အောင်လုပ်တာ မလှုပ်ဘူးဆိုတော့ အဲဒီမှာဆရာက ဥပမာလေးတစ်ခုနဲ့ပြောတယ်။

ရေထဲမှာနွားချေးလေး ရွှေ့လျားလှုပ်နေတာနဲ့ဥပမာပေးပြီးပြောတာ၊ သာမဏေ က ကသိုဏ်းဝင်စားတာမှားတယ်၊ ပထဝီကသိုဏ်း ဝင်စားပြီး သွားလှုပ်အောင် လုပ်တော့ ပထဝီက ခိုင်တာကိုး၊ ဘယ်ရမလဲ၊ အဲဒီတော့ အာပေါကသိုဏ်း ဝင်စား ရတယ်၊ အာပေါကသိုဏ်းဝင်စားပြီးမှ လှုပ်အောင်လုပ်လို့ရတယ် စသည် ဖြင့်ပေါ့။

ဒါကြောင့်မို့ ကသိုဏ်း ၁၀-ပါးရဲ့ အစွမ်းသတ္တိလေးတွေကို ဝိသုဒ္ဓိမဂ်မှာ အကျယ်ရေးထားတာရှိတယ်၊ အဲဒါကို မဟာဝိသုဒ္ဓါရုံ ဆရာတော်က လင်္ကာ စီကုံးထားတယ်၊ အဲဒီလင်္ကာကိုဖတ်ပြီး နည်းနည်းအကျဉ်းပြောပြမယ်။

* **ပထဝီကသိဏ၊ စွမ်းဗလကြောင့်၊ ဧက ဗဟု၊ ဗဟုဧက၊ စသည်ဖြစ်ချင်၊ ကောင်းကင်ရေတွင်း၊ မြေဖန်ဆင်း၍၊ သွားခြင်းထိုင်လျောင်း၊ ရကောင်း အဘိပါ၊ စဉ်လာသဘော၊ ပြီးကြောင်းဟော၏။**

ပထဝီကသိုဏ်းကို ဝင်စားတဲ့အတွက်ကြောင့် ဘယ်လိုအကျိုးတွေ ရနိုင်သလဲ ဆိုတော့ "ဧကဗဟု၊ ဗဟုဧကစသည်ဖြစ်ချင်"ဆိုတာ တစ်ယောက်ထည်းကနေ

http://www.dhammadownload.com



အများဖြစ်အောင်ဖန်ဆင်းတာ၊ အများကနေ တစ်ယောက်ဖြစ်အောင် ဖန်ဆင်းတာ၊ အဲဒါကိုပြောတာ။

"ကောင်းကင်ရေတွင်း၊ မြေဖန်ဆင်း၏" ဆိုတာ ကောင်းကင်ပေါ်မှာ မြေကြီးဖန်ဆင်းတယ်၊ ရေထဲမှာ မြေကြီးဖန်ဆင်းပြီးတော့ အဲဒီပေါ်မှာ သွားတယ် ထိုင်တယ်, ရပ်တယ် စသည်ဖြင့် အဲသလို လုပ်ပြနိုင်တယ်။

"ရကောင်းအဘိပါ၊ စဖွာသဘော၊ ပြီးကြောင်းဟော၏" ဒါကတော့ အဘိပါဆိုတော့ နိုင်နိုင်နင်းနင်းပွားများပြီးရတဲ့ ဈာန်ကို ပြောတာ၊ အဲသလိုဟာတွေရဖို့ ပထဝီကသိုဏ်းရဲ့ အစွမ်းအကျိုးပြုတယ်တဲ့။

* **အာပေါစွမ်းအင်၊ မြေတွင်ပေါ်လျှိုး၊ မိုးသမုဒ်မြစ်၊ ဖြစ်စေဖောင်ဖောင်၊ မြေတောင်ပြာသာဒ်၊ လှုပ်လတ်စေမော၊ ရေလျှံပြော၏။**

အာပေါကသိုဏ်းဝင်စားပြီး တန်ခိုးပြတဲ့အခါကျတော့ မြေပေါ်ပေါ်တယ်၊ လျှိုးဝင်သွားနိုင်တယ်၊ မိုးဖန်ဆင်းနိုင်တယ်၊ မြစ်ကြီးဖန်ဆင်းနိုင်တယ်၊ သမုဒ္ဒရာဖန်ဆင်းနိုင်တယ်၊ မြေကြီးတို့, တောင်, ပြာသာဒ်တို့ကို လှုပ်စေချင်ရင် အဲဒီ အာပေါကသိုဏ်း ဝင်စားပြီးမှ အဘိညာဏ်နဲ့ သွားရတယ်။

* **တေဇောလျှံခိုး၊ မီးကျည်းမိုးတည်၊**

မီးကျည်းမိုးကြီးရွာအောင် ဖန်ဆင်းချင်တာတို့၊ အလျှံအခိုးတွေ ဖန်ဆင်းချင်တာတို့ဆိုရင် ပထမတေဇောကသိုဏ်း ဝင်စားရတယ်။

* **သူ့တန်ခိုးကို၊ နှိမ်ချိုးနိုင်လေ။**

တစ်ဖက်သားရဲ့ တန်ခိုးကို နှိမ်ချိုးနိုင်ဖို့ဆိုရင် တေဇောကသိုဏ်းကိုဝင်စားပြီး လုပ်ရတယ်၊ ရှင်မောဂ္ဂလာန်က နန္ဒောပနန္ဒ နဂါးကြီးကို နှိမ်နင်းတဲ့အခါမျိုးမှာ တေဇောကသိုဏ်းဝင်စားပြီး နှိမ်တာ၊ အဲသလို တေဇောကသိုဏ်းရဲ့အစွမ်းက သူတပါးတန်ခိုးကို နှိမ်နင်းနိုင်တယ်။

* **ဝတ္ထုတွေတွင်၊ လောင်စေချင်ရာ၊**

ပစ္စည်းအမျိုးမျိုးရှိတဲ့အထဲက ကိုယ်လောင်စေချင်တဲ့ ပစ္စည်းကိုသာ မီးလောင်အောင် ဖန်ဆင်းတာ၊ အဓိဋ္ဌာန်ပြုတာ။

* **ဒိဗ္ဗာ စက္ခု၊ အလင်းပြုလတ်။**

ဒိဗ္ဗစက္ခု အဘိညာဏ် အထက်အလင်းရောင်ပြုတာ၊ အလင်းရောင်ဖြစ်အောင် ဖန်ဆင်းတာဟာ တေဇောကသိုဏ်းရဲ့ သတ္တိပဲ။

* **တေဇောဓာတ်လောင်၊ မိုက်မှောင်ပယ်လျော၊**

http://www.dhammadownload.com



မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတဲ့အခါမှာ အလိုလို မီးလောင်စေသတည်းလို့ အဓိဋ္ဌာန်ပြုသွားတယ်၊ အဲဒါ တေဇောကသိုဏ်းဝင်စားပြီး ဓိဋ္ဌာန်သွားတာ၊ နောက်တော့ မြတ်စွာဘုရား ခန္ဓာကိုယ်ဟာ အလိုလိုမီးလောင်သွားတာ၊ အမိုက်တိုက်ကို ပယ်ဖို့ ဆိုရင်လည်း တေဇောကသိုဏ်းဝင်စားပြီးပြုရတယ်၊ ဒီကသိုဏ်းဝင်စားရုံနဲ့ ဖြစ်တာ တော့ မဟုတ်ဘူး၊ ဒီကသိုဏ်းရဲ့ဈာန်ပေါ့၊ အဲဒီဈာန်ကနေ အဘိညာဏ်တက်တာ။

* **ဝါယောစွမ်းမှာ၊ လျှင်စွာလေမှု၊ မှန်တိုင်းထစေ၊ ရောက်လေလိုရာ၊**

လေတိုက်အောင်လုပ်တာ, မှန်တိုင်းထအောင်လုပ်တာ, လိုရာရောက်အောင် လုပ်နိုင်တာတို့ပေါ့၊ အဲဒါဟာ ဝါယောကသိုဏ်းရဲ့အစွမ်း။

* **နီလာ ကသိုဏ်း၊ ညိုမှိုင်းအဆင်း၊ မိုက်စေခြင်းတည်း။**

တစ်ခါတုန်းက အမျိုးသမီးတွေအရက်မူးပြီး မြတ်စွာဘုရားရှေ့မှာ မတော် တရော်လုပ်တော့ မြတ်စွာဘုရားက ညိုသောရောင်ခြည်တော်တွေလွှတ် အမိုက် မှောင်ကြီး လျှံစေပြီး သူတို့ကို ကြောက်အောင်လုပ်တာ၊ အဲဒါ နီလ ကသိုဏ်းဝင်စားပြီး လုပ်လိုက်တာ။

* **ညိုမှိုင်းအဆင်း၊ မိုက်စေခြင်းတည့်၊ အဘိဘာယတန၊ သုဘဝိမောက္ခာ၊ ရလေရာ၏။**

ပြီးတော့ အားကောင်းတဲ့အထက် ဈာန်တွေကိုလည်း ရစေနိုင်တယ်။

* **ပီတာ ရွှေဆင်း၊ ရွှေဖန်ဆင်း၏၊ ရလျှင်းအဘိဘာ၊ သုဘဝိမောက္ခာ၊ရလေရာ၏။**

ပီတကသိုဏ်းဆိုတော့ အဝါရောင်ပေါ့၊ ရွှေရောင်ဖန်ဆင်းနိုင်တယ်၊ အား ကောင်းတဲ့ အထက်ဈာန်တွေလည်း ရနိုင်တယ်။

* **လောဟိတစွမ်းအင်၊ နီလွှင်ဖန်ဆင်း၊ ရခြင်းအဘိဘာ၊ သုဘဝိမောက္ခာ၊ ရလေရာ၏။**

လောဟိတကသိုဏ်း ဝင်စားပြီး အနီရောင်တွေ ဖန်ဆင်းတာပေါ့၊ အဲသလို သူ့ကသိုဏ်းနဲ့သူ မိမိလိုချင်တဲ့ အကျိုးနဲ့ ကိုက်ညီတဲ့အကြောင်းဖြစ်တဲ့ ကသိုဏ်းကို ဝင်စားပြီးမှ လုပ်ရတယ်။

* **ဩဒါတမှု၊ ဖြူရောင်ဖန်ဆင်း၊**

ဩဒါတကသိုဏ်းဝင်စားတော့ အဖြူရောင်ဖန်ဆင်းလို့ရတယ်။

* **ကင်းဝေးမျည်းငိုက်၊**

အဖြူဆိုတော့ အိပ်ချင်တာကို ပယ်ဖျောက်နိုင်တာပေါ့၊

* **မှောင်မိုက်ဖျောက်ထ၊**

http://www.dhammadownload.com



အမှောင်ကို ဖျောက်ချင်တဲ့အခါလည်း ဝင်စားလို့ရတယ်။

* **ဒိဗ္ဗ စက္ခု၊ ရှုဖို့အလင်း၊ ပြုခြင်းစွမ်းထ၊**

ဒိဗ္ဗစက္ခု ရှုဖို့အတွက်က ရှေ့ကနေပြီး အလင်းရောင်လုပ်ပေးတယ်၊ ဒါက ဩဒါတကသိုဏ်း၊ တေဇောကသိုဏ်းမှာလည်း ဒိဗ္ဗစက္ခုပါပြီးပြီ။

* **အာလောကလည်း၊ တောက်ပရောင်ဆင်း၊ ကင်းဝေးမျည်းငိုက်၊ မှောင်မိုက် ဖျောက်ထ၊ ဒိဗ္ဗစက္ခု၊ ရှုဖို့အလင်း၊ ပြုခြင်းစွမ်းထ၊**

အာလောကဆိုတာ ဩဒါတနဲ့ခပ်ဆင်ဆင်ပေါ့၊ အရောင်အဆင်းပဲ၊ ဒိဗ္ဗစက္ခု အတွက်လည်း အလင်းရောင်လုပ်ပေးနိုင်တယ်။

* **အာကာသဝယ်၊ ပိတ်ကွယ်စွာဟင်း၊ ရေမြေတွင်း၌၊ ဖန်ဆင်းကောင်းကင်၊ ပြုပြင်ယာပိုတ်၊**

မြေကြီးထဲလျှိုးပြီး စကြ်န်လျှောက်မယ် ဘာမယ်ပေါ့၊ မြေထဲမှာ အာကာသ ဖန်ဆင်းပြီးနေတာ၊ ရေထဲမှာလည်း space ဖန်ဆင်းပြီးမှ အဲဒီထဲမှာ လမ်းလျှောက် မယ်။

**ပြုပြင်ယာပိုတ်၊ မခိုက်မငြိ၊ တိလောကုတ္တ၊ စသည်ကွယ်ခြား၊ သွားနိုင်ငြားသည်၊ ဆယ်ပါးကသိုဏ်းသတ္တိတည်း။**

နံရံတွေကို ဖြတ်သွားနိုင်တာကိုပြောတာ၊ အမှန်တော့ နံရံထဲမှာ အာကာသ space ဖန်ဆင်းပြီး သွားတာ၊ တိလောကုတ္တဆိုတာ နံရံတစ်ဖက်ကို ဆိုလိုတာ၊ အဲဒါကသိုဏ်း ၁၀ -ပါးရဲ့ သတ္တိပဲ၊ သူ့သတ္တိနဲ့သူရှိတယ်။

ဒါတွေကို ဘာလို့ပြောနေရသလဲဆိုတော့ ဝတ္ထုကြောင်းတွေဖတ်တဲ့အခါကျ ဒါလေးတွေပါတတ်တယ်၊ တေဇောကသိုဏ်းဝင်စားပြီး ဘာလုပ်လိုက်တယ်၊ ခုနပြောတဲ့ သာမဏေလေးဆိုရင် ကသိုဏ်းဝင်စားတာမှားနေလို့ ကိုယ်လုပ်ချင်တာ မဖြစ်နိုင်ဘူး၊ နတ်သမီးတွေက လှောင်ပြောင်လွှတ်လိုက်လို့ အရှက်ကွဲလာတယ်၊ နောက်တစ်ခါကျတော့ သူက ပြန်သွားတယ်၊ ဆရာ့ဆီက နည်းရသွားပြီ၊ အဲဒီ အခါကျတော့ ဝေဇယန္တာပြာသာဒ်ကို သွက်သွက်ခါအောင်လှုပ်လိုက်တော့ နတ်သမီး တွေကြောက်လန့်ပြီး တောင်းပန်ကြသတဲ့၊ ဒါဟာ ကသိုဏ်း ၁၀-ပါးရဲ့ သတ္တိ။

တခြားဟာတွေက သိပ်မထူးဘူး၊ အားထုတ်ချင်လည်းအားထုတ်လို့ရတယ်၊ ကာယဂတာသတိကို နည်းနည်းလေးပြောချင်တယ်၊ ကာယဂတာသတိက အားထုတ် များကြတယ်၊ အပြောများတယ်။

ကာယဂတာသတိက ဆံပင်စသော ၃၂-ပါးသော ကောဋ္ဌာသကို (အမှန်က

http://www.dhammadownload.com



တော့) ရှုံ့ဖွယ်မြင်အောင်ရှုတာ၊ ရိုးရိုးကေသာလောမာ ပွားရုံတင်မဟုတ်ဘူး၊ ကေသာလောမာလို့ ရွတ်ပြီးတဲ့နောက် အဆင်းအားဖြင့် ရှုံ့ဖွယ်, အနံ့အားဖြင့် ရှုံ့ဖွယ်, သဏ္ဍာန်အားဖြင့် ရှုံ့ဖွယ်စသည်ဖြင့် အမျိုးမျိုး ရှုံ့ဖွယ်မြင်အောင်ရှုရတာ။

အဲဒီကေသာလောမာရွတ်တဲ့အခါ (စာမှာဆိုထားတာက) ပထမပါးစပ်နဲ့ကို ရွတ်ရမယ်၊ ဒီကမ္မဋ္ဌာန်းက တစ်မျိုး၊ နှုတ်နဲ့ရွတ်ရမယ်၊ နှုတ်နဲ့ရွတ်ပြီးမှ တစ်ခါစိတ်နဲ့ ရွတ်ရမယ်၊ စိတ်နဲ့ရွတ်ပြီးမှ တစ်ခါ (ခုနပြောတဲ့အတိုင်း) အဆင်းအားဖြင့်လည်း ကောင်း, သဏ္ဍာန်အားဖြင့်လည်းကောင်း ရှုံ့ဖွယ်မြင်အောင် ရှုရမယ်၊ အဲသလို လာတယ်။

အဲဒါကြောင့် စာမှာပါတဲ့အတိုင်း စနစ်တကျ အားထုတ်မယ်ဆိုရင်၊ ရွတ်နေတာက ၆-လလောက်တဲ့၊ ရွတ်နည်းလေးပြောပြမယ်၊ ၃၂-ကောဋ္ဌာသရကြလား၊ တစပဉ္စကဆိုတာက ကေသာ, လောမာ, နခါ, ဒန္တာ, တစော ဒီ ၅-ခုကို တစ်စု၊ သူက group ခွဲထားတယ်။

မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ, ဒါကိုဝက္ကပဉ္စကလို့ ခေါ်တယ်၊ ဒါက ၅ ခု။

ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ၊ ဒါလည်း ၅-ခု၊ ပပ္ဖါသပဉ္စက။

အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ, မတ္ထလုင်္ဂပဉ္စကလို့ခေါ်တယ်။

ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ, ၆-ခုတစ်ခုကို မေဒဆက္ကလို့ခေါ်တယ်။

အဿု, ဝသာ, ခေဠော, သိင်္ဃာနိကာ, လသိကာ, မုတ္တံ၊ အဲဒါကို မုတ္တဆက္က လို့ ခေါ်တယ်၊ အဲဒီတော့ ၅-ခုက ၄-ခု, ၆-ခုက ၂ ခု ရှိတယ်။

ကောင်းပြီ, အဲဒီဟာမှ ဘယ်လိုပါးစပ်နဲ့ရွတ်ပြီး ပွားများရမှာလဲဆိုရင် အနုလုံအားဖြင့် ၅-ရက်၊ မပြတ်ရွတ်ရမယ်၊ ကေသာလောမာ, နခါ, ဒန္တာ, တစောနဲ့ အစဉ်အတိုင်းရွတ်ပြီးရင် ပဋိလုံ ၅-ရက်ပေါ့၊ တစော, ဒန္တာ, နခါ, လောမာ, ကေသာ, ဒီလိုချည်း ရွတ်ရမှာ။

နောက် ၅ ရက်ကျတော့ ကေသာ, လောမာ, နခါ, ဒန္တာ, တစော။

တစော, ဒန္တာ, နခါ, လောမာ, ကေသာ အဲဒီလိုချည်း ရွတ်ရမှာက ၅-ရက်။

အဲဒီတော့ ပထမအစုအတွက် ၁၅-ရက်ကုန်သွားပြီ၊ အဲဒါပြီးရင် ဝက္ကပဉ္စက

http://www.dhammadownload.com



သွား၊ နောက် ပဋိကူလလည်းအနုလုံ ၅-ရက်၊ ပဋိလုံ ၅-ရက်၊ အနုလုံ ပဋိလုံ ၅-ရက်၊ ၁၅-ရက် ကုန်သွားပြန်ပြီ။

ပြီးရင် အဲဒီ ၂-ခုပေါင်းပြီး သွားရမယ်၊ ၁၀-ခု ပေါင်းသွားရမှာ၊ ကေသာ, လောမာ, နခါ, ဒန္တာ, တစော, မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ, (တစ်ခါ ပြောင်းပြန်ပြန်လိုက်) ဝက္ကံ, အဋ္ဌိမဉ္ဇံ, အဋ္ဌိ နှာရု မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ, အဲဒီလိုပေါင်းပြီး ၁၅-ရက်။

နောက်တစ်ခါ ပပ္ဖါသာ ပဋ္ဌကသွား၊ သူချည်းပဲ အနုလုံ ၅-ရက်၊ ပဋိလုံ ၅-ရက်၊ ပြီးရင် ၁၀-ခုပေါင်းပြီးတော့ အနုလုံ ပဋိလုံ ၅-ရက်။

နောက်တစ်ခါ မတ္ထလုင်္ဂ ပဋ္ဌကသွား၊ ထို့အတူပဲ ထို့အတူပဲ၊ အနုလုံ ၅-ရက်, ပဋိလုံ ၅-ရက်, အနုလုံ ပဋိလုံ ၅-ရက်, ပြီးရင် အားလုံးပေါင်း ၂၀-ဖြစ်သွားပြီ အားလုံးပေါင်းပြီးတော့ အနုလုံ ပဋိလုံ-၅ရက်။

ပြီးရင် မေဒဆက္ကသွား၊ အနုလုံ ၅ -ရက်၊ ပဋိလုံ ၅ -ရက်၊ အနုလုံ ပဋိလုံ ၅ -ရက်၊ ပြီးရင် အားလုံးပေါင်း ၂၆-ဖြစ်သွားပြီ၊ ၁၅ ရက်ကြာသွား။

ပြီးရင် မုတ္တဆက္ကသွား, ၁၅-ရက်ကြာမယ်၊ ပြီးရင် အားလုံးပေါင်း ၃၂-ဖြစ် သွားပြီ၊ ၃၂-ခုလုံးကို ၁၅-ရက် ပွားလိုက်တော့ အားလုံးပေါင်းလိုက်တဲ့အခါ ၅- လခွဲ။

အဲသလို နှုတ်နဲ့ချည်း ၅-လခွဲ ရွတ်နေရမှာ၊ ဒါက သမ္မောဆိုတဲ့ အဋ္ဌကထာမှာ ဆိုထားတာ၊ ဝိသုဒ္ဓိမဂ်မှာတော့ ဒီလောက်ထိ မပြောဘူး။

အဲဒီလိုပြီးတဲ့နောက်မှာ စိတ်နဲ့ရွတ်ရဦးမယ်၊ အဲဒါက ဒီအတိုင်း သွားဦးမှ အဲဒီတော့ တကယ်တမ်း စာမှာလာတဲ့အတိုင်း အတိအကျ အားထုတ်ရမယ်ဆိုရင် ပေါက်မြောက်အောင် အကြာကြီးကို အားထုတ်ရမယ်၊ နှုတ်နဲ့ရွတ်ရမယ်၊ စိတ်နဲ့ ရွတ်ရမယ်။

ပြီးတော့မှ အဆင်းအားဖြင့်လည်းကောင်း, သဏ္ဌာန်အားဖြင့်လည်းကောင်း, အရပ်ဒေသအားဖြင့်လည်းကောင်း၊ တည်ရာဌာနအားဖြင့်လည်းကောင်း၊ အပိုင်းအခြား အားဖြင့်လည်းကောင်း ရှုံ့ဖွယ်ကို ရှုရမှာ။

ဆံပင်ကို ရှုမယ်ဆိုရင် ဆံပင်သုံးလေးပင်လောက်ကို ယူချပြီး ရှုရမှာ၊ အဲဒီနေရာမှာ ကေသာလောမာနဲ့ ပတ်သက်ပြီး အကျယ်ရေးထားတာရှိတယ်၊ ရှေးတုန်းကလည်း နားလည်ကြတယ်ဆိုတာ စာတွေကို ကြည့်ရင် ထင်ရှားတယ်၊ အဲသလို ကာယာဂတာသတိကို လေ့လာပွားများရမှာ။

http://www.dhammadownload.com



တခြားဟာတွေကတော့ ဟိုနေ့က ပြောပြီးသားပါ၊ အာနာပါနသတိဆိုရင် ထွက်သက်ဝင်သက်ရှုတာ၊ အာနာပါနဝင်သက်ထွက်သက်ကို သမထဖြစ်အောင် ရှုလို့လည်းရတယ်၊ ဝိပဿနာဖြစ်အောင် ရှုလို့လည်းရတယ်။

တခြားဟာတွေက ဟိုနေ့ကပြောထားတာလောက်နဲ့တင်တော်ကြစို့၊ အကယ်၍ ဒီထက်ပိုသိချင်သေးတယ်ဆိုရင် နောက်တစ်ခေါက်ဖြစ်ဖြစ်, သို့မဟုတ် သီးခြားအကျယ် ဝိသုဒ္ဓိမဂ်လိုဟာမျိုး ဖတ်ရှုလေ့လာမှရမယ်၊ အဲဒီတော့ ဒီနေ့ ဝိပဿနာကိုသွားလိုက် ကြစို့။

ဝိပဿနာကမ္မဋ္ဌာန်းမှာ ပထမဆုံး ဝိသုဒ္ဓိ ၇-ပါးတဲ့၊ လက္ခဏာ ၃-ပါး၊ အနုပဿနာ ၃-ပါး၊ ဉာဏ် ၁၀-ပါး၊ ဝိမောက္ခ ၃-ပါး၊ ဝိမောက္ခမုခ ၃-ပါး ဆိုပြီး ဒီလိုလာတယ်။

ပထမ ဝိသုဒ္ဓိ ၇-ပါးကြည့်ရအောင်၊ ဝိပဿနာအားထုတ်တဲ့အခါမှာ ဝိသုဒ္ဓိ ၇-ပါး အစဉ်အတိုင်းသွားရမယ်၊ ကျော်လို့မရဘူး၊ ဝိသုဒ္ဓိ ၇-ပါးမှာ

(၁) သီလ ဝိသုဒ္ဓိ (၂) စိတ္တဝိသုဒ္ဓိ (၃) ဒိဋ္ဌိဝိသုဒ္ဓိ (၄) ကင်္ခါဝိတရဏ ဝိသုဒ္ဓိ (၅) မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ (၆) ပဋိပဒါညာဏဒဿန ဝိသုဒ္ဓိ (၇) ဉာဏဒဿနဝိသုဒ္ဓိ အဲသလို ဝိသုဒ္ဓိ ၇-ပါးရှိတယ်။

ဟိုနေ့က ဝိပဿနာအကြောင်းပြောခဲ့ပြီ၊ နည်းအမျိုးမျိုးနဲ့ရှုတာကို ဝိပဿနာ ခေါ်တယ်၊ နည်းအမျိုးမျိုးဆိုရာမှာ အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း မြင်အောင်ရှုတာ၊ အဲဒါ ဝိပဿနာ။

ဝိပဿနာကို အားထုတ်မယ်ဆိုရင် ပထမ သီလဝိသုဒ္ဓိနဲ့စရမယ်၊ သီလဝိသုဒ္ဓိ ဆိုတာ သီလစင်ကြယ်ခြင်းပေါ့၊ ရဟန်းတွေမှာ သီလ ၄-မျိုးရှိတဲ့အတွက်ကြောင့် စတုပါရိသုဒ္ဓိသီလလို့ခေါ်တယ်။

အမှန်တော့ ဒီကျမ်းတွေဟာ ရဟန်းတွေကို ရည်ရွယ်ပြီး ရေးတာများတော့ ရဟန်းတွေနဲ့ ပတ်သက်တာပဲများတာပေါ့၊ လူတွေမှာဆိုရင် ၅-ပါးသီလ၊ ၈ ပါးသီလ၊ ဒီထက်တတ်နိုင်ရင် ၁၀-ပါးသီလပေါ့။

ရဟန်းမှာ သီလ ၄-မျိုးရှိတယ် (၁) ပါတိမောက္ခသံဝရသီလတဲ့ ပါတိမောက္ခ သံဝရသီလဆိုတာ ဝိနည်းလို့ခေါ်တဲ့ (စာမှာဆိုတော့ ပါတိမောက်လို့ ဆိုတယ်) ၂၂၇-ပါးသော သိက္ခာပုဒ်တွေပေါ့၊ အဲဒီ သိက္ခာပုဒ်တွေကို မကျိုးမပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်တာ၊ ဒါဟာ ပါတိမောက္ခသံဝရ သီလလုံခြုံတယ်လို့ ဒီလို ဆိုတယ်။

http://www.dhammadownload.com



(၂) ဣန္ဒြိယသံဝရသီတဲ့, ဣန္ဒြိယဆိုတာ ဣန္ဒြေ, သံဝရဆိုတာ စောင့်ရှောက်တာ၊ စက္ခုစသောဣန္ဒြေကို ကောင်းစွာလုံခြုံအောင် စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလမည်၏တဲ့။

ဣန္ဒြေဆိုတာသိတယ်နော် စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ ဆိုတာတွေကို စောင့်ရှောက်တာ။

စောင့်ရှောက်တယ်ဆိုတာဘာလဲ၊ စက္ခုန္ဒြေစောင့်ရှောက်တယ်ဆိုရာ မျက်စိပိတ်ထားရမှာလား၊ သောတိန္ဒြေ စောင့်ရှောက်တယ်ဆိုတာ နားပိတ်ထား ရမှာလား။

အမှန်က ဒါကို ဆိုလိုတာမဟုတ်ဘူး၊ စက္ခုနဲ့မြင်စရာကို မြင်ပြီး အကုသိုလ်မဖြစ်အောင် ထိန်းသိမ်းတာ၊ နားနဲ့ကြားစရာရှိတာ ကြားမယ်၊ နားကို ပိတ်ထားလို့မရဘူး၊ ကြားတာကို အကြောင်းပြုပြီးတော့ အကုသိုလ်မဖြစ်အောင် စောင့်ရှောက်ထိန်းသိမ်းတာ၊ ဒါကို ဣန္ဒြိယ သံဝရသီလလို့ ခေါ်တယ်။

နှာခေါင်းကိုသာပြီး ပိတ်လို့မရသေးတယ်၊ နားကမှ ပိတ်ထားလို့ နည်းနည်းရသေးတယ်၊ ခန္ဓာကိုယ်ကာယပသာဒဆိုရင် ဘယ်လိုလုပ်မလဲ။

ဒါကြောင့်မို့ ဣန္ဒြေစောင့်စည်းတယ်ဆိုတာ စက္ခုစသော ဒွါရတို့မှာ ထင်လာတဲ့အာရုံနဲ့ ပတ်သက်ပြီးတော့ အကုသိုလ်မဖြစ်အောင် ထိန်းသိမ်းတာ။

(၃) အာဇီဝပါရိသုဒ္ဓိသီလတဲ့၊ အသက်မွေးဝမ်းကျောင်း စင်ကြယ်တဲ့သီလ။

ရဟန်းတွေရဲ့ အသက်မွေးဝမ်းကျောင်းဟာ ဘာလဲ, သိလား၊ ရဟန်းတွေထွက်အလုပ်လုပ်ပြီး ပိုက်ဆံရှာလို့ မရဘူး၊ စားဖို့ သပိတ်ပိုက်ပြီး ဆွမ်းခံထွက်ရတာပေါ့၊ အဲဒီတော့ အာဇီဝပါရိသုဒ္ဓိ သီလစင်ကြယ်အောင်ဆိုရင် ဆွမ်းခံပြီးစားရမှာ၊ သို့မဟုတ်ရင် (ဓမ္မိယလဒ္ဓ) တရားသဖြင့်ရတဲ့ပစ္စည်းကို စားရမယ်။

ရဟန်းတွေမှာ မတရားသဖြင့် ရှာဖွေမှု (မိစ္ဆာဇီဝလို့ခေါ်တာတွေ) ဆိုတာရှိတယ်၊ ဒါတွေက ဘာလဲဆိုရင် မြတ်စွာဘုရား စက်ဆုပ်အပ်သော မိစ္ဆာဇီဝအမှုဖြင့် ရသော လက္ခဏာဗေဒင်ဟောတာတို့ ဆေးကုတာတို့, လူတွေရဲ့ကိစ္စတွေ ဆောင်ရွက်ပေးတာ, ပန်းပေးတာ, သစ်သီးပေးတာမျိုးတွေ အများကြီး ရှိတယ်။

ဒါက လူတွေလှူချင်အောင် လူတွေဆီက ပစ္စည်းရအောင် လုပ်တာပေါ့လေ၊ အဲသလို ရည်ရွယ်ချက်မျိုးမပါပဲ သက်သက်ပေးတာကတော့ ကိစ္စမရှိဘူးပေါ့လေ၊ သို့သော် ဒီလိုပေးရင် ငါ့ကို လူတွေက လှူကြလိမ့်မယ်၊ လှူရင် ငါပေါပေါများများ သုံးစွဲရ စားသောက်ရမယ်၊ အဲသလို ရည်ရွယ်ချက်မျိုး မလုပ်ပဲနဲ့ အဲသလို အသက်မွေးမှုမျိုးကို ရှောင်ကြဉ်ပြီးတော့ တရားသဖြင့် လူတွေက ရိုးရိုးကြည်ညိုလို့ ရတာ၊

http://www.dhammadownload.com



သို့မဟုတ်ကိုယ်တိုင်ဆွမ်းခံထွက် (ဆွမ်းခံထွက်တာက အကောင်းဆုံးပေါ့) ပြီးရတာ၊ အဲသလို အသက်မွေးဝမ်းကျောင်း စင်ကြယ်အောင် ပြုတာကို အာဇီဝပါရိသုဒ္ဓိ သီလစင်ကြယ်တယ် ခေါ်တယ်။

(၄) ပစ္စယသန္နိဿိတသီလ၊ ပစ္စည်း ၄-ပါးကို အမှီပြုတဲ့ သီလတဲ့၊ ဒါကဘာလဲဆိုတော့ ရဟန်းတွေ ပစ္စည်း ၄-ပါးရတဲ့အခါမှာရယ်, သုံးစွဲတဲ့အခါမှာရယ် ဆင်ခြင်ရတယ်၊ ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝါမိ စသည်ဖြင့် အဲသလို ဆင်ခြင်ပြီး သုံးဆောင်ရတယ်။

သင်္ကန်းဆိုရင်လည်း ချမ်းပူကိုယ်ပျက်, ခြင်မှက်လေနှင်၊ ကင်းမြွေလွဲသုံး၊ ဟိရိသုံးကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို့၊ ကိုယ်ကိုစံပယ်၊ ပြင်ဆင်မယ်ဟု၊ စိတ်ဝယ်မသန်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါသတည်းလို့ အဲသလို သင်္ကန်းကိုဝတ်ရင် အချမ်းကာကွယ်အပူကာကွယ်ဖို့ဝတ်တာပါ၊ အရှက်လုံခြုံဖို့ဝတ်တာပါ စသည်ဖြင့်ဒီလို ဆင်ခြင်ရတယ်၊ အဲသလို ဆင်ခြင်ပြီး သုံးဆောင်ရင် ပစ္စယသန္နိဿိတသီလ စင်ကြယ်တယ်ဆိုရတယ်။

စားသောက်နေတုန်းလည်း ဒီလိုပဲ၊ စားနေတုန်းမှာ ဆင်ခြင်ရတယ်၊ အမှန်က စာလာပေလာနဲ့ ကိုက်အောင်နေမယ်ဆိုရင် ဘုန်းကြီးဖြစ်ရတာမလွယ်ဘူး၊ သာမည ကြည့်ရင်တော့ ဘုန်းကြီးတွေဟာ အလုပ်မလုပ်ရဘူး၊ အေးအေးဆေးဆေး နေရတာပဲ ဆိုပြီးတော့ မြင်လိမ့်မယ်။

ဘုရားဟောနဲ့ ကိုက်အောင်နေမယ်ဆိုရင် ဘုန်းကြီးဟာ စားလည်း ဆင်ခြင်မှုနဲ့ စားရမယ်၊ သင်္ကန်းသုံးလည်း ဆင်ခြင်မှုနဲ့ ဝတ်ရမယ်, ပေါ့ပေါ့ဆဆနေလို့မရဘူး၊ ပစ္စဝေက္ခဏာ ဆင်ခြင်တယ်ဆိုတာ အဲဒါပြောတာ။

စားရင်လဲ စားတာဟာ ပျော်ပါးဖို့ စားတာမဟုတ်ပါဘူး၊ ခန္ဓာကိုယ်ပြည့်ဖြိုးလှပဖို့ စားတာမဟုတ်ပါဘူး၊ မြတ်စွာဘုရား သာသနာတော်မှာ တရားကျင့်နိုင်ဖို့ရာ အသက်ရှည်ရုံ စားတာပါလို့ အဲသလို ဆင်ခြင်ပြီး စားရတယ်။

ဒါကြောင့်မို့ဆွမ်းစားနေတုန်း စကားပြောတာတို့ ဘာတို့ဟာ (ဘုန်းကြီး လောကမှာ) ကောင်းတဲ့အလေ့အကျင့်မဟုတ်ဘူး၊ ဆွမ်းစားနေရင်း ပစ္စဝေက္ခဏာ ဆင်ခြင်ပြီး စားနေရမှာ။

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်း ၄-ပါး မှီဝဲသုံးဆောင်တဲ့အခါ အဲသလို ဆင်ခြင်ပြီးမှီဝဲသုံးဆောင်ရင် ပစ္စယသန္နိဿိတ သီလလုံခြုံတယ် ဆိုတယ်၊ ဒါဟာ သီလ ၄-ပါး, သီလ ဝိသုဒ္ဓိ။

http://www.dhammadownload.com



သီလစင်ကြယ်အောင်ဆိုရင် ရဟန်းတော်တွေမှာ ဒီသီလ ၄-ပါး စင်ကြယ်အောင် လုပ်ရတယ်၊ လူတို့မှာတော့ ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလ, ဒါတွေကို စင်ကြယ်အောင် စောင့်ထိန်းရတယ်ပေါ့။

ဣန္ဒြိယသံဝရသီလမှာ ရဟန်းတော်တို့နှင့်တူ၏တဲ့၊ လူမှာလည်း ထိန်းလို့ရပါတယ်၊ ရူပါရုံမြင်ပြီးတော့ အကုသိုလ်မဖြစ်အောင် ထိန်းသိမ်းတာတို့ပေါ့လေ၊ ပြီးတော့ အာဇီဝပါရိသုဒ္ဓိ သီလအနေနဲ့ လူတွေမှာလည်း မလုပ်အပ်တဲ့ ကုန်သွယ်မှုတွေရှိတယ် မဟုတ်လား၊ လက်နက်ရောင်းတာ, အဆိပ်ရောင်းတာတို့, လူ(ကျွန်) ရောင်းတာတို့ မလုပ်ရဘူး၊ လိမ်ညာပြီး ရောင်းတာလည်း မိစ္ဆာဇီဝဖြစ်မှာပဲ။

အဲဒါမျိုးတွေ ရှောင်ကြဉ်ပြီးတော့ တရားသဖြင့် ပစ္စည်းရှာပြီး အသက်မွေးရင် အာဇီဝပါရိ သုဒ္ဓိသီလဖြစ်တယ်၊ ပြီးတော့ လူတွေ (တရားအားထုတ်နေတဲ့သူတွေ)မှာ ဆိုရင်တော့ အဝတ်ပုဆိုးရတဲ့အခါမှာ ဆင်ခြင်ပြီးတော့ သုံးဆောင်နိုင်တာပါပဲ။

အမျိုးမျိုးဆင်ခြင်လို့ရတယ်၊ ဓာတ် ၄-ပါးအနေနဲ့ ဆင်ခြင်လို့လည်းရတယ်၊ ဒီသင်္ကန်း (အဝတ်ဟာ) ဓာတ်-၄ ပါးပဲ၊ ငါ့ခန္ဓာကိုယ်ကြီးလည်း ဓာတ် ၄-ပါးပဲ၊ ဓာတ် ၄-ပါးတစ်ခုက ဓာတ် ၄-ပါး တစ်ခုပေါ်ရောက်နေတာပဲ၊ ဒါပေမယ့် သူတို့အချင်း ချင်းက မသိကြဘူးပေါ့လေ၊ အဲသလို ဆင်ခြင်ပြီး သုံးဆောင်လို့ ရပါတယ်။

အဲဒီတော့ သီလ ၄-ပါး လုံခြုံအောင် ထိန်းတာကို သီလဝိသုဒ္ဓိ (သီလ စင်ကြယ်မှု) ခေါ်ပါတယ်၊ ဒီဟာ အဆင့် ၇-ဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့် တက်ရတယ်၊ သီလမစင်ကြယ်ပဲနဲ့ စိတ္တဝိသုဒ္ဓိမတက်နိုင်ဘူး၊ စိတ္တဝိသုဒ္ဓိ မဖြစ်ပဲနဲ့ ဒိဋ္ဌိဝိသုဒ္ဓိ မတက်နိုင်ဘူး။

ဒီနိုင်ငံ(အမေရိကန်)မှာ သီလဝိသုဒ္ဓိကို တွန်းပြီးပြောနေရတာ၊ ဘာကြောင့်လဲ ဆိုတော့ ဒီနိုင်ငံကလူတွေက သီလဆိုရင် သိပ်ကြိုက်ကြတာမဟုတ်ဘူး၊ ကမ္မဋ္ဌာန်း ပြနေတဲ့ ဆရာတွေ ကိုယ်တိုင်က လူသီလဆိုရင်တောင် သီလ ဝိသုဒ္ဓိ မဖြစ်ဘူးလေ၊ အရက်လေးသောက်လိုက်ချင်တယ်၊ ဆေးခြောက်လေး နည်းနည်းပါးပါး ရှူတာ ဘာမှကိစ္စမရှိဘူးလို့ဆိုပြီးလုပ်ချင်တာ၊ အဲဒါမရဘူးကွ၊ ဒို့ (ဗုဒ္ဓဘာသာ)ရဲ့ အစဉ် အလာအရ သီလဟာ လုံကိုလုံရမယ်လို့ ပြောရတယ်။

ကာမေသုမိစ္ဆာစာရနဲ ပတ်သက်ရင်လည်း ဒီနိုင်ငံက အလွန်ခက်တဲ့ နိုင်ငံပဲ၊ တရားပြတဲ့ ဆရာတွေ ကိုယ်တိုင်က ဒီ သီလ မလုံတဲ့သူတွေရှိနေတတ်တယ်။

ဒါကြောင့် သီလဝိသုဒ္ဓိဟာ ကမ္မဋ္ဌာန်းမဟုတ်သေးဘူးနော်၊ သီလ ဝိသုဒ္ဓိဟာ

http://www.dhammadownload.com



ကမ္မဋ္ဌာန်းရဲ့အခြေခံလုပ်နေတာ၊ သီလစင်ကြယ်မှ ဝိပဋိသာရခေါ်တဲ့ ပူပန်မှုမပေါ်လာဘူး။

ကိုယ့်သီလဟာ မစင်ကြယ်ဘူးဆိုရင် တရားအားထုတ်တဲ့အခါ သိပ်ထင်ရှားတာ, သိပ်သိသာတယ်၊ ဒါတွေကလာတော့တယ်၊ ကိုယ်က တရားအားထုတ်တဲ့အခါကျတော့ စိတ်ကလေးကို သိပ်ကောင်းချင်တာကိုး၊ တရားပေါက်ချင်တဲ့အခါကျရင် ဒီစိတ်ကလာပြီ၊ ငါ ဘာလေးလုပ်ထားမိတယ်၊ အဲဒါ မတော်တရော်လုပ်ထားမိတယ်၊ လူတွေက ငါ့ကို ကောင်းတယ်လို့ ထင်ကြတယ်၊ ငါကတော့ ကွယ်ရာမှာ သိက္ခာပုဒ်တွေ ကျိုးနေတယ်နဲ့ အဲသလို ဝိပဋိသာရခေါ်တဲ့ နောင်တတစ်ဖန် ပူပန်မှုဖြစ်တယ်၊ အဲသလိုဖြစ်နေရင် စိတ်ငြိမ်းချမ်းမှုမရဘူး၊ စိတ်ငြိမ်းချမ်းမှုမရရင် သမာဓိမရတော့ဘူး။

အဲဒီတော့ သီလစင်ကြယ်မှု မရှိရင် သမာဓိစခန်းတက်လို့မရဘူး၊ ဒါကြောင့်မို့ သီလစင်ကြယ်အောင် လုပ်ရမယ်။

လူတွေအနေနဲ့ သီလဝိသုဒ္ဓိမှာ ဘုန်းကြီးများအနေထက်ခက်တယ်၊ ဘုန်းကြီးက အာပတ်သင့်ထားရင် ဒီအာပတ် ကုစားရမယ်၊ ဒေသနာကြားရမယ် သို့မဟုတ် ဒီထက်ကြီးတဲ့ အာပတ်သင့်ထားရင် ပရိဝတ်မာနတ် ဆောက်တည်တယ် ဆိုတာရှိတယ်၊ အမှန်တော့ ဒဏ်ထမ်းရတဲ့ သဘောပေါ့၊ ဒဏ်အနေနဲ့ နေရတာမျိုးရှိတယ်၊ အဲသလိုလုပ်ပြီးမှသာ သီလစင်ကြယ်မှုရှိတယ်ဆိုရတယ်။

လူတွေကို မင်းတို့ဟာ မွေးလာကတည်းက သီလစင်ကြယ်မှ တရားအားထုတ်ရမယ်ဆိုရင် ဘယ်လိုလုပ် အားထုတ်လို့ ဖြစ်မလဲ၊ ပြီးတော့ ဒါကလူတွေကိုငဲ့ပြီး ပြောတာမဟုတ်ဘူး၊ မြတ်စွာဘုရားလက်ထက်က လူတစ်ယောက်ဟာ ငါးမျှားနေတယ်၊ သူ့နာမည်က အရိယ (မောင်စင်ကြယ်)တဲ့။

မြတ်စွာဘုရားက သူ့ရှေ့သွားပြီး နာမည်မေးတော့ တပည့်တော်နာမည် မောင်စင်ကြယ်လို့ ဖြေတဲ့အခါ မြတ်စွာဘုရားက မောင်စင်ကြယ်က ငါးမျှားလို့ ဘယ်သင့်တော်ပါ့မလဲဆိုပြီး တရားဟောတာနဲ့ အကျွတ်တရားရွှားတယ်၊ တရားထူးရသွားတယ်။

ဒါကို စဉ်းစားကြည့်ရင် သီလမစင်ကြယ်နိုင်တဲ့ ငါးမျှားနေသူ တစ်ဦးပဲ၊ ဒါပေမယ်လို့ မြတ်စွာဘုရား တရားဟောလိုက်တဲ့အခါမှာ သူ့စိတ်ထဲမှာ ဆောက်တည်လိုက်တယ်၊ ဟောတာကို လက်ခံတယ်၊ ဒါမျိုးနောက်မလုပ်တော့ဘူး ဆုံးဖြတ်တယ်၊ သတိသံဝေဂ ရတယ်၊ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ပြီးတော့ဘုရားဟောတဲ့နည်းလမ်း

http://www.dhammadownload.com



အတိုင်း လိုက်နာတော့ တရားထူး ရသွားတယ်။

အဲဒါကြောင့် လူတွေမှာ နောင်အတိတ်တုန်းက သီလမစင်ကြယ်ခဲ့တာကို တွေးပြီး ပူပန်နေဖို့ မလိုဘူး၊ ဒါလည်း အရေးကြီးတယ်၊ မင်းတို့ လုပ်ချင်တာလုပ်ကွာ, အရေးမကြီးပါဘူးလို့ အားပေးချင်လို့ ပြောတာမဟုတ်ဘူး၊ သို့သော် များသောအားဖြင့် လူတွေကို သီလနဲ့ ပတ်သက်ပြီး ပြောလိုက်ရင် တချို့က လာမေးတယ်။

သားကောင်ပစ်သတ်ထားဖူးတယ်၊ အဲဒါတွေ အာရုံထဲ လာပေါ်နေတယ် ပြောတယ်၊ ဒါတွေကို သတိရဖို့မလိုဘူး၊ သတိရသဖြင့် ပိုပြီးတော့တောင် အကုသိုလ်ဖြစ်သေးတယ်၊ ပြီးတော့ တရားထိုင်နေတဲ့ အခိုက်အတန့်မှာ သီလကို လုံအောင် ထိန်းပါမယ်ဆိုပြီးတော့ ဆောက်တည်ထားရင် သီလစင်ကြယ်မှုပြီးပြီ၊ ရတယ်။

ဒါကြောင့်မို့ လူတွေမှာ သိပ်မခက်ဘူး၊ ဘုန်းကြီးမှာက ခက်တာတွေရှိတယ်၊ လွယ်တာတွေလည်းရှိတယ်၊ အပြစ်အလိုက်ပေါ့လေ၊ ဒါကြောင့်မို့သီလဝိသုဒ္ဓိဟာ ရဟန်းတော်များမှာထက် လူတွေမှာပိုပြီးတော့ လွယ်ကူတယ်။

ဒါကြောင့်မို့ ဦးဇင်းက မနက် ၈-ပါးသီလ ပေးလိုက်တာပဲ မယူမနေရ ယူကြပဲ။

သီလဝိသုဒ္ဓိပြီးတော့ စိတ္တဝိသုဒ္ဓိတဲ့၊ စိတ်စင်ကြယ်မှု ဆိုလိုတာပေါ့၊ စိတ်စင်ကြယ်မှုဆိုတာ ဘာကိုခေါ်တာလဲ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိဖြစ်တာ ကိုပဲ စိတ်ရဲ့ စင်ကြယ်ခြင်းလို့ ခေါ်တယ်။

ဥပစာရသမာဓိ, အပ္ပနာသမာဓိဆိုတာ မှတ်မိကြလား၊ ကသိုဏ်း အားထုတ်တဲ့ အခါကျတော့ ကသိုဏ်းနိမိတ် စိတ်ထဲမှာ ရလာတဲ့အချိန်မှာ မြင်လာတဲ့အချိန်မှာ ဥပစာရသမာဓိဖြစ်ပြီလို့ဆိုရတယ်၊ အဲဒီနောက် အဲဒီကသိုဏ်း နိမိတ်က ပိုပြီးတော့ စင်ကြယ်သွားတယ်၊ ပိုပြီးတော့ သန့်ရှင်းသွားတယ်၊ ပဋိဘာဂနိမိတ် ဖြစ်သွားပြီ၊ အဲဒီအချိန်မှာလည်း ဥပစာရ သမာဓိပဲ ရှိသေးတယ်၊ အဲဒါကို ဥပစာရ သမာဓိ ခေါ်တယ်။

အပ္ပနာသမာဓိမှာတော့ အပ္ပနာဆိုတာ ဈာန်မင်္ဂဖိုလ်ရဲ့နာမည်၊ ဒီမှာတော့ ဈာန်ပဲထားကြစို့၊ ဈာန်သမာဓိကို အပ္ပနာ သမာဓိခေါ်တယ်၊ အဲသလို ဥပစာသမာဓိ, အပ္ပနာသမာဓိရထားရင် ရနေရင် အဲဒီပုဂ္ဂိုလ်မှာ စိတ္တဝိသုဒ္ဓိဖြစ်နေပြီ၊ စိတ်၏ စင်ကြယ်ခြင်းဖြစ်နေပြီလို့ ဒီလိုဆိုတယ်။

သီလဝိသုဒ္ဓိပြီးရင် စိတ္တ ဝိသုဒ္ဓိလာရတယ်၊ ဒါဖြင့် ဒီဟာကို တိုက်ရိုက်ယူမယ်

http://www.dhammadownload.com



ဆိုရင် ဥပစာရသမာဓိ, အပ္ပနာသမာဓိမရပဲနဲ့ ဒိဋ္ဌိဝိသုဒ္ဓိ စသည်တက်လို့ ရပါ့မလား၊ ဒီလိုလာသေးတာကိုး၊ သို့မဟုတ် သမထကမ္မဋ္ဌာန်းကို အားမထုတ်ပဲနဲ့ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်လို့ ဖြစ်ပါ့မလား၊ တချို့ကလည်း မဖြစ်ဘူးလို့ ဖွတ်အတင်း ပြောနေကြတာတွေရှိတယ်၊ ဒီမှာ ဥပစာရသမာဓိ, အပ္ပနာသမာဓိကို စိတ္တဝိသုဒ္ဓိလို့ ဆိုထားတယ်၊ ဒါကို ရအောင်လုပ်ရမယ်ပေါ့၊ ဝိပဿနာကမ္မဋ္ဌာန်း အားမထုတ်ခင် သမထကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ ဥပစာရ သမာဓိလောက် အနည်းဆုံးရအောင် အားထုတ်ရမယ်၊ သို့မဟုတ်ရင်လည်း အပ္ပနာသမာဓိလောက်ရအောင် အားထုတ်နိုင်ရင်ကောင်းတယ်ပေါ့လေ၊ ပြီးတော့မှ ဝိပဿနာကို အားထုတ်ရမယ်လို့ ဒီလိုလည်း အဆိုရှိတယ်။

ဒီနေရာမှာ ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိတွေကတော့ အစဉ်အလာပေါ့လေ၊ ရှေးတုန်းက ဒီလိုပဲ အားထုတ်ခဲ့ကြပုံရတယ်၊ ဒါပေမယ်လို့ ဝိပဿနာသက်သက်ကို အားထုတ်လို့ ဖြစ်သေးတယ်၊ စာမှာလည်းရှိတယ်၊ တစ်နေ့က ပြောပြီးပြီထင်တယ်၊ ဝိပဿနာယာနိကနဲ့ သမထယာနိကဆိုတာလေ။

သမထ ယာနိကဆိုတာက သမထအရင်အားထုတ်တယ်၊ ပြီးတော့ ဝိပဿနာ အားထုတ်တယ်၊ ဝိပဿနာယာနိကဆိုတာက ဝိပဿနာသက်သက်ကို အားထုတ်တယ်။

အဲဒီတော့ ဝိပဿနာ သက်သက်အားထုတ်ပြီးတော့လည်း တရားထူးရနိုင်တယ်၊ ဒီလိုဆိုရင် ဝိပဿနာသက်သက် အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဥပစာရသမာစာရ သမာဓိ အပ္ပနာသမာဓိဆိုတာရှိကို မရှိနိုင်ဘူး။

အဲဒီတော့ ဒီဟာ (စိတ္တဝိသုဒ္ဓိ)ကို ကျော်ရမှာလား၊ ဘယ်လိုလဲ၊ ဝိပဿနာမှာကျတော့ ခဏိကသမာဓိဆိုတာရှိတယ်၊ အဲဒီခဏိကသမာဓိဟာ ဥပစာရသမာဓိနဲ့ အလားတူတယ်။

ဥပစာရ သမာဓိဟာ နီဝရဏတို့ရဲ့ တုန်လှုပ်ချောက်ချားမှုကို ခံနိုင်ရည်ရှိတယ်၊ ခိုင်မြဲတယ်၊ အဲဒီခိုင်မြဲသလိုပဲ ဝိပဿနာခဏိက သမာဓိဆိုတာကလည်း ခိုင်မြဲတယ်၊ အဲဒီဝိပဿနာ ခဏိက သမာဓိဖြစ်ရင် ဝိပဿနာမှာ စိတ္တဝိသုဒ္ဓိဖြစ်ပြီလို့ ဆိုရတယ်။

ဒါကြောင့်မို့ ဝိပဿနာသက်သက် အားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ သမထ အားထုတ်တဲ့နည်းအတိုင်းမှာလို ဥပစာရသမာဓိ, အပ္ပနာသမာဓိရဖို့မလိုဘူး၊ သို့သော် ခဏိကသမာဓိလိုတယ်၊ အဲဒီခဏိက သမာဓိဟာ ဥပစာရ သမာဓိနဲ့ အလားတူတယ်။

ဥပစာရသမာဓိဟာ နီဝရဏတွေကို ခွာထားနိုင်သလိုပဲ ခဏိက သမာဓိက

http://www.dhammadownload.com



နီဝရဏတွေကို ခွာထားနိုင်တယ်၊ အဲဒီခဏိက သမာဓိကိုရပြီးတဲ့နောက် ဒိဋ္ဌိဝိသုဒ္ဓိစပြီ၊ တန်းတက်သွားတော့တာပဲ။

အဲဒီခဏိကသမာဓိက ဘယ်လိုအချိန်မျိုးမှာ ဖြစ်တယ်ဆိုရသလဲဆိုတော့ (ဆိုပါတော့) ဝိပဿနာထိုင်တဲ့ ပုဂ္ဂိုလ်မှာ ဝမ်းဗိုက်ပိန်တာဖောင်းတာမှတ်ဆိုလို့ မှတ်သည်ဖြစ်စေ၊ ဝင်တာထွက်တာ မှတ်သည်ဖြစ်စေ, မှတ်နေတဲ့အခါ ပထမတော့ စိတ်တွေက ဟိုသွားဒီသွားနဲ့ ပြေးနေတာပဲ မဟုတ်လား၊ နီဝရဏခေါ်တဲ့ တရားတွေက ဝင်နေတာပဲ၊ အမျိုးမျိုးလာနေတာပဲ၊ သူတို့ကို ဖယ်နေရတာနဲ့ အချိန်ကုန်နေတာပဲ၊ တရားထိုင်လိုက်ရတယ် မရှိဘူးလို့တောင် စိတ်က ထင်နေတာ။

အဲဒီလိုနီဝရဏတွေလာနေပေမယ်လို့ ဖွဲနဲ့ကြိုးစားပြီး ရှုမှတ်သွားတဲ့ အခါကျတော့ တဖြည်းဖြည်းတိုးတက်မှု ရလာတယ်၊ တဖြည်းဖြည်း တိုးတက်မှု ရလာတော့ ခုနပြောတဲ့ နီဝရဏတွေရော, (စိတ်ပြေးသွားတာတွေဟာ နီဝရဏ ၅-ပါး ထဲမှာတော့ မပါဘူး၊ ဒါပေမယ့် စိတ်ပြေးသွားတာဟာ အနှောင့်အယှက်ပဲ) စိတ်ပြေးတာတွေ၊ လောဘ ဒေါသ နီဝရဏတွေဟာ တဖြည်းဖြည်းနဲ့ နည်းနည်းသွားတယ်၊လုံးဝကင်းသွားတာတော့ မဟုတ်ဘူးပေါ့လေ၊ သို့သော် တရားအားထုတ်တဲ့ အချိန်မှာ သူတို့ အလာကြဲသွားတယ်၊ ကြဲသွားပြီးတော့ ကိုယ်ကမှတ်နိုင်တာတွေ မှတ်နိုင်တဲ့အချိန်တွေ များလာတယ်။

အဲသလိုများရာကနေပြီး တစ်ချိန်ကျတော့ အဲဒီအမှတ်စိတ်လေးနဲ့ပဲ နေလို့ရသွားတယ်၊ နီဝရဏတရားတွေမလာတော့ဘူး၊ အဲဒီလို နီဝရဏတရားတွေ မလာတော့ပဲနဲ့ အမှတ်စိတ်နဲ့သာနေလို့ ရသွားပြီဆိုရင် ခဏိက သမာဓိ ရသွားပြီလို့ ဆိုရတယ်။

အဲဒီလို အချိန်ကျတော့ မှတ်လို့လဲကောင်းတယ်၊ နီဝရဏတွေ မလာတော့ဘူး၊ အကယ်၍ ရံဖန်ရံခါ (နီဝရဏ)လာခဲ့ရင် လာလာချင်း ဒက်ကနဲဆို မှတ်နိုင်တယ်၊ တစ်ခါတလေ စိတ်ကလေးထွက်တော့မယ်ဆိုရင် မှတ်နိုင်တယ်၊ ဒါဟာ တော်တော်ဆန်းတယ်၊ ကိုယ်တိုင်တွေ့ကြုံဖူးမှပဲ ယုံကြည်နိုင်ကြမယ်။

စိတ်ကလေးက ထွက်တော့မယ်လဲလုပ်ရော ကိုယ်ကဖမ်းပြီး မှတ်လိုက်တာ၊ မင်းမထွက်နဲ့ဆိုတဲ့ သဘောပေါ့၊ အဲဒီလောက် ဖြစ်လာရင် အဲသလို အမှတ်ကောင်းလာရင်ခဏိက သမာဓိရပြီလို့ ဆိုရတယ်၊ သမာဓိရပြီးရင် ရှေ့ကို ဒိဋ္ဌိဝိသုဒ္ဓိစပြီး သွားတော့တာပဲ။

ဒါကြောင့်မို့ စိတ္တဝိသုဒ္ဓိမှာ ကျမ်းဂန်မှာ တိုက်ရိုက်ဆိုထားတာက ဥပစာရ

http://www.dhammadownload.com



သမာဓိ၊ အပ္ပနာသမာဓိပဲ၊ ဒါပေမယ်လို့ ကျမ်းဂန်မှာပဲခဏိက သမာဓိကို ဆိုထား ပါတယ်၊ ဝိသုဒ္ဓိမဂ်တို့မှာဆိုတယ်၊ ဒါကြောင့် ဝိပဿနာသက်သက်ကိုသာ အားထုတ် တဲ့ပုဂ္ဂိုလ်တွေမှာ ခဏိကသမာဓိလိုတယ်။

ခဏိကဆိုတာ ခဏဆိုတဲ့အဓိပ္ပာယ်ရှိတယ်၊ ခဏိကသမာဓိဆိုတော့ ခဏမျှ တည်တဲ့သမာဓိလို့ဆိုတယ်၊ ခဏမျှတည်တယ်ဆိုပေမယ်လို့ သူကအားကောင်း ကောင်းနဲ့ တည်တာဖြစ်တဲ့အတွက်ကြောင့်မို့ ဥပစာရသမာဓိနဲ့ အလားတူတယ်၊ ဥပစာရသမာဓိထဲခဏိက သမာဓိကို သွင်းယူရင်ရတယ်၊ အဲဒီခဏိက သမာဓိဖြစ်ရင် စိတ္တဝိသုဒ္ဓိဖြစ်ပြီလို့ ဆိုရတယ်။

လက်တွေ့အားထုတ်တဲ့ အနေနဲ့ ပြောမယ်ဆိုရင် စိတ်တွေပြေးသွားတာတွေ၊ နီဝရဏတရားတွေ မပေါ်လာတော့ပဲနဲ့ မှတ်စိတ်နဲ့ချည်း မှတ်နေနိုင်တဲ့ အချိန်ဟာ ခဏိကသမာဓိဖြစ်တဲ့ အချိန်လို့ ဆိုရတယ်။

စိတ္တဝိသုဒ္ဓိပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိတဲ့၊ ဒိဋ္ဌိဆိုတာ အယူ၊ ဝိသုဒ္ဓိဆိုတာ စင်ကြယ်တာ၊ အယူစင်ကြယ်တယ်ဆိုတာ မှားတဲ့အယူတွေ စင်ကြယ်တာ။

မှားတဲ့အယူဆိုတာ အတ္တရှိတယ်လို့ ယူတာမျိုး၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျာ်းမိန်းမ ရှိတယ်လို့ ယူတာမျိုး၊ မြဲတယ်လို့ ယူတာမျိုးပေါ့။

အဲဒီဒိဋ္ဌိ ဝိသုဒ္ဓိ စခန်းကျတော့ လက္ခဏာ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၏ အစွမ်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏စင်ကြယ်ခြင်းတဲ့၊ အဲဒီတော့ ပရမတ္ထ တရားတွေကို သိတဲ့အခါမှာ လက္ခဏာအားဖြင့်သိတယ်၊ ရသအားဖြင့် သိတယ်၊ ပစ္စုပဋ္ဌာန်အားဖြင့်သိတယ်၊ ပဒဋ္ဌာန်အားဖြင့်သိတယ်လို့ ဒီလိုသိတာတွေ ရှိတယ်။

ဘုန်းကြီးတို့ ငယ်ငယ် စာသင်တုန်းက ဒါတွေကို အလွတ်ကျက်ရတယ်၊ စာမေးပွဲအောင်ချင်တော့ စာမေးပွဲဖြေဖို့ အလွတ်ကျက်ရတယ်၊ အခုတော့ ဘယ်မေ့ မလဲ၊ ဒီလိုပဲ မှတ်ရတယ်လို့ စိတ်က ထင်လာခဲ့တယ်။

အမှန်တော့ မဟုတ်ဘူး၊ ဒါတွေဟာ ဝိပဿနာအားထုတ်တဲ့အခါကျတော့ အလိုလိုတွေ့မြင်လာတာ၊ အဲဒီတော့ လက္ခဏာအားဖြင့်, ရသအားဖြင့် ပစ္စုပဋ္ဌာန် အားဖြင့်, ပဒဋ္ဌာန်အားဖြင့် ကောင်းတယ်။

လက္ခဏာဆိုတာ အမှတ်အသားကိုခေါ်တယ်၊ ဒါမြင်လိုက်ရင် ဒါပဲလို့ သိနိုင်တာမျိုးပေါ့၊ အိုလံပစ်ပွဲကျတော့ အလံထောင်ပြီးသွားတော့ အလံမြင်တာနဲ့ သူတို့က မြန်မာနိုင်ငံက, သူတို့က အမေရိကန်ကပဲလို့ သိသလိုပဲ၊ အလံမြင်တာနဲ့

http://www.dhammadownload.com



သိတာဟာ အလံသာ မှတ်သားကြောင်းဖြစ်တယ်။

ထို့အတူပဲ တရားတွေမှာ သူများနဲ့ မဆိုင်တဲ့ သူ့ကိုယ်ပိုင်မှတ်သားကြောင်းလေးတွေရှိတယ်၊ အဲဒါကို လက္ခဏာလို့ခေါ်တယ်၊ လက္ခဏာဆိုလို့ လက်ဝါးပေါ်က အရေးအကြောင်းတွေလို့ မထင်နဲ့ဦး၊ မြန်မာစကားလက်နဲ့ ပါဠိလက္ခဏာနဲ့က တူနေသလို ဖြစ်ဖြစ်နေတယ်။

အဲဒီတော့ ကိုယ်ပိုင်အမှတ်အသား ကိုယ်ပိုင်သဘောတရားကို လက္ခဏာလို့ခေါ်တယ်၊ အင်္ဂလိပ်လိုပြန်တော့ characteristic လို့ ပြန်တယ်။

ပြီးတော့ ပရမတ္ထတရားတွေမှာ ရသဆိုတာရှိတယ်၊ ရသဆိုရာမှာfunction ပေါ့၊ သူတို့ပြုလုပ်တဲ့ကိစ္စ, သို့မဟုတ်လဲ အကြောင်းစုံညီ၍ဖြစ်ပုံဆိုတော့ ပြည့်ပြည့်စုံစုံဖြစ်လာတာကိုလည်း ရသလို့ခေါ်တယ်၊ ရသ ၂-မျိုးရှိတယ်၊ များသောအားဖြင့် ကိစ္စရသကိုပဲအသိများတယ်၊ သူ့မှာလက္ခဏာကတစ်မျိုး၊ ရသကတစ်မျိုး၊ function ကတစ်မျိုး၊

ပြီးတော့မှ ပစ္စုပဋ္ဌာန် ဆိုတာက ထင်လာတဲ့ အထင်၊ ဉာဏ်ထဲမှာပေါ်လာတဲ့ အခြင်းအရာ၊ ဘယ်လိုအခြင်းအရာမျိုးနဲ့ ဉာဏ်ထဲမှာပေါ်လာလဲ၊ ဒါဟာ ယောဂီတွေရဲ့ ဉာဏ်မှာ ပေါ်တာကိုပြောတာ၊ တရားအားထုတ်သူရဲ့ဉာဏ်မှာ ပေါ်တာကို ပြောတာ၊ ထိုင်စဉ်းစားပြီးပေါ်တာကို ပြောတာမဟုတ်ဘူး၊ တကယ့်ကို တရားထိုင်လာတဲ့ အခါမှာ ဉာဏ်မှာပေါ်လာတာ၊ ဒါကို ပစ္စုပဋ္ဌာန်လို့ခေါ်တယ်။

ပဒဋ္ဌာန်ဆိုတာကတော့ နီးစွာသောအကြောင်းကို ပဒဋ္ဌာန်လို့ခေါ်တယ်၊ အဲဒီတော့ ပဒဋ္ဌာန်နဲ့ သိဖို့ကတော့ မလွယ်ဘူး၊ ဝိပဿနာ အားထုတ်လည်း ပဒဋ္ဌာန်နဲ့ သိဖို့ကတော့ မလွယ်ဘူး၊ အဲဒီတော့ လက္ခဏာ ရသ, ပစ္စုပဋ္ဌာန် ဒီ ၃-ခုနဲ့ကတော့ ဂရုစိုက်ရင် သိနိုင်တယ်။

ဒါကြောင့်မို့ သမာဓိအရှိန်ရလာလို့ စိတ္တဝိသုဒ္ဓိဖြစ်ပြီးတဲ့နောက် မှတ်စရာအာရုံလေးတွေ မှတ်မှတ်လာတဲ့အခါ အဲဒီအမှတ်ခံ အာရုံရဲ့ သဘောတရားလေးတွေ၊ လက္ခဏ သို့မဟုတ် ရသ, သို့မဟုတ် ပစ္စုပဋ္ဌာန်ကို အလိုလိုမြင်လာ သိလာတယ်၊ ဒါပေမယ်လို့ ကျမ်းဂန်ဗဟုသုတ မရှိတဲ့သူတွေကတော့ ငါဟာ လက္ခဏာနဲ့သိတာပဲ၊ ရသနဲ့ သိတာပဲ၊ ပစ္စုပဋ္ဌာန်နဲ့ သိတာပဲလို့ ဒီလိုတော့ ခွဲခြားချင်မှ ခွဲခြားတတ်မယ်၊ ဒါပေမယ်လို့ သူ့ဉာဏ်မှာတော့ ဒါတွေမြင်တာသိတာပဲ။

မဟာစည် ဆရာတော်ပေးထားတဲ့ ဥပမာလေး သိပ်ကောင်းတယ်၊ လျှပ်စီး လက်လိုက်တဲ့အခါမှာ ကြည့်နိုင်ရင် မမြင်ဘူးလားတဲ့၊ မြင်တယ်၊ လျှပ်စီးလက်

http://www.dhammadownload.com



လိုက်တာ ဘယ်လောက်ကြာမလဲ၊ ၁-စက္ကန့်တောင်မကြာဘူး၊ အဲဒီတော့ မေးမယ်၊ လျှပ်စီးလက်တာ မြင်လိုက်သလား၊ မြင်လိုက်တယ်၊ အဲဒီလျှပ်စီးရဲ့ လက္ခဏာက ဘာလဲ၊ သူ့ရဲ့ function ရသကဘာလဲ၊ သူ့ရဲ့ထင်ပုံ အခြင်းအရာ ပစ္စုပဋ္ဌာန်က ဘာလဲမေးရင် မသိဘူးပြောမှာပဲ၊ ဒါပေမယ့် မြင်လိုက်တာပဲ။

အဲဒီတော့ လျှပ်စီးရဲ့ လက္ခဏာက ဘာလဲဆိုရင် လင်းသွားတာဟာ သူ့ရဲ့ လက္ခဏာပေါ့၊ လင်းသွားခြင်းဟာ သူ့ရဲ့ characteristic အဲဒီလင်းသွားတဲ့ လျှပ်စစ်ရဲ့ကိစ္စဟာ အမှောင်ဖျောက်တာပေါ့၊ လင်းသွားတဲ့အချိန်မှာ အမှောင် ပျောက်သွားတယ်၊ အမှောင်ကို ဖျောက်ခြင်းဟာ သူ့ရဲ့ကိစ္စပဲ, သူ့ functionပဲ၊

ဒါနဲ့ မြင်လိုက်ရင် လင်းသွားတာ သိသွားတာပဲ၊ ဒါကို ရသပဲလို့ မသိရဘူးလား၊ ပစ္စုပဋ္ဌာန်ကတော့ သိနိုင်တယ်၊ ဘယ်လိုအခြင်းအရာနဲ့ မြင်လိုက်သလဲ၊ ဖြောင့်ဖြောင့်လား၊ ကောက်ကောက်ကွေ့ကွေ့လား, သစ်မြစ်တွေလိုလား, သစ်ကိုင်းတွေလိုလား၊ အခြင်းအရာဖြစ်တဲ့ shape ကိုမြင်လိုက်တယ်၊ form ပေါ့၊

အဲဒီတော့ တကယ်လျှပ်စီးလက်တဲ့ အခိုက်မှာကြည့်နေရင် မမြင်ပဲ မရှိဘူး၊ မြင်သွားတာပဲ၊ ထို့အတူပဲ, ရုပ်နာမ်ကိုဖြစ်တဲ့ အခိုက်အတန့်မှာရှု၊ ရုပ်နာမ်ရဲ့ သဘောတရားကို မြင်သွားတာပဲ။

ဝေဒနာရှုတယ်ဆိုရင်၊ ဝါယောဓာတ်ရဲ့ လက်ာလေးတွေရှိပါတယ် "ထောင့်ကန်တောင့်တင်း၊ လျော့ခြင်းတစ်မည်"ဆိုတာ၊ ဝါယောဓာတ်ရှုတဲ့အခါ ဗိုက်ဖောင်းတာ ပိန်တာကြည့်နေရင် ထောက်ကန်တောင့်တင်းတဲ့ သဘော၊ သို့မဟုတ် လျော့တဲ့ သဘောဟာ မမြင်ဘူးလား၊ "ယိမ်းယိုင်လှုပ်ရှား၊ လေသွားတတ်သည်" ဝါယောဓာတ်ရဲ့သတ္တိ၊ သို့မဟုတ် function ကဘာလဲဆိုရင် ရွေ့လျားနေတဲ့သဘော movement ၊

ပြီးတော့ "သူလိုရာဘက်, တွန်းလျက်ဆောင်သည်"တဲ့၊ ဝါယောဓာတ်က သူလိုချင်တဲ့ဘက်ကို တွန်းပို့နေတဲ့ သဘောရှိတယ်၊ အဲသလို အခြင်းအရာနဲ့ မြင်လာတယ်၊ လမ်းလျှောက်တဲ့အခါမှာကြည့်၊ စိတ္တဇဝါယောဆိုတာရှိတယ်၊ စိတ်ကြောင့်ဖြစ်တဲ့ဝါယော၊ စိတ်က လမ်းလျှောက်ချင်စိတ် ပေါ်လာရင် အဲဒီစိတ်က ဝါယောဓာတ် ဖြစ်စေပြီး ဝါယောဓာတ်တွေ အများကြီး ခြေထောက်ထဲမှာ စုပြီးတော့ အဲဒီ ဝါယောဓာတ် အဆင့်ဆင့်က တွန်းလိုက်တာဟာ တွန်းပို့နေသလို ထင်ရတယ်။

အဲဒီလို လက္ခဏာရသ ပစ္စုပဋ္ဌာန်ဆိုတာ ရှုမှတ်နေရင် မြင်လာတာပဲ၊ ခုန

http://www.dhammadownload.com



နိဝရဏတွေ ကင်းသွားတဲ့အခါကျတော့ စိတ်က စင်ကြယ်သွားပြီးတော့ အာရုံပေါ်မှာ ဖျတ်ကနဲ နေတော့တာကိုး၊ မှတ်တဲ့အာရုံနဲ့ မှတ်တဲ့စိတ်နဲ့ဟာ အဲသလို နေတော့တာ၊ အဲသလို နေနေလာတဲ့အခါကျတော့ ဒါတွေဟာ မမြင်ပဲမနေဘူး, မြင်မြင်သွားတာပဲ။

အဲသလို မြင်သွားတဲ့အခါကျမှ လက္ခဏာအားဖြင့် မြင်တယ်၊ ရသအားဖြင့် မြင်တယ်၊ ပစ္စုပဋ္ဌာန်အားဖြင့် မြင်တယ်၊ အဲသလို မြင်လာတဲ့အခါ ဒိဋ္ဌိကင်းသွားပြီ။

ဒိဋ္ဌိကင်းသွားပြီး ရှုလာတဲ့အခါကျတော့ နာမ်ရုပ်မျှသာရှိတယ်ဆိုတာကို သိသွားပြီ၊ နာမ်ကို နာမ်တစ်ခုကမှတ်တယ်၊ ရုပ်ကိုနာမ်က မှတ်တယ်လို့ အဲဒီလို နာမ်နဲ့ရုပ်, နာမ်နဲ့ရုပ် တွဲတွဲပြီး ဖြစ်တာကို ဒီအချိန်အခါမှာ မြင်လာတော့တယ်၊ မှတ်တဲ့စိတ်ကလေးနဲ့ အမှတ်ခံရတဲ့ (ပိန်ဖောင်းဆို ပိန်ဖောင်း, ထွက်ဝင်ဖြင့်လည်း ထွက်ဝင်ပေါ့) ဒါလေးတွေ သိလာတဲ့အခါကျတော့ နာမ်နဲ့ရုပ်ဟာ အစုံအစုံဖြစ်နေတာ၊ အခိုက်အတန့်တိုင်း အခိုက်အတန့်တိုင်းမှာ ခဏတိုင်းခဏတိုင်းမှာ ဖြစ်နေတာကို မြင်လာတယ်။

အဲသလိုမြင်လာတဲ့အခါကျတော့ နာမ်ရုပ်သာရှိတယ်၊ နာမ်ရုပ်မှတပါး အခြားဘာမှ မရှိဘူးဆိုတာ အလိုလိုသိလာတာပေါ့။

အဲဒီအချိန်အခါမှာ ရှာကြည့်လေ၊ နာမ်နဲ့ရုပ်ကလွဲပြီး ဘာမှ မရှိဘူး၊ အဲဒီဟာကို တိုက်ရိုက်ကိုယ့်ဉာဏ်မှာ မြင်လာတယ်။

အဲဒီလို မြင်လာတဲ့အခါကျတော့ နာမ်ရုပ်မှ အလွတ်အတ္တဆိုတာရှိသေးလား နာမ်ရုပ်မှလွဲပြီး လုပ်တတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ရှိသေးလား၊ တကယ်ကမရှိဘူး၊ ရှာလို့ကို မရဘူး။

ဒါကြောင့်မို့ ဖလော်ရီဒါမှာတရားပြတုန်းက မိန်းမတစ်ယောက်က ပြောတယ်လေ၊ အတ္တမရှိဘူး ပြောတော့ သူစိတ်ဆိုးတယ်၊ နောက်တစ်နေ့ မနက်ကျတော့ ပြောတယ်၊ မနေ့ညက သူစိတ်ဆိုးလွန်းလို့ တရားတောင် ဆက်မထိုင်နိုင်ဘူး၊ အရှင်ဘုရားက အတ္တမရှိဘူးပြောလို့တဲ့၊ သူက ဟိန္ဒူတွေနဲ့ အတူနေပြီး တရားထိုင်လာတာကိုး။

ဒါနဲ့ "အေး-ကောင်းပြီ ငါ့စကားလည်း နင်မယုံနဲ့၊ အတ္တရှိတယ် မရှိတယ် အသာထား၊ သို့သော် တရားထိုင်တဲ့အခါ နင် အတ္တကိုရှာကြည့်၊ ဝင်တယ်ထွက်တယ် မှတ်တဲ့အခါပဲဖြစ်ဖြစ်, လျှောက်တယ် ကြွတယ်လှမ်းတယ်ဆိုတဲ့ အခါပဲဖြစ်ဖြစ်, အတ္တတွေ့အောင်ရှာကြည့်ပေါ့၊ အဲဒီမှာ အတ္တတွေ့တယ်ဆိုရင် နင်ယူပေါ့၊ အတ္တရှိရင်

http://www.dhammadownload.com



ယူ၊ မတွေ့ရင်လည်းမယူနဲ့ပေါ့၊ ငါက ယူရမယ်လဲ မပြောဘူး၊ မယူရဘူးလဲ မပြောဘူး၊ ကိုယ့်ဟာကိုယ်ရှာကြည့်"လို့ အဲသလို ပြောလိုက်တယ်။

တကယ်လေ့လေးစားစားရှုလာပြီဆိုရင် ဒီ ၂-ခုကို မြင်တာပဲ၊ ဒီ ၂-ခုက လွဲပြီး အဲဒီအချိန်အခါမှာ ရှာမတွေ့ဘူး၊ အထူးသဖြင့် ရှုမှတ်တာ လွှတ်လိုက်ပြီး ကမ္မဋ္ဌာန်းက ထွက်တဲ့အခါကျတော့ ပြန်တော့လာမှာပေါ့၊ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ အစွဲက မပျောက်ဘူး။

သို့သော် တကယ်ရှုနေတဲ့အချိန်မှာတော့ နာမ်နဲ့ရုပ်ကလေး ၂-ခု ဖြစ်နေတာပဲ ဆိုတာ အလိုလိုမြင်လာတာပဲ၊ မြင်လာတာနဲ့ အယူမှားတွေဟာ ပျောက်သွားတာပဲ၊ အထူးပျောက်နေရတာ မဟုတ်ဘူး၊ အလိုလိုပျောက်သွားတာ၊ ဒီ ၂-ခုကိုကိုယ်တိုင် မြင်တာကိုး၊ ဒါကြောင့်မို့ နောက်ကျတော့ ဝိပဿနာဉာဏ်တွေနဲ့ တွဲတဲ့အခါမှာ မှာ ဒိဋ္ဌိဝိသုဒ္ဓိမှာ နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာ ဒီမှာဖြစ်တာ။

ဒါက နာမ်, ဒါကရုပ်, ဒီလို ခွဲခြားပြီးသိတာ၊ ပြောထားလို့ သိတာမျိုး, စာဖတ်ထားလို့သိတာမျိုး မဟုတ်ပဲနဲ့ ကိုယ်ကိုယ်တိုင် ဉာဏ်နဲ့မြင်ပြီး သိတာကို ပြောတာ။

စိတ်ကလေးကိုမှတ်နေရင် စိတ်ကလေးဟာ တူလေးနဲ့ရိုက်နေသလို ဒက်ကနဲ ဒက်ကနဲ နဲ့ပေါ့၊ အခုခေတ် စက်တွေမှာ ပုလင်းတွေဖော့ပိတ်တဲ့နေရာ ရှိတယ် မဟုတ်လား၊ ပုလင်းလည်း အောက်ရောက်လာရော ဖော့ဆို့က ဒက်ကနဲကျသွား တာပဲ၊ နောက်ပုလင်းကို နောက်ဖော့ဆို့ ပိတ်သလို စိတ်နဲ့မှတ်တာနဲ့ဟာ ဒက်ကနဲ ဒက်ကနဲသွားတာ။

အဲသလို မြင်တဲ့အခါကျတော့ အပေါ်က ချတဲ့ဟာရယ်၊ အောက်ကခံတဲ့ ဟာရယ်၊ ဒီနှစ်ခုပဲရှိတယ်၊ ဒီနှစ်ခုပေါင်းစပ် လှုပ်ရှားနေတာလေးကို ပေါ်လာတယ်၊ အဲဒါ နာမ်ရုပ်၊ အကယ်၍ အမှတ်ခံက ရုပ်ဖြစ်ရင် နာမ်ရုပ်ဟာ အဲဒီမှာ အလိုလိုကွဲ လာတယ်။

အဲသလို နာမ်ရုပ်ကွဲလာတဲ့အခါ နာမ်ရုပ်မှတပါး ဘာမှ မရှိဘူးဆိုတာလည်း မြင်လာတော့ ခုနအယူမှားကင်းစင်သွားတဲ့အတွက်ကြောင့် (အဲဒီအခါမှာ) ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။

ဒိဋ္ဌိဝိသုဒ္ဓိပြီးတဲ့နောက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိတဲ့၊ ကင်္ခါဆိုတာက ယုံမှားမှုကို ခေါ်တာ၊ ငါနောက် ဘဝက ဖြစ်ဖူးသေးလား၊ ရှေ့ဘဝကော ဖြစ်ဦးမှာလား စသည်ဖြင့်ပေါ့၊ ယုံမှားမှု ၁၆-ခုရှိတယ်။

http://www.dhammadownload.com



အဲသလို ယုံမှားမှုမျိုး ကင်းတဲ့အခိုက်အတန့်ကို ကင်္ခါဝိတရဏာခေါ်တယ်၊ ဝိတရဏာဆိုတာ ကျော်လွန်တာကို ပြောတာ။

အဲဒီအခါကျတော့ ခုနပြောတဲ့နာမ်ရုပ်ကို မြင်လာပြီးတဲ့နောက် အကြောင်းကိုပါ မြင်လာတယ်၊ နာမ်ရုပ်အကြောင်းတွေပေါ့၊ ဒီနာမ်ရုပ်ဟာအကြောင်းမရှိပဲနဲ့ ဖြစ်တာ မဟုတ်ဘူး၊ အကြောင်းကြောင့်ဖြစ်တာလို့ ဒါတွေမြင်လာတယ်။

မြင်တဲ့စိတ်ကလေးကို မှတ်နေရင် ဘာကြောင့်မြင်သလဲ, မြင်စရာရှိလို့ မြင်တယ် မြင်စရာ အာရုံမရှိပဲနဲ့ မြင်တဲ့စိတ် မဖြစ်ဘူး၊ ဒီထက်စဉ်းစားတတ်သေးရင် မျက်စိရှိလို့ မြင်တယ်၊ မျက်စိမရှိရင် မမြင်ဘူး၊ အဲဒီလို။

ပြီးတော့ မှတ်စရာအာရုံရှိလို့ မှတ်တဲ့စိတ်ဖြစ်တယ်၊ မှတ်စရာအာရုံမရှိရင် မှတ်တဲ့စိတ်လည်း ပျောက်သွားတာပဲ၊ ဒီအာရုံပျောက်သွားရင် နောက်အာရုံအသစ် တစ်ခု ပေါ်လာ၊ နောက်မှတ်တဲ့ စိတ်အသစ်တစ်ခုပေါ်လာ၊ အဲသလို သွားတာ။

အဲသလို သွားတော့အကြောင်းအကျိုးဆက်သွယ်မှု ရှိလာတယ်၊ ဒီအကြောင်း ကြောင့် ဒီအကျိုးဖြစ်တယ်၊ ဒါဟာရိုးရိုးပေါ့လေ၊ ကျမ်းဂန်ဗဟုသုတမရှိပဲ တရား ထိုင်ရင် ဒီလိုတော့ မြင်လာတာပဲ။

မှတ်စရာရှိလို့ မှတ်တဲ့စိတ်ကလေး ဖြစ်တယ်၊ မှတ်စရာအာရုံလည်း ပျောက် သွားရော၊ မှတ်တဲ့စိတ်ကလေးလည်း ပျောက်သွားရော။

မျက်စိထဲမှာ တစ်ခုခုမြင်တယ်ဆိုပါတော့၊ မြင်နေတဲ့အခါကျတော့ သူက မြင်တယ်, မြင်တယ်နဲ့ မှတ်နေတာ၊ တော်ကြာကျမြင်တာက ပျောက်သွားရော၊ ပျောက်သွားတာနဲ့ တစ်ပြိုင်နက် မြင်တဲ့စိတ်ရှိသေးလား၊ မြင်တယ်ဆိုတာ မရှိတော့ဘူး။

အဲဒီလို မှတ်စရာအာရုံရှိလို့သာ မှတ်တဲ့စိတ် ဖြစ်တယ်၊ မှတ်စရာအာရုံ မရှိရင် မှတ်တဲ့စိတ်လည်း မရှိတော့ဘူး၊ အဲဒီလို အကျိုးအကြောင်း ဆက်သွယ်မှုကို အလိုလိုမြင်လာမယ်၊ အဲသလို မြင်လာတဲ့ အဆင့်မျိုးကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိ လို့ခေါ်တယ်။

အကယ်၍ ကျမ်းဂန်တွေ ဘာတွေ သင်ထားမယ်ဆိုရင်တော့ ကံကြောင့်ဖြစ်တာ တို့ဘာတွေ ဆင်ခြင်လို့ ရတယ်ပေါ့၊ ဒါက တကယ်တိုက်ရိုက်သိတာ မဟုတ်ဘူး၊ ဆင်ခြင်ပြီးတော့သိတာ။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်တို့ဘာတို့တွေဟာ နဂိုကသင်ထားဖူးတယ် ဆိုရင် ဆင်ခြင်စဉ်းစားလို့ရတယ်၊ ဒါပေမယ်လို့ ရိုးရိုးလူတွေအနေနဲ့ လက်တွေ့ မြင်တာကတော့ ခုနပြောသလို မျက်စိဆိုတာမှိရာရှိလို့ မြင်တဲ့စိတ်ဆိုတာ ဖြစ်တယ်၊

http://www.dhammadownload.com



မြင်စရာအာရုံရှိလို့ မြင်တဲ့စိတ်ဆိုတာ ဖြစ်တယ်၊ မှတ်စရာအာရုံရှိလို့ မှတ်တဲ့စိတ်ဆိုတာ ဖြစ်တယ်၊ အဲဒီတော့ သူတို့ဟာ အကြောင်းမရှိပဲ ဖြစ်တာ မဟုတ်ဘူး၊ အကြောင်း တစ်ခုခုကို အစွဲပြုပြီး (တစ်ခုထဲတောင်မကဘူး) အကြောင်းကိုစွဲပြီးတော့ အကြောင်း အကျိုးဖြစ်ပုံကို အဲဒီမှာ တစ်ခါ မြင်လာတယ်။

အဲသလို မြင်တဲ့အခိုက်အတန့်ကျတော့ ယုံမှားကင်းသွားတယ်၊ အဲဒါကို သဘောကျသွားသည်၊ "ငါသည် လွန်လေပြီးသောကာလ၌ဖြစ်ဖူးပြီလော, လွန်လေ ပြီးသောကာလ၌ မဖြစ်ဖူးလေသလော စတဲ့ ယုံမှားမှုတွေ ကင်းသွားတယ်။

ဘာကြောင့်တုန်း "ငါဒီဘဝမှာရှိနေတာဟာ နောက်ကအကြောင်းတစ်ခုရှိခဲ့ လို့သာ ဒီဘဝဒီမှာ ရှိနေတာပေါ့၊ အဲဒီတော့ နောက်ကရှိခဲ့တယ်ဆိုတာ ထင်ရှားတယ်၊ ငါ ဒီဘဝရှိသေးရင် ရဟန္တာမဖြစ်သေးရင် လာမယ့်ဘဝလည်း ရှိဦးမှာပဲ၊ အကြောင်း အကျိုးက ဆက်စပ်နေတာ၊ အဲသလို အကြောင်းအကျိုး ဆက်စပ်ပြီး မြင်လာတဲ့ အခါကျတော့ ဒီလို ယုံမှားမှုမျိုးတွေ မရှိတော့ဘူး၊ ကင်းသွားတယ်။

ယုံမှားမှုရှိတယ်ဆိုတာ အကြောင်းအကျိုး မမြင်လို့ကိုး၊ အကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်၊ ဒီအကြောင်းရှိလို့ ဒီအကျိုးဖြစ်တယ်ဆိုတာ မမြင်တဲ့ အခါကျတော့ နောက်တုန်းက ငါဖြစ်ဖူးလေသလား၊ ရှေ့ကောဖြစ်ဦးမှာလား၊ အခု ငါဖြစ်နေတာကော ဟုတ်ရဲ့လားလို့ စသည်ဖြင့် တွေးထင် (ဝိစိကိစ္ဆာလို့လည်း ခေါ်တယ်၊ကင်္ခါလို့လည်း ခေါ်တယ်) မှုတွေ ဖြစ်တယ်။

အဲဒီကင်္ခါတွေလည်း ကင်္ခါဝိတရဏ ဝိသုဒ္ဓိ အခိုက်အတန့်ကျတော့ ကင်းစင် သွားတယ်၊ အကြောင်းအကျိုး ဆက်စပ်မှုကို ကိုယ်က လက်တွေ့မြင်လာတယ်၊ ဒါတောင်မှ ဉာဏ်သိပ်အထက်စားကြီး မဟုတ်သေးဘူး၊ ဉာဏ်အညံ့စားလေး ရှိသေးတယ်၊ အဲသလောက် မြင်လာရင် ယုံမှားမှုတွေ ကင်းသွားပြီ။

မြတ်စွာဘုရားမြင်သလို တိုက်ရိုက်မြင်လာပြီ ဆိုရင်တော့ ပြောစရာမလို တော့ဘူး၊ သတ္တဝါတွေဟာ ဒီဘဝက ဟိုဘဝဖြစ်နေတာ ဒီကံကြောင့်ပဲ၊ ကောင်းတဲ့ ကံလုပ်လို့ ကောင်းတဲ့ဘဝရောက်တာ၊ မကောင်းတဲ့ကံလုပ်လို့ မကောင်းတဲ့ ဘဝ ရောက်သွားတယ်၊ ဒါတွေအကုန်လုံး မြင်လာတဲ့အခါကျတော့ ပိုပြီးကင်းစင် သွားမှာပေါ့လေ။

အဲဒါကင်္ခါဝိတရဏ ဝိသုဒ္ဓိကို ရောက်ရင် သောတာပန် အငယ်စားဖြစ်တယ်၊ (စူဠသောတာပန်) အဲဒီကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်ရောက်ရင် စူဠသောတာပန် ခေါ်ရတာ။

http://www.dhammadownload.com



ဒါဟာ သောတာပန်အစစ်မဟုတ်သေးဘူး၊ တရားထူးအစစ်ကို ရတာမဟုတ်သေးဘူး၊ သို့သော် စူဠသောတာပန် ခေါ်တယ်၊ သောတာပန် အငယ်စားပေါ့။

အဲဒီတော့ သောတာပန်အငယ်စားဖြစ်ရင် ဘာဖြစ်သလဲမေးစရာရှိတယ်၊ သောတာပန် အငယ်စားအဆင့်က ပြန်မကျပဲနဲ့သေရင်အပါယ်မလားဘူး၊ သောတာပန် အစစ်ဖြစ်နေရင် အပါယ်မလားတာ ပိုသေချာတာပေါ့၊ သောတာပန် အတုဖြစ်နေရင် သောပန် အတုအဆင့်အတန်းက ပြန်မကျပဲနဲ့ သေရင်ဂတိမြဲတယ်လို့ စာမှာဆိုတယ်။

ဒီနေ့ကျင့်လိုက်လို့ သောတာပန်အတု အဆင့်အတန်းတော့ ရောက်ပါရဲ့၊ နောက်ကျတော့ တရားအားမထုတ်တော့ဘူး၊ မေ့ပစ်လိုက်တယ်၊ သောတာပန် အတုအဆင့်က ပြန်လျောကျသွားပြီးမှ သေရင်တော့ ဂတိမြဲတယ်လို့ မဆိုနိုင်ဘူး။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိအဆင့်ကို ရောက်ပြီးတော့ ဒီအဆင့်က ပြန်မလျောကျပဲနဲ့ တရားအားထုတ်မြဲ အားထုတ်ပြီးတော့ သေရင် အဲဒီလူဟာ ဂတိမြဲတယ်၊ နိယတဂတိကောလို့ ပါဠိမှာဆိုတယ်၊ ဂတိမြဲတော့ အပါယ်မကျဘူးလို့ ဆိုလိုတာပေါ့၊ သောတာပန်အစစ်ကတော့ ဧကန်အပါယ် မကျဘူးပေါ့၊ သောတာပန် အတုကတော့ သောတာပန် အတုအဖြစ်ဖြင့် သေရင် အပါယ်မကျဘူး။

ဒါကြောင့်မို့ အနည်းဆုံး ဒီအဆင့်အတန်းလေးရောက်အောင်တော့ အားထုတ်ကြဖို့ကောင်းတယ်၊ ဒါက ဓားမနောက်ပိတ်ခွေးခေါ်တဲ့ အောက်ဆုံးအဆင့် အတန်းကို ဆိုတာ။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိအဆင့်ကိုရောက်ပြီဆိုရင် စူဠသောတာပန်လို့ ခေါ်ရတယ်၊ ဝိပဿနာဉာဏ်အားဖြင့် ပြောမယ်ဆိုရင် ဒီအခိုက်အတန့်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ခေါ်တယ်၊ အကြောင်းကိုသိမ်းဆည်းတယ် (ရှုဆင်ခြင်တာကိုပြောတာ) ပါဠိစကား ပရိဂ္ဂဟကို မြန်မာလို သိမ်းဆည်းတယ်ဆိုတော့ ပါဠိမတတ်ရင် နားလည်မှာ မဟုတ်ဘူး၊ အကြောင်းအကျိုးဆက်စပ်မှုကို မြင်အောင်ရှုတာကို မြင်တာကိုပဲ သိမ်းဆည်းတယ်လို့ ပြောတာ။

အဲဒီ ဒိဋ္ဌိဝိသုဒ္ဓိအဆင့်က ရှေ့ကို တက်သွားတော့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိက တက်သွားတော့ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိတဲ့။

အဲဒီလို အကြောင်းအကျိုးကို မြင်လာပြီးရင် ဘာတွေမြင်လာသေးသလဲဆိုတော့ ရုပ်နာမ်တရားတွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်လာတယ်။

အကြောင်းကြောင့် အကျိုးဖြစ်တယ် အကြောင်းမရှိရင် အကျိုးမရှိတော့ဘူး ဆိုတော့ မြဲတယ်လို့ မြင်နိုင်ပါဦးမလား၊ မမြင်တော့ဘူး၊ မမြဲဘူးလို့ မြင်လာတယ်။

http://www.dhammadownload.com



အဲဒါကြောင့် ဒိဋ္ဌိဝိသုဒ္ဓိပြီးတဲ့နောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်တဲ့ဉာဏ် တစ်ခါပေါ်ပြန်တယ်၊ အဲဒီလို ပေါ်လာတဲ့အခါကျတော့ ရှိရှိသမျှ တရားတွေကို ရုပ်တရားကိုဖြစ်ဖြစ်၊ နာမ်တရားကိုဖြစ်ဖြစ် အနိစ္စပဲ၊ သို့မဟုတ် ဒုက္ခပဲ၊ အနတ္တပဲလို့ ရှုမြင်လာတယ်။

အနိစ္စသဘောတရားဆိုတာဘာလဲ၊ ဖြစ်ပြီးပျောက်သွားလို့ အနိစ္စ၊ ဒုက္ခ၊ ဆင်းရဲတယ်ဆိုတာ ဖြစ်ပျက်နဲ့ နှိပ်စက်ခံရတာကိုက ဒုက္ခ၊ အနတ္တဆိုတာက အတ္တမဟုတ်တာ၊ အနှစ်သာရ မရှိတာ အလိုမလိုက်တာ၊ ဒီသဘောတရားတွေလည်းပဲ မမြင်ပဲ မနေဘူး၊ မြင်လာတော့တယ်။

ဘာကိုပဲရှုရှု၊ရုပ်ကိုရှုရှု၊ နာမ်ကိုရှုရှု၊ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားကို သိမြင်လာတယ်၊ ဒါကို သမ္မသနဉာဏ်လို့ ခေါ်တယ်၊ နောက်တော့ ဉာဏ်တွေ လာလိမ့်ဦးမယ်။

သမ္မသနဉာဏ်ဆိုတာ ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်သော အစွမ်းဖြင့်ဖြစ်စေသော ဉာဏ်တဲ့။

အဲဒီလိုဖြစ်လာတဲ့အခါကျတော့ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိဆိုတာက အဲဒီ သမ္မသနဉာဏ်ပြီးတဲ့နောက် ခန္ဓာငါးပါး သို့မဟုတ် ရှုတဲ့ တရားရဲ့ အဖြစ်နဲ့ အပျက်ကို မြင်တဲ့ဉာဏ်ပေါ်လာတယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုတာက ဉာဏ်တစ်မျိုး၊ အခုပြောတဲ့ဉာဏ်အဆင့် ကျတော့ ဖြစ်လာတာမြင်တယ်၊ ပျက်သွားတာမြင်တယ်၊ စိတ်ကူးလေးတစ်ခု ပေါ်လာတယ်၊ ပျောက်သွားတယ်၊ အသံတစ်ခုပေါ်လာတယ်၊ ပျောက်သွားတယ်၊ အဲဒီလို ဖြစ်လာတာ ပျက်လာတာကိုမြင်တဲ့ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်လို့ ခေါ်တယ်။

အဲဒီလို အဖြစ်နဲ့အပျက်ကို မြင်လာတဲ့အခါကျတော့ တရားမှတ်လို့ သိပ်ကောင်း လာတယ်၊ စောစောပိုင်းတုန်းကတော့ နီဝရဏတရားတွေ ရှိနေတယ်၊ စိတ်တွေက ဟိုရောက်ဒီရောက်၊ စိတ်ကမတည်ငြိမ်တော့ မှတ်ရတာ မကောင်းဘူး။

တဖြည်းဖြည်းနဲ့ နာမ်ရုပ်ကွဲလာပြီ၊ အကြောင်းအကျိုးတွေ မြင်လာပြီဆိုတော့ သမာဓိကောင်းပြီး မှတ်လို့လည်း ကောင်းလာတယ်၊ ကောင်းလာတဲ့အခါကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကိုမြင် မြင်ပြီးတဲ့နောက်ကျတော့ မှတ်တဲ့အာရုံတိုင်းရဲ့ ဖြစ်တာပျက်တာလေးကို သေသေချာချာ မြင်လာတယ်။

အရင်တုန်းက မြင်တယ်ဆိုတာက သာမညပြောတာလောက်ရှိတာ၊ သာမည မြင်တာ၊ အခုဟာက သေသေချာချာမြင်တာ၊ ဖြစ်တယ်၊ ပျက်တယ်၊ ဖြစ်ပေါ်လိုက်

http://www.dhammadownload.com



ပျက်သွားလိုက်၊

အဲဒီလို ဖြစ်လာတဲ့အခါကျတော့ မှတ်လို့ သိပ်ကောင်းလာတယ်၊ ကြည်လင်တယ်ပေါ့၊ စိတ်ကြည်လင်လာပြီးတဲ့အခါ ဘာတွေဖြစ်နိုင်သလဲဆိုတော့ ဝိပဿနာရဲ့ ဘေးရန်တွေဆိုတာ ပေါ်လာတယ်။

http://www.dhammadownload.com



## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ရှေးဝိသုဒ္ဓိ လေးပါးအခိုက်၌ အနိစ္စ ဒုက္ခ အနတ္တဟုမ ရှုသေး၊ သီလဝိသုဒ္ဓိဖြင့် သီလကို စင်ကြယ်စေခဲ့၍၊ စိတ္တဝိသုဒ္ဓိဖြင့် သမာဓိရအောင် အားထုတ်ခဲ့၏၊ ဒိဋ္ဌိဝိသုဒ္ဓိနာမ်ရုပ်တို့ကို ပိုင်းခြား၍ သိစေခဲ့၏၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၌ နာမ်ရုပ်တို့၏ အကြောင်းရင်းကို ရှာဖွေခဲ့၏၊ ယခုအခါ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ဖို့ရာ အကြောင်းနှင့်တကွသိပြီးသော တေဘူမကနာမ်ရုပ်တို့ကို လက္ခဏာယာဉ် ၃-ပါးသို့ တင်၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်တော့သည်၊ သုံးသပ်တတ်သောဉာဏ်ကို သမ္မသနဉာဏ်ခေါ်သည်။

သမ္မသနသည် ကလာပသမ္မသန၊ အဒ္ဓါသမ္မသန၊ သန္တတိသမ္မသန၊ ခဏသမ္မသနဟု ၄-မျိုးရှိ၏၊ အတိတ်ဘဝ၌ဖြစ်သော ရုပ်နာမ်စသည်ဖြင့်မခွဲခြားပဲ ရူပက္ခန္ဓာအားလုံး ဝေဒနာက္ခန္ဓာအားလုံးစသည်ဖြင့် ခန္ဓာတစ်ခု တစ်ခုကို အပေါင်းပြု၍ သုံးသပ်ခြင်းသည် ကလာပ သမ္မသနမည်၏၊ အတိတ်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာစသည်ဖြင့် ဘဝခွဲခြား၍ သုံးသပ်ခြင်းသည် အဒ္ဓါသမ္မသနနည်းမည်၏၊ အအေးရုပ်အစဉ်အပူရုပ်အစဉ် စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်ခြင်းသည် သန္တတိသမ္မသနနည်းမည်၏၊ ရုပ်အစဉ် တစ်မျိုးတည်း၌ပင် ဥပါဒ်ဋ္ဌီဘင်ဟူသောခဏအားဖြင့်ခွဲ၍ သုံးသပ်ခြင်းသည် ခဏသမ္မသနနည်း မည်၏။

ဤနေရာ၌ ဝိပဿနာဉာဏ် ၁၀-ပါးနှင့် ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဥပက္ကိလေသတရား ၁၀-ပါးကိုသိအပ်၏။ ဝိပဿနာဉာဏ် ၁၀-ပါးမှာ-

| | | |
|---|---|---|
| ၁။ သမ္မသနဉာဏ် | = | ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်သော အစွမ်းဖြင့် ဖြစ်စေသောဉာဏ်။ |
| ၂။ ဥဒယဗ္ဗယဉာဏ် | = | ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်း ၂-ပါးကို အဖန်တလဲလဲ ရှုသောအစွမ်းဖြင့် ဖြစ်သောဉာဏ်။ |
| ၃။ ဘင်္ဂဉာဏ် | = | ခန္ဓာငါးပါးသင်္ခါရတရားတို့၏ ပျက်ခြင်းတစ်ပါးကိုသာ အဖန်တလဲလဲရှုသောဉာဏ်။ |
| ၄။ ဘယဉာဏ် | = | ပျက်ခြင်း၏အစွမ်းဖြင့်ဖြစ်သော ခန္ဓာငါးပါးသင်္ခါရတရားတို့ကို အလွန်ကြောက်လန့်ဖွယ် ဘေးကြီးဟု |

http://www.dhammadownload.com



| | | |
|---|---|---|
| | | အဖန်တလဲလဲရှုသောအစွမ်းဖြင့် ဖြစ်သောဉာဏ်။ |
| ၅။ အာဒီနဝဉာဏ် | = | ဘေးကြီးဟု မြင်အပ်ပြီး ထင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့ကိုအပြစ်အားဖြင့် ရှုသောဉာဏ်။ |
| ၆။ နိဗ္ဗိဒါဉာဏ် | = | အပြစ်ဟုမြင်အပ်ပြီး ထင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငြီးငွေ့သောအစွမ်းဖြင့် ဖြစ်သောဉာဏ်။ |
| ၇။ မုဉ္စိတုကမျတာဉာဏ် | = | ငြီးငွေ့၍ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းငှာ အလိုရှိသည်၏ အစွမ်းဖြင့်ဖြစ်သောဉာဏ်။ |
| ၈။ ပဋိသင်္ခါဉာဏ် | = | သင်္ခါရတို့မှ လွတ်မြောက်ခြင်း၏ အကြောင်း၏ ပြည့်စုံစေခြင်းငှာ တစ်ဖန် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို သိမ်းဆည်းခြင်းအစွမ်းဖြင့် ဖြစ်သောဉာဏ်။ |
| ၉။ သင်္ခါရုပေက္ခာဉာဏ် | = | ခန္ဓာငါးပါး သင်္ခါရတရားတို့၌ကြောက်ခြင်း နှစ်သက်ခြင်းမှကင်းသည်၏အစွမ်းဖြင့် လျစ်လျူရှု၍ဖြစ်သောဉာဏ်။ |
| ၁၀။ အနုလောမဉာဏ် | = | အနိစ္စအစရှိသော လက္ခဏာကို ရှုသည်၏အဖြစ်ဖြင့် အောက်၌ဖြစ်သော ဝိပဿနာဉာဏ် ၉ပါးတို့အားလည်းကောင်း, အထက်၌ ၃၇–ပါးသော ဗောဓိပက္ခိယတရားတို့နှင့် လျော်သော(ဝါ)မဂ်ဖြစ်ခြင်းငှာ လျော်သောဉာဏ်။ |

သမ္မသနဉာဏ်ရင့်သန်ပြီးနောက် တိုးတက်အားထုတ်သည့်အခါ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာ၏၊ ဥဒယဗ္ဗယဉာဏ် ရင့်သန်သောအခါ ဖြစ်ပေါ်လာတတ်သော ဝိပဿနုပက္ကိလေသ ၁၀–ပါးကား–

| | | |
|---|---|---|
| ၁။ ဩဘာသ | = | ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုရှင်းလင်းစွာ သိမြင်သောအခါ လွန်စွာစိတ်ကြည်လင်ရကား ကိုယ်မှ အရောင်အလင်းတို့သည် ထွက်ဖြာကုန်၏။ |

http://www.dhammadownload.com



၂။ ပီတိ = ဩဘာသ သာမကသေး ခုဒ္ဒိကာပီတိစသော ၅-ပါးသော ပီတိမျိုးလည်း ဖြစ်ပေါ်၍ နှစ်သက်၏။

၃။ ပဿဒ္ဓိ = ကိုယ်စိတ် နှစ်ပါးလုံး အေးမြငြိမ်းချမ်းသဖြင့် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဖြစ်၏။

၄။ အဓိမောက္ခ = ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်ဆုံးဖြတ်တတ်သော သဒ္ဓါတရားလည်း ဖြစ်ပေါ်၏။

၅။ ပဂ္ဂဟ = ဝိပဿနာစိတ်ကို နောက်မဆုတ်ရအောင် အားပေးချီးမြှောက်ထောက်ပံ့တတ်သော ဝီရိယလည်း ဖြစ်ပေါ်၏။

၆။ သုခ = တစ်ကိုယ်လုံး၌ စိတ္တဇရုပ်တွေကို ပျံ့နှံ့ထုံမွှမ်းစေတတ်သော သုခဝေဒနာလည်း ဖြစ်၏။

၇။ ဉာဏ = သွက်လက်လျင်မြန်အမြင်သန်သော ဝိပဿနာဉာဏ်လည်း ဖြစ်ပေါ်၏။

၈။ ဥပဋ္ဌာန = မြင့်မိုရ်တောင်ပမာ ကမ္မဋ္ဌာန်းအာရုံ၌လွှန်စွာတည်တံ့သော သတိလည်းဖြစ်၏။

၉။ ဥပေက္ခာ = အဖြစ်အပျက်ကိုရှုရန် ဗျာပါရမပြုရတော့ဘဲ အသင့်အားဖြင့် ရှုနိုင်သော ဝိပဿနာဉာဏ်နှင့် ယှဉ်သော တတြမဇ္ဈတ္တုပေက္ခာမည်သော ဝိပဿနုပေက္ခာ၊ ထိုဖြစ်မှုပျက်မှုကို ဆင်ခြင်လိုသည့်အခါ ဆင်ခြင်နိုင်သော အာဝဇ္ဇနုပေက္ခာဟူသော ဥပေက္ခာ ၂-မျိုးလည်း ဖြစ်၏။

၁၀။ နိကန္တိ = ဩဘာသစသည်တို့ဖြင့်ဖြစ်သော ဝိပဿနာကိုသာယာနှစ်သက်နေတတ်သော တဏှာလည်း ဖြစ်၏။

ဆိုခဲ့ပြီးသော ဩဘာသပီတိစသည်တို့သည်ဖြစ်ပေါ်၍လာသောအခါ ထိုအရောင်အဝါ စသည်တို့ကို သာယာသော တဏှာနိကန္တိအတွက် ငါမဂ်ရပြီဟု အထင်မှားနေတတ်၏၊ ထိုသို့ထင်မှားခြင်းကို ဤကားမဂ်မဟုတ်သေးဟူ၍ ပိုင်းခြားဆုံးဖြတ်နိုင်သော သဘောသည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။

http://www.dhammadownload.com



## ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ

ဝိပဿနုပက္ကိလေသတို့မှ လွတ်ပြီးသော ယောဂီသည် ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးကို အစဉ်အတိုင်း တစ်ဖန် ထူထောင်၍ လက္ခဏာယဉ် ၃-ပါးကို ပွားများအားထုတ်ပြန်ရာ ထိုဉာဏ် ၉-ပါးကို ပိုင်သော ယောဂိပုဂ္ဂိုလ်၏ဝိပဿနာဉာဏ် ၉-ပါးသည် သိတတ်မြင်တတ်သောကြောင့် ဉာဏဒဿနမည်၏၊ ထိုဉာဏဒဿနမည်သော ဝိပဿနာဉာဏ် ၉-ပါးသည်ပင် နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်မြတ်ဖြစ်သောကြောင့် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

## ဉာဏဒဿနဝိသုဒ္ဓိ

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဆိုသည်မှာ ဝိပဿနာ၏ အထွတ်အထိပ်သို့ ရောက်သော အနုလောမဉာဏ်နှင့်တကွ သင်္ခါရုပေက္ခာဉာဏ်ကို အပါယ်စသည်မှလည်းကောင်း သင်္ခါရနိမိတ်မှလည်းကောင်း ထွက်မြောက်၍ မဂ်သို့ရောက်ကြောင်း ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဟုခေါ်၏၊ သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်ဟု ဆိုအပ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ထက်သန်လာသောအခါ သင်္ခါရဂောတြဘုဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင်ပေါက်ရောက်၍ မဂ်ဉာဏ်ဖြစ်ပေါ်လာသည်၊ ထိုမဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

* * *

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း (၅၁)

## [ကမ္မဋ္ဌာန်းပိုင်း]

## ဝိပဿနာကမ္မဋ္ဌာန်းအဆက်

ဒီနေ့ နိုဝင်ဘာလ ၁၈ ရက်နေ့။

လွန်ခဲ့တဲ့အပတ်က ဝိပဿနာကမ္မဋ္ဌာန်း ဝိသုဒ္ဓိမဂ် ဝိပဿနာဉာဏ်နဲ့ရောပြီး ပြောခဲ့တယ်၊ သမ္မသနဉာဏ်လောက်မှာ ပြတ်သွားတယ်၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဝိသုဒ္ဓိ ၇-ပါး အစဉ်အတိုင်း သွားရမယ်ပေါ့။

အဲဒီဝိသုဒ္ဓိ ၇-ပါးအစဉ်အတိုင်းသွားရင်း ဝိပဿနာတရားကို အားထုတ်ရင်းနဲ့ ဝိပဿနာ ဉာဏ်တွေ တစ်ခုပြီးတစ်ခု (မှန်မှန်ကြိုးစားအားထုတ်လို့ တိုးတက်သွားမယ် ဆိုရင်) တိုးတက်ဖြစ်ပေါ်သွားမယ်။

အဲသလို တိုးတက်ဖြစ်ပေါ်သွားမယ့် ဉာဏ်တွေထဲမှာ ရှေးဦးစွာ နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ ရှိတယ်၊ သင်္ဂြိုဟ်မှာတော့ အဲဒီဉာဏ်ကို ဝိပဿနာဉာဏ်ထဲ ထည့်မပြဘူး။

ဘာကြောင့်တုန်းဆိုတော့ ဝိပဿနာဆိုရင် အနိစ္စဒုက္ခအနတ္တကို ရှုရမယ်ဆိုတဲ့ သတ်မှတ်ချက်က ရှိတာကိုး၊ အဲဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမြင်သေးတာမဟုတ်ဘူး၊ နာမ်ရုပ်ကွဲတာပဲရှိတယ်။

http://www.dhammadownload.com



အဲဒီတော့ တိတိကျကျပြောရမယ်ဆိုရင် သူ(နာမရူပပရိစ္ဆေဒဉာဏ်) ကဝိပဿနာမဟုတ်သေးဘူး လို့ဆိုရမယ်၊ ဝိပဿနာရဲ့ အခြေခံ, ဝိပဿနာရဲ့ အစပိုင်းပေါ့လေ။

အဲဒီနာမရူပပရိစ္ဆေဒဉာဏ် အဆင့်ရောက်ရင် နာမ်နဲ့ရုပ်ကို ပိုင်းပိုင်းခြားခြား သိတယ်၊ နာမ်ရုပ်ကွဲတယ်ပေါ့လေ၊ စာကွဲကွဲတာမဟုတ်ပဲနဲ့ ကိုယ်တိုင်သိအနေနဲ့ ကွဲတာ၊

အဲဒီနာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်တဲ့အခါမှာ ဒိဋ္ဌိဝိသုဒ္ဓိအဆင့်အတန်း ဖြစ်တယ်၊ အဲဒီနာမရူပ ပရိစ္ဆေဒဉာဏ်ပြီးတော့ ဆက်အားထုတ်သွားတဲ့အခါမှာ အကြောင်းကို သိတဲ့ဉာဏ်၊ မှတ်စရာရှိလို့ မှတ်စိတ်ပေါ်တယ်၊ မှတ်စရာမရှိရင် (မှတ်စိတ်မရှိဘူး စသည်ဖြင့် အဲသလိုအကြောင်းကို သိမ်းဆည်းတဲ့ဉာဏ်) သို့မဟုတ် အကြောင်းကို သိတဲ့ဉာဏ်ပေါ်တယ်၊ အဲဒီဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ခေါ်တယ်၊ အဲဒီဉာဏ်ကို ဝိပဿနာထဲမထည့်ရသေးဘူး၊ ဝိပဿနာဉာဏ် ၁၀-ပါးထဲမှာ သူမပါသေးဘူး။

ဘာကြောင့်တုန်းဆိုတော့ သူကလည်း အနိစ္စ ဒုက္ခ အနတ္တရှုမြင်တာမဟုတ်သေးဘူး၊ အကြောင်းကို သိမြင်တာပဲရှိသေးတယ်၊ အကြောင်းကို ရှုမြင်တာပဲ ရှိသေးတယ်။

အဲသလိုအကြောင်းအကျိုးမြင်လာတဲ့အခါမှာ နောက်တုန်းကရှိခဲ့တဲ့ ယုံမှားသံသယတွေ ပျောက်သွားတယ်၊ ပျောက်သွားတယ်ဆိုရာမှာ မဂ်နဲ့သတ်သလို လုံးဝပျောက်သွားတာမျိုးတော့ မဟုတ်ဘူး၊ အခိုက်အတန့် ပျောက်သွားတာ။

အဲသလို ယုံမှားသံသယတွေ ပျောက်သွားတဲ့အတွက်ကြောင့်မို့ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တဲ့အခါမှာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ပြီလို့ဆိုရတယ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဆိုတာ ယုံမှားသံသယကို ပယ်တဲ့စိတ်ရဲ့ စင်ကြယ်မှုပေါ့လေ။

အဲဒီကင်္ခါဝိတရဏ ဝိသုဒ္ဓိအဆင့်အတန်းသို့ရောက်ရင်ဘာဖြစ်သလဲ၊ ဝိပဿနာတရား အားထုတ်လာလို့ ခဏိက သမာဓိရတယ်၊ နာမ်ရုပ်ကွဲတယ်၊ အကြောင်းကို သိမ်းဆည်းဆင်ခြင်တယ်၊ အဲဒီအဆင့်ကို ရောက်လာရင် ဒီပုဂ္ဂိုလ်ကို သောတာပန် အငယ်စား, သောတာပန်အစစ်တော့ မဟုတ်သေးဘူး၊ သောတာပန်အတု၊ စူဠသောတာပန်လို့ ခေါ်ရတယ်။

အဲဒီအဆင့်အတန်းကနေဆက်ပြီး အားထုတ်တော့၊ အားထုတ်တယ်ဆိုတာ ပစ္စုပ္ပန်အခိုက်အတန့်မှာ ပေါ်လာတဲ့အာရုံကို ရှုမှတ်နေတဲ့အခါမှာ အဲဒီအာရုံပေါ်လာတာလေးရယ်၊ အာရုံခဏလေး တည်တာရယ်၊ ပျောက်သွားတာလေးရယ်၊ ဒီဟာကို မြင်လာတယ်။

http://www.dhammadownload.com



အဲသလို မြင်လာတဲ့အခါကျတော့ ဩော်-သဘောတရားတွေဟာ ဖြစ်ပြီးတော့ ပျောက်သွားတာပဲဆိုတာမြင်ပြီး မမြဲဘူး ဆိုတာသိမြင်လာတယ်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ အဖြစ်အပျက်ရဲ့ အနှိပ်စက်ကို ခံနေရတာ ဖြစ်တဲ့အတွက်ကြောင့် မကောင်းဘူး၊ ဆင်းရဲပဲလို့ မြင်လာတယ်။

အဲသလို ဖြစ်ပျက်နေတာကို မဖြစ်ပါနဲ့, မပျက်ပါနဲ့လို့ ဘယ်သူမှ တားဆီးလို့ မရဘူး၊ ကိုယ်က သူ့အပေါ်မှာအစိုးမရဘူး၊ မပျက်ပဲနဲ့ အမြဲအကျိတ်အခဲ တည်တယ်ဆိုတဲ့ သဘောတရားမျိုး မရှိဘူး၊ အဲဒါကိုလည်း သိမြင်လာတယ်။

ဒါကြောင့်မို့ ဖြစ်ပေါ်လာတာ ခဏလေးတည်တာ၊ ပျောက်ကွယ်သွားတာကို မြင်လာတဲ့အခါကျတော့ အနိစ္စ ဒုက္ခ အနတ္တသဘောတရားကို မြင်လာတော့တယ်။

အဲသလိုရှုလိုက်တိုင်း ဘာကိုပဲ ရှုလိုက်ရှုလိုက်, ရှုလိုက်တဲ့အာရုံဟာ ပေါ်လာတယ်၊ ပျောက်သွားတယ်၊ ဖြစ်ပြီး ပျောက်သွားတာကိုမြင်ရင် အနိစ္စလက္ခဏာကို မြင်တာပဲ။

အဲဒီတော့ တကယ်မှတ်လာပြီဆိုရင် ဖြစ်ပြီးပျောက်သွားတာကို မမြင်ပဲ မနေဘူး၊ မြင်လာတာပဲ၊ အဲသလို မြင်လာတဲ့အခါကျတော့ အဲသလိုမြင်တဲ့ဉာဏ်ကို သမ္မသနဉာဏ်လို့ခေါ်တယ်၊ ဒါကျမှ ဝိပဿနာဉာဏ်အစစ် လာတယ်၊ သင်္ဂြိုဟ်မှာ ဝိပဿနာဉာဏ်ကို သမ္မသနဉာဏ်ကစပြီး ပြတယ်။

"ခန္ဓာငါးပါးသင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်သော အစွမ်းဖြင့် ဖြစ်စေသောဉာဏ်တဲ့" အဲဒီဉာဏ်အဆင့်မှာ ခန္ဓာငါးပါး သို့မဟုတ် သင်္ခါရတရားတွေကို အမျိုးမျိုး အနိစ္စဒုက္ခ အနတ္တရှုလို့ရတယ်။

ဆိုပါတော့, ပစ္စုပ္ပန်ရှုမြင်ရတဲ့တရားတွေဟာ (ခန္ဓာငါးပါးတွေဟာ) အနိစ္စဒုက္ခ အနတ္တဖြစ်တယ်၊ ထို့အတူပဲ, အတိတ်တုန်းက သင်္ခါရတရားတွေဟာလည်း အနိစ္စ ဒုက္ခအနတ္တပဲ ဖြစ်လိမ့်မယ်၊ အနာဂတ်ဖြစ်မယ့် တရားတွေဟာ အနိစ္စ ဒုက္ခ အနတ္တပဲ ဖြစ်လိမ့်မယ်လို့ ဒီလိုလည်းပဲ ရှုနိုင်တယ်၊ အဲဒီအခါကျ ရှုမိတတ်တယ်။

သို့မဟုတ်ရင်လည်း အပူရုပ်အစဉ်ဟာ အအေးရုပ်အစဉ်သို့မရောက်ဘူး၊ အအေးရုပ်ပေါ်လာရင် အပူရုပ်ပျောက်သွားရော၊ အပူရုပ်ပေါ်လာရင် အအေးရုပ် ပျောက်သွားတယ် အဲသလို အစဉ်အားဖြင့်လည်း ရှုလို့ရတယ်။

အပူရုပ်ဖြစ်နေတဲ့အစဉ်မှာရှိတဲ့ရုပ်ဟာ အအေးရုပ်ရောက်သွားတော့ မရှိတော့ဘူး၊ အအေးရုပ်ကနေ အပူရုပ်ပြန်ဖြစ်လာတဲ့အခါကျတော့ အအေးရုပ် မရှိတော့ဘူး စသည်ဖြင့် ဒီလိုလည်း ရှုလို့ရတယ်။

http://www.dhammadownload.com



သို့မဟုတ် ခဏအားဖြင့်လည်းရှုလို့ရတယ်၊ ဒီခဏမှာဖြစ်ပေါ်တယ်၊ နောက်ခဏကျတော့ ပျောက်သွားတယ်၊ အဲသလို ခဏချင်း ဖြစ်ပေါ်ပြီး ပျောက်သွားတာတွေလည်း ရှုလို့ရတယ်၊ အပေါင်းအားဖြင့်လည်း ရှုလို့ရတယ်၊ အစဉ်အားဖြင့်လည်း ရှုလို့ရတယ်။

အဲသလို အမျိုးမျိုး သမ္မသနဉာဏ်အခိုက်အတန့်မှာ ရှုလို့ရတယ်၊ တချို့လူတွေဟာ အဲသလို သမ္မသနဉာဏ် အခိုက်အတန့်မှာ ရှုရှုနေတာနဲ့ပဲ ရှေ့မတိုးတက်ပဲနဲ့ ကြာနေတာမျိုးလည်း ဖြစ်တတ်တယ်။

အဲဒီသမ္မသန ဆိုတာပါဠိစကားမှာ သုံးသပ်ခြင်း, အာရုံပြု၍ သိအောင်ပြုခြင်းကို ဆိုလိုတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာယာဉ်လို့လည်းခေါ်တယ်၊ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် မြင်လာပြီ, ရှုဆင်ခြင်လာပြီ၊ ဒါဟာ တကယ်မြင်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တသဘောကို သိတာကို ဆိုလိုတယ်။

ကိုယ်က ခေါ်ယူပြီးတော့ ပါးစပ်က အနိစ္စ အနိစ္စဆိုပြီး ဖွတ်အနိစ္စခိုင်းနေရတာမဟုတ်ဘူး၊ ဒုက္ခ အနတ္တလည်း ဒီအတိုင်းပဲ။

အဲသလို သမ္မသနဉာဏ်ရင့်သန်လာတဲ့အခါကျတော့ ရှေ့ဉာဏ်တစ်ခုကို ရောက်ပြန်တယ်၊ ရှေ့ဉာဏ်ရဲ့အမည်က ဥဒယဗ္ဗယဉာဏ်တဲ့။

အဲဒီလို သမ္မသနဉာဏ်မှာတုန်းက အနိစ္စ ဒုက္ခ အနတ္တတွေကိုပဲ စဉ်းစားဆင်ခြင်နေခဲ့ရာကနေပြီးတော့ အဲဒီ အနိစ္စ ဒုက္ခ အနတ္တကို မဆင်ခြင်တော့ပဲနဲ့ ဖြစ်ပေါ်လာတာလေး (ပစ္စုပ္ပန်အခိုက်အတန့်မှာ ဖြစ်ပေါ်လာတဲ့ အာရုံကိုပဲ ဖြစ်ပေါ်လာတဲ့တရားကိုပဲ) ရှုမှတ်နေတယ်၊ မြင်ရင်မြင်တယ်, ကြားရင်ကြားတယ်, နံရင်နံတယ်, ထိရင်ထိတယ်ပေါ့လေ၊ သိရင်သိတယ်, စဉ်းစားရင် စဉ်းစားတယ် စသည်ဖြင့် အဲသလို ရှုမှတ်လာတဲ့ အခါကျတော့ ရှုမှတ်လို့ ကောင်းလာတယ်၊ ငြိမ်လာတယ်။

အဲသလို ရှုမှတ်ကောင်းပြီး ငြိမ်လာတဲ့အခါကျတော့ဘာကို အထူးသဖြင့် မြင်လာသလဲဆိုတော့ ဥဒယဝယတဲ့၊ ဥဒယဆိုတာဖြစ်တာ, ဝယဆိုတာ ပျက်တာ၊ အဖြစ်နဲ့အပျက်ကို သေသေချာချာ မြင်လာတယ်။

အဖြစ်မြင်လာတယ်၊ အပျက်မြင်လာတယ်၊ စိတ်ကလေးကို မှတ်လိုက်မယ်ဆိုရင် စိတ်ကလေးပေါ်လာတာကိုသိတယ်၊ စိတ်ကလေး ပျောက်သွားတာကိုသိတယ်၊ ဝေဒနာမှတ်ရင်လည်း ဝေဒနာပေါ်လာတာကိုသိတယ်၊ ဝေဒနာပျောက်သွားတာကို သိတယ်။

အဲသလို မှတ်အပ်တဲ့အာရုံနဲ့ သို့မဟုတ် သင်္ခါရတရားတို့ရဲ့အဖြစ်နဲ့ အပျက်ကို

http://www.dhammadownload.com



မြင်တဲ့ဉာဏ်ပေါ်လာတယ်၊ ဒါဆိုတော့ တော်တော်ထင်ထင်ရှားရှားကို မြင်တာ၊ သမ္မသနဉာဏ်တုန်းကတော့ အဖြစ်နဲ့အပျက်ကို ထင်ထင်ရှားရှား မြင်သေးတာ မဟုတ်ဘူး၊ သာမန်မြင်တာပဲ၊ ဒီကျတော့ သမ္မသနဉာဏ်မှာတုန်းက ထက်ပိုပြီးတော့ အဖြစ်နဲ့အပျက်ကို မြင်လာတယ်၊ ဒါပေမယ်လို့ သူ့ထက်ထင်ရှား တာက လာလိမ့်ဦးမယ်။

အဲဒီလို မှတ်ရတဲ့ အာရုံရဲ့ အဖြစ်အပျက်ကို အလွန်ကြီးကြောင့်ကျ မစိုက်ရ ပဲနဲ့ ရှုမှတ်လို့ ကောင်းကောင်းနဲ့ ရှုနေတဲ့ အခါကျတော့ ဘာတွေဖြစ်လာသလဲ ဆိုရင် အဲဒီကြားမှာ ဝိပဿနာရဲ့ ဘေးရန်ဆိုတာတွေ ပေါ်လာတယ်။

"သမ္မသနဉာဏ်ရင့်သန်ပြီးနောက် တိုးတက်အားထုတ်သည့်အခါ ဥဒယ ဗ္ဗယဉာဏ် ဖြစ်ပေါ်လာ၏၊ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ ဖြစ်ပေါ်လာ တတ်သော ဝိပဿနုပက္ကိလေသ ၁၀-ပါး"တဲ့။

အမှန်တော့ ဥဒယဗ္ဗယဉာဏ်ဟာ ၂-ဆင့်ရှိတယ်၊ နုသော ဥဒယဗ္ဗယဉာဏ်၊ ရင့်သော ဥဒယဗ္ဗယဉာဏ်။

ပထမဆုံး နုသောဥဒယဗ္ဗယဉာဏ်ဖြစ်မယ်၊ အဲဒီနုသော ဥဒယဗ္ဗယဉာဏ် အခိုက်အတန့်မှာ အဖြစ်နဲ့အပျက်ကို မြင်တာပဲ၊ သိတာပဲ၊ သို့သော် သမ္မသနဉာဏ် အခိုက်အတန့်တုန်းကထက် ပိုပြီးတော့ အဖြစ်နဲ့အပျက်ကို မြင်လာတယ်၊ သိလာတယ်၊ ဒါပေမယ့်လို့ သူ့ထက်ရင့်ကျက်တဲ့ အဆင့်ရှိသေးတယ်။

အဲဒီ သူ့ထက်ရင့်ကျက်တဲ့ အဆင့်မရောက်ခင် အဖြစ်အပျက်ကို ရှုမြင်နေလို့ အသားကျလို့ ရှုလို့ကောင်းနေတဲ့အခါမှ ဝိပဿနာရဲ့ဘေးရန်ဆိုတာတွေ ပေါ်လာ တတ်တယ်၊ အဲဒီဘေးရန်တွေက

(၁) ဩဘာသတဲ့၊ အရောင်အလင်းတွေ မြင်တတ်တယ်တဲ့၊ ကိုယ့်ပတ်ဝန်း ကျင်မှာလင်းနေတယ်လို့ မြင်တတ်တယ်၊ ကျောင်းတစ်ခုလုံး၊ အိမ်တစ်ခုလုံး လင်းနေတယ်လို့ မြင်တယ်၊ တစ်ခါတလေ တစ်လောကလုံးဟာလာ ဟင်းလင်းကြီး လင်းနေတယ်၊ အဲသလို အလင်းရောင်မျိုးကို မြင်တတ်တယ်၊ ဒါဟာ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား မြင်လာတာကို ဆိုလိုတာ၊ ဒီအဆင့် မရောက်ခင် မှတ်ကောင်း နေတုန်းကလည်း ဖျတ်ကနဲဖျတ်ကနဲ့ မြင်တတ်တယ်။

(၂) ပီတိတဲ့၊ နှစ်သက်နေတဲ့ သဘောပေါ့၊ မှတ်လို့ကောင်းပြီး နှစ်သက်နေတော့ ပီတိတွေကလည်း (ဒီဉာဏ်အဆင့်မှာ) ထူးခြားစွာ ဖြစ်ပေါ်လာတယ်တဲ့၊ ပီတိ ၅- မျိုး ထဲမှာ ကြက်သီးမွေးညင်းထတာလည်းပီတိပဲ၊ ပြီးတော့ လှိုင်းများ ရိုက်ခတ်သလို

http://www.dhammadownload.com



ခန္ဓာကိုယ်မှာ ခံစားရတာ၊ ပြီးတော့ စာထဲမှာတော့ ကောင်းကင်ကို ပျံတက်သွားတာမျိုး ဥဗ္ဗေဂပီတိလို့ ခေါ်တယ်၊ တကယ်အားထုတ်တဲ့အခါကျတော့ အဝေးကြီးတော့ မသွားဘူးပေါ့၊ ဒါပေမယ်လို့ လူက ဟိုရွှေ့ဒီရွှေ့နဲ့ ရွှေ့သွားတာ ရှိတတ်တယ်၊ အဲဒါပီတိရဲ့ သဘောတရားတွေ၊ အဲသလို ပီတိတွေက ရှေးကထက်ပိုပြီးတော့ ဖြစ်လာတယ်။

(၃) ပဿဒ္ဓိ, ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းတယ်တဲ့၊ အဲဒီအချိန်အခါမှာ အလွန်နေလို့ ကောင်းတယ်, ထိုင်လို့ကောင်းတယ်၊ ကိုယ်ရောစိတ်ရော ငြိမ်းချမ်းတယ်။

(၄) အဓိမောက္ခ, ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်ဆုံးဖြတ်သော သဒ္ဓါတရားလည်း ဖြစ်ပေါ်လာ၏၊ မှတ်လို့ကောင်းနေမှတော့ သဒ္ဓါတရားပိုဖြစ်တော့တာပေါ့၊ မှတ်မကောင်းခင်က ကြိုးစားပြီးမှတ်နေရတယ်၊ တကယ်ကောင်းလာပြီဆိုတော့ ပိုပြီးတော့ အားထုတ်ချင်စိတ် ထက်သန်လာတယ်, သဒ္ဓါတရားပိုဖြစ်လာတယ်။

(၅) ပဂ္ဂဟ, ဝိပဿနာစိတ်ကို နောက်မဆုတ်ရအောင် အားပေးချီးမြှောက် ထောက်ပံ့တတ်သော ဝီရိယလည်း ဖြစ်ပေါ်လာတယ်၊ အဲဒီအခါမှာ ကြိုးစားမှု ဝီရိယလည်း ခါတိုင်းထက်သာလွန်နေတယ်၊ မှတ်လို့ကောင်းနေတာကိုး၊ ရှေးက မတွေ့ဖူးတာတွေ့နေရတယ်၊ အလင်းရောင်တွေ့တယ် စသည်ဖြင့် တွေ့နေရတော့ ဝီရိယက ပိုသွက်လက်လာတယ်ပေါ့လေ။

(၆) သုခ, တစ်ကိုယ်လုံး၌ စိတ္တဇရုပ်တွေကို ပျံ့နှံ့ထုံမွမ်းစေတတ်သော သုခဝေဒနာ၊ အဲဒီအခါမှာ အလွန်ချမ်းသာတယ်၊ နေလို့သိပ်ကောင်းတယ်၊ မှတ်လို့ ကောင်းတယ်၊ တရားအားဘေတ်လို့ သိပ်ကောင်းတယ်။

(၇) ဉာဏ, အသိဉာဏ်ကလည်း အဲဒီအခါကျတော့ အဖြစ်နဲ့အပျက်ကို ရှုနေတဲ့အခါမှာ သန့်သန့်ရှင်းရှင်း သိမြင်လာတယ်၊ ဖြစ်ပေါ်လာတာနဲ့ ပျက်သွားတာကို တော်တော်လေး ထင်ထင်ရှားရှား သိမြင်လာတယ်၊ နဂိုတုန်းက ကိုယ့်ကိုကိုယ် သိတယ်လို့ ထင်ခဲ့တာပဲ၊ ဒါပေမယ့် တဖြည်းဖြည်းနဲ့ သိလာတော့ ဟိုတုန်းက သိတာမဟုတ်သေးပါဘူး၊ အခုမှ ကောင်းကောင်းသိတာပါလို့ ထင်လာတယ်၊ ရှေ့တက်သွားရင် နောက်လည်း ဒီလိုပဲ ထင်ဦးမှာပဲ။

(၈) ဥပဋ္ဌာန, ဒါကဘာလဲဆိုတော့ သတိကလည်းပိုကောင်းလာတယ်၊ မြင်းမိုရ်တောင်ပမာ ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာတည်တဲ့သော သတိတဲ့။

(၉) ဥပေက္ခာတဲ့, အဖြစ်အပျက်ရှုရန်ဗျာပါရ မပြုရတော့ပဲ အသင့်အားဖြင့် ရှုနိုင်သော ဝိပဿနာဉာဏ်နှင့်ယှဉ်သော တတြမဇ္ဈတ္တ၊ ပေက္ခာမည်သော ဝိပဿ

http://www.dhammadownload.com



နပေကွာတဲ့။

အဲဒီအချိန်အခါမှာ အထူးအားမထုတ်ရပဲနဲ့ အဖြစ်အပျက်တွေကို ရှုနိုင်နေတယ်၊ ကြောင့်ကျ သိပ်မစိုက်ရပဲနဲ့ ရှုနိုင်နေတယ်။

ဒီ ၉–မျိုးကတော့ ကောင်းတယ်, မဆိုးလှဘူး၊ ကောင်းတယ်ဆိုတာက အကုသိုလ် မဟုတ်ဘူးလို့ ဆိုလိုတယ်။

(၁၀) နိကန္တိ, ဩဘာသ စသည်တို့ဖြင့်ဖြစ်သော ဝိပဿနာကို သာယာ နှစ်သက်နေတတ်သော တဏှာလည်း ဖြစ်တတ်တယ်၊ အဲဒီအခါမှာ ဒါလေး ကြိုက်နေတယ်, ဒါလေးလွတ်သွားမှာစိုးတယ်၊ ဒီအခြေအနေလေးက တွေ့ကြုံ ခံစားလို့ကောင်းနေတော့ ဒါလေးကို စွဲလန်းနေတယ်၊ အဲဒီလို နိကန္တိလည်း ဖြစ်ပေါ်လာ တတ်တယ်တဲ့။

ဒီလိုဟာမျိုးဖြစ်ပေါ်လာတဲ့အခါကျတော့ ယောဂီကဘယ်လိုထင်လာ တတ်သလဲဆိုတော့ ငါ့မှာ ရှေးတုန်းက ဒီလိုအရောင်အဝါတွေ မတွေ့ဖူးဘူး၊ ဒီလို ပီတိမျိုး မဖြစ်ဖူးဘူး၊ ဒါဟာ တရားထူးဖြစ်လိမ့်မယ် ထင်တယ်လို့ အဲသလို လမ်းလွဲသွား တတ်တယ်။

အဲသလို လမ်းလွဲသွားတတ်တဲ့အတွက်ကြောင့် ဒီ ၁၀–ပါးကို ဝိပဿနာနဲ့ ဘေးရန်, ဝိပဿနာရဲ့ အနှောင့်အယှက်လို့ ဆိုရတယ်၊ အဲဒီထဲမှာ နံပတ် (၉)ထိ ကုသိုလ်တရားတွေပဲ ရှိသေးတယ်၊ အကုသိုလ်မဟုတ်ဘူး၊ နံပတ် (၁၀)ကမှ အကုသိုလ်။

အဲဒီလို ဩဘာသစတာတွေဖြစ်ပေါ်လာတဲ့အခါ ကိုယ်က နဂိုက နားလည် ထားရင် ဒါတွေဟာ တကယ်တရားထူး အစစ်အမှန် မဟုတ်သေးဘူး၊ ဒါတွေကို ကျော်လွန်ရဦးမယ်၊ ဒါတွေဟာ အနှောင့်အယှက်မျှသာ ရှိသေးတယ်လို့ သိပြီးတော့ သူတို့ကို သိပ်ဦးစားမပေးတော့ပဲနဲ့ မျက်မှောက်ပေါ်နေတဲ့ ထင်ရှားနေတဲ့ အာရုံကိုပဲ ဆက်ရှုသွားရမယ်။

အဲသလို မလုပ်ပဲနဲ့ ဒါတွေနဲ့ ကျေနပ်ပြီး ဒါတွေကို နှစ်သက်နေပြီဆိုရင် ရှေ့မတိုးတော့ဘူးပေါ့၊ ဝိပဿနာတန့်သွားပြီပေါ့။

ဒါကြောင့်မို့ ဝိပဿနာကိုတန့်အောင် ဝိပဿနာကို ရှေ့မတိုးတက်အောင် လုပ်တတ်တဲ့အတွက်ကြောင့်မို့ ဒီတရား ၁၀–မျိုးကို ဝိပဿနာနုပက္ကိလေသ ဝိပဿနာ ညစ်ညူးကြောင်းဘေးရန်လို့ ဆိုတယ်။

ဒါတွေဖြစ်လာရင် ငါတရားထူးတော့ ရပြီထင်တယ်၊ တရားထူးဆိုတာ

http://www.dhammadownload.com



ဒါမျိုးနေမှာပဲလို့ ဆုံးဖြတ်သွားတတ်တယ်၊ အဲဒီလိုမဟုတ်ပဲနဲ့ ဒီဟာတွေဟာ တရားထူး မဟုတ်ဘူး (ကျမ်းဂန်စကားနဲ့ပြောရင်) ဒါတွေဟာ မဂ်မဟုတ်သေးဘူး၊ မဂ်အစစ်က ရှေ့လာလိမ့်ဦးမယ်လို့ ဒီလိုမဂ်ဟုတ်သည် မဟုတ်သည်ကို သိနိုင်တဲ့ဉာဏ် အဲဒီအခါမှာပေါ်တယ်၊ အဲဒီဉာဏ်ကို မဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိလို့ ခေါ်တယ်။

မဂ္ဂဆိုတာက မဂ်၊ အမဂ္ဂဆိုတာက မဂ်မဟုတ်တာ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းမှန် ဟုတ်သည် မဟုတ်သည်ကို သိတဲ့ဉာဏ်တဲ့, အဲဒီဉာဏ်ဖြစ်ပေါ်တယ်။

အဲဒီဉာဏ်ဖြစ်ပေါ်လို့ ဝိပဿနာနုပက္ကိလေသ ၁၀-ပါးထဲက တချို့ဟာ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သေးဘူး၊ သူတို့ကို တွယ်တာနေရမှာ မဟုတ်သေးဘူး၊ သူတို့ကို ကျော်လွန်ရမှာပဲလို့ သိပြီးတော့ သူတို့ကို ဦးစားမပေးတော့ပဲ ဆက်လက်ပြီးတော့ အားထုတ်သွားတဲ့အခါကျတော့ ဥဒယဗ္ဗယဉာဏ်က ပိုပြီးတော့ ရင့်သန်တယ်၊ ရှေးကထက်ပိုပြီးတော့ ပြတ်ပြတ်သားသား ထင်ထင်ရှားရှား ဖြစ်တာနဲ့ ပျက်တာကို မြင်လာတယ်။

ဒါကြောင့် ဥဒယဗ္ဗယဉာဏ်ကို ၂-မျိုးပိုင်း၊ ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်းအပြီးမှာ ဝိပဿနုပက္ကိလေသတွေပေါ်တယ်၊ အဲဒီဝိပဿနုက္ကိလေသတွေကို အာရုံမပြုတော့ပဲနဲ့ ဆက်ပြီးတော့ မှတ်သွားတဲ့အခါကျတော့ ဥဒယဗ္ဗယဉာဏ် ရင့်ကျက်လာတယ်၊ ပိုပြီးတော့ အဖြစ်နဲ့အပျက်ကို ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား သိမြင်လာတယ်။

အဲဒီဥဒယဗ္ဗယဉာဏ် နောက်ပိုင်းကစပြီးတော့ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ ဆိုတာခေါ်လိမ့်မယ်၊ ဒီပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအခိုက်အတန့်မှာ ဝိပဿနာဉာဏ်တွေ အများကြီး ဖြစ်လိမ့်မယ်၊ ရှေးအခိုက်အတန့်တွေမှာကတော့ (ဆိုပါတော့) ဒိဋ္ဌိဝိသုဒ္ဓိမှာဆိုရင် နာမရူပပရိစ္ဆေဒဉာဏ်, ကင်္ခါဝိတရဏ ဝိသုဒ္ဓိမှာဆိုရင် ပစ္စယပရိဂ္ဂဟဉာဏ်, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမှာ သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗယဉာဏ် ရှိထားတယ်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကျတော့ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းနဲ့ ကျန်တဲ့ ဝိပဿနာဉာဏ်တွေ အကုန်နီးပါး ဖြစ်လိမ့်မယ်တဲ့။

ကောင်းပြီ၊ ဥဒယဗ္ဗဉာဏ်ရောက်သွားပြီဆိုတော့ ဘာကိုသိတုန်း၊ အဖြစ်နဲ့ အပျက်ကိုသိတယ်၊ အဖြစ်နဲ့အပျက်ကို မြင်တယ်၊ ပေါ်လာတာ ပျောက်သွားတာ, ပိုင်းပိုင်းခြားခြား သိမြင်လာတယ်။

ဥဒယဗ္ဗယဉာဏ်ပြီးတော့ ဘင်္ဂဉာဏ်တဲ့၊ ဘင်္ဂဆိုတာ ပျက်တာ၊ ဥဒယဗ္ဗယဉာဏ်ရင့်သန်ပြီးလို့ ဘင်္ဂဉာဏ်အဆင့်ရောက်သွားတဲ့အခါကျတော့ အဖြစ်က မထင်ရှား

http://www.dhammadownload.com



တော့ပဲနဲ့ ပျောက်ပျောက်သွားတာက ထင်ရှားတော့တယ်၊ အပျက်က ထင်ရှားတော့တယ်၊ ရှုနေရင် အဖြစ်ကို မမြင်ဘူး၊ အပျက်ပဲမြင်လာတယ်၊ ပျောက်, ပျောက်သွားတာ မြင်လာတယ်။

ဒီအခိုက်အတန့်မှာ ငါတရား အားထုတ်တာ မှားများနေပြီလားလို့ ထင်တတ်တယ်၊ ခန္ဓာကိုယ်ကြီး ပျောက်သွားတယ်ဆိုတာ ဒီအခိုက်အတန့်မျိုး ဖြစ်တတ်တယ်၊ မှတ်စရာကြည့်လိုက်တဲ့အခါ အပျက်ရှုနေရတော့ အပျောက်ရှုနေရတာဆိုတော့ ရှေးဉာဏ်တွေမှာတုန်းကလို ပုံသဏ္ဌာန်နဲ့ ပညတ်နဲ့ မပေါ်တော့ဘူး၊ ပျောက်, ပျောက်သွားတာပဲမြင်ရတယ်၊ ဘင်္ဂဉာဏ်အခိုက်အတန့်မှာ မှတ်လို့မကောင်းသလိုကြီး ဖြစ်နေတတ်တယ်။

အဲသလို ခန္ဓာငါးပါးမှတ်ရတဲ့ တရားရဲ့အပျက်ကိုသာ မြင်တဲ့ဉာဏ်ကို ဘင်္ဂဉာဏ်လို့ခေါ်တယ်၊ ဒါဟာတိုးတက်လာတာ၊ ပထမတုန်းကတော့ အဖြစ်ရော အပျက်ရော ထင်ထင်ရှားရှား မြင်တယ်၊ နောက်ကျတော့ အဖြစ်က မထင်ရှားတော့ပဲ အပျက်သာမြင်တော့တယ်၊ ပျောက်ပျောက်သွားတယ်။

အဲဒီဘင်္ဂဉာဏ် ရင့်သန်လာတဲ့အခါကျတော့ ဘယဉာဏ်ဆိုတာ ဖြစ်ပေါ်လာတယ်၊ ဒါကတော့ logically သွားတာ၊ ပျက်တာကြီး မြင်နေမှတော့ ကြောက်စရာလို့ ထင်မလာပေဘူးလား၊ ဘယဉာဏ်ဆိုတာ ကြောက်တာမဟုတ်ဘူးနော်, ကြောက်စရာကောင်းတယ်လို့ သိလာတာ၊ ဒါ အရေးကြီးတယ်။

ကြောက်ရင် အကုသိုလ်မဟုတ်ဘူးလား၊ ဝိပဿနာမဟုတ်တော့ဘူး၊ တကယ်ကြောက်ရင် ဒေါသမူစိတ်ဖြစ်သွားပြီ၊ အဲဒီတော့ ဘယဉာဏ်ဆိုတာ ကြောက်တာမဟုတ်ဘူး၊ ကြောက်စရာပဲဆိုတာကိုသိတာ၊ ဘေးဥပါဒ် အန္တရာယ်ကြီးပဲလို့သိတာ၊ အဲသလိုသိတဲ့ဉာဏ်ကို ဘယဉာဏ်လို့ခေါ်တယ်။

ပျက်တာမြင်နေရင် ဘယဉာဏ်ကမပေါ်ပဲကိုမနေဘူး၊ ပျက်မှတော့ ကြောက်စရာကောင်းနေတာပဲ။

ဘယဉာဏ်ရင့်သန်လာတဲ့အခါကျတော့ အာဒီနပဉာဏ်ပေါ်လာတယ်၊ အပြစ်မြင်လာတယ်၊ ပျက်တာကြီးမြင်ပြီး ကြောက်စရာထင်မြင်လာရင် ဒီခန္ဓာငါးပါးအပေါ်မှာ အပြစ်မြင်တော့တာပေါ့၊ ခန္ဓာငါးပါး အပေါ်မှာ ကောင်းတယ်ဆိုတာမျိုး မမြင်နိုင်တော့ဘူးပေါ့၊ အပြစ်မြင်လာပြီး ဒီခန္ဓာငါးပါးဟာ မကောင်းဘူး မြင်လာတယ်၊ နောက်တော့ ငြီးငွေ့လိမ့်မယ်။

အဲဒီအာဒီနဝဉာဏ် ရင့်သန်လာတဲ့အခါကျတော့ နိဗ္ဗိဒါဉာဏ်တဲ့၊ ဒီကျတော့

http://www.dhammadownload.com



ငြီးငွေ့လာပြီ၊ အပြစ်မြင်အပ်တဲ့ ခန္ဓာငါးပါးမှ ငြီးငွေ့တဲ့ဉာဏ် ဖြစ်ပေါ်လာတယ်

ငြီးငွေ့တယ်ဆိုတာ မလိုချင်တော့ဘူးပေါ့၊ မမွေ့လျော်တော့ဘူးပေါ့၊ ဒီဉာဏ်မျိုး ဖြစ်ပေါ်လာတဲ့အခါကျတော့ တကယ်ကို ပျင်းလာတယ်၊ ဘာမှအကြောင်းရှာမရပဲ စိတ်ထဲမှာ နေမထိထိုင်မထိ ဖြစ်သလိုပဲ၊ တချို့ကလည်း စိတ်ညစ်ပြီး ထွက်ပြေးတာ၊ အဲဒါနိဗ္ဗိဒါဉာဏ်၊ ထိုင်နေတာပဲ၊ မှတ်တော့ မှတ်နေတာပဲ၊ မမှတ်ပဲလည်းမနေနိုင်ဘူး၊ တရားတော့အားထုတ်နေတာပဲ၊ တရားထိုင်နေလျက်နဲ့အရသာမတွေ့ဘူး၊ ဘာလုပ်ရ လုပ်ရ စိတ်ပျက်စရာကြီးဖြစ်နေတာ၊ အဲသလို ဉာဏ်မျိုးကို ငြီးငွေ့တာ၊ နိဗ္ဗိဒါဉာဏ် ဖြစ်လာတယ်။

အဲဒီနိဗ္ဗိဒါဉာဏ် ရင့်သန်တဲ့အခါကျတော့ မုဉ္စိတုကမျတာဉာဏ်တဲ့၊ လွတ်ခြင်း ဌာလိုတဲ့ဉာဏ်, လွတ်လိုတဲ့ဉာဏ်ပေါ့၊ ငြီးငွေ့လာပြီ မလိုချင်တော့ဘူးဆိုကတည်းက ဒီကနေ လွတ်ချင်လာတာပေါ့၊ အဲဒီတော့ သိမြင်အပ်တဲ့ ရုပ်နာမ်(သင်္ခါရ)တရားမှ လွတ်မြောက်ချင်တဲ့အလိုဆန္ဒဖြစ်ပေါ်လာတယ်၊ လွတ်မြောက်ချင်လာတယ်၊ လွတ်ချင်တဲ့ဉာဏ်ကို မုဉ္စိတုကမျတာဉာဏ်ဆိုတာ ဖြစ်ပေါ်လာတယ်။

အဲဒီလို မုဉ္စိတုကမျတာဉာဏ်ဖြစ်ပေါ်လာတော့ လွတ်လိုရင် ဘာလုပ်ရမလဲ၊ ထပ်ပြီးတော့ အားထုတ်ရမှာပဲ၊ လွတ်ချင်တယ်ပြောနေရုံနဲ့ မပြီးဘူး၊ ဒီနားတင်ရပ်နေရုံနဲ့ မပြီးဘူး၊ ရှေ့ဆက်ပြီး တစ်ဖန်ထပ်ပြီးတော့ အားထုတ်ရဦးမယ်။

အဲဒါကြောင့်မို့ မုဉ္စိတုကမျတာဉာဏ် ပြီးတဲ့အခါကျရင် ပဋိသင်္ခါဉာဏ်တဲ့၊ "သင်္ခါရတို့မှ လွတ်မြောက်ခြင်း၏အကြောင်း၏ပြည့်စုံစေခြင်းငှာ တစ်ဖန်ခန္ဓာငါးပါး သင်္ခါရတရားတို့ကို သိမ်းဆည်းခြင်းအစွမ်းဖြင့်ဖြစ်သောဉာဏ်၊ ဆက်ပြီးတော့ ကြိုးစားအားထုတ်တာပဲ၊ ဝီရိယထပ်ထူထောင်ရတယ်, ထပ်ပြီးတော့ရှုရတယ်၊ အဲသလိုပြုတဲ့ဉာဏ်ကို ပဋိသင်္ခါဉာဏ်လို့ ခေါ်တယ်။

ခုနလို လွတ်လိုလာပြီ၊ လွတ်လိုလာပြီးရင် ထိုင်နေရုံနဲ့ မရဘူး၊ လွတ်လိုရင် လွတ်အောင်လုပ်ရမယ်၊ လွတ်ရအာင်လုပ်မယ်ဆိုရင် ပေါ်ပေါ်လာတဲ့ သင်္ခါရတရားကိုပဲ ပြန်ထပ်ရှုရမယ်၊ ဒါကြောင့်မို့ ဒါကို ပဋိသင်္ခါဉာဏ်လို့ ခေါ်တယ်၊ ပဋိဆိုတာ တစ်ဖန်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။

ဒီနေရာမှာ ကျမ်းဂန်တွေမှာ ဘာနဲ့ ဥပမာပေးထားတာ တစ်ခုရှိသလဲဆိုတော့ ငါးဖမ်းတဲ့လူနဲ့ ဥပမာပေးထားတယ်၊ ငါးဖမ်းတဲ့သူဟာ ရေထဲကို နှိုက်စမ်းတော့ အကောင်တစ်ကောင်ကို ဆုပ်ကိုင်မိတယ်၊ သူတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ငါးတော့ မိပြီဆိုပြီး ရေထဲက ဖော်ကြည့်လိုက်တဲ့အခါ လည်ရေးသုံးဆင့်(အရစ်သုံးရစ်)မြင်တယ်၊

http://www.dhammadownload.com



အရစ်သုံးရစ်ကိုမြင်တော့ မြွေမှန်းသိလာတယ်။

မြွေမှန်းသိလာတဲ့အခါကျတော့ သူကြောက်လာပြီ၊ မြွေကို မလိုချင်တော့ဘူး၊ လွှင့်ပစ်လိုက်ချင်ပြီ။

မြွေကို လွှင့်ပစ်လိုက်ချင်တော့ ဒီအတိုင်းလွှင့်ပစ်ရင် မြွေက သူ့ကိုပြန်ကိုက်ချင် ကိုက်သွားမှာ၊ အဲဒီတော့ သူ့ကို မြွေပြန်မကိုက်နိုင်အောင်ဆိုပြီး ခေါင်းပေါ် လွှဲပတ်ရမ်းပြီးမှ မြွေကိုနွံ့နာအောင်လုပ်ပြီးမှ လွှင့်ပစ်လိုက်တယ်။

အဲသလိုပဲ ရုပ်နာမ်ခန္ဓာကို သတ္တဝါတွေက နဂိုက ကောင်းတယ်ထင်နေတယ်၊ အဲသလိုကောင်းတယ်ထင်ရာကနေပြီး ဝိပဿနာရှုလိုက်တော့ အနိစ္စ ဒုက္ခ အနတ္တသဘော မြင်လာတယ်၊ ခုနလည်ရေး သုံးဆင့်မြင်တာမျိုးလိုမြင်လာတယ်။

အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲ, မမြဲဘူးဆင်းရဲတယ်၊ အစိုးမရဘူး, အနှစ်သာရမဟုတ်ဘူး, အတ္တပဲလို့ မြင်လာတဲ့အခါကျတော့ ဒါဟာကြောက်စရာလို့ ထင်လာပြီ၊ အပြစ်မြင်လာပြီ မလိုချင်တော့ဘူး၊ စွန့်ချင်လာပြီ။

စွန့်ချင်ရင် သူတို့ကိုနွံ့နာအောင်ဆိုပြီးတော့ ထပ်ပြီး အနိစ္စ ဒုက္ခ အနတ္တလို့ ပဋိသင်္ခါဉာဏ် အခိုက်အတန့်မှာထပ်ပြီးတော့ ရှုရတယ်၊ ထပ်ပြီးတော့ ပင်ပင်ပမ်းပမ်း လုပ်ရတယ်၊ အဲဒါ ပဋိသင်္ခါဉာဏ်။

ပဋိသင်္ခါဉာဏ်ရင့်ကျက်လာတဲ့အခါကျတော့ နောက်ဉာဏ်တစ်ဆင့် တက်လိုက်စမ်း၊ သင်္ခါရုပေက္ခာဉာဏ်တဲ့။

သင်္ခါရုပေက္ခာဉာဏ်ကျတော့ ဘာတဲ့တုန်း၊ "ကြောက်ခြင်းနှစ်သက်ခြင်းမှ ကင်းသည်၏ အစွမ်းဖြင့် လျစ်လျူရှု၍ ဖြစ်သောဉာဏ်" ဆိုလိုတာကတော့ အာရုံတွေကို ရှုလိုက်တိုင်း ရှုလိုက်တိုင်း အထူးကြောင့်ကျ မစိုက်ရပဲနဲ့ ရှုမိနေတာကို ဆိုလိုတာ၊ ပဋိသင်္ခါဉာဏ်တုန်းကတော့ ကြောင့်ကျစိုက်ပြီးတော့ ရှုရတယ်၊ ကြောင့်ကျစိုက်ရှုလို့ အရှိန်ရသွားပြီဆိုတော့ ကြောင့်ကျမစိုက်ရတော့ပဲ ရှုမိနေတော့တယ်၊ အထူးအားမထုတ်ရတော့ဘူး၊ ဟိုနေ့က ပြောသလို ချပ်ကနဲ ချပ်ကနဲ သွားတာမျိုးပေါ့လေ။

အဲဒီလို ဒီ (သင်္ခါရုပေက္ခာဉာဏ်) ဉာဏ်ဖြစ်တဲ့အခါကျတော့ သင်္ခါရတရားတွေကို ကြိုက်တယ်လည်းမဟုတ်ဘူး၊ မကြိုက်ဘူးလည်းမဟုတ်ဘူး၊ နှစ်သက်တယ်လည်း မဟုတ်တော့ဘူး၊ မနှစ်သက်ဘူးလည်း မဟုတ်တော့ဘူး၊ ဒါကြောင့် ကြောက်ခြင်း နှစ်သက်ခြင်းမှ ကင်းသည်၏ အစွမ်းဖြင့်လို့ပြောတာ၊ သင်္ခါရတရားကို ကြောက်တယ် လည်းမဟုတ်ဘူး၊ မကြောက်ဘူးလည်းမဟုတ်ဘူး၊ လိုချင်တာလည်း

http://www.dhammadownload.com



မဟုတ်ဘူး၊ မလိုချင်ဘူးလည်း မဟုတ်ဘူးပေါ့လေ။

အဲဒီလို သူ့အတိုင်းဖြစ်နေတာကို အသာလေးကြောင့်ကျမဲ့စွာနဲ့ ရှုနေရတယ်၊ အထူးအားမထုတ်ရပဲနဲ့ အသာလေးရှုနေတဲ့ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်လို့ခေါ်တယ်၊ သင်္ခါရုပေက္ခာဉာဏ်ရောက်ရင်တော့ အတော့ကို အဆင့်အတန်းမြင့်သွားပြီ၊ ရှေ့ကို အနုလောမဉာဏ်၊ မဂ်ဉာဏ်တပ်ဖို့ပဲ ရှိတော့တယ်။

သင်္ခါရုပေက္ခာဉာဏ်ရောက်ပြီးတော့ အားထုတ်ရင်းကပဲ တော်တော်ကြာ ပြန်ပြန်ကျတတ်တယ်၊ အားထုတ်ကောင်းရာကနေပြီး တော်ကြာပြန်ကျသွားပြန်ပြီ၊ နည်းနည်းလေးပြန်ကြောင့်ကျစိုက်ပေးလိုက် အရှိန်လေးရသွားပြန်တော့ ဉာဏ်ပြန် ဖြစ်သွားပြန်ရော။

ဉာဏ်ပြန်ဖြစ်ရာနေ စိတ်ထဲရှုမှတ်လို့ကောင်းနေတုန်း တစ်ခါတလေ ဘယ်လို ဖြစ်တတ်သလဲဆိုတော့ ကြောက်ချင်ကြောက်လာတယ်၊ သို့မဟုတ်ရင်လည်း ငါ ဒါလုပ်နေတာ ဟုတ်မှဟုတ်ရဲ့လား၊ နဂိုတုန်းကဒီလိုမဟုတ်ဘူး၊ အခုတော့အလွန် ပေါ့ပေါ့လေးနဲ့ ဖြစ်နေပါလားဆိုပြီး ဖြစ်လာတယ်၊ သို့မဟုတ်ရင်လည်း ပိုပြီး အားထုတ်ချင်လာပေါ့လေ။

အဲဒီလို အမျိုးမျိုး ဖြစ်ပေါ်တတ်တော့ အဲဒီလိုလုပ်လိုက်တိုင်း လုပ်လိုက်တိုင်း ဝိပဿနာအရှိန်က ကျ,ကျသွားတယ်၊ ကျသွားရင် မှတ်မကောင်းပြန်ဘူး၊ မှတ် မကောင်းပြန်ရင် ထပ်ကြိုးစားရပြန်ပြီ၊ အဲဒီလိုပဲ သင်္ခါရုပေက္ခာဉာဏ် အခိုက်အတန့်မှာ ကြောင့်ကျမစိုက်ရပဲမှတ်လို့ ကောင်းနေလိုက်၊ တော်ကြာကိုယ်က ခုနလို ဟိုဟာလေး လုပ်မိ ဒီဟာလေးလုပ်မိ, ဆင်ခြင်စဉ်းစားမိ၊ ဟိုဟာလေးလိုချင်မိ ဒီဟာလေး လိုချင်မိဖြစ်ပြီး ကြိုးစားရင်းနဲ့ပျောက်သွားပြန်ပြီ၊ ထပ်ပြီးတော့ လုပ်ရပြန်ပြီနဲ့ ဒီလိုပဲတက်လိုက်ကျလိုက်၊ တက်လိုက်ကျလိုက်နဲ့ သင်္ခါရုပေက္ခာဉာဏ် ရှင်သန်အောင် လုပ်နေရတယ်။

အဲဒါကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ရှေးတုန်းက ပင်လယ်သွားတဲ့သူတွေ ဟာ ကျီးတစ်ကောင်ကို ယူသွားတယ်တဲ့၊ ဒိသာကာကဆိုတဲ့ ကျီးပေါ့၊ ဒိသာဆိုတာ အရပ်မျက်နှာ ကာကဆိုတာကျီး၊ အရပ်မျက်နှာ ရှာဖွေတတ်တဲ့ ကျီးပေါ့။

ပင်လယ်ထဲမှာ သူတို့အရပ်မျက်နှာမသိဖြစ်နေပြီဆိုပါတော့ ကမ်းမမြင် လမ်းမမြင်ဖြစ်နေပြီဆိုရင် ကျီးကိုလွှတ်လိုက်တယ်၊ ကျီးဟာပျံသွားပြီးတော့ ကမ်းကို မမြင်ရင်မောပြီး ပင်လယ်ထဲကလှူတွေဆီ ပြန်လာတယ်၊ နေဦး, ဒီတစ်ခါ အမော ဖြေဦး။

http://www.dhammadownload.com



အမောပြောတော့ ကျီးကိုထပ်လွှတ်ပြန်ရော၊ သူက ပျံသွားပြန်ရော၊ ဒီလိုပဲ ကျီးက ပျံသွားလိုက်၊ ကမ်းမမြင်သေးရင် ပြန်လာလိုက်သွားလိုက်, ပြန်လာလိုက် လုပ်ရာကနေပြီး ကမ်းမြင်တဲ့အခါကျတော့ ပြန်မလာတော့ပဲ ကမ်းဆီပျံသွားတယ်။

ထို့အတူပဲ, ဝိပဿနာဉာဏ်ကလည်း နိဗ္ဗာန်ကို မမြင်သေးခင် သင်္ခါရတရားဆီ ပြန်,ပြန်လာနေတာ၊ ပြန်လာလိုက်, ရှာလိုက်၊ မတွေ့ရင် ပြန်လာလိုက်ဖြစ်သလိုပဲ ဒီ (သင်္ခါရုပေက္ခာဉာဏ်)မှာလဲ တက်လိုက်ကျလိုက် တက်လိုက်ကျလိုက်နဲ့ ဖြစ်နေတာ၊ ဒီနေရာမှာ သိပ်အရေးကြီးတယ်။

အဲသလိုဖြစ်ရာကနေ ကောင်းလာပြီ, သင်္ခါရုပေက္ခာဉာဏ်ရင့်ကျက်လာပြီ ဆိုတဲ့အခါကျတော့ အနုလောမဉာဏ်ဆိုတာဖြစ်လာတယ်၊ အဲဒီသင်္ခါရုပေက္ခာဉာဏ် အဆင့်အတန်းမှာ ရောက်နေတုန်း ဝိပဿနာ တရားရှုနေပြီ၊ သင်္ခါရတရားတွေ ပေါ်လာတိုင်း ပေါ်လာတိုင်း အတူးကြောင့်ကျ မစိုက်ရပဲ မှတ်လို့ သိပ်ကောင်းနေပြီ၊ ပြန်မကျတော့ဘူး၊ အားပြည့်လာတဲ့ပြီဆိုတဲ့အချိန်မှာ ဂုန်းကနဲဆိုထပြီးတော့ နိဗ္ဗာန်အာရုံကိုရောက်သွားတယ်။

အဲဒီ နိဗ္ဗာန်အာရုံမရောက်ခင် ဂုန်းခနဲမထခင်မှာ အနုလောမဉာဏ်ဆိုတာ ဖြစ်တယ်၊ ဝီထိပိုင်းတုန်းက မဂ်ဝီထိကို မှတ်မိကြလား၊ မဂ်ဝီထိမှာ ဘယ်လိုရှိလဲ မှတ်မိကြလား၊ မဂ္ဂဝီထိပုံစံရှိကြလား။

အဲဒီတော့ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်, အဲသလို သွားလိမ့်မယ်၊ မနောဒွါရဝီထိထဲမှာ မဂ္ဂဝီထိဆိုတာရှိတယ်၊ အဲဒီ မဂ္ဂဝီထိပုံစံကို ကြည့်လိုက်။

ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ ဥပစာ, အနုလုံ ဂေါတြဘူ, မဂ်, ဖိုလ်, ဖိုလ်, နောက်ပြီးတော့ ဘဝင်။

ကောင်းပြီ, ဒါကမဂ်ရတဲ့ဝီထိပေါ့၊ မဂ်ရခါနီးတဲ့အခါမှာ ဝိပဿနာဉာဏ် သွက်သွက်လက်လက် ဖြစ်လာတယ်၊ ဝိပဿနာဉာဏ် သွက်သွက်လက်လက် ဖြစ်ပြီး မဂ်ဆီသို့ရောက်တော့မယ် သို့မဟုတ် သင်္ခါရတရားက ထတော့မယ်ဆိုတဲ့ အချိန်ကျတော့ သူက အားကောင်းလာတယ်ပေါ့။

ဒါကြောင့်မို့ အဲဒီအခိုက်အတန့်မှာ သင်္ခါရုပေက္ခာဉာဏ်ရော အပါအဝင် အခိုက်အတန့်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်လို့ခေါ်တယ်၊ ဝုဋ္ဌာနဆိုတာ မဂ်က သင်္ခါရတရားတွေမှ ထသွားတတ်တယ်၊ ထတယ်ဆိုတာ လွတ်မြောက်အောင် ထွက်သွားတတ်တယ်ပေါ့၊ ဒါကြောင့်မို့ဝုဋ္ဌာနလို့ခေါ်တယ်၊ အဲဒီဝုဋ္ဌာနဂါမိနီဝိပဿနာ

http://www.dhammadownload.com



ဆိုတာရှိတယ်။

အဲဒီတော့ ဒီဝီထိထဲမှာပါတဲ့ ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူအဲဒီ ၄-ခုဟာ ကာမာဝစရကုသိုလ်ဇော၊ ဉာဏသမ္ပယုတ်ကာမာဝစရကုသိုလ်ဇော။

အဲဒီဉာဏသမ္ပယုတ်ကာမာဝစရကုသိုလ်ဇော ၄-ကြိမ်ဖြစ်တယ်၊ ပရိကံတစ်ကြိမ်, ဥပစာတစ်ကြိမ်, အနုလုံတစ်ကြိမ်, ဂေါတြဘူတစ်ကြိမ်။

အဲဒီလိုဖြစ်တဲ့အခါမှာ အနုလောမဉာဏ်ဆိုတာ ဘယ်ဟာလဲဆိုရင် ပရိကံ, ဥပစာ, အနုလုံ ဒီ ၃-ခုကို အနုလောမဉာဏ်လို့ခေါ်တယ်။

အနုလောမဉာဏ်ဆိုတာ သင်္ခါရုပေက္ခာဉာဏ်ရင့်သန်ပြီးတော့ မဂ်ရတဲ့အချိန်လို့ ပြောကြပါစို့၊ မဂ်ရခါနီးလေးကပ်ပြီးတော့ ပေါ်တဲ့ဉာဏ်ကို အနုလောမဉာဏ်လို့ ခေါ်တယ်၊ အနုလောမဆိုတာ လျော်တယ်တဲ့၊ ကျန်ခဲ့တဲ့ဝိပဿနာဉာဏ်တွေနဲ့လည်း သူ (အနုလောမဉာဏ်)က လိုက်လျောတယ်၊ အထက်မဂ်ဖိုလ် (ဗောဓိပက္ခိယတရား ၃၇ ပါး)နဲ့လည်း လိုက်လျောတယ်ဆိုကြပါစို့၊ ဒါကြောင့်မို့ ဒီဉာဏ်ကို အနု လောမဉာဏ်လို့ခေါ်တယ်။

အနုလောမဉာဏ်လို့ခေါ်တဲ့ စိတ်ဟာ ဘယ်စိတ်လဲဆိုရင် အနုလောမဉာဏ်ဟာ ဉာဏ်နော်၊ အဲဒီဉာဏ်ဟာ ဘယ်စိတ်နဲ့ ယှဉ်တဲ့ဉာဏ်လည်းလို့ပြောရင် ကာမာဝစရကုသိုလ်ထဲက ဉာဏသမ္ပယုတ် ၄-ခုပေါ့။

အဲဒီဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇောက အမှန်ကတော့ ၄-ကြိမ်ဇောတယ်၊ ၄-ကြိမ်မှာ ပထမ ၃-ကြိမ် (ပရိကံ, ဥပစာ, အနုလုံ)ကို အနုလောမဉာဏ်လို့ ခေါ်တယ်၊ အဲဒီအနုလောမဉာဏ်ဖြစ်တယ်တဲ့၊ ဒီရောက်ရင်တော့ မဂ်ရတော့မယ်၊ မထူးတော့ပါဘူး၊ ရှေ့ဆက်တော့မယ်၊ ဒီမှာတန့်ထားလို့မရဘူး။

အနုလုံပြီးတော့ ဂေါတြဘူလာတယ်၊ အဲဒါကို ဂေါတြဘူဉာဏ်လို့ ဉာဏ်တစ်မျိုးအနေနဲ့ ခေါ်နိုင်တယ်၊ ဂေါတြဘူကို ဝိပဿနာလို့ခေါ်မလား, မခေါ်ဘူးလားဆိုတော့ ဝိပဿနာရေစီးကြောင်းထဲမှာ ကျတဲ့အတွက်ကြောင့် ဂေါတြဘူကို ဝိပဿနာလို့တော့ ခေါ်နိုင်တယ်၊ ဒါပေမယ်လို့ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိဆိုတဲ့အဖြစ်နဲ့ ခွဲမယ်ဆိုရင်တော့ သူ (ဂေါတြဘူ)ဟာ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိထဲမှာ မပါဘူး။

အဲဒီတော့ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိဟာ ဘယ်မှာဆုံးသလဲ၊ အနုလုံမှာဆုံးတယ်၊ ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူ ၄-ခုရှိတဲ့ထဲမှာ အနုလုံမှာ ဆုံးတယ်၊ ဂေါတြဘူ သီးခြားဖြစ်ပြီး ကြားကွက်လပ်ကျန်နေတယ်၊ သူက ဘယ်ဝိသုဒ္ဓိထဲမှာမှ

http://www.dhammadownload.com



မပါဘူး၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိထဲလည်း မပါဘူး၊ လာလတ့် ဉာဏဒဿန ဝိသုဒ္ဓိထဲလည်း မပါဘူး, ကြားမှာရောက်နေတယ်။

ဒါပေမယ်လို့ ဝိပဿနာရဲ့ ရေစီးကြောင်းထဲမှာ သူကျရောက်နေတဲ့ အတွက်ကြောင့်မို့ ဝိပဿနာလို့တော့ခေါ်နိုင်တယ်၊ ဝိပဿနာတကယ့်အစစ်တော့ မဟုတ်ဘူးပေါ့၊ သို့သော် ဝိပဿနာလို့ပဲ သူ့ကိုခေါ်နိုင်တယ်။

ဘာကြောင့် ဝိပဿနာအစစ်မဟုတ်ဘူးလို့ ပြောရတာလည်းဆိုတော့ ဝိပဿနာ ဆိုတာကသင်္ခါရတရားကို အာရုံပြုရမယ်၊ ရုပ်နာမ်တရားကိုအာရုံပြုရတယ်၊ ဂေါတြဘူက ဘယ်လို အာရုံပြုသလဲဆိုတော့ နိဗ္ဗာန်ကို အာရုံပြုတယ်၊ ကာမာဝစရ စိတ်ထဲက နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြုတာ ဒီတစ်ခု (ဂေါတြဘူ)ပဲရှိတယ်။

ဒါကြောင့်မို့ ဂေါတြဘူသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိထဲမပါဘူး၊ လာလတ့် ဉာဏဒဿနဝိသုဒ္ဓိထဲလည်းမပါဘူး၊ ဘယ်ဝိသုဒ္ဓိထဲမှ မပါပဲနဲ့ ကွက်လပ်ကျန်နေတယ်၊ သို့သော် ဝိပဿနာအစဉ်မှာကျတဲ့အတွက်ကြောင့် သူ့ကို ဝိပဿနာလို့ တော့ခေါ်ရတယ်။

ကောင်းပြီ, အဲသလို အနုလောမဉာဏ်ဖြစ်ပြီးတဲ့နောက် ဂေါတြဘူဉာဏ်ဆိုတာ ပေါ်တယ်၊ ဂေါတြဘူဆိုတာ ဘာကို ခေါ်တာတုန်း၊ ပုထုဇဉ်အနွယ်ကို ဖြတ်တတ်တယ်၊ ဖျက်တတ်တယ်၊ အရိယာအနွယ်သို့ ရောက်တတ်တယ်၊ အဲသလို အဓိပ္ပာယ်နဲ့ ခေါ်တာ၊ ဂေါတြဆိုတာက အနွယ်၊ ဘူဆိုတာက လွှမ်းမိုး နှိပ်စက်တာလို့လည်း ခေါ်တယ်၊ ရောက်တာလို့လည်းခေါ်တယ်။

အဲဒီတော့ ဒီအချိန်မှာ (ဂေါတြဘူအခိုက်အတန့်ဟာ) ပုထုဇဉ်အဖြစ်နဲ့ နောက်ဆုံး အခိုက်အတန့်မဟုတ်လား၊ မဂ်အခိုက်အတန့်ရောက်ရင် ပုထုဇဉ်ဟုတ်သေးလား၊ မဟုတ်တော့ဘူး၊ အရိယာဖြစ်သွားပြီ၊ ဒါကြောင့်မို့ ဒီအခိုက်အတန့်မှာ ပုထုဇဉ်အနွယ်ကို နှိမ်နင်းပြီးတော့ အရိယာအနွယ်ဘက်ကို လှမ်းနေတဲ့ အချိန်ပေါ့လေ၊ ဒါကြောင့်မို့ သူ့ကို ဂေါတြဘူလို့ခေါ်တယ်၊ ဂေါတြဘူဟာလည်း ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်ဇောပဲ။

အဲဒီဂေါတြဘူနောက်ဆက်ပြီး မဂ်ဉာဏ်ဖြစ်တယ်၊ မဂ်စိတ်ပေါ်တယ်၊ မဂ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြုတယ်၊ ဂေါတြဘူလည်း နိဗ္ဗာန်ကို အာရုံပြုတယ်၊ ဒါဖြင့် ပရိကံ, ဥပစာ, အနုလုံက သင်္ခါရတရားကို အာရုံပြုတယ်။

အဲဒီတော့ ဂေါတြဘူကစပြီး နိဗ္ဗာန်ကိုအာရုံပြုတော့ နိဗ္ဗာန်ဆိုတာ တစ်ခါမှ အာရုံမပြုဖူးသေးတဲ့ အာရုံဖြစ်တဲ့အတွက်ကြောင့် အလွန်ကိုဆန်းကြယ်တယ် ပေါ့လေ၊

http://www.dhammadownload.com



မတွေ့မမြင်ဖူးသေးတာကို တွေ့လိုက်ရတဲ့အတွက်ကြောင့် တစ်မျိုးကြီး ဖြစ်သွားတယ်။

ဘာဖြစ်လို့လဲဆိုတော့ သင်္ခါရကို အာရုံပြုရာကနေပြီး သင်္ခါရမဟုတ်တဲ့ တရားကို အာရုံပြုလိုက်ရတော့ တစ်မျိုးကြီးဖြစ်သွားတယ်၊ မဟာစည်ဆရာတော် အမိန့်ရှိတဲ့အတိုင်းဆိုရင် အဲဒီအချိန်အခါမှာ သင်္ခါရကို အာရုံပြုတဲ့စိတ်က ပြတ်သွားတယ်၊ သင်္ခါရကို အာရုံပြုတဲ့စိတ်ပြတ်သွားတော့ သင်္ခါရတွေလည်း ချုပ်သွားတဲ့သဘော (အဲဒီအချိန်မှာ)ရှိတယ်၊ အဲဒီအချိန်ဟာ မဂ်ရောက်တဲ့အချိန်၊ မဂ်စိတ်ဖြစ်တယ်၊ အဲဒီမဂ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြုပြီးဖြစ်တယ်၊ အဲဒီမဂ်စိတ်ကို ဉာဏဒဿန ဝိသုဒ္ဓိလို့ခေါ်တယ်။

ဝိသုဒ္ဓိ ၇-ပါးမှာ အဲဒီဉာဏဒဿန ဝိသုဒ္ဓိ အဲဒီမဂ်စိတ်ဟာ (မဂ်ဉာဏ်) နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်ကို ဉာဏဒဿန ဝိသုဒ္ဓိလို့ခေါ်တယ်။

အဲဒီမဂ်ရဲ့နောက်ဖိုလ် ၂-ကြိမ်ဖြစ်တယ်၊ ဒါက ပရိကံ ဥပစာ, အနုလုံလို့ ဟိုတုန်းက ၃-ကြိမ်ဖြစ်ခဲ့ရင် ဒီမှာ ဖိုလ် ၂-ကြိမ်ဖြစ်တယ်၊ အကယ်၍ ဟိုမှာက ဥပစာ အနုလုံသာဖြစ်ခဲ့ရင် ဒီမှာက ဖိုလ် ၃-ကြိမ်ဖြစ်တယ်၊ ဒါဟာ ဉာဏ်အထက်နဲ့ ဉာဏ်အနုလိုက်ပြီးတော့ ဖြစ်တယ်၊

အဲဒီဖိုလ်ကတော့ ဘယ်လို အာရုံပြုသလဲ, နိဗ္ဗာန်ကိုပဲအာရုံပြုတယ်၊ မဂ်စိတ် ဆိုတာ လောကုတ္တရာစိတ်, ဖိုလ်စိတ်လည်း လောကုတ္တရာစိတ်, အဲသလို ဖိုလ်ဖြစ်ပြီးတဲ့နောက် ဘဝင်ကျတယ်။

ကောင်းပြီ, ဒါကြောင့်မို့ ဝီထိနဲ့ကြည့်ပြီး ပြောမယ်ဆိုရင် ပရိကံ, ဥပစာ, အနုလုံတိုင်အောင် အနုလောမဉာဏ်၊ ဂေါတြဘူကျတော့ ဂေါတြဘူဉာဏ်, မဂ် အခိုက်အတန့်ကျတော့မဂ်ဉာဏ်၊ ဖိုလ်အခိုက်အတန့်ကျတော့ ဖိုလ်ဉာဏ် ဟုတ်ပြီနော်။

ဒါကြောင့်မို့ ဝိပဿနာမပါပဲနဲ့မဂ်ဖိုလ်မရဘူးဆိုတာ ဒါကိုပြောတာ၊ မဂ်စိတ် ဖြစ်ဖို့ရာ မဂ်စိတ်ရှေ့က ဂေါတြဘူရှိရမယ်၊ ဂေါတြဘူရှေ့က ပရိကံ, ဥပစာ, အနုလုံ(သို့မဟုတ်) ဥပစာ အနုလုံရှိရမယ်၊ သူတို့တွေက ဘယ်အာရုံပြုကြတုန်း၊ သင်္ခါရတရားတွေ အာရုံပြုတဲ့ အနိစ္စ ဒုက္ခ အနတ္တတွေရှုတဲ့ ဝိပဿနာစိတ်နဲ့ ဝိပဿနာဉာဏ်တွေ။

ဒါကြောင့်မို့ ဝိပဿနာမပါပဲနဲ့မဂ်ဖိုလ်မရဘူးဆိုတာ ဒါကိုပြောတာ၊ တစ်ခဏ လေး ဖြစ်ပါစေ၊ ဝိပဿနာဉာဏ်တော့ ဖြစ်ရမယ်၊ ပါရမီနည်းသေးတဲ့ သူတွေအဖို့ အကြာကြီး အားထုတ်မှဖြစ်တယ်၊ ပါရမီပြည့်နေပြီ၊ အကျွတ်တရားရဖို့ နည်းနည်းလေး လိုတဲ့ပုဂ္ဂိုလ်တွေကျတော့ ချက်ချင်းလိုထပြီး မဂ်ဖိုလ်ရတယ်။

http://www.dhammadownload.com



အဲဒီမဂ်ဖိုလ်ရလည်း ဝိပဿနာဉာဏ်ကတော့ မဖြစ်ပဲကိုမနေဘူး၊ ဖြစ်ရစေမယ်၊ ဝိပဿနာဉာဏ် မဖြစ်ပဲနဲ့ မဂ်ဖိုလ်ရတယ်လို့ ဘယ်တော့မှ မရှိဘူး၊ ဝိထိနဲ့ကိုင်ပေးလိုက်တာပဲ၊ ဒါ မှတ်ထားရမယ်။

ကောင်းပြီ, ဒါဖြင့် ဝိပဿနာအားထုတ်တာ အဆင့်အဆုံးရောက် သွားပြီဆိုပါတော့ အဲဒီတော့ ဝိသုဒ္ဓိတွေနဲ့ ဉာဏ်နဲ့ပြန်ပြီးတော့ ဟပ်ကြဦးစို့။

သင်္ဂြိုဟ်မှာဆိုတားတာက ဝိပဿနာဉာဏ် ၁၀-ပါး၊ သမ္မသနဉာဏ်ကစပြီး ၁၀- ပါး ရှိတယ်၊ အဲဒီထဲမပါတဲ့ သမ္မသနဉာဏ်မတိုင်ခင် ဘာဉာဏ်တွေဖြစ်နိုင်သေးလဲ ဆိုတော့ နာမရူပပရိစ္ဆေဒဉာဏ် (နာမ်ရုပ်ကွဲတဲ့ဉာဏ်ရယ်) ပစ္စယပရိဂ္ဂဟဉာဏ် (အကြောင်းကို သိတဲ့ဉာဏ်) ၂-မျိုးဖြစ်နိုင်သေးတယ်။

တစ်ခါ အနုလောမဉာဏ်ရဲ့ နောက်မှာ (သူ့ကျတော့) ဝိပဿနာဉာဏ် မဟုတ်တော့ဘူး၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နောက်ထပ် ဉာဏ်တစ်ခု လာလိမ့်ဦးမယ် (အဲဒါနေဦး) အဲသလိုရှိတယ်၊ အဲဒါတွေနဲ့ ဝိသုဒ္ဓိ ၇-ပါးနဲ့ ဟပ်ကြည့်ရအောင်။

သီလဝိသုဒ္ဓိ အခိုက်အတန့်မှာ ဘာဉာဏ်တွေ ဖြစ်သလဲ၊ ဘာဝိပဿနာဉာဏ်တွေ ဖြစ်သလဲ၊ ဘာမှမဖြစ်သေးဘူး၊ ဝိပဿနာမှမဆိုင်သေးပဲ၊ သီလစင်ကြယ်အောင် လုပ်နေတုန်း ရှိသေးတယ်။

စိတ္တဝိသုဒ္ဓိ အခိုက်အတန့်မှာ သမာဓိရအောင် လုပ်နေရတုန်းရှိသေးတယ်၊ အဲဒီအခိုက်အတန့်မှာ သမာဓိတော့ဖြစ်ပြီဆိုပါတော့၊ ဒါပေမယ်လို့ ဝိပဿနာဉာဏ် အနေနဲ့မပေါ်သေးဘူး၊ နီဝရဏလေးတွေကို ဖယ်ထားနိုင်ရုံပဲ ရှိသေးတယ်၊ အဲဒီတော့ စိတ္တဝိသုဒ္ဓိ အခိုက်အတန့်မှာလည်းပဲ ဝိပဿနာဉာဏ် မပေါ်သေးဘူး။

ကောင်းပြီ၊ ဒိဋ္ဌိဝိသုဒ္ဓိအခိုက်မှာ နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာ ပေါ်ပြီးတော့ ကင်္ခါဝိတရဏဝိသုဒ္ဓိအခိုက်အတန့်မှာ ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်ပြီ၊ ခုနပြောခဲ့သလိုပဲ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ဝိပဿနာဉာဏ်အစစ်လို့ မဆိုနိုင်ဘူး၊ ဘာကြောင့်တုန်း၊ သူတို့က အနိစ္စ ဒုက္ခအနတ္တမရှုသေးလို့၊ သို့သော် ဝိပဿနာအားထုတ်တဲ့ အစဉ်ထဲမှာ ပါနေလို့သာ သူ့ကို ဝိပဿနာဉာဏ်လို့သာ ခေါ်ရတယ်။

ကောင်းပြီ, ပြီးတော့ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ လာတယ်၊ အဲဒီမဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကျတော့ ဘာဉာဏ်ပေါ်ရမတုန်း၊ သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်း၊ မရင့်ကျက်သေးတဲ့ အားနည်းသေးတဲ့ ဥဒယဗ္ဗယဉာဏ်က မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအခိုက်မှာပေါ်တယ်။

http://www.dhammadownload.com



ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အခိုက်မှာ ဘယ်ဉာဏ်တွေ ပေါ်ရမတုန်းဆိုရင် ဥဒယဗ္ဗယဉာဏ်နောက်ပိုင်း (ရင့်ကျက်တဲ့အပိုင်း)ရယ်, ပြီးတော့ ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်အထိ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိလို့ခေါ်ရတယ်။

ဂေါတြဘုကျတော့ ဘယ်ထဲပါသလဲဆိုရင် ဘယ်ထဲမှမပါဘူး၊ အလွတ်, မဂ်ကျတော့ဉာဏဒဿနဝိသုဒ္ဓိ, ဖိုလ်ကတော့ဘယ်ဝိသုဒ္ဓိထဲမှ မပါဘူး။

အဲသလိုလည်း ဝိသုဒ္ဓိနဲ့ဉာဏ်နဲ့ဟပ်မိအောင်, ဟပ်တတ်အောင် လုပ်ထားရမယ်၊ ဘယ်ဝိသုဒ္ဓိ အခိုက်အတန့်မှာ ဘယ်ဉာဏ်ဖြစ်တယ်ဆိုတာ သိထားရမယ်။

ကောင်းပြီ အဲဒီတော့ မဂ္ဂဝိထိကိုကြည့်လိုက်တဲ့အခါမှာ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်, ဖိုလ်ရှိတယ်၊ ဒါက မန္ဒပညာ, ဉာဏ်နုံ့တဲ့ယောဂီအတွက်၊ ဉာဏ်ထက်တဲ့ယောဂီအတွက်ဆိုရင် ပရိကံမပါဘူး၊ ဥပစာ အနုလုံ, ဂေါတြဘူလို့ ၃-ကြိမ်ပဲဖြစ်မယ်၊ သူ ၃-ကြိမ်ဖြစ်ရင်ဖိုလ်ကျတော့ ၃-ကြိမ်ဖြစ်ရလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ အားလုံး ၇-ကြိမ်ရှိရမှာကိုး၊ အခုဟာက ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ် အတွက်က ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်, ဖိုလ် ၇-ကြိမ်။

ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ကျတော့ ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ် ၃-ကြိမ်။

အဲသလို မဂ်ဖိုလ်ဖြစ်ပြီးတဲ့နောက် ဘဝင်ကျသွားတယ်၊ ဘဝင်ကျသွားပြီးတဲ့နောက် ပစ္စဝေက္ခဏာဉာဏ်ဆိုတာ ပေါ်သေးတယ်၊ ပစ္စဝေက္ခဏာဉာဏ်ဆိုတာ မပေါ်ပဲမနေဘူး။

အဲဒီပစ္စဝေက္ခဏာဉာဏ်ဆိုတာက ဘာလဲဆိုတော့ မဂ်ကို ဆင်ခြင်တဲ့ဉာဏ်, မဂ်ကို ဆင်ခြင်တဲ့ဝီထိ, ဖိုလ်ကို ဆင်ခြင်တဲ့ဝီထိ, နိဗ္ဗာန်ကိုဆင်ခြင်တဲ့ဝီထိ။

အဲဒီ ပစ္စဝေက္ခဏာဉာဏ်ရှိလို့ ပြန်ဆင်ခြင်ပြီးတော့ မဂ်ရတာပဲ, ဖိုလ်ရတာပဲ, နိဗ္ဗာန်မြင်တာပဲဆိုတာ သိတာ။

အဲဒီတော့ မဂ်ဆင်ခြင်တဲ့ဝီထိ၊ မဂ်ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ၊ ဖိုလ်ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ၊ နိဗ္ဗာန်ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ၊ ပြီးတော့ ပယ်အပ်ပြီးတဲ့ကိလေသာကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ၊ ကျန်သေးတဲ့ ကိလေသာကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ၊ ပစ္စဝေက္ခဏာ ၅-မျိုးထိုက်သင့်သလိုဖြစ်သေးတယ်၊ ဒီလိုမှတ်ရမယ်။

http://www.dhammadownload.com



အဲဒီပစ္စဝေက္ခဏာ ၅-မျိုးက မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်အပ်ပြီးတဲ့ကိလေသာ၊ မပယ်ရသေးတဲ့ ကိလေသာ။

အဲဒီ ၅-မျိုးမှာ မဂ်, ဖိုလ်, နိဗ္ဗာန် ၃-မျိုးကိုတော့ ဧကန် ဆင်ခြင်တယ်တဲ့၊ မဂ်ရတဲ့ ပုဂ္ဂိုလ်ဟာ မဂ္ဂဝီထိပြီးရင် ဘဝင်ခြားပြီးတော့ မဂ်ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝီထိ, ဖိုလ်ဆင်ခြင်တဲ့ပစ္စဝေက္ခဏာဝီထိ, နိဗ္ဗာန်ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝီထိကတော့ ဧကန်ဖြစ်တယ်တဲ့၊ ပယ်အပ်ပြီးတဲ့ ကိလေသာနဲ့ ကျန်တဲ့ကိလေသာ ဆင်ခြင်တာကတော့ တချို့ဖြစ်တယ်၊ တချို့မဖြစ်ဘူးတဲ့၊ အဲသလိုမှတ်ရမယ်၊ ဒါကပစ္စဝေက္ခဏာဉာဏ်၊ အဲဒါကျမှ ဝိပဿနာနဲ့ ပတ်သက်ပြီးတော့ ဆက်သွယ်တာတွေအားလုံး ကုန်သွားပြီ။

ဒါတောင် ဖလသမာပတ္တိဆိုတာ ကျန်သေးတယ်၊ အဲဒါက နောက်မှပဲ။

ကောင်းပြီ၊ အဲဒီတော့ မဂ်ဉာဏ်ကို ပြန်ပြီးပြောချင်တယ်။

မဂ်ဖြစ်တဲ့အခါမှာ မဂ်ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်ပြုပြီးတော့ ဖြစ်တယ်တဲ့၊ ဒါလေးမှတ်ရဦးမယ်၊ မဂ်ကိစ္စ ၄-ချက်ဆိုတာ ဘာနဲ့တူသလဲဆိုရင် ဆီမီးနဲ့တူတယ်တဲ့။

ဆီမီးဟာ ကိစ္စ ၄-ချက် တစ်ပြိုင်နက်ပြုတာ ဘယ်ကိစ္စတွေလဲ၊ အမှောင်ဖျောက်တယ်၊ အလင်းပေးတယ်၊ ပြီးတော့ မီးစာလောင်စေတယ်, ဆီကိုကုန်စေတယ်။

ဒါကြောင့်မို့ ဒီမှာ "မီးစာကိုလောင်, အမှောင်ပယ်ရှင်း, အလင်းရောင်စွမ်း, ဆီခမ်းစေမှု" ဤကိစ္စ ၄-ခုကို တစ်ပြိုင်နက်ပြုတယ်၊ ထို့အတူပဲ, ဆီမီးဟာ သူပေါ်လာတာနဲ့ တစ်ပြိုင်နက် ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်သော ခဏမှာ ပြီးစေတယ်၊ မီးစာကိုလောင်စေပြီးမှ အလင်းရောင်ပေါ်တာမဟုတ်ဘူး၊ အလင်းရောင်ပေါ်လာပြီးမှ အမှောင်ကို ဖျောက်တာ မဟုတ်ဘူး၊ အမှောင်ဖျောက်ပြီးမှ ဆီကို ခန်းစေတာ မဟုတ်ဘူး၊ တစ်ပြိုင်နက်သော ခဏမှာ ဒီ ကိစ္စ ၄-မျိုး လုပ်သလိုပဲ မဂ်ပေါ်လာတဲ့အခါမှာ မဂ်ဟာ ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်ပြုတယ်၊ တစ်ပြိုင်နက် ပြုတယ်ဆိုတာ တစ်ပြိုင်နက်ပြုရာရောက်တယ်။

အဲဒီကိစ္စ ၄-ချက်က ဘာလဲ, ဒါကိုမှတ်ကြနော်၊ ဓမ္မစကြာထဲမှာပါတယ် (၁) ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြားသိခြင်း (၂) သမုဒယသစ္စာကိုပယ်ခြင်း (၃) နိရောဓသစ္စာကို (နိဗ္ဗာန်)မျက်မှောက်ပြုခြင်း (တိုက်ရိုက်အာရုံပြုတာကို ဆိုလိုတယ်) (၄) မဂ္ဂသစ္စာကို ဖြစ်ပေါ်စေခြင်း ဒီ ၄-ချက်ကို မဂ်အခိုက်အတန့်မှာ တစ်ပြိုင်နက် ပြီးစေတယ်။

ဒုက္ခသစ္စာဆိုတာဘာလဲ၊ လောကီစိတ်, စေတသိက်, ရုပ်ကို ဒုက္ခသစ္စာလို့

http://www.dhammadownload.com



ခေါ်တယ်၊ သမုဒယသစ္စာဆိုတာက နိဗ္ဗာန်ကိုခေါ်တယ်၊ မဂ္ဂသစ္စာဆိုတာက မဂ္ဂင် ၈-ပါးကိုခေါ်တယ်၊ မဂ်အခိုက်မှာဖြစ်တဲ့ မဂ္ဂင် ၈-ပါးကိုခေါ်တယ်။

အဲဒီတော့ မဂ်စိတ်ဖြစ်တဲ့အခါမှာ ဒီကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်ပြီးစေတယ်၊ အမှန်အတိုင်းပြောရင်တော့ မဂ်စိတ်အခိုက်အတန့်မှာ နိရောဓသစ္စာကို မျက်မှောက်ပြုတာဟာ တကယ်ပဲ၊ တခြားဟာတွေကတော့ ပြီးပြီးသား သဘောဖြစ်သွားတယ်၊ အဲဒီအချိန်မှာ ဒုက္ခသစ္စာကို တကယ်တော့ အာရုံပြုသောအားဖြင့် သိနေတာမဟုတ်ဘူး၊ ဒုက္ခသစ္စာအာရုံပြုရင် နိဗ္ဗာန်အာရုံပြုလို့မှမရပဲ၊ နိဗ္ဗာန်အာရုံပြုရင်လည်း ဒုက္ခသစ္စာအာရုံပြုလို့မရဘူး။

အဲဒီတော့ ဒုက္ခသစ္စာကို အာရုံပြုပြီးတော့ သိတာမဟုတ်ဘူး၊ ဒါပေမယ်လို့ ကိစ္စပြီးတဲ့အနေနဲ့သိတာ၊ နဂိုကတည်းက ဝိပဿနာတရားအားထုတ်လာလို့ ကျကျနန သိမြင်ပြီးသား ဖြစ်လာတာ။

ဒါကြောင့်မို့ တကယ်တိတိကျကျလုပ်တာကတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုတာ, ဒါဟာ ဒီကိစ္စပဲ, ဒါပေမယ့် တခြားကိစ္စဟာလည်း သိပြီးသားလိုပဲ ဖြစ်သွား တယ်၊ ဘာကြောင့်တုန်းဆိုတော့ အဲဒီအခါမှာ မဂ္ဂင်တရားတွေကလည်း ပေါ်တာကိုး၊ မဂ္ဂင်အစစ်ဟာ မဂ်အခိုက်အတန့်မှာ ပေါ်တာကိုး။

အဲဒီမဂ္ဂင် အခိုက်အတန့်မှာ တဏှာကို ပယ်တယ်ဆိုတာ အနုသယ တဏှာကိုသာ ပယ်တာပေါ့, ဖြစ်ပေါ်နေတဲ့ တဏှာကြီးကိုပယ်လို့ရတာမှ မဟုတ်ပဲ၊ သို့သော် ဖြစ်ပေါ်ဖို့ အလားအလာရှိတဲ့ အနုသယသဘော တဏှာကိုသာပယ်တာ။

အဲဒီလိုမဂ်ဖြစ်ပြီးတဲ့နောက် ဆိုင်ရာကိလေသာဘယ်တော့မှ ပြန်မပေါ် တာဟာ အဲဒီသတ္တိကြောင့်လို့ ပြောရမယ်၊ အမှန်ကတော့ မဂ်ကကိလေသာ ပယ်တယ်ဆိုရာမှာ (ဝိသုဒ္ဓိမဂ်မှာ ဒီ section ရှိတယ်၊ အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်) မဂ်သည် ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက် ပြုသည်မည်တယ်၊ ဓမ္မစကြာမှာ အဲဒါ ပါတယ်။

ဣဒံ ဒုက္ခံ အရိယ သစ္စန္တိမေ ဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ (စသည်ဖြင့် သွားပြီးမှ နောက်အပုဒ်ကျတော့) ဣဒံ ဒုက္ခ သမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိမေ ဘိက္ခဝေ၊ (ဟုတ်တယ်မဟုတ်လား) တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိမေ ဘိက္ခဝေ၊ ဣဒံ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိမေ ဘိက္ခဝေ (ဟုတ်တယ်နော် ပရိဇာနနလို့ ခေါ်တာပေါ့လေ။)

ဣဒံ ဒုက္ခအရိယ သစ္စံတိ, အဲဒါက ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြားသိတာ၊

http://www.dhammadownload.com



သမုဒယသစ္စာကျတော့ပယ်တာ၊ နိရောဓသစ္စာကျတော့မျက်မှောက်ပြုတာ၊ မဂ္ဂသစ္စာကျတော့ ဘာဝနာပွားစေတယ်ဆိုတာ ဖြစ်အောင်လုပ်တာ၊ အဲဒီကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်ပြုပြီးတော့ မဂ်စိတ်ဖြစ်တယ်။

မဂ်စိတ်ဖြစ်တဲ့အခါကျတော့ မဂ်ဉာဏ်က ကိလေသာတွေကို သမုစ္ဆေဒ (တစ်ခါတည်း ဖြတ်လိုက်တဲ့အနေမျိုး)နဲ့ ပယ်တယ်၊ နောက်ထပ်ပြန်မပေါ်အောင် ပယ်တာမျိုးကို ဆိုလိုတယ်။

တဒင်္ဂဆိုတာ ကြားဖူးကြတယ်မဟုတ်လား၊ ပယ်နည်း ၃-မျိုးရှိတယ်၊ တဒင်္ဂပဟာန်တဲ့, ဒါက မြန်မာစကားနဲ့ နားလည်အောင်ပြောရင်ခေတ္တခဏပယ်တာကို ဆိုလိုတယ်။

ဝိက္ခမ္ဘနပဟာန်တဲ့၊ ဒါက ဈာန်နဲ့ ခွာတာမျိုး၊ တော်တော်ကြာကြာလေး ခွာထားနိုင်တယ်၊ ဒါပေမယ်လို့ပြန်တော့လာဦးမှာပဲ။

ခုန တဒင်္ဂပဟာန်ဆိုတာက ကာမာဝစရစိတ်နဲ့ ပယ်တာမျိုးပေါ့၊ ဘုရားရှိခိုးနေတဲ့အခါ ကိလေသာရှိသေးလား၊ မရှိဘူး၊ အဲဒီတော့ ဘုရားရှိခိုးနေတဲ့အခါမှာ ကိလေသာကို တဒင်္ဂပဟာန်နဲ့ ပယ်ထားတယ်၊ ဝိပဿနာရှုနေတဲ့အခါမှာ ကိလေသာ မပေါ်ဘူး၊ ဒါဟာ တဒင်္ဂပဟာန်နဲ့ ပယ်ထားတာ။

ဝိက္ခမ္ဘနပဟာန်ဆိုတာကျတော့ ဈာန်နဲ့ကိလေသာကိုပယ်တာ၊ အသေသတ်တာ မဟုတ်ဘူး၊ အပြီးပယ်တာမဟုတ်ဘူး၊ ခွာထားတာ၊ မှော်ထဲကျဲတိုးသွားတော့ အဲဒီမှော်တွေချက်ခြင်း ပြန်မစေ့တာမျိုးပေါ့လေ၊ ကြာတော့ ပြန်စုလာတယ်၊ အဲဒါမျိုးကို ဝိက္ခမ္ဘနပဟာန်လို့ခေါ်တယ်။

ဝိပဿနာထိုင်တဲ့အခါမျိုးမှာလည်း ဝိက္ခမ္ဘနပဟာန်ဖြစ်နိုင်တာရှိတယ်၊ ဒါက ဘာလဲ ဆိုတော့ ဝိပဿနာနဲ့ရှုတဲ့တရားတွေအပေါ်မှာ ကိုယ်က ဥပါဒါန်မဖြစ်သလိုပဲ၊ မရှုမိတဲ့ တရားအပေါ်မှာလည်း မဖြစ်တာအဲဒါမျိုးကို ဝိက္ခမ္ဘနပဟာန်လို့ ခေါ်ရတယ်။

သမုစ္ဆေဒပဟာန်ဆိုတာမဂ်နဲ့ ပယ်တာ၊ ဒါကအကြွင်းမဲ့ ပယ်တယ်လို့စာမှာဆိုတယ်၊ အဲဒီ ၃-မျိုးမှာ သမုစ္ဆေဒပဟာန်နဲ့ မဂ်က ကိလေသာကိုပယ်တယ်။

ကောင်းပြီ, မဂ်ကကိလေသာကိုပယ်တယ်ဆိုတော့ မဂ်ပယ်တဲ့ ကိလေသာဟာ ပစ္စုပ္ပန်ကိလေသာလား၊ အတိတ်ကိလေသာလား, အနာဂတ်ကိလေသာလား, ဘယ်ကိလေသာကို မဂ်ကပယ်တာတုန်း။

အတိတ်ကိလေသာကတော့ ပြီးနေပြီ၊ သူ့ဟာသူပျောက်နေပြီ မဂ်ကပယ်စရာ မလိုဘူး၊ အနာဂတ်ကိလေသာကလာမှ မလာသေးပဲ၊ ဘယ့်နှယ်လုပ်ပယ်မလဲ။

http://www.dhammadownload.com



ပစ္စုပ္ပန်ကိလေသာကိုပယ်တာလား, ပစ္စုပ္ပန်ကိလေသာကိုပယ်ရင်မဂ်နဲ့ ကိလေသာ အတူတူဖြစ်တယ်ဆိုတဲ့ သဘောသက်ရောက်သွားလိမ့်မယ်၊ မဂ်နဲ့ အကုသိုလ်နဲ့ယှဉ်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်သွားလိမ့်မယ်။

ဒါဖြင့် မဂ်ပယ်တဲ့ ကိလေသာ မရှိတော့ဘူးလား၊ ဒါဟာ အသိခက်တယ်၊ ရှင်းရှင်းပြောရရင်တော့ အနုသယ အကြောင်းညီညွတ်တဲ့အခါမှာ ဖြစ်ပေါ်နိုင်တဲ့ ကိလေသာကိုပယ်တယ်လို့ဆိုတာ။

ကိလေသာဆိုတာ တကယ်ဖြစ်နေရင်ပယ်လို့မရဘူး၊ ဖြစ်ကိုဖြစ်နေပြီ၊ မဖြစ်သေးတာလည်းပယ်ဖို့မလိုဘူး၊ ဖြစ်ပြီးသားကိုလည်း ဖြစ်ပြီးသွားပြီ၊ ကိုယ်ပယ်စရာ မလိုဘူး၊ သူ့ဟာသူ ချုပ်သွားပြီ။

ဒါကြောင့်မဂ်ကကိလေသာကို ပယ်တယ်ဆိုတာနောင်ဖြစ်ပေါ်ခွင့်ကိုပယ်တာ၊ အဲဒါနားလည်ဖို့ အရေးကြီးတယ်။

အဲဒါသိလိုက်တဲ့အတွက်ကြောင့် အကြောင်းညီညွတ်သော်လည်း ကိလေသာ မပေါ်တော့ဘူး၊ ဘုရားရဟန္တာတွေ ကိလေသာပယ်ထားတဲ့အခါကျတော့ စိတ်ဆိုး စရာတွေ့ပေမယ်လို့ ဘယ်လောက်ပဲစိတ်ဆိုးအောင် လုပ်ပေမယ်လို့ စိတ်မဆိုးတော့ဘူး၊ ဘယ်လောက်ပဲ ကြိုက်နှစ်သက်စရာတွေ့ပေမယ်လို့ မကြိုက်နှစ်သက်တော့ဘူး။

ဘာနဲ့တူသလဲဆိုရင် နဂိုက သစ်ပင်ရှိတယ်ဆိုပါတော့၊ အသီးသီးနေတဲ့ သစ်ပင်ကို အသီးမသီးအောင်လုပ်လိုက်တဲ့အခါကျတော့ အသီးမသီးတော့တာ၊ အသီးသီးနိုင်တဲ့ အစွမ်းသတ္တိကို ပယ်ဖျောက်လိုက်တာ။

အဲဒီတော့ သစ်ပင်မှာ အသီးရှိနေမှတော့ ဒီအသီးတော့မသီးအောင် လုပ်လို့ မရဘူးပေါ့၊ နောင်မသီးအောင်လုပ်တဲ့အခါမှာ သီးစေနိုင်တဲ့ အစွမ်းကို (တစ်နည်း နည်းနဲ့)ဖျောက်တယ်၊ ရှေးတုန်းကတော့ အဆိပ်ဆူးတွေ ဘာတွေနဲ့လုပ်တယ်၊ အခုခေတ်တော့ နည်းလမ်းတွေသာပြီး ရှိပါလိမ့်မယ်။

အဲဒီလိုအမှန်ကဖြစ်ပေါ်နေတဲ့ ကိလေသာကို ပယ်တာလည်း မဟုတ်ဘူး၊ လွန်ခဲ့တဲ့ ကိလေသာကို ပယ်တာလည်းမဟုတ်ဘူး၊ လာလတ့ ကိလေသာကိုပယ်တာ လည်း မဟုတ်ဘူး၊ ပယ်လို့မှမရပဲ၊ အကြောင်းညီညွတ်ရင် ဖြစ်ပေါ်နိုင်တဲ့ သဘော တရား အနုသယ ကိုပယ်တာ။

အနုသယဆိုတာ မဂ်ဉာဏ်နဲ့မှပယ်နိုင်တယ်၊ ဝိပဿနာနဲ့လည်း အနုသယ ကို မပယ်နိုင်သေးဘူးနော်၊ မဂ်ကျမှ အနုသယကို ပယ်နိုင်တယ်၊ အဲဒီလို မဂ်က ကိလေသာကို ပယ်တယ်ဆိုတာဟာ အနုသယသဘောကိုပယ်တာ။

http://www.dhammadownload.com



ကိလေသာလို့ ပြောလိုက်ရင် ကိလေသာက ဥပါဒ်, ဌီ ဘင်အားဖြင့် ထင်ရှားဖြစ်နေပြီ၊ အဲဒီအခါမှာ ပယ်လို့မရဘူး၊ အကယ်၍ ပစ္စုပ္ပန်ကိလေသာကို ပယ်တယ်လို့ပြောရင် (ခုနလိုပဲ) မဂ်နဲ့ကိလေသာနဲ့ အတူတူဖြစ်နိုင်တဲ့ အခိပ္ပာယ်ရောက်သွားမယ်။

အဲဒီလို နောင်တစ်ဖန် မဖြစ်ခြင်းသဘောကို ရောက်စေတာလည်း ပယ်တယ်လို့ ဆိုတဲ့ အတွက်ကြောင့်မို့ မဂ်ရပြီးတဲ့ပုဂ္ဂိုလ်တွေမှာဆိုင်ရာ မဂ်နဲ့ပယ်သတ်ထားတဲ့ အနုသယ ကိလေသာဟာဘယ်လောက်ပဲ အကြောင်းညီညွတ်ညီညွတ်, မပေါ်လာတော့ဘူး။

ဒါဟာ လူသာမန်အနေနဲ့ တွေးကြည့်ရင် မယုံနိုင်စရာကြီးတွေ၊ ဒီနိုင်ငံ (အမေရိကန်)က လူတွေကိုပြောရင် သူတို့က မယုံချင်ဘူး၊ confrontation ရှိရင် ဒေါသဟာဖြစ်ကို ဖြစ်ရမယ်တဲ့၊ confrontation ရှိရက်နဲ့ ဒေါသမဖြစ်ဘူးဆိုရင် ဒါဟာ သဘာဝ မဟုတ်ဘူးတဲ့, ဒါကြောင့်မို့ မယုံနိုင်ဘူးတဲ့။

ဒါကို သာမန်အနေနဲ့ စဉ်းစားကြည့်ရင်တော့ ဟုတ်တာပေါ့၊ ဒါပေမယ်လို့ အလွန့်အလွန်ကိုတရားအားထုတ်ပြီးတော့ အလွန်အားကောင်းတဲ့မဂ်တရားနဲ့ ပယ်သတ်ထားတာပဲ၊ ဒါက ကိုယ်တိုင်မတွေ့ဖူးသေးလို့ မယုံနိုင်တာတော့ မတတ်နိုင်ဘူးပေါ့လေ။

သို့သော် ဘုရားရဟန္တာတို့ကျတော့ ဘယ်လိုဟာမျိုးနဲ့တွေ့တွေ့ ကြောက်စရာတွေ့လည်း မကြောက်တော့ဘူး၊ နှစ်သက်စရာတွေ့လည်း မနှစ်သက်တော့ဘူး၊ စိတ်ဆိုးစရာ တွေ့လည်း စိတ်မဆိုးတော့ဘူး၊ သတ္တိကိုက ခန်းခြောက်သွားပြီ၊ ကိလေသာဖြစ်နိုင်တဲ့ အနုသယသတ္တိမရှိတော့ဘူး၊ အဲဒီလိုနည်းနဲ့ ကိလေသာကို ပယ်တာလို့ မှတ်ရမယ်၊ မဂ်ကပယ်တာ။

မဂ်ပယ်ပြီးတဲ့နောက် ဖိုလ်က ဘာလုပ်တာတုန်းဆိုတော့ ပဋိပ္ပဿဒ္ဓိလို့ ခေါ်တယ်၊ ဖိုလ်ကကိလေသာကိုပယ်တယ်လို့တော့ အဆိုရှိတယ်၊ သူ့ပယ်နည်းကတော့ သူများရိုက်နှက်ထားလို့လဲကျနေတဲ့သူကို ကိုယ်ကထပ်ပြီး ၂-ချက် ၃-ချက်ထပ်ထောင်းတဲ့သဘော၊ ဖိုလ်က အဲသလိုဟာမျိုး ထပ်ပြီးတော့ ငြိမ်းအောင်လုပ်တာ။

စာမှာဆိုထားတာကတော့ မီးကို အခြားသူကငြိမ်းသွားပြီးတဲ့နောက် ကိုယ်က ရေနဲ့ထပ်လောင်းတာမျိုးပေါ့လေ၊ နောက်ထပ်မထနိုင်အောင်လုပ်တဲ့ အခိပ္ပါယ်, ဖိုလ်ရဲ့သဘောက တစ်ဖန်ငြိမ်းစေသောအားဖြင့် ကိလေသာကိုပယ်တယ်ပေါ့၊ ကိလေသာပယ်ပုံက အမျိုးမျိုးရှိတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့ မဂ်ကိုရသွားတယ် (ပထမမဂ်၊ ဒုတိယမဂ်၊ တတိယမဂ်၊ စတုတ္ထမဂ် ရတယ်) ဆိုရင် ဆိုင်ရာကိလေသာကတော့ ပြုတ်ပြုတ်ပြုန်းသွားတာပဲ၊ နောက်ထပ် သူ့သန္တာန်မှာ ဘယ်တော့မှ မပေါ်တော့ဘူး၊ အဲဒီနည်းနဲ့ ပယ်တာတဲ့။

http://www.dhammadownload.com



## လက္ခဏာ ၃ပါး

၁။ ခန္ဓာငါးပါး ရုပ်နာမ်တရား၏ မမြဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သော အနိစ္စလက္ခဏာ။

၂။ ခန္ဓာငါးပါး ရုပ်နာမ်တရား၏ ဆင်းရဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သော ဒုက္ခလက္ခဏာ။

၃။ ခန္ဓာငါးပါး ရုပ်နာမ်တရား၏ အနှစ်သာရမဟုတ်ခြင်း၊ အလိုသို့မလိုက်ခြင်း အမှတ်ဖြင့် မှတ်ကြောင်းဖြစ်သော အနတ္တလက္ခဏာ။

## အနုပဿနာ ၃ ပါး

| | | | |
|---|---|---|---|
| ၁။ | အနိစ္စာနုပဿနာ | = | ခန္ဓာငါးပါး သင်္ခါရတရားတို့ကို မမြဲသောအားဖြင့် အဖန်တလဲလဲရှုဆင်ခြင်ခြင်း။ |
| ၂။ | ဒုက္ခာနုပဿနာ | = | ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ဆင်းရဲသောအားဖြင့် အဖန်ဖန် ရှုဆင်ခြင်ခြင်း။ |
| ၃။ | အနတ္တာနုပဿနာ | = | ခန္ဓာငါးပါး သင်္ခါရတရားတို့ကိုအစိုးမရ အလိုသို့မလိုက်သောအားဖြင့်အဖန်တလဲလဲရှုဆင်ခြင်ခြင်း။ |

## ဝိမောက္ခ ၃ ပါး

၁။ ခန္ဓာငါးပါး သင်္ခါရတရားတို့၌ အတ္တဇီဝမှဆိတ်သည်ဖြစ်၍ သံယောဇဉ်စသည်တို့မှလွတ်သော မဂ်သည် သုညတဝိမောက္ခမည်၏။

၂။ နိစ္စနိမိတ်စသည် မရှိသည်ဖြစ်၍ သံယောဇဉ်စသည်မှလွတ်သောမဂ်သည် အနိမိတ္တဝိမောက္ခမည်၏။

၃။ တဏှာတည်းဟူသော တောင့်တခြင်းကင်းသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှ လွတ်သော မဂ်သည် အပ္ပဏိဟိတဝိမောက္ခမည်၏။

## ဝိမောက္ခမုခ ၃ ပါး

၁။ ခန္ဓာငါးပါးတို့၌ အတ္တမှဆိတ်သည်ကို အဖန်တလဲလဲရှုခြင်းပညာသည် သုညတာနုပဿနာ မည်၏။

http://www.dhammadownload.com



၂။ ခန္ဓာငါးပါးတို့၌ နိစ္စနိမိတ်မရှိခြင်းကိုအဖန်တလဲလဲရှုခြင်းပညာသည် အနိမိတ္တာနုပဿနာမည်၏။

၃။ ခန္ဓာငါးပါးတို့၌ တဏှာတည်းဟူသော တောင့်တခြင်းကင်းသည်ကို အဖန်တလဲလဲ ရှုဆင်ခြင်ခြင်းပညာသည် အပ္ပဏိဟိတာနုပဿနာမည်၏။

မဂ်နှင့်ဖိုလ်သည် အတ္တာဘိနိဝေသစသော ဆန့်ကျင်ဘက်ကိလေသာဟု ဆိုအပ်သော ဆန့်ကျင်ဘက်မှ လွတ်တတ်သောကြောင့် ဝိမောက္ခမည်၏၊ အဖန်တလဲလဲရှုသော ဝိပဿနာဉာဏ်သည် လောကုတ္တရာမဂ်ဖိုလ်ရခြင်း၏အကြောင်းဖြစ်သော ဝိမောက္ခမုခမည်၏။

မဂ် ၄–ပါး၊ မဂ်၏အခြားမဲ့၌ဖြစ်သော ဖိုလ် ၄– ပါး၊ ဖလသမာပတ္တိ၌ဖြစ်သော ဖိုလ်တို့တွင် တစ်ပါးတစ်ပါး၌ သုညတ, အနိမိတ္တ, အပ္ပဏိဟိတဟူသော အမည် ၃–ပါးစီရကြ၏၊ မဂ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရသ၏ အစွမ်းဖြင့် သုညတစသော အမည် ၃–ပါးကိုရ၏၊ မဂ္ဂဝီထိ၌ရှိသော ဖိုလ်သည် မဂ္ဂါဂမန, အာရမ္မဏ, သရသအစွမ်းဖြင့် သုညတစသော အမည် ၃–ပါးကို ရသည်။ ဖလသမာပတ္တိဝီထိ၌ရှိသောဖိုလ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရသအစွမ်းဖြင့် သုညတစသောအမည် ၃–ပါးကိုရသည်၊ ဖလသမာပတ္တိဝီထိ၌ မဂ်ဖြစ်ခြင်း မရှိသောကြောင့် ထိုဖလသမာပတ္တိဝီထိ၌ မဖြစ်သောမဂ်သည် ဖိုလ်ဖြစ်ခြင်း၏ အကြောင်းလည်းမဖြစ်နိုင်၊ ထို့ကြောင့် ဖလသမာပတ္တိ ဝီထိ၌ မဂ္ဂါဂမန၏အစွမ်းဖြင့် အမည် ၃–ပါးကို မရပဲ ဝိပဿနာဂမန၏အစွမ်းဖြင့်သာ သုညတစသော အမည် ၃–ပါးကို ရလေသည်၊ အရမ္မဏ, သရသတို့ကား မဂ်ဖိုလ်နှစ်ပါးလုံးပင် ရနိုင်သည်။

မဂ်တည်းဟူသော ရောက်ကြောင်းကို မဂ္ဂါဂမန၊ ဝိပဿနာတည်းဟူသော ရောက်ကြောင်းကို ဝိပဿနာ ဂမန၊ အာရုံ၏အစွမ်းဖြင့် ရသည်ကို အာရမ္မဏ။ မိမိ၏ဂုဏ်, မိမိ၏သဘောအားဖြင့်ရသည်ကို သရသခေါ်သည်။

## ပုဂ္ဂလဘေဒ

သောတာပတ္တိမဂ်သည် အပါယ်လားကြောင်းဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခုနှင့် ဝိစိကိစ္ဆာသဟဂုတ် စိတ် ၁–ခု ပေါင်း ၅–ခုကို အကြွင်းမရှိပယ်၏။ သောတာပန်ပုဂ္ဂိုလ်သည်–

၁။ သတ္တက္ခတ္တုပရမသောတာပန် = ခုနစ်ဘဝ၏အဆုံး၌ နိဗ္ဗာန်သို့ စံဝင်သောပုဂ္ဂိုလ်။

http://www.dhammadownload.com



၂။ ကောလံကောလသောတာပန် = နှစ်ဘဝမှ ခြောက်ဘဝတိုင်အောင် ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်။

၃။ ဧကဗီဇီသောတာပန် = တစ်ဘဝသာလျှင် ပဋိသန္ဓေတည်နေ၍ ပရိနိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်။

သကဒါဂါမိမဂ်သည် ကြမ်းတမ်းသော ရာဂ, ဒေါသ မောဟတို့ကို တနုကရ အားဖြင့် ခေါင်းပါးအောင် ပယ်သည်၊ ထိုသကဒါဂါမိပုဂ္ဂိုလ်သည်-

၁။ ဣဓပတ္တာ ဣဓပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၂။ ဣဓပတ္တာ တတ္ထပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၃။ တတ္ထပတ္တာ တတ္ထပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၄။ တတ္ထပတ္တာ ဣဓပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၅။ ဣဓပတ္တာ တတ္ထနိဗ္ဗတ္တိတွာ ဣဓပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ပြည်၌ဖြစ်ပြီး ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၆။ တတ္ထပတ္တာ ဣဓနိဗ္ဗတ္တိတွာ တတ္ထပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်ပြီး ဤလူ့ဘုံ၌ ပဋိသန္ဓေနေ၍ ဤလူ့ပြည်မှတစ်ဖန် ထိုနတ်ပြည်သို့ပြန်၍ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

အနာဂါမိမဂ်သည် သိမ်မွေ့သော ကာမရာဂနှင့် ဗျာပါဒကို အကြွင်းမရှိ ပယ်သည်၊ အနာဂါမ်ပုဂ္ဂိုလ်သည်-

၁။ အန္တရာပရိနိဗ္ဗာယီအနာဂါမ် - သုဒ္ဓါဝါသ ၅-ဘုံတွင် မိမိရောက်ရာဘုံ၏ အသက်အပိုင်းအခြား ရှေ့ထက်ဝက်အတွင်း ရဟန္တာဖြစ်သော အနာဂါမ်။

http://www.dhammadownload.com



၂။ ဥပဟစ္စပရိနိဗ္ဗာယိအနာဂါမ် = သုဒ္ဓါဝါသ ၅-ဘုံတွင် မိမိရောက်ရာဘုံ၏ အသက်ထက်ဝက်ကို လွန်ပြီးမှ ရဟန္တာဖြစ်သော အနာဂါမ်။

၃။ အသင်္ခါရပရိနိဗ္ဗာယိ = ဆင်းဆင်းရဲရဲအလွန်လုံ့လမပြုပဲ ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။

၄။ သသင်္ခါရပရိနိဗ္ဗာယိ = ဆင်းဆင်းရဲရဲ ငြိုငြင်ပန်းစွာ အလွန်လုံ့လပြုပြီးမှ ကိလေသ ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။

၅။ ဥဒ္ဓံသောတအကနိဋ္ဌဂါမီ = သုဒ္ဓါဝါသ ၅-ဘုံတို့တွင် အောက်အောက်သောဘုံတို့၌ အရဟတ္တမဂ်ကို မရမူ၍ အထက်ဆုံးဖြစ်သော အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာဖြစ်သော အနာဂါမ်။

ဥဒ္ဓံသောတ အကနိဋ္ဌဂါမီအနာဂါမ်ကို ဤသို့ခွဲသေး၏။

(က) အဝိဟာဘုံမှစ၍ အစဉ်အတိုင်း အကနိဋ္ဌဘုံတိုင်အောင်သွား၍ ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတ အကနိဋ္ဌဂါမီအနာဂါမ်။

(ခ) အဝိဟာဘုံမှစ၍ အစဉ်အတိုင်း သုဒဿီဘုံတိုင်အောင်သွား၍ ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတ နအကနိဋ္ဌဂါမီအနာဂါမ်။

(ဂ) ဤကာမဘုံမှ အကနိဋ္ဌဘုံသို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော နဥဒ္ဓံသောတ အကနိဋ္ဌဂါမီအနာဂါမ်။

(ဃ) ဤကာမဘုံမှ သုဒ္ဓါဝါသအောက် ၄-ဘုံသို့သွား၍ ဖြစ်ရာဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတ နအကနိဋ္ဌဂါမီ အနာဂါမ်။

အရဟတ္တမဂ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုနှင့် ဥဒ္ဓစ္စသဟဂုတ် ၁-ခုပေါင်း ၅-ခုကို အကြွင်းမဲ့ပယ်၏၊ ရဟန္တာ ပုဂ္ဂိုလ်သည်-

(၁) ပညာဝိမုတ္တရဟန္တာ

(၂) ဥဘတောဘာဂဝိမုတ္တရဟန္တာ

(၃) တေဝိဇ္ဇရဟန္တာ

(၄) ဆဠာဘိညာ ရဟန္တာ

(၅) ပဋိသမ္ဘိဒါပတ္တရဟန္တာအားဖြင့် ၅-မျိုးဖြစ်၏။

http://www.dhammadownload.com



ရဟန္တာပုဂ္ဂိုလ်အား အာသဝေါတရား ၄ ပါးတို့သည် ကင်းကုန်သောကြောင့် ခီဏာသဝမည်၏ဟူ၍ လည်းကောင်း၊ အမြတ်ဆုံးသော အလှူကို ခံတော်မူထိုက်သောကြောင့် အဂ္ဂဒက္ခိဏေယျဟူ၍လည်းကောင်း သင်္ဂြိုဟ်ကျမ်းတွင် ပြဆို၏။

* * *

http://www.dhammadownload.com



## မဂ်လေးပါးပယ်သော အကုသိုလ်တရားများ

| အကုသိုလ်တရား | ၁ | ၂ | ၃ |
|---|---|---|---|
| သံယောဇဉ် ၁၀ | သက္ကာယဒိဋ္ဌိ သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ | ကာမရာဂ, ပဋိဃ | ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ |
| ကိလေသာ ၁၀ | ဒိဋ္ဌိ, ဝိစိကိစ္ဆာ | ဒေါသ | လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ |
| မိစ္ဆတ္တ-၁၅ | မိစ္ဆာဒိဋ္ဌိ, ပါဏာတိပါတ, အဒိန္နာဒါန,ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, မိစ္ဆာအာဇီဝ | မိစ္ဆာသင်္ကပ္ပ,ပိသုဏဝါစာ, ဖရုသဝါစာ | သမ္ဖပ္ပလာပ, မိစ္ဆာဝါယမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ |
| လောကဓမ်-၈ | | အလာဘ, အယသ, ဒုက္ခ, နိန္ဒ | လာဘ, ယသ, သုခ, ပသံသ |
| မစ္ဆရိယ-၅ | အာဝါသ, ကုလ, လာဘ, ဓမ္မ, ဝဏ္ဏ, | | |
| ဝိပလ္လာသ-၁၂ | အနိစ္စကိုနိစ္စ အနတ္တကိုအတ္တဟူသော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ ၆ပါး၊ ဒုက္ခကို သုခ-အသုဘကို သုဘဟူသော ဒိဋ္ဌိဝိပလ္လာသ ၂ပါး။ ပေါင်း ၈ ပါး။ | အသုဘကို သုဘဟူသော သညာ ဝိပလ္လာသ, စိတ္တ ဝိပလ္လာသ ၂ပါး | ဒုက္ခကို သုခဟူသော သညာ ဝိပလ္လာသ, စိတ္တဝိပလ္လာသ ၂ပါး |
| ဂန္ထ-၄ | သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ | ဗျာပါဒကာယဂန္ထ | အဘိဇ္ဈာကာယဂန္ထ |
| အဂတိ-၄ | ဆန္ဒ, ဒေါသ, မောဟ, ဘယ | | |
| အာသဝ။ ဩဃ။ ယောဂ ၄ မိ | ဒိဋ္ဌာသဝ, ဒိဋ္ဌောဃ, ဒိဋ္ဌိယောဂ | ကာမာသဝ, ကာမောဃ, ကာမယောဂ | ဘဝါသဝ,ဘဝေါဃ,ဘဝယောဂ, အဝိဇ္ဇာသဝ, အဝိဇ္ဇောဃ, အဝိဇ္ဇာယောဂ |
| နီဝရဏ-၆ | ဝိစိကိစ္ဆာ, ဩဋ္ဌာရိက, ကုက္ကုစ္စ | ကာမစ္ဆန္ဒ, ဗျာပါဒ, ကြွင်းသော အနုဝသေသကုက္ကုစ္စ | ထိန မိဒ္ဓ, ဥဒ္ဓစ္စ, အဝိဇ္ဇာ |
| ပရာမာသ-၁ | ဒိဋ္ဌိပရာမာသ | | |
| ဥပါဒါန် -၄ | သီလဗ္ဗတုပါဒါန်, ဒိဋ္ဌုပါဒါန်, အတ္တဝါဒုပါဒါန် | | ကာမုပါဒါန် |
| အနုသယ-၇ | ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ | ကာမရာဂါနုသယ, ပဋိဃာနုသယ | မာနာနုသယ, ဘဝရာဂါ နုသယ, အဝိဇ္ဇာနုသယ |
| မူလ-၃ | | ဒေါသ | လောဘ မောဟ |
| အကုသလကမ္မပထ-၁၀ | ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ မိစ္ဆာဒိဋ္ဌိ | ပိသုဏဝါစာ, ဖရုသဝါစာ, ဗျာပါဒ | သမ္ဖပ္ပလာပ, အဘိဇ္ဈာ |
| အကုသိုလ်စိတ္တုပ္ပါဒ်-၁၂ | ဒိဋ္ဌိဂတသမ္ပယုတ် ၄, ဝိစိကိစ္ဆာ ၁ | ဒေါသမူဒွေ | ဒိဋ္ဌိဂတဝိပ္ပယုတ် ၄၊ ဥဒ္ဓစ္စ ၁ |

http://www.dhammadownload.com



အမှတ် (၁) အကွက်ရှိ အကုသိုလ်တရားများကို သောတာပတ္တိမဂ်သည် အကြွင်းမဲ့ပယ်၏။ အမှတ် (၂) အကွက်ရှိ အကုသိုလ်တရားများကို သောတာပတ္တိမဂ်သည် အပါယဂမနီယ ဖြစ်သောတရားကို တနုကရ အားဖြင့် ပယ်၍ သကဒါဂါမိမဂ်သည် ရုန့်ရင်းကြမ်းတမ်းသော (ဩဠာရိက) အကုသိုလ်တရားကိုပယ်၏။ အနာဂါမိမဂ်သည်ကား အကြွင်းမဲ့ပယ်၏၊ အမှတ် (၃) အကွက်ရှိ တရားများကို အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်၏။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း (၃၆)

## [ကမ္မဋ္ဌာန်းပိုင်း]

## ဝိပဿနာကမ္မဋ္ဌာန်း နောက်ဆုံးအခန်း

ဒီနေ့ ဒီဇင်ဘာ ၂-ရက်နေ့။

လွန်ခဲ့တဲ့အပတ်က သင်တန်းမပို့ချနိုင်ခဲ့ဘူး၊ အဲဒီအရင် လွန်ခဲ့တဲ့ အပတ်က ကမ္မဋ္ဌာန်းပိုင်း ပြောနေတာ၊ ဝိပဿနာ ကမ္မဋ္ဌာန်း ဆုံးလို့ မဂ်ရတဲ့ဆီထိရောက်သွားပြီ၊ အဲဒီမှာ မဂ္ဂဝီထိရောပြောပြီးပြီ။

မဂ္ဂဝီထိမှာ မဂ်နောင်ဖိုလ် ၂-ကြိမ် ၃-ကြိမ်လိုက်တယ်၊ အဲဒီမဂ္ဂဝီထိကျပြီးတဲ့ နောက် ပစ္စဝေက္ခဏာဝီထိဆိုတာ ကျရမယ်၊ ပစ္စဝေက္ခဏာဝီထိက ဘယ်နှစ်မျိုး ရှိသလဲ၊ မဂ်ကိုဆင်ခြင်တာ, ဖိုလ်ကိုဆင်ခြင်တာ, နိဗ္ဗာန်ကိုဆင်ခြင်တာ, ပယ်ပြီးတဲ့ ကိလေသာကို ဆင်ခြင်တာ, ကျန်တဲ့ကိလေသာကို ဆင်ခြင်တာ၊ အဲဒီလို ပစ္စဝေက္ခဏာ ဝီထိတွေ ကျပုံလည်းပြောပြီးပြီ။

ဒီနေ့ မဂ် ၄-ပါးကစပြီး ပြောရမယ်၊ ဟိုနေ့က မဂ်ရတယ်သာပြောခဲ့တာ၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ် စသည်ဖြင့် မပြောခဲ့ရသေးဘူး။

မဂ် ၄-ပါးမှာ ပထမဆုံး မဂ်က သောတာပတ္တိမဂ်တဲ့၊ တရားထူးရတယ်ဆိုတာ ပထမဆုံး အဆင့်အနေအားဖြင့် သောတာပတ္တိမဂ်ရတာပဲ၊ သောတာပတ္တိမဂ်ဖြစ်တာနဲ့ တစ်ပြိုင်နက် ဒီပုဂ္ဂိုလ်ကို သောတာပတ္တိမဂ်၌ တည်သောပုဂ္ဂိုလ်လို့ ဒီလိုခေါ်ရတယ်။

http://www.dhammadownload.com



ဝိထိမှာကြည့်လိုက်ရင် မဂ်စိတ်က ၁-ကြိမ်ဖြစ်တယ်၊ ဖိုလ်စိတ်က ၂-ကြိမ် သို့မဟုတ် ၃-ကြိမ်ဖြစ်ပြီးရင် ဘဝင်ကျသွားတယ်၊ အဲဒီမှာ မဂ်စိတ် အခိုက်အတန့်မှာ ဒီပုဂ္ဂိုလ်ကို သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လို့ ခေါ်ရတယ်။

အဲဒီအခိုက်အတန့်အချိန်လေးမှာသာ ဒီပုဂ္ဂိုလ်ဟာ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လို့ ခေါ်ရတယ်၊ အဲဒီကလွန်သွားလို့ ဖိုလ်ရောက်သွားတာနဲ့ တစ်ပြိုင်နက် သူ့ကိုဖလဋ္ဌာန် ပုဂ္ဂိုလ်လို့ ခေါ်ရတယ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်။

အဲဒီဖလဋ္ဌာန် ပုဂ္ဂိုလ်ကျတော့ ပထမစပြီးရတဲ့ သောတာပတ္တိဖိုလ်ကစပြီးတော့ နောက် သူ့ကို သကဒါဂါမိမဂ္ဂဋ္ဌာန် (အထက်မဂ်) မရမချင်းတိုင်အောင် သောပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ်လို့ပဲ ခေါ်ရတယ်။

အဲဒီသောတာပတ္တိမဂ်ကို ရတဲ့အခါကျတော့ သို့မဟုတ် သောတာပတ္တိ မဂ်စိတ်ဖြစ်တာနဲ့ တစ်ပြိုင်နက် အဲဒီသောတာပတ္တိမဂ်စိတ်က ဘယ်ကိလေသာတွေကို ပယ်သလဲတဲ့၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်တယ်၊ ဒါလေးမှတ်ရမယ်။

ဒိဋ္ဌိဆိုတာ အယူမှားပေါ့, ကံ,ကံ၏အကျိုးမရှိဘူး, သတ္တဝါတွေမြဲတယ်, သို့မဟုတ်လည်း သတ္တဝါတွေဟာ ဒီဘဝပြီးရင် ပြတ်သွားတယ်လို့ ယူတာမျိုးပေါ့။

ဝိစိကိစ္ဆာဆိုတာက ဘုရားတရား သံဃာမှ ယုံမှားတာ, အကျင့်မှယုံမှားတာ, ပဋိစ္စသမုပ္ပါဒ်မှ ယုံမှားတာ၊ ကိုယ့်ကိုကိုယ်လည်း ငါနောက်က ဖြစ်ခဲ့တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ ရှေ့ဖြစ်ဦးမယ်ဆိုတာကော ဟုတ်မှဟုတ်ပါ့မလား စသည်ဖြင့် ဒီလိုယုံမှားတာ။

အဲဒီအယူမှားမှုနဲ့ ယုံမှားမှု ကိလေသာ ၂-မျိုးကို သောတာပတ္တိ မဂ်က အကြွင်းမဲ့ပယ်တယ်၊ အကြွင်းမဲ့ပယ်တယ်ဆိုတာ နောက်ကို ဘယ်တော့မှ အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ မဖြစ်တော့ဘူး၊ ဘယ်လိုမှကို စိတ်ထဲမှာ ပေါ်မလာတော့ဘူး။

ဒိဋ္ဌိဆိုတာ ဒိဋ္ဌိစေတသိက်မဟုတ်လား, ဝိစိကိစ္ဆာကလည်း ဝိစိကိစ္ဆာ စေတသိက်၊ အဲဒီဒိဋ္ဌိစေတသိက်, ဝိစိကိစ္ဆာစေတသိက်တို့ဟာ အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ (အဲဒီပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ) ဘယ်သောအခါမှ မဖြစ်တော့ဘူး။

ဒါဖြင့် သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ခု သူ့သန္တာန်မှာဖြစ်ဦးမလား၊ မဖြစ်တော့ဘူး၊ ပြီးတော့ ဝိစိကိစ္ဆာ သဟဂုတ်စိတ်ကော မဖြစ်တော့ဘူး၊ ဒါဖြင့် အကုသိုလ်စိတ် ၁၂-ပါးထဲက သောတာပတ္တိမဂ်က ဘယ်စိတ်တွေ ပယ်မလဲ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနဲ့ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ အားလုံးပေါင်း ၅-ခုပယ်တယ်။

http://www.dhammadownload.com



ဒါကြောင့် သောတာပန် ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ စိတ်ကို တွက်လိုက်စမ်းဆိုရင် ဒီ ၅–ခုကို မှတ်ရမှာ သေချာတယ်။

ကောင်းပြီ၊ အဲဒီလို သောတာပတ္တိမဂ်ရလို့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်ပြီးတဲ့နောက် ကျန်တဲ့ကိလေသာတွေကော ဘယ်လိုလဲ၊ ပယ်သေးလား၊ မပယ်ဘူးလား။

ကိလေသာ ၁၀–ပါးရှိတယ် မဟုတ်လား၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန စသည်ဖြင့် ရှိတယ်၊ အဲဒီကိလေသာတွေကိုကော သောတာပတ္တိက ပယ်သလား မပယ်ဘူးလား ဆိုတဲ့အခါကျတော့ အပါယ်ကို ကျစေနိုင်တဲ့ကိလေသာကျတော့ ပယ်တာပဲ၊ အပါယ်ကို ကျစေနိုင်တဲ့လောဘမျိုး၊ အပါယ်ကို ကျစေနိုင်တဲ့ ဒေါသမျိုးကိုလည်း သောတာပတ္တိမဂ်ကပယ်ပြီးပြီ၊

ဒါကြောင့်မို့ သောတာပန်ဖြစ်ပြီးသွားပြီဆိုရင် အပါယ်ကျစေနိုင်တဲ့ လောဘ၊ ဒေါသ၊ မောဟမျိုး သူ့သန္တာန်မှာ မဖြစ်တော့ဘူး၊ ဒါကြောင့်မို့ ကိလေသာကို အကုန်အစင်ပယ်တာ၊ နောင်ပြန်မဖြစ်အောင် ပယ်တာက ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဒီ ၂–ခုကိုပယ်တယ်၊ ကျန်တဲ့ကိလေသာတွေကျတော့ အပါယ်သို့လားစေနိုင်တဲ့ အစွမ်းသတ္တိရှိတဲ့ ကိလေသာတွေကိုပယ်တယ်။

အဲဒီလိုပယ်တဲ့အတွက်ကြောင့် သောတာပန်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်မလားတော့ဘူးပြောတာ၊ အဲဒီတော့ သောတာပတ္တိဖိုလ် အခိုက်အတန့်ကစပြီး အဲဒီပုဂ္ဂိုလ်ကို သောတာပန် ပုဂ္ဂိုလ်လို့ ခေါ်သွားရတယ်၊

အဲဒီတော့ သောတာပန်ပုဂ္ဂိုလ် အပါယ်မလားဘူးဆိုတာ မည်သူမဆိုပြောနေကြတာပဲ။

သောတာပန် ပုဂ္ဂိုလ် အပါယ်မလားတာ ဘာကြောင့်လဲ၊ အဲဒါ အရေးကြီးတယ်။

အပါယ်လားစေနိုင်တဲ့ ကိလေသာကိုမလုပ်လို့ အပါယ်မလားတာ၊ အပါယ်လားစေနိုင်တဲ့ ကိလေသာသူ့သန္တာန်မှာ ဖြစ်ကိုမဖြစ်တော့ဘူး၊ မဂ်နဲ့ ပယ်ထားတာမို့ ကိလေသာ မဖြစ်တော့လို့ အပါယ်မလားတာ။

သောတာပန်ဖြစ်ပြီးတော့ သူ့အသက်သတ်နေမယ်၊ သူ့ဥစ္စာခိုးနေမယ်ဆိုရင် သူလည်း ဘယ်နေလိမ့်မလဲ၊ အပါယ်လားရမှာပဲ၊ ကံ၊ ကံရဲ့အကျိုးဆိုတာက ဘယ်သူမှ ဝင်ပြီး အနှောင့်အယှက်လုပ်လို့ရတာ မဟုတ်ဘူး။

အဲဒီတော့ သောတာပန်ဖြစ်ပြီးတဲ့ပုဂ္ဂိုလ် အပါယ်မလားဘူးဆိုတာ အပါယ်လားစေနိုင်တဲ့အကုသိုလ်မလုပ်လို့ အပါယ်မလားတာ၊ ဒါကိုမှတ်ထားရမယ်၊ ဘာကြောင့်လဲ

http://www.dhammadownload.com



ဆိုတော့ ဒီနိုင်ငံ (အမေရိကန်) တရားဆရာ အချို့က မလိမ်တပတ် လုပ်တတ် ပြောတတ်တာတွေရှိတယ်၊ ငါကတော့ တရားထူးရပြီးသား၊ ငါက ဒါတွေလုပ်လို့ ကိစ္စမရှိဘူး၊ ဒါတွေလုပ်ပေမယ်လို့ ငါကတော့ အပါယ်မလားတော့ဘူး၊ မင်းတို့သာ ဒါတွေမလုပ်နဲ့ပေါ့, အဲသလို ဆရာတွေရှိတယ်၊ အဲဒါမျိုးပြောလာရင် ဘယ်တော့မှ မယုံလေနဲ့။

သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒါမျိုးလုပ်ကို မလုပ်တော့တာ၊ မလုပ်လို့ကို (သူက) အပါယ်မလားတာ၊ အကယ်၍များ သူက လုပ်သေးတယ်ဆိုရင် အပါယ်လား မှာပဲ၊ အဲဒါ မှတ်ထားရမယ်။

မေး။ ။ မဂ်မရရင်ပေါ့နော် ဘုရား။

ဖြေ။ ။ ဟုတ်တယ် မဂ်မရရင်ပေါ့၊ အဲဒါကြောင့် တော်ကြာကျတော့ ဒီနိုင်ငံ (အမေရိကန်)မှာ ရှိတဲ့ တရားပြဆရာတွေထဲကကို ရှိတယ်၊ သူ့ကိုယ်သူတော့ enlighten ဖြစ်တယ်ပေါ့လေ၊ ငါကတော့ ကိစ္စမရှိဘူး၊ ဘိန်းနည်းနည်းပါးပါး ရှူလည်းကိစ္စမရှိဘူး၊ အရက်သောက်လည်းကိစ္စမရှိဘူးပြောတဲ့ ဆရာတွေရှိတယ်။ အဲဒါတွေသတိထားရမယ်။

အမှန်တော့ သောတာပန်ဖြစ်ရင် ငါးပါးသီလကို လုံးဝလုံခြုံတယ်၊ အသက်သာ အသေခံမယ်၊ ငါးပါးသီလကို မလွန်ကျူးတော့ဘူး။

ဒါကြောင့်မို့ တရားအားထုတ်သူအချို့က ကိုယ်ကိုကိုယ် သောတာပန်ဖြစ်ပြီလို့ ထင်သွားကြတယ်၊ အဲဒီလို ကိုယ့်ကိုယ်ကို သောတာပန်ဖြစ်ပြီလို့ ထင်ရင် တချို့ား နည်းကတော့ ကိုယ့်အားထုတ်ခဲ့တာကို လေ့လာစိစစ်ပြီးတော့ ဒီလိုလည်းပဲ မဂ်ဖိုလ်ရတယ် မရဘူး စိစစ်ရမယ်။

နောက်တစ်နည်းနဲ့ စိစစ်ဖို့ကတော့ သီလနဲ့ပြန်ပြီး စိစစ်ကြည့်၊ ငါဟာသူများ အသက်သတ်နိုင်သေးလား၊ ပုရွက်ဆိတ်, ခြင်, ယင်ကောင်လေး စသည်ပေါ့လေ၊ ဒါတွေလည်းအတူတူပဲ၊ မလိမ်တစ်ပတ်လုပ်နိုင်သေးလား၊ ဆိုပါတော့, အရက်လေးများ သောက်သေးလား, အဲသလို ငါးပါးသီလနဲ့ ပြန်စစ်ဆေးကြည့်ပေါ့။

အဲသလို စစ်ဆေးတဲ့အခါဒါတွေ ငါလုပ်သေးတယ်ဆိုရင်တော့ သောတာ ပတ္တိမဂ်မရောက်သေးဘူးဆိုတာ ဆုံးဖြတ်ရမယ်။

တစ်ခါ လူတစ်ယောက်တွေ့ဖူးတယ်၊ သူကအမေရိကန်လူမျိုး၊ သူက သီရိလင်္ကာကို သွားတရားအားထုတ်ပြီး သူ့ကိုယ်သူ သောတာပတ္တိမဂ် ရတယ်လို့ ထင်လာတယ်၊ ဒါပေမယ့် သူကရိုးရိုးပြောရှာတယ်။

http://www.dhammadownload.com



တစ်နေ့တော့ သူက တွေ့ပါရစေဆိုပြီးတော့တွေ့ကြတယ်၊ သူက သောတာပတ္တိမဂ်ရတယ်လို့ပြောတယ်၊ "ဒါကတော့ကွာ–မင်းကိုငါကဟုတ်တယ်လို့လည်း မပြောနိုင်ဘူး၊ မဟုတ်ဘူးလည်း မပြောနိုင်ဘူး၊ မင်းဘာသာသိမယ်၊ ဒါပေမယ့်တစ်ခု ရှိတာကတော့ ဒို့စာမှာ ပြောထားတာက သောတာပန်ဖြစ်သွားရင် ငါးပါးသီလကို မလွန်ကျူးဘူးလို့ ဆိုထားတယ်၊ အဲဒီတော့ မင်းအဲဒါနဲ့ ကိုယ့်ကိုကိုယ်ပြန်စစ်ကြည့်ပေါ့" ဆိုတော့ သူက I killed insects တဲ့၊ ပိုးကောင်လေးဘာလေးတော့ သူသတ်သေးတယ်ပေါ့၊ ဒီလိုဆိုရင် သူမဟုတ်သေးဘူးပေါ့လေ၊ အဲသလိုဆုံးဖြတ်တယ်။

သူရိုးသားတာပေါ်လွင်တယ်၊ သူ့ကိုယ်သူ ထင်တာတော့ ထင်မိပြီပေါ့၊ ဒါပေမယ့်လို့ နားလည်တဲ့သူနဲ့တွေ့တော့ မေးမြန်းပြီး သူ့ကိုယ်သူ ပြန်ဆင်ခြင်နိုင်သွားတယ်၊ တချို့က ဒီလိုမဟုတ်ပဲနဲ့ မလိမ့်တစ်ပတ်နဲ့ ပြောတာ အများကြီးရှိတယ်။

ဒါကြောင့် သောတာပန်ဟာ ဘယ်လောက်ထိအောင် ပြုရသလဲဆိုတော့ နောက်ဘဝ လူပြန်ဖြစ်လို့ ကလေးအရွယ်သာ ဖြစ်နေတောင် သူများ အသက်ကို မသတ်ဘူး၊ အဲသလောက်အထိပဲ၊ သူ့ကိုယ်သူ သောတာပန်လို့တောင် သိချင်မှ သိဦးမယ်၊ ကလေးဘဝကို, ဒါပေမယ်လို့ သူများအသက်သတ်ဖို့စတဲ့ ငါးပါးသီလ လွန်ကျူးဖို့ကိစ္စ ဘယ်တော့မှ မလုပ်ဘူး၊ အဲဒါမြဲမြဲမှတ်ထား။

အဋ္ဌကထာမှာ သေသေချာချာ ဆိုထားတာရှိတယ်၊ ဘယ်လောက် ထိအောင် ဆိုထားသလဲဆိုရင် အရက်နဲ့ ရေနဲ့ရောပြီး သောတာပန်ကို တိုက်ရင် ရေသာဝင်မယ် အရက်မဝင်ဘူးတဲ့၊ အဲသလောက်ထိ ဆိုထားတယ်။

ဘယ်လို သဘောလည်းတော့ မသိဘူးပေါ့လေ၊ ဝင်တော့ဝင်မယ်၊ သို့သော် အရက်က သူ့အာနိသင်ပြယ်သွားပြီးတော့ ရေလို ဖြစ်ပြီး ဝင်သွားမယ်ဆိုလိုတာလား၊ သို့မဟုတ် ဘယ်လိုလည်းတော့ မပြောတတ်ဘူး၊ အဲသလောက်ထိ အဆိုရှိတယ်၊ သောတာပန်ဖြစ်ရင် အဲဒီလောက်ထိ အဆင့်အတန်းမြင့်သွားပြီ၊ ဒါ သတိထားရမယ်။

သောတာပတ္တိမဂ်ရပြီးတော့ သောတာပတ္တိဖိုလ် ဖြစ်သွားပြီ၊ နောက်တစ်မဂ် တက်ကြဦးစို့။

ဒီပုဂ္ဂိုလ်က နောက်တစ်မဂ်လိုချင်တော့ ဆက်ပြီး တရားအားထုတ်တယ် ပေါ့လေ၊ ဆက်အားထုတ်တော့ ဝိပဿနာဉာဏ်မှာ ဥဒယဗ္ဗယဉာဏ်ကစပြီး ဖြစ်တယ်၊ သမ္မသနဉာဏ်ကစစရာမလိုတော့ဘူး၊ သူကအရိယာဖြစ်ပြီးသား ပုဂ္ဂိုလ်လေ၊ တရားထိုင်တဲ့အခါ ဥဒယဗ္ဗယဉာဏ်ကစတယ်၊ အဲသလိုစတဲ့အခါ တက်သွားပြန်တယ် ဆိုပါတော့၊ ဒုတိယမဂ်ရတယ်၊ ဒုတိယမဂ်က သကဒါဂါမိမဂ်။

http://www.dhammadownload.com



သကဒါဂါမိမဂ် ရပြီးတော့ သကဒါဂါမိဖိုလ် ၂-ကြိမ် ၃-ကြိမ် ဖြစ်ပြီးသွား ပြန်ရော၊ သကဒါဂါမိမဂ် အခိုက်အတန့်မှာ သူ့ကို သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, သကဒါဂါမိဖိုလ် အခိုက်အတုံ့ကစပြီးတော့ အနာဂါမိမဂ်မရမိတိုင်အောင် သူ့ကို သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်, ဒီလိုခေါ်တယ်။

ဩော်-သကဒါဂါမ်ရောက်မှ သောတာပန်အကြောင်းကို ပြန်သတိရပြန် တယ်။

သကဒါဂါမ်ဆိုတာ တစ်ခါပြန်လာတယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ ပါဠိစကား သကဒါဂါမိလို့ခေါ်တယ်၊ ဂါမိဆိုတာ တစ်ခေါက်ပြန်လာတယ်ဆိုတဲ့ အဓိပ္ပာယ်။

တစ်ခေါက်ပြန်လာတဲ့ပုဂ္ဂိုလ်ဆိုတာ လူ့ပြန်ကို ပဋိသန္ဓေအားဖြင့် တစ်ခေါက် ပြန်လာတာ ဆိုလိုတယ်၊ သူ့မပြောခင် သောတာပန်အကြောင်း ပြောဦးမယ်။

သောတာပန်ဟာ သောတာပတ္တိမဂ်ကို ရပြီးတဲ့နောက် နောက်ထပ် ဘယ်နှစ် ဘဝ သံသရာမှ (အလွန်ဆုံး) နေမလဲ၊ ၇-ဘဝပဲတဲ့၊ ၇-ဘဝထက်ပိုပြီး မနေ တော့ဘူး၊ နောက်ဆုံးဘဝကျရင် ကေန် ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန် ပြုရမယ်။

ဒါပေမယ်လို့ အဲဒီ ၇-ဘဝမှာ (စာမှာဆိုထားတာက) အတိုးအဆုတ် ရှိသေးတယ်၊ သတ္တက္ခတ္တုပရမသောတာပန်ဆိုတာက အလွန်ဆုံး ၇-ဘဝနေတဲ့ သောတာပန်၊ ကောလံကောလသောတာပန်က ၂-ဘဝကနေ ၆-ဘဝတိုင်အောင် ပဋိသန္ဓေနေတယ်၊ ၇-ဘဝထိအောင် မသွားတော့ဘူး၊ ပြီးတော့ ဧကဗီဇိသောတာပန် ဆိုတာ တစ်ဘဝပဲ၊ တစ်ဘဝပြီးရင် တစ်ခါတည်း ရဟန္တာဖြစ်ပြီးတော့ နိဗ္ဗာန်ဝင်မယ်။

အဲသလို တစ်ဘဝပဲပဋိသန္ဓေနေတဲ့ သောတာပန်လည်းရှိသေးတယ်၊ သို့သော် များသောအားဖြင့်ကတော့ သောတာပန်ဆိုရင် ၇-ဘဝအလွန်ဆုံးပဲ၊ ၇-ဘဝထက်ပိုပြီး ၈-ဘဝမနေတော့ဘူး၊ ဒါဟာ ရတနသုတ်မှာလဲ အသေအချာဆိုထားတယ်၊ "န တေ ဘဝံ အဋ္ဌမမာဒိယန္တိ"ဆိုပြီးတော့ ပါတယ်။

ဒါကြောင့်မို့ ၇-ဘဝကြာမှ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရတဲ့ သောတာပန်ရှိတယ်၊ ၂-ဘဝက ၆-ဘဝ ရဟန္တာဖြစ်တဲ့ သောတာပန်ရှိတယ်၊ နောက်ထပ် တစ်ဘဝနေပြီး ရဟန္တာဖြစ်တဲ့ သောတာပန်ရှိတယ်၊ အဲသလို သောတာပန် ၃-မျိုးရှိတယ်။

သကဒါဂါမ်တဲ့, သကဒါဂါမ်ကတော့ လူအဖြစ်နဲ့ သကဒါဂါမ် ဖြစ်ပြီးတဲ့ နောက် နတ်ပြည်မှာ တစ်ဘဝ သွားဖြစ်မယ်၊ ပြီးရင် လူ့ပြည်တစ်ခါ ပြန်လာပြီးတော့ ဖြစ်ဦးမယ်၊ ဖြစ်ပြီးမှ လူ့ဘဝမှာရဟန္တာဖြစ်မယ်၊ အဲသလို ပုဂ္ဂိုလ်မျိုးကို သကဒါဂါမ် ခေါ်တယ်၊ တစ်ကြိမ်ပြန်လာတယ်ဆိုတာ အဲဒါပြောတာ။

http://www.dhammadownload.com



မေး။ သကဒါဂါမိပုဂ္ဂိုလ်က အဆင့်မတက်ဘူးလား။

ဆရာတော်။ တက်မယ်ဆိုရင်တော့ တက်နိုင်တယ်၊ ဒါပေမယ့် အခုဟာက နတ်ပြည်နဲ့ လူ့ပြည်ကိုပဲ ပြောနေတာ၊ အဲဒီမှာလည်း ၅-မျိုးရှိသေးတယ်။

လူ့ဘုံမှာ သကဒါဂါမိဖြစ် နောက်တော့ဆက်လက်ကျင့်ပြီး လူ့ဘုံမှာပဲ ရဟန္တာဖြစ်ပြီး၊ ပရိနိဗ္ဗာန်စံတာ၊ ဒါကတစ်မျိုး။

လူ့ဘုံမှာ သကဒါဂါမိဖြစ်ပြီးတော့ သေပြီး နတ်ပြည်သွားဖြစ်၊ အဲဒီနတ်ပြည်မှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုတာ၊ ဒီလိုပုဂ္ဂိုလ်လည်းရှိတယ်။

တစ်ခါ နတ်ပြည်မှာသကဒါဂါမိဖြစ်၊ နတ်ပြည်မှာပဲ ရဟန္တာဖြစ်တာ၊ ဒီလိုသကဒါဂါမိမျိုးလည်းရှိတယ်။

ပြီးတော့ နတ်ပြည်မှာ သကဒါဂါမိဖြစ် လူ့ပြည်လာပြန်ဖြစ်ပြီး ရဟန္တာဖြစ်တဲ့ သကဒါဂါမိမျိုးလည်းရှိတယ်။

နောက်တစ်ခုကတော့ လူ့ပြည်မှာ သကဒါဂါမိဖြစ် နတ်ပြည်တစ်ခါသွားဖြစ် လူ့ပြည်တစ်ခါ ပြန်လာ၊ သူကမှ သကဒါဂါမိဖြစ်ပြီး ပရိနိဗ္ဗာန်ပြုတာ၊ တစ်ခေါက် ပြန်လာတာ အတိအကျပဲ။

နောက်တစ်မျိုးရှိသေးတယ်၊ နတ်ပြည်မှာ သကဒါဂါမိဖြစ်၊ လူ့ပြန်တစ်ခါ ပဋိသန္ဓေပြန်နေ၊ ပြီးတော့ နတ်ပြည်ပြန် ပဋိသန္ဓေနေပြီးတော့ အဲဒီမှာ ရဟန္တာဖြစ်တဲ့ သကဒါဂါမိလည်းရှိတယ်၊ ဒါတွေက အမျိုးမျိုးပဲ။

အဲဒီသကဒါဂါမိရတဲ့ သကဒါဂါမိမဂ်ကျတော့ နောက်ထပ် အကြွင်းမဲ့ပယ်တဲ့ ကိလေသာရယ်လို့ မရှိဘူး၊ ဒါပေမယ့် ခုန သောတာပတ္တိမဂ်က အပယ်ကျစေနိုင်တဲ့ အစွမ်းသတ္တိပယ်ပြီးတော့ ကျန်ကိလေသာတွေ ရှိသေးတယ်၊ အဲဒီကိလေသာတွေကို ထပ်ပြီးတော့ ပါးအောင်လုပ်တယ်၊ နည်းသွားအောင်လုပ်တယ်၊ သကဒါဂါမိမဂ်က ကိလေသာတစ်ခုခုကို အကြွင်းမဲ့ပယ်တယ်ရယ်လို့ မရှိဘူး၊ သောတာပတ္တိမဂ်ပယ်ပြီးလို့ ကျန်တဲ့ ကိလေသာတွေကို ထပ်ပြီးတော့ ပါးသွားအောင် လုပ်ပေးတယ်။

အဲဒီသကဒါဂါမိမဂ်ရပြီးတော့ သကဒါဂါမိ ပုဂ္ဂိုလ်ဖြစ်သွားပြီဆိုပါတော့၊ နောက်တစ်ခါ ဆက်တရားအားထုတ်တဲ့အခါ ဥဒယဗ္ဗယဉာဏ်ရပြီး ဝိပဿနာ အဆင့်အတန်းတက်သွားလို့ အနာဂါမိမဂ်ဆိုတာ ရသွားတယ်၊ အနာဂါမိမဂ် အခိုက်အတန့်မှာ သူ့ကို အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ဖိုလ်အခိုက်အတန့်ကစပြီးတော့ ရဟန္တာ မဖြစ်သေးသမျှ အချိန်အတွင်းကို အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။

အနာဂါမိမဂ်ကတော့ ဘာကို အကြွင်းမဲ့ ပယ်သလဲ၊ ကာမရာဂနဲ့ ဗျာပါဒကို

http://www.dhammadownload.com



အကြွင်းမဲ့ပယ်တယ်။

ကာမရာဂဆိုတာ ကာမဂုဏ်ဝတ္ထုပစ္စည်းတွေကို တွယ်တာတဲ့လောဘ တဏှာကို ကာမရာဂလို့ခေါ်တယ်၊ ကာမဘဝကို တွယ်တာတယ်၊ ကာမဂုဏ်လို့ ခေါ်တဲ့ ကောင်းတဲ့အဆင်း၊ ကောင်းတဲ့အနံ့၊ ကောင်းတဲ့အသံစတဲ့ အာရုံတွေကို တွယ်တာတယ်။

ဗျာပါဒဆိုတာက ဒေါသ၊ ကာမရာဂနဲ့ ဗျာပါဒဆိုတာ လောဘနဲ့ဒေါသကို အကြွင်းမဲ့ ပယ်တယ်ဆိုတယ်၊ ဒါကြောင့် အနာဂါမ်ဖြစ်သွားပြီးရင် ကာမဂုဏ်နဲ့ ပတ်သက်ပြီးတော့ သူ့မှာ ဘာမှ စိတ်မရှိတော့ဘူး၊ သူ့မှာရှိသေးတဲ့ ကျန်နေတဲ့ လောဘက ရူပါဝစရဘုံ တွယ်တာမှုပေါ့၊ ဗြဟ္မာဖြစ်ချင်တဲ့သဘောပေါ့၊ အရူပါဝစရဘုံကို တွယ်တာတဲ့ သဘောပေါ့၊ အဲဒီ တဏှာကတော့ကျန်ဦးမယ်၊ ရူပဘဝနဲ့ အရူပဘဝကို လိုချင်တဲ့တဏှာကတော့ ကျန်ဦးမှာပဲ၊ ကာမဘဝနဲ့ ပတ်သက်လို့တော့ သူ့မှာ မရှိတော့ဘူး။

ဘာလို့တုန်းဆိုတော့ သူ့မှာ ကာမရာဂကို လုံးဝပယ်ပြီး သွားပြီ၊ ကာမဂုဏ်နဲ့ ပတ်သက်လို့ ဘာမှ သူ့မှာ လိုချင်စိတ် မရှိတော့ဘူး၊ အဲဒီတော့ အဲဒီအချိန်မှာ married life မရှိတော့ဘူး၊ အဲဒီတော့ သီးခြားသွားနေရင် နေမယ်၊ ရဟန်းပြုချင်ပြုသွားမယ်ပေါ့လေ။

ဒါကြောင့် အနာဂါမ်ဖြစ်သွားပြီဆိုရင် ကာမရာဂနဲ့ ဒေါသကို အကြွင်းမဲ့ ပယ်တယ်၊ အကြွင်းမဲ့ပယ်တဲ့အတွက်ကြောင့် အနာဂါမ်ဖြစ်သွားပြီးရင် စိတ်ဆိုးတာ လုံးဝမရှိတော့ဘူး။

ဆုတ်နစ်တဲ့ဒေါသဆိုတာ ကြောက်တာလန့်တာကို ခေါ်တာ၊ ဒါကြောင့် အနာဂါမ်ဖြစ်သွားပြီးရင် ကြောက်တာလန့်တာ စိတ်ညစ်တာ ပူဆွေးတာလုံးဝ မရှိတော့ဘူး၊ ရဟန္တာမဖြစ်သေးခင် အနာဂါမ်ဘဝမှာ ဒါတွေကို လုံးဝပယ်ထားပြီ။

ဒါကြောင့် လူတစ်ယောက်က သူ့ကိုယ်သူ အနာဂါမ်လို့ပြောရင် စမ်းသပ်ဖို့ သိပ်လွယ်တယ်၊ စိတ်ဆိုးလားမဆိုးဘူးလား စမ်းကြည့်ရုံပဲ၊ ဒေါသအရိပ်အယောင်လေး နည်းနည်းထွက်သေးရင် ဒီပုဂ္ဂိုလ်တော့ အနာဂါမ် မဟုတ်ဘူးဆိုတာ ဆုံးဖြတ်လို့ရပြီ၊ သောတာပန် သကဒါဂါမ်လောက်ဆိုတော့ သိပ်မလွယ်သေးဘူး၊ ကလျာဏပုထုဇဉ် (ကောင်းကောင်းကြီး ကျင့်နေတဲ့ပုထုဇဉ်)နဲ့ သိပ်ကွာတာမဟုတ်သေးဘူး၊ အဲဒီတော့ သိပ်စမ်းလို့မရဘူး၊ အနာဂါမ်လို့ ပြောရင် စမ်းလို့ သိပ်လွယ်ပြီ။

အနာဂါမိမဂ်ရောက်သွားပြီးရင် နောက်တော့ အနာဂါမိဖိုလ်ပေါ့လေ၊ အဲဒါ

http://www.dhammadownload.com



အနာဂါမ်ဖြစ်သွားပြီ၊ အနာဂါမိဆိုတာ ပြန်မလာဘူးဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ လူ့ပြည်ပြန်မလာတော့ဘူး၊ လူ့ပြည်ကိုသာ မဟုတ်ဘူး၊ ကာမာဝစရဘုံသို့ ပြန်မလာတော့ဘူး၊ သေရင် ကာမာဝစရဘုံ မဖြစ်တော့ဘူးလို့ဆိုလိုတယ်၊ ကေန် သုဒ္ဓါဝါသ ဗြဟ္မာဘုံသွားဖြစ်မယ်၊ ရူပါဝစရ ဗြဟ္မာဘုံမှာ အထက်ဆုံး ဗြဟ္မာဘုံမှာလေ၊ အဲဒီသုဒ္ဓါဝါသ ၅–ဘုံမှာ သွားဖြစ်မယ်။

အဲဒီတော့ သုဒ္ဓါဝါသ ၅–ဘုံမှာ ဖြစ်ဖို့ဈာန်ရမှဖြစ်မယ်၊ အနာဂါမ်ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ မသေခင် ဈာန်ရကိုရရမယ်၊ ဈာန်မရပဲနဲ့ သေကိုမသေဘူး၊ ဘာကြောင့်လဲ ဆိုတော့ အနာဂါမ်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်မှာ သမာဓိပြည့်စုံသွားပြီ၊ သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်ကို သမာဓိပြည့်စုံပြီလို့ စာမှာ မခေါ်သေးဘူး၊ နည်းနည်းတော့ လိုသေးတယ်ပေါ့လေ၊ ဘာကြောင့်တုန်းဆိုတော့ သူတို့(သောတာပန်, သကဒါဂါမ် တို့) က ကာမရာဂကို မပယ်နိုင်သေးဘူး။

ကာမရာဂဟာသမာဓိနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်၊ အဲဒီတော့ သူတို့ရဲ့ သမာဓိဟာ အနာဂါမ် သမာဓိလောက် မကောင်းသေးဘူး၊ ဒါကြောင့်မို့ စာမှာ သမာဓိသ္မိံ ပရိပူရကာရီ" သမာဓိမှာ ပြည့်ပြည့်စုံစုံ ပြုပြီးပြီဆိုတဲ့ ပုဂ္ဂိုလ်ဆိုတာ အနာဂါမ်သာ မှတ်ပေတော့၊ သောတာပန် သကဒါဂါမ်ရဲ့ သမာဓိဟာ သိပ်မဟုတ် သေးဘူးလို့ ဆိုလိုတာပေါ့။

ပုထုဇဉ်အနေနဲ့ကြည့်မယ်ဆိုရင် သောတာပန် သကဒါဂါမ်ရဲ့ သမာဓိက ကောင်းလှပြီ၊ ဒါပေမယ်လို့ အနာဂါမ်နဲ့ စာလိုက်ရင် သူက မပြည့်စုံသေးဘူး။

ဒါကြောင့်မို့ သမာဓိအား တကယ်ကောင်းသွားတဲ့ ပုဂ္ဂိုလ်အဆင့်ရောက်သွားတဲ့ အတွက်ကြောင့်မို့ သူတို့ဟာ ဈာန်အားဖြင့် လွယ်နေပြီ၊ ဒါကြောင့်မို့ မသေခင် ကေန် ဈာန်ရမယ်၊ ဈာန်ရပြီးတော့ သုဒ္ဓါဝါသဘုံမှာ ဖြစ်မယ်တဲ့။

အဲဒီမှာလည်း အနာဂါမ် အမျိုးမျိုး ရှိသေးတယ်၊ နားလည်ရင်လည်း ကောင်းတယ်၊ နားမလည်လည်း ကိစ္စမရှိဘူး၊ ဒါက အထူးထူးအပြားပြားတွေပေါ့။

အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ဆိုတာက အဲဒီသုဒ္ဓါဝါဒတစ်ဘုံဘုံမှာ သွားဖြစ်ပြီး ဆိုပါတော့၊ ဖြစ်ပြီးရင် အဲဒီဘုံရဲ့ သက်တမ်းရှိတယ်၊ အဲဒီသက်တမ်း တစ်ဝက် မတိုင်ခင် ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်မျိုး။

ဒီ လူ့ဘဝကနေ အနာဂါမ်ဖြစ်တယ်၊ အနာဂါမ်ဖြစ်, ဈာန်ရပြီးတော့သေရော၊ သေတော့ ဗြဟ္မာဘုံရောက်သွားတယ်၊ အဲဒီဗြဟ္မာဘုံရဲ့သက်တမ်း တစ်ဝက်မတိုင်ခင်မှာ ရဟန္တာဖြစ်သွားတယ်၊ အဲသလို ပုဂ္ဂိုလ်မျိုးရှိတယ်။

http://www.dhammadownload.com



နောက်တစ်ခုကတော့ ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်တဲ့၊ ဖြဟ္မာ့သက်တမ်း တစ်ဝက်လွန်ပြီးမှ ရဟန္တာဖြစ်တဲ့ အနာဂါမ်မျိုးရှိတယ်။

တချို့ကတော့ တော်တော်လေး ကြိုးကြိုးစားစား အားထုတ်ပြီးမှ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်ရှိတယ်၊ သသင်္ခါရပရိနိဗ္ဗာယီလို့ခေါ်တယ်။

ကြိုးကြိုးစားစားအားမထုတ်ရပဲနဲ့ လွယ်လွယ်ကူကူ အားထုတ်ပြီး ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ရှိတယ်၊ အသင်္ခါရပရိနိဗ္ဗာယီလို့ခေါ်တယ်။

နောက်ဆုံးတစ်ခုကတော့ သူက သုဒ္ဓါဝါသ ၅–ဘုံမှာဖြစ်ပြီးရင် တစ်ဘုံချင်း တစ်ဘုံချင်း တက်သွားပြီးတော့ အထက်ဆုံးကျမှ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ရှိတယ်။

ဘာပဲဖြစ်ဖြစ် အနာဂါမ်ဖြစ်ပြီးရင် သုဒ္ဓါဝါသဘုံမှာပဲဖြစ်မယ်၊ သုဒ္ဓါဝါသဘုံမှာ ဖြစ်ပြီးရင် သက်တမ်းတစ်ဝက်မတိုင်ခင် ရဟန္တာဖြစ်ချင်လည်းဖြစ်မယ်၊ သက်တမ်း တစ်ဝက်လွန်မှ ရဟန္တာဖြစ်ချင်လည်းဖြစ်မယ်၊ တချို့ကျတော့ထပ်ပြီး အားထုတ်တဲ့ အခါမှာ ကြိုးကြိုးစားစားအားထုတ်ရတယ်၊ တချို့က သိပ်မကြိုးစားရပဲနဲ့ အားထုတ် ပြီးတော့လည်း ရနိုင်တယ်၊ တချို့က သုဒ္ဓါဝါသဘုံမှာ တစ်ဘုံချင်းတက်သွားပြီးတော့ အထက်ဆုံးကျမှ ရဟန္တာဖြစ်တယ်။

**မေး။ အဲဒီအခါ ဗြဟ္မာဘုံမှာ နာမ်ရုပ်ရှိပါသလား။**

**ဆရာတော်ဖြေ။ နာမ်ရောရုပ်ရော ရှိတယ်။**

ကောင်းပြီ၊ ဒါက အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီးတော့ ဆက်အားထုတ်ပြန်တယ်ဆိုပါ တော့၊ အားထုတ်တော့ ဥဒယဗ္ဗယဉာဏ်ကစပြီး ဉာဏ်စဉ်အတိုင်းတက်သွား၊ အရဟတ္တမဂ် ရသွားရော။

အရဟတ္တမဂ် အခိုက်အတန့်မှာ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လို့ခေါ်တယ်၊ အဲဒီနောက် အရဟတ္တဖိုလ်ကစပြီး နောင် ပရိနိဗ္ဗာန်ပြုသည်တိုင်အောင် အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်လို့ခေါ်တယ်။

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဆိုတာ မဂ်စိတ်ဟာ ဥပါဒ်ဋ္ဌီဘင်ဆိုတဲ့ ခဏလေး ၃–ချက် လောက်ပဲ ကြာတာ၊ ဒါကိုပဲ သူ့ကို ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ခေါ်ထားတယ်၊ တကယ် practically ပြောမယ်ဆိုရင် အရိယာ၄–ယောက်ပဲရှိတာပေါ့၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဆိုတာက ဖြစ်တုန်းခဏလေးပဲ၊ ပြီးတော့ မရှိတော့ဘူး။

ရဟန္တာဖြစ်ပြီ၊ အရဟတ္တမဂ်ရပြီ၊ အရဟတ္တမဂ်ရတဲ့အခါကျတော့ ကျန်တဲ့ ကိလေသာတွေ အကုန်ပယ်တော့တယ်၊ ခုနပြောတဲ့ ကာမရာဂကနေပြီး ရူပရာဂ၊ အရူပရာဂ မကျန်ဘူးလား၊ ပြီးတော့ မာနတို့ ဥဒ္ဓစ္စတို့ပေါ့၊ များသောအားဖြင့်

http://www.dhammadownload.com



မာနကျန်တယ်၊ သူတို့ကျတော့ အလွန်သိမ်မွေ့တဲ့ မာနပေါ့၊ ရိုးရိုးပုဂ္ဂိုလ်တွေဖြစ်တဲ့ မာနမျိုးတော့ မဟုတ်ဘူး၊ သို့သော် မာနရှိသေးတယ်၊ ကျန်တဲ့ ကိလေသာတွေ အကုန်လုံးကတော့ အရဟတ္တမဂ်ကပယ်တယ်၊ အရဟတ္တမဂ်ရပြီးတဲ့နောက်ပိုင်း ကျတော့ ကိလေသာဆိုလို့ လုံး၀ မရှိတော့ဘူး၊ ဘယ်လိုကိလေသာမှ အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မဖြစ်တော့ဘူး။

ဒါကြောင့်မို့ ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားပြီဆိုရင် စိတ်ဓာတ်ဟာ လုံး၀စင်ကြယ်သွားပြီ၊ အကုသိုလ်ဆိုလို့ လုံး၀မရှိတော့ဘူး၊ အဲဒီတော့ ရဟန္တာ(အရဟန္တ)ဆိုတဲ့ ပုဒ်ရဲ့ အဓိပ္ပာယ်ကတော့ အလှူကို ခံထိုက်တယ်, ပူဇော်အထူးကို ခံထိုက်တယ်ဆိုတာပဲ၊ သူ့မှာ ကိလေသာလုံး၀ကင်းစင်သွားတဲ့အခါကျတော့ လယ်မြေကောင်းလို့ပေါ့၊ အညစ်အကြေးမရှိပဲ အလွန်ကောင်းတဲ့ လယ်မြေဖြစ်သွားတော့ လှူရန် အကောင်းဆုံးပေါ့၊ ကိလေသာကင်းတာကိုး။

ကိလေသာရှိတဲ့ပုဂ္ဂိုလ်လှူရတာနဲ့ ကိလေသာကင်းတဲ့ ပုဂ္ဂိုလ်လှူရတာ မတူသေးဘူးလေ၊ ကောင်းတဲ့လယ်ယာမှာ စိုက်တာနဲ့ မကောင်းတဲ့လယ်မှာ စိုက်တာဟာ ကောက်ပဲသီးနှံ ထွက်တာချင်း မတူသလိုပေါ့။

ရဟန္တာပုဂ္ဂိုလ်ကျတော့ အညစ်အကြေးကိလေသာ လုံး၀ကင်းသွားတဲ့ အတွက်ကြောင့်မို့ လှူရင် များမြောင်သောအကျိုးကို ပေးနိုင်တယ်၊ ဒါကြောင့်မို့ အဂ္ဂဒက္ခိဏေယျ အမြတ်ဆုံးသောအလှူခံဖြစ်တယ်။

ကိလေသာတွေလည်း လုံး၀ ပယ်တော့တယ်၊ ဘာမှ မကျန်တော့ဘူး၊ မဂ် ၄–ခုနဲ့ ပယ်လိုက်တာ ကိလေသာ ၁၀–ပါးကုန်ရော၊ ပထမမဂ်က ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်တယ်၊ တခြားကိလေသာတွေကျတော့ အပါယ်လား စေနိုင်တဲ့သတ္တိကို ပယ်တယ်။

သကဒါဂါမိမဂ်ကျတော့ ကျန်တဲ့ကိလေသာတွေကိုထပ်ပြီးတော့ ပါးအောင်လုပ်လိုက်တယ်၊ အနာဂါမိမဂ်ကျတော့ ကာမရာဂနဲ့ ဗျာပါဒ (ဒေါသ)ကိုပယ်တယ်၊ အရဟတ္တမဂ်ကျတော့ ကျန်တဲ့ရူပရာဂ, အရူပရာဂစသည် မာန, ဥဒ္ဓစ္စစသည် အကုန်လုံးပယ်လိုက်တယ်၊ ဒါကြောင့်မို့ ရဟန္တာဖြစ်သွားရင်တော့ အကုန်လုံးရှင်းပြီး ပြောင်သွားပြီ။

သို့သော် အရင်ပြောဖူးတယ်ထင်တယ်၊ ရဟန္တာကတော့ ဝါသနာနှင့်တကွ မပယ်နိုင်ဘူးပေါ့၊ မြတ်စွာဘုရားကတော့ ဝါသနာနှင့်တကွ ပယ်နိုင်တယ်၊ အဲသလို ကွာသေးတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားရဲ့အရဟတ္တမဂ်နဲ့ ရိုးရိုးရဟန္တာရဲ့ အရဟတ္တမဂ်က အဲသလို ကွာတယ်၊ ရိုးရိုးပုဂ္ဂိုလ် ရဟန္တာဖြစ်တယ်ဆိုရင် ကိလေသာအကုန်လုံး ကင်းသွားတာ မှန်တယ်၊ မြတ်စွာဘုရားလည်း အရဟတ္တမဂ်ရတဲ့အခါ ကိလေသာ အကုန်လုံး ကင်းသွားတယ်၊ ဒါပေမယ်လို့ မြတ်စွာဘုရားကျတော့ ဝါသနာပါမကျန် ပယ်နိုင်တယ်၊ ရဟန္တာတွေကျတော့ ဝါသနာလေးက ကျန်နေသေးတယ်၊ ပိလိန္ဒဝစ္ဆမထေရ်ဟာ ဘဝငါးရာ ဇာတ်မြင့်တဲ့အမျိုးဖြစ်လာတော့ ဒီဘဝရဟန္တာဖြစ်ပေမယ့် လူတွေ့ရင် "ဟဲ့-သူယုတ်, ဟဲ့-သူယုတ်နဲ့, ခေါ်လေ့ရှိတယ် ဆိုတာကိုး၊ ဇာတ်မြင့်တဲ့ သူက ဇာတ်နိမ့်တဲ့သူကို နှိမ်ခေါ်တာကိုး၊ မြန်မာလိုဆိုရင် ဟဲ့ကောင်, ဟဲ့ကောင်နဲ့ ခေါ်တာမျိုးနေမှာပေါ့လေ၊ အဲဒီအကျင့်ကိုမဖျောက်နိုင်ဘူး၊ ရဟန္တာဖြစ်ပေမယ့်လည်း ခေါ်နေတာပဲ။

ဒါပေမယ့် သူ့မှာ လောဘ ဒေါသ မောဟ ဘာမှရှိတော့တာ မဟုတ်ဘူး၊ ဒေါသနဲ့ ခေါ်နေတာလည်း မဟုတ်ဘူး၊ နှိမ်ချပြီး ခေါ်တာမဟုတ်ဘူး၊ အကျင့်ပါနေလို့ ခေါ်တာ။

မြတ်စွာဘုရားကျတော့ အဲဒါမျိုးတွေပါ အကုန်လုံး ပယ်နိုင်သွားတယ်၊ မြတ်စွာဘုရားရဲ့ အရဟတ္တမဂ်နဲ့ ရဟန္တာသာဝကတို့ရဲ့ အရဟတ္တမဂ်တို့ဟာ အဲသလိုကွာခြားချက်ရှိတယ်။

မြတ်စွာဘုရားကျတော့ အရဟတ္တမဂ်ဉာဏ်တော် ရပြီးတာနဲ့ တစ်ပြိုင်နက် သဗ္ဗညုတဉာဏ်တော် (အလုံးစုံကိုသိနိုင်တဲ့ ဉာဏ်တော်) လည်းရတာပေါ့၊ သာဝက တွေကျတော့ သဗ္ဗညုတဉာဏ်တော်မရှိဘူးပေါ့။

ကောင်းပြီ, ရဟန္တာဖြစ်သွားပြီ၊ အဲဒီတော့ အရိယာပုဂ္ဂိုလ် ၄-မျိုးလို့လည်း ခေါ်တယ်၊ ၈-မျိုးလို့လည်းခေါ်တယ်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်လို့ခေါ်တာ၊ သောတာ ပတ္တိမဂ္ဂဋ္ဌာန်, သောတာပတ္တိဖလဋ္ဌာန်, သကဒါဂါမိမဂ္ဂဋ္ဌာန်, သကဒါဂါမိ ဖလဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန်, အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တ ဖလဋ္ဌာန်၊ ဒီပုဂ္ဂိုလ် ၈-ယောက်ကို အရိယာ ပုဂ္ဂိုလ်လို့ ခေါ်တယ်။

အရိယာပုဂ္ဂိုလ်ဖြစ်သွားရင် အဲဒီပုဂ္ဂိုလ် သန္တာန်မှာ လောကုတ္တရာစိတ်ထဲက ဘာစိတ်တွေဖြစ်သလဲဆိုတော့ မဂ်စိတ်တွေဖြစ်မယ်, ဖိုလ်စိတ်တွေဖြစ်မယ်, အသီးသီး ဖြစ်မယ်၊ သောတာပတ္တိ မဂ်ရပြီးတဲ့ပုဂ္ဂိုလ်မှာ သောတာပတ္တိဖိုလ်စိတ်တွေ ဖြစ်တယ်၊ သကဒါဂါမိမဂ်ရပြီးတဲ့ ပုဂ္ဂိုလ်မှာ သကဒါဂါမိဖိုလ်စိတ်တွေဖြစ်မယ်၊ အနာဂါမိမဂ် ရပြီးတဲ့ပုဂ္ဂိုလ်မှာ အနာဂါမိဖိုလ်စိတ်တွေ ဖြစ်မယ်၊ အရဟတ္တမဂ်ရပြီးတဲ့ ပုဂ္ဂိုလ်မှာ

အရဟတ္တဖိုလ်စိတ်တွေဖြစ်မယ်။

ကောင်းပြီ, အဲဒီတော့ အရိယာဖြစ်သွားပြီးတဲ့နောက် ဖလသမာပတ်ဆိုတာ ရှိတယ်၊ ဖိုလ်ဝင်စားတယ်ပေါ့၊ ကိုယ့်ကိုကိုယ် သောတာပန်ဖြစ်တယ်လို့ ထင်တဲ့သူဟာ သောတာပတ္တိဖိုလ်ပြန်ဖြစ်အောင် အားထုတ်စမ်းကြည့်လို့ရတယ်၊ သောတာပတ္တိဖိုလ် စိတ်တွေချည်း အကြာကြီးဖြစ်နေသလား၊ ကိုယ့်မှာ လုပ်နိုင်သလား၊ စာစကားနဲ့ ပြောရင် ဖလသမာပတ် ဝင်စားနိုင်သလားပေါ့လေ၊ ဖလသမာပတ် ဝင်စားနိုင်ရင် သူဟာ ဧကန် သောတာပတ္တိမဂ်ရတယ်လို့ ဆိုရတော့မယ်။

အဲသလို ဖလသမာပတ် ဝင်စားတာက ဘာလဲဆိုတော့ မျက်မှောက်ဘဝမှာ ချမ်းသာကို ခံစားချင်လို့တဲ့၊ အဲဒီတော့ အရိယာတွေ ခံစားချင်တဲ့ ချမ်းသာက ကိလေသာ ငြိမ်းအေးတဲ့ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ခံစားချင်တာပေါ့။

လောကီချမ်းသာခံစားချင်ရင်တော့ လောကီချမ်းသာအတိုင်းသွားရမှာ၊ အခုဟာက လောကုတ္တရာချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ခံစားချင်တဲ့ အတွက်ကြောင့် အရိယာပုဂ္ဂိုလ်တွေဟာ ဖလသမာပတ်ကိုဝင်စားတယ်တဲ့၊ တစ်နည်း အားဖြင့် ပြောမယ်ဆိုရင် သူတို့က relexation လုပ်တာပေါ့။ ဒုက္ခတွေထဲက ဒုက္ခနည်းနိုင်သမျှ နည်းသွားအောင်လုပ်တာ။

အရိယာဖြစ်ရင်ပဲ ဒုက္ခတော်တော်နည်းသွားပါပြီ၊ ဒါတောင်မှ အဲဒီထဲက ထပ်ပြီး ဒီထက်ကောင်းတဲ့ချမ်းသာ လိုချင်တော့ ဖလသမာပတ်ဝင်စားတယ်။

ဖလသမာပတ်ဝင်စားတဲ့အခါ ဘာလုပ်ရသလဲဆိုတော့ ဝိပဿနာ ပြန်ရှုရ တာပေါ့၊ ဝိပဿနာပြန်ရှုပြီး ဉာဏ်ရင့်ကျက်လာတဲ့အခါကျတော့မှ ဖိုလ်စိတ်တွေ အကြာကြီး ဖြစ်နေတာကို ဖလသမာပတ် ဝင်စားလို့ ခေါ်တယ်၊ ဝိထိပိုင်းတုန်းက ဖလသမာပတ် ဝိထိဆိုတာပြောခဲ့ပြီ။

အဲဒီတော့ သောတာပတ္တိမဂ်ရပြီးတဲ့ ပုဂ္ဂိုလ်ဆိုပါတော့၊ သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ သောတာပတ္တိ ဖလသမာပတ်ကို ဝင်စားနိုင်တယ်၊ သောတာပတ္တိဖိုလ် စိတ်တွေချည်း အကြိမ်များစွာဖြစ်နေတော့ အကြိမ်ပေါင်း ဘယ်လောက်ဖြစ်တယ် ဆိုတာ မပြောနိုင်ဘူး၊ လက်ဖျစ်တစ်တွက်မှာ ကုဋေတစ်သိန်းဖြစ်နိုင် ပျက်နိုင်တယ် ဆိုတော့ တစ်နာရီဆိုရင် ဖိုလ်စိတ်တွေ အကြိမ်ပေါင်း မရေတွက်နိုင်ဘူး၊ ဘဝင်အလျင် ကြီးများ သွားနေသလို အဲဒီအခါမှာ ဘဝင်မခြားပဲနဲ့ ဖိုလ်စိတ်ချည်း တစ်ခါထဲ တန်းသွားနေတာ။

ကိုယ်ရည်မှန်းသလောက် ၁–နာရီကြာပါစေဆိုရင် ၁–နာရီကြာမယ်၊ ၂–

ရဟန္တာကမှ ကာမရာဂကိုပယ်ပြီးသားဆိုတော့ သမာဓိအားကောင်းတယ်၊ သမာဓိအားကောင်းတဲ့ ပုဂ္ဂိုလ်မှသာ နိရောဓ သမာပတ်ကို ဝင်စားနိုင်တာ ဖြစ်တဲ့ အတွက်ကြောင့်မို့ သောတာပန် သကဒါဂါမ် မရဘူး။

အနာဂါမ် ရဟန္တာတောင်မှ ဈာန်မရရင် နိရောဓ သမာပတ် မဝင်စားနိုင်ဘူး၊ ဈာန်ကလည်း ရူပဈာန် ၅-ပါး အရူပဈာန် ၄-ပါး အားလုံးရထားမှ၊ ဈာန် ၉-ပါးလုံး ရပြီးသား အနာဂါမ် ရဟန္တာမှသာ နိရောဓ သမာပတ်ကို ဝင်စားနိုင်တယ်။

နိရောဓသမာပတ်ဆိုတာဘာလဲ မှတ်မိလား၊ နိရောဓဆိုတာ ချုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ နိရောဓသမာပတ် ဝင်စားတဲ့ အချိန်မှာ ဘာတွေချုပ်နေတာလဲ၊ စိတ်ရယ်, စေတသိက်ရယ်, စိတ္တဇရုပ်ရယ် ချုပ်နေတာ၊ အဲဒီတော့ ဘာရုပ်တွေ ကျန်မလဲ, ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်, အဲဒါကျန်တယ်၊ စိတ်မရှိဘူး, စေတသိက်မရှိဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်မရှိဘူးဆိုတော့ ဒုက္ခနည်းနည်းတော့ နည်းသွားတာပေါ့၊ စိတ်အဖြစ်အပျက် မရှိတော့ပဲကိုး၊ ရုပ်လည်းပဲ အဖြစ်အပျက်တွေ စိတ္တဇရုပ် အဖြစ်အပျက်တွေမရှိတော့ ဖလသမာပတ်ထက် သူက ပိုပြီး ချမ်းသာတယ်။

နိရောဓသမာပတ် ဝင်စားဖို့ကျတော့ပထမဆုံး ဘာလုပ်ရသလဲ၊ ဦးစွာ ရူပပထမဈာန်ကို ဝင်စားရတယ်၊ အဲဒီဈာန်ကထပြီးတော့ (ထတယ်ဆိုတာ လူထတာ မဟုတ်ဘူး၊ ဈာန် ဝီထိပြီးတော့ ကာမာဝစရ ဝီထိပြန်ဖြစ်တာ) အဲဒီဈာန်ထဲမှာပါတဲ့ စိတ်စေတသိက်တွေကို အနိစ္စ, ဒုက္ခ, အနတ္တရှုရတယ်၊ ဝိပဿနာရှုရတယ်၊ ပြီးရင် ဒုတိယဈာန် ဝင်စား၊ ဒုတိယဈာန်ထဲပါတဲ့ စိတ်စေတသိက်တွေကို အနိစ္စ ဒုက္ခ အနတ္တရှု၊ တတိယဈာန်ဆက်သွား၊ စတုတ္ထဈာန်ဆက်သွား၊ ပဉ္စမဈာန် သွား၊ ပြီးရင်အရူပဈာန် (အာကာသာနဉ္စ ယတနဈာန်) ဒီအတိုင်းပဲသွား၊ ဝိညာနဉ္စယတန ဈာန်သွား ပြီးရင် အာကိဉ္စညာယတနဈာန်ကို ဝင်စားရမယ်။

အဲဒီ အာကိဉ္စညာယတနဈာန်ဝင်စားပြီးထတဲ့အခါကျတော့ ဝိပဿနာ မရှုတော့ပဲနဲ့ ပုဗ္ဗကိစ္စ ၄-ပါးဆိုတာ လုပ်ရတယ်၊ ပုဗ္ဗကိစ္စ ၄-ပါးဟာ မဝင်စား ခင်မှာ လုပ်ရတာ။

အဲဒီ ပုဗ္ဗကိစ္စ ၄-ပါးက ဘာလဲဆိုတော့ ပထမတစ်ခုက သူပိုင်ပစ္စည်းတွေ မပျက်ပါစေနဲ့လို့ ဓိဋ္ဌာန်ရတယ်၊ ဘုန်းကြီးပေမယ့် သပိတ်လေးဘာလေးရှိသေးတယ်၊ ကိုယ်နဲ့တူတူဖြစ်နေတဲ့ဟာကတော့ သမာပတ်အစွမ်းကြောင့် မပျက်စီးနိုင်ဘူး၊ မီးရှို့လည်းမလောင်ဘူး၊ ဘာမှ ကိစ္စမရှိဘူး။

သို့သော် သူပိုင်ပြီးတော့ သူနဲ့အတူတူမရှိတဲ့ပစ္စည်းပေါ့၊ သူကတစ်နေရာမှာ

http://www.dhammadownload.com



ထိုင်နေတယ်၊ အခန်းထဲမှာ ရှိတဲ့သက်န်းသပိတ်၊ ပရိက္ခရာနဲ့ အခြားအသုံးအဆောင်တွေပေါ့၊ အဲဒါတွေကို မီးစတဲ့ဘေးရန်တွေကြောင့် မပျက်စီးပါစေနဲ့လို့ မိဋ္ဌာန်တာ၊ အဲဒါ တစ်ခုလုပ်ရတယ်။

နောက်တစ်ခုကတော့ သူ သမာပတ်ဝင်စားနေချိန်မှာ သံဃာက သူ့ကို လိုအပ်လာရင် အလိုလို (သူက )သမာပတ်မှထတယ်၊ သူ့ကို သွားခေါ်မနေရတော့ဘူး၊ သံဃာလိုတယ်ဆိုတာနဲ့ တစ်ပြိုင်နက် သူက သမာပတ်ကထပြီးတော့ သံဃာဆီသွားနိုင်တဲ့ အဓိဋ္ဌာန် လုပ်ရတယ်။

ဒီအဓိဋ္ဌာန်မလုပ်ပဲနဲ့ သမာပတ်ဝင်စားနေပြီဆိုရင် သူ့ကို သံဃာက လိုနေပြီဆိုရင်တော့ သူ့သမာပတ် ထိုင်တဲ့နေရာသွားပြီး အော်ပြောရတာပေါ့လေ၊ အရှင့်ကို သံဃာက အလိုရှိနေတယ်" အဲသလို ပြောလိုက်ရင် သူက သမာပတ်မှ ထရတယ်၊ အဲသလိုပေါ့လေ အဲဒါလည်းပဲ အဓိဋ္ဌာန်ရတယ်။

နောက်တစ်ခုကတော့ မြတ်စွာဘုရားက သူ့ကို လိုအပ်ရင် ခေါ်ချင်တယ်၊ အဲသလို အခါကျ သူ့ကို လာမခေါ်ရပဲနဲ့ သမာပတ်က ထပြီးသွားနိုင်ရတယ်၊ အဲသလို အဓိဋ္ဌာန်ရတယ်။

အဲသလို အဓိဋ္ဌာန် မပြုပဲနဲ့ သမာပတ်ဝင်စားမယ်ဆိုရင် ခုနလိုပဲ လိုချင်တဲ့အခါ ဘုရားက ခိုင်းလိုက်လို့ တစ်ယောက်က သွားခေါ်မှ သမာပတ်က ထမယ်။

နောက်ဆုံးတစ်ခုကျတော့ ကိုယ့်အသက်ရှည်ရာ ကာလကို ကြည့်ရတယ်၊ ငါဟာ ၇-ရက် အသက်ရှည်ပါ့မလား၊ ဘာကြောင့်တုန်း၊ သမာပတ်ဝင်စားရင် သမာပတ် အတွင်းမှာလည်းပဲ မသေဘူးလို့ ဆိုတယ်၊ ဒါပေမယ်လို့ ၇-ရက်သာ အသက်ရှည်မယ် ဆိုတော့ မသေပဲမနေဘူး၊ သေရမှာပဲ။

အဲသလိုသေတဲ့အခါကျတော့ ဆုံးရှုံးမှုက ဘာရှိသလဲ၊ အကယ်၍ မိမိက သကဒါဂါမ် ပုဂ္ဂိုလ်ဆိုပါတော့၊ သကဒါဂါမ် ပုဂ္ဂိုလ်ဟာ ခုနလို ကိုယ့်အသက် ဘယ်လောက်ရှည်မယ်ဆိုတာမသိပဲ ဝင်စားလိုက်လို့ သမာပတ်အတွင်းမှာ သကဒါဂါမ်အဖြစ်နဲ့ သေသွားမယ်ဆိုရင် ဒီဘဝမှာ ရဟန္တာဖြစ်အောင် အားထုတ်ခွင့်မရဘူးပေါ့၊ အဲဒီဆုံးရှုံးမှု ရှိတယ်။

ရဟန္တာဖြစ်ပြီးတယ်ဆိုရင်လည်း မိမိရဟန္တာဖြစ်ကြောင်းကို သိတင်းသုံးဖော်တွေကို အားကျအောင် ပြောခွင့်မရဘူးပေါ့၊ အဲဒီလို ရှိတယ်၊ ဒါကြောင့်မို့ မိမိအသက် ၇- ရက် တည်ပါ့မလားဆိုတာ စဉ်းစားပြီးတော့ ၇-ရက်အသက်မရှည်ရင် ၇- ရက်မဝင်စားနဲ့လို့ ဆိုလိုတာပေါ့လေ၊ နောက် ၅-ရက် အသက်ရှည်မယ် ၅-

http://www.dhammadownload.com



ရက်နေရင် သေမယ်ဆိုတာ သိရင် ၅ ရက်ပဲ သမာပတ်ဝင်စားလို့ ဒီလိုဆိုလိုတယ်၊ ဒီလို ပုဗ္ဗကိစ္စ ၄–မျိုးကို လုပ်ရတယ်။

အဲဒီပုဗ္ဗကိစ္စ ၄–မျိုးကို လုပ်ပြီးတဲ့နောက် အထက်ဆုံး နေဝသညာနာသညာယတနဈာန်ဝင်စားလိုက်တဲ့အခါမှာ ဈာန် ၂–ခါ ဖြစ်ပြီးတော့ ပြတ်သွားတယ်၊ စိတ်, စေတသိက်တွေ ပြတ်သွားတယ်။

အခြေခံဖြစ်တဲ့ဈာန်တွေ ဝင်စားလာတာက ဈာန်ဝင်စားချင်လို့ ဝင်စားတာ မဟုတ်ဘူး၊ နိရောဓသမာပတ် အရောက်ချီတက်နေတာ၊ ဒီလိုမလုပ်လို့ မရလို့ လုပ်နေတာဆိုတော့ သူ့ရဲ့ ပဓာန ရည်ရွယ်ချက်က နိရောဓသမာပတ်ရောက်ဖို့ပဲ၊ သို့မဟုတ် စိတ်, စေတသိက်, စိတ္တဇရုပ်ချုပ်ဖို့ ရည်ရွယ်ချက်နဲ့ လုပ်နေတာ ကျင့်နေတာဖြစ်တော့ နေဝသညာနာသညာယတန ဈာန်ဝင်စားလိုက်တဲ့အခါမှာ ကြာရှည်မလိုတော့ဘူး။

ဘာကြောင့်လဲဆိုတော့ နေဝသညာနာသညာယတနဈာန် ဝင်စားဖို့က ပဓာန မဟုတ်ဘူး၊ စိတ်, စေတသိက်, စိတ္တဇရုပ် ချုပ်ဖို့က ပဓာနဆိုတော့ အဲဒီမှာ နေဝသညာ နာသညာယတန ဈာန် ၂–ချက်ပဲ ဖြစ်ပြီးတော့ ပြတ်သွားတယ်။

ပြတ်သွားတာမှ စိတ်ရော, စေတသိက်ရော, စိတ္တဇရုပ်ရော ချုပ်တာဆိုတော့ အရုပ်ကြီးလိုနေတော့မှာပေါ့၊ ၇–ရက်စေ့တဲ့အခါကျမှ အနာဂါမ်ဖြစ်ရင်လည်း အနာဂါမ်မိဖိုလ် ၁–ကြိမ်၊ ရဟန္တာဖြစ်ရင်လည်း အရဟတ္တဖိုလ် ၁–ကြိမ်ဖြစ် ဖြစ်ပြီးတော့မှ ပစ္စဝေက္ခဏာ ဆင်ခြင်တဲ့ဝီထိတွေဖြစ်တယ်၊ အဲဒါကို နိရောဓ သမာပတ်လို့ ခေါ်တယ်။

နိရောဓသမာပတ် ဝင်စားတဲ့အခါမှာ လူ့ပြည်အနေနဲ့ ပြောရင် ၇–ရက် maximum ပေါ့လေ၊ ရှေးအယူအဆကတော့ အစာကို တစ်ခါစားထားရင် ၇–ရက် ခံနိုင်တယ်ပေါ့၊ ၇–ရက်ပဲ ခန္ဓာကိုယ်ကို maintain လုပ်ထားနိုင်တယ်၊ အဲဒါကြောင့်ပဲ လူ့ပြည်မှာ နိရောဓသမာပတ် ဝင်စားရင် ၇–ရက်ပဲ၊ နတ်ပြည်, ဗြဟ္မာပြည်တို့မှာတော့ အပိုင်းအခြားမရှိဘူး။

အဲဒီ နိရောဓ သမာပတ်ထက် ကောင်းတဲ့ချမ်းသာကတော့ ပရိနိဗ္ဗာန်ပြုမှပဲ ရတော့မယ်, ဖြစ်တော့မယ်။

ဘာကြောင့်လဲဆိုတော့ နိရောဓသမာပတ် ဝင်စားတဲ့အခါမှာ စိတ်, စေတသိက်, စိတ္တဇရုပ် ချုပ်ပေမယ်လို့ တခြားကျန်တာတွေ ရှိသေးတာပဲ၊ ခန္ဓာကိုယ်ကြီးလည်း ရှိသေးတာပဲ၊ အဲဒီခန္ဓာကိုယ်ပါ အကုန်လုံး ပြောင်းသွားအောင်ကတော့ ရဟန္တာ

http://www.dhammadownload.com



ဖြစ် ပရိနိဗ္ဗာန်ပြုမှပဲ၊ အဲဒီချမ်းသာကတော့ အလွန်ဆုံးပေါ့။

အဲဒီအောက် အချမ်းသာဆုံးကတော့ နိရောဓသမာပတ်ပဲ၊ နိရောဓသမာပတ် အောက် ချမ်းသာတာက ဖလသမာပတ်၊ အဲဒီအောက် ချမ်းသာတာက ဈာန်ချမ်းသာ ပေါ့လေ၊

အဲဒီလိုနဲ့ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ပြီး မဂ်အဆင့်ဆင့်တက်ပြီးတော့ ရဟန္တာဖြစ်အောင် ဖြစ်နိုင်တယ်၊ ဒီလမ်းစဉ်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် လိုက်နာကျင့်သုံးခဲ့တယ်၊ ဘုရားအဖြစ်ကို ရောက်တယ်၊ ၄၅-ဝါပတ်လုံး ဒီလမ်းစဉ်ကိုပဲ သတ္တဝါတွေ ဟောပြခဲ့တယ်။

အဲသလိုဟောပြတဲ့အတိုင်း လိုက်နာကျင့်သုံးခဲ့ကြတဲ့အတွက်ကြောင့်မို့ မရေ မတွက်နိုင်သော သတ္တဝါတွေက ကိလေသာကင်းတဲ့ အဖြစ်ရောက်ကုန်ကြတယ်၊ ရဟန္တာအဖြစ်ရောက်ကုန်ကြတယ်။

ယခုတိုင်အောင်လည်း မြတ်စွာဘုရားဟောတော်မူတဲ့ တရားကို လိုက်နာ ကျင့်ကြံပြီးတော့ ထိုက်သည့်အားလျော်စွာ ပါရမီအားလျော်စွာ အသိဉာဏ် အမျိုးမျိုး ဖြစ်ကြတာတွေရှိတယ်။

ကောင်းပြီ, ဘာတွေလိုနေသေးလဲဆိုတော့ ဝိမောက္ခတို့ အနုပဿနာတို့ဆိုတာ ပါနေသေးတယ်၊ သိပ်အရေးကြီးတာတော့ မဟုတ်ပါဘူး။

ဝိမောက္ခဆိုတာ မဂ်ဖိုလ်, ဝိမောက္ခဆိုတာ လွတ်မြောက်ခြင်းလို့ ဆိုလိုတာပေါ့၊ ကိလေသာမှ လွတ်မြောက်တယ်၊ သံသရာမှ လွတ်မြောက်တယ်။

အဲဒီဝိမောက္ခသို့ရောက်ကြောင်းဖြစ်တဲ့ ဝိပဿနာကိုတော့ ဝိမောက္ခမုခ၊ မုခဆိုတာ အဦးအဝဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ မဂ်ကို ဝိမောက္ခခေါ်တယ်၊ ဖိုလ်ကို ဝိမောက္ခခေါ်တယ်၊ အဲဒီမဂ်သို့ရောက်ကြောင်းဖြစ်တဲ့ အကျင့်ဝိပဿနာကို ဝိမောက္ခမုခ လို့ ခေါ်တယ်။

အဲဒီလို ဝိပဿနာကို အားထုတ်တဲ့အခါမှာ အနိစ္စ ဒုက္ခ အနတ္တ ၃-မျိုးလုံး ကိုပဲ ထိုက်သည့်အားလျော်စွာ ရှုသွားတာတော့မှန်တယ်၊ ဒါပေမယ်လို့ အနိစ္စကို ရှုနေရင် ဒုက္ခကို မရှုနိုင်ဘူး၊ ဒုက္ခကို ရှုနေရင် အနတ္တကို မရှုနိုင်ဘူး၊ တစ်ခုပဲ ရှုရမယ်၊ ၁-ကြိမ်မှာ ၁-ခါပဲရှုနိုင်တယ်၊ အနိစ္စ အပြစ်မြင်လိုက်, ဒုက္ခအပြစ် မြင်လိုက်, အနတ္တအပြစ် မြင်လိုက်နဲ့ သွားမှာပေါ့။

အဲသလို သွားရာကနေပြီး ဝုဋ္ဌာနဂါမိနီ ဝိပဿနာဆိုတဲ့ နောက်ဆုံးမဂ်လုမ်း ခါနီး ဝိပဿနာကျတော့ တစ်ခုခုပဲ ဖြစ်မယ်၊ အနိစ္စ သုံးသပ်တဲ့ ဝိပဿနာရင်လည်း

http://www.dhammadownload.com



ဖြစ်မယ်၊ ဒုက္ခသုံးသပ်တဲ့ ဝိပဿနာရင်လည်းဖြစ်မယ်၊ အနတ္တသုံးသပ်တဲ့ ဝိပဿနာရင်လည်း ဖြစ်မယ်၊ ၃-ခု စလုံး သုံးသပ်တဲ့ ဝိပဿနာမဖြစ်နိုင်ဘူး။

အဲဒီမတိုင်ခင်ကတော့ အနိစ္စသုံးသပ်လိုက်, ဒုက္ခ သုံးသပ်လိုက်, အနတ္တသုံးသပ်လိုက်သွားလိမ့်မယ်၊ ဒါပေမယ့် ဝုဋ္ဌာနဂါမိနီဝိသေသ အခိုက်ကျတော့ တစ်ခုပဲ။

အဲဒါကြောင့်မို့ ဝုဋ္ဌာဂါမိနီ ဝိပဿနာဟာ အနိစ္စလို့ရှုတဲ့ ဝိပဿနာဖြစ်ခဲ့ရင် မဂ်ကို ဘာမဂ်လို့ခေါ်သလဲ၊ ဒုက္ခလို့ရှုရင် မဂ်ကိုဘာမဂ်လို့ ခေါ်သလဲ၊ အနတ္တလို့ရှုရင် မဂ်ကို ဘာမဂ်လို့ ခေါ်သလဲ၊ ဒါပါပဲ, ဒါကတော့ သိပ်အရေးကြီးတာ တော့မဟုတ်ဘူး။

အဲဒီတော့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာက ခန္ဓာငါးပါးကို အနတ္တလို့ ရှုရင် မဂ်ကို သုညတမဂ်, သုညတဝိမောက္ခလို့ခေါ်တယ်၊ အတ္တမှ ကင်းဆိတ်တယ်ဆိုတဲ့ သုညသဘောကိုရှုတဲ့ အတွက်ကြောင့်မို့ခေါ်တာ၊ အဲဒီတော့ ဝိပဿနာကို အကြောင်းပြုပြီး မဂ်က နာမည်ရတယ်။

သို့မဟုတ် ဝိပဿနာကနိစ္စနိမိတ် စသည်မရှိတာကို ရှုမယ်ဆိုရင် (ရှင်းရှင်းပြောရရင် အနိစ္စ သဘောကိုရှုမယ်ဆိုရင်) မဂ်က အနိမိတ္တဝိမောက္ခလို့ ခေါ်တယ်၊ နိစ္စနိမိတ်, နိစ္စ အမှတ်အသားစသည်မရှိဘူးပေါ့လေ။

သို့မဟုတ်လို့ (ဒုက္ခဝိပဿနာပေါ့) သင်္ခါရတရားတွေကို ဆင်းရဲတယ်ဆိုတာ ရှုသွားရင် အဲဒီကနေရတဲ့မဂ်ကို အပ္ပဏိဟိတမဂ်, အပ္ပဏိဟိတဝိမောက္ခလို့ခေါ်တယ်။

ဒါတွေက နားမလည်လည်း သိပ်အရေးမကြီးပါဘူး၊ အဲဒီတော့ မဂ်ကို နာမည် ပေးတဲ့အခါမှာ သုညတမဂ်, အနိမိတ္တမဂ်, အပ္ပဏိဟိတမဂ်လို့ခေါ်လို့ရတယ် ပေါ့လေ၊ အဲဒီမဂ်နာမည်ရတာဟာ ဝိပဿနာကို အကြောင်းပြုပြီးရတာ၊ ဝိပဿနာကလည်း ကပ်နေတဲ့ ဝိပဿနာ၊

ကပ်နေတဲ့ ဝိပဿနာက အနိစ္စလို့ရှုရင် အနိမိတ္တမဂ်, ကပ်နေတဲ့ ဝိပဿနာက ဒုက္ခလို့ရှုရင် အပ္ပဏိဟိတ၊ ကပ်နေတဲ့ ဝိပဿနာ အနတ္တလို့ရှုရင် သုညတမဂ်၊

အဲဒီပထမတစ်ကြိမ်ရတဲ့မဂ် နောင်ကပ်နေတဲ့ ဖိုလ်လည်းမဂ်ရတဲ့အတိုင်းပဲ ရတယ်၊ အဲဒီတော့ သုညတဖိုလ်, သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခ လို့ရတယ်။

ကောင်းပြီ, ဖလသမာပတ် ဝင်စားတဲ့အခါကျတော့ ဖိုလ်နာမည်ပေးချင်ရင် အဲဒီကျတော့ နဂိုရခဲ့တဲ့ မဂ်က ဘာပဲဖြစ်နေနေ, နဂိုရခဲ့တဲ့ဖိုလ်က ဘာပဲဖြစ်နေနေ၊ ဖလသမာပတ် ရောက်ခါနီးမှာ ရှုတဲ့ဝိပဿနာအတိုင်းပဲ သူက နာမည်ရတယ်။

ဆိုပါတော့,သူရထားတာက အနိစ္စလို့ရှုပြီးတော့ မဂ်ရထားတယ်၊ အနိစ္စလို့ရှုပြီး

http://www.dhammadownload.com



မဂ်ရထားရင် အနိမိတ္တမဂ်, အနိမိတ္တဖိုလ် မဖြစ်ပေဘူးလား။

ကောင်းပြီ, နောင်ခါဖလသမာပတ်ဝင်စားခါနီးမှာ သုံးသပ်လိုက်တဲ့ အခါကျတော့ ဒုက္ခလို့သုံးသပ်ပြီးတော့ ဖလသမာပတ်ထဲရောက်သွားတယ် ဆိုပါတော့၊ အဲဒီအခါကျတော့ ဒုက္ခလို့ သုံးသပ်တဲ့အတွက်ကြောင့်မို့ အဲဒီဖလ သမာပတ်မှာရှိတဲ့ ဖိုလ်က မူလနာမည်မဟုတ်ပဲနဲ့ အပ္ပဏိဟိတဆိုတဲ့ နာမည်ရ လိမ့်မယ်၊ အဲဒီတော့ ကပ်လျက် ဝိပဿနာကိုလိုက်ပြီး ဖလသမာပတ်မှာရှိတဲ့ ဖိုလ်ကနာမည်ရတယ်။

အဲဒီတော့ မူလဖိုလ်က အနိမိတ္တဖိုလ်ဖြစ်ပေမယ်လို့ နောင်ခါဝင်စားတဲ့ ဖိုလ်ကျတော့ သုညတဖိုလ်လည်းဖြစ်ချင်ဖြစ်မယ်၊ အနိမိတ္တဖိုလ်လည်း ဖြစ်ချင်ဖြစ်မယ်၊ အပ္ပဏိဟိတဖိုလ်လည်း ဖြစ်ချင်ဖြစ်မယ်။

ဒါတွေကတော့ မှတ်ရတာ ရှုပ်တာပဲရှိတာပါ၊ သိပ်တော့ မထူးပါဘူး၊ အနိစ္စလို့ရှုရင် ဘာဖြစ်တယ်၊ ဒုက္ခလို့ရှုရင် ဘာဖြစ်တယ်၊ အနတ္တလို့ရှုရင်ဘာဖြစ်တယ်၊ နောက်ပြီးတော့ သဒ္ဓါတရားသန်တဲ့သူက အနိစ္စရှုတယ်၊ သမာဓိပြင်းတဲ့ သူက ဒုက္ခရှုတယ်၊ ပညာထက်တဲ့သူက အနတ္တရှုတယ် စသည်ဖြင့်ရှိသေးတယ်၊ ဒါတွေကို နောင်စာအုပ်တွေ ဖတ်တဲ့အခါ သိလိမ့်မယ်။

ကောင်းပြီ, ဒါနဲ့ပဲ နိဂုံးချုပ်ကြစို့။

ကမ္မဋ္ဌာန်းပိုင်းမှာ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းလို့ ၂–မျိုးရှိတယ်၊ သမထကမ္မဋ္ဌာန်း ၄၀–ရှိတယ်၊ ဝိပဿနာကမ္မဋ္ဌာန်းကတော့တစ်ခုပဲပေါ့၊ ဒီတစ်ခုကပဲ ရုပ် နာမ် သင်္ခါရတရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တလို့ရှု၊ အဲသလို ရှုရင်းကနေ ဝိပဿနာဉာဏ်အဆင့် အတန်းတက်ပြီးတော့ မဂ်ဖိုလ်ရပြီး အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်။

ကောင်းပြီ၊ အဘိဓမ္မာကို တော်တော်လေး နားလည်ပြီလို့ ဆိုရမှာပေါ့လေ၊ အဲဒီတော့ နိဂုံးချုပ်ရာမှာ မိမိတို့အနေနဲ့ ပြန်စဉ်းစားကြည့်စမ်း။

အဘိဓမ္မာမလေ့လာခင်က အသိနဲ့ အဘိဓမ္မာလေ့လာပြီးမှ အသိနဲ့ ဘယ်လို နေသလဲ၊ ကွာခြားမှုရှိရဲ့လား, မရှိဘူးလား, ရှိတာပေါ့, စကားသုံးတာတွေကို ပိုပြီး နားလည်လာတယ် မဟုတ်ဘူးလား။

ဆိုပါတော့, စေတနာ, စေတနာနဲ့ ပြောနေတယ်၊ မြန်မာစကားမှာတော့ စေတနာဆိုတာ ကောင်းတာကို စေတနာခေါ်တာ၊ မင်းကို ငါစေတနာနဲ့ ပြောတယ် ဆိုတာ ကောင်းတဲ့စေတနာနဲ့ ပြောတယ်လို့ဆိုတာ။

တကယ်ကတော့ စေတနာဆိုတာဘာလဲ, စေ့ဆော်ခြင်း သဘောတရား၊

http://www.dhammadownload.com



ကောင်းတာလည်း ဖြစ်နိုင်တယ်၊ မကောင်းတာလည်း ဖြစ်နိုင်တယ်၊ ဒါတွေနားလည် လာပြီနော်။

ပြီးတော့ ဘုန်းကြီးရေစက်ချတဲ့အခါကျတော့ အာသဝေါတရားလေးပါးတို့၏ ကင်းရာကုန်ရာ နိဗ္ဗာန်သို့လို့ ရွတ်ကြတာ ကြားဖူးတယ် မဟုတ်လား၊ အာသဝေါ တရားဆိုတာ အခုနားလည်ပြီ ဆိုပါတော့၊ မမှတ်မိရင်တောင် ပြန်ကြည့်ရင်သိတယ်။

ဘုန်းကြီးတွေ တရားဟောတဲ့အခါ ဥပါဒါနက္ခန္ဓာ ဒီလိုသုံးတာတွေရှိတယ်၊ သမုဒယ တဏှာလောဘဆိုတဲ့ စကားတွေကို အခု နားလည်လာပြီ မဟုတ်လား။

အရင်ကတော့ ကိုယ်ကနားလည်တယ်ထင်တာ၊ တကယ်တော့ နားမလည်ဘူး၊ မြန်မာစကားဆိုပြီး နားလည်သလို ထင်တာပဲရှိတယ်၊ အခုတော့ အဲဒါတွေကို တိတိကျကျ နားလည်လာပြီ။

ငါ စိတ်မကောင်းဘူးကွာ စိတ်ဆိုးတယ်လို့ ပြောလေ့ရှိကြတယ်၊ အမှန်ကတော့ အဲဒီစိတ်ဆိုတာဟာ စိတ်ရော၊ စေတသိက်ရော နှစ်ခုလုံးကိုပေါင်းပြီး၊ ပြောနေတာ၊ စိတ်ချည်းသက်သက်ဆိုးလို့ မရဘူး၊ စေတသိက်ဆိုးတွေနဲ့ တွေ့တဲ့အခါ စိတ်ကို ဆိုးတယ် ခေါ်ရတာ။

အဲသလို အသိဉာဏ်ဟာ အဘိဓမ္မာကို နားလည်လာတဲ့အတွက်ကြောင့် အရင်ကနဲ့ မတူတော့ဘူး ဖြစ်လာတယ် မဟုတ်လား၊ ပြီးတော့ pratical side ကိုကြည့်မယ်ဆိုရင် ဘယ်ဟာကကုသိုလ်၊ ဘယ်ဟာက အကုသိုလ်ဆိုတာ နားလည်ပြီး သိနေပြီ၊ သိနေတဲ့အတွက်ကြောင့် အကုသိုလ်ဆိုတာက မကောင်းတဲ့ အကျိုးပေး တတ်တယ်၊ ကုသိုလ်ဆိုတာက ကောင်းတဲ့အကျိုးပေးတတ်တယ်၊ အဲဒီတော့ ကောင်းတဲ့အကျိုးကို လိုချင်ရင် ကုသိုလ်ကို ပွားများအားထုတ်ရမယ်၊ မကောင်းတဲ့ အကျိုးကို မလိုချင်ရင် အကုသိုလ်ကို ရှောင်ရမယ်၊ ဒါတွေ သိလာတယ်။

သိတဲ့နေရာမှာ ရိုးရိုးသိတာမဟုတ်ဘဲနဲ့ တကယ့်ကို တိတိကျကျ သိတာ၊ ဘယ်လိုဟာမျိုး အကုသိုလ်ဖြစ်တယ်၊ ဘယ်လိုဟာမျိုး ကုသိုလ်ဖြစ်တယ်လို့လည်း ခွဲခြားသိလာတယ်၊ ဒါတွေဟာ အဘိဓမ္မာနားလည်တဲ့ အကျိုးတွေပေါ့၊ လက်တွေ့ ကျင့်သုံးရာမှာ ရနိုင်တဲ့ အကျိုးတွေ။

ပြီးတော့ ကောင်းမှုကုသိုလ် တစ်ခုပြုတဲ့ နေရာမှာ တိဟိတ်ဉက္ကဋ္ဌကုသိုလ် ဖြစ်အောင် လုပ်တတ်လာပြီ မဟုတ်လား၊ အဘိဓမ္မာ နားမလည်သေးတဲ့ သူဆိုရင် လုပ်ချင်မှ လုပ်တတ်မယ်၊ ဘုန်းကြီးက သင်ပေးလို့ လုပ်ချင်လည်း လုပ်တတ်သွားမယ် ပေါ့လေ၊ သူတို့ဟာ သူတို့တော့ မလုပ်တတ်သေးဘူးပေါ့။

http://www.dhammadownload.com



အဲဒါကြောင့်မို့ အဘိဓမ္မာ နားလည်တဲ့ အကျိုးဟာ တန်ဖိုးမဖြတ်နိုင်ဘူး၊ မိမိအနာဂတ်ဘဝဖန်တီးတဲ့အခါမှာ မဂ်ဖိုလ်ရနိုင်တဲ့ အခြေခံပါအောင် ဖန်တီးပေးမှ မဂ်ဖိုလ်ရမှာ၊ ဒီဘဝမရလည်း နောက်ဘဝရအောင် ဆိုရင်လည်း ကိုယ်ကဖန်တီးမှ ရမှာ၊ ဘယ်လိုဖန်တီး ရမယ်ဆိုတာ အခုသိပြီ။

ကုသိုလ်ကောင်းမှုလုပ်တဲ့အခါမှာ တိဟိတ် ကုသိုလ်၊ ဥက္ကဋ္ဌ ကုသိုလ်ဖြစ်အောင် လုပ်မှ နောက်ဘဝ, ဘဝတွေမှာ တိဟိတ် ပုဂ္ဂိုလ်ဖြစ်ပြီးတော့ မဂ်ဖိုလ် ရနိုင်တဲ့ အဆင့်အတန်းရောက်မယ်။

ဒါတွေသိပြီဆိုတော့ ကိုယ့်ရဲ့ အနာဂတ်ဘဝတွေကို ဒီဘဝကနေပြီး စီမံနိုင်တယ်ပေါ့၊ ဒါဟာ အဘိဓမ္မာတတ်လို့, အဘိဓမ္မာ မတတ်ရင် မဖြစ်ဘူး၊ ဒါတွေ မလုပ်တတ်ဘူး။

ဒါကြောင့်မို့ အဘိဓမ္မာနားလည်တဲ့အတွက်ကြောင့် လက်တွေ့အကျိုးရှိအောင် အများကြီးလည်းလုပ်နိုင်တယ်၊ ပြီးတော့ လက်တွေ့အကျိုးသိပ်မရှိဘူးထားဦး၊ သဘောတရားတွေကို နားလည်တဲ့နေရာမှာ သူများတွေနဲ့ မတူတော့ဘူး။

ဘာပဲဖြစ်ဖြစ် ကိုယ်နားလည်တာဟာ ရိုးရိုးနားလည်တာမျိုး မဟုတ်တော့ဘူး၊ သုတ္တန်တွေ ဘာတွေဖတ်ပြီဆိုရင်လည်း တချို့နေရာတွေမှာ ကိုယ်က အယူအဆမလွဲတော့ဘူး၊ ကိုယ်က အဘိဓမ္မာနားလည်ပြီးသား ဖြစ်နေပြီ။

ဒါကြောင့်မို့အဘိဓမ္မာ သင်ရတဲ့အကျိုးဟာ မကုန်နိုင်အောင်ရှိတယ်၊ အကျိုးအမျိုးမျိုးရှိတယ်၊ ဒီအကျိုးတွေကိုမိမိတို့ဟာ အဘိဓမ္မာလေ့လာရတဲ့အတွက် ကြောင့်မို့ ရကြပြီပေါ့။

အဲဒီတော့ မိမိတို့ အဘိဓမ္မာကို နားလည်တာဟာ ဘယ်လောက်သာ ရှိသေးသလဲဆိုတော့ အမှန်အတိုင်း ပြောရရင် နည်းနည်းပဲ ရှိသေးတယ်။

ဆိုပါတော့၊ ပင်လယ်ကမ်းစပ်သွားပြီး I have seen the Pacific Ocean ငါပစိဖိတ် သမုဒ္ဒရာကြီးမြင်ပြီဟဲ့ ကြွေးကြော်ပေမယ့် ကိုယ်မြင်တဲ့ ပစိဖိတ်သမုဒ္ဒရာက ဘယ်လောက်ရှိသေးလို့လဲ၊ တကယ့်ပစိဖိတ်သမုဒ္ဒရာနဲ့စာလိုက်ရင် အပုံတစ်ရာပုံ တစ်ပုံတောင် မရှိသေးဘူး။

အဲဒါမျိုးလိုပဲ,ဘုန်းကြီးတို့ ဒကာဒကာမတို့တတွေ နားလည်တဲ့ အဘိဓမ္မာဟာ မြတ်စွာဘုရား မပြောနဲ့, အရှင်သာရိပုတ္တရာနားလည်တဲ့ အဘိဓမ္မာနဲ့စာရင် ဘာမှ မဟုတ်သေးဘူး။

ဒါကြောင့်မို့ ကိုယ့်ကိုကိုယ် I am an Abbhidhamma schólor လို့

http://www.dhammadownload.com



ပြောဝံ့ဖို့တောင် ဦးဇင်းတို့ မပြောဝံ့ဘူး၊ Student of Abbhidhamma ပဲ၊ သူများတွေက scholor လို့ ပြောနေကြတယ်။

ကိုယ်သိတာက တကယ်ကျတော့ ဘာမှ မဟုတ်သေးဘူး၊ ခေတ်ဥပမာနဲ့ ပြောရမယ်ဆိုရင် ရေခဲတောင်ကြီးတွေဟာ ရေပေါ်ပေါ်နေတာက ဆယ်ပုံတစ်ပုံလောက် ရှိတယ်မဟုတ်လား၊ အဲဒါမျိုးလိုပဲ၊ ကိုယ်သိတာက ဆယ်ပုံတစ်ပုံလောက်ပဲ ရှိချင်မှရှိဦးမယ်။

ဒါကြောင့်မို့ ရှေ့ဆက်ပြီးတော့ မပြတ်လေ့လာသွားရမှာပဲ၊ နည်းနည်း၊ နည်းနည်းချင်း ဒီတစ်ခေါက်ထက် နောက်တစ်ခေါက်က ပိုသိလာမယ်၊ နောက်တစ်ခေါက်ထက် နောက်တစ်ခေါက်က အသိပိုလာမယ်၊ အသိပိုလာလေတရားကို လေးလေးနက်နက် သိလေ၊ လေးလေးနက်နက်သိလေ, မြတ်စွာဘုရားကိုပိုပြီး ကြည်ညိုလေပဲ။

တရားသိတဲ့အခါ ပိုကြည်ညိုတယ်, ကြည်ညိုတတ်လာတယ်၊ တရားမသိပဲ အရမ်းကြည်ညိုတာထက် တရားသိပြီး ကြည်ညိုတာက ပိုကောင်းတယ်။

အဲဒါကြောင့် အကျိုးတွေ အများကြီး ရနိုင်တဲ့ အခြေခံ အဘိဓမ္မာကို ငါတို့ အစကနေ အဆုံးတိုင်အောင် လေ့လာအားထုတ်ပြီးပြီဆိုတာ အလွန်ဝမ်းသာဖို့ ကောင်းတယ်။

နောက်တော့ အဘိဓမ္မာ နားလည်ချင်တဲ့သူတွေ ပိုရှိလာပါလိမ့်မယ် ထင်တယ်။

ပရိသတ်။ ။ နားလည်ချင်ရင် နားလည်လို့ရပါတယ်၊ ဒါပေမယ့် အဲဒီလိုပေါ့ ဇွဲရှိရမယ်။

ဆရာတော်။ ။ ဒါတော့ နားလည်အောင်လုပ်မယ်ဆိုရင် ဇွဲတော့ရှိရမယ်။

ပရိသတ် ။ သင်တန်းတက်စဉ်က လူများတယ်၊ နောက်တော့ နည်းသွားတယ်။

ဆရာတော် ။ ဒီလိုရှိတယ်၊ နဂိုထဲကဦးဇင်းကပြောတယ်၊ မှန်မှန်လိုက်, မပြတ်စေနဲ့၊ သင်တန်းတစ်ပတ်ပြတ်ရင် ဘယ်လောက် ဒုက္ခရောက်သလဲ, မလွယ်ဘူး၊ ဂဏန်းသင်္ချာသင်သလိုပဲ၊ တစ်ရက်ပျက်လိုက်ရင်, အဲဒီနေ့ သင်တာကိုယ်က မသိလိုက်ရင် ဟိုမှာ ကွက်လပ်ရှိသွားပြီ၊ ဒါကို အခြေပြုပြီး နောက်တစ်ဆင့် သင်သွားတာကို၊ ဂဏန်းသင်္ချာ သင်သလိုပဲ, ဒီအဆင့်ကိုယ်က မမှီလိုက်ရင် နောက်တစ်ဆင့် ဒုက္ခရောက်ပြန်တာပဲ၊ ထို့အတူပဲ၊ ဒီမှာလည်းပြတ်သွားရင်

http://www.dhammadownload.com



တော်တော် ခက်တယ်၊ ပြီးတော့ အချိန်အားရှိနေရင် ကြိုးစားပြီး လိုက်ရင် ရတာပေါ့လေ၊ လူတွေ အနေနဲ့ အချိန်အားကလည်း သိပ်ရှိကြတာ မဟုတ်ဘူး၊ အဲဒီတော့ မလွယ်ဘူး၊ အခုလို အစမှ အဆုံးတိုင် ပြီးအောင် လုပ်နိုင်တယ်ဆိုတာလည်း အမှန်အတိုင်း ပြောရရင် ကိုယ့်ကိုကိုယ် အလွန်အားရကျေနပ်ဖို့ ကောင်းတယ်၊ ဒါနဲ့လည်း မပြီးကြနဲ့ ဦး၊ ဒို့သိတာနည်းသေးတယ်၊ ထပ်ပြီးတော့ သိအောင် လုပ်ဦးမယ်လို့ စိတ်မှာထားကြ။

နောက်ကို တစ်လနှစ်ခါလောက်တွေ့ဖို့ ကောင်းသေးတယ်ထင်တယ်, လာနိုင်ရင်လာကြဖို့ ကောင်းတယ်၊ အဲဒီမှာ နောက်ကဟာတွေ ပြန်ပြီးတော့ ဆွေးနွေးကြပြီးတော့ တို့တွေ ဘာဆက်လုပ်သင့်သေးလဲ တိုင်ပင်ကြ။

ဦးဇင်းဖြစ်စေချင်တာကတော့ အဘိဓမ္မာ term တွေ ရှိတယ်မဟုတ်လား၊ အဲဒါလေးတွေကို ထုတ်ပြီး card လေးတွေနဲ့ ကိုယ်ရေးနိုင်သလောက် definition လေးတွေ ရေးထားကြ၊ ပြီးတော့ ဘယ်အပိုင်းမှာရှိတယ်ဆိုတာကို ညွှန်းထား၊ အဲသလိုဆိုရင် နောင်သိချင်တဲ့အခါလွယ်တယ်။

ဆိုပါတော့, အာသဝေါတရား၊ ဒါဟာ အသုံးများတယ်၊ အာသဝေါတရား ဆိုရင် ဘယ်အပိုင်းမှာရှိတယ်၊ အာသဝေါတရားဟာ ယိုစီးတတ်တဲ့ သဘောတရား အရက် ရေတို့နဲ့ တူတဲ့သဘောတရား၊ အဲဒါလေးတွေကို မှတ်ချက်အတိုကောက် လေးတွေရေးပြီး အကျယ်က ဘယ်အပိုင်းမှာရှိတယ် စသည်ဖြင့် အဲသလိုလေးတွေ လုပ်ပြီး card လေးတွေနဲ့ထားရင် နောင်ခါ ကိုယ်သိချင်တဲ့အခါမှာ အလွန်လွယ်တယ်၊ အလွတ်ကျက်မထားတော့ မေ့ချင်လည်းမေ့မယ်၊ Card System လေးတွေနဲ့ထားရင် အလွန်ကောင်းမယ်။

စိတ်ဆိုပါတော့၊ စိတ်ကို အဘိဓမ္မာကဘယ်လို Definie လုပ်ထားသလဲ၊ definition လေးရေးထားပြီးတော့ စိတ်နဲ့ပတ်သက်ပြီးတော့ သိစရာလေးတွေ ဘာလေးတွေရှိရင် စိတ်ဟာ သတ္တဝါတွေမှာ ဘယ်တော့မှ ပြတ်သွားတယ်မရှိဘူး စသည်, စေတသိက်တွေဟာ စိတ်နဲ့ အမြဲတမ်းတွဲဖြစ်တယ်၊ ဒါလေးတွေကို card မှာ ရေးထားပြီးတော့ ပြန်ညွှန်း၊ အဲသလို လုပ်ထားရင် အခြားသူအတွက်လည်း အကျိုးရှိတယ်၊ ကိုယ့်အတွက်တော့ ပြောစရာမလိုတော့ဘူး။

ဖလော်ရီဒါက လူတွေက ဦးဇင်းတိတ်ခွေ နားထောင်ပြီး အဘိဓမ္မာသင်တန်း လုပ်နေတော့ ဒီကနေ question တွေ လှမ်းပို့တယ်၊ ဒီမှာ သင်တန်းစတုန်းကတော့

http://www.dhammadownload.com



ပြောမိသေးတယ်ထင်တယ်၊ အဲသလို ပုစ္ဆာလေးတွေလုပ်ပေးမှ ပြန်ပြန်ပြီး သိတယ် မသိဘူးဆိုတာ ပြောနိုင်တာပေါ့၊ တစ်လ ၂-ခါလောက်ဖြစ်ဖြစ် တွေ့ကြလေ။

သဂြိုဟ်ဘာသာ ဋီကာတို့ဘာတို့လို စာအုပ်တွေတွေ့လို့ဖတ်ရင် အတော် အတန်တော့ နားလည်မှာပါပဲ၊ ဒီနေ့ပြီးသွားတာ ဝမ်းသာစရာပါပဲ။